SALVATION OF A SAINT

KEIGO HIGASHINO

ကယ်မတော်မူသော

ဖြိုးကျော်

မြန်မာပြန်

ကယ်မတော်မူသော

ဖြိုးကျော်

မြန်မာပြန်

ဖြိုးကျော် Facebook Page မှ ကူးယူ၍ E-Book ပြုလုပ်ထားခြင်းဖြစ်ပါသည်။

https://www.facebook.com/pk-writing/posts/426758966602440/

About Us

ကျွန်တော်တို့အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက e-Books Reader အသုံးပြုသူများနှင့် Digital Devices တွေမှာ စာဖတ်သူများ အတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ် ဖွဲ့စည်းထားသော အဖွဲ့ ဖြစ်ပါသည်။

တိုးတက်လာသော နည်းပညာများအရ e-books Reader အသုံးပြုသူများလည်း များပြားလာပြီ ဖြစ်သော်လည်း နိုင်ငံတွင်းမှတော့ e-books Reader အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန် အလွန် ခက်ခဲလျက်ရှိသည်။

ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို Digital နည်းဖြင့် ဖြန့်ဝေမှု လုံးဝ မရှိသလောက် ဖြစ်သည်။

ထိုအခက်ခဲများကိုကျနော်တို့တတ်နိုင်သည့်ဘက်မှကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်းဖြစ်ပါသည်။

မူပိုင်ခွင့် ချိုးဖေါက်ပြီး ကိုယ်ကျိုးအတွက်
လုံးဝ (လုံးဝ) အသုံးမပြုပါ။

"စာရေးဆရာများနှင့် စာပေထုတ်လုပ်ရေးများသို့ ပန်ကြားချက်"

စာပေထုတ်ဝေသူတို့နှင့် ဆရာ၊ ဆရာမများ အနေဖြင့် မြန်မာနိုင်ငံအတွင်းက e-Books Market အတွက်ကိုလည်း ဖြည့်ဆည်း ပေးနိုင်ရန် အကြံပြုလိုပါသည်။ eBooks Digital Market ဟာ မြန်မာနိုင်ငံမှာ ကြီးမားစွာ ရှိနေပါပြီ။

Digital Product ဖြစ်သည့်အတွက် ဆရာ၊ ဆရာမများ အတွက်လည်း ပိုမိုအကျိုးများပါသည်။

ကျွန်ုပ်တို့ ယခုကဲ့သို မူပိုင်ခွင့် ချိုးဖေါက်နေမှုများကိုလည်း လိုအပ်ချက်အရဟု နားလည် ခွင့်လွှတ်ပေးပြီး စာချစ်သူ၊ စာဖတ်သူများ ဆီသို့ တစ်နည်းနည်းနှင့် ပို့ပေးနေသည်ဟု နားလည် ပေးကြပါရန် ပန်ကြား တောင်းဆိုအပ်ပါသည်။

"စာဖတ်သူများသို့ ပန်ကြားချက်"

စာဖတ်သူများသို့ ပန်ကြားလိုသည်မှာ eBook ဖတ်ပြီးလို့ "ကြိုက်နှစ်သက်တယ်" စာရေးသူများအား "အသိမှတ် ပြုသင့်တယ်" လို့ ယူဆပြီး ဖတ်ပြီးသွားလျှင်တောင် လက်လှမ်းမှီပါက မူရင်းစာအုပ်ကို ဝယ်ယူ အားပေးကြပါ။

စာအုပ်များဝယ်ယူမှု မရှိလျှင် မိမိကြိုက်သော ဆရာ၊ ဆရာမတို့ နောက်ထပ် နောက်ထပ်သော ဖန်တီးမှုတို့ ပြုလုပ်ရန် ခက်ခဲပါလိမ့်မည်။ ထိုအခါ စာချစ်သူ၊ စာဖတ်သူများနှင့် မြန်မာနိုင်ငံ စာပေလောက အတွက် အနာဂတ် ကလေးငယ်များ

အတွက် များစွာ နစ်နာကြပါလိမ့်မည်။

ကျွန်တော်တို့ အဖွဲ့သားများဆိုလျှင်လည်း (Ebook ရှိလျှင်) Ebook များကို အဓိက ဖတ်ကြပါသည်။

ပြီးလျှင် စာရေးဆရာတို့အား "အသိမှတ်ပြုသောအားဖြင့်" တစ်ခုတည်းကို ရည်ရွယ်ပြီး စာအုပ် ဝယ်လိုက်တာတွေ များစွာရှိပါသည်။

ထို့ကြောင့် လက်လှမ်းမှီပါက မိမိကြိုက်နှစ်သက်သော ဆရာ၊ ဆရာမတို့၏ မူရင်းစာအုပ်များကို ဝယ်ယူ အားပေးကြဖို့ တိုက်တွန်းပါသည်။

အခကြေးငွေဖြင့် ရောင်းချခြင်း မပြုရ

အကယ်၍ ဤ E-Book စာအုပ်အတွက် အဖိုးအခ တစ်စုံတစ်ရာ ပေးခဲ့ပြီး ရခဲ့သည် ရှိသော် ဂျင်းထည့်ခံရပြီ မှတ်ပါ။

WHISPER of WORDS

မိတ်ဆက်စာ

ဝတ္ထုနာမည်က 'ကယ်မတော်မူသော' တဲ့။ ဘာကို ကယ်မတာလဲ။ ဘယ်သူက ဘယ်သူ့ကို ကယ်မတာလဲ။ ဒီဝတ္ထုရဲ့ အင်္ဂလိပ် ဘာသာပြန်စာအုပ်ကို 'Salvation of A Saint' လို့ နာမည်ပေးထားတယ်။ အဓိပ္ပာယ်က 'သူတော်စင်တစ်ဦး၏ ကယ်မခြင်း' ပေါ့။ သူတော်စင်တဲ့နော်။ ဘယ်သူက သူတော်စင်လဲ။ အသတ်ခံရတဲ့ ယိုရှိတာကာလား။ သေဆုံးသူရဲ့ ဇနီး အာယနဲ့ကို ပြောတာလား။ ဘယ်သူက ဘယ်လို ကယ်မတာလဲ။ ဒါပေမယ့် မူရင်း ဂျပန်စာအုပ်ရဲ့ နာမည်မှာကျတော့ သူတော်စင်လို့ ရေးမထားဘူး။ 聖女の救済 တဲ့။ 聖女 ဆိုတာ သူတော်စင်(မ) ကို ပြောတာ။ ဣတ္ထိလိင်အဖြစ် သုံးထားတာ ဆိုတော့ သေချာတယ်။ သူ ပြောချင်တဲ့ သူတော်စင်ဆိုတာ ယိုရှိတာကာတော့ မဟုတ်တော့ဘူး။

အပြင်ပန်းအရ ကြည့်မယ်ဆိုရင် စာအုပ်နာမည်က ဝတ္ထုပါ အကြောင်းအရာနဲ့ ဘယ်လိုမှ မအပ်စပ်နေသလိုပဲ။ ဝတ္ထုက လူသတ်မှုတစ်ခုကို ဖော်ထုတ်တဲ့ ဝတ္ထုဆိုတော့ ဘာကို သွား ကယ်မမှာလဲ။ လူသတ်မှု မပြောက်အောင် ကယ်ဖို့ ကြိုးစားတာ ဖြစ်ချင် ဖြစ်မှာပေါ့ လို့တော့ တွေးကောင်းတွေးနိုင်တာပေါ့။ ဒါပေမယ့် ဘာကြောင့် ဒီနာမည် ပေးထားသလဲ ဆိုတာကိုတော့ ဝတ္ထုအဆုံးကျရင် သဘောပေါက်သွား ပါလိမ့်မယ်။

စာရေးဆရာ ဟီဂါရှီနိုရဲ့ ထုံးစံက ဝတ္ထုအများစုမှာ လူသတ်သမားကို အစောကြီးကတည်းက ဖော်ပြထားပြီး ဘယ်လို အမှုဖော်သလဲ ဆိုတဲ့ အပိုင်းနဲ့ စာဖတ်သူကို ဆွဲဆောင်လေ့ရှိတယ်။ ဒီဝတ္ထုမှာကျတော့ နည်းနည်းလေး မူကွဲနေတယ်။ လူသတ်သမား ဘယ်သူလဲ ဆိုတာကို အတိအလင်း ပြောပြမထားဘဲ အရိပ်အမြွက်လောက်ပဲ ချပြထားတယ်။ နောက်ပြီး သူ့ကို လူသတ်မှုနဲ့ အဝေးတစ်နေရာ ပို့ထားလိုက်တော့ စာဖတ်သူမှာ ဇဝေဇဝါတွေ ဖြစ်လို့။ ဒါပေမယ့် ဟီဂါရှီနိုရဲ့ ရည်ရွယ်ချက်က လူသတ်သမား ဘယ်သူလဲ ဆိုတာကို သိစေချင်တာထက် အမှုကို ဘယ်လို သုံးသပ်ဝေဖန်သလဲ ဆိုတာနဲ့ အမှုရဲ့ နောက်ကွယ်က လူမှုရေးအရှုပ်အရှင်းကို အဓိက မီးမောင်းထိုးပြချင်တာ ဆိုတော့ အဆုံးထိ ရင်တလှပ်လှပ်နဲ့ ဖတ်သွားရမယ့် ဝတ္ထုမျိုးပါပဲ။

ကလောင်ရဲ့ အစွမ်းလို့ပဲ ပြောရမလား မသိဘူး။ စာဖတ်သူ အများစုက အသတ်ခံရတဲ့ ယိုရှီတာကာကို မသနားမိကြဘဲ သူ့အစား လူသတ်သူလို့ သံသယရှိခံနေရတဲ့ မိန်းမနှစ်ယောက်ကို ဝိုင်းသနားမိနေကြတယ်။ တကယ်တော့လည်း ယိုရှီတာကာလို လူမျိုးကလည်း မသနားထိုက်တဲ့ လူမျိုးထဲ ပါမယ် ထင်တယ်။ သူက ဆိုးသွမ်း နေလို့တော့ မဟုတ်ဘူး။ ဘဝနဲ့ပတ်သက်ပြီး ဦးနှောက်ကိုပဲ အားပြုလွန်းအားကြီးနေလို့လို့ ပြောရင် ပိုမှန်မယ် ထင်တယ်။

ကျနော် သုတေသနတစ်စောင် ဖတ်ဖူးတယ်။ ဆယ်ကျော်သက်တွေက လူကြီးတွေထက် ဘာဖြစ်လို့ အချစ်ကို ဦးစားပေးကြတာလဲ တဲ့။ ကျနော်တို့မှာ ဦးနှောက်နှစ်ခြမ်း ရှိတယ်ဆိုတာ လူအများစု သိပြီး ဖြစ်မှာပါ။ ဘယ်ဘက် အခြမ်းက တွက်ချက်မှုလို၊ ဘာသာစကားလို တိကျသေချာတဲ့ ကိစ္စမျိုးတွေကို လုပ်ဆောင်ပြီး ညာဘက်အခြမ်းက ခံစားမှုလို၊ စိတ်ကူးယဉ်တာလို၊ မှန်းဆပုံဖော်ခြင်းလို သိပ်မရေရာတဲ့၊ အလုံးအကောင် ပြလို့မရတဲ့ လုပ်ဆောင်ချက်တွေကို လုပ်ဆောင်တယ်။

ပြောရရင် ကလေးတစ်ယောက် မွေးဖွားလာတဲ့အခါမှာ ဦးနှောက်နှစ်ခြမ်းရဲ့ ဖွံ့ဖြိုးမှုနှုန်းက တူညီမနေဘူး။ ညာဘက်အခြမ်းက ပိုဖွံ့ဖြိုးနေပြီး ဘယ်ဘက်အခြမ်းက နောက်မှ ဖြည်းဖြည်းနဲ့မှန်မှန် ဖွံ့ဖြိုးလာတယ်။ ဒါကြောင့်လည်း ကလေးတွေက ငယ်တုန်းအရွယ်မှာ ကျိုးကြောင်းမညီညွတ်တဲ့ ကိစ္စတွေကို လုပ်တတ်ပေမယ့် ခံစားချက်ကတော့ ပုံမှန်နီးနီး အလုပ်လုပ်နေတယ်။ အသက် ၂၀ ပြည့်လောက်မှ ဦးနှောက်က လုံးဝ တည်ငြိမ်ရင့်ကျက်လာတာ ဆိုတော့ ဘယ်ဘက်ဦးနှောက်၊ စဉ်းစားခြင့်ချိန်တတ်တဲ့ ဦးနှောက်အခြမ်းက အသက် ၂၀ ကျော်မှ လူလားမြောက်တယ်လို့ ပြောလို့ ရတယ်။ ဒါကြောင့်လည်း ဆယ်ကျော်သက် လူငယ်တွေက စိတ်ကူးယဉ်အချစ်၊ စိတ်ကူးယဉ်ဘဝကို ပိုပြီး အားသန်ကြတယ်။

ကျနော် သတိထားမိသလောက် ပြောရရင် မိန်းမနဲ့ ယောက်ျားမှာလည်း မိန်းမအများစုက ပိုပြီး စိတ်ကူးယဉ်တတ်ပြီး ယောကျ်ားအများစုက ပိုပြီး လက်တွေ့ကျတတ်တယ်။ ယေဘုယျ ပြောတာနော်။ သဘောက မိန်းမတွေမှာ ညာဘက်ဦးနှောက်က ဘယ်ဘက်ဦးနှောက်ထက် ပိုဖွံ့ဖြိုးပြီး ယောကျ်ားတွေမှာကျတော့ ဘယ်ဘက်ဦးနှောက်က ပိုဖွံ့ဖြိုးနေတာ ဖြစ်မယ်။ ဒါကြောင့်လည်း ယောကျ်ားတွေက မိန်းမတွေထက်စာရင် အတွက်အချက်၊ ဂဏန်းသင်္ချာနဲ့ တက္ကလို ယုတ္တိဗေဒပိုင်းမှာ ပိုပိုင်နိုင်ကြတာ ဖြစ်မယ်။

ဒီဝတ္ထုထဲမှာ ပါတဲ့ ယိုရှီတာကာရဲ့ ဘယ်ဘက်ဦးနှောက်က ညာဘက်ဦးနှောက်ထက် အစွန်းရောက်လောက်အောင် အပုံကြီး ပိုသာနေပုံရတယ်။

ဒါကြောင့်လည်း သူ့ဘဝ၊ သူ့အိမ်ထောင်ရေးအတွက် ဘာကိုမှ မမှုဘဲ ၁၀၀% တွက်ချက်စီမံထားတာ ဖြစ်မယ်။ သူရဲ့မိန်းမ အာယနဲကတော့ မိန်းမပီပီ ညာဘက်ဦးနှောက် ပိုအားကောင်းပုံ ရတယ်။ ဒါပေမယ့် သူရဲ့ ဘယ်ဘက်ဦးနှောက်ကလည်း ခေသူ မဟုတ်လေတော့ သူ့အတွက်သူကလည်း ကြိုတွက်ချက်ထားပြီးသားပဲ။

ကဲ ... ကဲ။ ဝတ္ထုနာမည်က 'ကယ်မတော်မူသော' တဲ့။ ဘယ်သူက ဘယ်သူ့ကို ကယ်မတာလဲ။ ဘာကြောင့် ကယ်မတယ်လို့ သုံးထားရသလဲ ဆိုတာ သိရအောင် ဝတ္ထုကိုသာ အစအဆုံး ဖတ်ကြည့်ပေတော့။ မပျင်းစေရပါဘူး။ အာမခံတယ်။

ဖြိုးကျော်

(၁)

ပန်းအိုးထဲမှ ပေါင်ဒါပန်းပင်တွင် အပွင့်သေးသေးကလေးများ ဝေဝေဆာဆာ ဖူးပွင့်နေကြသည်။ ခြောက်သွေ့နေသော မြေစိုင်မြေခဲတို့သည် ပွင့်ဖတ်ပွင့်ချပ်တို့၏ ရွှန်းစိုတောက်ပမှုကို မှေးမှိန်ညှိုးငယ်သွားအောင် ပြုလုပ်နိုင်စွမ်း မရှိကြပေ။ ပန်းပွင့်ကလေးများ၏ အဆင်းသဏ္ဌာန်မှာ များစွာ ကြည့်ကောင်းလှသည်တော့ မဟုတ်။ သို့သော် ရှုမြင်ရသူ၏ ဟဒယတွင် ဘဝ၏ အားမာန်ကို အပြည့်အဝ ခံစားရစေသည်။ အာယနဲသည် မှန်ပြတင်းမှ ဖြတ်၍ ဝရံတာကို ငေးစိုက်ကြည့်ရင်း စဉ်းစားနေသည်။ ခဏနေလျှင် ပန်းပင်များကို ရေလောင်းပေးမှ ဖြစ်တော့မည်။

“နင် ငါ ပြောတာ ကြားရော ကြားရဲ့လား”

သူ၏ အနောက်မှ စကားသံတစ်သံ ထွက်ပေါ်လာသည်။

အာယနဲက နောက်ပြန်လှည့်ကာ စိတ်မပါ့တပါ ပြုံးပြလိုက်သည်။

“ကြားတာပေါ့။ ဘာဖြစ်လို့ မကြားရမှာလဲ”

“ကြားတယ်လို့လည်း ပြောသေးတယ်။ ဘာဖြစ်လို့ ငြိမ်နေတာလဲ”

ဆိုဖာထိုင်ခုံတွင် ပျင်းရိပျင်းတွဲ ထိုင်နေသော ယိုရှီတာကာသည် ခြေထောက်ကို ဘယ်ညာ ပြောင်းချိတ်လိုက်သည်။ အသားကပ်ဘောင်းဘီကို ဝတ်ရမည့်အရွယ် မဟုတ်တော့သော်လည်း သူသည် ဂျင်မ်တွင် အားကစား လုပ်သည့်အခါတိုင်း၌ သူ၏ ခါးအောက်ပိုင်းကို အထူးသတိထားကာ မလိုအပ်သည့် အဆီပိုများ မထွက်စေရန် အထူးအားပြုပြီး လေ့ကျင့်လေ့ရှိသည်။

“စောစောက စိတ် နည်းနည်းလွင့်သွားလို့ပါ”

“စိတ်လွင့်တယ် … နင် ဘယ်တုန်းက အဲဒီလို ငိုင်နေဖူးလို့လဲ”

ယိုရှီတာကာသည် သပ်သပ်ရပ်ရပ် ဖြတ်ညှပ်သုတ်သင်ထားသော မျက်ခုံးမွေးကို ချီပင့်လိုက်သည်။

"မောင့်စကားကြောင့် ရင်ထဲ ထိတ်သွားလို့လေ"

"ဟုတ်လား။ နင်က ငါ့ရဲ့ ဘဝခံယူချက်ကို ကောင်းကောင်းကြီး နားလည်ပြီးသားပဲဟာ"

"အဲဒါလား။ နားလည်တယ်လို့တော့ ပြောလို့ရမယ် ထင်တယ်"

"ဘာကို ဆိုလိုချင်တာလဲ"

ယိုရှီတာကာသည် ကျောကို နောက်သို့ မှီချလိုက်ကာ လက်နှစ်ဖက်ကို ဆိုဖာနောက်မှီပေါ်တွင် ဆန့်တန်းထားပြီး ဘာမျှ အရေးမကြီးသယောင် ပြုမူနေသည်။ ဤသို့ ပြုမူနေခြင်းမှာ ဟန်ဆောင်နေခြင်းလော။ သို့တည်းမဟုတ် သူ၏ စိတ်ထဲတွင် အမှန်တကယ် တည်ငြိမ်အေးဆေး နေသောကြောင့်ပေလော။ အာယနဲက မှန်းဆကြည့်နေမိသည်။

သူသည် ဝင်သက်ကို အားရပါးရ ရှူသွင်းကာ ယိုရှီတာကာ၏ ခန့်ညားသော မျက်နှာသွင်ပြင်ကို စိုက်ကြည့်လိုက်သည်။

"အဲဒါက မောင့်အတွက် ဒီလောက်တောင်ပဲ အရေးပါနေတာလား"

သူက မေးလိုက်သည်။

"ဘာကို မေးတာလဲ"

"ကလေးရဖို့ကိစ္စပေါ့"

ယိုရှီတာကာသည် မဲ့ပြုံးပြုံးကာ အခြားတစ်နေရာသို့ ခေတ္တမျှ ငေးစိုက်ကြည့်ပြီးနောက် အကြည့်ကို အာယနဲထံသို့ ရုတ်ချည်း ပြောင်းရွှေ့လိုက်သည်။

"စောစောတုန်းက ငါ ပြောတာကို နင် တကယ် ကြားရော ကြားရဲ့လား"

“ကြားလို့ပဲ မောင့်ကို ပြန်မေးနေတာပေါ့”

အာယနဲက ယိုရှီတာကာကို ငေးစိုက်ကြည့်နေသည်။

ယိုရှီတာကာ၏ နှုတ်ခမ်းများပေါ်မှ အပြုံးများ လုံး၀ ပျောက်ကွယ်သွားပြီး သူ၏ ဦးခေါင်းကို ဖြည်းလေးစွာ ညိတ်ချလိုက်သည်။

“သိပ် အရေးကြီးတာပေါ့။ တော်တော်ကြီးကို အရေးကြီးတယ်။ အဲဒါက ငါ့ဘ၀အတွက် မရှိမဖြစ်တဲ့ ကိစ္စတစ်ခုပဲ။ တကယ်လို့သာ သားသမီး မရှိရင် အိမ်ထောင်ပြုခြင်းရဲ့ တကယ့်အနှစ်သာရကို ဆုံးရှုံးလိုက်ရသလို ဖြစ်သွားလိမ့်မယ်။ ယောကျ်ားနဲ့ မိန်းမအကြားမှာ ရှိတဲ့ ချစ်ခြင်းမေတ္တာ ဆိုတာကလည်း အချိန်ကာလ ကြာညောင်းလာတာနဲ့အမျှ တဖြည်းဖြည်း လွင့်ပြယ်သွားတော့မှာပဲ။ ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက်က အိမ်ထောင်ပြုပြီးတာနဲ့ အရင်ဆုံး လင်ရယ် မယားရယ်လို့ ဖြစ်လာကြတယ်။ အဲဒီနောက် သားသမီး ပွားစီးပြီး မိခင်ဖခင်တွေ ဖြစ်လာကြတယ်။ အဲဒီအဆင့်အထိ ရောက်မှသာလျှင် တစ်ဘ၀တာလုံး ပေါင်းဖော်နိုင်တဲ့ အဖော်မွန်ကောင်းလို့ သတ်မှတ်နိုင်တာ။ နင်ရော အဲဒီလို မယူဆဘူးလား”

“အိမ်ထောင်ရေးဆိုတာ အဲဒီလောက်တင် ဘယ်ကမလဲ”

ယိုရှီတာကာက ခေါင်းကို ခါယမ်းလိုက်သည်။

“ငါကတော့ အဲဒီလို ယူဆတာပဲ။ အဲဒီလို အခိုင်အမာ ယုံကြည်ထားရုံတင် မကဘူး။ ငါ့ရဲ့ ခံယူချက်ကို ဘယ်လိုနည်းနဲ့မှ ပြောင်းလဲ မပစ်နိုင်ဘူး။ ခံယူချက်ကို ပြောင်းမပစ်နိုင်ဘူး ဆိုမှတော့ အခုလို ဘာအသီးအပွင့်မှ မရှိတဲ့ ဘ၀မျိုးကို ဆက်ပြီး သည်းခံသွားဖို့ မဖြစ်နိုင်တော့ဘူး”

အာယနဲသည် ခေါင်းကိုက်လာသောကြောင့် နားထင်ကို နှိပ်နယ်နေသည်။ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ဤသို့သော စကားမျိုးကို ကြားလာရလိမ့်မည်ဟု သူ အိပ်မက်ပင် မမက်ခဲ့ဖူးပေ။

“မောင် စကားကို ဝေ့လည်ကြောင်ပတ် ပြောမနေစမ်းပါနဲ့။ ကလေးမမွေးနိုင်တဲ့ မိန်းမက ဘာသောက်သုံးကျဦးမလဲလို့ ပြောချင်တာ မဟုတ်လား။ ဒါကြောင့် ခပ်မြန်မြန် ကန်ထုတ်ပစ်လိုက်ပြီး ကလေးမွေးပေးနိုင်မယ့် နောက်မိန်းမတစ်ယောက်ကို ပြောင်းယူလိုက်မယ်။ မောင် အဲဒီလို ပြောချင်တာ

မဟုတ်လား”

“နင့်စကားက နားဝင်ပီယံ မရှိလိုက်တာ”

“အဓိပ္ပာယ်ကတော့ အဲဒီလိုပဲ မဟုတ်ဘူးလား”

အာယနဲ၏ လေသံက မာထန်လာသောကြောင့် ဖြစ်မည်။ ယိုရှီတာကာသည် ခါးကို မတ်မတ်ဆန့်ထားကာ မျက်မှောင်များကို ပူးကပ်မတတ် ကျုံ့ယုံ့ထားသည်။ ထို့နောက် သောကရိပ် လွှမ်းနေသော အကြည့်ဖြင့် ခေါင်းညိတ်နေသည်။

“နင် ပြောချင်သလိုသာ ပြောပေတော့။ ငါက ငါ့ရဲ့ ဘဝခံယူချက်ကို ဘယ်တုန်း ဘယ်အခါကမှ ပြင်တတ်တဲ့ လူစားမျိုး မဟုတ်ဘူး။ အဲဒါကို အကောင်အထည် ဖော်နိုင်ဖို့အတွက် ဘာကိုမှ ဂရုစိုက်မနေနိုင်ဘူး”

အာယနဲ၏ နှုတ်ခမ်းများ အထက်သို့ ကွေးညွတ်သွားသည်။ သူ၏ ဦးနှောက်ထဲတွင် ပြုံးချင်ရယ်ချင်စိတ်မှာ စိုးစိမျှ မရှိသည်မှာ သေချာလှသည်။

“ဘဝခံယူချက် ... ဟုတ်လား။ မောင်က အဲဒီစကားလုံးကို အတော် သုံးတာပဲနော်။ မှတ်မိပါသေးတယ်။ ကျွန်မတို့ စခင်ခါစက မောင် ပြောခဲ့တဲ့ ပထမဆုံး စကားကလည်း အဲဒီ ဘဝခံယူချက်အကြောင်းပဲ”

“အာယနဲ၊ နင် ဘာလို့ အဲဒီလောက် ပေကတ်နေရတာလဲ။ နင် လိုချင်တာမှန်သမျှကို အကုန်လုံး ရနေပြီပဲ မဟုတ်လား။ တကယ်လို့ နင့်မှာ တခြား တောင်းဆိုချင်တာ ရှိသေးတယ် ဆိုရင်လည်း ပြောကြည့်ပေါ့။ ငါ တတ်နိုင်သလောက် အစွမ်းကုန် လုပ်ပေးပါ့မယ်။ ဒီတော့ ကတ်တတ်တတ် လုပ်မနေစမ်းနဲ့ဟာ။ နင် ရှေ့ဆက်လျှောက်ရမယ့် လမ်းကို စဉ်းစားဆုံးဖြတ်ဖို့ အချိန်တန်ပြီ။ ငါတို့မှာ တခြား ရွေးချယ်စရာရော ရှိနေသေးလို့လား”

အာယနဲသည် သူနှင့် မျက်နှာချင်း မဆိုင်တော့ဘဲ အကြည့်ကို နံရံဘက်သို့ လွှဲထားလိုက်သည်။ နံရံပေါ်တွင် တစ်မီတာ အကျယ်ရှိသော စပ်ထည်ပန်းချီကားတစ်ချပ် ချိတ်ဆွဲထားသည်။ ထိုပန်းချီကားတစ်ချပ် ပြီးစီးရန်အတွက် သုံးလတိတိ အချိန်ပေးခဲ့ရသည်။ ၎င်းအတွက် လိုအပ်သော ကုန်ကြမ်းပစ္စည်းများကို အင်္ဂလန်မှ တိုက်ရိုက် မှာယူတင်သွင်းခဲ့ကြောင်း ပြန်လည် အမှတ်ရနေမိသည်။

ယိုရှိတာကာ မဆိုထားဘိ။ အာယနဲ ကိုယ်နှိုက်ပင် သားသမီးကို အရူးအမူး တောင့်တခဲ့ဖူးသည်။ သူသည် အကြိမ်ပေါင်း မရေမတွက်နိုင်အောင် ဆုတောင်းခဲ့ဖူးသည်။ လှူပ်ကုလားထိုင်ပေါ်တွင် ထိုင်လျက် တစ်နေ့တခြား ဖောင်းပြည့်လာမည့် ဝမ်းဗိုက်ကို တယုတယ ပွတ်သပ်ကာ စပ်ထည်ကို သီချုပ်နေမည့် မိမိ၏ ပုံပန်းသဏ္ဌာန်ကို အကြိမ်ကြိမ် စိတ်ကူးယဉ်ခဲ့ဖူးသည်။

သို့သော် ကံမကောင်း အကြောင်းမလှသဖြင့် သူ၏ စိတ်ဆန္ဒမှာ လုံးဝ အကောင်အထည် ပေါ်မလာခဲ့ပေ။ နောက်ပိုင်းတွင် သူသည် မိမိ၏ ကံကြမ္မာကို တည်တည်ငြိမ်ငြိမ်ဖြင့် လက်ခံနိုင်လာခဲ့သည်။ အဘယ်ကြောင့် ဆိုသော် သူ့အနေဖြင့် သားသမီး မွေးမပေးနိုင်သော်လည်း ယိုရှိတာကာသည် သူ့ကို ချစ်မြဲချစ်ကာ ဆက်လက်၍ ပေါင်းသင်းနေထိုင်သွားလိမ့်မည်ဟု အခိုင်အမာ ယုံကြည်ထားသောကြောင့်ပင်။

"ကျွန်မ မောင့်ကို မေးခွန်းတစ်ခု မေးလို့ ရမလား။ ဒီမေးခွန်းက မောင့်အတွက်တော့ ဘာမှ အရေးပါလိမ့်မယ် မထင်ဘူး"

"ဘာလဲ"

အာယနဲသည် ကိုယ်ကို လှည့်ကာ သူနှင့် မျက်နှာချင်းဆိုင်လိုက်သည်။ ထို့နောက် သက်ပြင်းကို မှုတ်ထုတ်လိုက်သည်။

"ကျွန်မ အပေါ်မှာ မောင် ထားခဲ့တဲ့ အချစ်တွေကရော ... ။ မောင် ကျွန်မကို ချစ်ရော ချစ်ရဲ့လား"

မထင်မှတ်ထားသော မေးခွန်းကြောင့် ယိုရှိတာကာသည် ဇက်ပုကာ ကြက်သေသေသွားသည်။ တစ်ခဏအကြာတွင်မှ သူ၏ နှုတ်ခမ်းပေါ်၌ အပြုံးများ ပြန်လည် ဝေဆာလာသည်။

"ချစ်တာပေါ့။ ဒါတော့ ငါ ရဲရဲကြီး အာမခံနိုင်တယ်။ နင့်အပေါ်မှာ ချစ်ခဲ့တဲ့ အချစ်တွေက တစိုးတစိမှ ပြောင်းလဲမသွားဘူး"

ယိုရှိတာကာ၏ စကားသည် အာယနဲ၏ နားထဲတွင် ပြက်လုံးတစ်ခုနှယ် ရယ်စရာကောင်းနေသည်။ သို့သော် သူသည် နှုတ်ခမ်းကို တွန့်ရုံမျှ ပြုံးပြလိုက်သည်။ ထို့ထက် သူ ဘာမျှ မတတ်နိုင်။

"ဒါဆိုလည်း ပြီးရော"

"သွားစို့"

ယိုရှီတာကာသည် တစ်ဘက်သို့ လှည့်ကာ အခန်းဆီသို့ လျှောက်သွားသည်။

အာယနဲသည် သူ၏ အနောက်မှ ကပ်လိုက်လာပြီး မျက်လုံးများက မှန်တင်ခုံ ရှိရာသို့ စူးစိုက်ကြည့်နေမိသည်။ မှန်တင်ခုံ၏ ညာဘက် အောက်ဆုံးအံဆွဲထဲ၌ ဖွက်ထားခဲ့သော အဖြူရောင် ဆေးမှုန့်များကို သူ အမှတ်ရသွားသည်။ ၎င်းဆေးမှုန့်များကို ပလတ်စတစ်အိတ်ထဲတွင် လေလုံအောင် ထည့်သိမ်းထားသည်။

အဲဒီဆေးမှုန့်တွေကို အားကိုးရတော့မှာပဲ။ သူ တွေးနေမိသည်။ သူ၏ အနာဂတ် မျှော်လင့်ချက်မှာ မှေးမှိန်ဖျော့တော့နေသည်။

အာယနဲသည် ယိုရှီတာကာ၏ ကျောပြင်ကို ငေးစိုက်ကြည့်ရင်း စိတ်ထဲမှ တိုးတိုးတိတ်တိတ် ရေရွတ်နေမိသည်။

မောင်၊ ကျွန်မ မောင့်ကို ရင်ထဲ အသည်းထဲက ချစ်ခဲ့တာပါ။ စောစောက ပြောခဲ့တဲ့ မောင့်ရဲ့စကားကြောင့် အဲဒီလို ချစ်ခဲ့ဖူးတဲ့ ကျွန်မရဲ့ အသည်းနှလုံးလည်း အခုချိန်ကစပြီး လုံးဝကို သေသွားခဲ့ပြီ။ ဒီတော့ ဒီတစ်ခါ မောင့်အလှည့်ပဲ။

(၂)

အပေါ်ထပ်မှ ဆင်းလာကြသော မာရိုဘဇနီးမောင်နှံကို တွေ့မြင်လိုက်ရသည်နှင့် ပြဿနာ တစ်စုံတစ်ရာ ရှိနေပြီ ဖြစ်ကြောင်းကို ဝါကာယာမာ ဟိရောမိ သတိထားလိုက်မိသည်။ သူတို့ နှစ်ဦးစလုံး၏ မျက်နှာပေါ်တွင် အပြုံးပန်းများ ပန်ဆင်ထားကြသည်။ သို့သော် ထိုအပြုံးများမှာ ဟန်ဆောင်သော အပြုံး၊ တမင်လုပ်ယူထားသော အပြုံးများသာ ဖြစ်ကြောင်း သိသာလွန်းနေသည်။ အထူးသဖြင့် အာယနဲ … သူ၏ အပြုံးက အတင်း လုပ်ယူထားရသည့်နှယ်။ ဟိရောမိသည် ထိုအချက်ကို မသိချင်ယောင် ဆောင်နေလိုက်သည်။ လျှာမရှည်သင့်သည်ကို လျှာရှည်မိလျှင် အပျက်သဘော ဆောင်သွားတတ်ကြောင်း သူ၏ ဗီဇသိစိတ်က သူ့ကို သတိပေးနေသည်။

"စောင့်ရတာ ကြာသွားပြီ ထင်တယ်။ အီကာအိဆီက ဖုန်းဝင်လာသေးလား"

ယိုရှီတာကာ၏ အသံက အနည်းငယ် မာဆတ်နေသည်။

"စောစောလေးကတင် ကျွန်မဆီ ဖုန်းဆက်လာတယ်။ နောက်ငါးမိနစ်နေရင် ရောက်မယ်တဲ့"

"ဒါဆို ငါတို့ ရှန်ပိန်တွေ ဘာတွေ အဆင်သင့်ဖြစ်အောင် ပြင်ဆင်ထားရအောင်"

"ကျွန်မ လုပ်လိုက်မယ်"

အာယနဲက ပြောသည်။

"ဟိရောမိ၊ ဖန်ခွက်တွေကို နေရာချလိုက်ပါလား"

"ဟုတ်"

"ငါလည်း ကူလုပ်ပေးမယ်လေ"

မီးဖိုခန်းထဲသို့ ဝင်သွားသော အာယနဲကို တစ်ခဏမျှ ငေးကြည့်နေပြီးနောက် ဟိရောမိသည် နံရံတွင် တွဲမှီထားသော အရက်ခွက်ဗီဒို၏ တံခါးရွက်ကို ဆွဲဖွင့်လိုက်သည်။ သူ၏ မျက်စိရှေ့တွင် တွေ့မြင်နေရသော ဤရှေးဟောင်း ပရိဘောဂပစ္စည်းသည် ယန်းသုံးသန်းခန့်မျှ တန်ဖိုးရှိကြောင်း သူ ကြားဖူးထားသည်။ ထို့အပြင် ဤဗီဒိုအတွင်း၌ ထားသိုသိမ်းဆည်းသော ပစ္စည်းများ၏ တန်ဖိုးများမှာလည်း ငမြောက်ငမြောက်တော့ မဟုတ်။ သူသည် ဘာကာရ ရှန်ပိန်ခွက် သုံးခွက်နှင့် ဗီးနစ် ရှန်ပိန်ခွက် နှစ်ခွက်ကို ဗီဒိုထဲမှ ဂရုတစိုက် ဆွဲထုတ်လိုက်သည်။ မာရိုဘဇနီးမောင်နှံသည် အထူးဧည့်သည်များကို ဧည့်ခံသည့်အခါတွင် ဗီးနစ်ဖန်ခွက်များကိုသာ အသုံးပြုလေ့ရှိသည်။

ယိုရှီတာကာသည် ခံပန်းကန်ပြား ငါးချပ်ကို လူရှစ်ယောက် ထိုင်လောက်သော ထမင်းစား စားပွဲပေါ်တွင် နေရာတကျ ချခင်းလိုက်သည်။ သူသည် ဤသို့သော မိသားစု မိတ်ဆုံစားပွဲမျိုးနှင့် အသားကျပြီးသူ ဖြစ်သည်။ ဟိရောမိသည်လည်း ဤမိသားစု၏ လုပ်ထုံးလုပ်နည်းများကို နားလည်ထားပြီးသူ ဖြစ်သည်နှင့်အညီ အရက်ခွက်များကို ယိုရှီတာကာ ခင်းထားသော ခံပန်းကန်ပြားများပေါ်တွင် မှောက်တင်ထားလိုက်သည်။

မီးဖိုဆောင်ထဲမှ ရေသံများ ထွက်ပေါ်လာသည်။

"ရှင် ဆရာမကို ဘာတွေ ပြောထားတာလဲ"

ဟိရောမိက လေးသံတိုးတိုးဖြင့် မေးသည်။

"ဘာမှ မဟုတ်ပါဘူး"

ယိုရှီတာကာက သူ့ကို စောင်းငဲ့မကြည့်ဘဲ ပြန်ဖြေသည်။

"ပြောလိုက်ပြီလား"

ယိုရှီတာကာသည် ယခုမှ သူ့ကို ခေါင်းမော့ကြည့်သည်။

"ဘာကိုလဲ"

ဟိရောမိက စကားပြောရန် ဟန်ပြင်လိုက်စဉ်မှာပင် တံခါးခေါင်းလောင်းသံ မြည်လာသည်။

"ဧည့်သည်တွေ ရောက်ပြီဟေ့"

ယိုရှီတာကာသည် မီးဖိုဆောင်ဘက်သို့ လှမ်းအော်ပြောလိုက်သည်။

"ကျွန်မ လက်မအားသေးဘူး။ မောင်ပဲ တံခါးသွားဖွင့်ပေးလိုက်တော့"

အာယနဲက ပြန်ဖြေသည်။

ယိုရှီတာကာက ခေါင်းညိတ်ပြကာ နံရံပေါ်မှ အင်တာကွန်းဆီသို့ လျှောက်သွားလေသည်။

နောက်ဆယ်မိနစ်အကြာ၌ စားပွဲ၏ ပတ်ပတ်လည်တွင် လူအားလုံး နေရာယူထားပြီးလေပြီ။ လူတိုင်း၏ မျက်နှာပေါ်တွင် အပြုံးပန်းများ ဝေဆာလျက်။ သို့သော် ဟိရောမိ၏ အမြင်၌ ထိုအပြုံးများက အတင်း လုပ်ယူထားမှန်း သိသာလွန်းနေသည်။ ဤသို့သော အခမ်းအနားမျိုး၏ ပျော်ရွှင်မှု အငွေ့အသက်ကို မလွင့်ပြယ်စေရန်အတွက် မည်သို့သော မျက်နှာအမူအရာမျိုးကို ထားရှိသင့်ကြောင်း သူတို့ အားလုံး နားလည်သဘောပေါက်ထားပြီး ဖြစ်သည်။ လူသားတို့သည် ဤသို့သော မာယာမျိုးကို မည်သို့မည်ပုံ တတ်မြောက်ခဲ့ကြသနည်းဟု ဟိရောမိက သိချင်နေသည်။ သေချာသည့်အချက်မှာ ဤကျွမ်းကျင်မှုမျိုးသည် မွေးရာပါ ပညာမျိုး မဟုတ်ပေ။ အာယနဲသည် ဤသို့သော အခင်းအကျင်းမျိုးနှင့် အသားကျရန်အတွက် တစ်နှစ်တာမျှ အချိန်ယူခဲ့ရကြောင်းကို ဟိရောမိ ကောင်းကောင်း သိထားသည်။

"အာယနဲ ချက်တဲ့ ဟင်းက အရင်လို စားကောင်းနေတုန်းပဲ။ တော်တန်ရုံလူဆိုရင် အခုလို အရသာမျိုးထွက်အောင် စိမ်ရည်ကို အချိုးကျ စပ်တတ်မှာ မဟုတ်ဘူး"

အီကာအိ ယူကီကိုသည် ပါးစပ်ထဲသို့ ငါးတစ်တုံး ပစ်ထည့်လိုက်ပြီး အသံထွက်ကာ ချီးကျူးနေလေတော့သည်။ ဟင်းအမယ်တိုင်းကို မည်မျှ ကောင်းမွန်ကြောင်း ချီးကျူးရမည့် တာဝန်မှာ သူ၏ တာဝန် ဖြစ်သည်။

"နင်ကကျတော့ သူများ လုပ်ပြီးသားကိုပဲ ဝယ်တတ်တာ"

ဘေးနားတွင် ထိုင်နေသော ယူကီကို၏ ခင်ပွန်းဖြစ်သူ တတ်ဆုဟီကိုက ပြောသည်။

"အဲဒီလို မတရား မပြောပါနဲ့နော်။ ကျွန်မကိုယ်တိုင်လည်း တစ်ခါတလေတော့ လုပ်တတ်ပါတယ်"

"နင်လုပ်ရင် လွန်ရောကျွံရောမှ အာအိုဂျိဆော့စ်လောက်ပဲ လုပ်တတ်တာ မဟုတ်လား။ ပြီးရင် ချက်သမျှ ဟင်းတွေထဲ အဲဒီဆော့စ်တွေကို အကုန်လျှောက်ထည့်တော့တာပဲ"

"မရဘူးလား။ စားလို့ ကောင်းနေတာပဲ ဥစ္စာ"

"ကျွန်မလည်း အဲဒီဆော့စ်ကို ကြိုက်တယ်"

ဤစကားကို ပြောသူမှာ အာယနဲ ဖြစ်သည်။

"တွေ့လား။ ပြီးတော့ ကျန်းမာရေးအတွက်လည်း အကျိုးရှိတယ်"

"အာယနဲ၊ သူ့ကို သိပ်ပြီး မြှောက်ပေးမနေနဲ့ဗျ။ တော်ကြာ တစ်နေ့ကျရင် အမဲသားနှပ်ထဲမှာပါ အာအိုဂျိဆော့စ်တွေ ထည့်ချက်နေလိမ့်ဦးမယ်"

"အယ် ... အဲဒီလို ဆိုရင်လည်း စားလို့ ကောင်းလောက်တယ်။ နောက်တစ်ခေါက်ကျမှ စမ်းကြည့်ကြည့်ရဦးမယ်"

ယူကီကို၏ စကားတစ်ခွန်းကြောင့် ထမင်းစားပွဲလည်း အတော်အတန် မြိုင်ဆိုင်သွားတော့သည်။ တတ်ဆုဟီကို တစ်ဦးတည်းသာ မျက်နှာသေဖြင့် ထိုင်မြဲ ထိုင်နေသည်။

တတ်ဆုဟီကိုသည် စီးပွားရေးလုပ်ငန်းများ၏ ဥပဒေအကြံပေးအဖြစ် အသက်မွေးနေသူ ဖြစ်သည်။ မာရီဘ ယိုရှီတာကာ၏ ကုမ္ပဏီသည်လည်း တစ်ခု အပါအဝင် ဖြစ်သည်။ သို့သော် ယိုရှီတာကာ၏ ကုမ္ပဏီတွင်မူ သူသည် ဥပဒေအကြံပေးမျှသာ မဟုတ်ပေ။ ကုမ္ပဏီ၏ စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များတွင်လည်း ပါဝင်ဆောင်ရွက်ပေးရကြောင်း ကြားဖူးထားသည်။ သူနှင့် ယိုရှီတာကာတို့သည် တက္ကသိုလ် ကျောင်းသားဘဝကတည်းက ခင်မင်ခဲ့ကြသူများ ဖြစ်သည်။

တတ်ဆုဟီကိုသည် ဝိုင်စိမ်ရေခဲဖူးထဲမှ ဝိုင်တစ်ပုလင်းကို ဆွဲထုတ်လိုက်ပြီး ဟိရောမိ၏ ဖန်ခွက်ထဲသို့ ဝိုင်ထည့်ပေးရန် ဟန်ပြင်လိုက်သည်။

"အဲ ... ကျွန်မအတွက် မလုပ်ပါနဲ့တော့"

ဟိရောမိသည် ခွက်ဝကို လက်ဖြင့် ပိတ်ကာထားသည်။

"ဘာဖြစ်လို့လဲ။ နင် အရင်တုန်းကတော့ အရက်ကို သိပ်ကြိုက်တာပဲ မဟုတ်လား"

"ကြိုက်တော့ ကြိုက်ပါတယ်။ ဒါပေမယ့် အခုတော့ မသောက်တော့ဘူး။ ကျေးဇူးပါပဲရှင်"

အီကာအိသည် အူတိအူကြောင်ဖြစ်လျက် ခေါင်းကို ညိတ်ပြီး ဝိုင်ကို ယိုရှိတာကာ၏ ခွက်ထဲသို့ ထည့်ပေးလိုက်သည်။

"နေမကောင်းလို့လား"

အာယနဲက မေးသည်။

"ဟင့်အင်း၊ ဘာမှ မဖြစ်ပါဘူး။ အခုတလော သူငယ်ချင်းတွေနဲ့ အပြင်ထွက်ပြီး ခဏခဏ သောက်ဖြစ်နေတာ။ ခဏနေကျရင်လည်း သောက်ရဦးမှာဆိုတော့ လစ်မစ်လွန်သွားမှာ စိုးလို့ပါ"

"လူငယ်ဘဝကတော့ ပျော်စရာတွေချည်းပဲ"

အီကာအိသည် အာယနဲအတွက် အရက်ဖြည့်ပေးလိုက်ပြီးနောက် ဘေးနားတွင် ထိုင်နေသော ဇနီးသည်ကို တစ်ချက်ငဲ့ကြည့်ကာ သူ၏ ဖန်ခွက်ထဲသို့ သူဘာသာ လောင်းထည့်လိုက်သည်။

"ယူကီကိုလည်း အရက်ဖြတ်ထားရတယ်လေ။ ဒါကြောင့် အခုတလော တစ်ယောက်တည်းပဲ သောက်သောက်နေရတယ်"

"အရက်ဖြတ်ထားတယ် ..."

ခရင်းကိုင်ထားသော ယိုရှီတာကာ၏ လက်တစ်ဖက်သည် လမ်းတစ်ဝက်တွင် ရပ်တန့်သွားသည်။

"ဒါပေါ့၊ ဒါပေါ့။ အစားလည်း ရှောင်ရဦးမယ် ထင်တယ်"

"ဟုတ်တယ်။ ကလေးကို မိခင်နို့ပဲ အားပြုပြီး တိုက်နေတာဆိုတော့လေ"

အီကာအိသည် အရက်ခွက်ကို လှုပ်ယမ်းကာ ပြောနေသည်။

"အရက်တွေ နို့ရည်ထဲ ရောက်ကုန်ရင် မကောင်းဘူး မဟုတ်လား"

"ဒါဆို နင် ဘယ်လောက်ကြာကြာ အရက်ဖြတ်ထားရမှာလဲ"

ယိုရှီတာကာက ယူကီကိုကို မေးလိုက်သည်။

"အဲ ... ဆရာဝန်ပြောတာတော့ တစ်နှစ်လောက် အရက်ဖြတ်ရမယ်တဲ့"

"တစ်နှစ်ခွဲ မဟုတ်ဘူးလား"

အီကာအိက ပြောသည်။

"နှစ်နှစ်ဆိုရင်လည်း လုပ်သင့်တာပဲ။ မဟုတ်သေးပါဘူး။ နင် တစ်ခါတည်း အရက်ကို အပြီးသာ ဖြတ်လိုက်ပါတော့လား။ ဘယ်လိုလဲ"

"နင်ကလေ တကယ်ပဲ။ နောက်နောင်ကျရင် ကလေးကို ငါပဲ ပင်ပင်ပန်းပန်းနဲ့ ပြုစုစောင့်ရှောက်ရဦးမှာ။ တကယ်လို့သာ ငါ ကြိုက်တဲ့ အရက်ကို လုံးဝ သောက်ခွင့်မပေးတော့ဘူး ဆိုရင် ဘယ်လိုလုပ်ပြီး ခံနိုင်ရည် ရှိတော့မှာလဲ။ ဒီလိုလုပ်ပါလား။ ငါ့အစား နင် ကလေးထိန်းပေးမယ် ဆိုရင်တော့ နင့်အကြံပြုချက်ကို ငါ စဉ်းစားပေးမယ်လေ"

"တော်ပြီ၊ တော်ပြီ။ တစ်နှစ်လွန်တာနဲ့ ဘီယာပဲဖြစ်ဖြစ်၊ ဝိုင်ပဲဖြစ်ဖြစ်၊ နင်ဟာနင် သောက်ချင်ရာ သောက်ပေတော့။ ဒါပေမယ့် တစ်နှစ်လောက်တော့ သည်းခံလိုက်ပါဦးဟာ"

ယူကီကိုသည် နှုတ်ခမ်းကို စူကာ "ငါ သိပါတယ်" ဟု ပြောပြီး

တဒင်္ဂအတွင်းမှာပင် နှုတ်ခမ်းမှာ ပြုံးယောင်သမ်းလာသည်။ သူ၏ မျက်နှာတွင် ကြည်နူးမှု အရိပ်အယောင်များ ပြည့်လျှမ်းနေသည်။ ခင်ပွန်းသည်နှင့် စကားအချီအချ ပြောရသည်ကပင် သူ့အတွက် တုနှိုင်းမရနိုင်သော ပျော်ရွှင်မှုကို ပေးစွမ်းနေသယောင်။

ယူကီကိုသည် လွန်ခဲ့သော နှစ်လခန့်က သားတစ်ယောက်ကို အောင်မြင်စွာ ဖွားမြင်နိုင်ခဲ့သည်။ ၎င်းမှာ နှစ်ရှည်လများ စောင့်စားခဲ့ရသည့် သူတို့နှစ်ဦး၏ ပထမဆုံးသော သားဦးကလေးပင် ဖြစ်သည်။ အီကာအိ တတ်ဆုဟီကိုသည် ယခုအခါ အသက် ၄၂ နှစ် ရှိပြီ ဖြစ်ပြီး ယူကီကို၏ အသက်မှာ ၃၅ နှစ် ဖြစ်သည်။

ယနေ့ည၏ မိတ်ဆုံစားပွဲကို ယိုရှီတာကာက အဆိုတင်သွင်းခဲ့ပြီး အာယနဲမှာ လက်တွေ့ အကောင်အထည် ဖော်ရသူ ဖြစ်သည်။ အီကာအိတို့ ဇနီးမောင်နှံ၏ သားရတနာ မီးရှူးသန့်စင်ခြင်းအတွက် ဂုဏ်ပြုရန်ဟူသော ရည်ရွယ်ချက်ဖြင့် ဤညစာစားပွဲကို စီစဉ်ခဲ့ကြခြင်း ဖြစ်သည်။

"ဒီည ကလေးကို ဘယ်သူနဲ့ ထားခဲ့တာလဲ။ မင်းအဖေအမေက ကလေးထိန်းနိုင်ပါ့မလား"

ယိုရှီတာကာသည် အီကာအိ ဇနီးမောင်နှံကို တစ်လှည့်စီ ငေးကြည့်နေသည်။

အီကာအိက ခေါင်းညိတ်ပြသည်။

"သူတို့နှစ်ယောက်က အားမာန်အပြည့်ပဲ။ သူတို့က ကလေးကို ကောင်းကောင်း စောင့်ရှောက်နိုင်တယ်တဲ့လေ။ ငါတို့နှစ်ယောက်ကို ဒီည လွတ်လွတ်လပ်လပ်သာ သွားကြပေတော့တဲ့။ အခုလိုအချိန်မျိုး အနားမှာ မိဘရှိတာ အတော်ကို အဆင်ပြေတာပဲ"

"ဒါပေမယ့် အမှန်အတိုင်း ဝန်ခံရရင် သိပ်တော့ စိတ်မချချင်သေးဘူး။ အမေက ကလေးကို မတရားနင်း အလိုလိုက်လွန်း အားကြီးတယ်။ သူငယ်ချင်းတွေကလည်း ပြောကြတယ်။ ကလေးက တစ်ကြိမ်နှစ်ကြိမ်လောက် ငိုတာ သဘာဝကျတယ်။ အဲဒါကို ရေးကြီးခွင်ကျယ် လုပ်နေဖို့ မလိုဘူးတဲ့လေ"

ယူကီကိုက မျက်မှောင်ကုတ်လျက် ပြောသည်။

ယူကီကို၏ ဖန်ခွက်ထဲတွင် ဘာမျှ ထည့်မထားသည်ကို

သတိထားမိသွားသောအခါ ဟိရောမိသည် မတ်တတ် ထရပ်လိုက်သည်။

“ကျွန်မ ရေသွားယူလိုက်ဦးမယ်”

“ရေခဲသေတ္တာထဲမှာ ရေသန့်ဗူးရှိတယ်။ တစ်ဗူး ယူလာခဲ့လိုက်ပါလား”

အာယနဲက ပြောသည်။

ဟိရောမိသည် မီးဖိုဆောင်ထဲသို့ ဝင်သွားပြီး ရေခဲသေတ္တာကို ဆွဲဖွင့်လိုက်သည်။ ၎င်းမှာ တံခါးနှစ်ပေါက်ပါသော ရေခဲသေတ္တာကြီး ဖြစ်သည်။ တံခါးတစ်ချပ်၏ အတွင်းဘက် အကန့်ထဲတွင် ရေသန့်ဗူးများစွာကို စီစီရီရီ တွေ့မြင်နေရသည်။ သူသည် ရေသန့်ဗူးတစ်ဗူးကို ဆွဲထုတ်ပြီး ရေခဲသေတ္တာ၏ တံခါးကို ပြန်ပိတ်လိုက်သည်။ မိမိ၏ နေရာသို့ ပြန်ရောက်ပြီး ထိုင်ခုံ၌ ထိုင်ချမည် အပြုတွင် အာယနဲနှင့် အကြည့်ချင်း ဆုံမိသည်။ အာယနဲသည် နှုတ်ခမ်းကို လှုပ်ရုံမျှလှုပ်ကာ သူ့ကို ကျေးဇူးတင်ကြောင်း လှမ်းပြောလေသည်။

“ကလေးမွေးပြီးတဲ့နောက်မှာ မင်းတို့ရဲ့ ဘဝလည်း အတော်အတန် ပြောင်းလဲသွားမှာပဲနော်”

ယိုရှီတာကာက မေးသည်။

“အလုပ်လုပ်နေတဲ့ အချိန်ကလွဲလို့ ကျန်တဲ့ အချိန်တွေ အားလုံးမှာ ဒီကလေးတစ်ယောက်နဲ့ပဲ ပတ်ချာလည် ယမ်းနေတော့တာ”

အီကာအိက ပြောသည်။

“ဒါလည်း မတတ်နိုင်ဘူးလေ။ နောက်ပြီး အလုပ်လုပ်ရတာလည်း မတူတော့ဘူး မဟုတ်လား။ ကလေးတစ်ယောက် ရလာတော့ မိဘတွေမှာ ဝတ္တရားတစ်ခု ပိုတိုးလာတယ်လေ။ ဒီတော့ အလုပ်လုပ်ရတာ အရင်ကထက် ခွန်အားတစ်ခု ပိုတိုးလာတာပေါ့”

“အဲဒါတော့ ဟုတ်တယ်”

အာယနဲသည် ဟိရောမိ၏ လက်အတွင်းမှ ရေသန့်ဗူးကို လှမ်းယူလိုက်ပြီး လွတ်နေသော ဖန်ခွက်ထဲသို့ လောင်းသွန်ထည့်နေသည်။ သူ၏

နှုတ်ခမ်းစွန်းသည်လည်း အပြုံးကြောင့် ကွေးညွတ်နေသည်။

"ဒါနဲ့ … မင်းတို့ရော ဘယ်လိုလဲ။ ကလေးယူဖို့ အချိန်တန်ပြီလေကွာ"

အီကာအိသည် ယိုရှီတာကာကို လှမ်းကြည့်ပြီးနောက် အကြည့်ကို အာယနဲထံသို့ ရွှေ့လိုက်ပြန်သည်။

"မင်းတို့ နှစ်ယောက်လည်း မင်္ဂလာဆောင်တာ တစ်နှစ်လောက် ရှိပြီ။ နှစ်ယောက်တစ်ကမ္ဘာ နေရတဲ့ဘဝကိုလည်း ငြီးငွေ့လောက်ရောပေါ့"

"ဒီမယ်"

ယူကီကိုသည် သူ့ခင်ပွန်း၏ လက်မောင်းကို အသာအယာ လှမ်းပုတ်လိုက်သည်။

"ရှင်က နေရာတကာ ဝင်ပါချင်တာပဲ"

"အေးပေါ့ကွာ။ လူတိုင်းမှာ ကိုယ့်အစီအစဉ်နဲ့ကိုယ် ရှိကြတာပဲ မဟုတ်လား"

အီကာအိသည် သွားဖြဲပြကာ ဖန်ခွက်ထဲမှ ဝိုင်များကို တစ်ကျိုက်တည်းဖြင့် ကုန်အောင် မော့သောက်ပစ်လိုက်သည်။ ထို့နောက် ဟိရောမိဘက်သို့ လှည့်ပြီး

"ဟိရောမိ၊ နင်ရော ဘယ်လိုလဲ။ အဲ … အထင်တော့ မလွဲလိုက်နဲ့ဦး။ ငါက နင့်ရဲ့ သင်တန်းကိစ္စကို မေးတာ။ အဆင်ပြေရဲ့ မဟုတ်လား"

"ဟုတ်၊ အဆင်ပြေပါတယ်။ ဒါပေမယ့် နားမလည်တာတွေတော့ အများကြီး ရှိသေးတာပေါ့"

"နင်က အခု သင်တန်းကိစ္စတွေအားလုံး ဟိရောမိကို လွှဲထားလိုက်ပြီလား"

ယူကီကိုက အာယနဲကို မေးသည်။

အာယနဲက ခေါင်းညိတ်ပြသည်။

"အခုဆိုရင် ဟိရောမိကို သင်ပေးစရာ ဘာမှ မကျန်တော့ဘူး"

"တယ် ဟုတ်ပါလား"

ယူကီကိုက ချီးကျူးလေးစားသော အကြည့်ဖြင့် ဟိရောမိကို ငေးကြည့်နေသည်။

ဟိရောမိသည် နှုတ်ခမ်းကို လျှာဖြင့် သပ်ပြီး ခေါင်းကို ငုံ့ထားလိုက်သည်။ အမှန်ဆိုလျှင် အီကာအိဇနီးမောင်နှံသည် ဟိရောမိ၏ အလုပ်ကိစ္စကို များစွာ စိတ်ဝင်စားလှသည် မဟုတ်ပေ။ မိသားစုနှစ်စု၏ အလယ်တွင် ကြားညပ်နေသော ကောင်မလေးတစ်ယောက်ကို နေရထိုင်ရ မခက်စေရန် စကားဦး လှည့်ပေးရုံမျှသာ ဖြစ်ကောင်းဖြစ်ပေမည်။

"ဒါနဲ့ ငါ နင်တို့ကို ပစ္စည်းတစ်ခု ပေးစရာ ရှိတယ်"

ထိုသို့ ပြော၍ အာယနဲသည် နေရာမှ ထကာ ဆိုဖာထိုင်ခုံအနောက်မှ စက္ကူအိတ်တစ်လုံးကို လှမ်းယူလိုက်သည်။

"ရော့"

အိတ်ထဲမှ ပစ္စည်းကို မြင်ရသည့်အခါတွင် ယူကီကိုသည် လက်နှစ်ဖက်နှင့် သူ၏ ပါးစပ်ကို အုပ်ကာ အင်မတိ အင်မတန် အံ့သြသွားသည့် အမူအရာမျိုးဖြင့် အားကနဲ ထအော်လိုက်သည်။ ၎င်းမှာ အဝတ်စပိုင်းကလေးများဖြင့် အနုစိတ် စပ်ချုပ်ထားသော အိပ်ရာခင်း ဖြစ်သည်။ တစ်ခုပဲ ရှိသည်။ ပုံမှန်အိပ်ရာခင်းထက် အများကြီး ပိုသေးနေသည်။

"နင်တို့ကလေးရဲ့ ပုခက်အတွက် အိပ်ရာခင်း လုပ်ရအောင်လေ"

အာယနဲက ပြောသည်။

"ပုခက်နဲ့ မအိပ်တော့တဲ့ အချိန်ကျရင် ပန်းချီကားအဖြစ်နဲ့ နံရံမှာ ချိတ်ထားလို့ရတယ်"

"အရမ်းလှတာပဲ။ ကျေးဇူးပဲ အာယနဲ"

ယူကီကိုသည် လွန်စွာမှ ကျေးဇူးတင်ရှိသော ဟန်ပန်ဖြင့် စပ်ထည်အိပ်ရာခင်းကို ရင်ခွင်ထဲ၌ အားရပါးရ ပွေ့ပိုက်ထားလေသည်။

“နင့်လက်ဆောင်ကို သားလေးလည်း သဘောကျလောက်တယ်။ ကျေးဇူးပဲဟာ”

“တကယ့်ကို လက်ရာမြောက်တာပဲ။ ဒါတစ်ခုပြီးဖို့ အချိန် ဘယ်လောက်တောင် ပေးလိုက်ရတာလဲ”

အီကာအိ၏ အကြည့်သည် ဟိရောမိထံသို့ ရောက်ရှိသွားသည်။ သူ့ထံမှ အဖြေတစ်ခုခု တောင်းခံနေသယောင်။

“နှစ်ဝက်လောက်တော့ ကြာမယ် ထင်တယ်”

ဤကဲ့သို့သော စပ်ထည်မျိုး ပြုလုပ်ရာတွင် လိုအပ်သည့် လုပ်ငန်းအဆင့်ဆင့်ကို ဟိရောမိသည် များစွာ ရင်းနှီး ကျွမ်းဝင်ခြင်း မရှိသေးပေ။ ထို့ကြောင့် သူသည် အတည်ပြုချက် တောင်းခံသည့် အနေဖြင့် အာယနဲကို လှမ်းကြည့်လိုက်သည်။

“ငါလည်း အတိအကျတော့ မမှတ်မိတော့ဘူး”

အာယနဲသည် ခေါင်းကို ငဲ့စောင်းကာ စဉ်းစားနေသည်။

“နင်တို့ သဘောကျရင် ပြီးတာပဲ မဟုတ်လား”

“ငါတို့ကတော့ အဟုတ် သဘောကျတာပေါ့။ ဒါပေမယ့် အားနာစရာကြီးဟာ။ ယောက်ျား ... နင် သိလား။ ဒီပစ္စည်းကို အပြင်မှာ ရောင်းရင် ပိုက်ဆံဘယ်လောက် ရနိုင်သလဲ ဆိုတာ။ မီတာအာယနဲရဲ့ လက်ရာစစ်စစ်သာဆိုရင် ဂင်ဇာက ပြခန်းတွေမှာ ယန်းတစ်သန်းနဲ့ ရောင်းလို့ရတယ်”

အီကာအိ၏ မျက်လုံးများ ပြူးကျယ်သွားကာ ထူးဆန်းအံ့သြနေသည်။ အဝတ်ဖြတ်စ ကလေးများဖြင့် ချုပ်စပ် ပြုလုပ်ထားသော ဤပစ္စည်းသည် ထင်မှတ်မထားလောက်အောင် တန်ကြေးရှိနေပါတကား ဟူသော အတွေးက သူ၏ မျက်နှာပေါ်၌ အထင်းသား ပေါ်လွင်နေသည်။

“အာယနဲက အဲဒီအတွက် တော်တော်လေး အပင်ပန်းခံထားတာနော်”

ယိုရှီတာကာက ပြောသည်။

"ငါ အိမ်မှာ အနားယူနေတဲ့အချိန်တိုင်း သူက ဟောဟိုက ဆိုဖာပေါ်မှာထိုင်ပြီး တစ်နေကုန် တစ်နေခန်း အပ်တစ်ချောင်းနဲ့ ချုပ်ပြီးရင်း ချုပ်နေတော့တာ။ မမှောင်မချင်း ထိုင်ရာက မထတော့ဘူး။ တကယ် လက်လန်တယ်"

ပြောပြီး ဧည့်ခန်းထဲမှ ဆိုဖာခုံရှိရာသို့ မေးငေါ့ပြလေသည်။

"တော်သေးတယ်။ အချိန်မှီပြီးပေလို့"

အာယနဲက မျက်နှာ ပြုံးစိစိဖြင့် ခပ်တိုးတိုး ဝင်ပြောသည်။

ထမင်းစားပြီးသည့် အခါ၌ ယောက်ျားနှစ်ယောက်သည် ဆိုဖာခုံပေါ်တွင် ထိုင်ပြီး ဝီစကီထပ်မော့ရန် ကြံစည်နေကြသည်။ ယူကီကိုက ကော်ဖီသောက်ချင်သည်ဟု ဆိုလာသောကြောင့် ဟိရောမိသည် နေရာမှ ထရပ်ကာ မီးဖိုဆောင်ထဲသို့ ဝင်သွားလေသည်။

"ကော်ဖီကို ငါပဲ ဖျော်လိုက်မယ်။ ဟိရောမိ၊ ရေခဲသေတ္တာထဲမှာ ရေခဲတုံးတွေ ရှိတယ်။ အရက်ထဲ ထည့်သောက်ရအောင် နင် သူတို့ကို ယူပေးလိုက်ပါလား"

အာယနဲက ဤသို့ ပြောပြီး ရေပိုက်ခေါင်းကို ဖွင့်ကာ ရေနွေးခရားအိုးထဲသို့ ရေများ ဖြည့်နေလေသည်။

ရေခဲတုံးများကို ဇန်းထဲထည့်ကာ ဧည့်ခန်းထဲသို့ ပြန်ရောက်သွားသည့် အခါတွင် သူတို့၏ စကားဝိုင်းသည် ပန်းပင်များအကြောင်းကို ပြောဆိုနေကြသည်။ မာရိုဘတို့၏ ပန်းဥယျာဉ်ထဲရှိ သစ်ပင်ပန်းမန်များကို မြောက်မြားလှစွာသော စလိုက်မီးလုံးကလေးများဖြင့် နေရာစုံ ထောင့်စုံမှ အလင်းပေးထားသောကြောင့် ညအချိန်မှာပင် အရောင်အသွေး စုံလင်သော ပန်းပင်များ၏ အလှတရားကို ရှုမြင်ခံစားနိုင်သည်။

"ဒီလောက် ပန်းပင်တွေ အများကြီးကို ထိန်းသိမ်းစောင့်ရှောက်ရတာ အတော်တော့ ပင်ပန်းမှာပဲ"

အီကာအိက ပြောသည်။

"ငါလည်း မသိဘူး။ ဒါတွေအားလုံးကို အာယနဲကပဲ လုပ်နေတာ။

အပေါ်ထပ် ဝရန်တာမှာလည်း ပန်းပင်တွေ စိုက်ထားသေးတယ်။ သူတစ်ယောက်တည်း ဒုက္ခခံပြီး နေ့တိုင်းနေ့တိုင်း ပန်းပင်ရေလောင်းနေတာတော့ တွေ့တာပဲ။ အတော်တော့ ပင်ပန်းမယ့်ပုံပဲ။ ဒါပေမယ့် သူကတော့ အဲဒီလို လုပ်နေရတာကိုပဲ ပျော်နေပုံရတယ်။ အခုလို ဖြူနီပြာဝါ အရောင်ပေါင်းစုံ မြင်နေရတာကိုပဲ အူထဲအသည်းထဲက သဘောကျနေတာ ဖြစ်မယ် ထင်တယ်”

ကြည့်ရသည်မှာ ယိုရှီတာကာသည် ဤသို့သော စကားခေါင်းစဉ်မျိုးကို များစွာ စိတ်ဝင်စားလှခြင်း မရှိပေ။ ဟိရောမိ သိထားသော ယိုရှီတာကာသည် သဘာဝလောကကြီးနှင့် သစ်ပင်ပန်းမန်များကို လုံးဝ လုံးဝ စိတ်ပါဝင်စားသူတစ်ယောက် မဟုတ်။

ကော်ဖီခွက်သုံးခွက် သယ်ဆောင်လာသော အာယနဲကို မြင်လိုက်ရသည့် အခါတွင်မှ ဟိရောမိလည်း သတိပြန်ဝင်လာကာ အရက်ထဲသို့ အလျှင်အမြန် ရေရောပေးလိုက်သည်။

ည ၁၁ နာရီ လွန်သွားသည်နှင့် အီကာအိတို့ ဇနီးမောင်နှံလည်း အိမ်ပြန်ရန် ဟန်ပြင်ကြတော့သည်။

“အခုလို အစားကောင်း အသောက်ကောင်းနဲ့ ပြုစုဧည့်ခံတဲ့အတွက် ကျေးဇူးတင်ပါတယ်။ နောက်ပြီး ဒီလောက်တောင် လက်ရာမြောက်တဲ့ ပစ္စည်းကိုလည်း ငါတို့ကို လက်ဆောင်ပေးလိုက်သေးတယ်။ အတော်တော့ အားနာစရာ ကောင်းနေပြီ”

အီကာအိက မတ်တတ်ရပ်ကာ စကားဆိုသည်။

“နောက်တစ်ခါကျရင်တော့ ငါ့အလှည့်ပေါ့ကွာ။ ပြောသာ ပြောရတယ်။ တစ်နေကုန် ကလေးထိန်းနေရတာနဲ့ တစ်အိမ်လုံးလည်း ရှုပ်ပွခတ်နေပြီ”

“နောက်နေ့ကျရင် ငါ အိမ်ရှင်းထားလိုက်မယ်”

ယူကီကိုသည် သူ့ခင်ပွန်း၏ ခါးကို လှမ်းတို့လိုက်ပြီး အာယနဲကို ပြုံးပြလိုက်သည်။

“ငါတို့ရဲ့ မင်းသားလေးကို ကြည့်ရအောင် အိမ်ကိုလည်း လာလည်ကြဦးလေ။ သူ့မျက်နှာက မုန့်ပျားသလက်လို ဝိုင်းစက်နေတာပဲ”

"လာရမှာပေါ့"

အာယနဲက ပြန်ဖြေသည်။

ဟိရောမိလည်း အိမ်ပြန်ရန် ဟန်ပြင်လိုက်သည်။ သူသည် အိမ်ထဲမှ အီကာအိလင်မယားနှင့် အတူထွက်ရန် ဆုံးဖြတ်ထားသည်။ အီကာအိသည် တက္ကစီတစ်စီး ငှားမည်ဖြစ်ပြီး သူ့ကိုလည်း အိမ်အရောက် ပို့ပေးမည် ဖြစ်သည်။

"ဟိရောမိ၊ မနက်ဖြန်ကျရင် ငါ နှစ်ရက်၊ သုံးရက်လောက် ခရီးထွက်ဦးမယ်"

အိမ်ပေါက်ဝတွင် ဖိနပ်စီးနေစဉ် ဟိရောမိ၏ နားထဲသို့ အာယနဲ၏ စကားသံက စီးဝင်လာသည်။

"မနက်ဖြန်ကစပြီး သုံးရက်ဆက်တိုက် ရုံးပိတ်တာဆိုတော့ နင် ဟိုဒီလျှောက်လည်မလို့လား"

ယူကီကိုက မေးသည်။

"မဟုတ်ဘူး။ အလုပ်ကိစ္စရှိလို့ အမေ့အိမ် ခဏပြန်မလို့"

"အမေ့အိမ် ... ဆပ်ပိုရိုကိုလား"

အာယနဲက ပြုံးလျက် ခေါင်းညိတ်ပြသည်။

"အဖေက အခုတလော ကျန်းမာရေး သိပ်မကောင်းဘူး။ အဲဒါ သွားကြည့်ချင်လို့။ ဒါပေမယ့် ဆိုးဆိုးဝါးဝါးကြီးတော့ မဟုတ်ပါဘူး"

"အသက်ကြီးပြီ ဆိုတော့လည်း စိုးရိမ်စရာပေါ့။ အဲဒီလို ဖြစ်နေတာတောင် အာယနဲက ဒုက္ခခံပြီး ငါတို့ကို ဂုဏ်ပြုနေသေးတယ်။ တကယ့်ကို အားနာစရာကြီး"

အီကာအိက ခေါင်းကို ပွတ်သပ်ရင်း ပြောနေသည်။

အာယနဲက ခေါင်းကို ခါယမ်းလိုက်သည်။

"စိတ်ထဲ မထားပါနဲ့။ ဘာမှ အပန်းကြီးတာမှ မဟုတ်တာ။ ဟိရောမိ၊

အကြောင်းကိစ္စ ရှိရင် ငါ့လက်ကိုင်ဖုန်းကို ဆက်လိုက်နော်”

“ဆရာမက ဘယ်တော့လောက် ပြန်ရောက်မှာလဲ”

“အခုတော့ မပြောနိုင်သေးဘူး”

အာယနဲ့သည် ခေါင်းကို စဉ်းငယ် ငဲ့စောင်းလိုက်သည်။

“ပြန်ဖို့ ရက်သတ်ပြီးရင် နင့်ဆီ ဖုန်းဆက်လိုက်မယ်”

“ဟုတ်”

ဟိရောမိက ယိုရှီတာကာကို ဝေ့ကြည့်လိုက်သည်။ သို့သော် သူသည် တခြားတစ်နေရာသို့ ငေးစိုက်ကြည့်နေလေသည်။

မာရိုဘအိမ်မှ ထွက်လာကြပြီးနောက် လမ်းမပေါ်သို့ ရောက်သည့်အခါတွင် အီကာအိသည် တက္ကစီတစ်စီးကို လှမ်းခေါ်လိုက်သည်။ ကားပေါ်မှ အရင်ဆုံး ဆင်းရမည့် ဟိရောမိသည် ကားထဲသို့ နောက်ဆုံးမှ ဝင်လိုက်သည်။

“ငါတို့ ကလေးကိစ္စကို ပြောတာ နည်းနည်းများ များသွားသလား မသိဘူး”

တက္ကစီက အဝေးသို့ မရောက်သေးခင်မှာပင် ယူကီကို၏ မေးခွန်းက ထွက်ပေါ်လာသည်။

“ဘာဖြစ်လို့လဲ။ ကိစ္စမရှိပါဘူးကွာ။ ဒီတစ်ခေါက် ငါတို့ကို တကူးတက ညစာခေါ်ကျွေးတဲ့ ကိစ္စကလည်း သားလေးမွေးတာကို ဂုဏ်ပြုချင်လို့ပဲ ဥစ္စာ”

ကားရှေ့ခန်းတွင် ထိုင်နေသော အီကာအိက ပြောသည်။

“အဲဒီလို မဟုတ်ဘူးလေ။ ငါ စိုးရိမ်တာက ငါတို့ရဲ့ အပြုအမူ၊ အပြောအဆိုက သူတို့ကို စော်ကားသလို ဖြစ်နေမလားလို့။ သူတို့ကလည်းပဲ ကလေးကို အရမ်း လိုချင်နေကြတာ မဟုတ်လား”

“ယိုရှီတာကာ ပြောတာတော့ ကြားဖူးတယ်”

"မွေးများ မမွေးနိုင်တော့လို့လား မသိဘူးနော်။ ဟိရောမိ၊ နင်ရော ဘာကြားသေးလဲ"

"ဟင့်အင်း။ ကျွန်မ ဘာမှ ပြောသံမကြားမိဘူး"

"ဟုတ်လား ..."

ယူကီကို၏ လေသံက အားလျော့စိတ်ပျက်သွားသည့် အသံမျိုး။ ဟိရောမိက တွေးကြည့်နေမိသည်။ သည်လင်မယားနှစ်ယောက်သည် သူ့ထံမှ စကားအစ်အောက်လို၍သာလျှင် သူ့ကို အိမ်ပြန်လိုက်ပို့ပေးမည်ဟု သဘောကောင်းချင်ယောင် ဆောင်နေကြခြင်းသာ ဖြစ်ပေလိမ့်မည်။

ထထထ

နောက်တစ်နေ့တွင် ဟိရောမိသည် ထုံးစံအတိုင်း နံနက် ၉ နာရီအချိန်၌ အိမ်မှ ထွက်ပြီး ဒိုင်ကန်ယာမရှိ အန်နဲဂေဟာသို့ ဦးတည်လာခဲ့သည်။ သူတို့သည် ကန်ထရိုက်တိုက်တစ်လုံးပေါ်ရှိ အခန်းတစ်ခုကို ပြန်လည်ပြုပြင်၍ စပ်ထည် သင်တန်းကျောင်း အဖြစ် ဖွင့်လှစ်ထားသည်။ ထိုကျောင်း၊ ထိုအန်နဲဂေဟာကို စတင် တည်ထောင်ခဲ့သူမှာ အာယနဲ ဖြစ်သည်။ ယခုအခါတွင် သင်တန်းသားပေါင်း နှစ်ဆယ်ကျော် ရှိပြီး သူတို့အားလုံးသည်လည်း မီတာအာယနဲထံမှ ပညာရည် သောက်စို့လိုကြ သောကြောင့်သာ ဤနေရာသို့ ရောက်ရှိလာကြခြင်း ဖြစ်သည်။

တိုက်ခန်း၏ ဓာတ်လှေကားထဲမှ ထွက်လိုက်သည့် အခါတွင် စာသင်ခန်း၏ တံခါးပေါက်ဝ၌ ရပ်နေသော အာယနဲနှင့် သူ၏ နံဘေးမှ ခရီးဆောင်အိတ်တို့ကို တွေ့မြင်လိုက်ရသည်။ အာယနဲသည် ဟိရောမိကို မြင်လိုက်သည်နှင့် ပြုံး၍ ဆီးကြို နှုတ်ဆက်သည်။

"ဆရာမ ဘယ်လိုလုပ် ဒီရောက်လာတာလဲ"

"ဘာရယ် မဟုတ်ပါဘူး။ ဒါလေး နင့်ဆီမှာ ခဏ ထားခဲ့ချင်လို့"

ပြောပြီး အာယနဲသည် အိတ်ကပ်ထဲမှ သော့တစ်ချောင်းကို ထုတ်၍ ဟိရောမိကို လှမ်းပေးလိုက်သည်။

"ဒါက ..."

"ငါ့အိမ်သော့လေ။ မနေ့က နင့်ကို ပြောခဲ့သလိုပေါ့။ ဘယ်အချိန်မှ ငါ ပြန်ရောက်နိုင်မလဲ မပြောတတ်သေးဘူး။ ဒီတော့ အိမ်ရဲ့ လုံခြုံရေးကို နည်းနည်း စိတ်ပူမိတယ်။ ဒါကြောင့် လိုရမယ်ရ ဒီသော့ကို နင့်ဆီမှာပဲ အပ်ထားခဲ့လိုက်မယ်"

"ဪ ... ဒီလိုလား"

"ယူမထားချင်လို့လား"

"ဟင့်အင်း၊ ယူမထားချင်လို့ မဟုတ်ပါဘူး။ ... ဆရာမ၊ ဆရာမဆီမှာရော သော့အပို ရှိသေးတာလား"

"ငါ့ကို စိတ်မပူပါနဲ့။ ငါ အိမ်ပြန်လာတော့မယ် ဆိုရင် နင့်ကို ကြိုပြီး ဆက်သွယ်လိုက်မှာပေါ့။ တကယ်လို့ အဲဒီအချိန်မှာ နင် အဆင်မပြေဘူး ဆိုရင်တောင် ညရောက်ရင် ငါ့ယောကျ်ားလည်း အိမ်ပြန်ရောက်ရောပေါ့"

"ဒီလိုဆိုလည်း ကျွန်မပဲ ကူသိမ်းထားပေးလိုက်ပါ့မယ်"

"အင်း၊ ကူညီပါဦး"

အာယနဲသည် ဟိရောမိ၏ လက်တစ်ဖက်ကို ဆွဲမ,ကာ လက်ဖဝါးထဲသို့ သော့ကို ထည့်ပေးလိုက်သည်။ ထို့နောက် လက်သီးဆုပ်ဖြစ်သွားစေရန် ကျန်လက်တစ်ဖက်ဖြင့် ဟိရောမိ၏ လက်ချောင်းများကို ကွေးညွတ်သွားအောင် ဖိချကာ လက်နှစ်ဖက်ဖြင့် ၎င်းလက်သီးဆုပ်ကို တင်းတင်းကျပ်ကျပ် ဖိကိုင်ထားလေသည်။ ထို့နောက်တွင် "ဘိုင်" ဟုဆိုကာ ခရီးဆောင်အိတ်ကို ဆွဲ၍ ထွက်ခွာသွားလေတော့သည်။

ဟိရောမိသည် အာယနဲ၏ ကျောပြင်ကို ငေးကြည့်နေရင်း "ဆရာမ" ဟု လွှတ်ကနဲ လှမ်းခေါ်လိုက်မိသည်။

အာယနဲ၏ ခြေလှမ်းများ တုံ့ရပ်သွားသည်။

"ဘာပြောစရာ ရှိလို့လဲ"

"ဘာမှ မဟုတ်ပါဘူး။ လမ်းမှာ ဂရုစိုက်ဦးလို့ ပြောမလို့"

"ကျေးဇူးပဲ"

အာယနဲသည် လွတ်နေသော လက်တစ်ဖက်ဖြင့် တာ့တာပြကာ ခြေလှမ်းများကို နောက်တစ်ဖန် လှမ်းလိုက်လေတော့သည်။

သင်တန်းများအားလုံးသည် ညမှောင်ခါမှ ပြီးဆုံးသွားသည်။ ထိုနေ့ တစ်နေကုန်လုံးတွင် သင်တန်းသားများ တစ်သုတ်ပြီးတစ်သုတ် ဝင်လာလိုက်၊ ပြန်ထွက်သွားလိုက်ဖြင့် အလုပ်ရှုပ်လိုက်သည်မှာ ဟိရောမိအတွက် အသက်ဝဝရှုချိန်ပင် မရနိုင်အောင် ဖြစ်ခဲ့ရသည်။ နောက်ဆုံးအသုတ် ကျောင်းသားများ ပြန်သွားချိန်ရောက်မှ သူ၏ ကျောနှင့် ပခုံးတွင် မခံမရပ်နိုင်အောင် နာကျင်နေကြောင်း သတိထားမိတော့သည်။

သိမ်းဆည်းစရာ ရှိသည်များကို သိမ်းဆည်းပြီး၍ စာသင်ခန်းထဲမှ ထွက်ခွာတော့မည် အပြုတွင် ဟိရောမိ၏ လက်ကိုင်ဖုန်းမှ အသံမြည်လာသည်။ ဖုန်းမျက်နှာပြင်ကို တစ်ချက် လှမ်းကြည့်ပြီး တံတွေးမျိုချလိုက်မိသည်။ ဖုန်းခေါ်လာသူက ယိုရှီတာကာ။

"ဒီနေ့ သင်ရမယ့် အတန်းတွေအားလုံး ပြီးသွားပြီ မဟုတ်လား"

ဖုန်းကိုင်လျှင် ကိုင်ချင်း ယိုရှီတာကာ၏ အသံ ထွက်ပေါ်လာသည်။

"အခုလေးတင် ပြီးတယ်"

"အင်း။ ငါ အခု ဧည့်သည်တချို့နဲ့ ညစာစားနေတယ်။ စားပြီးတာနဲ့ အိမ်ပြန်မှာ။ နင် ငါ့အိမ်ကို အရင် သွားနှင့်ပါလား"

သူ၏ စကားသံက ဘာမျှ အရေးမပါသည့်ဟန်ဖြင့် ပေါ့ပါးလွတ်လပ်လွန်းနေသည်။ ဟိရောမိပင် မည်သို့ တုံ့ပြန်ရမှန်း မသိအောင် အူကြောင်ကြောင် ဖြစ်သွားရသည်။

"ဘာလဲ။ မအားဘူးလား"

"အလုပ်တော့ မရှိပါဘူး။ ဒါပေမယ့် … အဲဒီလို လုပ်လို့ ကောင်းပါ့မလား"

"ဘာ မကောင်းစရာ အကြောင်းရှိလဲ။ နင်လည်း သိပြီးသားပဲဥစ္စာ။ သူ

ဒီရက်ပိုင်းအတွင်း အိမ်ကို ပြန်လာနိုင်ဦးမှာ မဟုတ်ဘူး”

ဟိရောမိသည် နံဘေးရှိ လက်ကိုင်အိတ်ကို စူးစူးနစ်နစ် ငေးစိုက်ကြည့်နေမိသည်။ ထိုအိတ်ထဲတွင် သည်မနက်ကမှ လောလောလတ်လတ် လက်ခံရရှိထားသော အိမ်သော့တစ်ချောင်း ရှိနေသည်။

“နောက်ပြီး ငါ နင့်ကို ပြောစရာစကားလည်း ရှိနေသေးတယ်”

သူက ပြောသည်။

“ဘာပြောမလို့လဲ”

“တွေ့မှ ပြောကြတာပေါ့။ ငါ ၉ နာရီလောက် အိမ်ပြန်ရောက်မယ်။ နင် မလာခင် ငါ့ဆီ ဖုန်းအရင် ဆက်ခဲ့လိုက်”

ပြောပြီးသည်နှင့် ချက်ချင်း သူ ဖုန်းချသွားသည်။

ထထထ

အီတာလျံခေါက်ဆွဲဆိုင်တစ်ဆိုင်တွင် ညစာစားပြီးသည့်နောက်၌ ဟိရောမိသည် ယိုရှီတာကာထံသို့ ဖုန်းဆက် လိုက်သည်။ ယိုရှီတာကာသည် အိမ်ပြန်ရောက်နေပြီ ဖြစ်၍ သူ့ကို မြန်မြန်လာရန် လောဆော်နေသည်။ သူ၏ လေသံကို နားထောင်ရသည်မှာ အတော်အတန် စိတ်ရွှင်လန်းနေပုံ ရသည်။

မာရှိဘအိမ်သို့ သွားစဉ် တက္ကစီပေါ်၌ ဟိရောမိသည် သူ့ကိုယ်သူ ရှုံ့မုန်းလာမိသည်။ တစ်ဖက်မှကြည့်လျှင် ယိုရှီတာကာ၏ ပေါ့ပြက်သော စိတ်သဘောထားကို သူ စဉ်းငယ်မျှ သဘောမကျပေ။ သို့သော် အခြားတစ်ဖက်တွင်လည်း သူသည် ရင်တလှပ်လှပ်ဖြစ်ကာ ပျော်ရွှင်ကျေနပ်နေမိသည်ကို ဝန်ခံရပေမည်။

ယိုရှီတာကာသည် ဟိရောမိကို ဝမ်းပမ်းတသာ ကြိုဆိုလေသည်။ သူ၏ အမူအရာက တစ်ချက်ကလေးမျှ ခိုးကြောင်ခိုးဝှက် လုပ်နေရသည့် ဟန်ပန်မျိုး မပေါက်ပေ။ ကြောင့်ကြပူပန်စိတ်မျိုး စိုးစဉ်းမျှ ရှိဟန် မတူ။

ဧည့်ခန်းသို့ ရောက်သည့်အခါ၌ ဧည့်ခန်းထဲတွင် ဝေ့ဝဲပျံ့နှံ့နေသော

ကော်ဖီအနံ့ကို ဟိရောမိ ရလိုက်သည်။

"ကိုယ်တိုင် ကော်ဖီမဖျော်ရတာတောင် အတော် ကြာသွားပြီ။ အရသာရော အိုကေပါ့မလား မပြောတတ်ဘူး"

ယိုရှိတာကာသည် မီးဖိုဆောင်ထဲသို့ ဝင်သွားသည်။ ထို့နောက် လက်တစ်ဖက်စီတွင် ကော်ဖီခွက်တစ်ခွက်စီ ကိုင်လျက် ဧည့်ခန်းဘက်သို့ ပြန်ရောက်လာသည်။ ခွက်ခံပန်းကန်ပြားများ ပါမလာခဲ့။

"ရှင် မီးဖိုဆောင်ထဲ ဝင်တာကို ကျွန်မဖြင့် အရင်က တစ်ခါမှ မမြင်ဖူးဘူး"

"ဟုတ်လား။ ဟုတ်မှာပါပဲ။ သူနဲ့ အိမ်ထောင်ကျပြီးကတည်းက အိမ်မှုကိစ္စကို ဘာတစ်ခုမှ လုပ်စရာ မလိုတော့ဘူး"

"ဆရာမက အိမ်ထောင်မှု နိုင်နင်းတာကြောင့်နေမှာ"

ဟိရောမိသည် ပြောပြီး ကော်ဖီတစ်ငုံ စုပ်သောက်လိုက်သည်။ ကော်ဖီက ခါးတူးနေသည်။

ယိုရှိတာကာ၏ မျက်နှာလည်း ရှုံ့မဲ့နေသည်။

"ကော်ဖီမှုန့်ထည့်တာ လက်လွန်သွားပြီ"

"ကျွန်မ အသစ်ထပ်ဖျော်လိုက်မယ်"

"နေပါ။ နောက်မှပေါ့။ အဲဒါ ခဏထားလိုက်ဦး"

သူသည် ကော်ဖီခွက်ကို စကျင်ကျောက်ပြား စားပွဲပေါ် တင်လိုက်သည်။

"ငါ သူ့ကို မနေ့က ပြောပြလိုက်ပြီ"

"ထင်သားပဲ"

"ဒါပေမယ့် တစ်ဖက်လူက နင်ဆိုတာကိုတော့ ငါ မပြောလိုက်ဘူး။ သူနဲ့ မသိတဲ့ မိန်းမတစ်ယောက်လို့ပဲ ငါ ပြောထားတာ။ သူ ယုံမယုံတော့ ငါလည်း

မပြောတတ်ဘူး”

ဟိရောမိသည် ယနေ့နံနက်က အခြေအနေကို ပြန်လည် မြင်ယောင်ကြည့်မိသည်။ အာယနဲက သူ့ကို သော့ပေးစဉ် အာယနဲ၏ မျက်နှာထားကို ပြန်လည် ပုံဖော်ကြည့်သည်။ ပြုံးချိုနေသော မျက်နှာဟန်ပန်၏ နောက်ကွယ်တွင် မည်သို့သော အကောက်ကြံမှုမျိုးကို ဖုံးဖိကွယ်ဝှက်ထားသနည်း။ သူ အဓိပ္ပာယ် မဖွင့်တတ်ပေ။

“ဆရာမက ဘယ်လို ပြန်ပြောလဲ”

“သူက သဘောတူတယ်တဲ့လေ”

“တကယ်ကြီးလား”

“တကယ်ပေါ့။ ငါ နင့်ကို အစောကြီးကတည်းက ပြောခဲ့ဖူးသားပဲ။ သူ ကန့်ကွက်မှာ မဟုတ်ဘူးလို့”

ဟိရောမိက ခေါင်းကို ခါယမ်းလိုက်သည်။

“ဒီလိုစကားမျိုးကို ကျွန်မအနေနဲ့ မပြောသင့်ဘူး ဆိုပေမယ့် ပြောစရာ ရှိတာတော့ ပြောရမှာပဲ။ သူ အခုလို လွယ်လွယ်နဲ့ လက်ခံလိုက်တာကတော့ ကျွန်မဖြင့် နားမလည်နိုင်အောင်ပဲ”

“ဒါက ကစားပွဲစည်းကမ်းပဲလေ။ ဒါပေမယ့် အဲဒီစည်းကမ်းကို ငါက သတ်မှတ်ခဲ့တယ်ပဲ ဆိုပါတော့။ ဘာပဲဖြစ်ဖြစ်ပါလေ။ အခုဆိုရင် ဘာမှ စိတ်ပူစရာ၊ ခေါင်းရှုပ်စရာ မလိုတော့ဘူး။ ပြဿနာအားလုံး ပြေလည်သွားပြီ”

“ဒါဆို ကျွန်မလည်း စိတ်ချလက်ချ နေလို့ရပြီပေါ့”

“ဒါပေါ့”

ပြောပြီး ယိုရှီတာကာသည် လက်ကို ဆန့်တန်းကာ ဟိရောမိ၏ ပခုံးကို လှမ်းဖက်ပြီး သူ့ရင်ခွင်ထဲသို့ ဆွဲသွင်းလိုက်သည်။ ဟိရောမိသည် သူ၏ ရင်ခွင်ကို မှီလျက် ယိုရှီတာကာ၏ နှုတ်ခမ်းတစ်စုံက သူ့နားနားသို့ ရွေ့လျားလာသည်ကို ခံစားသိနေရသည်။

“ဒီည မပြန်နဲ့တော့နော်”

“ရှင်တို့ရဲ့ လင်မယားအိပ်ခန်းထဲမှာ အိပ်ရမှာလား”

ယိုရှီတာကာသည် နှုတ်ခမ်းကို ကွေးညွတ်သွားအောင် ပြုံးလိုက်သည်။

“ဧည့်သည်ဆောင်မှာ အိပ်ကြမယ်လေ။ အဲဒီအခန်းထဲမှာလည်း နှစ်ယောက်အိပ်ခုတင် ရှိတယ်”

ဟိရောမိက အသာအယာ ခေါင်းညိတ်လိုက်သည်။ ရင်ထဲတွင်မူ စိတ်ရှုပ်ထွေးမှုများ၊ ပေါ့ပါးလွတ်လပ်မှု အနည်းအကျဉ်းနှင့် ခါတွက်၍ မရနိုင်သေးသော စိုးရိမ်သောကများ ရောပြွမ်းယှက်တင်နေသည်။

နောက်တစ်နေ့ နံနက်ခင်းတွင် ဟိရောမိသည် မီးဖိုဆောင်အတွင်း၌ ကော်ဖီဖျော်ရန် ပြင်ဆင်နေသည်။ ထိုစဉ် အနားသို့ ယိုရှီတာကာ ရောက်ရှိလာပြီး ကော်ဖီဖျော်နည်းကို သူ့အား ပြန်ပြပေးရန် တောင်းဆိုလာသည်။

“ကျွန်မလည်း ဆရာမဆီက သင်ထားတာ”

“ကိစ္စ မရှိဘူး။ ငါ့ကို ဖျော်ပြစမ်းပါ”

ယိုရှီတာကာသည် လက်ပိုက်လျက် အနားတွင် ရပ်နေသည်။

ဟိရောမိသည် ကော်ဖီစစ်ခွက်တွင် စက္ကူရေစစ်ကို တပ်ဆင်ပြီးနောက် ကော်ဖီမှုန့်များကို စစ်ခွက်ထဲသို့ ချိန်ဇွန်းဖြင့် ခပ်ထည့်လိုက်သည်။ ယိုရှီတာကာသည် အနားသို့ တိုးကပ်လာပြီး ကော်ဖီပမာဏကို မှတ်သားနေသည်။

“ပထမဆုံးအနေနဲ့ ရေပူနည်းနည်း ထည့်ရမယ်။ နည်းနည်းပဲနော်။ နောက်ပြီး အမှုန့်တွေ ပွတက်လာတဲ့အထိ ခဏစောင့်ရမယ်”

ဟိရောမိသည် ရေနွေးခရားအိုးကို မ,ကာ စစ်ခွက်ထဲသို့ ရေနွေးပူအနည်းငယ် လောင်းထည့်လိုက်သည်။ စက္ကန့် နှစ်ဆယ်ခန့် ကြာသည့်အခါမှ ရေနွေးပူများ ထပ်မံ လောင်းထည့်ပြန်သည်။

“အခုလို ရေနွေးပူကို အဝိုင်းပတ်ပတ်ပြီး လောင်းထည့်ပေးရင် ကော်ဖီတွေ

အထက်ကို လျှံတက်လာလိမ့်မယ်။ ဒါကြောင့် လောင်းထည့်တဲ့အချိန်မှာ နည်းနည်းသတိထားရမယ်။ နောက်ပြီး ကော်ဖီခရားအိုးထဲက ရေချိန်မှတ်ကိုလည်း ကြည့်ဖို့ မမေ့နဲ့ဦး။ နှစ်ယောက်စာ လုံလောက်ပြီ ဆိုတာနဲ့ ကော်ဖီစစ်ခွက်ကို ဖယ်လိုက်တော့။ မဟုတ်ရင် အရသာက ပေါ့သွားလိမ့်မယ်”

“အတော်တော့ ရှုပ်ထွေးတာပဲ”

“အရင်က ကိုယ့်ဘာသာကိုယ် ဖျော်သောက်ခဲ့ဖူးတယ် မဟုတ်လား”

“ကော်ဖီဖျော်စက်နဲ့ပဲ လုပ်ခဲ့ဖူးတာလေ။ အိမ်ထောင်ကျပြီးတော့ အာယနဲက အဲဒီစက်ကို လွှင့်ပစ်လိုက်တယ်။ ကိုယ့်ဟာကိုယ် လက်နဲ့ဖျော်တဲ့ ကော်ဖီကမှ ပိုပြီး သောက်ကောင်းတယ် ဆိုပဲ”

“ဆရာမက ရှင် ကော်ဖီကြိုက်တတ်မှန်း သိလို့ ပိုပြီးမွှေး၊ ပိုပြီးသောက်ကောင်းတဲ့ ကော်ဖီကို သူ့လက်နဲ့ တယုတယ ဖျော်တိုက်ချင်လို့ နေမှာပေါ့”

ယိုရှီတာကာသည် မချိပြုံးပြုံးကာ ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းနေသည်။ သူ့အတွက်နှင့် အာယနဲ၏ အနစ်နာခံ ပေးဆပ်ခဲ့မှုများအကြောင်းကို ဟိရောမိက ပြောလိုက်သည့် အခါတိုင်းတွင် သူသည် ဤသို့သော ဟန်ပန်မျိုးကို ပြုလုပ်ပြတတ်လေ့ရှိသည်။

ဟိရောမိ ဖျော်ပေးထားသော ကော်ဖီကို သောက်ပြီးသည့် အခါတွင် ယိုရှီတာကာသည် ကော်ဖီကို အားပါးတရ ချီးကျူးနေတော့သည်။

အန်နဲဂေဟာရှိ သင်တန်းများကို တနင်္ဂနွေနေ့များတွင် ပိတ်ထားလေ့ရှိသည်။ သို့သော် ဟိရောမိသည် အိကဲဘုကုရိတွင် ဖွင့်လှစ်ထားသော အနုပညာသင်ကျောင်းတစ်ကျောင်း၌ အချိန်ပိုင်းဆရာအဖြစ် သင်ကြားပေးနေသေးသည်။ ဤအလုပ်သည်လည်း အာယနဲထံမှ လက်လွှဲယူထားသော အလုပ်တစ်ခု ဖြစ်သည်။

ယိုရှီတာကာသည် ဟိရောမိအား အလုပ်ပြီးပြီးချင်း ဖုန်းဆက်ရန် မှာထားသည်။ သူနှင့် ညစာအတူစားရန် ကြံစည်ထားဟန် တူသည်။ ဟိရောမိအနေဖြင့်လည်း ငြင်းဆန်ရန် အကြောင်း မရှိပေ။

၇ နာရီကျော်တွင် အနုပညာသင်ကျောင်း၏ အလုပ်များ ပြီးပြတ်သွားသည်။

ဟိရောမိသည် သိမ်းဆည်းစရာ ရှိသည်များကို သိမ်းဆည်းနေရင်း ယိုရှီတာကာထံသို့ ဖုန်းဆက်လိုက်သည်။ ဖုန်းဝင်သွားသော်လည်း ဖုန်းကိုင်မည့်သူ မရှိပေ။ သို့ဖြင့် သူသည် မာရှိဘအိမ်ရှိ အထိုင်ဖုန်းဆီသို့ ဆက်ကြည့်ပြန်သည်။ ထိုနည်းလည်းကောင်း ဖုန်းကိုင်မည့်သူ မရှိပေ။

အိမ်အပြင်သို့ ထွက်သွားခြင်းပေလော။ သို့သော် လက်ကိုင်ဖုန်းကိုမူ ယူမသွားဘဲ အိမ်တွင် ပစ်ထားခဲ့လိမ့်မည် မဟုတ်။

နောက်ဆုံး ဟိရောမိသည် ကြံရာမရဘဲ မာရှိဘအိမ်သို့ သွားကြည့်ရန် ဆုံးဖြတ်လိုက်သည်။ လမ်းတစ်လျှောက်တွင် သူသည် အကြိမ်ကြိမ် ဖုန်းဆက်ကြည့်သေးသည်။ ယခုကအတိုင်း ကိုင်မည့်သူ မရှိပေ။

သူသည် ယိုရှီတာကာ၏ အိမ်အရှေ့သို့ ရောက်ရှိလာသည်။ အိမ်အပြင်ဘက်မှ ကြည့်လျှင် ဧည့်ခန်းရှိ အခန်းမီးများက လင်းနေသည်။ သို့သော်လည်း ဖုန်းကိုင်မည့်သူ မရှိ။

ဟိရောမိသည် စိတ်ကို တည်ငြိမ်အောင် ကြိုးစားပြီး အိတ်ထဲမှ သော့ကို ထုတ်ယူလိုက်သည်။ ၎င်းမှာ အာယနဲက သူ့ထံတွင် အပ်နှံထားခဲ့သော သော့ဖြစ်သည်။

အိမ်ခန်းတံခါးမကြီးကို အတွင်းဘက်မှ လော့ချထားသည်။ သူသည် တံခါးသော့ကို လှည့်ဖွင့်ကာ တံခါးရွက်ကို တွန်းဖွင့်လိုက်သည်။ ဝင်ပေါက်မျက်နှာကျက်ပေါ်ရှိ မီးလုံးကလည်း လင်းထိန်နေသည်။

ဟိရောမိသည် ဖိနပ်ကို ချွတ်၍ လျှောက်လမ်းအတိုင်း အိမ်အတွင်းသို့ လျှောက်ဝင်လာခဲ့သည်။ အခန်းတွင်း၌ ကော်ဖီရနံ့က ထုံသင်းလျက်။ နံနက်ခင်းက ဖျော်ခဲ့သော ကော်ဖီ၏ ရနံ့သည် ယခုချိန်အထိ သင်းပျံ့နေစရာ အကြောင်းမရှိပေ။ ယိုရှီတာကာကိုယ်တိုင် နောက်တစ်ကြိမ် ထပ်ဖျော်ထားခြင်းသာ ဖြစ်ရပေမည်။

ဧည့်ခန်းတံခါးကို တွန်းဖွင့်လိုက်ပြီးသည့် အခိုက်အတန့်တွင် ဟိရောမိသည် ကြက်သေသေသွားသည်။ ယိုရှီတာကာသည် ကြမ်းပြင်တွင် လဲနေပြီး နံဘေးတွင် ကော်ဖီခွက်တစ်ခွက် မှောက်လျက် ရှိနေသည်။ အနက်ရောင် ကော်ဖီရည်များသည် ပါကေးကြမ်းပြင်ပေါ်တွင် ပျံ့ကြဲဖိတ်စင်နေကြသည်။

လူနာတင်ယာဉ်ကို လှမ်းခေါ်ရမည်။ ဖုန်းဆက်ခေါ်ရမည်။ ဖုန်းနံပါတ် ...

ဖုန်းနံပါတ် ... ဖုန်းနံပါတ်က ဘယ်လောက်လဲ။ ဟိရောမိသည် တုန်ယင်နေသော လက်ဖြင့် လက်ကိုင်ဖုန်းကို အိတ်ထဲမှ ဆွဲထုတ်လိုက်သည်။ သို့သော် မည်သည့်နံပါတ်ကို ခေါ်ဆိုရမည်နည်း။ သူ မည်သို့မျှ စဉ်းစားမရတော့ပြီ။

(၃)

လမ်း၏ ဆင်ခြေလျှောတစ်လျှောက်တွင် ကြီးကျယ်ခမ်းနားသော အိမ်ကြီးအိမ်ကောင်းများ အစီအရီ တည်ရှိနေကြသည်။ အိမ်တစ်လုံးချင်းစီ၏ အသွင်အပြင်များသည် မည်မျှ ကြီးကျယ်ခမ်းနားကြောင်းကို မှိန်ဖျော့ဖျော့သာ လင်းလက်နေကြသော လမ်းမီးရောင်ဖြင့်ပင်လျှင် တွေ့မြင်နိုင်သည်။ ဤရပ်ကွက်အတွင်း၌ နေထိုင်သူများသည် ဤသို့သော အိမ်ကြီးအိမ်ကောင်း တစ်လုံးကို ငွေလက်ငင်း ပေးချေဝယ်ယူရန်အတွက် တကူးတက ငွေစုနေရမည့် သူများ မဟုတ်ပေ။

ရဲကား အမြောက်အမြားသည် လမ်းတစ်လျှောက်တွင် ရှေ့နောက်ဆင့်ကာ ရပ်တန့်ထားကြသည်။ ကုစာနာဂိသည် တက္ကစီမောင်းသမား၏ ပခုံးကို ပုတ်လိုက်သည်။

"ဒီနားမှာပဲ ရပ်လိုက်တော့"

ကားပေါ်မှ ဆင်းပြီးနောက် ကုစာနာဂိသည် လမ်းလျှောက်ရင်း လက်ပတ်နာရီကို ငုံ့ကြည့်လိုက်သည်။ ည ၁၀ နာရီ ထိုးကျော်ပြီ။ 'ဒီနေ့လည်း မကြည့်ရပြန်တော့ဘူး' သူ တွေးနေမိသည်။ ဤရုပ်ရှင်ကားကို ရုပ်ရှင်ရုံတွင် ရုံတင်ခဲ့စဉ်ကပင် သွားကြည့်ရန် သူ အခွင့်မကြုံခဲ့။ ထို့နောက် ရုပ်မြင်သံကြားမှ ထုတ်လွှင့်မည်ဟု သတင်းကြားရသောကြောင့် ခွေဆိုင်တွင် ဒီဗီဒီ သွားမဝယ်သေးဘဲ အောင့်အီးစောင့်မျှော်နေခဲ့သည်။ ဒီည ကြည့်ခွင့်ရပေတော့မည်ဟု ကြုံးဝါးနေခါမှ ရုတ်တရက် အလုပ်ဝင်လာပြန်သည်။ အိမ်ထဲမှ ဒရောသောပါး ထွက်လာခဲ့ရသောကြောင့် ရုပ်ရှင်ကားကို အချိန်မှတ်ပြီး ရက်ကော့ (record) လုပ်ရန် မေ့လျော့သွားခဲ့သည်။

ညဉ့်နက်နေသောကြောင့် ဖြစ်မည်။ အနီးအနားတွင် လာရောက် စပ်စုကြသော လူများကို မတွေ့ရပေ။ သတင်းဌာနမှ လူများလည်း ရောက်ရှိသေးဟန် မတူ။ ကုစာနာဂိ၏ ရင်ထဲတွင် တိတ်တဆိတ် မျှော်လင့်နေမိသည်။ တစ်နေ့ကူးသည်နှင့် အမှုလည်း ပြီးပြတ်သွားပါစေဟူ၍။

ပတ်ဝန်းကျင် လုံခြုံရေးကို တာဝန်ယူရသော ရဲသားသည် မျက်နှာထား ခပ်တင်းတင်းဖြင့် အခင်းဖြစ်သော လုံးချင်း တိုက်အိမ်၏ အပေါက်ဝတွင် ရပ်စောင့်နေသည်။ ကုစာနာဂိ ထုတ်ပြသော ရဲသက်သေခံ စာအုပ်ကို ကြည့်ပြီးသည့်အခါတွင် သူ့ကို ခေါင်းဆတ်ကာ ဝင်နိုင်ပြီ ဖြစ်ကြောင်း အချက်ပြလိုက်သည်။

ကုစာနာဂိသည် ခြံတံခါးမကြီးမှ အတွင်းသို့ ဝင်လိုက်ပြီးသည်နှင့် အခြေအနေကို ဝေ့ဝိုက်၍ အကဲခတ်ကြည့်နေသည်။ အိမ်တွင်းရှိ လျှပ်စစ်မီးများ အားလုံး ဖွင့်ထားဟန် တူသည်။ အတွင်းမှ လူများ၏ စကားပြောသံများကိုလည်း တိုးတိုးလျလျ ကြားနေရသည်။

သူသည် အရှေ့မျက်နှာစာရှိ မြက်ခင်းပြင်ကို ကျော်၍ ကြည့်လိုက်သည့်အခါ၌ ခြံစည်းရိုးအနားတွင် လူတစ်ယောက် ရပ်နေကြောင်း တွေ့လိုက်ရသည်။ မှောင်မိုက်လွန်းနေသောကြောင့် မည်သူမည်ဝါ ဖြစ်ကြောင်း သဲသဲကွဲကွဲ မမြင်ရပေ။ သို့သော် ထိုသူ၏ ခန္ဓာကိုယ် အချိုးအစားနှင့် ဆံပင် အတိုအရှည်ကို ကြည့်ခြင်းအားဖြင့် ကုစာနာဂိသည် ထိုသူကို ချက်ချင်း မှတ်မိသွားသည်။ ထိုသူ့ထံသို့ သူ လျှောက်သွားလိုက်သည်။

"နင် ဒီမှာ ဘာလုပ်နေတာလဲ"

ဥကျူမိ ကာအိုရုသည် သူ့ဘက်သို့ အသာအယာ လှည့်လာသည်။ သူ့ကို တွေ့မြင်ရသည့်အတွက် စိုးစိမျှ အံ့သြပုံ မရ။

"မင်္ဂလာ ညခင်းပါ ဆရာ"

လေသံကလည်း စဉ်းငယ်မျှ တုန်ယင်ခြင်း မရှိ။

"နင်က အိမ်ထဲမဝင်ဘဲ ဒီနေရာမှာ ဘာလာလုပ်နေတာလဲ"

"ဘာရယ် မဟုတ်ပါဘူး"

ဥကျူမိသည် မျက်နှာသေဖြင့် ခေါင်းခါပြသည်။

"ခြံစည်းရိုးနဲ့ ပန်းခြံထဲမှာ ရှိတဲ့ ပန်းပင်တွေကို လာကြည့်နေတာ။ နောက်ပြီး လသာဆောင်ပေါ်က ပန်းပင်တွေကိုရော"

"လသာဆောင် ..."

"ဟောဟိုမှာလေ"

သူက အထက်ဘက်သို့ လက်ညှိုးထိုးပြသည်။

ကုစာနာဂိသည် အထက်သို့ ခေါင်းမော့ကြည့်လိုက်ရာ အပေါ်ထပ်တွင် လသာဆောင်တစ်ခု အမှန်တကယ် တည်ရှိနေသည်။ ၎င်းပေါ်မှ သစ်ပင်ပန်းမန်များ၏ အကိုင်းအခက်တို့သည် လက်ရန်း၏ အပြင်သို့ ကိုင်းညွတ် ထိုးထွက် နေကြသည်။ သို့သော် ယင်းမြင်ကွင်းသည်လည်း ထူးဆန်းကြီးကျယ်လှသော မြင်ကွင်းမျိုး မဟုတ်ပေ။

"နေစမ်းပါဦး။ နင်က ဘာဖြစ်လို့ အထဲကို မဝင်တာလဲ"

"အထဲမှာ လူတွေအများကြီးပဲ။ မျက်စိတောင် နောက်တယ်"

"နင်က လူကျပ်တဲ့နေရာမျိုး မကြိုက်ဘူးလား"

"လူအပြုံလိုက်ကြီးက နေရာတစ်ခုတည်းကို ဝိုင်းအုံပြီး လေ့လာနေရင် ဘာအဓိပ္ပာယ်မှ မရှိဘူးလို့ ကျွန်မကတော့ အဲဒီလို ယူဆတာပဲ။ နောက်ပြီး ထ.ရ.ဖ (အထောက်အထား ရှာဖွေရေးအဖွဲ့) ရဲ့ အလုပ်ကိုလည်း အနှောင့်အယှက် ပေးသလို ဖြစ်သွားနိုင်တယ်။ ဒါကြောင့် ပန်းခြံထဲ တစ်ပတ်လောက် ပတ်ကြည့်ဦးမယ်လို့ ဆုံးဖြတ်ထားတာ"

"နင့်ဟာက စုံစမ်းစစ်ဆေးနေတာနဲ့ တူမှ မတူဘဲ။ ပန်းပင်တွေ အလှကြည့်နေတာကို"

"စောစောကတင် တစ်ပတ် ပတ်ကြည့်ပြီးသွားပြီ"

"ထားပါတော့။ အခင်းဖြစ်တဲ့နေရာကိုရော ကြည့်ပြီးပြီလား"

"ခုနက ပြောပြီးပြီလေ။ အထဲ မရောက်သေးဘူးလို့။ ကျွန်မ အိမ်ပေါက်ဝ ရောက်ရောက်ချင်းမှာပဲ အပြင်ကို လှည့်ထွက်လာခဲ့တာ"

ဥကျူမြိ၏ အေးစက်စက် လေသံကြောင့် ကုစာနာဂိသည် သူ့မျက်နှာကို

နားမလည်နိုင်သော မျက်နှာထားဖြင့် ငေးကြည့်နေမိသည်။ အခင်းဖြစ်ပွားရာ နေရာသို့ တခြား မည်သူ တစ်ဦးတစ်ယောက်ထက်မဆို စောလျင်စွာ ရောက်ရှိနိုင်ရန် မျှော်လင့်တောင့်တနေခြင်းသည် မှုခင်းရဲတစ်ယောက်၏ ဗီဇစိတ်ဖြစ်သည်ဟု ကုစာနာဂိက အစဉ်အမြဲ မှတ်ယူထားခဲ့သည်။ သို့သော် ဤအယူအဆသည် ငယ်ရွယ်နုပျိုသော ဤမှုခင်းရဲမေနှင့် ချိန်ထိုးကြည့်လျှင် မည်သို့မျှ ဆက်ဟပ်၍ မရနိုင်အောင် ဖြစ်နေခဲ့သည်။

"နင့်အမြင်ကို ငြင်းမနေချင်ဘူး။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် နင် ငါနဲ့ ခဏလိုက်ခဲ့ဦး။ ဘယ်အရာကိုမဆို ကိုယ်တိုင် မျက်မြင်ဒိဋ္ဌ မြင်အောင် ကြည့်ထားသင့်တယ်"

ကုစာနာဂိသည် အိမ်တံခါးဝဆီသို့ မျက်နှာမူကာ လျှောက်လှမ်းသွားလေသည်။ ဥကျူမိသည် သူ့အနောက်မှ တိတ်တဆိတ် လိုက်ပါလာသည်။

အမှန်တကယ်ပင် အိမ်ထဲ၌ ရဲများဖြင့် ပြည့်နှက်နေသည်။ ၎င်းတို့အထဲတွင် နယ်မြေခံ ရဲစခန်းမှ မှုခင်းရဲများလည်း ပါဝင်သည်။ ကုစာနာဂိ၏ လုပ်ဖော်ကိုင်ဖက်များလည်း ရောက်ရှိနေကြသည်။

အငယ်တန်း ရဲဝန်ထမ်းတစ်ဦး ဖြစ်သူ ကိရှိတာနိက ကုစာနာဂိကို မြင်သည့်အခါတွင် သွားဖြဲပြကာ သူ့ကို စကားဆိုလေသည်။

"ဒီလောက် အစောကြီး ဆရာ့ကို အလုပ်ထဲ ခေါ်ရတာ စိတ်မကောင်းပါဘူး"

"အဲဒါတွေ ပြောမနေပါနဲ့တော့ကွာ။ ဒါနဲ့ ဒါက တကယ့်ကို လူသတ်မှုပဲလား"

"မျက်မြင်အရတော့ မပြောနိုင်သေးဘူးဆရာ။ ဒါပေမယ့် ဖြစ်နိုင်ခြေ တော်တော်များတယ်"

"ဘာဖြစ်လို့လဲ။ ငါ့ကို အတိုချုံးပြီး ပြောပြစမ်းပါဦး"

"အတိုချုံးပြောရရင် ဒီအိမ်ရဲ့ အိမ်ရှင်အမျိုးသားက ရုတ်တရက် ဆုံးသွားတယ်။ ဧည့်ခန်းထဲမှာ သေသွားတာ။ အိမ်မှာလည်း တစ်ယောက်တည်းပဲ ရှိတယ်"

"တစ်ယောက်တည်း …"

"ဆရာ ဒီဘက်ကိုကြွ"

ကိရှိတာနိသည် ကုစာနာဂိတို့ကို ဧည့်ခန်းထဲသို့ ခေါ်ဆောင်သွားသည်။ ၎င်းမှာ မြက်ဖျာ အချပ် ၃၀ စာခန့် (မြက်ဖျာတစ်ချပ်လျှင် ဧရိယာ ၁.၆၂ စတုရန်းမီတာ ရှိသည်) ကျယ်သော အခန်းတစ်ခန်း ဖြစ်သည်။ အခန်းထဲတွင် အစိမ်းရောင် သားရေအစစ်ဖြင့် ချုပ်လုပ်ထားသော ဆိုဖာဝမ်းဆက်တစ်စုံ ရှိသည်။ အလယ်ခေါင်တွင် စကျင်ကျောက်ပြားဖြင့် ပြုလုပ်ထားသော စားပွဲကြီးတစ်လုံးကို ချထားသည်။ ၎င်းစားပွဲ၏ ဘေးဘက် ကြမ်းပြင်ပေါ်တွင် လဲကျနေသော လူတစ်ယောက်၏ ပုံသဏ္ဌာန်ကို အဖြူရောင်တိတ်ဖြင့် ပုံဖော်ထားသည်။

ကိရှိတာနိသည် ကုစာနာဂိဘက်သို့ လှည့်လိုက်သည်။

"သေဆုံးသူရဲ့ နာမည်က မာရှိဘ ယိုရှီတာကာပါ။ ဒီအိမ်ရဲ့ အိမ်ရှင်ပဲ"

"ဒါတော့ ငါသိတယ်လေ။ ဒီမရောက်ခင်ကတည်းက ကြားပြီးနှင့်ပြီ။ သူ့ကုမ္ပဏီက ဘာလုပ်တာလဲ"

"အိုင်တီကုမ္ပဏီ ထင်တယ်။ ဒီနေ့က တနင်္ဂနွေနေ့ဆိုတော့ သူ အလုပ်မသွားဘူး။ နေ့ခင်းပိုင်းမှာ အပြင် ထွက်ခဲ့သေးသလား ဆိုတာကိုတော့ လတ်တလော မသိရသေးဘူး"

"ကြမ်းပြင်က စိုနေတာပဲကော"

ပါကေးကြမ်းပြင်ပေါ်တွင် အရည် တစ်မျိုးမျိုး ဖိတ်ကျထားသောကြောင့် ရေကွက်များ အထင်သား မြင်တွေ့နေရသည်။

"ကော်ဖီပါ ဆရာ"

ကိရှိတာနိက ပြောသည်။

"အလောင်းကို တွေ့တဲ့အချိန်တုန်းက ကြမ်းပြင်ပေါ်မှာ ကော်ဖီတွေ ဖိတ်ကျထားတယ်။ ထ.ရ.ဖ က စုတ်ပြွန်နဲ့ နမူနာ ယူထားပြီးပြီ။ အဲဒီတုန်းက ကြမ်းပြင်ပေါ်မှာ ကော်ဖီခွက်တစ်ခွက်လည်း ရှိနေသေးတယ်"

“ဘယ်သူက အလောင်းကို စတွေ့တာလဲ”

“အဲ …”

ကိရိုတာနိသည် မှတ်စုစာအုပ်ကို ဖွင့်၍ ဝါကာယာမာ ဟိရောမိ၏ နာမည်ကို ရွတ်ဆိုပြသည်။

“သူက သေဆုံးသူရဲ့ ဇနီးရဲ့ တပည့်မလို့ ပြောတယ်”

“တပည့် …”

“သေဆုံးသူရဲ့ ဇနီးက နာမည်ကျော် စပ်ထည်ပညာရှင်တစ်ယောက်ပါ”

“စပ်ထည် … အဲဒီလိုဟာမျိုး လုပ်တာတောင် နာမည်ကျော်နိုင်သေးတာလား”

“အဲဒီလို ပြောတာပဲ ဆရာ။ ကျွန်တော်လည်း အရင်က ကြားတောင် မကြားဖူးဘူး”

ပြောပြီးနောက် ကိရိုတာနိသည် အကြည့်ကို ဥကျူမိထံသို့ ပြောင်းရွှေ့လိုက်သည်။

“မိန်းကလေးတွေကတော့ သိမလား မပြောတတ်ဘူး။ နာမည်က မီတာ အာယနဲ့တဲ့”

ကိရိုတာနိက နာမည်ကို မှတ်စုစာအုပ်တွင် ရေးပြလိုက်သည်။

“မသိဘူး”

ဥကျူမိက အားမနာတမ်း ငြင်းဆိုလိုက်သည်။

“မိန်းကလေးဆိုတာနဲ့ပဲ သိရရောလား”

“အဲ … မဟုတ်ပါဘူး။ ကျွန်တော် ရမ်းပြောကြည့်တာ”

ကိရိုတာနိက ခေါင်းကုတ်နေသည်။

ဤသို့ နှုတ်လုံထိုးနေကြသော သူတို့နှစ်ယောက်ကို ကြည့်၍ ကုစာနာဂိသည် အသံထွက်အောင် ရယ်လိုက်မိသည်။ အတွေ့အကြုံ နည်းပါးသေးသော ကိရိုတာနိသည် အမှျော်ကြီး မျှော်ပြီးကာမှ ရောက်ရှိလာသော အငယ်တန်း ရဲဝန်ထမ်းကို ဆရာကြီးအထာ လုပ်ပြရန် ကြိုးစားခဲ့ခြင်း ဖြစ်သည်။ သို့သော် ဤရဲမေကိုမူ ဤသို့ အနိုင်ယူချင်၍ မဖြစ်။

"အလောင်းတွေ့တဲ့ ဖြစ်စဉ်ကို ပြောစမ်းပါဦး"

ကုစာနာဂိက ကိရိုတာနိကို မေးလိုက်သည်။

"တကယ်တော့ ဒီအိမ်ရဲ့ အိမ်ရှင်မက မနေ့ကပဲ သူ့အမေအိမ်ကို ပြန်သွားတယ်။ မပြန်ခင် သူ့အိမ်က သော့ကို မစ္စဝါကာယာမာဆီ အပ်ထားခဲ့တာ။ ဘယ်နေ့မှ အိမ်ပြန်လာနိုင်မလဲ ဆိုတာ မသေချာလို့ အရေးပေါ်လာခဲ့သည် ရှိသော် ဆိုပြီး အခုလို သော့အပ်ခဲ့တာလို့ ပြောတယ်။ ညရောက်တော့ မစ္စဝါကာယာမာက မစ္စတာမာရှိဘများ အကူအညီ တစ်ခုခု လိုအပ်လေမလား ဆိုပြီး စိတ်ပူတာနဲ့ ဖုန်းဆက်ကြည့်တာ။ လက်ကိုင်ဖုန်းရော၊ အထိုင်ဖုန်းပါ ကိုင်မယ့်သူ မရှိဘူးတဲ့။ ဒါနဲ့ သူလည်း စိတ်မချတာနဲ့ ဒီကို ပြေးလာကြည့်တယ်။ သူ့စကားအရ ဆိုရင် ပထမဆုံးအကြိမ် ဖုန်းဆက်တာ ညနေ ၇ နာရီကျော်ကျော်လောက်က။ ဒီအိမ်ကို ရောက်တော့ ၈ နာရီထိုးခါနီးပြီ"

"အိမ်ထဲ ဝင်ဝင်ချင်း အလောင်းကို တွေ့တယ် ဆိုပါတော့။ ဟုတ်လား"

"ဟုတ်တယ်။ အလောင်းကို တွေ့တွေ့ချင်းမှာပဲ သူက လက်ကိုင်ဖုန်းနဲ့ အရေးပေါ်ဖုန်းနံပါတ် ၁၁၉ ကို ဆက်လိုက်တယ်။ အရေးပေါ်ဌာနက လူတွေ ဒီကို ရောက်လာတော့ မာရှိဘ ယိုရှိတာကာက အသက်မရှိတော့ဘူး။ ဒါနဲ့ သူတို့က အနီးဝန်းကျင်မှာ ရှိတဲ့ ဆရာဝန်ကို ခေါ်ပြီး အလောင်းကို စစ်ဆေးခိုင်းခဲ့တယ်။ ဒါနဲ့ စစ်ဆေးကြည့်တဲ့အခါမှာ သေရတဲ့ အကြောင်းအရင်းက မသင်္ကာစရာ ကောင်းနေလို့ အရေးပေါ်ဝန်ထမ်းတွေက နယ်မြေရဲစခန်းကို အကြောင်းကြားလိုက်တယ်။ ဖြစ်စဉ်အကျဉ်းကတော့ အဲဒါပဲ ဆရာ"

ကုစာနာဂိသည် ပါးစပ်မှ အင်းထူးရင်း ခေါင်းကို ညိတ်ကာ ဥက္ကျူမိကို မျက်စောင်းထိုးကြည့်လိုက်သည်။ မည်သည့်အချိန်က အနားမှ သူ ထွက်ခွာသည် မသိ။ သူသည် အရက်ခွက်ဗီဒိုအနားတွင် ရပ်နေလေသည်။

"အလောင်းကို တွေ့တဲ့သူက အခု ဘယ်မှာလဲ"

"မစ္စဝါကာယာမာက အခု ကင်းလှည့်ကားထဲမှာ အနားယူနေတယ်။ ခွဲမှူးလည်း သူ့အနားမှာ ရှိနေတယ်"

"ဘိုးတော်တောင် ရောက်နေပြီလား။ ကင်းလှည့်ကားထဲမှာ ထိုင်နေမှန်း ငါ သတိတောင် မထားမိခဲ့ဘူး"

ကုစာနာဂိက မျက်မှောင်ကြုတ်နေသည်။

"ဘာကြောင့် သေရတယ် ဆိုတာကိုရော စုံစမ်းလို့ ရပြီးပြီလား"

"အဆိပ်မိတယ်လို့ သံသယရှိနေကြတယ်။ ကိုယ့်ဟာကိုယ် သေကြောင်းကြံတဲ့ ဖြစ်နိုင်ခြေကလည်း ရှိနိုင်သေးတာပဲ။ ဒါပေမယ့် သူများသတ်တာလည်း ဖြစ်နိုင်တယ်။ ဒါကြောင့်လည်း ကျွန်တော်တို့ကိုပါ ခေါ်ထားတာပေါ့"

"အင်း"

ကုစာနာဂိသည် ဥကျူမိကို ကြည့်ရင်း မီးဖိုဆောင်ထဲသို့ ဝင်သွားသည်။

"အလောင်းကို တွေ့တဲ့ အမျိုးသမီးနာမည်က ဝါကာယာမာ ဟိရောမိ မဟုတ်လား။ သူ ဒီအိမ်ထဲကို ဝင်တုန်းက အိမ်တံခါးကို သော့ချထားသေးလား"

"ချထားတယ် ပြောတယ်"

"ဒါဆို ပြတင်းပေါက်နဲ့ မှန်တံခါးတွေကရော။ အကုန်လုံး သော့ချထားတာပဲလား"

"နယ်မြေရဲစခန်းက ရဲတွေ ရောက်လာတော့ အပေါ်ထပ်က အိမ်သာရဲ့ ပြတင်းပေါက် ပွင့်နေတာကလွဲလို့ ရှိသမျှ ပြတင်းတံခါးအကုန်လုံး သော့ချထားတယ်လို့ ပြောတယ်"

"အပေါ်ထပ်မှာလည်း အိမ်သာ ရှိသေးတာလား။ အဲဒီပြတင်းပေါက်က လူတစ်ကိုယ်စာ ဝင်ထွက်လို့ ရနိုင်လား"

"စမ်းတော့ မကြည့်မိဘူး။ ဒါပေမယ့် ဝင်ထွက်လို့ မရနိုင်လောက်ဘူး ထင်တယ်"

"အဲဒီလိုဆိုမှတော့ ကိုယ့်ဟာကိုယ် သေကြောင်းကြံတာပဲ ဖြစ်တော့မှာပေါ့"

ကုစာနာဂိသည် ဆိုဖာပေါ် ထိုင်ချကာ ခြေထောက်ကို ချိတ်တင်လိုက်သည်။

"ကော်ဖီထဲမှာ တစ်ယောက်ယောက်က အဆိပ်ခတ်ထားပါတယ်လို့ သူတို့က ဘာကြောင့် ထင်ရတာလဲ။ အဲဒီတရားခံကရော ဒီအိမ်ထဲကနေ ဘယ်လိုလုပ်ပြီး ထွက်ပြေးသွားခဲ့တာလဲ။ အတော်လေး ထူးဆန်းမနေဘူးလား။ နယ်မြေရဲစခန်းက ဘာကြောင့် လူသတ်မှုလို့ ယူဆရတာတဲ့လဲ"

"ဟုတ်လည်း ဟုတ်ပါတယ်။ ဒီလောက် အထောက်အထားနဲ့ ဆိုရင်တော့ လူသတ်မှုလို့ သတ်မှတ်ရတာ တော်တော်ခက်လိမ့်မယ်"

"ဒါ့အပြင် ဘာအထောက်အထားတွေရော ရထားလို့လဲ"

"နယ်မြေရဲစခန်းက ရဲတွေ အခင်းဖြစ်တဲ့ နေရာကို လေ့လာနေကြတဲ့ အချိန်မှာ မစ္စတာမာရှိဘရဲ့ လက်ကိုင်ဖုန်းကို ဖုန်းဝင်လာတယ်။ သူတို့ ဖုန်းကို ကိုင်ကြည့်လိုက်တော့ အေဘိစုမှာရှိတဲ့ စားသောက်ဆိုင်တစ်ဆိုင်က ဖုန်းဆက်လာတာ ဖြစ်နေတယ်။ မစ္စတာမာရှိဘက အဲဒီစားသောက်ဆိုင်မှာ ည ၈ နာရီအတွက် ထိုင်ခုံနှစ်ခုံစာ ဘွတ်ကင်ယူထားတယ်။ လူနှစ်ယောက် ညစာလာစားမယ်လို့ ပြောတယ်။ ဒါပေမယ့် ဧည့်သည်တွေက အချိန်မီ ရောက်မလာလို့ ဆိုင်ကနေ အကျိုးအကြောင်း သိရအောင် ဖုန်းဆက်မေးတယ်လို့ ပြောတယ်။ ဆိုင်ရဲ့ ပြောစကားအရ ဆိုရင် ညနေ ၆ နာရီခွဲလောက်မှာ ဘွတ်ကင်တင်တယ်တဲ့။ ဒါပေမယ့် စောစောက ပြောခဲ့သလိုပဲ။ မစ္စဝါကာယာမာက မစ္စတာမာရှိဘဆီ ၇ နာရီကျော်ကျော်လောက် ဖုန်းဆက်တော့ ဖုန်းကိုင်မယ့်သူ မရှိတော့ဘူး။ ၆ နာရီခွဲကမှ ဘွတ်ကင်လုပ်ထားခဲ့တာကို ၇ နာရီထိုး ကျော်တဲ့အချိန်မှာ ဆူဆိုက်လုပ်သွားတယ် ဆိုတော့ နားလည်ရ အတော်လေး ခက်မနေဘူးလား။ ကျွန်တော့်အမြင်အရတော့ နယ်မြေခံရဲတွေရဲ့ အယူအဆက အဓိပ္ပာယ် ရှိတယ်လို့ ထင်တာပဲ"

ကိရိုတာနိ၏ စကားကို ကြားရသည့်အခါတွင် ကုစာနာဂိသည် မျက်မှောင်ကို ကြုတ်လိုက်မိသည်။ ထို့နောက် လက်ညှိုးဖြင့် သူ၏ မျက်ခုံးမွေးကို ကုတ်နေတော့သည်။

“အဲဒီလိုဆိုရင်လည်း အစကတည်းက ပြောရောပေါ့ကွာ”

“ဆောရီးပဲဆရာ။ ဆရာရဲ့ မေးခွန်းတွေက များလွန်းအားကြီးတော့ အဲဒီကို တော်တော်နဲ့ မရောက်နိုင်ဘူး ဖြစ်သွားတယ်”

“ထားပါတော့ကွာ”

ကုစာနာဂိသည် သူ၏ ဒူးကို တစ်ချက်ပုတ်ကာ မတ်တတ်ထရပ်လိုက်သည်။ ထိုအခိုက်တွင် ဥကျူမိသည် မီးဖိုဆောင်ထဲမှ ထွက်လာပြီး အရက်ခွက်ဗီဒိုအရှေ့သို့ ပြန်ရောက်နေပြန်သည်။ ကုစာနာဂိသည် သူ့အနားသို့ လျှောက်သွားပြီး သူ့အား မေးခွန်းထုတ်လိုက်လေသည်။

“ကိရှိတာနိက စေတနာနဲ့ ငါတို့ကို အမှုအကြောင်း ရှင်းပြနေတဲ့ဥစ္စာ။ နင်က ဘာဖြစ်လို့ ဝင်လိုက်ထွက်လိုက် လုပ်နေရတာလဲ”

“ကျွန်မ နားထောင်နေတယ်လေ။ ကျေးဇူးပဲ ဆရာကိရှိတာနိ”

“အန် … ရပါတယ်” ကိရှိတာနိက ပခုံးကို စုံမြှောက်လိုက်သည်။

“ဗီဒိုက ဘာထူးခြားနေလို့လဲ”

“ဆရာ ဒီမှာကြည့်ကြည့်”

ဥကျူမိက ဗီဒိုအတွင်းသို့ လက်ညှိုးထိုးပြသည်။

“ဒီစင်ပေါ်မှာက တခြားနေရာတွေနဲ့ နှိုင်းယှဉ်ကြည့်ရင် တစ်ခုခု လိုနေသလိုပဲ”

မှန်၏။ ယင်းနေရာတွင် ဟာတာတာ ဖြစ်နေသည်မှာ သိပ်တော့ သဘာဝမကျလှ။ ယခင်က ပန်းကန်ခွက်ယောက်တစ်ခုခု ထားဖူးရလိမ့်မည်ဟု ယူဆနိုင်သည်။

“ဟုတ်တယ်”

“စောစောက ကျွန်မ မီးဖိုဆောင်ထဲမှာ ကြည့်ကြည့်တော့ ဆေးကြောထားတဲ့

ရှန်ပိန်ခွက်ငါးခွက်ကို တွေ့တယ်”

“ဒါဆို အဲဒီခွက်တွေကို မူလက ဒီနေရာမှာ ထားထားတာ ဖြစ်မယ်”

“ဟုတ်လောက်တယ်”

“ဒီတော့ … နင်က ဘာတွေးမိလို့လဲ”

ကုစာနာဂိ၏ အမေးစကားကြောင့် ဥက္ကာမြိသည် သူ့ကို ခေါင်းမော့ကြည့်လိုက်သည်။ နှုတ်ခမ်းကို လှုပ်ရန် ဟန်ပြင်ပြီးနောက် ခေါင်းကို ယမ်းလိုက်ပြန်သည်။ ပြောရန် ရည်ရွယ်ပြီးကာမှ စိတ်ပြောင်းသွားသည့်နှယ်။

“အရေးတော့ မကြီးပါဘူး။ ကျွန်မ တွေးနေမိတာက မကြာသေးခင်က ဒီအိမ်မှာ မိတ်ဆုံစားပွဲ လုပ်ခဲ့လိမ့်မယ် ထင်တယ်လို့။ ရှန်ပိန်ခွက်မျိုး ဆိုတာက အဲဒီလို မိတ်ဆုံစားပွဲမျိုးတွေမှာမှ သုံးတတ်ကြလို့လေ”

“အင်း၊ ဖြစ်နိုင်ပါတယ်။ သူတို့လို ပိုက်ဆံရှိကြတဲ့ လူတွေအတွက်တော့ မိတ်ဆုံစားပွဲတွေက ထမင်းစား ရေသောက်လို ဖြစ်နေကြတာ။ ဒါပေမယ့် စကားကို ပြန်ကောက်ရရင် ဒီအနီးနားဝန်းကျင်မှာ မိတ်ဆုံစားပွဲ လုပ်ခဲ့တယ် ဆိုရင်ကော … သေဆုံးသူရဲ့ ရင်ထဲမှာ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံချင်တဲ့ သောကမျိုး မရှိနိုင်ပါဘူးလို့ အာမခံနိုင်တာမှ မဟုတ်ဘဲ” ကုစာနာဂိက ကိရှိတာနိကို လှည့်ပြန်ငုံ့ကြည့်ကာ စကားကို ဆက်ပြောလေသည်။

“လူဆိုတဲ့ အမျိုးက ရှုပ်ထွေးပြီး နားလည်ရခက်တဲ့အပြင် ဝိရောဓိတွေနဲ့ ပြည့်နှက်နေတဲ့ သတ္တဝါပဲ။ ပြီးခဲ့တဲ့ တစ်မိနစ်လောက်က လူတွေနဲ့ ပျော်လိုက်ပါးလိုက် လုပ်နေပေမယ့်၊ ပြီးခဲ့တဲ့ တစ်စက္ကန့်လောက်က စားသောက်ဆိုင်မှာ ဘွတ်ကင်တင်နေပေမယ့် သေချင်လာပြီ ဆိုရင်တော့ အချိန်မရွေး သေသွားနိုင်တာပဲ”

ကိရှိတာနိသည် နှုတ်မှ “ဟုတ်” ဟုသာ တုံ့ပြန်ပြီး ခေါင်းကို ညိတ်နေရသော်လည်း သူ၏ မျက်နှာထားမှာ နဝေတိမ်တောင် ဖြစ်နေသည့် ဟန်မျိုး။

“သူ့ဇနီးကရော” ကုစာနာဂိက မေးသည်။

“ဗျာ”

"အသတ်ခံရ ... အဲ သေဆုံးသူရဲ့ ဇနီးကို မေးတာ။ သူ့ကိုရော အကြောင်းကြားထားပြီးပြီလား"

"ဆက်သွယ်လို့ မရသေးဘူး။ မစ္စဝါကာယာမာရဲ့ စကားအရဆိုရင် သူ့ဇနီးရဲ့ အမေ့အိမ်က ဆပ်ပိုရိုမှာ ရှိတာ။ မြို့တွင်းဧရိယာနဲ့ တော်တော်လေး လှမ်းတယ်။ ဆက်သွယ်လို့ ရပြီဆိုရင်တောင် ဒီညတော့ ဘယ်လိုနည်းနဲ့မှ ပြန်မရောက်နိုင်ဘူး"

"ဟော့ကိုင်းဒိုးမှာ ဆိုရင်တော့ ညတွင်းချင်းကို ဘယ်နည်းနဲ့မှ မရောက်နိုင်ဘူး" ကုစာနာဂိသည် ရင်ထဲမှ ကျိတ်ပျော်နေမိသည်။ အကယ်၍သာ သေဆုံးသူ၏ ဇနီးသည် ညတွင်းချင်း ပြန်ရောက်လာနိုင်မည် ဆိုလျှင် သူမရောက်မချင်း တစ်ဦးတစ်ယောက်က ထိုင်စောင့်နေရတော့မည်။ ယခုလို အခြေအနေမျိုးတွင် ခွဲမှူးမာမီယာသည် ၎င်းတာဝန်ကို ကုစာနာဂိအားသာ ပေးလိမ့်မည်မှာ မြေကြီးလက်ခတ် မလွဲပေ။

ယခုအချိန်တွင် အခါလင့်နေပြီ ဖြစ်သောကြောင့် ပတ်ဝန်းကျင် အိမ်နီးနားချင်းများထံမှ သတင်းများကို မနက်ဖြန်မှသာ စတင် စုဆောင်းကြပေလိမ့်မည်။ ကုစာနာဂိက သည်ညတွင် ဤမျှနှင့် အလုပ်သိမ်းရန် မျှော်လင့်တောင့်တနေသည့် အခိုက် တံခါးပွင့်လာသည်။ မာမီယာ၏ လေးထောင့်စပ်စပ် မျက်နှာက သူ၏ မြင်ကွင်းထဲသို့ တိုးဝင်လာတော့သည်။

"ကုစာနာဂိ၊ မင်း ရောက်နေပြီကိုး။ အတော်ကို နှေးတဲ့ကောင်ပဲ"

"ရောက်နေတာ ကြာပါပြီဆရာ။ ဖြစ်စဉ်အကျဉ်းချုပ်ကို ကိရိုတာနိဆီကနေ နားထောင်ပြီးသွားပါပြီ"

မာမီယာက ခေါင်းညိတ်ကာ နောက်လှည့်ပြောလိုက်သည်။

"အထဲကို ကြွပါ"

ဧည့်ခန်းထဲသို့ လျှောက်ဝင်လာသူမှာ အသက် ၂၄-၅ နှစ်အရွယ် ကိုယ်ခန္ဓာသေးသွယ်သော အမျိုးသမီးတစ်ဦး ဖြစ်သည်။ သူ၏ ပခုံးထက်တွင် ဝဲပျံ့နေသော ဆံပင်များသည် ယခုခေတ် မိန်းကလေး အများစုတွင် မြင်ရခဲလှစွာသော သဘာဝ နက်မှောင်သည့် အမဲရောင်။ ဤသို့သော ဆံနွယ်များကြောင့် သူ၏ အသားအရေမှာ ပို၍ ဖြူစွတ်သွားသယောင်။ လက်ရှိ အခြေအနေတွင် သူ၏ မျက်နှာသည် ဖြူစွတ်နေသည်ဟု ပြောမည့်အစား ဖြူဖပ်ဖြူရော် ဖြစ်နေသည်ဟု

သုံးနှုန်းမှုသာ ပို၍ သင့်လျော်ပေလိမ့်မည်။ သို့သော် မည်သို့ပင်ရှိစေ၊ သူသည် မိန်းမလှတစ်ဦး ဖြစ်ကြောင်းကိုမူ မည်သို့မျှ ငြင်းကွယ်၍ မရနိုင်ပေ။ ထို့အပြင် ဝတ်ဆင်ခြယ်သထားပုံမှာလည်း သပ်ရပ်ကြော့ရှင်းနေသည်။

ထိုသူမှာ ဝါကာယာမာ ဟိရောမိဖြစ်ကြောင်း ကုစာနာဂိက ချက်ချင်း ရိပ်စားမိလိုက်သည်။

"ခင်ဗျား ဒီအိမ်ထဲကို ဝင်ဝင်ချင်းမှာပဲ အိမ်ရှင်ရဲ့ အလောင်းကို တွေ့လိုက်ရတယ်လို့ ပြောသံကြားတယ်။ အဲဒါ အမှန်ပဲလား။ ခင်ဗျားက အခုရပ်နေတဲ့ နေရာကနေ အလောင်းကို မြင်လိုက်ရတာလား"

မာမီယာ၏ အမေးစကားကို ကြားသည့်အခါတွင် ဟိရောမိသည် ခေါင်းကို ငုံ့ထားလျက် ဆိုဖာခုံဘက်သို့ ငေးကြည့်လိုက်သည်။ အလောင်းကို တွေ့မြင်ခဲ့စဉ်က ပုံရိပ်များကို ပြန်လည် မြင်ယောင်ကြည့်နေသည့်နှယ်။

"ဟုတ်ကဲ့။ ဒီနားလောက်မှာပဲ ဖြစ်ပါလိမ့်မယ်"

သူ၏ ကိုယ်ခန္ဓာအချိုးအစားမှာ သွယ်လျပြီး မျက်နှာက ဖြူဖပ်ဖြူရော် ဖြစ်နေသောကြောင့်လား မဆိုနိုင်။ ကုစာနာဂိ၏ အမြင်တွင် သူသည် မတ်မတ်ရပ်နိုင်ဖို့ပင် ခက်ခက်ခဲခဲ ကြိုးစားယူနေရဟန် ရှိသည်။ အလောင်းကို တွေ့မြင်ခဲ့စဉ်က ဖြစ်ပေါ်ခဲ့သော ထိတ်လန့်တုန်လှုပ်မှုသည် ယခုအချိန်အထိ ပြယ်လွင့်ပျောက်ပျက်သေးခြင်း မရှိသေးကြောင်း အထင်းသား ပေါ်လွင်နေသည်။

"တမြန်မနေ့ညကလည်း ဒီအိမ်ကို ရောက်သေးတယ်ဆိုတော့ အဲဒါက အခင်းမဖြစ်ခင် ဒီအိမ်ကို နောက်ဆုံးအကြိမ် ရောက်ခဲ့တာလား" မာမီယာက သူ့ကို မေးလိုက်သည်။

ဟိရောမိက ခေါင်းညိတ်ကာ ဟုတ်မှန်ကြောင်း ပြန်ဖြေသည်။

"အခုလက်ရှိ အခန်းတွင်း အခြေအနေနဲ့ အဲဒီတုန်းက အခြေအနေ၊ ဘာတွေများ ကွာခြားနေတာ ရှိလဲ။ ဘယ်လောက် သေးမွှားတဲ့ အပြောင်းအလဲမျိုး ဖြစ်နေပါစေ၊ ကျွန်တော်တို့ကို ပြောပြပေးပါ"

ဟိရောမိသည် အခန်းတွင်းသို့ ဘေးဘီဝဲယာ လျှောက်ကြည့်ပြီး ခေါင်းကို ခါယမ်းလိုက်သည်။

“ကျွန်မ မပြောတတ်ဘူး။ တမြန်မနေ့က ဒီအိမ်မှာ လူတွေ အများကြီး ရှိတယ်။ အတူတူ ညစာစားခဲ့ကြတာ …” သူ၏ အသံက တုန်ယင်နေသည်။

မာမီယာက မျက်မှောင်ကြုတ်လျက် ခေါင်းညိတ်နေသည်။ မျက်နှာပေါ်မှ သူ၏ အမူအရာက “ဘာတတ်နိုင်မှာလဲ” ဟု ပြောနေသယောင်။

“ဒီနေ့ တစ်နေ့ကုန်လုံး အလုပ်ပင်ပန်းနေတာတောင် ခင်ဗျားကို ထပ်ပြီး ဒုက္ခပေးသလို ဖြစ်နေပြီ။ ကျွန်တော် တောင်းပန်ပါတယ်။ ဒီညတော့ ကောင်းကောင်းလေး အနားယူလိုက်ပါဦး။ ဒါပေမယ့် မနက်ဖြန်ကျရင် ကျွန်တော်တို့ ခင်ဗျားဆီကနေ သက်ဆိုင်တဲ့ သတင်းတချို့ ယူစရာ ရှိနေပါသေးတယ်။ အဆင်ပြေမယ် မဟုတ်လား”

“ကိစ္စ မရှိပါဘူး။ ဒါပေမယ့် ရှင်တို့ကို ထပ်ပြောပြစရာလည်း ဘာမှ မရှိတော့ဘူး ထင်တာပဲ”

“ခင်ဗျားပြောတာ မှန်ကောင်း မှန်ပါလိမ့်မယ်။ ဒါပေမယ့် ကျွန်တော်တို့အနေနဲ့က ဖြစ်နိုင်ရင် စုံနိုင်သမျှ စုံအောင် အဖြစ်အပျက် အသေးစိတ်ကို သိချင်တာပါ။ ကျေးဇူးပြုပြီး တတ်နိုင်သလောက် ကျွန်တော်တို့ကို ကူညီပါဦးလို့ တောင်းပန်ပါရစေ”

ဟိရောမိက ခေါင်းငုံ့မြဲ ငုံ့နေဆဲ။

“ဟုတ်” ဟုသာ တိုတိုပြတ်ပြတ် ပြန်ပြောလိုက်သည်။

“ရဲဘော်တစ်ယောက်က ခင်ဗျားကို အိမ်ပြန်ပို့ပေးပါလိမ့်မယ်” ပြောပြီး မာမီယာက ကုစာနာဂိကို လှမ်းကြည့်သည်။

“မင်း ဒီနေ့ ဘာနဲ့ လာတာလဲ။ ကားပါလား”

“ကျွန်တော် တက္ကစီငှားလာတာ”

“ဘာတုံးကွာ။ ဒီနေ့ကျမှ မင်းက …”

“အခုတလော ကျွန်တော် ကား သိပ်မမောင်းဖြစ်ဘူး”

မာမီယာသည် စိတ်ပျက်လက်ပျက်ဖြင့် ပါးစပ်မှ ကျွတ်ကနဲ အသံပြုလိုက်စဉ် ဥက္ကာမြိထံမှ စကားသံ ထွက်ပေါ်လာသည်။

"ကျွန်မမှာ ကားပါတယ်"

ကုစာနာဂိက တအံ့တသြဖြင့် ခေါင်းလှည့်ကြည့်လိုက်မိသည်။

"နင် ကားမောင်းလာတယ် ... ပိုက်ဆံအတော် ပေါနေပါလား"

"ကားမောင်းရင်း ညစာသွားစားဖို့ စီစဉ်နေတုန်း ဆရာတို့ဆီက ဖုန်းဝင်လာတာနဲ့ ဒီကို တန်းလာခဲ့တာပါ။ ဆောရီးပဲ"

"တောင်းပန်စရာ မလိုပါဘူး။ အဲဒီလိုဆိုရင် မစ္စဝါကာယာမာကို နင့်ကားနဲ့ အိမ်လိုက်ပို့ပေးလို့ ရမလား" မာမီယာက မေးသည်။

"ဟုတ်၊ ရပါတယ်။ ဒါပေမယ့် မသွားခင် မစ္စဝါကာယာမာကို မေးခွန်းတစ်ခု မေးလို့ ရမလား"

ဥက္ကာမြိ၏ စကားကြောင့် မာမီယာ၏ မျက်နှာမှ အံ့အားသင့်သော အရိပ်အယောင် ထွက်ပေါ်လာသည်။ ဟိရောမိလည်း အနည်းငယ် တုန်လှုပ်သွားပုံ ရသည်။

"ဘာမေးမလို့လဲ" မာမီယာက မေးသည်။

ဥက္ကာမြိသည် ရှေ့တစ်လှမ်းတိုးကာ သူ၏ မျက်လုံးအစုံဖြင့် ဟိရောမိ၏ မျက်နှာကို ပေါက်ထွက်လုမတတ် စိုက်ကြည့်နေသည်။

"မစ္စတာမာရှိဘက ကော်ဖီသောက်နေတုန်းမှာပဲ ရုတ်တရက် လဲကျသေဆုံးသွားတာ ဖြစ်ဖို့ များတယ်။ သူက ကော်ဖီသောက်ရင် ခွက်ခံပန်းကန်ပြားကို သုံးလေ့ မရှိဘူးလား"

ဟိရောမိသည် ပြူးတူးပျာတာ ဖြစ်ကာ အကြည့်များကို ရှောင်လွှဲနေလေသည်။

"အဲ ဟိုဟာ ... သူတစ်ယောက်တည်း သောက်တဲ့အချိန်မှာ ဆိုရင်တော့

မသုံးဘူး ထင်တယ်”

“ဆိုတော့ကာ မနေ့က ဒါမှမဟုတ် ဒီနေ့ ဧည့်သည်လာသွားတဲ့ သဘောပေါ့။ အဲဒါကို ရှင်သိလား”

ဥက္ကျူမိသည် အဘယ်ကြောင့် ဤသို့ အပိုင် ပြောနိုင်ရသနည်း။ ကုစာနာဂိသည် နားမလည်နိုင်သော မျက်နှာပေးဖြင့် တစ်စောင်းရပ်နေသော ဥက္ကျူမိကို လှမ်းကြည့်လိုက်သည်။

“ဧည့်သည် လာခဲ့ဖူးတယ်လို့ နင်က ဘယ်လိုလုပ် သိတာလဲ”

“မီးဖိုဆောင်ထဲက လက်ဆေးကန်ထဲမှာ မဆေးရသေးတဲ့ ကော်ဖီခွက်တစ်ခွက်နဲ့ ခံပန်းကန်ပြား နှစ်ချပ် ရှိတယ်။ တကယ်လို့သာ မစ္စတာမာရှိဘတစ်ယောက်တည်း သောက်တယ် ဆိုရင် ခံပန်းကန်ပြား ရှိနေမှာ မဟုတ်ဘူး”

ကိရှိတာနိက မီးဖိုဆောင်ထဲသို့ ဝင်သွားပြီး ချက်ချင်း ပြန်ထွက်လာသည်။ သူက အတည်ပြုပေးလိုက်သည်။

“ဥက္ကျူမိ ပြောတာ အမှန်ပဲ။ လက်ဆေးကန်ထဲမှာ ကော်ဖီခွက်တစ်ခွက်နဲ့ ခံပန်းကန်ပြား နှစ်ချပ် ရှိတယ်”

ကုစာနာဂိနှင့် မာမီယာတို့သည် တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်လိုက်ပြီးနောက် ချက်ချင်းဆိုသကဲ့သို့ သူတို့၏ အကြည့်များကို ဟိရောမိ၏ ကိုယ်ပေါ်သို့ ပြောင်းရွှေ့လိုက်ကြသည်။

“အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ခင်ဗျား ဘာများ စဉ်းစားမိလဲ”

ဟိရောမိသည် မျက်နှာပျက်ကာ ခေါင်းကို ကမန်းကတန်း ခါယမ်းလိုက်သည်။

“ကျွန်မ … ကျွန်မ မသိဘူး။ တမြန်မနေ့ည ဒီအိမ်က ထွက်လာပြီးကတည်းက ကျွန်မ ဒီကို ထပ်မလာဖြစ်တော့ဘူး။ ဘယ်သူတွေ လာသေးသလဲ ဆိုတာကိုလည်း ကျွန်မ မသိဘူး”

ကုစာနာဂိသည် မာမီယာကို နောက်တစ်ကြိမ် လှမ်းကြည့်လိုက်ပြန်သည်။ မာမီယာသည် တစ်စုံတစ်ရာကို တွေးတောနေဟန်ဖြင့် ခေါင်းညိတ်နေသည်။ ထို့နောက်

"ကျွန်တော် နားလည်ပါပြီ။ အခုလို ညဥ့်နက်တဲ့အထိ ကျွန်တော်တို့ကို ပူးပေါင်းကူညီပေးတဲ့အတွက် အထူး ကျေးဇူးတင်ပါတယ်။ ဥကျူမိ၊ သူ့ကို အိမ်ပြန်ပို့ပေးလိုက်ပါဦး။ ကုစာနာဂိ၊ မင်းလည်း အတူလိုက်သွားလိုက်"

"ဟုတ်" ကုစာနာဂိသည် မာမီယာ၏ ရည်ရွယ်ချက်ကို သဘောပေါက်သည်။ ဟိရောမိသည် အကြောင်းအချက်တချို့ကို ရည်ရွယ်ချက်ရှိရှိ ဖုံးကွယ်ထားမှန်း သိသာနေသည်။ မာမီယာက သူ့အား ထိုအရာများကို အစ်အောက်ကြည့်စေလိုသည်။

သုံးယောက်သား အိမ်ထဲမှ ထွက်လာပြီးသည့်အခါတွင် ဥကျူမိက ပြောသည်။

"ဒီမှာ ခဏ ရပ်စောင့်ပေးပါလား။ ဒီကို ကျွန်မ ကားမောင်းလာခဲ့မယ်" သူသည် သာမန် အရပ်သုံးကားကို မောင်းလာခဲ့သောကြောင့် အခပေး ယာဉ်ရပ်နားကွင်း၌ ကားကို ရပ်ထားခဲ့ရသည်။

ကားအလာကို စောင့်နေကြစဉ် ကုစာနာဂိသည် ဟိရောမိ၏ အခြေအနေကို တိတ်တဆိတ် အကဲခတ်ကြည့်သည်။ သူ့ကို ကြည့်ရသည်မှာ လုံးလုံးလျားလျား စိတ်ဓာတ်ကျနေသည့်ပုံ ပေါက်နေသည်။ လူသေအလောင်းကို တွေ့မြင်လိုက်ရသောကြောင့် ထိတ်လန့် တုန်လှုပ်နေသည့် အခြေအနေမျိုးထက် ပိုကဲသာလွန်နေသည်။

"ခင်ဗျား မချမ်းဘူးလား" ကုစာနာဂိက မေးသည်။

"ရပါတယ်"

"မူလအစီအစဉ်အတိုင်း ဆိုရင် ခင်ဗျား ဒီည အပြင်ထွက်ဖို့ ရှိလား"

"ဘယ် … ဘယ်လိုလုပ် ရှိနိုင်မလဲ"

"ဟုတ်လား။ ကျွန်တော် စောစောက စဉ်းစားကြည့်နေတာ။ ခင်ဗျား ဒီည သူများနဲ့ ချိန်းထားသေးသလားလို့"

ကုစာနာဂိ၏ စကားကို ကြားလိုက်ရသည့်အခါတွင် ဟိရောမိသည် တံတွေးကို နှစ်ကြိမ် သုံးကြိမ်မျှ မျိုချလိုက်သည်။ သူ၏ မျက်နှာက အနည်းနှင့်အများ ဟန်ပျက်နေသည်။

"ဒီမေးခွန်းကို သူတို့တွေ အကြိမ်ကြိမ် မေးခဲ့ပြီးလောက်ပြီ ထင်ပါတယ်။ ဒါပေမယ့် ကျွန်တော် နောက်ထပ်တစ်ခေါက် ထပ်မေးလို့ ရမလား"

"ဘာများလဲ"

"ဒီညမှာ မစ္စတာမာရှိဘဆီ ဖုန်းဆက်ဖို့ ခင်ဗျား ဘာကြောင့် စိတ်ကူးမိခဲ့တာလဲ"

"ကျွန်မ ပြောခဲ့ပြီးပြီပဲ။ ဆရာမက အိမ်သော့ကို ကျွန်မဆီမှာ အပ်ထားခဲ့တယ်လေ။ ဒီတော့ ကျွန်မအနေနဲ့ သူ့အိမ်ကို ပုံမှန် ဆက်သွယ်ဖို့ တာဝန်ရှိတယ်လို့ ယူဆမိတယ်။ တကယ်လို့သာ မစ္စတာမာရှိဘမှာ အကူအညီ လိုအပ်နေမယ် ဆိုရင် ကျွန်မ သူ့ကို ကူညီပေးရမယ်လေ"

"ဖုန်းဆက်တာ မကိုင်လို့ ခင်ဗျားက သူ့အိမ်ကို ရောက်သွားတယ် ဆိုပါတော့။ အဲဒီလိုလား"

သူက ခေါင်းကို အသာအယာ ညိတ်ပြီး

"ဟုတ်တယ်" ဟု ပြောလိုက်သည်။

ကုစာနာဂိက နားမရှင်းသည့်ဟန်ဖြင့် ဆက်မေးလေသည်။

"လက်ကိုင်ဖုန်းကို မကိုင်ဘူး ဆိုတဲ့ အခြေအနေမျိုးက ပုံမှန် ဖြစ်တတ်တဲ့ သဘာဝပဲလေ။ အထိုင်ဖုန်းလည်း အတူတူပဲ။ အဲဒီအချိန်တုန်းက မစ္စတာမာရှိဘ အပြင်ထွက်သွားတာ ဖြစ်နိုင်တယ်လို့ ခင်ဗျား မတွေးကြည့်မိဘူးလား။ နောက်ပြီး ဖုန်းမကိုင်နိုင်တဲ့ အခြေအနေမျိုးနဲ့ ကြုံတွေ့နေရတာမျိုးလည်း ဖြစ်နိုင်တာပဲ"

ဟိရောမိသည် တစ်ခဏမျှ တိတ်ဆိတ်နေပြီးနောက် ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်သည်။

"ကျွန်မ မစဉ်းစားမိဘူး"

“ဘာဖြစ်လို့လဲ။ ခင်ဗျားက ဘာကို စိတ်ပူနေတာလဲ”

“ကျွန်မ ဘာကိုမှ စိတ်မပူပါဘူး။ အဲဒီတုန်းက စိတ်ထဲ တစ်မျိုးဖြစ်နေလို့ …”

“ဘယ်လို … စိတ်ထဲ တစ်မျိုးဖြစ်နေတယ် …”

“ဟုတ်တယ်လေ။ စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်နေတာကြောင့် ဒီအိမ်ကို ကျွန်မ လာကြည့်ကြည့်တာပေါ့။ မရဘူးလား”

“ရပါတယ်။ ကျွန်တော် တွေးကြည့်တာပါ။ တကယ်လို့သာ တခြားလူတစ်ယောက်က ခင်ဗျားဆီမှာ သော့အပ်ထားရုံသက်သက်နဲ့တင် ခင်ဗျားက ဒီလောက်တောင် ဂရုတစိုက် စောင့်ရှောက်ကြည့်ရှုပေးနေတယ် ဆိုတော့ ကျွန်တော့်အတွက် အထူးအဆန်း ဖြစ်နေလို့ပါ။ အဲဒီလိုလူမျိုးက အတော်ကို ရှာမှရှား ဖြစ်သွားပြီလေဗျာ။ နောက်ပြီး လက်တွေ့မှာလည်း ခင်ဗျား စိတ်ထင့်နေတဲ့အတိုင်း မကောင်းတာကြီးက တကယ် ဖြစ်လာခဲ့တာ ဆိုတော့ ခင်ဗျားရဲ့ လုပ်ရပ်က ချီးကျူးဂုဏ်ပြုချင်စရာ ဖြစ်နေတာပေါ့”

ဟိရောမိသည် မျက်နှာကို တစ်ဘက်သို့ လွှဲပစ်လိုက်သည်။ ကုစာနာဂိ၏ ပြောစကားသည် စိတ်ရင်းအတိုင်း ပြောဆိုနေခြင်း မဟုတ်ကြောင်း နားလည်နေသည့်နှယ်။

အိမ်ပေါက်ဝသို့ နီညိုရောင် ပါဂျယ်ရိုတစ်စီး ရောက်ရှိလာသည်။ ကားတံခါးပွင့်ကာ အထဲမှ ဥကျူမိ ထွက်လာသည်။

“ဖိုးဝိုးပါလား” ကုစာနာဂိ၏ မျက်လုံးများ ပြူးကျယ်သွားသည်။

“မောင်းရတာတော့ အတော် ညက်တယ်။ မစ္စဝါကာယာမာ၊ သွားကြရအောင်”

ဟိရောမိသည် နောက်ခုံတွင် ဝင်ထိုင်ပြီး ကုစာနာဂိလည်း သူ့ နံဘေးတွင် ဝင်ထိုင်လိုက်သည်။

ဥကျူမိသည် ယာဉ်မောင်းထိုင်ခုံတွင် ထိုင်ပြီးသည်နှင့် သွားရမည့် ခရီးစဉ်ကို လမ်းညွှန် app တွင် စက်တင်ထည့်နေလေသည်။ ဟိရောမိသည် ဂါကုဂဲအိ-ဒါအိဂကု ဘူတာရုံအနီးတွင် နေထိုင်ကြောင်း ကြိုတင် စုံစမ်းထားပြီး ဖြစ်ဟန်တူသည်။

ကားထွက်ပြီး များမကြာခင်မှာပင် ဟိရောမိထံမှ စကားသံ ထွက်ပေါ်လာသည်။

"မစ္စတာမာရှိဘာက မတော်တဆ ဒါမှမဟုတ် ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်လို့ သေသွားတာ မဟုတ်ဘူးလား"

ကုစာနာဂိက ယာဉ်မောင်းထိုင်ခုံဘက်သို့ လှမ်းကြည့်လိုက်သည်။ နောက်ကြည့်မှန်မှ လှမ်းကြည့်လိုက်သော ဥက္ကျုမိနှင့် အကြည့်ချင်း ဆုံမိကြသည်။

"ရင်ခွဲစစ်ဆေးတဲ့ အဖြေမရမချင်း ကျွန်တော်တို့ ဘာကိုမှ အတိအကျ ပြောနိုင်ဦးမှာ မဟုတ်ဘူး"

"ဒါပေမယ့် ရှင်တို့ အားလုံးက လူသတ်မှုကို တာဝန်ယူရတဲ့ မှုခင်းရဲတွေ မဟုတ်လား"

"ကျွန်တော်တို့က မှုခင်းရဲတွေပါ။ ဒါပေမယ့် လက်ရှိအခြေအနေအရ လူသတ်မှု ဖြစ်နိုင်တယ် ဆိုတဲ့ မှန်းဆချက်မှာပဲ ရပ်တန့်နေပါသေးတယ်။ အဲဒီထက်တော့ ကျွန်တော်တို့လည်း ဘာမှ မပြောနိုင်သေးဘူး။ ပြောရရင် ကျွန်တော်တို့ ကိုယ်တိုင်လည်း ဘာမှ ဟုတ်တိပတ်တိ သိရသေးတာ မဟုတ်ဘူး"

"အဲဒီလိုလား" ဟိရောမိက တိုးညင်းစွာ ရေရွတ်လိုက်သည်။

"မစ္စဝါကာယာမာ၊ ကျွန်တော်ကို မေးခွန်းတစ်ခု မေးခွင့်ပြုပါ။ တကယ်လို့သာ ဒီအမှုက လူသတ်မှု ဖြစ်နေခဲ့မယ် ဆိုရင် လူသတ်တရားခံက ဘယ်သူ ဖြစ်နိုင်တယ် ဆိုတဲ့အပေါ် ခင်ဗျား စဉ်းစားမိတာမျိုး ရှိလား"

ဟိရောမိထံမှ စကားသံ ထွက်ပေါ်မလာဘဲ ပင့်သက်ရှိုက်သံကိုသာ ဦးစွာ ကြားလိုက်ရသည်။ ကုစာနာဂိသည် သူ၏ နှုတ်ခမ်းကို စိုက်ကြည့်နေသည်။

"ကျွန်မ မပြောတတ်ဘူး … မစ္စတာမာရှိဘာနဲ့ ပတ်သက်ပြီးတော့ ပြောရမယ် ဆိုရင်လည်း သူက ဆရာမရဲ့ အမျိုးသားဆိုတာလောက်ပဲ သိတယ်။ တခြားဟာတွေကိုတော့ ကျွန်မ ဘာမှ မသိဘူး" သူက နုံးချိနေသော လေသံဖြင့် ပြန်ဖြေသည်။

"ဟုတ်လား။ ချက်ချင်း မဖြေနိုင်ရင်လည်း ကိစ္စမရှိပါဘူး။ တကယ်လို့

နောက်နောင် စဉ်းစားမိလာခဲ့ရင် ကျွန်တော်ကို အသိပေးပါဦးလို့ တောင်းဆိုပါရစေ”

သို့သော် ဟိရောမိက ခွန်းတုံ့ပြန်ခြင်း မရှိ။ ခေါင်းကလေးပင် ညိတ်ဖော်မရပေ။

ဟိရောမိသည် သူနေသည့် တိုက်ခန်းအရောက်တွင် ကားပေါ်မှ ဆင်းသွားသည်။ ကုစာနာဂိသည် ယာဉ်မောင်း ဘေးခုံတွင် ပြောင်းထိုင်လိုက်သည်။

“ဘယ်လို သဘောရလဲ” သူက ရှေ့တည့်တည့်သို့ ကြည့်ရင်း မေးလိုက်သည်။

“သူက အတော်ကို စိတ်ခိုင်တဲ့လူပဲ” ဥကျူမိသည် ကားစက်နှိုးရင်း ပြန်ဖြေသည်။

“စိတ်ခိုင်တယ် ...”

“သူ ဒီတစ်လျှောက်လုံး မျက်ရည်မကျအောင် အောင့်ထားနိုင်ခဲ့တယ် မဟုတ်လား။ ကျွန်မတို့ရဲ့ အရှေ့မှာ သူ မျက်ရည်တစ်စက်ကလေးတောင် မကျခဲ့ဘူး”

“သူ့အတွက် အဲဒီလောက် ကြေကွဲစရာ မကောင်းလို့လည်း ဖြစ်ချင်ဖြစ်မှာပေါ့”

“ဟင့်အင်း၊ ကျွန်မအထင်တော့ သူ ငိုတော့ ငိုခဲ့ဖူးမှာပဲ။ လူနာတင်ယာဉ်ကို စောင့်နေတဲ့ အတောအတွင်းမှာ တစ်ချိန်လုံး သူ ငိုနေလောက်တယ်”

“ဘာကြောင့် အဲဒီလို ပြောနိုင်ရတာလဲ”

“သူ့မျက်လုံးထောင့်မှာ ရှိတဲ့ မိတ်ကပ်ကို ကြည့်ကြည့်ပေါ့။ မိတ်ကပ်တွေ ပျက်သွားပြီးကာမှ ပြန်ဖာထားတဲ့ အရိပ်အယောင်တွေ တွေ့နေရတယ်”

ကုစာနာဂိသည် အငယ်တန်းရဲမေ၏ မျက်နှာတစ်ခြမ်းကို စူးစိုက် ကြည့်နေမိသည်။

“ဟုတ်လား”

“မှားစရာ မရှိပါဘူး”

"မိန်းမတွေရဲ့ အမြင်က တော်တော်ကို စူးရှတာပဲ။ ငါ နင့်ကို ချီးကျူးနေတာနော်"

"ကျွန်မ သိပါတယ်" သူက ပြုံးလျက် ပြန်ဖြေသည်။

"ဆရာ၊ ဆရာရဲ့ အမြင်ကရော"

"တစ်ခွန်းတည်း ပြောရရင် အတော်တော့ မသင်္ကာစရာ ကောင်းတယ်။ သူများအိမ်က သော့ကို ခဏ သိမ်းထားပေးရတယ်ပဲ ထားဦး။ ဘယ်မိန်းမပျိုကမှ ယောကျ်ားတစ်ယောက်တည်း ရှိနေတဲ့အိမ်ကို အခုလို အလွယ်တကူ ဝင်ထွက်နေမှာ မဟုတ်ဘူး"

"ကျွန်မလည်း အဲဒီလိုပဲ သဘောရတယ်။ ကျွန်မသာဆိုရင် သေတောင် မသွားဘူး"

"တကယ်လို့သာ သူက သေဆုံးသူနဲ့ ထူးခြားတဲ့ ဆက်ဆံရေးမျိုး ရှိနေမယ်ဆိုရင်ရော။ ဒီစကားက စိတ်ကူးယဉ်လွန်းရာ ရောက်နေမလား"

ဥကျူမိသည် ထွက်သက်ကို မှုတ်ထုတ်လိုက်သည်။

"စိတ်ကူးယဉ် မဆန်ပါဘူး။ တကယ့်လက်တွေ့မှာလည်း အဲဒီလို ဖြစ်ချင်ဖြစ်နေမှာ။ နောက်ပြီး သူတို့နှစ်ယောက်က ဒီညမှာ ညစာအတူတူ စားဖို့ ချိန်းထားကြသေးတာပဲ မဟုတ်လား"

ကုစာနာဂိက ပေါင်ကို ပုတ်လိုက်သည်။

"နင်က ဟို အေဘိစုက စားသောက်ဆိုင်ကို ပြောတာလား"

"အချိန်ရောက်တာတောင်မှ ဧည့်သည်တွေက ရောက်မလာကြဘူး။ ဒါကြောင့်ပဲ ဆိုင်ဝန်ထမ်းက ဖုန်းဆက်ပြီး အကျိုးအကြောင်း မေးကြည့်တာလေ။ သူတို့ရဲ့ အပြောအရ နှစ်ယောက်စာ ဘွတ်ကင်လုပ်ထားတယ်။ အဲဒါ ဘာကို ဆိုလိုချင်သလဲဆိုတော့ ဘွတ်ကင်တင်ထားတဲ့ မစ္စတာမာရှိဘာတစ်ယောက်တည်းတင် ပေါ်မလာတာ မဟုတ်ဘဲ သူရဲ့ အဖော်လည်း ပေါ်မလာဘူး"

"တကယ်လို့သာ သူရဲ့ အဖော်က ဝါကာယာမာ ဟိရောမိသာ ဆိုရင်တော့

အားလုံးက လိပ်ပတ်လည်သွားပြီ” ကုစာနာဂိက တစ်ဆက်တည်း အတည်ပြုလိုက်ပြန်သည်။

“ဟုတ်တယ်၊ မှားစရာ မရှိဘူး”

“တကယ်လို့သာ သူတို့နှစ်ယောက်မှာ ထူးခြားတဲ့ ဆက်ဆံရေးမျိုး ရှိနေခဲ့မယ် ဆိုရင် ကျွန်မအထင်တော့ မကြာခင် အထောက်အထား ရလာလောက်တယ်”

“ဘာဖြစ်လို့”

“ကော်ဖီခွက်။ လက်ဆေးကန်ထဲမှာ ရှိတဲ့ ကော်ဖီခွက်က သူတို့နှစ်ယောက် သုံးခဲ့တဲ့ဟာတွေ ဖြစ်မယ်။ တကယ်လို့ ကျွန်မတို့ရဲ့ အယူအဆ မှန်မယ်ဆိုရင် အဲဒီအထဲက တစ်ခုခုပေါ်မှာ သူရဲ့ လက်ဗွေရာ ရှိကို ရှိရမယ်”

“အဲဒီလိုလား။ သူတို့နှစ်ယောက်က လူမြင်ကွယ်ရာမှာ ခြေရှုပ်နေတာ မှန်ပါတယ် ဆိုရင်တောင် အဲဒါကို အခြေခံပြီး မစ္စဝါကာယာမာကို သံသယတရားခံအဖြစ် သတ်မှတ်လို့ မရနိုင်သေးဘူး”

“ဒါတော့ ကျွန်မလည်း သိတာပေါ့” ပြောပြီး သူသည် ကားကို လမ်းဘေးတွင် ထိုးရပ်လိုက်သည်။

“ကျွန်မ ဖုန်းတစ်ကော ခေါ်လို့ ရမလား။ အတည်ပြုစရာလေး ရှိနေလို့”

“ရပါတယ်။ ဘယ်သူ့ဆီ ဆက်မလို့လဲ”

“မစ္စဝါကာယာမာဆီပေါ့” ဥကျုမိသည် တအံ့တဩ ဖြစ်နေသော ကုစာနာဂိ၏ အမူအရာကို ဂရုစိုက်မနေဘဲ လက်ကိုင်ဖုန်းကို ဆွဲထုတ်ပြီး ဖုန်းခေါ်နေတော့သည်။ မကြာခင် ဖုန်းဝင်သွားသည်။

“မစ္စဝါကာယာမာလား မသိဘူး။ ကျွန်မက မှုခင်းဌာနက ဥကျုမိပါ။ စောစောက ရှင့်ကို ဒုက္ခပေးသလို ဖြစ်သွားတယ်။ … … ဟင့်အင်း။ အရေးကြီးတယ် ရယ်လို့လည်း မဟုတ်ပါဘူး။ ကျွန်မ မေးဖို့ မေ့သွားလို့ပါ။ မနက်ဖြန်မှာ ဘာအစီအစဉ်တွေ ရှိလဲ မသိဘူး။ … … ဟုတ်လား။ ကျွန်မ နားလည်ပါပြီ။ အခုလို အချိန်မတော် ဖုန်းဆက်မိတဲ့အတွက် တောင်းပန်ပါတယ်။ မင်္ဂလာညချမ်းပါ” ပြောပြီး

ဥက္ကာမိက ဖုန်းကို ချပစ်လိုက်သည်။

"သူက မနက်ဖြန် ဘာအစီအစဉ် ရှိတာတဲ့လဲ" ကုစာနာဂိက မေးသည်။

"လောလောဆယ်တော့ ယတိပြတ် မဆုံးဖြတ်ရသေးဘူး။ အိမ်မှာပဲ ရှိနေဖို့ များတယ်တဲ့။ နောက်ပြီး ပြောသေးတယ်။ သင်တန်းကျောင်းကိုလည်း ယာယီ နားထားလိုက်ဦးမယ်တဲ့"

"ဩော်"

"ဒါပေမယ့် ဖုန်းခေါ်ရတဲ့ ကျွန်မရဲ့ ရည်ရွယ်ချက်က သူရဲ့ မနက်ဖြန် အစီအစဉ်ကို သိချင်ရုံသက်သက် မဟုတ်ဘူး"

"နင် ဆိုလိုချင်တာက ..."

"သူရဲ့ အသံက သိသိသာသာကို ငိုသံပါနေတယ်။ သူက ကြိုးစားပြီး ဖုံးကွယ်ထားပေမယ့် တော်တော်ကြီးကို သိသာနေသေးတယ်။ ကြည့်ရတာ အိမ်ပြန်ရောက်လို့ တစ်ယောက်တည်း နေခွင့်ရတာနဲ့ တစ်ပြိုင်နက် အရင်က ဖုံးထား၊ ဖိထားရတဲ့ ခံစားချက်တွေက အကုန်လုံး ပေါက်ကွဲထွက်လာကြတာပဲ ဖြစ်မယ်"

ကုစာနာဂိသည် ကားထိုင်ခုံ နောက်မှီကို မှီထားရင်း ခါးကို မတ်မတ် ဆန့်ထားလိုက်သည်။

"နင်က အဲဒီအချက်ကို အတည်ပြုချင်လို့ သူ့ဆီ ဖုန်းခေါ်လိုက်တာကိုး"

"ကိုယ်နဲ့ သိပ်ပြီး မရင်းနှီးဘူး ဆိုရင်တောင် လူတွေ သေဆုံးတာကို မျက်မြင်ကိုယ်တွေ့ ကြုံရတဲ့အခါမှာ ကျွန်မတို့တတွေက စိတ်မထိန်းနိုင်ဘဲ သူ့အလိုလို ငိုမိတတ်ကြတာပဲ။ ဒါပေမယ့် အချိန်ကာလတစ်ခု လွန်သွားပြီးတာတောင်မှ ဆက်ငိုနေသေးတယ် ဆိုရင် ..."

"ဆိုလိုတာက သေဆုံးသူအပေါ်မှာ သူမတူအောင် တစ်မူထူးခြားတဲ့ စိတ်ခံစားချက် ရှိနေတယ်။ အဲဒီလို မဟုတ်လား" ကုစာနာဂိသည် ပြုံးလျက် ဂျူနီယာရဲ့မေကို ငေးကြည့်နေသည်။

"ဘယ်ဆိုးလို့လဲ"

“ကျေးဇူးတင်ပါတယ်ရှင်” ဥက္ကျမိသည် ပြုံးလျက် ဘရိတ်နင်းထားသော ခြေထောက်ကို ဖယ်ရှားပစ်လိုက်သည်။

ထထထ

နောက်တစ်နေ့ နံနက် ၇ နာရီအရောက်တွင် တယ်လီဖုန်းသံက ကုစာနာဂါကို လှုပ်နှိုးလိုက်သည်။ မာမီယာထံမှ။

ကုစာနာဂါက ခန့်တဲ့တဲ့ လေသံဖြင့် ဖုန်းကို ပြန်ထူးလိုက်သည်။

“ဆရာက ဒီလောက်အစောကြီးလည်း ဖုန်းဆက်တာပဲနော်”

“အိမ်ပြန်ပြီး အိပ်ခွင့်ရတာကိုပဲ ကျေးဇူးတင်ဦး။ ဒီမနက် မဲဂူရိုရဲစခန်းမှာ အစည်းအဝေး ရှိတယ်။ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့ဖြစ်လိမ့်မယ် ထင်တယ်။ ဒီနေ့ညကစပြီး ငါ အဲဒီဘက်မှာ သွားနေရလောက်တယ်”

“ဆရာက အဲဒီကိစ္စကို ပြောပြဖို့အတွက် တကူးတက ဖုန်းဆက်လာတာလား”

“ဟုတ်မလားကွာ။ မင်း အခုချက်ချင်း ဟာနဲဒါကို သွားပေတော့”

“ဟာနဲဒါ … ဟာနဲဒါမှာ ဘာရှိလို့လဲ”

“ဟာနဲဒါကို သွားခိုင်းတယ် ဆိုမှတော့ လေယာဉ်ကွင်းမှာ လူတစ်ယောက် သွားကြိုခိုင်းချင်လို့ပေါ့ကွ။ မစ္စတာမာရှိဘရဲ့ အမျိုးသမီးက ဆပ်ပိုရိုကနေ ပြန်လာပြီ။ မင်း သူ့ကို သွားကြိုရမယ်။ တစ်ခါတည်း မဲဂူရိုရဲစခန်းကို ခေါ်လာခဲ့”

“ကာယကံရှင်ရဲ့ ခွင့်ပြုချက်ကိုရော ယူပြီးပြီလား ဆရာ”

“ပြောပြီးပြီပေါ့ကွာ။ မင်း ဥက္ကျမိကိုလည်း ဖုန်းဆက်လိုက်။ သူ ကားမောင်းပြီး ထွက်လာလိမ့်မယ်။ လေယာဉ်က ၈ နာရီ ဆိုက်မယ်”

“၈ နာရီ” ကုစာနာဂါသည် ခုတင်ပေါ်မှ ချက်ချင်း ခုန်ထွက်လိုက်သည်။

ကိုယ်လက်မျက်နှာများကို အလျင်အမြန် သုတ်သင်နေစဉ် ကုစာနာဂါ၏

ဖုန်းက နောက်တစ်ကြိမ် မြည်လာပြန်သည်။ ယခုတစ်ကြိမ်မှာ ဥက္ကာမြိထံမှ ဖြစ်သည်။ သူသည် ကုစာနာဂိနေရာ တိုက်၏ အရှေ့သို့ပင် ရောက်နေချေပြီ။

ယမန်နေ့ညက စီးခဲ့ရသော ပါဂျယ်ရိုသည် ယခုအခါ လူနှစ်ယောက်ကို တင်လျက် ဟာနဲဒါလေဆိပ်သို့ ဦးတည် ရွေ့လျားနေသည်။

“ဒီလို အလုပ်မျိုး လုပ်ရတာ အတော် ကံဆိုးတာပဲ။ နောက်ထပ် ဘယ်နှကြိမ်ပဲ ကြုံရကြုံရ အခုလို သေဆုံးသူရဲ့ မိသားစုဝင်တွေနဲ့ မျက်နှာချင်းဆိုင်ရမယ့် အလုပ်မျိုးနဲ့တော့ ဘယ်တော့မှ အသားကျနိုင်မယ် မထင်ဘူး”

“ဒါပေမယ့် ခွဲမှူးပြောတာကတော့ သေဆုံးသူရဲ့ မိသားစုကို တွေ့ဆုံတဲ့နေရာမှာ အပိုင်နိုင်ဆုံးလူက ဆရာ ကုစာနာဂိတဲ့လေ”

“အန် ... ဘိုးတော်က အဲဒီလို ချီးကျူးတတ်သေးတာလား”

“နောက်ပြီး ပြောသေးတယ်။ လူတွေကို စိတ်ချလက်ချ ဖြစ်သွားအောင် ဆရာရဲ့ မျက်နှာက စွမ်းဆောင်ပေးနိုင်တယ်တဲ့”

“အဲဒါက ဘာစကားလဲ။ ငါ့ကို ပေါတောတော မျက်နှာမျိုး ရှိတယ်လို့ ပြောလိုက်သလိုပဲ” ကုစာနာဂိက တောက်ကနဲ မြည်အောင် တက်ခေါက်လိုက်သည်။

၇ နာရီ ၅၅ မိနစ်တွင် နှစ်ယောက်သား လေယာဉ်ကွင်းသို့ ရောက်ရှိခဲ့ကြသည်။ ဧည့်ကြိုခန်းမသို့ ရောက်သည့်အခါတွင် ခေတ္တမျှ စောင့်လိုက်ကြရသေးသည်။ ခရီးသည်များက ဥဒဟို သွားလာလျက်။ သူတို့နှစ်ဦးသည် များပြားလှစွာသော လူအုပ်ကြီးအတွင်းမှ မာရိုဘ အာယနဲကို အသည်းအသန် ရှာဖွေနေကြသည်။ အပြာရောင် ခရီးဆောင်အိတ်ကို ဆွဲလာမည့် သနပ်ခါးရောင် ကုတ်အင်္ကျီနှင့် အမျိုးသမီးကို စူးစိုက် ရှာဖွေနေကြသည်။

“ဟိုတစ်ယောက်လား မသိဘူး” ဥက္ကာမြိ၏ အကြည့်များက တစ်နေရာသို့ စူးစိုက်ကြည့်နေသည်။

ကုစာနာဂိသည် ဥက္ကာမြိ ကြည့်ရာအရပ်သို့ လှမ်းကြည့်လိုက်သည့်အခါ ပေးထားချက်များနှင့် လုံးဝကိုက်ညီသော အမျိုးသမီးတစ်ယောက်ကို တွေ့မြင်လိုက်ရလေသည်။ ပူဆွေးနေသော မျက်လုံးများသည် မျက်လွှာကို ချလျက် သူ၏ အထက်အောက် တစ်ကိုယ်လုံးတွင် တည်ငြိမ်လေးနက်မှုဟု ခေါ်ဆိုနိုင်သော

အငွေ့အသက်များ ခြုံလွှမ်းထားလေသည်။

"သူပဲ ဖြစ်လိမ့်မယ် ထင်တယ်" ကုစာနာဂါ၏ အသံက အနည်းငယ် ကွဲအက်နေသည်။ သူ၏ စိတ်တွင် ယောက်ယက်ခတ်နေကာ အကြည့်ကို ထိုအမျိုးသမီးထံမှ ခွာမရအောင် ဖြစ်နေတော့သည်။ သူကိုယ်တိုင်ပင် နားမလည်နိုင်အောင် ဖြစ်နေရသည့် အချက်မှာ အဘယ်ကြောင့် ထိန်းမနိုင် သိမ်းမရအောင် တုန်ယင်နေရသနည်း ဟူသည့် အချက်ပင်။

(၄)

ကုစာနာဂိတို့၏ မိတ်ဆက်စကားကို နားထောင်ပြီးလျှင် ပြီးချင်း မာရိုဘာ အာယနဲသည် ယိုရှိုတာကာ၏ ရုပ်အလောင်းကို မည်သည့်နေရာတွင် ထားရှိကြောင်း မေးမြန်းလေတော့သည်။

"ရုပ်အလောင်းကို ရင်ခွဲရုံ ပို့ထားပါတယ်။ အခု လောလောဆယ်တော့ အခြေအနေကို အတိအကျ မသိရသေးဘူး။ ကျွန်တော်တို့ စုံစမ်းပြီး အကြောင်းပြန်ပေးပါ့မယ်" ကုစာနာဂိက ပြန်ဖြေသည်။

"ဟုတ်လား ... ဒါဆို ကျွန်မ သူ့ကို အခု တွေ့လို့ မရသေးဘူးပေါ့။ အဲဒီလိုလား" သူသည် ကြေကွဲဝမ်းနည်းနေသည့် မျက်နှာဖြင့် မျက်တောင်ကို တဖျပ်ဖျပ် ခတ်နေသည်။ မျက်ရည်များ လျှံထွက်မကျစေရန် အံကြိတ်၍ ထိန်းသိမ်းနေရသည့်နှယ်။ အသားအရေကလည်း ခြောက်သွေ့နေသည်။ ၎င်းမှာ သူ၏ ပုံမှန်အခြေအနေမျိုးတော့ မဟုတ်တန်ရာ။ ယမန်နေ့ညတစ်ညလုံး အိပ်ရေးများ ပျက်ထားလေရော့သလား။

"ရင်ခွဲစစ်ဆေးပြီး အဖြေထွက်တာနဲ့ တစ်ပြိုင်နက် ရုပ်အလောင်းကို ကျွန်တော်တို့ အမြန်ဆုံးနည်းနဲ့ ခင်ဗျားဆီ ပြန်ပို့နိုင်ဖို့ စီစဉ်ပေးပါ့မယ်" ကုစာနာဂိ၏ လေသံမှာ သူ၏ နားထဲ၌ပင် ထူးဆန်းစွာ ဖင့်တွဲ့လေးကန်နေသည်။ သေဆုံးသူ၏ မိသားစုဝင်များနှင့် တွေ့ရသည့်အခါတိုင်း အနည်းအများဆိုသကဲ့သို့ စိတ်လှုပ်ရှားမှုများ ရှိသည်မှန်သော်လည်း ယခုမျက်မှောက်အချိန်တွင် ဖြစ်ပေါ်နေသော သူ၏ ခံစားချက်များသည် ယခင်ကကဲ့သို့ မဟုတ်ဘဲ နားလည်ရခက်စွာ တစ်မျိုးတစ်မည် ထူးခြားဆန်းကြယ်နေသည်။

"ကျေးဇူးတင်ပါတယ်ရှင်"

အာယနဲ၏ အသံမှာ သာမန်မိန်းကလေးတစ်ယောက်၏ အသံနှင့် မတူဘဲ အနည်းငယ် အောနေသည်။ ထို့ကြောင့် ထိုစကားသံက ကုစာနာဂိအား ညှို့ယူထားလေတော့သည်။

"ကျေးဇူးပြုပြီး ကျွန်တော်တို့နဲ့အတူ မဲဂူရိုရဲစခန်းကို လိုက်ခဲ့ပေးလို့ ရမလား။ ကျွန်တော်တို့ မေးစရာတချို့ ရှိနေလို့ပါ။ အဆင်ပြေနိုင်မယ် ဆိုရင်ပေါ့"

"ဟုတ်ကဲ့၊ အဆင်ပြေပါတယ်။ ကျွန်မဆီ အဦးဆုံး ဆက်သွယ်လာတဲ့ လူကလည်း ကျွန်မကို ပြောထားပြီးပါပြီ"

"အားတော့ နာပါတယ်ဗျာ။ ကားကိုလည်း ကျွန်တော်တို့ အဆင်သင့် ပြင်ထားပြီးပါပြီ"

ကုစာနာဂိသည် မာရိုဘ အာယနဲကို ပါဂျယ်ရို၏ နောက်ခုံတွင် ထိုင်စေပြီးနောက် သူသည် အရှေ့ခန်းရှိ ယာဉ်မောင်း၏ ဘေးထိုင်ခုံမှာ ဝင်ထိုင်လေသည်။ ထို့နောက် ခေါင်းလှည့်ကာ

"မနေ့ညက ဖုန်းလက်ခံရတဲ့အချိန်မှာ ခင်ဗျား ဘယ်နေရာမှာ ရှိနေခဲ့တာလဲ"

"ကျွန်မတို့ မြို့နားက ရေပူစမ်းမှာပါ။ ကျွန်မက ငယ်သူငယ်ချင်းတစ်ယောက်နဲ့ အတူ ရှိနေခဲ့တာ။ ဖုန်းကိုလည်း ပိတ်ထားတာဆိုတော့ ရှင်တို့ရဲ့ ဖုန်းကောတွေကို လုံးဝ သတိမထားမိခဲ့ဘူး။ အိပ်ခါနီးကျမှ အသံမက်ဆေ့တွေကို ပြန်နားထောင်ကြည့်ဖြစ်တယ်" အာယနဲသည် လေပူများကို ခပ်ရှည်ရှည် မှုတ်ထုတ်လိုက်သည်။

"အစကတော့ ကျွန်မကို နောက်နေတယ် ထင်တာ။ ရဲဌာနကနေ ဖုန်းလက်ခံရလိမ့်မယ်လို့ ဘယ်တုန်းဘယ်ခါကမှ မတွေးခဲ့ဖူးဘူးလေ"

"ဟုတ်မှာပါပဲ" ကုစာနာဂိက အလိုက်အထိုက် ပြန်ဖြေသည်။

"ဒါနဲ့ … ကျွန်မ တစ်ခုလောက် မေးလို့ရမလား။ ဘာတွေ ဘယ်လို ဖြစ်ကုန်တာလဲ။ ကျွန်မ အခုထိ အူလည်လည် ဖြစ်နေတုန်းပဲ"

အထစ်ထစ် အငေါ့ငေါ့ဖြင့် မေးခွန်းထုတ်လာသော အာယနဲ၏ အသံကို ကြားလိုက်ရသည့်အခါတွင် ကုစာနာဂိ၏ ရင်ထဲ ဆစ်ကနဲ ခံစားလိုက်ရသည်။ သူတို့ စတွေ့ကြစဉ်ကတည်းက ဤမေးခွန်းကို သူ မေးချင်ခဲ့ဟန် တူသည်။ သို့သော် မေးရမည်ကိုလည်း မဝံ့မရဲ ဖြစ်နေခဲ့ပေမည်။

"သူတို့က ခင်ဗျားကို ဖုန်းထဲမှာ ရှင်းမပြခဲ့ဘူးလား"

"ကျွန်မရဲ့ အမျိုးသား ဆုံးသွားတယ် ဆိုတာရယ်၊ သေဆုံးရတဲ့ အကြောင်းအရင်းက မသင်္ကာစရာ ဖြစ်နေတာမို့ ရဲဘက်က စုံစမ်းစစ်ဆေးနေတယ် ဆိုတာထက် ဘာမှ တိတိပပ မသိရသေးဘူး"

သူ့ထံသို့ ဖုန်းဆက် အကြောင်းကြားသော ရဲအရာရှိ ကိုယ်နှိုက်ပင်လျှင် ထိုထက်ပို၍ အခြေအနေ အသေးစိတ်ကို ပြောပြနိုင်စွမ်း ရှိမည် မဟုတ်ပေ။ မည်သို့ဆိုစေ အာယနဲအဖို့မူ ၎င်းမှာ သူ့အား တစ်ညတာလုံး ဒုက္ခပေးနေမည့် အိပ်မက်ဆိုးတစ်ခုသာ ဖြစ်သည်။ လေယာဉ်စီးနေစဉ် ကာလအတွင်း သူ မည်မျှ ခံစားနေရမည်ကို တွေးကြည့်ရုံမျှဖြင့် ကုစာနာဂိ၏ ရင်တွင် မွန်းကျပ်ဆို့နင့်နေသည်။

"ခင်ဗျားရဲ့ အမျိုးသားက အိမ်ထဲမှာပဲ ဆုံးရှာတာပါ။ ကိုယ်ပေါ်မှာ ပြင်ပဒဏ်ရာ ဘာတစ်ခုမှ မရှိဘူး။ အခုချိန်ထိတော့ သေရတဲ့ အကြောင်းအရင်းကို အတိအကျ မပြောနိုင်သေးဘူး။ သူ ဧည့်ခန်းထဲမှာ လဲနေတာကို ပထမဆုံး မြင်ခဲ့တဲ့သူက ဝါကာယာမာ ဟိရောမိပါ"

"သူလား ..." အာယနဲက ပင့်သက်ကို ရှိုက်လိုက်သည်။

ကုစာနာဂိသည် ကားမောင်းနေသော ဥက္ကျုမိကို လှမ်းကြည့်လိုက်သည်။ အခိုက်သင့်ပင် သူတို့နှစ်ဦး မျက်လုံးချင်း ဆုံမိကြသည်။ မျက်လုံးများက စကားပြောနေကြသည့်နှယ်။ 'သူလည်း ငါ့လိုပဲ တွေးနေတာ နေမယ်' ကုစာနာဂိက တွေးသည်။ ဝါကာယာမာ ဟိရောမိနှင့် မာရှိဘ ယိုရှိတာကာတို့၏ ထူးခြားသော ဆက်ဆံရေးအကြောင်းကို သူတို့နှစ်ယောက် ဆွေးနွေးခဲ့သည်မှာ ၁၂ နာရီပင် မကြာသေးပေ။

ဝါကာယာမာ ဟိရောမိသည် အာယနဲ၏ အချစ်ဆုံး တပည့်ဖြစ်သည်။ သူတို့၏ မိသားစု ညစာစားပွဲတွင် တက်ရောက်ခွင့် ပြုခဲ့သည်ကို ကြည့်ခြင်းအားဖြင့် အာယနဲသည် သူ့ကို မိသားစုဝင်တစ်ဦးအဖြစ် သဘောထားကြောင်း သိနိုင်သည်။ ထိုသို့သော မိန်းကလေးတစ်ယောက်က မိမိခင်ပွန်း၏ ခုတင်ပေါ်သို့ တက်ခဲ့သည် ဆိုလျှင် သားရေပေါ်အိပ်၍ သားရေနားစားသည်ဟု ဆိုရပေတော့မည်။

ပို၍ စိတ်ဝင်စားစရာ ကောင်းသော မေးခွန်းမှာ အာယနဲသည် ခင်ပွန်းနှင့် တပည့်အကြားရှိ ထူးခြားသော ဆက်ဆံရေးကို ရိပ်စားမိခြင်း ရှိမရှိ ဟူသော မေးခွန်းဖြစ်သည်။ သူတို့ ဆရာတပည့် နှစ်ဦးသည် အနေနီး၍ အတွင်းသိ အဆင်းသိ ဆိုရုံမျှဖြင့် ဤမေးခွန်းကို လွယ်လွယ်နှင့် အဖြေထုတ်နိုင်လိမ့်မည် မဟုတ်ပေ။ ကုစာနာဂိ၏ အတွေ့အကြုံအရ အနေနီးသော်လည်း အနီးမှုန် မှုန်နေကြသော

လူအများစုကို တွေ့မြင်ထားခဲ့ဖူးသည် မဟုတ်လား။

"ခင်ဗျားရဲ့ ခင်ပွန်းမှာ ရောဂါအခံ ရှိလား" ကုစာနာဂိက မေးသည်။

အာယနဲက ခေါင်းခါလိုက်သည်။

"မရှိနိုင်ပါဘူး။ သူက ရောဂါစစ်ဆေးမှုကို ကာလအပိုင်းအခြားနဲ့ ပုံမှန်လုပ်နေတတ်တဲ့ လူတစ်ယောက်ပဲ။ ရောဂါ ရှိတယ်လို့ တစ်ခါမှ မကြားဖူးဘူး။ နောက်ပြီး သူက အရက်ကို မူးအောင် သောက်တတ်တဲ့သူမျိုးလည်း မဟုတ်ဘူး"

"ဒါဆို သူ အရင်တုန်းက ရုတ်တရက် မူးမေ့သွားတာမျိုးလည်း တစ်ခါမှ မရှိခဲ့ဖူးဘူးပေါ့"

"မရှိခဲ့ဖူးလောက်ဘူး ထင်တာပဲ။ ကျွန်မလည်း သေချာ မသိဘူး။ ပြောရရင် သူ အဲဒီလို ဖြစ်လာလိမ့်မယ်လို့ ကျွန်မဖြင့် အခုထိ မယုံနိုင်သေးဘူး" အာယနဲသည် ခေါင်းကိုက်ပြေလျော့စေရန် အလို့ငှာ လက်ချောင်းများဖြင့် သူ့ကိုယ်သူ နှိပ်နယ်နေလေသည်။

အဆိပ်ကြောင့် သေဆုံးခဲ့ရသည် ဟူသော အယူအဆကို ထုတ်ဖော်ပြောဆိုရန် စောလွန်းနေသေးသည်ဟု ကုစာနာဂိက ဆုံးဖြတ်လိုက်သည်။ အမှန်အားဖြင့်လည်း ရင်ခွဲရုံမှ အဖြေ မထွက်မချင်း ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံသည် သို့တည်းမဟုတ် အသတ်ခံရသည်ဟု ယတိပြတ် ဆုံးဖြတ်ချက် မချခြင်းသာ အကောင်းဆုံး ဖြစ်ပေလိမ့်မည်။

"လတ်တလော သိထားရသလောက် အချက်အလက်တွေ အရတော့ ပုံမှန်မဟုတ်တဲ့ သေမှုသေခင်းမျိုး ဖြစ်နေတာကြောင့် အခင်းဖြစ်ခဲ့တဲ့ ပတ်ဝန်းကျင် အခြေအနေတွေ အားလုံးကို ကျွန်တော်တို့ ရဲဘက်က တတ်နိုင်သမျှ စုံစုံလင်လင် သိရအောင် မှတ်တမ်းယူနေကြတဲ့ သဘောပါ။ အလောင်းကို တွေ့တဲ့အချိန်တုန်းက ခင်ဗျားကို ဘယ်လိုမှ ဆက်သွယ်လို့ မရခဲ့လို့ ကျွန်တော်တို့က မစ္စဝါကာယာမာကို မျက်မြင်သက်သေအဖြစ် ထားပြီး လိုအပ်တဲ့ စုံစမ်းစစ်ဆေးမှုတွေကို ပြုလုပ်ခဲ့ကြတယ်"

"အဲဒီကိစ္စတွေကို မနေ့ညက ဖုန်းထဲမှာ ကျွန်မ ကြားပြီးပါပြီ"

"ခင်ဗျားက ဆပ်ပိုရိုကို မကြာမကြာ ပြန်လေ့ရှိတာလား"

အာယနဲက ခေါင်းခါသည်။

"မင်္ဂလာဆောင်ပြီးနောက်မှာတော့ အခုတစ်ကြိမ်က ပထမဆုံးအကြိမ်ပဲ"

"အမေ့အိမ်မှာ အကြောင်းကိစ္စတစ်ခုခု ရှိနေလို့လား"

"အဖေ နေသိပ်မကောင်းဘူး ကြားလို့ အလုပ်ပါးတုန်းလေး ပြန်ကြည့်ကြည့်တာပါ။ ဟိုရောက်တော့ သူက ကျန်းမာရေး ကောင်းနေတာနဲ့ သူငယ်ချင်းနဲ့ ချိန်းပြီး ရေပူစမ်းကို သွားလိုက်တာ"

"ဩော် ... ဒါဆို ခင်ဗျားက ဘာဖြစ်လို့ အိမ်သော့ကို မစ္စဝါကာယာမာဆီမှာ အပ်ခဲ့ရတာလဲ"

"ကျွန်မ မရှိတဲ့အတောအတွင်း အရေးပေါ် ကိစ္စတစ်ခုခု ပေါ်လာမှာ စိုးလို့ပါ။ သူက ကျွန်မရဲ့ လုပ်ငန်းကိုင်ငန်းတွေမှာ အတော်လေး ကူဖော်လောင်ဖက် ရတယ်။ ကျွန်မက ကုန်ကြမ်းတွေနဲ့ အချောထည် အတော်များများကို အိမ်မှာ သိမ်းထားတာဆိုတော့ သင်တန်းအတွက် ရုတ်တရက် လိုအပ်လာရင် အလွယ်တကူ သွားယူနိုင်အောင် သူ့ကို သော့ပေးထားခဲ့တာပါ"

"မစ္စဝါကာယာမာက ပြောတယ်။ အဲဒီတုန်းက ခင်ဗျားရဲ့ ခင်ပွန်းက အကူအညီ တစ်ခုခုများ လိုအပ်လေမလား ဆိုပြီး စိတ်ပူတာနဲ့ ဖုန်းဆက်လိုက်တာ ဖုန်းကိုင်မယ့်သူ မရှိဘူး ဖြစ်နေတယ်။ ဒါနဲ့ တစ်ခုခုတော့ လွဲနေပြီ ဆိုပြီး ခင်ဗျားတို့အိမ်ကို သွားကြည့်တယ်တဲ့" ကုစာနာဂိသည် လျောက်ပတ်လျော်ကန်မည့် စကားလုံးများကို ဂရုတစိုက် ရွေးချယ်နေရသည်။

"ခင်ဗျား ခရီးမထွက်ခင်တုန်းက ခင်ဗျားယောက်ျားရဲ့ ဝေယျာဝစ္စတွေကို ကူလုပ်ပေးဖို့ သူ့ကို အကူအညီ တောင်းခဲ့ဖူးတာများ ရှိလား"

အာယနဲသည် မျက်မှောင်ကြုတ်လျက် ခေါင်းကို ငဲ့စောင်းကာ စဉ်းစားမရသည့် ဟန်ဖြင့် ပြောလာသည်။

"ကျွန်မလည်း သေချာ မမှတ်မိတော့ဘူး။ အကူအညီတော့ တောင်းခဲ့ဖူးမယ် ထင်တာပဲ။ အဲဒီကလေးမက အတော်လေး လူရည်လည်ပါတယ်။ ကျွန်မက တကူးတကတောင် ပြောနေဖို့ လိုမယ် မထင်ဘူး။ ကျွန်မခင်ပွန်းဆီမှာ အကူအညီ လိုအပ်လား၊ မလိုအပ်ဘူးလား ဆိုတာကို သူ့ဘာသာသူ အကဲခတ်ပြီး

ကြည့်လုပ်တတ်တယ်။ ... ဒါနဲ့ အဲဒီ မေးခွန်းက သိပ်အရေးကြီးလို့လား။ သူ့ဆီမှာ သော့အပ်ခဲ့တဲ့ ကိစ္စက ဘာပြဿနာများ ရှိနေလို့လဲ”

“မဟုတ်ပါဘူး။ ကျွန်တော် အဲဒီလို ဆိုလိုတာ မဟုတ်ပါဘူး။ အဲဒီအကြောင်းကို မနေ့က မစ္စဝါကာယာမာဆီကနေ ကြားခဲ့ရလို့ ခင်ဗျားဆီမှာ အတည်ပြုကြည့်တဲ့ သဘောပါ”

အာယနဲသည် လက်နှစ်ဖက်ဖြင့် မျက်နှာကို အုပ်ထားလိုက်သည်။

“တကယ့်ကို မယုံနိုင်စရာပဲ။ သူက ကျန်းမာရေး အတော်ကောင်းတဲ့လူတစ်ယောက်ပါ။ သောကြာနေ့ညကတောင် သူငယ်ချင်းတချို့ ဖိတ်ပြီး အိမ်မှာ မိတ်ဆုံစားပွဲ လုပ်ခဲ့သေးတယ်။ အဲဒီတုန်းကဆို သူ အရမ်း ပျော်နေခဲ့တာ ...” သူ၏ အသံသည် အနည်းငယ် တုန်ယင်နေသည်။

“တရားနဲ့ ဖြေပါဗျာ။ ကျေးဇူးပြုပြီး အဲဒီတုန်းက ညစာစားပွဲကို ဘယ်သူတွေ တက်ခဲ့ကြသလဲဆိုတာ ပြောပြပေးနိုင်မလား”

“ကျွန်မခင်ပွန်းရဲ့ တက္ကသိုလ်တုန်းက သူငယ်ချင်းနဲ့ သူ့ဇနီးပါ” အာယနဲသည် အီကာအိ တတ်ဆုဟီကိုနှင့် အီကာအိ ယူကီကိုတို့၏ နာမည်များကို ပြောပြလိုက်သည်။ ထို့နောက် မျက်နှာတွင် အုပ်ထားသော လက်အစုံကို ဖယ်လိုက်ပြီး နာကျင်ကြေကွဲနေသော မျက်နှာဖြင့် စကားဆိုလာသည်။

“ကျွန်မ တစ်ခု တောင်းဆိုလို့ရမလား”

“ဘာများ တောင်းဆိုချင်လို့လဲ”

“ကျွန်မ ရဲစခန်းကို အခုချက်ချင်း သွားမှ ဖြစ်မှာလား”

“ဘာဖြစ်လို့လဲ”

“တကယ်လို့ ဖြစ်နိုင်မယ် ဆိုရင် ကျွန်မ အိမ်ကို အရင် သွားကြည့်ချင်တယ်။ သူ အဲဒီတုန်းက ဘယ်လို လဲကျသွားခဲ့သလဲ ဆိုတာကို ကျွန်မ သိချင်တယ်။ ... ရမလား”

ကုစာနာဂိသည် ဥကျူမိကို နောက်တစ်ကြိမ် လှမ်းကြည့်လိုက်ပြန်သည်။

သို့သော် ယခုတစ်ကြိမ်တွင် သူတို့၏ အကြည့်များ ဆုံစည်းခြင်း မရှိပေ။ အငယ်တန်းရဲမေ၏ မျက်နှာသည် ရှေ့တည့်တည့်ကိုသာ မျက်နှာမူထားသည်။ ကားကိုသာ အာရုံစိုက်၍ မောင်းနှင်နေသည့်နှယ်။

"နားလည်ပါပြီ။ ဒါပေမယ့် ကျွန်တော့်အထက်အရာရှိနဲ့ တိုင်ပင်ကြည့်လိုက်ပါဦးမယ်" ကုစာနာဂိသည် လက်ကိုင်ဖုန်းကို ဆွဲထုတ်လိုက်သည်။

ဖုန်းထဲမှ မာမီယာ၏ ပွစိပွစိ ရေရွတ်သံများကို တစ်ခဏမျှ နားထောင်ပြီးနောက်တွင် အာယနဲ၏ တောင်းဆိုချက်ကို သဘောတူလိုက်သည်။

"ဒီမှာလည်း အပြောင်းအလဲတချို့ ရှိနေတယ်။ မင်း သူ့ကို အခင်းဖြစ်တဲ့နေရာ ခေါ်သွားပြီး မေးစရာရှိတာတွေကို မေးတာ ပိုကောင်းလိမ့်မယ်။ သူ့အိမ်ကိုသာ ခေါ်သွားလိုက်တော့"

"အပြောင်းအလဲ ရှိတယ် ဆိုတာ ဘာကိုပြောတာလဲ ဆရာ"

"နောက်မှ ပြောပြမယ်ကွာ"

"ဟုတ်ကဲ့၊ သဘောပေါက်ပါပြီ"

ကုစာနာဂိက ဖုန်းချပြီး အာယနဲကို လှမ်းပြောလိုက်သည်။

"ကျွန်တော်တို့ ခင်ဗျားအိမ်ကိုပဲ တန်းသွားကြတာပေါ့"

"ကျေးဇူးပဲ" သူက တိုးလျစွာ ပြောသည်။

ကုစာနာဂိသည် ရှေ့ဘက်သို့ ပြန်လှည့်လိုက်ပြီး ဦးတည်ရာ လမ်းမပေါ်သို့ အကြည့်ရောက်သွားစဉ်မှာပင် အာယနဲ၏ ဖုန်းခေါ်သံကို ကြားလိုက်ရသည်။

"ဟယ်လို၊ ဟိရောမိလား။ ငါ အာယနဲပါ"

သူ၏ စကားသံကို ကြားလိုက်ရသည့်အခါတွင် ကုစာနာဂိ၏ ရင်ထဲ လှုပ်ကနဲ ဖြစ်သွားသည်။ အာယနဲသည် ယခုလို အချိန်မျိုးတွင် ဟိရောမိထံသို့ ဖုန်းဆက်လိမ့်မည်ဟု သူ လုံးဝ မျှော်လင့်မထားခဲ့။ သို့သော် တားဆီးရန် သူ့တွင်

အကြောင်းပြချက်လည်း မရှိပေ။

"… … အင်း။ ငါ သိတယ်။ အခု ငါ ရဲတွေနဲ့ အိမ်ကို သွားမလို့။ ဟိရောမိ၊ နင်လည်း အတော်လေး ပင်ပန်းသွားရောပေါ့"

ကုစာနာဂိသည် တစ်ယောက်တည်း နေမထိ ထိုင်မသာ ဖြစ်နေလေသည်။ ဟိရောမိသည် အာယနဲကို မည်သို့မည်ပုံ တုံ့ပြန်ပါအံ့နည်း။ ချစ်ရသောသူကို ဆုံးရှုံးလိုက်ရသည့်အတွက် အလွန်အမင်း ကြေကွဲဝမ်းနည်းကာ ယခင့်ယခင်က တစ်လျှောက်လုံး မျိုသိပ်ဖုံးကွယ်ထားခဲ့ရသော စိတ်ခံစားချက်များကို တစ်ခုမကျန် ဖွင့်အန်လုစ်ဟလိုက်မည် ဆိုလျှင် အာယနဲသည် မည်သည့်နည်းနှင့်မျှ ယခုကဲ့သို့ တည်ငြိမ်အေးဆေးနိုင်တော့မည် မဟုတ်ပေ။

"… သူတို့လည်း ငါ့ကို ပြောပြထားတယ်။ နင်ရော အိုကေရဲ့လား။ ကျန်းမာရေး ဂရုစိုက်နော်။ ဟုတ်လား။ ကောင်းတယ်၊ ကောင်းတယ်။ ဟိရောမိ၊ နင်ရော ငါ့အိမ်ကို လာခဲ့လို့ ရမလား။ အတင်းအကျပ် တောင်းဆိုတာ မဟုတ်ပါဘူး။ ဖြစ်ခဲ့သမျှကို နင့်ဆီကနေ ငါ တိုက်ရိုက် ကြားချင်လို့ပါ"

ကြည့်ရသည်မှာ ဟိရောမိ၏ စကားသံသည် အတော်အတန် တည်ငြိမ်သည်ဟု ဆိုရပေမည်။ သို့ပါသော်လည်း အာယနဲသည် သူ့ကိုပါ အိမ်သို့ တစ်ပါတည်း ခေါ်ယူလိမ့်မည်ဟု ကုစာနာဂိက လုံးဝ မျှော်လင့်မထားခဲ့ပေ။

"နင် အဆင်ပြေတယ် မဟုတ်လား။ ဒါဆို ခဏနေမှ တွေ့မယ်နော်။ … … အင်း၊ ကျေးဇူးပဲ။ နင်လည်း ဂရုစိုက်ဦး"

ဖုန်းချပြီး ဖြစ်ဟန်တူသည်။ အာယနဲ၏ နှာရှုပ်သံကို ကုစာနာဂိ ကြားနေရသည်။

"မစ္စဝါကာယာမာက လာမယ်တဲ့လား" ကုစာနာဂိက သူ့ကို မေးလိုက်သည်။

"အင်း။ အဲ … ခေါ်လို့ မရဘူးလား"

"ဟင့်အင်း။ ကိစ္စ မရှိပါဘူး။ သူက အလောင်းကို တွေ့ခဲ့တဲ့သူဆိုတော့ ခင်ဗျား သူ့ကို တိုက်ရိုက်မေးရင် ပိုကောင်းတာပေါ့"

ကုစာနာဂိသည် နှုတ်မှ ဤသို့ ပြောဆိုလိုက်သော်လည်း သူ၏ စိတ်မှာ

လှုပ်ရှားတုန်ခါနေသည်။ သေဆုံးသူအား မည်သို့မည်ပုံ တွေ့ရှိခဲ့ကြောင်းကို သေဆုံးသူ၏ တိတ်တိတ်ပုန်း ရည်းစားသည် သေဆုံးသူ၏ တရားဝင် ဇနီးအား မည်ကဲ့သို့သော ခံစားချက်မျိုးဖြင့် ရှင်းလင်းပြောဆိုပါအံ့နည်း။ ထိုအချက်ကို သိချင်ဇောဖြင့် ကုစာနာဂိက ထူးထူးကဲကဲ စိတ်လှုပ်ရှားနေမိသည်။ တစ်ချိန်တည်းမှာပင် မစ္စဝါကာယာမာ၏ ရှင်းလင်းပြောဆိုချက်ကို အာယနဲသည် မည်သို့သော မျက်နှာအမူအရာဖြင့် နားထောင်နေမည်နည်း ဆိုသည့်အချက်ကို သူသည် ဘေးမှနေ၍ သတိထားလေ့လာလိုသည်။ သို့မှသာ အာယနဲသည် သူ့ခင်ပွန်းနှင့် သူ့တပည့်အကြားရှိ မရိုးသားသော ဆက်ဆံရေးကို ရိပ်စားမိခြင်း ရှိမရှိ ဟူသည့် အချက်ကို ခန့်မှန်းတွက်ဆနိုင်မည် ဖြစ်သည်။

ဥကျူမိသည် ကားကို အမြန်လမ်းပေါ်မှ ဆင်းပြီး မာရိုဘအိမ်သို့ တန်းတန်းမတ်မတ် မောင်းနှင်လာခဲ့သည်။ ယမန်နေ့က သူသည် ဤကားဖြင့်ပင် အခင်းဖြစ်ရာ နေရာသို့ ကိုယ်တိုင် မောင်းနှင်လာခဲ့ခြင်း ဖြစ်သောကြောင့် ယနေ့တွင်လည်း စိုးစဉ်းမျှ တုံ့ဆိုင်းတွေဝေနေခြင်း မရှိပေ။

မာရိုဘအိမ်သို့ ရောက်သည့်အခါတွင် အိမ်ပေါက်ဝ၌ ရပ်စောင့်နေကြသော မာမီယာနှင့် ကိရိုတာနိတို့ကို တွေ့လိုက်ရသည်။

ကုစာနာဂိသည် အာယနဲကို မာမီယာနှင့် မိတ်ဆက်ပေးသည်။

"ဖြစ်ပျက်ခဲ့တဲ့ ကိစ္စအဝဝအတွက် ကျွန်တော်တို့လည်း စိတ်မကောင်းပါဘူး" မာမီယာသည် အာယနဲကို ဦးညွှတ်ပြီးနောက် ကုစာနာဂိဘက်သို့ လှည့်လိုက်သည်။

"ဖြစ်စဉ်ကို ပြောပြပြီးပြီ မဟုတ်လား"

"အကြမ်းဖျင်းတော့ ပြောထားပြီးပါပြီ"

မာမီယာက ခေါင်းညိတ်ပြီး အာယနဲဘက်သို့ လှည့်လိုက်ပြန်သည်။

"အိမ်ပြန်ရောက်ရောက်ချင်းမှာပဲ ဒုက္ခပေးသလို ဖြစ်နေလို့ အားတော့နာပါရဲ့ဗျာ။ ဒါပေမယ့် ခင်ဗျားဆီကနေ သိချင်တာတွေ ရှိနေသေးတော့ ..."

"ရပါတယ်။ အားမနာပါနဲ့"

"အိမ်ထဲကို အရင် ဝင်ကြရအောင်။ ... ကိရိုတာနိ၊ အိမ်သော့ရော"

ကိရိုတာနိသည် အိတ်ကပ်ထဲမှ အိမ်သော့ကို ဆွဲထုတ်ပြီး အာယနဲထံသို့ ကမ်းပေးလိုက်ရာ အာယနဲက သော့ကို မဝံ့မရဲ လှမ်းယူသည်။

သော့ဖွင့်ကာ သူ အိမ်ထဲသို့ ဝင်သွားသည်နှင့် မာမီယာတို့ လူတစ်စုသည်လည်း အနောက်မှ ထပ်ကြပ်မကွာ လိုက်ပါလာခဲ့ကြသည်။ ကုစာနာဂိသည် အာယနဲ၏ ခရီးဆောင်အိတ်ကို ဆွဲလျက် အနောက်မှ ပြေးလိုက်လာသည်။

"ကျွန်မရဲ့ ခင်ပွန်းက ဘယ်နေရာမှာ အသက်ပျောက် သွားခဲ့တာလဲ" အာယနဲသည် အိမ်ထဲသို့ ရောက်လျှင်ရောက်ချင်း မေးခွန်းထုတ်လေတော့သည်။

မာမီယာသည် အရှေ့သို့ တစ်လှမ်းတိုးလာကာ နေရာကို လက်ညှိုးထိုးပြလိုက်သည်။ ဧည့်ခန်း၏ ပါကေးကြမ်းပြင်ပေါ်တွင် တိတ်များ ကပ်ထားလျက် ရှိနေဆဲပင်။ အာယနဲသည် ကြမ်းပြင်ပေါ်မှ လူပုံသဏ္ဌာန် တိတ်များကို တွေ့မြင်သွားသည့်အခါတွင် ပါးစပ်ကို လက်ဖြင့် အုပ်လျက် ကြောင်ကြည့်နေလေတော့သည်။

"မစ္စဝါကာယာမာရဲ့ ပြောစကားအရ ခင်ဗျားရဲ့ ခင်ပွန်းက ဒီနေရာမှာ လဲနေခဲ့တာ" မာမီယာက ရှင်းပြသည်။

ဝမ်းနည်းကြေကွဲမှုနှင့် ပရိဒေဝမီးသည် အာယနဲ၏ ရုပ်ခန္ဓာကို နောက်တစ်ဖန် အဟုန်ဖြင့် တိုက်ခိုက်လိုက်ဟန် တူသည်။ သူ၏ ဒူးများ ပျော့ခွေကာ ကြမ်းပြင်ပေါ် ဒူးထောက်လျက်သား ပုံကျသွားတော့သည်။ သူ၏ ပခုံးများ တဆတ်ဆတ် တုန်ခါနေပြီး ချိနဲ့ဖျော့တော့သော ငိုရှိုက်သံများသည် ကုစာနာဂိ၏ နားထဲသို့ တိုးဝင်လာလေသည်။

"ဘယ်အချိန်လောက်က ဖြစ်သွားခဲ့တာလဲ" သူက တိုးညင်းစွာ မေးသည်။

"မစ္စဝါကာယာမာ ပြောတာတော့ ၈ နာရီထိုးခါနီးလောက်တဲ့" မာမီယာက ပြန်ဖြေသည်။

"၈ နာရီ ... အဲဒီအချိန်တုန်းက သူ ဘာလုပ်နေတာလဲ"

“ကော်ဖီသောက်နေတာ ဖြစ်လိမ့်မယ်။ အဲဒီတုန်းက ကြမ်းပြင်ပေါ်မှာ ကော်ဖီခွက်တစ်ခွက် မှောက်နေတာ တွေ့တယ်။ ကော်ဖီတွေလည်း ကြမ်းပြင်ပေါ် ပျံ့ကြဲလို့။ ဒါပေမယ့် ကျွန်တော်တို့ သန့်ရှင်းရေး လုပ်ပြီးသွားပြီ”

“ကော်ဖီ … သူဘာသာ ဖျော်သောက်တာလား”

“ဗျာ … ဘာကို ဆိုလိုတာလဲ” ကုစာနာဂိက အလျင်အမြန် မေးခွန်းထုတ်လိုက်သည်။

“ကျွန်မယောကျ်ားက သူ့ဟာသူဆို ဘာမှ လုပ်တတ်တာ မဟုတ်ဘူး။ သူ့ဘာသာသူ ကော်ဖီဖျော်သောက်တာမျိုးလည်း ကျွန်မတော့ တစ်ခါမှ မမြင်ဖူးဘူး”

မာမီယာ၏ မျက်ခုံးများ ဆတ်ကနဲ လှုပ်ခါသွားကြောင်းကို ကုစာနာဂိက သတိထားလိုက်မိသည်။

“ခင်ဗျားရဲ့ သဘောက … ကော်ဖီကို သူ့ဟာသူ ဖျော်တာ မဖြစ်နိုင်ဘူးလို့ ဆိုလိုချင်တာလား” မာမီယာက သတိကြီးကြီးဖြင့် မေးလိုက်သည်။

“ကျွန်မတို့ မင်္ဂလာမဆောင်ခင်တုန်းကတော့ သူ့ဘာသာ ဖျော်သောက်ခဲ့ဖူးမယ် ထင်ပါတယ်။ ဒါပေမယ့် အဲဒီတုန်းက သူ့မှာ ကော်ဖီဖျော်စက်တစ်လုံး ရှိတယ်”

“အဲဒီစက်က အခုရော ရှိသေးတာလား”

“မရှိတော့ဘူး။ ထားဖို့ မလိုအပ်တော့တာနဲ့ ကျွန်မ ရှင်းပစ်လိုက်ပြီ။ ကျွန်မက ကော်ဖီစစ်ခွက်ကိုပဲ သုံးတယ်”

မာမီယာ၏ မျက်လုံးများ ပို၍ ပြူးကျယ်လာသည်။ သူက မျက်နှာထားတည်တည်ဖြင့် စကားဆိုသည်။

“လက်ရှိအချိန်ထိ ခွဲစိတ်ခွဲခန်းအဖြေက ထွက်မလာသေးဘူး ဆိုတော့ ကျွန်တော်တို့လည်း ဘာကိုမှ ယတိပြတ် ပြောလို့ မဖြစ်နိုင်သေးဘူး။ ဒါပေမယ့် ခင်ဗျားရဲ့ ခင်ပွန်းက အဆိပ်မိလို့ သေတာ ဖြစ်ဖို့ များတယ်”

အာယနဲ၏ မျက်နှာသည် တဒင်္ဂမျှ သွေးဆုတ်သွားကာ ပြူးကျယ်သော

မျက်ဝန်းတစ်စုံဖြင့် မေးခွန်းထုတ်လေတော့သည်။

"အဆိပ်သင့်တာ … ဘာအဆိပ်သင့်တာလဲ"

"အဲဒီအချက်ကိုတော့ ကျွန်တော်တို့ စစ်ဆေးနေတုန်းပဲ ရှိသေးတယ်။ အခင်းဖြစ်တဲ့ နေရာမှာ ပျံ့ကြဲနေတဲ့ ကော်ဖီတွေထဲကနေ လူကို သေစေနိုင်လောက်တဲ့ ဓာတ်သတ္တုတချို့ကို ကျွန်တော်တို့ ဓာတ်ခွဲတွေ့ရှိထားတယ်။ တစ်နည်းပြောပြရင်တော့ ခင်ဗျားရဲ့ ခင်ပွန်းက အနာရောဂါကြောင့် ဒါမှမဟုတ် မတော်တဆ ဖြစ်မှုကြောင့် အသက် ဆုံးရှုံးခဲ့ရတာ မဟုတ်ဘူး"

အာယနဲသည် ပါးစပ်ကို လက်ဖြင့် အုပ်လျက် မျက်တောင်ကို အဆက်မပြတ် ခတ်နေသည်။ မျက်လုံးအိမ်များက သွေးရောင်လွှမ်းလာသည်။

"သူ ဘာဖြစ်လို့ … ဘာဖြစ်လို့ အဲဒီလို အဖြစ်မျိုးနဲ့ ကြုံခဲ့ရတာလဲ"

"အခုထိ အဲဒါ ပဟေဠိတစ်ခု ဖြစ်နေဆဲပဲ။ ဒါကြောင့် အခုဖြစ်သွားခဲ့တဲ့ ကိစ္စနဲ့ ပတ်သက်ပြီး ဘာများ ပြောပြနိုင်တာ ရှိမလဲလို့ ကျွန်တော်တို့ ခင်ဗျားဆီကနေ သိချင်နေတာ"

အပြောင်းအလဲ ရှိသည် ဟု ဖုန်းထဲတွင် ပြောခဲ့သော မာမီယာ၏ စကားကို ယခုမှ ကုစာနာဂိ သဘောပေါက် နားလည်လာခဲ့သည်။ မာမီယာကိုယ်တိုင် လာရောက်တွေ့ဆုံသည့် ကိစ္စအပေါ်၌လည်း နဝေတိမ်တောင် ဖြစ်နေစရာ မလိုအပ်တော့ပေ။

အာယနဲသည် လက်ကို နဖူးပေါ်သို့ ပြောင်းရွှေ့ကာ နံဘေးရှိ ဆိုဖာခုံပေါ်သို့ ထိုင်ချလိုက်သည်။

"ကျွန်မ ဘယ်လိုလုပ် သိနိုင်ပါ့မလဲ"

"ခင်ဗျားနဲ့ ခင်ဗျားခင်ပွန်း နောက်ဆုံးအကြိမ် စကားပြောဖြစ်ခဲ့ကြတာ ဘယ်အချိန်လောက်က ဖြစ်မလဲ" မာမီယာက မေးသည်။

"စနေနေ့မနက် ကျွန်မ အိမ်က ထွက်တော့ သူလည်း ကျွန်မနဲ့အတူ အိမ်က ထွက်လာခဲ့တယ်"

"အဲဒီတုန်းက ခင်ဗျားခင်ပွန်းရဲ့ ပုံပန်းသဏ္ဍာန်က အရင်ကနဲ့ ဘာများ ထူးခြားတာ ရှိသလဲ။ ဘယ်လောက် သေးနုပ်တဲ့ ကိစ္စ ဖြစ်ပါစေ ကိစ္စ မရှိပါဘူး"

အာယနဲက တစ်ခဏမျှ စဉ်းစားပြီးနောက် ခေါင်းခါလိုက်သည်။

"မရှိဘူး။ အဲဒီတုန်းက ဘာများ ထူးခြားနေသလဲ ဆိုတာကို ကျွန်မ ဘယ်လိုမှ စဉ်းစားလို့ မရဘူး"

ဟုတ်မှာပါပဲလေ။ ကုစာနာဂိက သူ့ကို ကိုယ်ချင်းစာနာမိသည်။ ခင်ပွန်းသည် ရုတ်တရက် ကွယ်လွန်သွားခြင်းကြောင့် ဖြစ်ပေါ်လာသော ပူဆွေးသောကများ၏ ပြင်းထန်သော ရိုက်ချက်များကို ရင်စည်းခံနေရဆဲမှာပင် 'သံသယဖြစ်ဖွယ် သေဆုံးမှု'၊ 'အဆိပ်မိ၍ သေဆုံးခြင်း' စသည့် သတင်းများကို မဖြစ်မနေ နားထောင်ခဲ့ရပြန်သည်။ သူ၏ စိတ်သည် ယခုအခါတွင် ယောက်ယက်ခတ်နေလိမ့်မည်ဟု ကုစာနာဂိက တွေးဆကြည့်နေမိသည်။

"ဆရာ၊ သူ့ကို တစ်ခဏလောက်ဖြစ်ဖြစ် အနားယူခွင့် ပေးလိုက်ရင် ကောင်းမယ် ထင်တယ်။ အခုလေးတင်မှ လေယာဉ်နဲ့ ဆပ်ပိုရိုကနေ ပြန်ရောက်တာဆိုတော့ အတော်လေး ပင်ပန်းနေလောက်ပြီ" ကုစာနာဂိက ပြောသည်။

"အင်း၊ ဟုတ်တာပေါ့"

"ဟင့်အင်း၊ ရပါတယ်" အာယနဲက ခါးကို မတ်မတ် ဆန့်ထားလိုက်သည်။

"ဒါပေမယ့် ကျွန်မကို အင်္ကျီလဲခွင့်တော့ ပြုပါဦး။ မနေ့ညကတည်းက ဒီအင်္ကျီတစ်စုံကိုပဲ ဝတ်ထားခဲ့ရတာ ဆိုတော့"

သူ၏ ကိုယ်ပေါ်တွင် အနက်ရောင် အနောက်တိုင်းဝတ်စုံကို ဝတ်ဆင်ထားသည်။

"မနေ့ညကတည်းက ..." ကုစာနာဂိက မေးသည်။

"ဟုတ်တယ်။ ကျွန်မ တိုကျိုကို အမြန်ဆုံး ပြန်လာနိုင်ဖို့ တစ်ချိန်လုံး အကြံထုတ်နေခဲ့တာ။ အချိန်မရွေး ထထွက်လာနိုင်အောင် အစောကြီးကတည်းက အသင့်ပြင်ပြီး စောင့်နေခဲ့တာပါ"

"အဲဒီလိုဆိုတော့ ခင်ဗျား မနေ့ညက တစ်ညလုံး တစ်ရေးမှ မအိပ်ရသေးဘူးပေါ့"

"ဟုတ်တယ်။ အိပ်လည်း အိပ်ပျော်နိုင်မှာမှ မဟုတ်ပဲ"

"ဒါတော့ ဘယ်ဖြစ်မလဲဗျ" မာမီယာက ပြောသည်။

"ခင်ဗျား တစ်ခဏဖြစ်ဖြစ် အနားယူလိုက်တာ ပိုကောင်းလိမ့်မယ်"

"ဟင့်အင်း၊ ရပါတယ်။ ကျွန်မ အဝတ်အစား လဲပြီးတာနဲ့ ပြန်လာခဲ့ပါမယ်" ပြောပြီးနောက် သူ မတ်တတ်ထရပ်လိုက်သည်။

သူ အခန်းထဲမှ ထွက်သွားသည့်အခါတွင် ကုစာနာဂိက မာမီယာကို မေးလိုက်သည်။

"အဆိပ်ရဲ့ အမျိုးအစားကို စုံစမ်းလို့ ရပြီလား ဆရာ"

မာမီယာက ခေါင်းညိတ်ပြသည်။

"လက်ကျန် ကော်ဖီရည်ထဲမှာ အာဆန်နစ်အက်ဆစ်တွေ တွေ့တယ်တဲ့"

ကုစာနာဂိ၏ မျက်လုံးများ ပြူးကျယ်သွားသည်။

"စိန်ကို ပြောတာလား။ ရှေ့တစ်ခေါက်က ကာလီဟင်းကို အဆိပ်ခတ်တဲ့ အမှုမှာ သုံးခဲ့တဲ့ဟာလေ"

"ထ.ရ.ဖ က လူတွေရဲ့ စကားအရတော့ အခုအမှုမှာ ဆိုဒီယမ် အာဆန်နိုက်ကို သုံးထားတယ်တဲ့။ ကော်ဖီထဲမှာ ပျော်ဝင်နေတဲ့ အဆိပ်ရဲ့ သည်းသိပ်ဆအရ တွက်ဆကြည့်ရင် မစ္စတာမာရှိဘ သောက်ခဲ့တဲ့ ပမာဏက သေစေနိုင်လောက်တဲ့ ပမာဏထက် အပုံကြီး ပိုများနေတာ တွေ့ရတယ်။ ခွဲစိတ်ခန်းအဖြေ အသေးစိတ်က ဒီညနေလောက် ထွက်လာလိမ့်မယ် ထင်တယ်။ ဒါပေမယ့် အလောင်းရဲ့ မျက်မြင် အနေအထားအရတော့ အာဆန်နစ်အဆိပ်သင့်ပုံနဲ့ တထေရာတည်းပဲ"

ကုစာနာဂိက သက်ပြင်းချကာ ခေါင်းညိတ်လိုက်သည်။ ကြည့်ရသည်မှာ

ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်ခြင်း၊ သို့တည်းမဟုတ် အနာရောဂါကြောင့် သေဆုံးခြင်း တည်းဟူသော ဖြစ်နိုင်ခြေနှစ်ခုကို စာရင်းထဲမှ ပယ်ဖျက်ပစ်ရန် သေချာသလောက် ရှိနေချေပြီ။

"မစ္စစ်မာရှိဘရဲ့ စကားအရ သူ့ယောက်ျားက ကော်ဖီကို သူ့ဘာသာသူ ဖျော်မသောက်တတ်ဘူး ဆိုတော့ကာ အဲဒီကော်ဖီကို ဘယ်သူက ဖျော်ပေးခဲ့တာလဲ" မာမီယာက တစ်ယောက်တည်း ရေရွတ်နေသည့်ဟန်ဖြင့် ပြောနေသည်။ သို့သော် သူ၏ လက်အောက်ငယ်သားများ ကြားနိုင်လောက်အောင် ပြောဆိုနေခြင်း ဖြစ်သည်။

"ကျွန်မအထင်တော့ သူ့ဘာသာသူ ကော်ဖီဖျော်ဖူးလိမ့်မယ်လို့ ယူဆတယ်" ဥကျုမိထံမှ ရုတ်တရက် စကားသံ ထွက်ပေါ်လာသည်။

"ဘာကြောင့် အဲဒီလို ပြောနိုင်ရတာလဲ" မာမီယာက မေးသည်။

"လူသက်သေ ရှိနေတာပဲ" ဥကျုမိသည် ကုစာနာဂိကို လှမ်းကြည့်ပြီး ဆက်ပြောသည်။

"မစ္စဝါကာယာမာလေ"

"သူက ဘာပြောဖူးလို့လဲ" ကုစာနာဂိသည် သူ၏ မှတ်ဉာဏ်ထဲမှ အပိုင်းအစများကို လှန်လှော ရှာဖွေကြည့်နေသည်။

"မနေ့ညက ကျွန်မ သူ့ကို ခွက်ခံပန်းကန်ပြားအကြောင်း မေးလိုက်တာ ဆရာ မှတ်မိသေးလား။ မစ္စတာမာရှိဘက ကော်ဖီသောက်ရင် ခွက်ခံပန်းကန်ပြား မသုံးဘူးလားလို့ အဲဒီတုန်းက ကျွန်မ သူ့ကို မေးလိုက်တယ်။ မစ္စဝါကာယာမာရဲ့ အဖြေက 'သူတစ်ယောက်တည်း သောက်ရင်တော့ မသုံးလောက်ဘူး' တဲ့"

သူတို့ နှစ်ယောက်၏ ပြောစကားများကို ကုစာနာဂိ ပြန်လည် ကြားယောင်လာသည်။

"ဟုတ်တယ်။ ငါလည်း ကြားမိတယ်" မာမီယာက ခေါင်းညိတ်လိုက်သည်။

"တစ်ခု မေးစရာရှိတာက ဒီကိစ္စကို သူ့ဇနီးကတောင် မသိတဲ့ ဥစ္စာ၊ သူ့ဇနီးရဲ့ တပည့်မက ဘာဖြစ်လို့ သိနေရတာလဲ"

"အဲဒီအချက်နဲ့ ပတ်သက်ပြီး ဆရာ့ကို ပြောပြစရာတွေ ရှိနေသေးတယ်" ကုစာနာဂိသည် မာမီယာ၏ နားနားသို့ ကပ်ပြီး မာရှိဘ ယိုရှီတာကာနှင့် ဝါကာယာမာ ဟိရောမိတို့၏ ဆက်ဆံရေးနှင့် ပတ်သက်သော သူနှင့် ဥကျူမိတို့၏ ထင်မြင်ချက်ကို ပြောပြလိုက်လေသည်။

မာမီယာသည် ကုစာနာဂိနှင့် ဥကျူမိတို့၏ မျက်နှာများကို တစ်လှည့်စီ ကြည့်ပြီး ပြုံးလျက် ပြောသည်။

"နင်တို့ကလည်း အဲဒီလိုပဲ ထင်တာလား"

"ဆရာကရော အဲဒီလို ..." ကုစာနာဂိက သူ့ဆရာ၏ မျက်နှာကို တအံ့တသြ ငေးကြည့်နေသည်။

"အတွေ့အကြုံက စကားပြောတယ်လေကွာ။ ဒီဦးနှောက်က အလကား ထားထားတာမှ မဟုတ်ဘဲ။ မနေ့တုန်းကတည်းက အဲဒီကိစ္စကို ငါ ရိပ်စားမိတယ်" မာမီယာသည် သူ၏ ဦးခေါင်းကို လက်ညှိုးနှင့် ထောက်ကာ ပြောနေသည်။

"အဲ ... ဘာတွေ ဖြစ်နေတာလဲ ဆိုတာ ကျွန်တော့်ကို ရှင်းပြကြပါဦးလား" ကိရှိတာနိက မေးသည်။

"ခဏနေမှ မင်းကို ရှင်းပြမယ်" ပြောပြီး မာမီယာသည် ကုစာနာဂိတို့ကို လှမ်းကြည့်လိုက်ပြန်သည်။

"မစ္စစ်မာရှိဘရဲ့ အရှေ့မှာ အဲဒီကိစ္စကို လုံးဝ မပြောမိစေနဲ့။ သဘောပေါက်တယ်မလား"

ကုစာနာဂိက "ဟုတ်" ဟု ပြန်ဖြေလိုက်စဉ် နံဘေးမှ ဥကျူမိကလည်း ခေါင်းညိတ်ပြလိုက်သည်။

"လက်ကျန် ကော်ဖီရည်ထဲကနေပဲ အဆိပ်ကို တွေ့ခဲ့တာလား" ကုစာနာဂိက မေးသည်။

"မဟုတ်ဘူး။ နောက်တစ်နေရာမှာလည်း တွေ့သေးတယ်"

"ဘယ်နေရာလဲ"

"ကော်ဖီစစ်ခွက်ထဲက စက္ကူရေစစ်ပေါ်မှာ။ အတိအကျ ပြောရမယ် ဆိုရင် စစ်ခွက်ထဲက စက္ကူရေစစ်ပေါ်မှာ တင်ကျန်နေခဲ့တဲ့ ကော်ဖီမှုန့်တွေထဲမှာ"

"ကော်ဖီဖျော်နေတုန်းမှာ အဆိပ်ကို ကော်ဖီမှုန့်ထဲ ရောထည့်ခဲ့တယ်လို့ ယူဆရမယ် ထင်တယ်" ကိရိုတာနိက ပြောသည်။

"အဲဒါက ဖြစ်နိုင်ခြေတစ်ခုပေါ့။ နောက်ထပ် ဖြစ်နိုင်ခြေတစ်ခုလည်း ရှိနေသေးတယ်" မာမီယာက လက်ညှိုးတစ်ချောင်း ထောင်ကာ ပြောလိုက်သည်။

"ကော်ဖီမှုန့်ထဲကို ကြိုထည့်ထားတာမျိုးလည်း ဖြစ်နိုင်သေးတယ်" ဥကျူမိက ပြောသည်။

မာမီယာက ကျေနပ်သဘောကျသော အကြည့်ဖြင့် ဥကျူမိကို လှမ်းကြည့်လိုက်သည်။

"ဟုတ်တယ်။ မူလက ကော်ဖီမှုန့်ကို ရေခဲသေတ္တာထဲမှာ ထည့်ထားတာ။ ထ.ရ.ဖ က ကော်ဖီမှုန့်ထုပ်ထဲကနေ အဆိပ်ကို ရှာမတွေ့ခဲ့ဘူးလို့ ပြောနေပေမယ့် တကယ် မရှိခဲ့ပါဘူးလို့တော့ ယတိပြတ် ပြောလို့ မရဘူး။ အခင်းမဖြစ်ခင်တုန်းက အဆိပ်ကို ကော်ဖီမှုန့်ထုပ်ရဲ့ အပေါ်ယံကြောမှာပဲ တင်ထားခဲ့မယ်ဆိုရင် ကော်ဖီမှုန့်ကို ခပ်ယူလိုက်တာနဲ့ အဆိပ်တွေ အားလုံးက ချိန်ဇွန်းထဲ အကုန်လုံး ပါသွားနိုင်တယ်"

"အဲဒီလိုဆိုရင် အဆိပ်ကို ဘယ်အချိန်တုန်းက အိတ်ထဲ ထည့်ခဲ့တာလဲ" ကုစာနာဂိက မေးသည်။

"အခုထိတော့ သေချာ မသိသေးဘူး။ ထ.ရ.ဖ က အမှိုက်အိတ်ထဲကနေ သုံးပြီးသား ရေစစ်စက္ကူ သုံး၊ လေးချပ်ကို ရှာတွေ့ခဲ့တယ်။ အဲဒါတွေ အပေါ်မှာလည်း အဆိပ်ကို ရှာမတွေ့ခဲ့ဘူး။ ဒါလည်း သဘာဝကျတယ်လေ။ တကယ်လို့သာ အဆိပ်တွေ့ခဲ့ရင် အခုသေဆုံးသူရဲ့ အရင့်အရင်မှာ တခြားသူတွေလည်း ဒီအဆိပ်ပါတဲ့ ကော်ဖီကို သောက်ခဲ့ဖူးကြတယ်လို့ ယူဆရမလို ဖြစ်နေတယ်"

"လက်ဆေးကန်ထဲမှာ မဆေးရသေးတဲ့ ကော်ဖီခွက်တွေ ရှိတယ်" ဥကျူမိက ပြောသည်။

"အဲဒီခွက်တွေကို ဘယ်အချိန်တုန်းက သုံးခဲ့သလဲဆိုတာ သိဖို့ အတော်လေး အရေးကြီးတယ်။ နောက်ပြီး ဘယ်သူ သုံးခဲ့တာလဲ ဆိုတာလည်း အရေးပါတာပဲ"

မာမီယာက လျှာဖြင့် နှုတ်ခမ်းသပ်လိုက်သည်။

"အဲဒီအချက်ကတော့ သေချာသွားပြီ။ လက်ဗွေရာကို စစ်လို့ ပြီးသွားပြီ။ တစ်ခုက မစ္စတာမာရှိဘရဲ့ဟာ။ နောက်တစ်ခုကတော့ မင်းတို့စိတ်ထဲမှာ သံသယ ရှိနေတဲ့လူပဲ"

ကုစာနာဂိနှင့် ဥကျူမိတို့သည် တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်လိုက်ကြသည်။ သူတို့နှစ်ဦး၏ ထင်မြင်ချက်သည် သက်သေခိုင်လုံသွားပြီဟု ဆိုနိုင်သည်။

"ဆရာ၊ မစ္စဝါကာယာမာလည်း မကြာခင် ဒီကို ရောက်လာလိမ့်မယ်" ကုစာနာဂိသည် ကားပေါ်တွင် အာယနဲ ဖုန်းဆက်ခဲ့သည့် အကြောင်းကို မာမီယာအား ပြောပြလိုက်သည်။

မာမီယာက မျက်မှောင်ကြုတ်ကာ ခေါင်းညိတ်လိုက်သည်။

"လာတာ အတော်ပဲပေါ့။ မစ္စဝါကာယာမာတို့ ကော်ဖီသောက်ခဲ့တဲ့ အချိန်ကို မင်းတို့ ရအောင် စုံစမ်းခဲ့။ ပိုင်ပါစေနော်။ မလိုမ့်တစ်ပတ် လုပ်မသွားစေနဲ့ဦး"

ကုစာနာဂိက ပြန်ဖြေသည်။

"ဟုတ်၊ မဖြစ်စေရပါဘူး ဆရာ"

ထိုအခိုက်မှာပင် အောက်ထပ်သို့ ဆင်းလာသော ခြေသံများကို ကြားလာရသည်။ သူတို့အားလုံး စကားကို မြန်မြန် လက်စသတ်လိုက်ကြသည်။

"စောင့်ရတာ ကြာသွားပြီ ထင်တယ်" အာယနဲသည် သူတို့၏ အရှေ့သို့ ရောက်လာသည်။ သူသည် အနက်ရောင် ဘောင်းဘီရှည်၏ အထက်တွင် အပြာနုရောင် ရှပ်အင်္ကျီကို ဝတ်ဆင်ထားသည်။ မိတ်ကပ်ကို ပြန်ပြင်လိမ်းခဲ့သောကြောင့် ဖြစ်မည်။ မျက်နှာတွင် သွေးရောင်များ ပြန်လွှမ်းလာသည်။

"ခင်ဗျားကို မေးခွန်းတွေ မေးလို့ ရမလား" မာမီယာက မေးသည်။

"ဟုတ်၊ မေးနိုင်ပါတယ်"

"ခင်ဗျားလည်း ခရီးပန်း၊ လူပန်း ဖြစ်နေလောက်ပြီ။ ကျွန်တော်တို့ ထိုင်ရင်း စကားပြောကြတာပေါ့" ခွဲမှူးက ဆိုဖာခုံကို လက်ညှိုးထိုးပြသည်။

အာယနဲသည် ဆိုဖာခုံပေါ်တွင် ထိုင်လျက် မျက်စိအစုံသည် မှန်တံခါးမှတစ်ဆင့် အပြင်ဘက် ဥယျာဉ်ထဲသို့ ကြည့်ကာ စကားဆိုလေသည်။

"အတော် သနားစရာ ကောင်းတာပဲ။ အကုန်လုံး ညှိုးကုန်ပြီ။ ခရီးမထွက်ခင်က ကျွန်မယောက်ျားကို ရေလောင်းဖို့ မမေ့နဲ့နော်ဆိုပြီး အတန်တန် မှာခဲ့ဖြစ်သေးတယ်။ သူက သစ်ပင်ပန်းမန်တွေကို နည်းနည်းလေးမှ စိတ်ဝင်စားတာ မဟုတ်ဘူးရယ်"

ကုစာနာဂိသည် ဥယျာဉ်ဘက်သို့ ခေါင်းလှည့်ကြည့်သည်။ ပန်းအိုးများထဲတွင် ပန်းရောင်စုံတို့ ဖူးပွင့်ဝေဆာနေသည်ကို တွေ့မြင်ရသည်။

"ဆောရီးပါပဲရှင်။ ဖြစ်နိုင်မယ်ဆိုရင် ကျွန်မ ပန်းပင်တွေကို အရင်ဦးဆုံး ရေလောင်းပေးလိုက်ချင်တယ်။ သူတို့တွေ အဲဒီလို ဖြစ်ပျက်နေတာ မြင်ရတော့ စိတ်ထဲ ဘယ်လိုမှ နေလို့မကောင်းဘူး"

မာမီယာ၏ မျက်နှာပေါ်တွင် စိတ်ပျက်အံ့သြသော အမူအရာများ တဒင်္ဂမျှ လွှမ်းမိုးသွားပြီးနောက် အပြုံးတချို့ ပြန်လည်ထွက်ပေါ်လာပြီး ခေါင်းညိတ်ကာ စကားဆိုလိုက်သည်။

"ကိစ္စ မရှိပါဘူး။ ကျွန်တော်တို့ စောင့်နိုင်ပါတယ်"

"အားတော့ နာပါတယ်ရှင်" အာယနဲသည် ပြောပြီး မတ်တတ်ရပ်ကာ မီးဖိုဆောင်ထဲသို့ လျှောက်ဝင်သွားသည်။ အဘယ်ကြောင့် မီးဖိုဆောင်ထဲသို့ ဝင်သွားရသနည်း ဟူသည့်အချက်ကို စိတ်ဝင်စားသောကြောင့် ကုစာနာဂိလည်း အနောက်မှ လိုက်ပါသွားလေသည်။ ရေပိုက်ခေါင်းကို ဖွင့်၍ ရေပုံးကြီးကြီးတစ်လုံးထဲသို့ ရေဖြည့်နေသည်ကို တွေ့ရသည်။

"ပန်းခြံထဲမှာ ရေဘုံပိုင် မရှိဘူးလား" ကုစာနာဂိက သူ့အနောက်မှ လှမ်းမေးလိုက်သည်။

သူက နောက်ပြန်လှည့်ကာ ပြုံးပြသည်။

"ဒီရေတွေက အပေါ်ထပ် လသာဆောင်အတွက်ပါ။ အပေါ်ထပ်မှာ ရေပိုက်ခေါင်း သီးသန့်မရှိဘူး"

"ဪ၊ အဲဒီလိုလား"

ယမန့်နေ့ည ဤအိမ်သို့ ရောက်ခါစအချိန်က လသာဆောင်ပေါ်မှ ပန်းပင်များကို ငေးမောကြည့်နေသည့် ဥက္ကာမြိ၏ ပုံပန်းသဏ္ဍာန်ကို ကုစာနာဂိ ပြန်လည် မြင်ယောင်လာမိသည်။

ရေအပြည့် ဖြည့်ထားသော ရေပုံးသည် အတော်ပင် လေးလံပေလိမ့်မည်။ ကုစာနာဂိသည် ၎င်းကို အပေါ်ထပ်သို့ သယ်ဆောင်ပေးပါရစေဟု တောင်းဆိုလိုက်သည်။

"ရပါတယ်။ ကျွန်မ သယ်နိုင်တယ်"

"အားမနာပါနဲ့ဗျာ။ အပေါ်ထပ်ကို ကျွန်တော် သယ်ပေးပါ့မယ်"

အာယနဲ၏ အသံမှာ တစ်ဖက်လူ မကြားနိုင်လောက်အောင် တိုးလျှလွန်းလှသည်။

"ကျေးဇူးပါပဲ"

သူတို့ လင်မယားနှစ်ယောက်၏ အိပ်ခန်းသည် အနည်းဆုံး မြက်ဖျာ အချပ် ၂၀ စာရှိသော အနောက်တိုင်းပုံစံ အိပ်ခန်းတစ်ခန်း ဖြစ်သည်။ ခုတင်ထက်ရှိ နံရံပေါ်တွင် ကြီးမားသော စပ်ထည်ပန်းချီကားတစ်ချပ်ကို ချိတ်ဆွဲထားသည်။ စပ်ထည်ပေါ်ရှိ တောက်ပစူးရှသော အရောင်အသွေးများက ကုစာနာဂိ၏ မျက်ဝန်းတစ်စုံကို အပြည့်အဝ ဆွဲဆောင်ထားကြသည်။

"အဲဒါ ခင်ဗျားကိုယ်တိုင် လုပ်ထားတာလား"

"ဟုတ်တယ်။ ပြီးထားတာ သိပ်မကြာသေးဘူး"

"တော်တော်လှတာပဲဗျ။ ပြောရမှာတော့ ခပ်ရှက်ရှက်ပဲ။ ကျွန်တော် အရင်က စပ်ထည်ပန်းချီကို ပန်းထိုးပန်းချီနဲ့ အတူတူပဲလို့ ထင်ထားတာ။ ဒီလောက် အနုပညာ လက်ရာမြောက်အောင် လုပ်လို့ရမှန်း အခုမှပဲ သိရတော့တယ်"

“ဒါတွေက သိပ်ပြီး လက်ရာမြောက်တယ်လို့ မဆိုနိုင်ပါဘူးရှင်။ စပ်ထည်ရဲ့ သဘောကိုက လက်တွေ့ အသုံးချဖို့ အဓိက ရည်ရွယ်ထားတာဆိုတော့ သုံးလို့ရရင် ပြီးနေတာပဲ ဥစ္စာ။ ဒါပေမယ့် မျက်စိပသာဒလည်း ဖြစ်တယ် ဆိုရင်တော့ ပိုပြီး ပြီးပြည့်စုံသွားတာပေါ့ရှင်”

“သေချာတာပေါ့ဗျာ။ ခင်ဗျားက အဲဒီလို မျက်စိပသာဒ ဖြစ်တဲ့ လက်ရာမျိုးကို ဖန်တီးနိုင်တယ်ဆိုတော့ တကယ့်ကို ချီးကျူးစရာပဲပေါ့။ ဒါပေမယ့် အတော်လေးလည်း လက်ဝင်လိမ့်မယ် ထင်တယ်”

“အချိန်တွေ အများကြီး ပေးရတာပေါ့။ ဒါကြောင့် တော်ရုံဖွဲ့မျိုးနဲ့တော့ မရဘူး။ ဒါပေမယ့် ဝါသနာအရ လုပ်တာဆိုတော့ အချိန်လည်း ကုန်လို့ကုန်မှန်း မသိတော့ပါဘူးရှင်။ တကယ်လို့သာ အဲဒီလို ဝါသနာမျိုး မရှိခဲ့ဘူးဆိုရင်တော့ အခုလို လက်ရာမျိုးကိုလည်း ဘယ်လိုနည်းနဲ့မှ ရအောင် လုပ်နိုင်မှာ မဟုတ်ဘူး”

ကုစာနာဂိက ခေါင်းညိတ်ကာ အကြည့်ကို စပ်ထည်ပန်းချီကားပေါ်သို့ ပြန်လှည့်လိုက်သည်။ ရုတ်တရက် ကြည့်လိုက်လျှင် စပ်ထည်ပန်းချီကားပေါ်မှ အရောင်များကို ဖြစ်သလို ရွေးချယ်ပေါင်းစပ်ထားသည်ဟု မှတ်ထင်ရသော်လည်း ၎င်းကို အာယနဲသည် နဖူးကချွေး ခြေမ,ကျအောင် အပ်တစ်ချောင်းဖြင့် တကုပ်ကုပ် ချုပ်လုပ်ခဲ့ရသည်ဟု ကြားသိရပြီးသည့် နောက်တွင် ကုစာနာဂိသည် ၎င်းပန်းချီကားကို ကြည့်ရင်း ကြည့်ရင်းနှင့် ကြည်နူးနှစ်ခြိုက်လာမိသည်။

လသာဆောင်သည် အိပ်ခန်းကဲ့သို့ပင် အတော်အတန် ကြီးမားကျယ်ပြန့်သည်။ သို့သော် ပန်းအိုးများကို နေရာအနှံ့ ချထားသောကြောင့် လူတစ်ယောက်သာ ဖြတ်သွားဖြတ်လာ လုပ်နိုင်သည်ဟု ထင်ရလောက်အောင် ကျဉ်းမြောင်းနေလေသည်။

အာယနဲသည် ထောင့်တစ်နေရာတွင် ချထားသော သံပုံးခွံအလွတ်တစ်လုံးကို လှမ်းယူပြီး ကုစာနာဂိကို ပြလိုက်သည်။

“မိုက်တယ် မဟုတ်လား”

သံပုံးခွံ၏ အောက်ခြေတွင် အပေါက်များစွာ ဖောက်ထားသည်။ အာယနဲသည် သံပုံးခွံကို ရေပုံးထဲသို့ နှစ်၍ ရေဖြည့်ပြီး သံပုံးခွံ၏ အောက်ခြေ အပေါက်များမှ ထွက်သော ရေဖြင့် ပန်းပင်ကို ရေလောင်းလေသည်။

“ဝိုး … အိမ်တွင်းဖြစ် ရေပန်းခရားပါလား”

“ဟုတ်တယ်။ ပုံမှန် ရေပန်းခရားနဲ့ဆိုရင် ရေပုံးထဲကနေ ရေယူဖို့ ခက်တယ်လေ။ ဒါကြောင့် ကျွန်မက ဒီသံဗူးခွံရဲ့ အောက်ခြေကို သံချောင်းနဲ့ အပေါက်တွေ ဖောက်ပြီး ရေပန်းခရားလိုဖြစ်အောင် လုပ်ယူထားတာ”

“ပိုင်လိုက်တဲ့ အကြံဗျာ”

“ဟုတ်တယ်။ ဒါပေမယ့် အခုလို သစ်ပင်ပန်းမန်တွေအပေါ် စိတ်လိုလက်ရ လုပ်နေကိုင်နေတာကို ကျွန်မရဲ့ ယောက်ျားက နည်းနည်းလေးမှ နားလည်မပေးနိုင်ဘူး” ပြောပြီးနောက် အာယနဲ၏ မျက်နှာတွင် ကြွက်သားများ တောင့်တင်းသွားကာ ကြမ်းပြင်ပေါ်သို့ ငုတ်တုတ် ထိုင်ချလိုက်သည်။ သံဗူးခွံထဲမှ ရေများသည် သူ၏ ဖိနပ်များပေါ်သို့ တတောက်တောက် စီးကျနေလေသည်။

“မစ္စစ်မာရှိဘ” ကုစာနာဂိက သူ့ကို ခေါ်လိုက်သည်။

“ဆောရီးပဲ။ ကျွန်မယောက်ျား ဒီလောကမှာ မရှိတော့ဘူး ဆိုတဲ့ အမှန်တရားကို ကျွန်မ ဘယ်လိုမှ လက်ခံလို့ မရသေးဘူး”

“အဖြစ်အပျက်တွေက မြန်ဆန်လွန်းနေတော့ အချိန်တိုအတွင်းမှာ ဘယ်လိုမှ လက်ခံနိုင်မှာ မဟုတ်သေးဘူး”

“ရှင်တို့လည်း သိပြီးလောက်ပြီ ထင်ပါတယ်။ ကျွန်မတို့ အိမ်ထောင်ပြုခဲ့ကြတာ တစ်နှစ်တောင် မပြည့်သေးဘူး။ ကျွန်မအနေနဲ့ အခုလို ဘဝအသစ်မှာ နေသားတကျဖြစ်အောင် မနည်း ကြိုးစားထားရတာလေ။ သူရဲ့ စရိုက်ဝါသနာနဲ့ ကြိုက်တတ် မကြိုက်တတ်တဲ့ အရာတွေကို နားလည်အောင် မနည်း လေ့လာထားရတာ။ ကျွန်မတို့အတွက် သာယာ ပျော်ရွှင်ဖွယ်ကောင်းတဲ့ ဘဝခရီးလမ်းက အရှည်ကြီး ကျန်သေးတယ်လို့ ကျွန်မ ယုံကြည်ထားခဲ့တာ”

သူ၏ ရှေ့တွင် မျက်နှာကို လက်ဖြင့်အုပ်လျက် ဆို့နင့်ကြေကွဲနေသော အမျိုးသမီးတစ်ယောက်ကို ကုစာနာဂိသည် မည်သို့သော စကားလုံးများဖြင့် ဖျောင်းဖျနှစ်သိမ့်ရမည်မှန်း ဝေခွဲမရနိုင်အောင် ဖြစ်နေမိသည်။ သူ၏ နံဘေးတွင် ဝန်းရံနေကြသည့် တောက်ပရွှန်းစိုနေသော ရောင်စုံပန်းပွင့်များသည် မျက်မှောက်အခြေအနေနှင့် မည်သို့မျှ အံဝင်ခွင်ကျ မဖြစ်တော့ပေ။

"ဆောရီးပဲရှင်။ ဒီပုံစံနဲ့ဆိုရင် ရှင်တို့ကို အကူအညီ ပေးနိုင်ပါ့မလားတောင် မပြောတတ်တော့ဘူး။ ကျွန်မအနေနဲ့ စိတ်ကို ခိုင်ခိုင် ထားသင့်မှန်း ကျွန်မ သိပါတယ်။ ဒါပေမယ့် ..." အာယနဲက တိုးလျသော လေသံဖြင့် ပြောနေသည်။

"ဒါဆိုလျှင် နောက်နေ့မှ ခင်ဗျားဆီကနေ သတင်းယူတာပေါ့" ကုစာနာဂိ၏ နှုတ်မှ လွှတ်ကနဲ ထွက်ကျသွားသည်။ ရုတ်တရက် ဆိုသကဲ့သို့ သူ့ အတွေးအာရုံထဲတွင် ရှုံ့မဲ့နေသော မာမီယာ၏ မျက်နှာကို မြင်ယောင်လာသည်။

"မလုပ်ပါနဲ့။ ကျွန်မလည်း အဖြစ်မှန်ကို အမြန်ဆုံး သိချင်တာပါပဲ။ ဒါပေမယ့် ကျွန်မ ဘယ်လိုမှ နားမလည်နိုင်တဲ့ အချက်က ... ဘယ်လို လူမျိုးက သူ့ကို အသေသတ်ချင်နေရတာလဲ"

စကားသံ ဆုံးဆုံးချင်းမှာပင် အိမ်တံခါးဝရှိ အင်တာကွန်းစက်မှ အသံထွက်ပေါ်လာသည်။ ရုတ်တရက် ထွက်ပေါ်လာသော အသံကြောင့် အာယနဲသည် ထိတ်ကနဲ လန့်ဖျပ်သွားပြီး တစ်ခဏကြာမှ မတ်တတ်ရပ်ကာ ဝရန်တာမှ အောက်ဘက်သို့ ငုံ့ကြည့်လေသည်။

"ဟိရောမိ" သူသည် လက်မြှောက်ကာ အိမ်အောက်ဘက်သို့ လှမ်းအော်လိုက်သည်။

"မစ္စဝါကာယာမာ ရောက်လာတာလား"

အာယနဲသည် ခေါင်းညိတ်ပြီး အိမ်ထဲသို့ လှည့်ဝင်သွားသည်။

ကုစာနာဂိသည် အာယနဲနှင့်အတူ အောက်ထပ်သို့ ဆင်းလာစဉ် စကြံလမ်းပေါ်တွင် ရပ်နေသော ဥကျူမိကို တွေ့လိုက်ရသည်။ သူလည်း တံခါးခေါင်းလောင်းသံကို ကြားပေလိမ့်မည်။ ဝါကာယာမာ ဟိရောမိ ရောက်နေခြင်း ဖြစ်ကြောင်း ကုစာနာဂိက ဥကျူမိကို ခပ်တိုးတိုး ပြောပြလိုက်သည်။

အာယနဲက အိမ်တံခါးမကြီးကို ဆွဲဖွင့်လိုက်သည့်အခါတွင် ဝါကာယာမာ ဟိရောမိသည် အိမ်အပြင်ဘက်တွင် ရပ်နေလေသည်။

"ဟိရောမိ၊ အထဲဝင်ခဲ့လေ" အာယနဲ၏ စကားသံထဲတွင် ငိုသံပါနေသည်။

"ဆရာမ၊ နေကောင်းတယ် မဟုတ်လား"

“နေကောင်းပါတယ်။ ငါ့ကို လာတွေ့တဲ့အတွက် ကျေးဇူးပါပဲ”

စကားဆုံးသည်နှင့် တစ်ပြိုင်နက် အာယနဲသည် သူ၏ ညှော့သည်ကို ပွေ့ဖက်ကာ ကလေးငယ်တစ်ယောက်ကဲ့သို့ တရှုံ့ရှုံ့ ငိုကြွေးနေလေတော့သည်။

(၅)

မာရိုဘ အာယနဲသည် ဝါကာယာမာ ဟိရောမိကို ရင်ခွင်ထဲမှ ဖယ်ခွာလိုက်ပြီး မျက်လုံးထောင့်စွန်းရှိ မျက်ရည်စများကို လက်ညှိုးဖြင့် သုတ်ကာ "ဆောရီးပဲ" ဟု ခပ်တိုးတိုး ရေရွတ်လိုက်သည်။

"သူများတွေ အရှေ့မှာ မငိုမိဖို့ စိတ်တင်းထားနိုင်လိမ့်မယ် ထင်တာ။ ဟိရောမိကို မြင်တော့ ဘယ်လိုမှ စိတ်မထိန်းနိုင်တော့ဘူး ဖြစ်သွားတယ်။ အခုတော့ အဆင်ပြေသွားပါပြီ။ တောင်းပန်ပါတယ်"

မပြုံးချင့် ပြုံးချင်ဖြင့် ပြုံးပြနေသော အာယနဲကို ကြည့်ပြီး ကုစာနာဂိ၏ ရင်ထဲ၌ ဆို့နင့်ဝမ်းနည်းနေမိသည်။ သူသည် တစ်ကိုယ်တည်း စိတ်အေးလက်အေးနေရန် အမှန်ပင် လိုအပ်နေသည်။

"ဆရာမ၊ ကျွန်မ ဘာများ ကူညီပေးရမလဲ" ဟိရောမိသည် အာယနဲကို မော့ကြည့်လျက် မေးလိုက်သည်။

အာယနဲက ခေါင်းခါယမ်းလိုက်သည်။

"ငါ့ကို အဖော်လာလုပ်ပေးတာနဲ့တင် လုံလောက်နေပါပြီ။ နောက်ပြီး အခုချိန်မှာ ငါ့ခေါင်းထဲလည်း ဟာလာဟင်းလင်း ဖြစ်နေတယ်။ အထဲကို အရင်ဝင်ကြရအောင်။ ငါ နင့်ကို မေးစရာ ရှိတယ်"

"မစ္စစ်မာရိုဘ၊ ခဏလေး နေပါဦး" ကုစာနာဂိက သူတို့နှစ်ယောက်ကို အလျင်အမြန် လှမ်းပြောလိုက်သည်။

"ကျွန်တော်တို့ မစ္စဝါကာယာမာကို မေးစရာ မေးခွန်းတချို့ ရှိနေတယ်။ မနေ့ညက အခြေအနေအားလုံး ရှုပ်ယှက်ခတ်နေတာနဲ့ သူနဲ့ စကားတောင် ကောင်းကောင်း မပြောလိုက်ရဘူး"

ဟိရောမိသည် သိသိသာသာ မျက်နှာပျက်လျက် ရှိသည်။ အကြည့်များနှင့် မဆုံမိစေရန် တမင်တကာ မျက်နှာလွှဲနေသည်။ အလောင်း တွေ့မြင်စဉ်က အခြေအနေ အရပ်ရပ်ကို မခြွင်းမချန် ပြောပြပြီး ဖြစ်သောကြောင့် သူ့တွင် တခြား ဘာမျှ ပြောစရာ မကျန်တော့ ဟူ၍ သူ တွေးကောင်း တွေးနေပေလိမ့်မည်။

"ကိစ္စ မရှိပါဘူး။ ရှင်တို့လည်း ကျွန်မတို့နဲ့ အတူတူ မေးစရာရှိတာ မေးလို့ရတာပဲ"

အာယနဲသည် ကုစာနာဂိ၏ အကြံအစည်ကို စိုးစဉ်းမျှ ရိပ်စားမိဟန် မတူ။

"အဲ ... ကျွန်တော်တို့ မစ္စဝါကာယာမာနဲ့ နှစ်ကိုယ်တည်း အရင် စကားပြောကြည့်ချင်တယ်"

ကုစာနာဂိ၏ စကားကို ကြားရသောအခါတွင် အာယနဲသည် နားမလည်သည့်ဟန်ဖြင့် မျက်လုံးကို ပေကလပ် ပေကလပ် လုပ်နေလေသည်။

"ဘာဖြစ်လို့လဲ။ ဟိရောမိရဲ့ ပြောစကားကို ကျွန်မလည်း နားထောင်ချင်တယ်လေ။ ဒါကြောင့်မို့ပဲ သူ့ကို ဒီခေါ်လိုက်တာပေါ့"

"မစ္စစ်၊ မစ္စစ်မာရှိဘာ"

မာမီယာသည် မည်သည့်အချိန်က အာယနဲ၏ နံဘေးသို့ ရောက်နေသည် မသိ။

"ဆောရီးပါဗျာ။ ကျွန်တော်တို့ ရဲဘက်ကလည်း လုပ်စရာ တာဝန်လေးတွေ ရှိနေသေးလို့ပါ။ ကျေးဇူးပြုပြီး ကုစာနာဂိကို မစ္စဝါကာယာမာနဲ့ အရင်ဦးဆုံး စကားပြောခွင့် ပြုစေချင်ပါတယ်။ ကျွန်တော်တို့ကို လူမှုရေး နားမလည်ဘူးလို့ ခင်ဗျား ယူဆကောင်း ယူဆမိမှာပါပဲ။ ဒါပေမယ့် လုပ်ထုံးလုပ်နည်းအတိုင်းသာ လုပ်မသွားခဲ့ဘူး ဆိုရင် နောက်ပိုင်းကျတော့ မလိုအပ်တဲ့ ပြဿနာတွေ တက်လာနိုင်လို့ပါ"

မာမီယာ၏ ပွင့်လင်းမြင်သာလွန်းသည့် စကားကို ကြားလိုက်ရသည့်အခါတွင် အာယနဲ၏ မျက်နှာပေါ်၌ အလိုမကျသော စိတ်ခံစားချက်များ အထင်းသား ပေါ်လွင်လာသည်။ သို့သော်လည်း သူ ခေါင်းညိတ်ကာ သဘောတူလိုက်လေသည်။

"ကျွန်မ သဘောပေါက်ပါပြီ။ ဒါဆို ကျွန်မက ဘယ်နေရာကို သွားပြီး ရှောင်ပေးနေရမလဲ"

"ခင်ဗျားက ဒီနေရာမှာ နေခဲ့ရင် ရပါတယ်။ ကျွန်တော်တို့ ခင်ဗျားကို မေးခွန်းတချို့ မေးစရာ ရှိသေးတယ်"

ပြောပြီး မာမီယာသည် ကုစာနာဂိနှင့် ဥကျူမိတို့ကို လှမ်းကြည့်လိုက်သည်။

"မင်းတို့ မစ္စဝါကာယာမာကို အေးအေးဆေးဆေး စကားပြောလို့ ရမယ့် နေရာတစ်နေရာကို ခေါ်သွားလိုက်ကြ"

"ဟုတ်" ကုစာနာဂိက ပြန်ဖြေသည်။

"ကျွန်မ ကားသွားယူလိုက်ဦးမယ်"

ဥကျူမိသည် အိမ်တံခါးမကြီးကို ဖွင့်ပြီး အပြင်သို့ ထွက်သွားသည်။

ထထထ

မိနစ်နှစ်ဆယ်ခန့် ကြာပြီးနောက်တွင် ကုစာနာဂိတို့ သုံးယောက်သည် မိသားစု စားသောက်ဆိုင်တစ်ဆိုင်၏ ထောင့်စွန်းတစ်နေရာရှိ စားပွဲပတ်ပတ်လည်တွင် ထိုင်မိကြသည်။ ဥကျူမိသည် ကုစာနာဂိ၏ နံဘေးတွင် ထိုင်ပြီး မျက်နှာချင်းဆိုင်ရှိ ဟိရောမိသည် မျက်နှာသေဖြင့် ခေါင်းကို အောက်သို့ ငုံ့ထားသည်။

ကုစာနာဂိက ကော်ဖီတစ်ငုံ သောက်ပြီး

"မနေ့ညက အိပ်လို့ အဆင်ပြေတယ် မဟုတ်လား"

"ကောင်းကောင်း အိပ်မပျော်ပါဘူး"

"ဟုတ်မှာပါပဲ။ လူသေအလောင်းကို မျက်စိနဲ့ တပ်အပ် မြင်ထားရတာဆိုတော့ ခင်ဗျားလည်း မထိတ်မလန့်ဘဲ နေမှာမဟုတ်ဘူး"

'အထူးသဖြင့် သေဆုံးတဲ့သူက ခင်ဗျားရဲ့ ချစ်သူရည်းစား ဖြစ်နေတယ်လေ'

ဟု ကုစာနာဂိက စိတ်ထဲမှ ရေရွတ်နေမိသည်။ ဥက္ကျူမိ၏ စကားသာ မှန်မည် ဆိုလျှင် သူသည် ယမန်နေ့ညက အိမ်သို့ ပြန်ရောက်လျှင် ရောက်ချင်း အသည်းအသန် ငိုကြွေးနေခဲ့သေးသည်။

ဟိရောမိသည် မည်သို့မျှ မတုံ့ပြန်ဘဲ နှုတ်ခမ်းကို ကိုက်လျက် ခေါင်းကို ငုံ့မြဲ ငုံ့ထားသည်။

"မနေ့ညက အချိန်မရလိုက်လို့ မေးဖို့ မေးခွန်းတချို့ ကျန်သွားတယ်။ အခု မေးလို့ မရလား"

ဟိရောမိသည် ပင့်သက်ကို ရှိုက်သွင်းလိုက်သည်။

"ကျွန်မ ဘာမှ မသိဘူး။ … … ရှင်တို့ မေးလည်း အပိုပဲ။ ကျွန်မ ဘာကိုမှ ဖြေပေးနိုင်မယ် မထင်ဘူး"

"စိတ်မပူပါနဲ့။ ကျွန်တော်တို့ရဲ့ မေးခွန်းက ဒီလောက်လည်း မခက်ခဲပါဘူး။ ခင်ဗျားသာ အမှန်အတိုင်း ပြောပြဖို့ ဆန္ဒရှိမယ် ဆိုရင်ပေါ့"

ဟိရောမိသည် ကုစာနာဂိကို မျက်လုံးပြူးကြည့်လိုက်သည်။

"ကျွန်မ ဘယ်တုန်းက ညာခဲ့ဖူးလို့လဲ"

"အဲဒီလိုဆိုရင်တော့ အကောင်းဆုံးပေါ့ဗျာ။ ကျွန်တော် ခင်ဗျားကို မေးပါရစေ။ မနေ့ည ၈ နာရီပတ်ဝန်းကျင်က မစ္စတာမာရှိဘာရဲ့ ရုပ်အလောင်းကို တွေ့ခဲ့တယ်လို့ ခင်ဗျား ထွက်ဆိုခဲ့တယ်။ အဲဒီမတိုင်ခင် သူ့ကို နောက်ဆုံးတစ်ကြိမ် တွေ့ခဲ့ကြတာကလည်း သောကြာနေ့ညက မာရှိဘာအိမ်မှာ လုပ်တဲ့ ညစာစားပွဲမှာလို့ ခင်ဗျား ပြောခဲ့တယ်။ ခင်ဗျား တစ်ခုခုများ အမှတ်မှားနေခဲ့သလား"

"မမှားပါဘူး"

"တကယ့်ကို အမှတ်မမှားဘူးလား။ လူအများစုက စိတ်လှုပ်ရှားစရာနဲ့ တွေ့ရင် မှတ်ဉာဏ်တွေပါ ကမောက်ကမ ဖြစ်သွားတတ်ကြတယ်။ ခင်ဗျားလည်း စိတ်ငြိမ်ငြိမ်ထားပြီး သေချာပြန် စဉ်းစားကြည့်ပါဦးလား။ သောကြာနေ့ည ထွက်ခွာသွားပြီးတဲ့ အချိန်ကနေ စပြီး မနေ့ညက ပြန်ရောက်တဲ့အချိန်အထိ အဲဒီကြားထဲမှာ ခင်ဗျား တကယ်ပဲ မာရှိဘာအိမ်ကို တစ်ခေါက်မှ

ပြန်မရောက်ဖြစ်တော့ဘူးလား''

ကုစာနာဂိသည် ဟိရောမိ၏ ရှည်လျားဖြောင့်စင်းသော မျက်တောင်မွေးများကို စိုက်ကြည့်၍ မေးခွန်းထုတ်လိုက်သည်။ သူသည် ''တကယ်'' ဟူသော စကားလုံးနှစ်လုံးအရောက်တွင် လေသံကို အနည်းငယ် မြှင့်တင်ပစ်လိုက်သည်။

ဟိရောမိသည် တစ်ခဏမျှ တုံ့ဆိုင်းနေပြီးမှ စကားဆိုသည်။

''ဘာဖြစ်လို့ အဲဒီလို မေးရတာလဲ။ အမှတ်မမှားပါဘူးလို့ ကျွန်မ ပြောပြီးနေမှပဲ။ ရှင်တို့က ဘာအကြောင်းပြချက်နဲ့ ဒီလောက်တောင် ပေကတ်ကတ် လုပ်နေရတာလဲ''

ကုစာနာဂိက ပြုံးလိုက်သည်။

''မေးခွန်း မေးနေတဲ့သူက ကျွန်တော်ပါဗျာ''

''ဒါပေမယ့် ...''

''ကျွန်တော်ရဲ့ စကားကို သာမန် အတည်ပြုချက် ရယူနေတယ်လို့ပဲ သဘောထားပေးပါဗျာ။ ဒါပေမယ့် ခင်ဗျား စောစောတုန်းက ပြောခဲ့သလိုပေါ့။ ကျွန်တော်တို့ ခင်ဗျားကို ပေကတ်ကတ် လုပ်နေရတဲ့ အကြောင်းအရင်းက အဲဒီမေးခွန်းကို လေးလေးနက်နက် သဘောထားပြီး ဖြေစေချင်လို့ပဲ။ တကယ်လို့သာ ခင်ဗျားရဲ့ ထွက်ဆိုချက်ထဲမှာ တမင်သက်သက် ဖုံးကွယ်ထားတာ ဒါမှမဟုတ် လိမ်ညာထားတာ ပါနေခဲ့မယ်ဆိုရင် ခင်ဗျားရော ကျွန်တော်တို့အတွက်ပါ မကောင်းတဲ့ အကျိုးရလဒ်တွေ ဖြစ်လာနိုင်တယ်''

ဟိရောမိသည် နောက်တစ်ကြိမ် တုဏှိဘာဝေ လုပ်နေပြန်သည်။ နောင်အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်မည့် ကောင်းကျိုးဆိုးပြစ်များကို သူ၏ ဦးနှောက်ထဲ၌ ချိန်ဆနေမည် ဖြစ်ကြောင်း ကုစာနာဂိက ခံစားနေရသည်။ မိမိ၏ မုသားစကားကို ရဲဘက်မှ လှစ်ဟဖော်ထုတ်နိုင်မည့် ဖြစ်နိုင်ခြေက မည်သို့ ရှိမည်နည်း။ အမှန်အတိုင်း ဖွင့်ဟဝန်ခံခြင်းကသာ မိမိအတွက် ပို၍ အကျိုးများမည်လော။ စသည့် အချက်များကို သူ ချိန်ဆတွက်ချက်နေပေလိမ့်မည်။

သို့သော် သူ၏ ဦးနှောက်ထဲမှ ချိန်ခွင်လျှာသည် အတော်အတန်

ကြာသည်အထိ ဟိုယိမ်းဒီယိုင် ဖြစ်နေသောကြောင့် သူ၏ နှုတ်ဆိတ်နေမှုသည်လည်း အတော်ပင် ကြာညောင်းသွားခဲ့သည်။

ကုစာနာဂိက စိတ်မရှည်နိုင်တော့။

"ကျွန်တော် မနေ့ညက အခင်းဖြစ်တဲ့ နေရာကိုရောက်တော့ လက်ဆေးကန်ထဲမှာ ကော်ဖီခွက်တစ်ခွက်နဲ့ ခံပန်းကန်ပြား နှစ်ချပ်ကို တွေ့ခဲ့တယ်။ အဲဒီတုန်းကလည်း ကျွန်တော်တို့ ခင်ဗျားကို အဲဒီပစ္စည်းအကြောင်း မေးမြန်းခဲ့သေးတယ်။ ခင်ဗျားက ဘာမှ မသိကြောင်း ဖြေခဲ့တယ်။ ဒါပေမယ့် နောက်ကျတော့ ကျွန်တော်တို့ရဲ့ ဓာတ်ခွဲလေ့လာချက်အရ ခင်ဗျားရဲ့ လက်ဗွေရာကို တွေ့ခဲ့ရတယ်။ အဲဒီခွက်နဲ့ ပန်းကန်ပြားကို ခင်ဗျား ဘယ်အချိန်တုန်းက ထိတို့ခဲ့တာလဲ"

ဟိရောမိ၏ ပခုံးနှစ်ဖက်သည် လှိုက်ဖိုနေသော အသက်ရှူသံနှင့်အတူ နိမ့်ချီမြင့်ချီ ဖြစ်နေလေသည်။

"စနေနဲ့ တနင်္ဂနွေ နှစ်ရက်အတွင်းမှာ ခင်ဗျား မစ္စတာမာရှိဘာကို တွေ့ခဲ့သေးတယ် မဟုတ်လား။ အဲ … အသက်ရှင်လျက် ရှိနေသေးတဲ့ မစ္စတာမာရှိဘာပေါ့"

ဟိရောမိသည် တံတောင်ဖြင့် စားပွဲပေါ်ထောက်လျက် လက်နှစ်ဖက်က ခေါင်းကို ဆုပ်ကိုင်ထားသည်။ အကျပ်အတည်းကို ရှောင်ကွင်းနိုင်ရန်အတွက် သူ အကြံထုတ်နေခြင်း ဖြစ်ကောင်း ဖြစ်ပေမည်။ သို့သော် သူ၏ လုပ်ကြံလီဆယ်မှုကို အလွယ်တကူ လှစ်ဟနိုင်လိမ့်မည်ဟု ကုစာနာဂိက အပြည့်အဝ ယုံကြည်ထားသည်။

သူ၏ ခေါင်းပေါ်မှ လက်နှစ်ဖက်ကို ဖယ်ရှားလိုက်ပြီး မျက်လုံးအစုံက ကြမ်းပြင်ပေါ်သို့ စိုက်ကြည့်နေသည်။ ထို့နောက် ခေါင်းညိတ်ကာ

"ရှင်ပြောတာ အမှန်ပါပဲ။ လိမ်ပြောမိခဲ့တဲ့အတွက် ကျွန်မ တောင်းပန်ပါတယ်"

"ခင်ဗျား မစ္စတာမာရှိဘာနဲ့ တွေ့ဆုံခဲ့သေးတယ်ပေါ့။ ဟုတ်လား"

ခေတ္တမျှ တိတ်ဆိတ်သွားပြီး သူက "ဟုတ်ပါတယ်" ဟု ပြန်ဖြေလေသည်။

"ဘယ်အချိန်ကလဲ"

ဤမေးခွန်းကိုလည်း သူက ချက်ချင်း ပြန်မဖြေဘဲ နှုတ်ဆိတ်နေပြန်သည်။ ကုစာနာဂိသည် မရိုးမရွ ဖြစ်ကာ စိတ်ထဲမှ ကျိတ်ပြီး သူ့ကို ကျိန်ဆဲနေမိသည်။

"အဲဒီမေးခွန်းကို မဖြေလို့ မရဘူးလား"

ဟိရောမိသည် ခေါင်းမော့ကာ ကုစာနာဂိနှင့် ဥကျူမိတို့ကို စိုက်ကြည့်နေသည်။

"အဲဒါက အမှုနဲ့ ဘယ်လိုမှ ပတ်သက်နိုင်စရာ မရှိပါဘူးရှင်။ ရှင်တို့က အခုလို လျှောက်မေးနေတော့ သူတစ်ဖက်သားရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စကို စွက်ဖက်ရာ ရောက်မနေဘူးလား"

သူ့ကို ကြည့်ရသည်မှာ ယခုပင် ငိုချတော့မည့် ဟန်မျိုး။ သူ၏ မျက်ဝန်းထဲတွင် ဒေါသ၏ အငွေ့အသက်များနှင့် လေသံကလည်း စူးရှခက်ထန်နေသည်။

ကုစာနာဂိသည် ဝါရင့်စုံထောက်တစ်ဦး၏ စကားကို ပြန်လည် ကြားယောင်လာမိသည်။ မိန်းမတစ်ယောက်သည် အပြင်ပန်းအရ မည်မျှပင် နူးညံ့ပျော့ပျောင်းနေစေကာမူ အိမ်ထောင်ရှိသော ယောကျ်ားတစ်ယောက်နှင့် ငြိစွန်းမိသွားခဲ့ပြီ ဆိုလျှင် ထိုမိန်းမမျိုးကို လွန်စွာ ကိုင်တွယ်ရခက်သည်။

ဤသို့ အချိန်ဆွဲနေ၍ မဖြစ်သေး။ ကုစာနာဂိသည် လက်ထဲမှ ဒုတိယဖဲချပ်ကို ထုတ်ပြရန် ဆုံးဖြတ်လိုက်သည်။

"မစ္စတာမာရှိဘ သေရတဲ့ အကြောင်းအရင်းကို စုံစမ်းလို့ ရသွားပါပြီ။ အဆိပ်သောက်မိလို့ သေခဲ့တာပါ"

ဟိရောမိ၏ အမူအရာမှာ အနည်းငယ် ထိတ်လန့်တုန်လှုပ်သွားသည်။

"အဆိပ်မိတယ် ..."

"အခင်းဖြစ်တဲ့နေရာမှာ ဖိတ်စဉ်နေတဲ့ ကော်ဖီတွေကို စစ်ဆေးကြည့်တဲ့အခါ အဲဒီအထဲမှာ အဆိပ်တွေ ပါနေတာ တွေ့ရတယ်"

သူ၏ မျက်လုံးများ ပြူးကျယ်လာသည်။

"မဖြစ်နိုင်တာပဲ"

ကုစာနာဂိသည် ကိုယ်ကို အရှေ့သို့ အနည်းငယ် ကိုင်းညွတ်ပြီး သူ၏ မျက်နှာကို စိုက်ကြည့်လိုက်သည်။

"ခင်ဗျားက ဘာဖြစ်လို့ မဖြစ်နိုင်ဘူးလို့ ပြောရတာလဲ"

"ဘာဖြစ်လို့လဲ ဆိုတော့ ..."

"အဲဒီအရင် ခင်ဗျား သောက်ခဲ့တုန်းက ဘာမှ မဖြစ်ခဲ့လို့ မဟုတ်လား"

သူသည် မျက်တောင်ခတ်လျက် တဒင်္ဂမျှ တုံ့ဆိုင်းနေပြီးကာမှ ခေါင်းကို အသာအယာ ညိတ်ပြလိုက်သည်။

"ပြဿနာက အဲဒီမှာ တက်နေတာပဲ မစ္စဝါကာယာမာ။ တကယ်လို့သာ မစ္စတာမာရှိဘက သူသောက်မယ့် ကော်ဖီခွက်ထဲကို သူ့ဟာသူ အဆိပ်ခတ်ခဲ့တာ ဆိုရင် ဒီအမှုကို ကျွန်တော်တို့က ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်မှု ဒါမှမဟုတ် မတော်တဆ ဖြစ်မှုဆိုပြီး အမှုပိတ်လိုက်ရုံပဲ။ ကျွန်တော်တို့လည်း ဒီလောက် ဒုက္ခခံနေစရာ အကြောင်းမရှိတော့ဘူး။ ဒါပေမယ့် ခက်တာက လက်ရှိအခြေအနေအရ အဲဒီလို ဖြစ်နိုင်ခြေက မရှိသလောက် နည်းနေတယ်။ လူတစ်ဦးတစ်ယောက်က ရည်ရွယ်ချက် ရှိရှိနဲ့ မစ္စတာမာရှိဘရဲ့ ကော်ဖီခွက်ထဲကို အဆိပ်ခတ်ခဲ့တယ်လို့ပဲ ကျွန်တော်တို့ ယူဆရမလို ဖြစ်နေတယ်။ နောက်ပြီး သုံးပြီးသား ရေစစ်စက္ကူပေါ်မှာလည်း ပါဝင်ပစ္စည်း တူညီတဲ့ အဆိပ်တွေကို တွေ့ထားသေးတယ်။ လက်ရှိအချိန်ထိ ဖြစ်နိုင်ခြေအရှိဆုံး ယူဆချက်က ဘာလဲဆိုတော့ လူတစ်ယောက်ယောက်က ကော်ဖီမှုန့်ထဲမှာ အဆိပ်ခတ်ထားခဲ့တယ် ဆိုတဲ့ အချက်ပဲ"

ဟိရောမိသည် မျက်စိမျက်နှာပျက်လျက် ခေါင်းကို တွင်တွင် ခါယမ်းနေသည်။

"ကျွန်မ အဲဒါတွေ ဘာမှ မသိဘူး"

"အဲဒီလိုဆိုရင်လည်း ခင်ဗျားအနေနဲ့ ကျွန်တော်တို့ရဲ့ မေးခွန်းကို

အနည်းဆုံးတော့ အမှန်အတိုင်း အဖြေပေးသင့်တယ်။ အခင်းမဖြစ်ခင် ခင်ဗျားက မာရီဘာအိမ်မှာ ကော်ဖီသောက်ခဲ့ဖူးတယ်။ အဲဒီအချက်က တော်တော်ကို အရေးပါတဲ့ သဲလွန်စ တစ်ခုပဲ။ တရားခံက … မဟုတ်သေးဘူး။ အခုချိန်မှာ 'တရားခံ' ဆိုတဲ့ အသုံးအနှုန်းက သင့်လျော်၏၊ မသင့်လျော်၏ ဆိုတာကို လတ်တလောအချိန်မှာ ဆုံးဖြတ်လို့ မရနိုင်သေးဘူး။ ဒါပေမယ့် အဲဒီလူက ကော်ဖီမှုန့်ထဲကို ဘယ်အချိန်တုန်းက အဆိပ်ခတ်ခဲ့တာလဲ ဆိုတာကို တွက်ဆနိုင်ဖို့အတွက် ခင်ဗျားရဲ့ ထွက်ဆိုချက်က သိပ်ကို အရေးပါလွန်းနေတယ်"

နောက်ဆုံးတွင် ကုစာနာဂိသည် "ခင်ဗျား ဘယ်လို သဘောရသလဲ" ဟူသော စကားဖြင့် အဆုံးသတ်ကာ ခါးကို မတ်မတ်ဆန့်လျက် သူ့ကို စိုက်ကြည့်နေလိုက်သည်။ သူ စကားမဟမချင်း ဘာမျှ ထပ်မပြောတော့ ဟုလည်း ကုစာနာဂိက ဆုံးဖြတ်ထားလေသည်။

ဟိရောမိသည် ပါးစပ်ကို လက်ဖြင့် အုပ်ကာ အကြည့်များက စားပွဲမျက်နှာပြင်ထက်၌ ရွေ့လျားနေကြသည်။ နောက်ဆုံး သူ၏ စကားသံ ထွက်ပေါ်လာသည်။

"ကျွန်မ မဟုတ်ဘူး"

"ဗျာ"

"ကျွန်မ လုပ်တာ မဟုတ်ဘူး"

သူ၏ အသံက တောင်းပန်တိုးလျှိုးနေသည့်နှယ်။ ခေါင်းကို ခါယမ်းလျက်

"အဆိပ်ခတ်တဲ့သူက ကျွန်မ မဟုတ်ဘူး။ ကျွန်မ မညာပါဘူး။ ကျေးဇူးပြုပြီး ကျွန်မကို ယုံကြည်ပေးကြပါ"

ကုစာနာဂိသည် ဥကျုမိကို လှမ်းကြည့်လိုက်သည်။

မှန်၏။ ဝါကာယာမာ ဟိရောမိသည် သံသယရှိထိုက်သူများထဲမှ တစ်ဦး ဖြစ်သည်။ မသင်္ကာစရာ အကောင်းဆုံးသူ ဟူ၍ပင် မှတ်ယူနိုင်သည်။ အဘယ်ကြောင့်ဆိုသော် သူ့တွင် အဆိပ်ခတ်နိုင်သည့် အချိန်နှင့် အခွင့်အရေးများကို လက်ဝယ်ပိုင်ဆိုင်ထားသည်။ ထို့အပြင် အကယ်၍သာ သူနှင့် မာရီဘာ ယိုရှီတာကာတို့တွင် ပုံမှန်မဟုတ်သော အချစ်ဇာတ်လမ်းတစ်ပုဒ် အမှန် ရှိနေခဲ့ပါလျှင်

အချစ်ကြီး၍ အမျက်ကြီးကာ တစ်ဖက်လူကို အသက်သေဆုံးသည်အထိ ဒုက္ခပေးနိုင်သည်။ သို့ဖြင့် အဆိပ်ခတ် သတ်ဖြတ်ပြီးနောက်တွင် အလောင်းကို ပထမဆုံး တွေ့မြင်သူအဖြစ် ဟန်ဆောင်နေသော ဖြစ်နိုင်ခြေသည် လုံးဝ မရှိသည် မဟုတ်။

သို့ပါသော်လည်း ပထမဦးဆုံးအနေဖြင့် ကုစာနာဂိသည် မိမိ၏ တင်ကြိုမှန်းဆချက်ကို တတ်နိုင်သမျှ ဘေးဖယ်ထားပြီး ဟိရောမိထံမှ သတင်းအချက်အလက်များကို ဓမ္မဓိဋ္ဌာန်ကျကျ ကောက်ယူစုဆောင်းရန် ဆုံးဖြတ်ထားသည်။ ကုစာနာဂိသည် ဟိရောမိအပေါ် သံသယဝင်နေသည့် အချက်ကို သူ၏ ပြောစကားနှင့် ဟန်အမူအရာတို့တွင် မပေါ်လွင်အောင် ဖုံးဖိထားနိုင်သည်ဟု သူ့ကိုယ်သူ မှတ်ယူထားသည်။ သို့ဖြင့် ဟိရောမိနှင့် မာရှိဘ ယိုရှီတာကာတို့ အတူတကွ ကော်ဖီသောက်ခဲ့ကြသည့် အချိန်ကိုသာ မေးမြန်းစုံစမ်းနေခြင်း ဖြစ်ပါလျက် သူသည် အဘယ်ကြောင့် ဤသို့သော စကားမျိုးကို ပြောဆိုခဲ့ရသနည်း။ တစ်နည်းတစ်ဖုံ နားလည်၍ ရနိုင်သည်မှာ သူသည် လူသတ်တရားခံ ဖြစ်သောကြောင့်သာလျှင် မှုခင်းရဲ၏ စကားကို အထအနကောက်၍ သူ့တွင် အပြစ်မရှိကြောင်း သူ့ကိုယ်သူ ဆင်ခြင်လဲရန် ကြိုးစားနေခြင်းပေလော။

"ကျွန်တော်တို့က ခင်ဗျားကို သံသယဝင်နေတာ မဟုတ်ပါဘူး"

ကုစာနာဂိက ဟိရောမိကို ပြုံးပြလိုက်သည်။

"ကျွန်တော် စောစောက ပြောခဲ့သလိုပါပဲ။ ကျွန်တော်တို့က တရားခံ ဘယ်အချိန်က အဆိပ်ခတ်ခဲ့သလဲ ဆိုတာကို ဖော်ထုတ်နိုင်ဖို့ ကြိုးစားနေတာပါ။ အခု ခင်ဗျားက မစ္စတာမာရှိဘနဲ့ တွေ့ဆုံပြီး သူနဲ့အတူတူ ကော်ဖီသောက်ခဲ့ပါတယ်လို့ ဝန်ခံထားပြီးပြီဆိုတော့ ကျွန်တော်တို့ကို အသေးစိတ် ပြောပြနိုင်မလား။ ဘယ်အချိန်က သောက်ခဲ့တာလဲ။ အဲဒီကော်ဖီကို ဘယ်သူက ဖျော်ခဲ့တာလဲ။ နောက်ပြီး ဘယ်လို ဖျော်ခဲ့တာလဲ"

ဖြူဖွေးနေသော ဟိရောမိ၏ မျက်နှာပေါ်တွင် သောကရိပ်များ ယှက်သန်းသွားသည်။ သူသည် သူတို့၏ နှစ်ကိုယ်ကြားဇာတ်လမ်းကို အမှန်အတိုင်း ထုတ်ဖော်ပြောပြရန် သင့်မသင့် ဝေခွဲမရနိုင်အောင် ဖြစ်နေခြင်း သက်သက်ပေလော။ ကုစာနာဂိလည်း ဆုံးဖြတ်ရခက်နေသည်။

"မစ္စဝါကာယာမာ" ဥကျုမိ၏ အသံ ရုတ်တရက် ထွက်ပေါ်လာသည်။

ဟိရောမိသည် အထိတ်တလန့် ဖြစ်ကာ သူ့ကို ခေါင်းမော့ကြည့်လေသည်။

“ရှင်နဲ့ မစ္စတာမာရှိဘတို့ အကြားမှာရှိတဲ့ ဆက်နွယ်ပတ်သက်မှုကို ကျွန်မတို့ မှန်းဆထားပြီးပါပြီ” ဥကျူမိက ဆက်ပြောသည်။

“အခုချိန်မှာ ရှင်က ဘူးခံပြီး ငြင်းနေမယ် ဆိုရင်တောင် ကျွန်မတို့က အဲဒီကိစ္စကို အတည်ပြုချက် ရတဲ့အထိ ဆက်ပြီး စုံစမ်းသွားနေဦးမှာပဲ။ စုံစမ်းနေတဲ့ ကာလအတွင်းမှာ အဲဒီအကြောင်းကိစ္စနဲ့ ပတ်သက်ပြီး လူတွေအများကြီးကို ကျွန်မတို့ မေးရမြန်းရလိမ့်မယ်။ ဒီလောက်ဆို ရှင် သဘောပေါက်လောက်ပါပြီ။ တကယ်လို့သာ အခုချိန်မှာ ကျွန်မတို့ကို အမှန်အတိုင်း ပြောပြမယ်ဆိုရင် ကျွန်မတို့အနေနဲ့လည်း အမှုစုံစမ်း စစ်ဆေးတဲ့နေရာမှာ တတ်နိုင်သမျှ သတိကြီးကြီးထားပြီး လုပ်ဆောင်ပေးသွားဖို့ ဆန္ဒရှိပါတယ်။ ဥပမာပြောရရင် တကယ်လို့သာ ရှင်က အဲဒီကိစ္စကို အပြင်လူဆီ မပေါက်ကြားစေချင်ဘူး ဆိုရင် ကျွန်မတို့ကလည်း ရှင့်ဆန္ဒအတိုင်း ကူညီပေးဖို့ အသင့်ပါပဲ”

မည်သို့မည်ပုံ ဖောင်ဖြည့်ရမည်ကို ရုံးဝန်ထမ်းတစ်ယောက်က ရှင်းပြနေသည့်နှယ် အထက်ပါ စကားများကို ပြောဆိုပြီးသည့်နောက်တွင် ဥကျူမိသည် ကုစာနာဂိကို တစ်ချက်လှမ်းကြည့်ပြီး ခေါင်းကို အောက်သို့ အနည်းငယ် ငိုက်ထားလိုက်သည်။ စောစောက ဘောင်ကျော်၍ လုပ်မိခဲ့သည့် လုပ်ရပ်အပေါ် ကုစာနာဂိအား တိုးလျှိုးတောင်းပန်နေသယောင်။

သို့သော် သူ၏ အကြံပြုချက်သည် ဟိရောမိ၏ နှလုံးသားကို ရိုက်ဖွင့်ပေးလိုက်ဟန် တူသည်။ သို့တည်းမဟုတ် မိန်းမသားအချင်းချင်း ပြောသည့် စကားက ပို၍ နားဝင်လွယ်သောကြောင့်လားမသိ။ ဟိရောမိသည် ခေါင်းမော့ကာ မျက်တောင်ခတ်ပြီး သက်ပြင်းချလိုက်သည်။

“ရှင်တို့ တကယ်ပဲ လျှို့ဝှက်ထားပေးနိုင်မလား”

“တကယ်လို့သာ အမှုနဲ့ လုံးဝ ပတ်သက်မနေဘူးဆိုရင် ကျွန်တော်တို့က တခြားလူကို လျှောက်ပြောနေမှာ မဟုတ်ဘူး။ ကျွန်တော်တို့ကို ယုံကြည်နိုင်ပါတယ်” ကုစာနာဂိက အာမခံလိုက်သည်။

ဟိရောမိက ခေါင်းညိတ်လိုက်သည်။

“ရှင်တို့နှစ်ယောက် ပြောခဲ့သလိုပါပဲ။ ကျွန်မနဲ့ မစ္စတာမာရှိဘက တကယ်ပဲ

မရှင်းမရှင်း ဖြစ်ခဲ့ကြတယ်။ မနေ့ညတင် မကဘူး။ စနေနေ့ကလည်း ကျွန်မ သူ့အိမ်ကို သွားခဲ့သေးတယ်”

“ပထမတစ်ခေါက်က ဘယ်အချိန်လောက် ရောက်သွားခဲ့တာလဲ”

“စနေနေ့ညပါ။ ခန့်မှန်းခြေ ၉ နာရီကျော်ကျော်လောက် ဖြစ်မယ်”

ထိုသို့ဆိုလျှင် အာယနဲ အိမ်မှ ထွက်သွားသည်နှင့် တစ်ပြိုင်နက် သူတို့နှစ်ဦးသည် ထိုအိမ်၌ လွတ်လွတ်လပ်လပ် ကဲနေကြလေပြီ။

“ခင်ဗျားတို့က အစောကြီးကတည်းက ချိန်းထားကြတာလား”

“မဟုတ်ပါဘူး။ အဲဒီနေ့က ကျွန်မ သင်တန်းကျောင်းက အလုပ်တွေပြီးတော့ မစ္စတာမာရှိဘက ကျွန်မဆီ ဖုန်းဆက်လာပြီး ည သူ့ဆီလာဖို့ ပြောခဲ့တာပါ”

“နောက်တော့ ခင်ဗျား သူ့အိမ်ကို သွားလိုက်တယ် ဆိုပါတော့။ နောက် ဘာဆက်ဖြစ်သေးလဲ”

ဟိရောမိသည် တစ်ခဏမျှ တွေဝေနေပြီး တစ်စုံတစ်ခုကို ဆုံးဖြတ်လိုက်ဟန်ဖြင့် ကုစာနာဂိကို ငေးကြည့်နေသည်။

“အဲဒီညက ကျွန်မ မာရှိဘအိမ်မှာပဲ အိပ်ခဲ့တယ်။ နောက်တစ်နေ့ မနက်ရောက်မှ ကျွန်မ ပြန်လာခဲ့တာ”

နံဘေးရှိ ဥကျူမိက မှတ်တမ်းယူနေသည်။ ကုစာနာဂိသည် သူ့ကို ဘေးတစ်စောင်း မြင်နေရသောကြောင့် သူ၏ မျက်နှာရိပ် မျက်နှာခြေကို အကဲခတ်၍ မရပေ။ သို့သော် သူလည်း သူ့အမြင်နှင့်သူ ရှိပေလိမ့်မည်။ စုံစမ်းမေးမြန်းမှု ပြီးဆုံးသည့်အခါမှ သူ၏အမြင်ကို မေးကြည့်ရဦးမည်ဟု ကုစာနာဂိက တေးမှတ်ထားလိုက်သည်။

“ခင်ဗျားတို့နှစ်ယောက်က ဘယ်အချိန်မှာ ကော်ဖီသောက်ခဲ့ကြတာလဲ”

“မနေ့မနက်က … ကျွန်မ ဖျော်တာ။ အဲ … ကျွန်မတို့ ရှေ့တစ်ရက်ကလည်း သောက်ခဲ့ကြသေးတယ်”

“စနေနေ့ညကို ပြောတာလား။ အဲဒီလိုဆိုတော့ ခင်ဗျားတို့က နှစ်ကြိမ်တောင် သောက်ခဲ့ကြတာပေါ့။ ဟုတ်တယ်မလား”

“ဟုတ်”

“စနေနေ့ညကရော ခင်ဗျားပဲ ဖျော်တာလား”

“မဟုတ်ဘူး။ စနေနေ့ညက ကျွန်မ ရောက်တဲ့အချိန်မှာ မစ္စတာမာရှိဘက ကော်ဖီကို ဖျော်ထားနှင့်ပြီ။ ကျွန်မအတွက်လည်း တစ်ခွက် ပိုဖျော်ထားပေးတယ်” ဟိရောမိက ခေါင်းငုံ့လျက် ဆက်ပြောသည်။

“သူ ကော်ဖီဖျော်တာကို ကျွန်မ ပထမဆုံးအကြိမ် တွေ့ဖူးခြင်းပဲ။ အဲဒီတုန်းက သူကိုယ်တိုင်ကလည်း ပြောသေးတယ်။ သူ့ဟာသူ ကော်ဖီဖျော်မသောက်ဖြစ်တာ အတော်ကြာပြီတဲ့”

“အဲဒီတုန်းက သူ ခံပန်းကန်ပြားကို မသုံးခဲ့ဘူး မဟုတ်လား”

ဥကျုမိသည် မှတ်စုစာအုပ်ပေါ်မှ မျက်နှာခွာပြီး ခေါင်းမော့ကာ မေးခွန်းထုတ်လိုက်သည်။

“ဟုတ်တယ်”

“ဒါဆို ... မနေ့မနက်က သောက်တဲ့ကော်ဖီကို ခင်ဗျားဖျော်တာပေါ့”

ကုစာနာဂိက နောက်တစ်ကြိမ် အတည်ပြုချက် ရယူလိုက်သည်။

“ရှေ့တစ်ညတုန်းက မစ္စတာမာရှိဘဖျော်တဲ့ ကော်ဖီက တော်တော်လေး ခါးနေတာကြောင့် သူက ကျွန်မကို ဖျော်ခိုင်းခဲ့တာ။ မနေ့မနက်က ကျွန်မ ကော်ဖီဖျော်နေတဲ့ တစ်ချိန်လုံး မစ္စတာမာရှိဘလည်း အနားမှာ ရှိနေခဲ့တယ်”

သူက ဥကျုမိကို လှမ်းကြည့်လိုက်သည်။

“အဲဒီတုန်းက ကျွန်မ ခံပန်းကန်ပြားတွေကို အသုံးပြုခဲ့တယ်။ လက်ဆေးကန်ထဲမှာ ရှိနေတဲ့ နှစ်ချပ်ပဲ”

ကုစာနာဂိက ခေါင်းညိတ်လိုက်သည်။ ယခုအချိန်ထိ သူ၏ ပြောစကားများသည် အရှေ့နှင့်အနောက် ကြောင်းကျိုးညီညွတ်နေဆဲပင်။

"ကျွန်တော် ထပ်ပြီး မေးပါရစေဦး။ စနေနေ့ညနဲ့ တနင်္ဂနွေနေ့ မနက် ခင်ဗျားတို့ သောက်တဲ့ ကော်ဖီတွေက မာရိုဘာအိမ်မှာ ရှိတဲ့ သုံးနေကျ ကော်ဖီမှုန့်တွေဆိုတာ သေချာရဲ့လား"

"သေချာပါတယ်။ ကျွန်မ ရေခဲသေတ္တာထဲမှာ ထည့်ထားတဲ့ ကော်ဖီမှုန့်ကိုပဲ ယူသုံးခဲ့တာပါ။ ဒါပေမယ့် စနေနေ့ညမှာ မစ္စတာမာရိုဘာ သုံးတဲ့ ကော်ဖီမှုန့်က ဘယ်ကနေ ရသလဲဆိုတာကိုတော့ ကျွန်မလည်း မပြောတတ်ဘူး။ ဒါပေမယ့် အတူတူ ဖြစ်မှာပါပဲ"

"ခင်ဗျား ဟိုအရင်တုန်းကရော မာရိုဘာအိမ်မှာ ကော်ဖီဖျော်ပေးခဲ့ဖူးလား"

"ဆရာမက တစ်ခါတလေကျရင် ကျွန်မကို ဖျော်ခိုင်းတတ်တယ်။ ဖျော်နည်းကိုလည်း သူပဲ သင်ပေးခဲ့တာ။ မနေ့မနက်က သူသင်ပေးတဲ့ နည်းအတိုင်းပဲ ကျွန်မ ဖျော်ခဲ့တာ"

"ခင်ဗျား ကော်ဖီဖျော်နေတဲ့ အချိန်မှာ ဘာများ ထူးခြားတာရှိလဲ။ သတိထားမိလား။ ဥပမာ ပြောရရင် ကော်ဖီထုပ်က မူလ ရှိသင့်တဲ့ နေရာမှာ မရှိဘဲ နေရာရွှေ့နေတာတို့၊ ကော်ဖီမှုန့်တံဆိပ်က ခါတိုင်း သုံးနေကျတံဆိပ် မဟုတ်တာတို့ပေါ့"

ဟိရောမိက မျက်လုံးအစုံကို အသာအယာ မှိတ်ပြီး ခေါင်းကို ခါယမ်းလိုက်သည်။

"သတိမထားမိဘူး။ ရှိသမျှ ပစ္စည်းအားလုံးက အရင်ကအတိုင်းပဲ ရှိနေတယ်လို့ ထင်တာပဲ"

ပြောပြီး သူ မျက်လုံးဖွင့်ကြည့်သည်။ ထို့နောက် ခေါင်းကို ငဲ့စောင်းလျက် စဉ်းစားရကျပ်နေသည့် မျက်နှာပေးမျိုးဖြင့် မေးလေသည်။

"အမှုနဲ့ ကျွန်မ ကော်ဖီဖျော်ခဲ့တဲ့ ကိစ္စနဲ့က ဘယ်လိုမှ မဆက်စပ်နိုင်ဘူး ထင်တယ်"

"ခင်ဗျား ဆိုလိုတာက ..."

"ဘာဖြစ်လို့လဲ ဆိုတော့"

သူ၏ခေါင်းကို အနည်းငယ် ငုံ့လျက် ကုစာနာဂါကို မျက်လုံးအစုံဖြင့် လှန်ကြည့်လိုက်သည်။

"ကျွန်မတို့ သောက်တုန်းက ကော်ဖီထဲမှာ အဆိပ်မှ မရှိသေးတာ။ လူတစ်ယောက်ယောက်က အဆိပ်ခတ်ခဲ့တယ်ပဲ ဆိုဦးတော့။ ဒါဆိုလည်း အဲဒီနောက်ပိုင်းမှပဲ ဖြစ်ရတော့မှာပေါ့"

"ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမယ့် တရားခံက အကွက်ဆင်ထားတဲ့ ဖြစ်နိုင်ခြေကို ဖယ်ရှားပစ်လို့ မရနိုင်သေးဘူး"

"အကွက်ဆင်တယ် ..."

သူသည် နားမလည်နိုင်သော မျက်နှာဖြင့် ရေရွတ်နေသည်။

"ကျွန်မတော့ ဘာထူးခြားချက်မှ သတိမထားမိဘူး"

"ကော်ဖီသောက်ပြီးတဲ့နောက်မှာရော ခင်ဗျားတို့ ဘာလုပ်ကြသေးလဲ"

"ကျွန်မ ချက်ချင်း အိမ်ပြန်လာခဲ့တယ်။ တနင်္ဂနွေနေ့ဆိုရင် အိကဲဘုကုရိုက အနုပညာသင်ကျောင်းမှာ ကျွန်မ စာသင်ပေးရသေးတယ်"

"သင်တန်းချိန်က ဘယ်နှနာရီကနေ ဘယ်နှနာရီအထိလဲ"

"မနက် ၉ နာရီကနေ ၁၂ နာရီအထိ။ ညနေ ၃ နာရီကနေ ၆ နာရီအထိ"

"နေ့ခင်း သင်တန်းနားတဲ့ အချိန်ကျတော့ရော"

"စာသင်ခန်းကို သန့်ရှင်းရေး လုပ်ပြီး နေ့လည်စာ ထွက်စားတယ်။ ပြီးတာနဲ့ ညနေ စာသင်ချိန်အတွက် ပြင်ဆင်စရာ ရှိတာ ပြင်ဆင်ရတယ်"

"နေ့လည်စာကို အပြင်မှာ ထွက်စားတာလား"

"ဟုတ်တယ်။ ကုန်တိုက်ကြီးရဲ့ မုန့်ဆိုင်တန်းမှာ ရှိတဲ့ ခေါက်ဆွဲဆိုင်တစ်ဆိုင်မှာ စားတယ်"

သူက မျက်မှောင်ကြုတ်လျက် စကားကို ဆက်သည်။

"အဲဒီနေ့တုန်းက ကျွန်မ တစ်နာရီလောက်ပဲ အပြင်ထွက်ခဲ့တယ်လို့ မှတ်မိနေတယ်။ သင်တန်းကျောင်းကနေ မာရှိဘအိမ်ကို အဲဒီအချိန်လောက်နဲ့ ဘယ်လိုမှ အသွားအပြန် သွားလို့ မဖြစ်နိုင်ဘူး"

ကုစာနာဂိက သွားဖြဲလျက် လက်ကို ခါယမ်းပြလေသည်။

"ကျွန်တော်တို့က ခင်ဗျားရဲ့ အလီဘိုင်ကို စုံစမ်းနေတာ မဟုတ်ပါဘူးဗျာ။ စိတ်ချပါ။ ခင်ဗျား မနေ့က ပြောခဲ့တယ်လေ။ အတန်းချိန်တွေ ပြီးတော့ ခင်ဗျား မစ္စတာမာရှိဘဆီကို ဖုန်းဆက်ခဲ့တယ်တဲ့။ အဲဒီအချက်နဲ့ ပတ်သက်ပြီး ခင်ဗျားအနေနဲ့ ပြင်ဆင်ချင်တာများ ရှိနေသေးလား"

ဟိရောမိသည် စိတ်မသက်မသာ ဖြစ်ကာ အကြည့်ကို ကုစာနာဂိထံမှ ဖယ်ရှားလိုက်သည်။

"ကျွန်မ တကယ်ပဲ သူ့ဆီကို ဖုန်းဆက်ခဲ့တယ်။ ဒါပေမယ့် ဖုန်းဆက်ရတဲ့ အကြောင်းအရင်းက ရှင်တို့ကို မနေ့က ပြောခဲ့တာနဲ့တော့ ကွာခြားမှု ရှိတာပေါ့"

"မနေ့က ခင်ဗျားပြောခဲ့တဲ့ စကားကို ကျွန်တော် မှတ်မိနေသေးတယ်။ သူ့ဇနီး အိမ်မှာ မရှိတာကြောင့် အကူအညီ တစ်ခုခုများ လိုအပ်နေမလားလို့ စိတ်ပူတာနဲ့ ခင်ဗျား သူ့ဆီကို ဖုန်းဆက်ခဲ့တယ်။ အဲဒီလို မဟုတ်လား"

"တကယ်တော့ အဲဒီမနက် သူ့အိမ်ကနေ ထွက်ခွာခါနီးမှာ မစ္စတာမာရှိဘက ကျွန်မကို သင်တန်းပြီးရင် သူ့ဆီ ဖုန်းဆက်ဖို့ ပြောခဲ့တာ"

ကုစာနာဂိသည် ခေါင်းငိုက်စိုက်ကျနေသော ဟိရောမိကို ကြည့်လျက် ခေါင်းညိတ်လိုက်သည်။

"အဲဒီတုန်းက ခင်ဗျားနဲ့အတူ ညစာထွက်စားဖို့ စီစဉ်ထားတာ မဟုတ်လား"

"ဟုတ်လောက်တယ်"

“ဒါဆိုရင် ကျွန်တော်တို့ လိပ်ပတ်လည်သွားပါပြီ။ အစကတည်းက ကျွန်တော်တို့ အဲဒီကိစ္စကို သံသယ ရှိနေခဲ့ကြတာ။ သူက ခင်ဗျား အင်မတန် လေးစားရတဲ့ ဆရာမရဲ့ ခင်ပွန်း ဖြစ်နေတယ် ဆိုရင်တောင် ခင်ဗျားအနေနဲ့ သူ့ကို ဒီလောက်အထိ အလေးထားနေဖို့ မထိုက်တန်လှဘူး။ နောက်ပြီး သူ ဖုန်းမကိုင်ဘူး ဆိုရင်တောင် သူ့အိမ်ကို တကူးတက သွားကြည့်နေဖို့ လိုအပ်မယ် မထင်ဘူး”

ဟိရောမိက ပခုံးကို တွန့်ကာ မျက်နှာကို ရှုံ့မဲ့လျက်

“ကျွန်မကိုယ်တိုင်လည်း ကိုယ့်စကားကိုယ် ယုတ္တိမရှိဘူးလို့ ခံစားမိလိုက်တယ်။ ဒါပေမယ့် ရုတ်တရက်ဆိုတော့လည်း တခြား အကြောင်းပြချက်ကို ဘယ်လိုမှ စဉ်းစားလို့ မရခဲ့ဘူး”

“အဲဒီတုန်းက မစ္စတာမာရှိဘာက ဖုန်းမကိုင်လို့ စိတ်ပူတာကြောင့် ခင်ဗျား သူ့အိမ်ကို သွားကြည့်ခဲ့တယ်။ ဒီဖြစ်စဉ်နဲ့ ပတ်သက်ပြီး ခင်ဗျား ပြင်ဆင်ဖြည့်စွက်ချင်တာ ဘာများ ရှိသေးလဲ”

“ဟင့်အင်း၊ မရှိပါဘူး။ အဲဒီနောက်မှာ ဖြစ်ခဲ့တဲ့ အဖြစ်အပျက်တွေကတော့ ကျွန်မ မနေ့က ထွက်ဆိုခဲ့တဲ့ ထွက်ချက်တွေအတိုင်းပဲ။ အရင်က ရှင်တို့ကို လိမ်ပြောခဲ့မိတဲ့အတွက် ကျွန်မ တောင်းပန်ပါတယ်”

သူက ညှိုးငယ်သော မျက်နှာထားဖြင့် ပြောသည်။

ဥကျူမိသည် ကုစာနာဂိ၏ နံဘေးတွင် ထိုင်လျက် မှတ်စုစာအုပ်ထဲ အဆက်မပြတ် ရေးမှတ်နေသည်။ ကုစာနာဂိက သူ့ကို တစ်ချက်လှမ်းကြည့်ပြီး အကြည့်ကို ဟိရောမိထံသို့ ပြောင်းရွှေ့လိုက်ပြန်သည်။

မဆွက သူ ပြောခဲ့သော စကားများထဲတွင် မသင်္ကာစရာ ဘာတစ်ခုမျှ ရှာမတွေ့ပေ။ အတိအကျ ပြောရလျှင် ယမန်နေ့က ဖြစ်ပေါ်ခဲ့သော သံသယများသည် ယခုအခါ အားလုံး ကျေပျက်သွားပြီဟု ဆိုနိုင်သည်။ သို့သော် ထိုသို့သော အကြောင်းကြောင့် သူ့ကို အပြည့်အဝ ယုံကြည်ရန် စောလွန်းနေသေးသည်။

“အရင်က ကျွန်တော်တို့ ခင်ဗျားကို ပြောပြခဲ့ဖူးပါတယ်။ ဒီအမှုက လူသတ်မှုဖြစ်နိုင်တဲ့ ဖြစ်နိုင်ခြေက တော်တော်လေး များတယ်။ ဒီအချက်နဲ့ ပတ်သက်ပြီး ခင်ဗျား ဘာသိထားတာ ရှိသလဲလို့ မနေ့က ကျွန်တော်တို့ မေးတော့ ခင်ဗျားက မသိဘူးလို့ ပြန်ဖြေခဲ့တယ်။ နောက်ပြီး မစ္စတာမာရှိဘာကို

ဆရာမရဲ့ယောက်ျား ဖြစ်နေတာက လွဲလို့ တခြား ဘာကိုမှ သိထားတာ မရှိဘူးလို့လည်း ခင်ဗျား ပြောခဲ့သေးတယ်။ အခုဆို ခင်ဗျားက မစ္စတာမာရှိဘနဲ့ ထူးခြားတဲ့ ဆက်နွယ်မှု ရှိခဲ့တဲ့အကြောင်းကို ဝန်ခံပြီးပြီဆိုတော့ ကျွန်တော်တို့ကို ပြောပြနိုင်မယ့် တခြား သတင်းအချက်အလက်တွေ ရှိနေသေးလား။ အမှုနဲ့ ပတ်သက်ပြီး သုံးသပ်ကြည့်ရအောင်ပါ”

ဟိရောမိက မျက်မှောင်ကြုတ်လျက် ပြောသည်။

“ကျွန်မလည်း အသေအချာ မသိဘူး။ သူ့ကို တစ်ယောက်ယောက်က အဆိပ်ခတ် သတ်လိမ့်မယ်လို့ ကျွန်မဖြင့် ဘယ်လိုမှ မယုံနိုင်အောင်ပါပဲ”

“ခင်ဗျား သေသေချာချာလေး ပြန်စဉ်းစားကြည့်ပါဦးလား။ အခုတလော ခင်ဗျားနဲ့ မစ္စတာမာရှိဘတို့ ဘာတွေ ပြောခဲ့ကြသလဲ။ တကယ်လို့သာ လူသတ်မှုဆိုရင် ကြိုတင်ကြံစည်ပြီး လုပ်ကြံခဲ့တယ်ဆိုတာ သိပ်ကို ထင်ရှားလွန်းနေတယ်။ တစ်နည်းပြောရရင် ဒီ့မတိုင်ခင်မှာ ကြိုတင်ပြင်ဆင်မှုတွေ ရှိကို ရှိခဲ့ရမယ်။ အဲဒီလို အနေအထားမျိုးမှာ လုပ်ကြံခံရသူရဲ့ အတွင်းစိတ်ထဲမှာလည်း ထူးခြား ပြင်းထန်တဲ့ ခံစားချက်မျိုး ရှိနေခဲ့မှာပဲ။ လုပ်ကြံခံရသူက တမင်တကာ ဖုံးကွယ်ဖို့ ကြိုးစားထားခဲ့မယ် ဆိုရင်တောင်မှ မတော်တဆ နှုတ်ကျွံသွားတာမျိုးတွေ ရှိတတ်ကြတယ်”

ဟိရောမိသည် လက်နှစ်ဖက်ဖြင့် နားထင်ကို ဖိလျက် ခေါင်းကို ခါယမ်းလိုက်သည်။

“ကျွန်မ တကယ် မသိဘူး။ သူရဲ့ လုပ်ငန်းကိုင်ငန်းတွေက တစ်လျှောက်လုံး အဆင်ပြေနေခဲ့တာပဲ။ ထူးထူးထွေထွေ ဦးနှောက်ခြောက်စရာမျိုးတွေ ရှိခဲ့မယ် မထင်ဘူး။ နောက်ပြီး သူ့ဆီကနေ သူများ မကောင်းကြောင်း ပြောတာမျိုးလည်း တစ်ခါမှ မကြားခဲ့ဖူးဘူး”

“ကျေးဇူးပြုပြီး စေ့စေ့စပ်စပ် စဉ်းစားကြည့်ပါဦးလား”

ထိုစကားကို ကြားရသည့်အခါတွင် ဟိရောမိသည် အာခံလိုသော ဟန်ပန်အမူအရာကို ဆောင်လျက် ဝမ်းနည်းကြေကွဲသည့် အကြည့်တစ်စုံဖြင့် ကုစာနာဂိကို စိုက်ကြည့်နေလေသည်။

“ကျွန်မ အများကြီး အများကြီးကို စဉ်းစားခဲ့ပြီးသွားပြီ။ မနေ့ညကဆိုရင်

တစ်ညလုံး ရှုံ့ကိုက်ရင်းငိုရင်းနဲ့ စဉ်းစားနေခဲ့တာ။ ဘာဖြစ်လို့ အခုလို အဖြစ်မျိုး ကြုံခဲ့ရတာလဲ။ သူ့ဟာသူ သက်သေသွားတာများ ဖြစ်နိုင်မလားလို့လည်း ကျွန်မ စဉ်းစားကြည့်သေးတယ်။ သူများသတ်လို့ သေခဲ့ရတာရော မဖြစ်နိုင်ဘူးလား။ ကျွန်မ စဉ်းစားခဲ့တာမှ စုံလို့ပဲ။ ဒါပေမယ့် ဘယ်လို စဉ်းစားစဉ်းစား၊ ဘယ်လိုမှ အဖြေမထွက်ခဲ့ဘူး။ ဘယ်လိုမှ နားလည်လို့ မရခဲ့ဘူး။ သူနဲ့ အတူရှိခဲ့ဖူးတဲ့ အချိန်တွေကိုလည်း ကျွန်မ ပြန်ပြောင်း စဉ်းစားကြည့်ခဲ့သေးတယ်။ ဒါပေမယ့် ဘာမှ ထူးမလာခဲ့ဘူး။ တကယ်တော့ သူ ဘာကြောင့် အခုလို ဖြစ်သွားခဲ့ရတာလဲ ဆိုတဲ့ အကြောင်းအရင်းကို အသိချင်ဆုံးသူက ကျွန်မပါရှင်”

ဟိရောမိ၏ မျက်လုံးအစုံတွင် သွေးရောင်လွှမ်းကာ ချင်းချင်းနီလာကြောင်း ကုစာနာဂိ သတိထားမိသည်။ သူ တွေးကြည့်မိသည်။ ဟိရောမိသည် တတိယလူ ဖြစ်နေသော်လည်း မစ္စတာမာရှိဘကို နက်နက်ရှိုင်းရှိုင်း ချစ်နေခဲ့သည်။ တစ်ချိန်တည်းမှာပင် ကုစာနာဂိသည် သူ့ကိုယ်သူ သတိပေးနေမိသည်။ အကယ်၍ ဟိရောမိသည် သရုပ်ဆောင် ပြနေခြင်းမျှသာ ဖြစ်လျှင် လက်ဖျားခါလောက်သည့် သရုပ်ဆောင်ကောင်းသူတစ်ယောက်ဟု ဆိုရပေတော့မည်။

“ခင်ဗျား ဘယ်အချိန်လောက်က စပြီး မစ္စတာမာရှိဘနဲ့ တွဲခဲ့ကြတာလဲ”

သူ၏ အမေးကြောင့် ဟိရောမိ၏ နီမြန်းနေသော မျက်လုံးအစုံမှာ ပြူးကျယ်သွားသည်။

“အဲဒီကိစ္စက အမှုနဲ့ မဆိုင်လောက်ဘူး ထင်တယ်”

“အမှုနဲ့ ဆိုင်မဆိုင် ဆိုတာကို ကျွန်တော်တို့ ကိုယ့်ဘာသာ ပိုင်းဖြတ်ယူပါ့မယ်။ စောစောတုန်းက ပြောခဲ့သလိုပေါ့ဗျာ။ အခုကိစ္စကို ကျွန်တော်တို့ မဆိုင်တဲ့သူတွေဆီ မပေါက်ကြားစေရပါဘူး။ နောက်ပြီး ဒီကိစ္စက အမှုနဲ့ ဘယ်လိုမှ ပတ်သက်မှု မရှိဘူးလို့ ကျွန်တော်တို့ စစ်ဆေးတွေ့ရှိတာနဲ့ တစ်ပြိုင်နက် အဲဒီကိစ္စနဲ့ ပတ်သက်တဲ့ မေးခွန်းတွေကို ကျွန်တော်တို့ နောက်ထပ် ဘယ်တော့မှ မေးမှာ မဟုတ်တော့ပါဘူး”

ဟိရောမိက နှုတ်ခမ်းကို စေ့လျက် အသက်ကို ဝဝရှူသွင်းလိုက်သည်။ ထို့နောက် အေးစက်နေလောက်ပြီ ဖြစ်သော လက်ဖက်ရည်ခွက်ကို ကောက်ကိုင်ကာ တစ်ငုံ မော့သောက်လိုက်သည်။

“လွန်ခဲ့တဲ့ သုံးလလောက်က စခဲ့တာပါ”

ကုစာနာဂိက ခေါင်းညိတ်လိုက်သည်။ သူတစ်ပါး၏ ကာမပိုင် လင်ယောကျ်ားနှင့် ဖောက်ပြားမိလောက်အောင် ဘယ်သို့သော အခြေအနေများက ဟိရောမိအား တွန်းပို့ခဲ့လေသနည်း။ ကုစာနာဂိသည် ယင်းဖြစ်စဉ် အသေးစိတ်ကို သိချင်စိတ် ပြင်းပြနေသော်လည်း နောက်ဆုံး၌ သူ့ကိုယ်သူ ချုပ်တည်းထားနိုင်ခဲ့သည်။

"ခင်ဗျားတို့နှစ်ယောက်ရဲ့ ဇာတ်လမ်းကို တခြား ဘယ်သူတွေရော သိထားသေးလဲ"

"ဟင့်အင်း၊ တခြား ဘယ်သူမှ မသိလောက်ဘူး"

"ဒါပေမယ့် ခင်ဗျားတို့နှစ်ယောက်က အပြင်မှာ အတူတူ ထမင်းစားခဲ့ကြဖူးတယ် မဟုတ်လား။ တစ်ယောက်ယောက်က မတော်တဆ တွေ့သွားနိုင်တယ်လေ"

"ကျွန်မတို့က အဲဒီအပိုင်းမှာ အတော်လေး သတိထားခဲ့ကြတယ်။ ဘယ်တော့မှ တစ်ဆိုင်တည်းကို နှစ်ခါ မသွားဖြစ်ကြဘူး။ နောက်ပြီး သူက အလုပ်ကိစ္စနဲ့ ပတ်သက်ပြီး တခြားအမျိုးသမီးတွေနဲ့လည်း ထမင်းအတူ စားလေ့ရှိတာဆိုတော့ တစ်စုံတစ်ယောက်က ကျွန်မတို့နှစ်ယောက်ကို တွေ့သွားတယ် ဆိုရင်တောင် တောင်တောင်ဤဤ လျှောက်တွေးနေမှာ မဟုတ်ဘူး"

ကြည့်ရသည်မှာ မာရှိဘ ယိုရှိတာကာသည် လွန်စွာမှ မျက်နှာများသော ဘဲတစ်ပွေသာ ဖြစ်ရပေလိမ့်မည်။ ဟိရောမိအပြင် တခြား တိတ်တိတ်ပုန်းများလည်း ရှိချင် ရှိနေနိုင်သေးသည်။ ထိုသို့သာ အမှန်ဖြစ်မည်ဆိုလျှင် မိမိမျက်စိရှေ့၌ တည်ရှိသော ဤအမျိုးသမီးတွင် မာရှိဘ ယိုရှိတာကာကို သတ်ဖြတ်ရန် လုံလောက်သော အကြောင်းပြချက် ရှိနေပေပြီ။ ကုစာနာဂိက ထိုသို့ မှန်းဆကြည့်နေမိသည်။

ဥကျူမိသည် စာရေးနေသော လက်ကို ရပ်တန့်ပြီး ခေါင်းမော့ကာ မေးခွန်းထုတ်လိုက်သည်။

"ရှင်တို့ ချိန်းတွေ့တဲ့ အချိန်တုန်းက ဟိုတယ်ပေါ် ရောက်ခဲ့ကြသေးလား"

ကုစာနာဂိသည် အသံလာရာ ဘက်သို့ တအံ့တသြ လှည့်ကြည့်လိုက်မိသည်။ ဘာကိုမျှ မငဲ့ကွက်ဘဲ မေးစရာ ရှိသည့် မေးခွန်းကို သွေးအေးအေးဖြင့်

မေးမြန်းလိုက်သော ရဲမေ၏ မျက်နှာတစ်ခြမ်းကို ငေးစိုက်ကြည့်နေသည်။ ထိုသို့သော မေးခွန်းမျိုးကို မေးမြန်းရန် သူ့တွင် အစီအစဉ် ရှိထားပြီး ဖြစ်သော်ငြားလည်း ဤကဲ့သို့ တဲ့တိုးမေးရန် စိတ်ကူးမရှိပေ။

မကျေနပ်ချက်များက ဟိရောမိ၏ မျက်နှာတွင် အထင်းသား ပေါ်လွင်နေသည်။

"အဲဒီကိစ္စက စုံစမ်းစစ်ဆေးမှုအတွက် တကယ်ရော အရေးပါလို့လား"

ဥကျူမိက မှင်သေသေဖြင့် ပြန်လည် ဖြေကြားသည်။

"သိပ် အရေးပါတာပေါ့။ အဖြစ်မှန်ကို စုံစမ်းနိုင်ဖို့အတွက် ကျွန်မတို့အနေနဲ့ မစ္စတာမာရှိဘရဲ့ နေ့စဉ်ဘဝကို ဘက်ပေါင်းစုံကနေ အနုစိတ်နိုင်သမျှ နားလည်ထားဖို့ လိုအပ်ပါတယ်။ သူ အသက်ရှင်နေစဉ် ကာလအတွင်း ဘယ်နေရာမှာ ဘာတွေ လုပ်ခဲ့သလဲ ဆိုတာကို ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်အောင် တတ်နိုင်သလောက် လေ့လာစုံစမ်းထားရလိမ့်မယ်။ ဒီတော့ လူပေါင်းစုံဆီကနေ သတင်းအချက်အလက် ပေါင်းစုံကို ကျွန်မတို့ စုစည်းကြရတယ်။ ဒါပေမယ့် မစ္စတာမာရှိဘရဲ့ လုပ်ရှားမှုနဲ့ ပတ်သက်ပြီး တမင်သက်သက် မစုံစမ်းဘဲ ချန်ထားခဲ့တဲ့ ကွက်လပ်တချို့လည်း ရှိပါသေးတယ်။ ရှင်တို့ အဲဒီမှာ ဘာတွေ လုပ်ခဲ့ကြသလဲ ဆိုတာမျိုးကျတော့ ကျွန်မတို့ သိဖို့ မလိုအပ်တော့ဘူး။ ဒါပေမယ့် ရှင်တို့ ဘယ်ဟိုတယ်တွေကို သွားခဲ့သလဲ ဆိုတာမျိုးကိုတော့ ကျွန်မတို့ သိဖို့ လိုလိမ့်မယ်"

"အဲဒီမှာ သူတို့ ဘာတွေ လုပ်ခဲ့သလဲဆိုတာ လမ်းကြုံတုန်း မေးလိုက်ပါလား"

ကုစာနာဂိက ဤသို့ ဝင်နှောက်လိုက်ချင်သော်လည်း အောင့်အီးထားလိုက်ရသည်။

ဟိရောမိသည် စိတ်ပျက်လက်ပျက်ဖြင့် နှုတ်ခမ်းကို မဲ့လိုက်သည်။

"ကျွန်မတို့က အပေါစား ဟိုတယ်တွေကို သွားလေ့မရှိဘူး"

"ပုံသေ သတ်မှတ်ထားတာမျိုး ရှိလား"

"ဟိုတယ်သုံးလုံးတော့ အမြဲသွားလေ့ရှိတယ်။ ဒါပေမယ့် ရှင်တို့ ဘယ်လိုမှ

အတည်ပြုနိုင်မယ် မထင်ဘူး။ သူက ဘယ်တော့မှ နာမည်အရင်းကို သုံးလေ့မရှိဘူး''

"ဖြစ်နိုင်မယ်ဆိုရင် အဲဒီ ဟိုတယ်သုံးလုံးရဲ့ နာမည်ကို ပြောပြပေးပါလား။ လိုအပ်လို လိုအပ်ငြားပေါ့'' ဥကျုမိက မှတ်တမ်းယူရန် အသင့်ပြင်ထားသည်။

ဟိရောမိသည် မျက်နှာညိုးငယ်စွာဖြင့် ဟိုတယ်သုံးလုံး၏ နာမည်များကို ရွတ်ပြလိုက်သည်။ ၎င်းဟိုတယ်များ အားလုံးသည် တိုကျိုမြို့တွင်းရှိ အဆင့်တန်းမြင့်သော ဟိုတယ်များ ဖြစ်ကြသည်။ အကယ်၍သာ ယင်းဟိုတယ်များတွင် ရက်ရှည် တည်းခိုခြင်း မပြုခဲ့ပါလျှင် ဟိုတယ်ဝန်ထမ်းများသည် ဧည့်သည်၏ ပုံပန်းသဏ္ဌာန်ကို မည်သို့မျှ မှတ်သားထားနိုင်လိမ့်မည် မဟုတ်ပေ။

"ချိန်းတွေ့တဲ့ ရက်ကရော အသေ သတ်မှတ်ထားတာမျိုး ရှိလား'' ဥကျုမိက တစ်ဆင့်တက်၍ မေးလိုက်ပြန်သည်။

"မရှိဘူး။ များသောအားဖြင့် အပြန်အလှန် စာတိုပို့ပြီး အားမအား မေးဖြစ်ကြတာပဲ''

"အကြိမ်ရေကရော''

ဟိရောမိက ခေါင်းငဲ့ကာ ပြောသည်။

"တစ်ပတ်ကို တစ်ခါလောက်ပဲ''

မေးချင်သည်တို့ကို မေးမြန်းပြီးသည့်အခါတွင် ဥကျုမိသည် ကုစာနာဂိကို ခေါင်းဆတ်ပြသည်။

"အခုလို အချိန်ပေးပြီး ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒီနေ့အတွက်တော့ ကျွန်တော်တို့ မေးစရာ မရှိတော့ပါဘူး''

ကုစာနာဂိသည် စိတ်လက် မကြည်မသာ ဖြစ်နေသော ဟိရောမိကို ပြုံးပြနှုတ်ဆက်ကာ ဘေလ်စာရွက်ကို ကောက်ယူလိုက်သည်။

စားသောက်ဆိုင်မှ ယာဉ်ရပ်နားကွင်းသို့ သွားသည့် လမ်းပေါ်တွင် ဟိရောမိသည် ခြေလှမ်းကို ရုတ်တရက် တုံ့ရပ်လိုက်သည်။

"ဒီမယ် …"

"ဗျာ …"

"ကျွန်မ အိမ်ပြန်လို့ ရပြီလား"

ကုစာနာဂိက သူ့ကို လှည့်ကြည့်လိုက်သည်။

"ခင်ဗျားဆရာမက ခင်ဗျားကို ခေါ်ထားတာ မဟုတ်ဘူးလား"

"ကျွန်မ အခု အရမ်း ပင်ပန်းနေပြီ။ နေလို့လည်း မကောင်းဘူး။ ဆရာမကိုတော့ ရှင်တို့ပဲ ကြည့်ပြောပေးပါ"

"ရပါတယ်"

"ရှင့်ကို ကျွန်မတို့ အိမ်အထိ လိုက်ပို့ပေးရမလား" ဥက္ကာ့မိက မေးသည်။

"မလိုပါဘူး။ ကျွန်မ ကိုယ့်ဘာသာကိုယ်ပဲ တက္ကစီ ငှားပြန်လိုက်မယ်။ ကျေးဇူးပါပဲ"

ဟိရောမိသည် ကုစာနာဂိတို့ကို ကျောခိုင်းကာ အဝေးသို့ လမ်းလျှောက်သွားလေတော့သည်။ တက္ကစီ အလွတ်တစ်စီးက အခန့်သင့် ရောက်လာသောကြောင့် လက်ပြတားကာ ကားထဲသို့ လျှိုးဝင်ပျောက်ကွယ်သွားသည်။ တက္ကစီကား မောင်းထွက်သွားသည်ကို ကုစာနာဂိက အဝေးသို့ ရောက်သည်အထိ ငေးကြည့်နေမိသည်။

"ငါတို့က မစ္စစ်မာရှိဘကို သူတို့အကြောင်း ပြန်ပြောပြလိမ့်မယ်လို့များ သူ ထင်နေသလား မသိဘူး"

"မပြောတတ်ဘူးလေ။ ဒါပေမယ့် ကျွန်မအထင် ပြောရရင်တော့ ကျွန်မတို့ကို အခုလေးတင်မှ သူတို့ကိစ္စ ပြောပြထားတာဆိုတော့ မစ္စစ်မာရှိဘရဲ့ အရှေ့မှာ ဘာမှ မဖြစ်သလို သူ ဟန်ဆောင်ပန်ဆောင် နေနေတာကို ကျွန်မတို့ မြင်သွားမှာ မလိုလားလို့ ဖြစ်မယ် ထင်တယ်"

"အဲဒီလိုလည်း ဖြစ်နိုင်တာပဲ"

"အဲဒီဘက်ကရော အခြေအနေ ဘယ်လို ရှိမလဲ မသိဘူးနော်"

"ဘယ်ဘက်လဲ"

"မစ္စစ်မာရှိဘာဘက်လေ။ သူ့ယောက်ျား ဖောက်ပြန်နေတာကို သူ တကယ်ပဲ တစ်စက်ကလေးတောင် သတိမထားခဲ့မိဘူးလား"

"အဲဒါလား … မထားမိခဲ့ဘူး နေမှာပေါ့"

"ဆရာက ဘာဖြစ်လို့ အဲဒီလို ယူဆရတာလဲ"

"စောစောက သူ့ရဲ့ အမူအရာကို ကြည့်ရင် သိနေပြီပဲ ဥစ္စာ။ သူက ဝါကာယာမာ ဟိရောမိကို ဖက်ပြီးတော့တောင် ငိုနေခဲ့သေးတာပဲ"

"ဟုတ်လား …" ဥကျူမိက ခေါင်းငုံ့ကာ ပြောလိုက်သည်။

"ဘာဖြစ်လို့လဲ။ ပြောစရာရှိရင် ပွင့်ပွင့်လင်းလင်း ပြောပြမှပေါ့"

သူသည် ကုစာနာဂိကို ခေါင်းမော့ကြည့်ရင်း ပြောလိုက်သည်။

"အဲဒီမြင်ကွင်းကို မြင်လိုက်ရတဲ့ အချိန်မှာပဲ ကျွန်မ ရုတ်တရက် အတွေးပေါက်သွားတယ်။ မစ္စစ်မာရှိဘာက အများရှေ့မှာ တမင်သက်သက် သူ့ကို ငိုပြတာ မဖြစ်နိုင်ဘူးလား။ လူမြင်ကွင်းမှာ ဘယ်တော့မှ ထင်ထင်ပေါ်ပေါ် ငိုကြွေးခွင့်မရနိုင်တဲ့ လူရဲ့ အရှေ့မှာ တမင် ငိုပြတာပါ ဆိုရင်ရော"

"ဘယ်လို ဘယ်လို"

"ဆောရီးပဲ။ ကျွန်မ ရမ်းပြောတယ်လို့ပဲ သဘောထားလိုက်ပါတော့။ ကျွန်မ ကားသွားယူလိုက်ဦးမယ်"

ယာဉ်ရပ်နားကွင်းသို့ ဦးတည်၍ လျှောက်လှမ်းနေသော ဥကျူမိ၏ ကျောပြင်ကို ကုစာနာဂိက ငေးငိုင်၍ ကြည့်နေမိလေသည်။

(၆)

မာရီဘာအိမ်တွင် ပြုလုပ်နေသော အာယနဲအပေါ် မာမီယာတို့၏ မေးမြန်းစုံစမ်းမှုသည်လည်း ဆုံးခန်းတိုင်လေပြီ။ ဟိရောမိသည် နေထိုင်မကောင်း၍ အိမ်သို့ ပြန်သွားပြီ ဖြစ်ကြောင်း အာယနဲကို ပြောပြလိုက်သည်။

"ဟုတ်လား။ အခုကိစ္စကြောင့် သူလည်း အတော်လေး တုန်လှုပ်နေပုံရတယ်"

အာယနဲသည် လက်နှစ်ဖက်ဖြင့် လက်ဖက်ရည်ခွက်ကို ဆုပ်ကိုင်လျက် အဝေးသို့ ငေးကြည့်ရင်း ပြောလိုက်သည်။ စိတ်ဆင်းရဲနေသည့် သူ၏ ပုံပန်းသဏ္ဌာန်မှာ စိုးစဉ်းမျှ ပြောင်းလဲခြင်း မရှိသေး။ သို့သော် ဆိုဖာခုံပေါ်တွင် မတ်မတ်ထိုင်နေသော သူ၏ ဟန်ပန်သည် ကြံ့ခိုင်တောင့်တင်းသော သူ၏ အတွင်းစိတ်ကို လှစ်ဟဖော်ပြနေသည်။

အာယနဲ၏ နံဘေးတွင် ချထားသော လက်ကိုင်အိတ်ထဲမှ ဖုန်းမြည်သံ ထွက်ပေါ်လာသည်။ သူသည် ဖုန်းကို ဆွဲထုတ်လိုက်ပြီး ခွင့်ပြုချက် တောင်းခံနေသည့်နှယ် မာမီယာကို စိုက်ကြည့်နေသည်။ မာမီယာက သဘောတူသည့် အနေဖြင့် ခေါင်းညိတ်ပြသည်။

"ဟယ်လို ... ဟုတ်၊ အဆင်ပြေပါတယ်။ ... ... အခု ရဲဌာနက လူတွေလည်း ဒီကို ရောက်နေကြတယ်။ ... ... အခုထိတော့ မသေချာသေးဘူး။ ကြားတာတော့ ဧည့်ခန်းထဲမှာ လဲကျသွားတာတဲ့။ ... ... ဟုတ်ကဲ့၊ အကျိုးအကြောင်း သိရရင် သမီး ဖုန်းဆက်ခဲ့မယ်။ ... ... ဖေဖေ့ကိုလည်း ပြောလိုက်ပါဦး။ စိတ်မပူနဲ့လို့။ ... ... ဟုတ်ကဲ့၊ သမီး ဖုန်းချလိုက်တော့မယ်"

ဖုန်းချပြီးနောက် အာယနဲက မာမီယာကို ကြည့်၍ ပြောသည်။

"ကျွန်မအမေဆီက"

"ခင်ဗျားအမေကို ဖြစ်ကြောင်းကုန်စင် ပြောပြပြီးသွားပြီလား" ကုစာနာဂိက

မေးသည်။

"ရုတ်တရက် ဆုံးသွားတယ် လို့ပဲ သူ့ကို ပြောထားတာ။ သူက အကြောင်းအကျိုး သိချင်နေတော့ ကျွန်မလည်း ဘယ်လို ပြောပြရမှန်း မသိတော့ဘူး" အာယနဲသည် နဖူးကို လက်ဖြင့် အုပ်လိုက်သည်။

"ခင်ဗျားအမျိုးသားရဲ့ ကုမ္ပဏီကိုရော အကြောင်းကြားပြီးပြီလား"

"ဒီမနက် ဆပ်ပိုရိုကနေ ထွက်မလာခင် သူရဲ့ ဥပဒေအကြံပေးကို ကျွန်မ ဖုန်းဆက်ပြီး အကြောင်းကြားထားတယ်။ ကျွန်မ အစောပိုင်းက ပြောခဲ့ဖူးတဲ့ မစ္စတာအီကာအိပဲ"

"မိသားစုညစာစားပွဲကို တက်ခဲ့တယ် ဆိုတဲ့တစ်ယောက်လား"

"ဟုတ်တယ်။ ကုမ္ပဏီရဲ့ ဥက္ကဋ္ဌက ရုတ်တရက် ကွယ်လွန်သွားတာဆိုတော့ ကုမ္ပဏီထဲမှာလည်း ယောက်ယက်ခတ်နေလောက်ပြီ။ ခက်တာက ကျွန်မလည်း ဘာမှ ကူညီမပေးတတ်ဘူး ..."

အာယနဲ၏ မျက်နှာပေါ်တွင် သောက၏ အရိပ်အငွေ့များ လွှမ်းမိုးနေသည်။ သူသည် တစ်နေရာသို့ ငေးမိငေးရာ ငေးစိုက်ကြည့်နေသည်။ အများ၏ အမြင်တွင် စိတ်ဓာတ်ခိုင်မာသော လူတစ်ဦးအဖြစ် တွေ့မြင်နိုင်စေရန်အတွက် သူ အစွမ်းကုန် ကြိုးစားနေခဲ့သော်လည်း အခြားသူများက သူ၏ ပြိုကျလုဆဲဆဲ စိတ်အခြေအနေကို ရိပ်စားမိနေကြသည်။ သူ့အား ဖေးမကူညီလိုစိတ်များက ကုစာနာဂိ၏ ရင်တွင် တဖွားဖွား ဖြစ်ပေါ်လျက် ရှိသည်။

"မစ္စဝါကာယာမာ နေမကောင်း ဖြစ်နေတဲ့ အတောအတွင်းမှာ ခင်ဗျားရဲ့ ဆွေမျိုးသားချင်း ဒါမှမဟုတ် သူငယ်ချင်းတစ်ယောက်ယောက်ကို အဖော်အဖြစ် အနားမှာ ခေါ်ထားရင် ကောင်းမယ် ထင်တယ်။ အခုလို အချိန်မျိုးမှာ နေ့စဉ်လုပ်နေကျ ဝေယျာဝစ္စမျိုးကို လုပ်ရတာတောင် အတော်လေး ပင်ပန်းခက်ခဲနေတတ်တယ်"

"ကျွန်မအတွက်က ပြဿနာ မရှိပါဘူး။ နောက်ပြီး ဒီလိုအချိန်မျိုးမှာ အိမ်ထဲ တခြားလူတွေ ရှိမနေတာက ရှင်တို့အတွက် ပိုကောင်းလိမ့်မယ် ထင်တယ်။ ဟုတ်တယ် မဟုတ်လား" အာယနဲက မာမီယာကို မေးသည်။

မာမီယာက ကသိကအောက် ဖြစ်နေသော မျက်နှာထားဖြင့် ကုစာနာဂါကို လှမ်းကြည့်သည်။

"ဒီနေ့ညနေကျရင် ထ.ရ.ဖက ဒီကို ဒုတိယအကြိမ်မြောက် လာစစ်ကြဦးမှာ။ မစ္စစ်မာရှိဘလည်း သဘောတူထားပြီးပြီ"

အာယနဲ့အား တစ်ယောက်တည်း ပူဆွေးခွင့်ပင် ပေးရန် အစီအစဉ် ရှိကြဟန် မတူ။ ကုစာနာဂါသည် မျက်နှာကို အောက်ချလျက် မုဆိုးမအသစ်စက်စက်ကို တိတ်တဆိတ် တောင်းပန်နေမိသည်။

မာမီယာက မတ်တတ်ထရပ်လိုက်သည်။

"အနှောင့်အယှက် ပေးမိတာလည်း အချိန်တော်တော် ကြာသွားပြီ။ ကိရှိတာနိက ဒီမှာ နေခဲ့လိုက်တော့။ မစ္စစ်မာရှိဘအနေနဲ့ အကူအညီ လိုအပ်ရင် သူ့ဆီမှာ တောင်းဆိုနိုင်ပါတယ်။ အားမနာပါနဲ့။ သူ့ကို လက်တိုလက်တောင်း ခိုင်းစရာ ရှိရင် ခိုင်းနိုင်ပါတယ်"

အာယနဲ့က ကျေးဇူးတင်ကြောင်း တိုးညင်းစွာ ပြန်ပြောသည်။

အိမ်အပြင်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် မာမီယာက ကုစာနာဂါနှင့် ဥကျုမိတို့ကို မေးလေတော့သည်။

"အခြေအနေ ဘယ်လိုလဲ"

"ဝါကာယာမာ ဟိရောမိက သူနဲ့ မစ္စတာမာရှိဘတို့ရဲ့ အကြောင်းကို ဝန်ခံလိုက်ပါပြီ။ လွန်ခဲ့တဲ့ သုံးလလောက်ကတည်းက ဇာတ်လမ်းစခဲ့ကြတာတဲ့။ သူပြောပုံအရတော့ သူတို့နှစ်ယောက်အကြောင်းကို အပြင်လူတွေ ဘယ်သူမှ မသိကြသေးဘူး"

ကုစာနာဂါ၏ တင်ပြချက်များကို နားထောင်ပြီးသည့်အခါတွင် မာမီယာက ဟင်းချလိုက်သည်။

"အဲဒီလိုဆိုတော့ လက်ဆေးကန်ထဲက ကော်ဖီခွက်တွေက ..."

"သူတို့နှစ်ယောက် တနင်္ဂနွေနေ့ မနက်က သောက်ခဲ့ကြတာ။

အဲဒီအချိန်တုန်းက သောက်တဲ့ ကော်ဖီကို မစ္စဝါကာယာမာက ဖျော်ခဲ့တာ။ နောက်ပြီး ကော်ဖီမှုန့်ကလည်း ဘာမှ ထူးခြားမှု မရှိဘူးလို့ ပြောတယ်"

"ဒီလိုဆိုရင်တော့ အဲဒီနောက်ပိုင်းမှာမှ အဆိပ်ခတ်တယ် ဆိုတဲ့ သဘောပေါ့"

မာမီယာသည် မုတ်ဆိတ်မွေးများ တောထနေသည့် မေးစေ့ကို ပွတ်ရင်း စကားကို နိဂုံးချုပ်လိုက်သည်။

"မစ္စစ်မာရှိဘဆီကရော ဘာတွေ မေးလို့ရခဲ့လဲ" ကုစာနာဂိက သူ့ကို မေးခွန်းပြန်ထုတ်လိုက်သည်။

မာမီယာက မျက်မှောင်ကြုတ်လျက် ခေါင်းကို တွင်တွင် ခါယမ်းနေသည်။

"ဘာမှ ဟုတ်တိပတ်တိ မေးမရခဲ့ဘူး။ သူ့ယောက်ျား ခြေလှမ်းပျက်နေတာကို သူ သတိထားမိ၊ မထားမိ ဆိုတာကိုတောင် မှန်းဆလို့ မရသေးဘူး။ အဲဒီတုန်းက ငါ သူ့ကို တဲ့တိုးမေးခဲ့တာပဲ။ သူ့ယောက်ျားက တခြားမိန်းကလေးတွေနဲ့ အပြင်မှာ ရှုပ်ရှုပ်ယှက်ယှက် လုပ်ခဲ့ဖူးတာမျိုး ရှိသလားပေါ့။ သူက တစ်ခွန်းတည်းနဲ့ အပြတ် ငြင်းလိုက်လိမ့်မယ်လို့ ထင်တောင် ထင်မထားခဲ့ဘူး။ တစ်ချက်ကလေးတောင် တွန့်ဆုတ်နေတာမျိုး မရှိခဲ့ဘူး။ ကြည့်ရတာ ဟန်ဆောင်နေတာနဲ့ နည်းနည်းလေးမှ မတူဘူး။ တကယ်လို့သာ ဟန်ဆောင်နေတယ်ဆိုရင်လည်း အတော်ကို တော်တဲ့ သရုပ်ဆောင်ပဲလို့ ပြောရတော့မှာပဲ"

ကုစာနာဂိသည် ဥကျုမိ၏ မျက်နှာကို တိတ်တခိုး လှမ်းကြည့်လိုက်သည်။ အာယနဲက ဟိရောမိကို ဖက်၍ အော်ကြီးဟစ်ကျယ် ငိုယိုခဲ့ခြင်းသည် အာယနဲ၏ သရုပ်ဆောင်မှု သက်သက်သာ ဖြစ်ကြောင်း ဥကျုမိ ပြောခဲ့ဖူးသည် မဟုတ်လား။ ယခု ခွဲမှူး၏ စကားကို ကြားရသည့်အခါတွင် သူ မည်သို့ တုံ့ပြန်ခံစားရမည်နည်း။ ကုစာနာဂိ သိချင်နေမိသည်။ သို့သော် ငယ်ရွယ်နုပျိုသော ရဲမေ၏ အမူအရာသည် စိုးစဉ်းမျှ ပြောင်းလဲသွားခဲ့ခြင်း မရှိပေ။ စာအုပ်နှင့် ဘောပင်ကို ကိုင်လျက် အမိန့်နာခံရန် အသင့် စောင့်မျှော်နေရုံမျှသာ။

"မစ္စတာမာရှိဘ အပြင်မှာ မိန်းမရှုပ်ခဲ့တဲ့ အကြောင်းကို သူ့မိန်းမကို ပြောပြသင့်တယ် ထင်တာပဲ"

ကုစာနာဂိ၏ စကားကို ကြားရသည့်အခါတွင် မာမီယာက ချက်ချင်း ခေါင်းခါလိုက်သည်။

"ငါတို့က သူ့ကို တကူးတက ပြောပြနေဖို့ မလိုအပ်ပါဘူး။ အဲဒီလို လုပ်လိုက်လို့ အမှုအတွက်လည်း ဘာမှ အကျိုးရှိမှာ မဟုတ်ဘူး။ နောက်ကျရင်လည်း မင်းတို့ သူနဲ့ မကြာမကြာ တွေ့နေရဦးမှာ။ စကားမကျွံမိအောင် သတိထားနေကြ"

"အဲဒီလိုဆိုတော့ သူ မသိအောင် ဖုံးကွယ်ပေးနေရမယ့် သဘောလား"

"ငါ ဆိုလိုတာက မင်း သူ့ကို သွားမပြောမိစေနဲ့လို့ ပြောတာ။ တကယ်လို့ သူ့ဟာသူ ရိပ်မိသွားတယ် ဆိုရင်တော့လည်း တစ်မျိုးပေါ့" ပြောပြီး မာမီယာသည် အိတ်ကပ်ထဲမှာ စာရွက်ပိုင်းတစ်ရွက်ကို ဆွဲထုတ်လိုက်သည်။

"မင်းတို့ အခုချက်ချင်း ဒီအိမ်ကို သွားလိုက်ကြ"

စာရွက်ပေါ်တွင် အီကာအိ တတ်ဆုဟီကို၏ နာမည်၊ ဖုန်းနံပါတ်နှင့် အိမ်လိပ်စာကို ရေးမှတ်ထားသည်။

"မစ္စတာမာရှိဘ မဆုံးခင်က ဘာတွေ လုပ်ခဲ့သလဲ ဆိုတာနဲ့ သောကြာနေ့ညက ညစာစားပွဲအကြောင်း ရအောင် စုံစမ်းခဲ့"

"အခုဆို မစ္စတာအီကာအိက ကုမ္ပဏီကိစ္စနဲ့ အလုပ်ရှုပ်နေတယ်လို့ ပြောသံကြားလိုက်တယ်"

"သူ့မိန်းမကတော့ အိမ်မှာ ရှိလောက်ပါတယ်။ မင်းတို့ သူ့အိမ်ကို ဖုန်းဆက်ပြီး အဲဒီကို အရင်သွားကြည့်ကြည့်လိုက်။ မစ္စစ်မာရှိဘ ပြောတာတော့ မီးဖွားပြီးတာမှ နှစ်လပဲ ရှိသေးတယ်တဲ့။ သူလည်း ကလေးထိန်းတာနဲ့ ဘာနဲ့ဆိုတော့ မြန်မြန်သာ ပြီးပြတ်အောင် လုပ်ခဲ့လိုက်"

အီကာအိတို့ ဇနီးမောင်နှံထံသို့လည်း ရဲဘက်မှ သွားရောက် စုံစမ်းမေးမြန်းဦးမည်ကို အာယနဲသည် ကြိုတင် တွက်ဆပြီး ဖြစ်ပေလိမ့်မည်။ အာယနဲသည် သူကိုယ်တိုင် ဒုက္ခပင်လယ် ဝေနေစဉ်အတွင်းမှာပင် သူ၏ သူငယ်ချင်းအပေါ် စာနာထောက်ထားမှု ပြပေးနေသေးသည်ကို တွေ့ရသည့်အခါတွင် ကုစာနာဂိသည် သူ့ကို ကျိတ်၍ ချီးကျူးနေမိသည်။

ဥကျိုမိ၏ ကားသည် သူတို့နှစ်ဦးကို တင်ဆောင်လျက် အီကာအိအိမ်သို့ ဦးတည် ရွေ့လျားနေသည်။ ကုစာနာဂိသည် ကားပေါ်မှ အီကာအိအိမ်သို့ ဖုန်းခေါ်လိုက်သည်။ ရဲဘက်မှ ဖုန်းဆက်လာသည်ဟု သိရသည်နှင့် တစ်ပြိုင်နက်

အီကာအိ ယူကီကို၏ အသံမှာ ခက်ထန်မာကြောလာသည်။ မေးခွန်းတချို့ မေးမြန်းရန် လာရောက်ခြင်း ဖြစ်ကြောင်း လာရင်းကိစ္စကို ကုစာနာဂိက အလျင်အမြန် ရှင်းပြလိုက်ရသည်။ ထိုအခါမှ သူက စိတ်မပါ့တပါဖြင့် သဘောတူလိုက်သည်။ သို့သော် သူတို့ကို နောက်တစ်နာရီကြာမှ လာတွေ့ရန် ပြောကြားထားသောကြောင့် သူတို့နှစ်ယောက်သည် ကော်ဖီဆိုင်တစ်ဆိုင်သို့ ဝင်၍ အချိန်ဖြုန်းနေကြရသည်။

"ခုနက စကားကို ဆက်ပြောရရင် မစ္စစ်မာရှိဘာက သူ့ယောက်ျား ခြေရှုပ်နေတာကို သိထားပြီးပြီလို့ နင် တကယ် ယူဆထားတာလား" ကုစာနာဂိက ကိုကိုး တစ်ငုံသောက်ပြီး မေးလိုက်သည်။ မဆွက ဟိရောမိနှင့် စကားပြောခဲ့ကြစဉ် ကော်ဖီတစ်ခွက် သောက်ထားပြီး ဖြစ်သောကြောင့် ယခုတစ်ခါတွင် ကိုကိုးအပူတစ်ခွက်ကိုသာ မှာယူခဲ့သည်။

"ကျွန်မက အဲဒီလို ခံစားမိတယ်လို့ ပြောတာပါ"

"ဒါပေမယ့် နင့်စိတ်ထဲမှာ အဲဒီလိုပဲ ယုံထားတာ မဟုတ်လား"

ဥက္ကျမိက ပြန်လည်ဖြေကြားခြင်း မရှိဘဲ မျက်စိရှေ့ရှိ ကော်ဖီခွက်ကိုသာ စူးစိုက်ကြည့်နေသည်။

"တကယ်လို့သာ သူ သိထားပြီးပြီ ဆိုရင် သူက ဘာဖြစ်လို့ သူ့ယောက်ျားနဲ့ မစ္စဝါကာယာမာကို ပြဿနာ မရှာရတာလဲ။ စနေညက မိတ်ဆုံစားပွဲမှာတောင် မစ္စဝါကာယာမာကို ဖိတ်လိုက်သေးတယ် မဟုတ်လား။ ပုံမှန်ဆိုရင်တော့ ဘယ်သူမှ အဲဒီလို လုပ်မယ် မထင်ဘူး"

"ဟုတ်မှာပါ။ တကယ်လို့သာ သာမန်မိန်းမတစ်ယောက်ဆိုရင် ကိုယ့်ယောက်ျားက အပြင်မှာ အငယ်အနှောင်း ရှိနေတာကို သိလိုက်တာနဲ့ တစ်ပြိုင်နက် မိုးမီးလောင်တဲ့အထိ ဝုန်းဒိုင်းကြဲနေတော့မှာ"

"နင့်သဘောက မစ္စစ်မာရှိဘာက သာမန်မိန်းမ မဟုတ်ဘူးလို့ ပြောချင်တာလား"

"လက်ရှိအခြေအနေအရ ဘာကိုမှ ယတိပြတ် မပြောနိုင်သေးပေမယ့် ကျွန်မ အထင်အရတော့ သူက အင်မတန်မှ ဖြတ်ထိုးဉာဏ် ကောင်းတယ်။ ဉာဏ်ကောင်းရုံတင် မကဘူး။ လက်ဖျားခါလောက်အောင် သည်းခံနိုင်စွမ်း ရှိတယ်"

"သူက အဲဒီလို သည်းခံနိုင်လွန်းလို့ပဲ သူ့ယောက်ျား နောက်မီးလင်းတာကိုလည်း သည်းညည်းခံနေတယ်လို့ ပြောချင်တာလား"

"ဝုန်းဒိုင်းကြဲပြီး ပြဿနာ ရှာခဲ့ရင်တောင် သူ့အတွက် အကျိုးအမြတ် ရမလာနိုင်ဘူးလို့ သူ ကောင်းကောင်း သိထားတယ်။ အဲဒီအပြင် တန်ဖိုးရှိတဲ့ အရာနှစ်ခုကိုလည်း သူ လက်လွှတ်ဆုံးရှုံးသွားနိုင်သေးတယ်။ တည်ငြိမ်တဲ့ အိမ်ထောင်သည်ဘဝရယ်၊ နောက်ပြီး ထူးချွန်ထက်မြက်တဲ့ တပည့်ရယ်"

"ဟုတ်ပါတယ်။ ဒါပေမယ့် ကိုယ့်ယောက်ျားရဲ့ ချစ်သူ၊ လင်လုဖက်တစ်ယောက်ကို ကိုယ့်အနားမှာ နေခွင့်ပေးထားတာ မြွေပွေးခါးပိုက်ပိုက်သလို ဖြစ်မနေဘူးလား။ နောက်ပြီး အခုလို အတုအယောင် အိမ်ထောင်သည်ဘဝကရော ဘာများ တန်ဖိုးထားစရာ ရှိနေသေးလို့လဲ"

"တန်ဖိုးထားမှုနဲ့ ပတ်သက်ပြီး လူတွေရဲ့ အမြင်တွေက ပုံစံအမျိုးမျိုး ရှိနိုင်ကြတာပဲ။ တကယ်လို့သာ အိမ်တွင်းပဋိပက္ခတွေ ရှိနေခဲ့မယ် ဆိုရင်တော့ တစ်မျိုးပေါ့လေ။ ဒါပေမယ့် ဒီလင်မယားကို ကြည့်ရတာ နှစ်ကိုယ်ကြား ဘာပြဿနာမှ ကြီးကြီးမားမား ရှိနေတာ မတွေ့ရဘူး။ နောက်ပြီး သူငယ်ချင်းတွေနဲ့ ပါတီပွဲတွေတောင် လုပ်လိုက်သေးတယ်။ အနည်းဆုံး အပြင်ပန်းအရတော့ အဲဒီလို မြင်ရတာပေါ့။ အဲဒါအပြင် ငွေရေးကြေးရေးအတွက် ပြေးရလွှားရတာမျိုးလည်း မရှိဘူး။ ဒီတော့ သူ ဝါသနာပါတဲ့ စပ်ထည်ပန်းချီကားကို စိတ်ရောကိုယ်ပါ နှစ်ပြီး လုပ်နေနိုင်တာပေါ့။ ကျွန်မအထင်တော့ သူက ဒီလိုဘဝမျိုးကို ကြေမွပျက်ဆီးသွားအောင် စိတ်လိုက်မာန်ပါ လုပ်တတ်တဲ့ ငတုံးအမျိုး မဟုတ်ဘူး။ ဒါမှမဟုတ် သူ့ယောက်ျားနဲ့ သူ့တပည့်အကြားမှာ ရှိတဲ့ အချစ်ဇာတ်လမ်းကို သူ့အလိုလို မီးအရှိန်သေသွားအောင် စောင့်နေတာလည်း ဖြစ်နိုင်တာပဲ။ အဲဒီလိုဆိုရင်လည်း သူ့အနေနဲ့ ဘာတစ်ခုမှ ဆုံးရှုံးသွားမှာ မဟုတ်ဘူး"

ဥက္ကာမြိုသည် စကားများကို မကြံ့စဖူး ထူးကဲစွာ ခရားရေလွှတ် တတွတ်တွတ် ပြောနေလေသည်။ သူ၏ ယူဆချက်များက ရဲတင်းပြတ်သားလွန်းလှသည်။ ထို့ကြောင့် သူကိုယ်နှိုက်ပင် မလုံမလဲဖြစ်သွားသောကြောင့်လား မဆိုနိုင်။ စကားဆုံးသွားသည့်အခါတွင် နောက်တစ်ခွန်း ထပ်ဖြည့်လိုက်သည်။

"အဲဒါတွေက ကျွန်မရဲ့ ထင်မြင်ချက်ပါ။ မှန်ချင်မှလည်း မှန်မှာပေါ့လေ"

ကုစာနာဂိက ကိုကိုးကို တစ်ငုံ မော့သောက်လိုက်သည်။ သူ

မျှော်လင့်ထားသည်ထက် အချိုကဲနေသည်ကို မထင်မှတ်ဘဲ ကြုံတွေ့လိုက်ရသည့် အခါတွင် သူ မျက်မှောင်ကို ကြုတ်လိုက်မိသည်။ ထို့နောက် ခံတွင်းရှင်းသည့် အနေဖြင့် သောက်ရေတစ်ခွက်ကို အလျင်အမြန် မော့သောက်လိုက်ပြန်သည်။

"မစ္စစ်မာရှိဘာကို ကြည့်ရတာ အကြံကြီးမယ့် မိန်းမမျိုးတော့ မဟုတ်ဘူး ထင်ရတာပဲ"

"ဒါက အကြံကြီးတာ မဟုတ်ဘူး။ ဖြတ်ထိုးဉာဏ်ကောင်းတဲ့ မိန်းမတွေမှာမှ ရှိတတ်တဲ့ ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်တဲ့ စွမ်းရည်တစ်မျိုးပါ"

"ဥကျုမိ၊ နင့်မှာရော အဲဒီလို စွမ်းရည်မျိုး ရှိတယ် မဟုတ်လား"

သူက တခစ်ခစ်ရယ်ပြီး ခေါင်းခါပြသည်။

"ဘယ်ကလာ ရှိရမှာလဲ။ ကျွန်မရဲ့ ယောက်ျားကသာ အဲဒီလို အချိုးမျိုး လာချိုးရင် မိုးမီးလောင်ပြီသာ မှတ်ပေတော့"

"အဲဒီကောင်ကိုတောင် ကြိုပြီး သနားသွားမိပြီ။ ထားပါတော့လေ။ ကိုယ်ရဲ့အိမ်ထောင်ဖက်က ဖောက်ပြန်နေတာကို သိနေပါလျက်နဲ့ ဟန်ဆောင်ပြီး ဘာမှ မဖြစ်သလို ဆက်နေနေနိုင်တာကို ငါတော့ ဘယ်လိုမှ နားလည်ပေးလို့ မရဘူး"

ကုစာနာဂိက နာရီကို ငုံ့ကြည့်လိုက်သည်။ အီကာအိ ယူကီကိုထံသို့ ဖုန်းခေါ်ခဲ့သည်မှာ နာရီဝက်ခန့် ကြာညောင်းခဲ့ချေပြီ။

အီကာအိဇနီးမောင်နှံတို့၏ အိမ်သည်လည်း အထက်တန်းစား အိမ်ကောင်းတစ်လုံး ဖြစ်သည်။ မာရှိဘာအိမ်ထက် တစ်ချက်ကလေးမျှ အဆင့်မနိမ့်ပေ။ အရောင်အသွေး စုံလင်တောက်ပသော ကြွေအုတ်ချပ်များနှင့် အလှဆင်ထားသည့် အိမ်ဝင်ပေါက် တံခါးမကြီး၏ နံဘေးတွင် ဧည့်သည်များအတွက် ကားထားရာ ကားဂိုဒေါင်တစ်လုံးလည်း ပြင်ဆင်ပေးထားသည်။ ထို့ကြောင့်ပင် ဥကျုမိအတွက် အခပေး ယာဉ်ရပ်နားကွင်းကို လိုက်ရှာရမည့် ဒုက္ခမှ ကင်းဝေးသွားစေသည်။

အိမ်ထဲတွင် အီကာအိ ယူကီကို တစ်ယောက်တည်းတင် မကဘဲ ခင်ပွန်းဖြစ်သူ တတ်ဆုဟီကိုလည်း ရှိနေသည်။ ရဲအရာရှိများ လာရောက်မည်ဟု ဇနီးထံမှ ဖုန်းရသောကြောင့် အပြေးအလွှား ပြန်လာခဲ့ခြင်း ဖြစ်သည်ဟု သိခဲ့ရသည်။

"ကုမ္ပဏီဘက်မှာ အဆင်ပြေတယ် မဟုတ်လား" ကုစာနာဂိက မေးသည်။

"ကုမ္ပဏီမှာက အရည်အချင်း ရှိတဲ့သူ များတော့ ပူစရာ မရှိပါဘူး။ ဒါပေမယ့် နောက်ပိုင်းကျရင် ဖောက်သည်တွေကို အချိန်ပေးပြီး ရှင်းပြစရာ ရှိတာ ရှင်းပြရဦးမှာပေါ့။ ဒါကြောင့် ကျွန်တော်တို့လည်း အမှုမှန် မြန်မြန် ပေါ်ပေါက်ပါစေလို့ ဆုတောင်းနေကြတာ" အီကာအိက ပြောရင်း မှူခင်းရဲနှစ်ဦး၏ မျက်နှာရိပ် မျက်နှာကဲကို အကဲခတ်နေသည်။

"ဘယ်လို ဖြစ်သွားခဲ့တာလဲ ဆိုတာကို ပြောပြပေးလို့ ရမလား"

"မစ္စတာမာရှိဘာက သူ့အိမ်ထဲမှာ ကွယ်လွန်သွားခဲ့တယ်"

"အဲဒါ ကျွန်တော် သိပါတယ်။ ဒါပေမယ့် ဒီကိစ္စက မှုခင်းဌာနက လူတွေကို လှုပ်လှုပ်ရှားရှား ဖြစ်သွားစေခဲ့တာဆိုတော့ ကြည့်ရတာ မတော်တဆမှု ဒါမှမဟုတ် ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်မှုတော့ မဟုတ်တန်ရာဘူး"

ကုစာနာဂိက သက်ပြင်းကို တိတ်တဆိတ် မှုတ်ထုတ်လိုက်သည်။ သူနှင့် စကားပြောနေသူမှာ ရှေ့နေတစ်ယောက် ဖြစ်သည်။ ထို့ကြောင့် သာမန်ကာလျှံကာ ရှင်းပြရုံမျှဖြင့် ထိုသူကို လိုမ့်ရန် လွယ်ကူနိုင်လိမ့်မည် မဟုတ်ပေ။ ထို့အပြင် သူသာ ဆန္ဒရှိမည်ဆိုလျှင် တခြားနည်းလမ်းကို အသုံးပြု၍ ဖြစ်စဉ်အသေးစိတ်ကို စုံစမ်းသိရှိနိုင်သည်။

ကုစာနာဂိသည် သတင်းမပေါက်ကြားစေရန် သူ့ထံမှ ကတိတောင်းပြီးနောက်တွင် အာဆန်နစ်အဆိပ် သင့်သည့်ကိစ္စနှင့် ကော်ဖီထဲတွင် အဆိပ်များ ခတ်ခဲ့တွေ့ရှိကြောင်းတို့ကို သူ့အား ပြောပြလိုက်သည်။

သားရေဆိုဖာပေါ်တွင် ထိုင်နေသော အီကာအိ၏ နံဘေးရှိ ယူကီကိုသည် ဖောင်းအိနေသော သူ၏ ပါးနှစ်ဖက်ကို လက်များဖြင့် အုပ်ကိုင်ထားသည်။ ပြူးကျယ်နေသော သူ၏ မျက်ဝန်းတစ်စုံတွင်လည်း သွေးရောင်များ လွှမ်းနေသည်။ ကုစာနာဂိသည် သူ့ကို ယခင်က မမြင်ဖူးခဲ့။ သူ၏ ဖောင်းကားနေသော ကိုယ်ခန္ဓာသည် ကလေးမွေးပြီးခါစ ဖြစ်သောကြောင့်ပေလော။ ကုစာနာဂိက တွေးကြည့်နေမိသည်။

အီကာအိသည် ကောက်ထားသည်ဟု ယူဆရသော ဆံပင်များကို အနောက်ဘက်သို့ သပ်တင်လိုက်သည်။

"ထင်တော့ ထင်သားပဲ။ တကယ်လို့သာ ဇွဖ ပါးရောဂါနဲ့ သေခဲ့မယ် ဆိုရင် မှုခင်းရဲတွေ အိမ်ရောက်လာပြီး အလောင်းကို ရင်ခွဲရုံ ပို့ရတဲ့ ကိစ္စကို ရှင်းပြဖို့ တော်တော် ခက်သွားလိမ့်မယ်။ နောက်ပြီး အဲဒီကောင်က ဘယ်တော့မှ ကိုယ့်ကိုယ်ကိုယ် သတ်သေမယ့်ကောင်မျိုး မဟုတ်ဘူး"

"ခင်ဗျား ဆိုလိုချင်တာက သူများသတ်လို့ သေရတာ ဖြစ်နိုင်တယ်ပေါ့"

"ဘယ်သူ့လက်ချက်လဲ၊ ဘာရည်ရွယ်ချက်နဲ့ သတ်တာလဲ ဆိုတာတော့ ကျွန်တော်လည်း မသိဘူး။ ပိုထူးဆန်းတာက အဆိပ်ခတ် သတ်တာဆိုတော့ ..." အီကာအိသည် မျက်မှောင်ကြုတ်လျက် ခေါင်းကို ခါယမ်းနေသည်။

"ဒါဆို မစ္စတာမာရှိဘအပေါ် အငြိုးအတေး ထားနေတဲ့သူများ ရှိမလား"

"တကယ်လို့ ခင်ဗျားရဲ့ မေးခွန်းက လုပ်ငန်းကိုင်ငန်းဘက်မှာ တစ်ယောက်ယောက်နဲ့များ ပဋိပက္ခ ဖြစ်ခဲ့ဖူးတာ ရှိသလားလို့ မေးတာ ဆိုရင်တော့ လုံးဝ မရှိခဲ့ပါဘူးလို့တော့ ဖြေဖို့ မဖြစ်နိုင်ဘူး။ စီးပွားရေးလုပ်ငန်း ဆိုတာမျိုးက တစ်ယောက်ကိုတစ်ယောက် အနိုင်မခံ အရှုံးမပေး လုပ်ကြရတာလေဗျာ။ ဒီတော့ တစ်ဖက်လူကလည်း သူ့တစ်ယောက်တည်းကိုပဲ ပစ်မှတ်ထားပြီး မုန်းတီးနေတာမျိုးတော့ ဘယ်ဟုတ်ပါ့မလဲ။ နောက်ပြီး တကယ့်တကယ် အရှုပ်အရှင်း ဖြစ်လာကြပြီ ဆိုရင်လည်း ခေါင်းခံပြီး ဖြေရှင်းပေးရတဲ့သူက သူမဟုတ်ဘူး။ ကျွန်တော်ဗျ" အီကာအိက သူ့ရင်ဘတ်ကို ပုတ်ပြသည်။

"ဒါဆို လုပ်ငန်းပြင်ပမှာရော။ မစ္စတာမာရှိဘက တခြားလူနဲ့ ပြဿနာ တက်ဖူးတာ ရှိလား"

ကုစာနာဂိ၏ အမေးစကားကို ကြားရသည့်အခါတွင် အီကာအိသည် ဆိုဖာခုံတွင် ကျောမှီချကာ ခြေထောက်တစ်ဖက်ကို ချိတ်တင်လိုက်သည်။

"ဒါတော့ ကျွန်တော်လည်း မပြောတတ်ဘူး။ ကျွန်တော်နဲ့ မာရှိဘက အရင်းနှီးဆုံး လုပ်ဖော်ကိုင်ဖက်တွေ ဆိုပေမယ့် လုပ်ငန်းပြင်ပက ကိစ္စတွေကို အပြန်အလှန် စွက်ဖက်လေ့ မရှိကြဘူး။ ကျွန်တော်တို့ အဲဒီလို ကိုယ့်စည်းနဲ့ကိုယ် နေခဲ့ကြတာ"

"ဒါပေမယ့် သူက ခင်ဗျားတို့လင်မယားကို မိသားစု ညစာစားပွဲကိုတောင် ဖိတ်ခဲ့သေးတာ မဟုတ်လား"

လူ့သဘောမနောကို နားမလည်ရန်ကောဟူသည့် သဘောမျိုးဖြင့် ကုစာနာဂိကို တအံ့တဩ ငေးစိုက်ကြည့်ရင်း အီကာအိက ခေါင်းကို ခါးယမ်းနေသည်။

“ပုံမှန်နေ့ရက်တွေမှာ ကျွန်တော်တို့က တစ်ယောက်အပေါ်တစ်ယောက် ဘာသိဘာသာ နေခဲ့ကြလို့လည်းပဲ အခုလို မကြာမကြာ တွေ့ဆုံပွဲမျိုး လုပ်ပေးရတာပေါ့ဗျာ။ ကျွန်တော်တို့ နှစ်ယောက်လို တစ်နေကုန် တစ်နေခမ်း အလုပ်နဲ့ပဲ နပန်းလုံးနေကြတဲ့ လူတွေအတွက် တစ်ခါတလေတော့လည်း အပန်းဖြေဖို့ လိုအပ်သေးတာပဲ မဟုတ်လား”

တစ်နည်းပြောရမည်ဆိုလျှင် ဘော်ဒါကဏ္ဍအတွက် အချိန် များများစားစား မပေးနိုင် ဟူလို။

“ညစာ အတူစားခဲ့ကြတုန်းက ဘာတွေများ ထူးထူးခြားခြား သတိထားမိခဲ့တာ ရှိသလဲ”

“သူ ဒုက္ခရောက်တော့မယ့် အဖြစ်ကို အဲဒီတုန်းက ကြိုတင်ပြီး သတိထားမိခဲ့သလားလို့ ခင်ဗျားက အဲဒီလို မေးချင်တာ ဆိုရင်တော့ ကျွန်တော့်အနေနဲ့ နိုး လို့ပဲ အဖြေ ပေးရလိမ့်မယ်။ အဲဒီအချိန်တုန်းက ကျွန်တော်တို့ အရမ်း ပျော်ရွှင်ခဲ့ကြတယ်။ စိတ်ချမ်းသာ ကိုယ်ချမ်းသာနဲ့ပါ” ပြောပြီး သူ မျက်မှောင်ကြုတ်လိုက်သည်။

“ဒါပေမယ့် နောက်သုံးရက်အတွင်းမှာပဲ သူ အဲဒီလိုအဖြစ်မျိုးနဲ့ ကြုံလာရမယ်လို့ ကျွန်တော် လုံးဝ ထင်မထားခဲ့ဘူး”

“အဲဒီတုန်းက မစ္စတာမာရှိဘာက လာမယ့် စနေနဲ့ တနင်္ဂနွေမှာ ဘယ်သူတွေနဲ့ တွေ့စရာရှိတယ်လို့ ခင်ဗျားကို ပြောပြခဲ့သေးလား”

“အဲဒါတော့ မကြားမိဘူး” အီကာအိက သူ့ဇနီးကို လှမ်းကြည့်လိုက်သည်။

“ကျွန်မလည်း မကြားမိဘူး။ အာယနဲက သူ့အမေအိမ်ကို ပြန်မယ် ဆိုတာပဲ သိတယ်”

ကုစာနာဂိက ခေါင်းညိတ်ပြီး ဘောပင်၏ ဖင်ပိုင်းဖြင့် နားထင်ကို ကုတ်လိုက်သည်။ ထိုသူနှစ်ဦးထံမှ အသုံးတည့်မည့် သတင်းအချက်အလက်များကို

မည်သို့မျှ ရနိုင်တော့မည် မဟုတ်ဟု တဖြည်းဖြည်း နားလည်လာသည်။

ထိုစဉ် ဥက္ကာမြိ၏ စကားသံ ထွက်ပေါ်လာသည်။

"မိတ်ဆုံစားပွဲက မကြာမကြာ လုပ်တတ်တာလား"

"နှစ်လ၊ သုံးလကို တစ်ကြိမ်လောက် လုပ်တတ်တယ်"

"အမြဲတမ်း မာရိုဘအိမ်မှာပဲ လုပ်တာလား"

"သူတို့ မင်္ဂလာဆောင်ပြီးလို့ သိပ်မကြာသေးခင်မှာပဲ ကျွန်တော်တို့အိမ်မှာ တစ်ခါ ဧည့်ခံခဲ့ဖူးတယ်။ အဲဒီနောက်ပိုင်းတော့ သူတို့အိမ်မှာချည်းပဲ လုပ်ခဲ့တာ။ ကျွန်တော့်အမျိုးသမီးမှာ ကိုယ်ဝန်ရှိလာလို့ပါ"

"မစ္စစ်မာရိုဘကို မင်္ဂလာ မဆောင်ခင်ကတည်းက ရင်းနှီးနေခဲ့တာလား"

"ဟုတ်တယ်။ မာရိုဘနဲ့ အာယနဲတို့ စတွေ့တဲ့ အချိန်တုန်းက ကျွန်တော်လည်း အနားမှာ ရှိနေခဲ့တယ်"

"ရှင်ဆိုလိုချင်တာက ..."

"အဲဒီတုန်းက ကျွန်တော်နဲ့ မာရိုဘက ပါတီပွဲတစ်ပွဲကို သွားတက်ခဲ့ကြတယ်။ အဲဒီပွဲမှာ အာယနဲလည်း ရှိနေခဲ့တယ်။ အဲဒီနောက်ပိုင်းမှာ သူတို့နှစ်ယောက် တွဲဖြစ်ခဲ့ကြတာပဲ"

"ဘယ်အချိန်လောက်ကလဲ"

"ကျွန်တော့်အထင် ..." အီကာအိက ပြန်စဉ်းစားကြည့်ပြီး

"တစ်နှစ်ခွဲလောက်တော့ ရှိပြီ ထင်တယ်။ အဲဒီလောက်လည်း ကြာချင်မှ ကြာဦးမှာ"

သူ၏ စကားကို ကြားရသည့်အခါတွင် ကုစာနာဂိက ဝင်ထောက်လိုက်သည်။

"သူတို့က လွန်ခဲ့တဲ့ တစ်နှစ်လောက်က မင်္ဂလာဆောင်တာ မဟုတ်ဘူးလား။ အတော်မြန်တာပဲ"

"ဟုတ်တယ်"

"မစ္စတာမာရှိဘာက ကလေးလိုချင်နေတာ တစ်ပိုင်းသေလို့" ယူကီကိုက ဝင်ပြောလိုက်သည်။

"သင့်လျော်မယ့်သူကို ရှာနေတာနဲ့တင် အချိန်တွေ မနည်း ကုန်သွားခဲ့တာ။ ဒါကြောင့် သူက အဲဒီကိစ္စမှာ သိပ်ပြီး စိတ်ရှည်တာ မဟုတ်ဘူး"

"နင်က မဆိုင်တာတွေ လျှောက်ပြောပြန်ပြီ" အီကာအိသည် သူ့ဇနီးကို အပြစ်တင်လိုက်ပြီး မှုခင်းရဲနှစ်ယောက်ကို လှမ်းကြည့်လိုက်သည်။

"သူတို့ လင်မယားနှစ်ယောက် ဘယ်လို ဆုံဆည်းကြသလဲ ဆိုတာနဲ့ သူတို့ရဲ့ အိမ်ထောင်ရေး အခြေအနေက အခုအမှုနဲ့ ဘယ်လိုများ ပတ်သက်နေလို့လဲ"

"အဲဒီလို သဘောမျိုး မဟုတ်ပါဘူး" ကုစာနာဂိက လက်ခါပြသည်။

"အခုလောလောဆယ် အချိန်ထိ ဘာသဲလွန်စမှ လက်ဆုပ်လက်ကိုင် ရှာမတွေ့သေးတော့ သူတို့ရဲ့ အိမ်ထောင်ရေးအခြေအနေကို မဟုတ်သော်ရှိ ဟုတ်သော်ရှိ နားလည်နိုင်ဖို့ ကြိုးစားကြည့်တဲ့ သဘောလောက်ပါပဲ"

"လုပ်ကြံခံရသူနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်တွေကို ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် ခင်ဗျားတို့ စုံစမ်းထောက်လှမ်းချင်တဲ့ စိတ်ဆန္ဒကို ကျွန်တော် နားလည်ပေးလို့ ရနိုင်ပါတယ်။ ဒါပေမယ့် အတိုင်းအတာတစ်ခုကို လွန်သွားရင်တော့ ပြဿနာ ရှိလာနိုင်တယ်" အီကာအိသည် ရှေ့နေတစ်ယောက်ရဲ့ မျက်နှာထားမျိုးဖြင့် ခြိမ်းခြောက်နေသည့်နှယ် သူတို့ကို စိုက်ကြည့်နေသည်။

ကုစာနာဂိက တောင်းပန်သည့် အနေဖြင့် မျက်နှာကို အောက်ချလျက်

"အဲဒီအချက်ကို ကျွန်တော်တို့ နားလည်ပါတယ်" ဟု ပြောလိုက်သည်။ ထို့နောက် အီကာအိ၏ အကြည့်ကို ပြန်လည် ရင်ဆိုင်လိုက်ပြီး

"ဆောရီးပါဗျာ။ ကျွန်တော်တို့ ခင်ဗျားကို မေးစရာ ကျန်နေသေးတယ်။

အလုပ်သဘောအရ မေးရတာဆိုတော့ စိတ်မရှိပါနဲ့။ ပြီးခဲ့တဲ့ စနေနဲ့ တနင်္ဂနွေ နှစ်ရက်စလုံးကို ခင်ဗျားတို့ ဘယ်လို ဖြတ်သန်းခဲ့သလဲ ဆိုတာ ကျွန်တော်တို့ကို ပြောပြပေးနိုင်မလား”

အီကာအိသည် ခေါင်းကို အသာအယာ ညိတ်၍ နှုတ်ခမ်းကို မဲ့လိုက်လေသည်။

“ကျွန်တော်တို့ရဲ့ အလီဘိုင်ကို စစ်ဆေးနေတာလား။ ခင်ဗျားတို့က သိချင်သပ ဆိုရင်လည်း ပြောရတော့မှာပေါ့။ ဘယ်တတ်နိုင်ပါ့မလဲ” ပြောပြီး အင်္ကျီအိတ်ကပ်ထဲမှ မှတ်စုစာအုပ်ကို ဆွဲထုတ်လိုက်သည်။

စနေနေ့ အစောပိုင်းတွင် သူသည် သူ၏ ရုံးခန်းအတွင်း၌ အလုပ်များကို လက်စသတ်ပြီးနောက် ညနေပိုင်းတွင် ဖောက်သည်တစ်ဦးနှင့်အတူ ညစာထွက်စားခဲ့သည်။ တနင်္ဂနွေနေ့တွင်မူ တခြား ဖောက်သည်တစ်ဦးနှင့် ဂေါ့ဖ်ကစားပြီး ည ၁၀ နာရီကျော်မှ အိမ်ပြန်ရောက်ခဲ့သည်။ ယူကီကိုကမူ တစ်နေကုန်လုံး အိမ်ထဲတွင်သာ ရှိကြောင်း၊ တနင်္ဂနွေနေ့တွင် သူ၏ မိခင်နှင့် ညီမတို့ အလည်လာကြောင်း ပြောကြားလေသည်။

ထထထ

ထိုနေ့ညက မဲဂူရိုရဲစခန်းတွင် မာရှိဘအမှုအတွက် စုံစမ်းစစ်ဆေးမှုဆိုင်ရာ အစည်းအဝေးတစ်ရပ် ကျင်းပခဲ့သည်။ တိုကျိုမြို့တော် ရဲဌာနချုပ်၏ အမှတ် (၁) ဌာနမှူးက အဖွင့်အမှာစကားတွင် ဤအမှုကို လူသတ်မှုအဖြစ် သံသယရှိကြောင်း ထုတ်ဖော် ပြောဆိုခဲ့သည်။ ဤယူဆချက်အတွက် အကြီးမားဆုံးသော သက်သေ အထောက်အထားမှာ အသုံးပြုပြီးသော ကော်ဖီမှုန့်ထဲတွင် အာဆန်နစ်အဆိပ်များကို တွေ့ရှိခဲ့ရခြင်းပင် ဖြစ်သည်။ အကယ်၍သာ သေဆုံးသူသည် သူ့ကိုယ်သူ သတ်သေခဲ့ခြင်းသာ ဖြစ်မည်ဆိုလျှင် အဆိပ်ကို ကော်ဖီအတွင်းသို့ ဖျော်ထည့်ပြီးမှ သောက်သုံးခဲ့မည် မဟုတ်ပေ။ ထို့အပြင်ကော်ဖီအတွင်းသို့ အဆိပ်ခတ်ထည့်မည် ဆိုလျှင်လည်း ပုံမှန်အားဖြင့် ဖျော်ပြီးသား ကော်ဖီခွက်အတွင်း၌သာ အဆိပ်ကို ခတ်ထည့်ပေလိမ့်မည်။

သို့ဆိုလျှင် အဆိပ်ကို မည်သူ ခတ်ခဲ့သနည်း။ ထ.ရ.ဖသည် အစည်းအဝေးအတွင်း၌ သူတို့၏ တွေ့ရှိချက်များကို အစီရင်ခံခဲ့သည် မှန်သော်လည်း နောက်ဆုံးပိတ် ရလဒ်မှာ ‘မဖော်ထုတ်နိုင်သေး’ ဟူ၍သာ ဖြစ်သည်။ ထိုနေ့ နေ့ခင်းတွင် ထ.ရ.ဖသည် မာရှိဘအိမ်သို့ နောက်တစ်ကြိမ် ထပ်သွားပြီး

အစားအစာများ၊ ဟင်းခတ်အမွှေးအကြိုင်များ၊ ဖျော်ရည်များ၊ သောက်ဆေးများ စသည့် ပါးစပ်ထဲသို့ ထည့်မျိုသောက်သုံးနိုင်သည့် ပစ္စည်းမှန်သမျှကို အဆိပ်ရှိမရှိ ဓာတ်ခွဲစစ်ဆေးခဲ့ကြသည်။ ထို့အပြင် မီးဖိုချောင်သုံး ပန်းကန်ခွက်ယောက်များ အားလုံးကိုလည်း ထိုနည်းအတူ စစ်ဆေးခဲ့ကြသေးသည်။ အစည်းအဝေး စတင်ကျင်းပသည့် အချိန်တွင် ဓာတ်ခွဲစစ်ဆေးမှု၏ ၈၀% ကို ဆောင်ရွက်ပြီးစီးသွားပြီဖြစ်သော်လည်း မည်သည့် အဆိပ်ကိုမျှ ရှာဖွေတွေ့ရှိခဲ့ခြင်း မရှိပေ။ လက်ရှိအနေအထားအရ စစ်ဆေးရန် ကျန်ရှိနေသေးသော ပစ္စည်း ၂၀% တွင် အဆိပ်တွေ့နိုင်ခြေ အလွန် နည်းပါးသည်ဟု ထ.ရ.ဖမှ တာဝန်ရှိသူများက ယူဆကြသည်။

ထိုသို့ဆိုလျှင် ထိုစဉ်က လူသတ်တရားခံသည် အဆိပ်ခတ်ရန်အတွက် မာရှိဘ သောက်မည့် ကော်ဖီကိုသာ ပစ်မှတ်ထားခဲ့သည်ဟု ဆိုရပေမည်။ အဆိပ်ခတ်သည့် နည်းလမ်းမှာ နှစ်မျိုး ဖြစ်နိုင်သည်။ (၁) ကော်ဖီမှုန့် သို့တည်းမဟုတ် ရေစစ်စက္ကူပေါ်တွင် အဆိပ်ကို ကြိုတင် ထည့်ထားခဲ့ခြင်း ဖြစ်နိုင်သည်။ (၂) ကော်ဖီဖျော်နေစဉ် အဆိပ်ခတ်ထည့်ခဲ့ခြင်း ဖြစ်မည်။ တရားခံသည် မည်သည့်နည်းလမ်းကို အသုံးပြုခဲ့သနည်း။ ယခုအချိန်ထိ ယတိပြတ် မဆုံးဖြတ်နိုင်သေးပေ။ အဘယ်ကြောင့်ဆိုသော် ယခုအချိန်ထိ တခြားမည်သည့်နေရာတွင်မှ အာဆန်နစ်အဆိပ်ကို မတွေ့ရှိရသေးသောကြောင့် ဖြစ်သည်။ ထို့အပြင် ကော်ဖီဖျော်စဉ်အခါက မာရှိဘ၏ အနီးအနားတွင် တခြားလူတစ်ဦးတစ်ယောက် ရှိနေခဲ့ပါသည် ဟူသော အထောက်အထားကိုလည်း ယခုအချိန်ထိ ရှာမတွေ့နိုင်သေးပေ။

မာရှိဘအိမ်၏ အနီးပတ်ဝန်းကျင်တွင်လည်း စုံစမ်းမေးမြန်းမှုများ ပြုလုပ်ခဲ့ကြသေးသည်။ အခင်းမဖြစ်ပွားခင် မာရှိဘအိမ်သို့ လူတစ်ဦးတစ်ယောက်ဝင်ထွက်ခဲ့သည်ကို တွေ့မြင်ခဲ့ရသူ တစ်ဦးတစ်ယောက်မျှ မရှိကြောင်း တွေ့ရှိခဲ့ရသည်။ သို့သော် မာရှိဘအိမ်သည် လူအသွားအလာ ကျဲပါးသော ဆိတ်ငြိမ်ရပ်ကွက်တွင် တည်ရှိနေခြင်း ဖြစ်သောကြောင့် အနီးအပါးတွင် နေထိုင်ကြသော မိသားစုများသည် သူတို့နှင့် တိုက်ရိုက် ပတ်သက်မှု မရှိလျှင် တခြားအိမ်များ၏ ကိစ္စများကို စိတ်ဝင်တစား ရှိကြမည် မဟုတ်ပေ။ ထို့ကြောင့် တွေ့မြင်သူ မရှိ ဆိုရုံမျှဖြင့် မာရှိဘအိမ်တွင် ဧည့်သည်မရှိဟု ဆိုလိုရာ မရောက်ပေ။

ကုစာနာဂိသည် အာယနဲနှင့် အီကာအိဇနီးမောင်နှံတို့ထံမှ စုံစမ်းသိရှိခဲ့ရသော အချက်အလက်များကို အစည်းအဝေးတွင် တင်ပြခဲ့သည်။ သို့သော် ဟိရောမိနှင့် မစ္စတာမာရှိဘတို့၏ တိတ်တိတ်ပုန်း ဇာတ်လမ်းကိုမူ မပြောဘဲ ထိမ်ချန်ထားခဲ့သည်။ မာမီယာသည် ကုစာနာဂိအား ယင်းကိစ္စကို

ယာယီလျှို့ဝှက်ထားရန် အစည်းအဝေး မစခင်က ညွှန်ကြားထားခဲ့သည်။

အမှန်ဆိုရသော် မာမီယာသည် ယင်းကိစ္စကို အထက်လူကြီးများထံသို့ တင်ပြထားပြီး ဖြစ်သည်။ ဤကိစ္စသည် ထိလွယ်ရှလွယ်သော ကိစ္စဖြစ်သောကြောင့် အမှုနှင့် ပတ်သက်ဆက်နွယ်နေကြောင်း အထောက်အထား မရသေးခင် စပ်ကြားအတွင်း ယင်းကိစ္စကို သိရှိသူဦးရေ နည်းနိုင်သမျှ နည်းအောင် ထိန်းချုပ်ထားခြင်းသာ အကောင်းဆုံး ဖြစ်မည်ဟု အထက်လူကြီးများက ယူဆထားကြသည်။ အကယ်၍သာ မီဒီယာများထံသို့ သတင်းပေါက်ကြားသွားခဲ့မည် ဆိုလျှင် အားလုံးအတွက် ခေါင်းခဲစရာ ဖြစ်သွားပေလိမ့်မည်။

အစည်းအဝေး ပြီးသည့်အခါတွင် မာမီယာသည် ကုစာနာဂိနှင့် ဥကျူမိတို့ကို အနားသို့ ဆင့်ခေါ်လိုက်သည်။

"မနက်ဖြန် မင်းတို့ ဆပ်ပိုရိုကို သွားလိုက်ကြဦး"

ဆပ်ပိုရိုဟူသော အသံကို ကြားလိုက်သည်နှင့် ကုစာနာဂိသည် ခရီးစဉ်၏ ရည်ရွယ်ချက်ကို ချက်ချင်း ရိပ်မိသွားသည်။

"မစ္စစ်မာရှိဘရဲ့ အလီဘိုင်ကို သွားစစ်ဆေးရမှာလား"

"ဟုတ်တယ်။ အခု လုပ်ကြံသတ်ဖြတ်ခံရတဲ့ သူက အိမ်ထောင်ရေး ဖောက်ပြန်တဲ့ ယောက်ျားတစ်ယောက် ဆိုတော့ကာ သူ့မိန်းမနဲ့ သူရဲ့ တိတ်တိတ်ပုန်း ချစ်သူကို မသင်္ကာဖြစ်တာက သဘာဝ ကျပါတယ်။ သူ့ချစ်သူရဲ့ အလီဘိုင်ကို စစ်ဆေးပြီးပြီ ဆိုတော့ သူ့မိန်းမရဲ့ အလီဘိုင်ကိုလည်း စစ်ဆေးသင့်တာပေါ့။ အထက်က ငါတို့ကို စုံစမ်းစစ်ဆေးနိုင်တာ မှန်သမျှကို မြန်နိုင်သမျှ မြန်အောင် လုပ်ထားစေချင်တယ်။ တစ်ခု ကြိုပြောထားရဦးမယ်။ မင်းတို့ နေ့ချင်းပြန် ပြန်လာနိုင်အောင် လုပ်စရာရှိတာကို သွက်သွက် လုပ်ကြ။ ဒေသခံရဲတွေကိုလည်း မင်းတို့ကို အကူအညီ ပေးနိုင်အောင် ကြိုတင်ပြီး အကြောင်းကြားထားပြီးပြီ"

"မစ္စစ်မာရှိဘက ရေပူစမ်းမှာ ရှိနေတုန်း ရဲဌာနက အကြောင်းကြားတဲ့ ဖုန်းကို လက်ခံရခဲ့တာဆိုတော့ ကျွန်တော့်အထင် ရေပူစမ်းကိုလည်း သွားကြည့်ဖို့ လိုလိမ့်ဦးမယ်"

"ဂျိုဇန်ကဲအိ ရေပူစမ်းမဟုတ်လား။ ဆပ်ပိုရိုဘူတာကနေ ကားစီးသွားရင် တစ်နာရီပိုပိုလောက်ဆိုရင် ရောက်ပြီ။ သူ့ဇနီးရဲ့ မိဘအိမ်က

မြို့အနောက်ဘက်ရပ်ကွက်မှာ ရှိတာ။ မင်းတို့နှစ်ယောက် လူခွဲပြီး လှုပ်ရှားကြပေတော့။ နေ့တစ်ဝက်လောက်နဲ့ ကိစ္စပြီးနိုင်ပါတယ်"

ကုစာနာဂိက ခေါင်းကုတ်ကာ "ပြီးနိုင်လောက်ပါတယ်" ဟု ပြန်ဖြေလိုက်သည်။ မာမီယာသည် သူ၏ လက်အောက်ငယ်သားများကို ရေပူစမ်းတွင် တစ်ညနေခွင့်ပေးရန် လုံးဝ အစီအစဉ် ရှိပုံ မရပေ။

"ဘယ်လိုလဲ၊ ဥကျူမိ။ နင့်မှာ ပြောစရာ တစ်ခုခု ရှိနေသလိုပဲ" မာမီယာက မေးသည်။

ကုစာနာဂိသည် နံဘေးရှိ ဥကျူမိကို လှမ်းကြည့်လိုက်သည့်အခါ နှုတ်ခမ်းကို တင်းတင်းစေ့လျက် မကျေမလည် ဖြစ်နေသော မျက်နှာထားနှင့် ရပ်နေသည်ကို တွေ့လိုက်ရသည်။ ထို့နောက် နှုတ်ခမ်းတစ်စုံ ပွင့်ဟလာသည်။

"ကျွန်မတို့က သူ့ရဲ့ အဲဒီနေ့က အလီဘိုင်ကို စစ်ဆေးရုံလောက်နဲ့တင် လုံလောက်သွားပြီလား"

"အန် ... နင့်စကားက ဘာအဓိပ္ပာယ်လဲ" မာမီယာက မေးသည်။

"မစ္စစ်မာရှိဘက စနေနေ့ မနက်မှာ တိုကျိုကနေ ထွက်ခွာသွားပြီး တနင်္လာနေ့ မနက်မှာ ပြန်ရောက်လာတယ်။ ကျွန်မတို့က သူရဲ့ အဲဒီကာလအတွင်းက အလီဘိုင်ကို စစ်ဆေးရုံနဲ့ လုံလောက်ပါ့မလား"

"နင်က မလုံလောက်ဘူး ထင်လို့လား"

"ကျွန်မလည်း အတိအကျတော့ မပြောပြတတ်ဘူး။ ကျွန်မတို့က အခုချိန်ထိ အဆိပ်ခတ်တဲ့ နည်းလမ်းနဲ့ အချိန်ကိုတောင် သေချာအောင် မလုပ်နိုင်သေးတော့ အဲဒီကာလအတွင်း သူ့မှာ အလီဘိုင်ရှိပါတယ် ဆိုပြီး သူ့ကို သံသယစာရင်းထဲကနေ ဖယ်ထုတ်ထားလိုက်မယ် ဆိုရင် အလောတကြီး လုပ်လွန်းရာ ကျနေမယ် ထင်တယ်"

"နေပါဦး။ အဆိပ်ခတ်တဲ့ နည်းလမ်းကို အတိအကျ မသိသေးဘူး ဆိုပေမယ့် အဆိပ်ခတ်တဲ့ အချိန်ကိုတော့ ငါတို့ ကောင်းကောင်း သိထားပြီးပြီလေ" ကုစာနာဂိက ပြောသည်။

"တနင်္ဂနွေနေ့ မနက်မှာ ဝါကာယာမာ ဟိရောမိနဲ့

မစ္စတာမာရှိဘတို့နှစ်ယောက် အတူတူ ကော်ဖီသောက်ခဲ့ကြသေးတာပဲ ဥစ္စာ။ အဲဒီတုန်းက ကော်ဖီမှာ ဘာမှ ထူးခြားမှု မရှိခဲ့ဘူး။ ဒီတော့ အဆိပ်က အဲဒီနောက်ပိုင်းကျမှ ခတ်တာပဲ ဖြစ်ရတော့မှာပေါ့”

“အဲဒီလို ကောက်ချက်ချတာ အတင့်ရဲလွန်းတယ် ထင်တာပဲ”

“အတင့်ရဲလွန်းတယ် … ဒါဆို နင့်အမြင်ကို ပြောကြည့်စမ်းပါဦး။ တရားခံက ဘယ်အချိန်မှာ အဆိပ်ခတ်နိုင်မလဲ”

“အဲဒါလား … ကျွန်မလည်း မပြောတတ်ဘူး”

“ဝါကာယာမာ ဟိရောမိက ညာပြောခဲ့တယ်လို့ နင် ဆိုလိုချင်တာလား” မာမီယာက ပြောသည်။

“အဲဒီလိုသာဆိုရင် ယောကျ်ားလုဖက် နှစ်ယောက်က အလိုတူ အလိုပါတွေ ဖြစ်ကုန်တော့မှာပေါ့။ အဲဒီ ဖြစ်နိုင်ခြေက ရှိကော ရှိနိုင်ပါ့မလား”

“မရှိနိုင်ဘူး ထင်တယ်”

“ဒါဆို နင်က ဘာကို အလိုမကျ ဖြစ်နေရတာလဲ” ကုစာနာဂိ၏ အသံက ကျယ်လောင်လာသည်။

“စနေနေ့နဲ့ တနင်္ဂနွေနေ့ရဲ့ အလီဘိုင်ကို ရရင် လုံလောက်ပြီပေါ့ဟ။ တကယ်လို့ တနင်္ဂနွေနေ့ တစ်နေ့တည်းရဲ့ အလီဘိုင်ကိုပဲ ရတယ် ဆိုရင်တောင် မစ္စစ်မာရှိဘကို အပြစ်ကင်းသူအဖြစ် သတ်မှတ်လို့ ရနေပြီ။ အဲဒီယူဆချက်က ဘာများ လွဲမှားနေလို့လဲ”

ဥကျုမိက ခေါင်းကို ခါယမ်းလိုက်သည်။

“မဟုတ်ဘူး။ လွဲမှားနေတယ်လို့ ကျွန်မ မယူဆပါဘူး။ ဒါပေမယ့် အဆိပ်ခတ်နိုင်တဲ့ တခြား နည်းလမ်းမျိုး မရှိနိုင်တော့ဘူးလား။ ဥပမာ မလိုမ့်တပတ်နဲ့ မစ္စတာမာရှိဘကို သူ့ဘာသာသူ ကော်ဖီထဲ အဆိပ်ထည့်အောင် လုပ်ထားမယ် ဆိုရင်ရော”

ကုစာနာဂိက မျက်မှောင်ကို ကြုတ်ထားလိုက်သည်။

"သူ့ဟာသူ သတ်သေအောင် လုပ်မယ် ဆိုတဲ့ သဘောလား"

"မဟုတ်ဘူး။ အဲဒါကို အဆိပ်ပါလို့ မစ္စတာမာရှိဘကို အသိပေးမထားရုံပဲ။ အဆိပ်လို့ မပြောဘူး။ ကော်ဖီကို အနံ့အရသာနဲ့ ပိုပြီး ပြည့်စုံအောင် လုပ်ပေးနိုင်တဲ့ ရသာမှုန့်တစ်မျိုးလို့ ပြောထားမယ် ဆိုရင်ရော"

"ရသာမှုန့် ..."

"ကာလီဟင်းထဲမှာ ထည့်သုံးတဲ့ ဂါရမ်မဆလာ ဆိုတာ ရှိတယ် မဟုတ်လား။ စားခါနီးမှာမှ ဟင်းထဲကို အဲဒီမဆလာ အနည်းအကျဉ်း ဖြူးလိုက်ရုံနဲ့ အနံ့မွှေးကြိုင်ပြီး အရသာလည်း ပိုကောင်းသွားတယ်လေ။ တကယ်လို့သာ မစ္စတာမာရှိဘကို အဆိပ်တွေ ပေးထားပြီး အဲဒါကို ကော်ဖီထဲထည့်တဲ့ ရသာမှုန့်ပါလို့ ပြောထားခဲ့မယ် ဆိုပါတော့။ ဒါပေမယ့် မစ္စဝါကာယာမာနဲ့ အတူ သောက်တုန်းက ထည့်သုံးဖို့ မေ့နေပြီး သူတစ်ယောက်တည်း ကော်ဖီသောက်တော့မယ် ဆိုမှ သတိရသွားလို့ ကော်ဖီထဲ နည်းနည်း ထည့်သောက်လိုက်တယ် ဆိုရင် ... ... နည်းနည်းတော့ အတင်းအကျပ် လုပ်ယူသလို ဖြစ်နေတယ်"

"နင့်ဟာက အတင်းအကျပ် လုပ်ယူရုံတင် ဘယ်ကမလဲ။ တကယ့်ကို ပရမ်းပတာနဲ့" ကုစာနာဂိက အားမနာတမ်း ဝေဖန်လိုက်သည်။

"ဟုတ်လား"

"ငါဖြင့် ကော်ဖီထဲ ထည့်လို့ရတဲ့ ရသာမှုန့်မျိုး တစ်ခါတစ်ခါမှ မကြားဖူးဘူး။ နောက်ပြီး မစ္စတာမာရှိဘကလည်း အဲဒီလို မုသားမျိုးကို ယုံကြည်နိုင်ပါ့မလား။ ငါတော့ မထင်ဘူး။ တကယ်လို့ သူ ယုံခဲ့တယ် ဆိုရင်တောင် ဝါကာယာမာ ဟိရောမိကို အစောကြီးကတည်းက ပြောပြခဲ့ဖူးမှာပဲ။ အဲဒီတုန်းက သူတို့နှစ်ယောက်က ကော်ဖီကို ပိုပြီး သောက်လို့ကောင်းအောင် ဘယ်လို ဖျော်ရမလဲ ဆိုတဲ့အကြောင်းကို ဆွေးနွေးခဲ့ကြသေးတယ်။ နောက်ပြီးတော့ ရှိသေးတယ်။ တကယ်လို့သာ မာရှိဘ ယိုရှီတာကာက သူ့ဘာသာသူ အဆိပ်ခတ်ခဲ့တာပါ ဆိုရင် လက်စလက်န တစ်ခုခုတော့ ကျန်ခဲ့ရမှာပဲ။ အာဆင်နစ်အဆိပ်က အမှုန့်ဆိုတော့ အိတ် ဒါမှမဟုတ် စက္ကူနဲ့ပဲ ထုပ်ပြီး သိမ်းလို့ရမှာ။ ဒါပေမယ့် အခင်းဖြစ်တဲ့ နေရာမှာ အဆိပ်မှုန့် ကပ်နေတဲ့ အိတ်နဲ့ စက္ကူ ဘာဆို ဘာတစ်ခုမျှ မတွေ့ခဲ့ရဘူး။ အဲဒီအချက်ကိုရော နင် ဘယ်လို ဖြေရှင်းမလဲ"

ကုစာနာဂိ၏ တရစပ် ပစ်ခတ်လာသော စကားလုံးများကို

နားထောင်ပြီးသွားသည့် နောက်တွင် ဥက္ကျမိက အသာအယာ ခေါင်းညိတ်လိုက်သည်။

“ဝမ်းနည်းပါတယ်။ ဆရာရဲ့ မေးခွန်းကို ကျွန်မ ဘာတစ်ခုမှ ပြန်မဖြေနိုင်ဘူး။ ဆရာ့စကားတွေက အင်မတန်မှ အဓိပ္ပာယ် ရှိပါတယ်။ ဒါပေမယ့် တစ်နည်းနည်းနဲ့တော့ လုပ်လို့ ရလိမ့်မယ်လို့ ကျွန်မ အာရုံရနေတယ်”

ကုစာနာဂိသည် တစ်ဘက်သို့ မျက်နှာ လွှဲလိုက်ပြီး သက်ပြင်းချလိုက်လေသည်။

“နင်တို့ မိန်းကလေးတွေရဲ့ ဗီဇသိကို ယုံကြည်ပေးရမယ် ဆိုတဲ့ သဘောလား”

“ကျွန်မ အဲဒီလို မပြောပါဘူး။ ဒါပေမယ့် မိန်းကလေးတွေမှာလည်း မိန်းကလေးတွေရဲ့ တွေးပုံခေါ်ပုံက သီးခြား ရှိနေတယ်လေ …”

“နေ နေ နေစမ်းပါဦး” မာမီယာက စကားကို ဝင်ဖြတ်လိုက်သည်။

“သူ့အမြင် ကိုယ့်အမြင် အပြန်အလှန် ဆွေးနွေးတာမျိုးကို ကြိုဆိုပါတယ်။ ဒါပေမယ့် ကတ်သီးကတ်ဖဲ့ ငြင်းနေကြတဲ့အဆင့်ထိ မရောက်စေနဲ့ပေါ့ကွာ။ ဥက္ကျမိ၊ နင့်အမြင်မှာ မစ္စစ်မာရှိဘက မသင်္ကာစရာ ကောင်းနေလို့လား”

“ကျွန်မလည်း သိပ်တော့ မသေချာဘူး”

ကုစာနာဂိက “ဗီဇသိပဲ မဟုတ်လား” ဟု ဝင်ပြောလိုက်ချင်သော်လည်း ကြိုးစားပြီး မျိုသိပ်ထားလိုက်သည်။

“ဘာအထောက်အထား ရှိနေလို့လဲ” မာမီယာက မေးသည်။

ဥက္ကျမိက ပင့်သက်ရှိုက်လိုက်သည်။

“ရှန်ပိန်ဖန်ခွက်”

“ရှန်ပိန်ဖန်ခွက် … ဘာဖြစ်နေလို့လဲ”

"ကျွန်မတို့ အခင်းဖြစ်တဲ့ နေရာကို ရောက်တဲ့အချိန် မီးဖိုဆောင်ထဲမှာ ဆေးကြောထားတဲ့ ရှန်ပိန်ဖန်ခွက်တွေ ချထားတာ တွေ့တယ်။ စုစုပေါင်း ၅ ခွက်" သူသည် ကုစာနာဂိဘက်သို့ လှည့်လာသည်။

"အဲဒါကို ဆရာ မှတ်မိသေးတယ် မဟုတ်လား"

"မှတ်မိတယ်။ သောကြာနေ့ညက မိတ်ဆုံစားပွဲမှာ သုံးခဲ့တဲ့ ခွက်တွေ"

"အဲဒီရှန်ပိန်ဖန်ခွက်တွေက ပုံမှန်ဆိုရင် ဧည့်ခန်းထဲက ဖန်ခွက်ဗီဒိုထဲမှာ သိမ်းထားနေကျ။ ဒါကြောင့် ကျွန်မတို့ ရောက်သွားတဲ့အချိန် အဲဒီဗီဒိုထဲမှာ နေရာတချို့ လစ်လပ်နေတယ်"

"အဲဒီတော့ ..." မာမီယာက စကားကို ဆက်ပြောသည်။

"ငါ့ဦးနှောက်ကပဲ အလုပ်လုပ်တာ နှေးနေပြီလား မပြောတတ်ဘူး။ ငါဖြင့် ထူးခြားတာ ဘာမှ မတွေ့မိသလိုပဲ"

ကုစာနာဂိလည်း ထိုနည်းတူ ခံစားနေရသည်။ သူသည် ပြတင်းသားခိုင်မာသော ဥကျုမိ၏ မျက်နှာတစ်ခြမ်းကို စိုက်ကြည့်နေမိသည်။

"မစ္စစ်မာရိုဘက ဘာဖြစ်လို့ အရက်ခွက်တွေကို ဗီဒိုထဲ အသေအချာ ပြန်မသိမ်းဘဲ ခရီးထွက်သွားရတာလဲ"

ကုစာနာဂိနှင့် မာမီယာတို့ထံမှ "အန်" ဟူသော အာမေဋိတ်သံ ပြိုင်တူထွက်ပေါ်လာသည်။

"မသိမ်းဘဲ ဒီအတိုင်း ပစ်ထားခဲ့တော့ရော ဘာများ ပြဿနာ ရှိနေလို့လဲ" ကုစာနာဂိက ပြောသည်။

"ကျွန်မအထင် ပြောရရင်တော့ ပုံမှန်ဆိုရင် သူ မဖြစ်မနေ သိမ်းခဲ့မှာပဲ။ အဲဒီတုန်းက ဆရာလည်း ဗီဒိုထဲကို ကြည့်ခဲ့သေးတယ် မဟုတ်လား။ အဲဒီအထဲမှာ ပစ္စည်းတွေအားလုံးက သူ့နေရာနဲ့သူ သပ်သပ်ရပ်ရပ် ရှိနေကြတယ်။ လွတ်နေတဲ့ နေရာမှာ ရှန်ပိန်ဖန်ခွက်တွေ လိုနေတယ် ဆိုတာကို တစ်ချက်ကြည့်ရုံနဲ့ တန်းသိနိုင်တယ်။ မစ္စစ်မာရိုဘလို အိမ်ရှင်မမျိုးက တန်ဖိုးကြီးတဲ့ ပန်းကန်ခွက်ယောက်တွေကို သူ့နေရာသူ စည်းကမ်းတကျမှ မသိမ်းရရင်

စိတ်ကျေနပ်မယ့် မိန်းမမျိုး မဟုတ်ဘူး။ ဒါပေမယ့် ဘာဖြစ်လို့ ရှန်ပိန်ခွက်တွေကို နေရာတကျ မသိမ်းခဲ့ရတာလဲ။ အဲဒီအချက်က နားလည်ရခက်နေတယ်"

"မေ့သွားတာမျိုးရော မဖြစ်နိုင်ဘူးလား"

ကုစာနာဂိ၏ စကားကို ကြားရသည့်အခါတွင် ဥက္ကျူမိသည် အခိုင်အမာ ခေါင်းကို ခါယမ်းလိုက်သည်။

"မဖြစ်နိုင်ဘူး"

"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ"

"သာမန် အခြေအနေမှာ ဆိုရင်တော့ ဖြစ်ကောင်း ဖြစ်နိုင်တာပေါ့။ အခုဟာ သူက အချိန်အပိုင်းအခြား တစ်ခုလောက် အိမ်ကို ပစ်ထားခဲ့ရမှာလေ။ ဒီတော့ ရှန်ပိန်ခွက်တွေကို ဒီအတိုင်း ပစ်စလက်ခတ် ထားပစ်ခဲ့လိမ့်မယ်လို့ ဘယ်လိုမှ တွေးဆကြည့်လို့ မရဘူး"

ကုစာနာဂိနှင့် မာမီယာတို့ တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်လိုက်ကြသည်။ တအံ့တဩ ဖြစ်နေသည့် မာမီယာ၏ မျက်နှာကို မြင်ရသည့် အခါတွင် မိမိ၏ အမူအရာသည်လည်း ဤနည်းအတိုင်းသာ ဖြစ်နေလိမ့်မည်ဟု ကုစာနာဂိက တွေးနေမိသည်။ ဥက္ကျူမိ တင်ပြလာသည့် သံသယမေးခွန်းကို ယခင်က ကုစာနာဂိ၏ ဦးနှောက်ထဲတွင် တစ်ကြိမ်တစ်ခါမျှ ထွက်ပေါ်လာခဲ့ဖူးခြင်း မရှိပေ။

"ရှန်ပိန်ခွက်တွေကို မစ္စစ်မာရှိဘက ဘာဖြစ်လို့ သေသေချာချာ မသိမ်းဆည်းခဲ့တာလဲ ဆိုတဲ့ မေးခွန်းရဲ့ အဖြေက တစ်ခုတည်း ရှိတယ်" ဥက္ကျူမိက ဆက်ပြောသည်။

"အိမ်ကို အကြာကြီး ခွဲခွာရမှာ မဟုတ်ဘူးလို့ သိထားနှင့်လို့ပဲ။ ဒါကြောင့် ရှန်ပိန်ခွက်တွေကိုလည်း အလောတကြီး သိမ်းဆည်းနေစရာ မလိုတော့ဘူး"

မာမီယာသည် ထိုင်ခုံနောက်မှီတွင် မှီချပြီး လက်နှစ်ဖက်ကို ခပ်တင်းတင်း ပိုက်ထားလိုက်သည်။ ထို့နောက် ကုစာနာဂိကို မော့ကြည့်ကာ

"စီနီယာ ရဲအရာရှိကြီးရဲ့ ချေပချက်ကိုလည်း ကြားချင်သေးတယ်"

ကုစာနာဂိက ခေါင်းကုတ်နေသည်။ သူ့တွင် ပြန်လည် ချေပစရာ စကားလုံး မရှိ။ တန်ပြန်မေးခွန်းသာ ထွက်ပေါ်လာသည်။

"နင် ဘာဖြစ်လို့ အစောကြီးကတည်းက ပြောမပြခဲ့တာလဲ။ အခင်းဖြစ်တဲ့နေရာကို ရောက်စအချိန်ကတည်းက စပြီး နင် သံသယ ရှိနေခဲ့တာ မဟုတ်လား"

ဥကျူမိသည် ဦးခေါင်းကို ငုံ့စောင်းလျက် သူ့တွင် မြင်ရခဲလှသော ရှက်ပြုံးဖြင့် ပြုံးပြနေလေသည်။

"ဆရာက ကျွန်မကို အဲဒီလို အသေးအမွှား ကိစ္စလေးတွေမှာ အချိန်မဖြုန်းဖို့ ခဏခဏ ဆူခဲ့ဖူးတာ ဆိုတော့ နောက်တစ်ခါထပ်ပြီး အဆူခံထိမှာ စိုးလို့ မပြောဖြစ်တာပါ။ နောက်ပြီးတော့ တကယ်လို့သာ မစ္စစ်မာရှိဘာက တရားခံ ဖြစ်နေမယ်ဆိုရင် တစ်နေရာမဟုတ် တစ်နေရာမှာ သဲလွန်စ တွေ့လာနိုင်တယ်လို့ ယူဆမိလို့လည်း ပါပါတယ်။ ကျွန်မ တောင်းပန်ပါတယ်"

မာမီယာက လေကို အားရပါးရ ရှူသွင်းလိုက်ပြီး ကုစာနာဂိကို နောက်တစ်ကြိမ် စိုက်ကြည့်လိုက်သည်။

"ကြည့်ရတာ ငါတို့လည်း စိတ်သဘောထားတွေ ပြင်ဆင်မှ ရတော့မယ် ထင်တယ်။ အထက်လူကြီးတွေက ငါတို့ဆီကို ရဲမေတစ်ယောက် ရှားရှားပါးပါး လွှတ်ပေးထားတာလေကွာ။ ငါတို့က သူ့ကို မပြောရဲ မဆိုရဲအောင် လုပ်ထားမိမယ်ဆိုရင် အတော်ကို ရှက်စရာ ကောင်းနေပြီ"

"မဟုတ်ပါဘူး။ ကျွန်မ အဲဒီလို ဆိုလို … …"

မာမီယာက ဥကျူမိကို ဆက်ရှင်းမပြရန် လက်မြှောက်ကာ တားမြစ်လိုက်သည်။

"နောက်ကျရင် ပြောချင်တဲ့စကားကို လွတ်လွတ်လပ်လပ်သာ ပြောပါ။ အမှုကိစ္စနဲ့ ပတ်သက်လာရင် ယောကျာ်းမိန်းမ၊ စီနီယာဂျူနီယာ၊ ဘာမှ ခွဲခြားနေစရာ မလိုဘူး။ စောစောက နင်ပြောခဲ့တဲ့ နင့်ရဲ့ ယူဆချက်ကို အထက်လူကြီးဆီ ငါ တင်ပြလိုက်မယ်။ ဒါပေမယ့် ဘယ်နေရာမှာမဆို အစွန်းရောက်လွန်းတာတော့ မကောင်းဘူး။ မစ္စစ်မာရှိဘာက ရှန်ပိန်ခွက်တွေကို ပြန်မသိမ်းခဲ့ဘူး ဆိုတဲ့ အချက်က မသင်္ကာစရာ ကောင်းတာ မှန်ပေမယ့် အဲဒီတစ်ချက်တည်းနဲ့တော့ ဘာကိုမှ

သက်သေပြလို့ မရသေးဘူး။ ငါတို့ လိုအပ်နေတာက သက်သေပြလို့ ရနိုင်တဲ့ အထောက်အထား တစ်ခုခုပဲ။ နောက်ပြီး စောစောက ပေးခဲ့တဲ့ ငါရဲ့ ညွှန်ကြားချက်က မစ္စစ်မာရှိဘရဲ့ အလီဘိုင်သက်သေကို ခိုင်လုံခြင်း ရှိမရှိ သိရအောင် သွားပြီး စစ်ဆေးခိုင်းတာ။ အဲဒီကိစ္စကို ဘယ်လို ကိုင်တွယ်မလဲ ဆိုတာနဲ့ ပတ်သက်ပြီးတော့ နင် ဘာမှ စိတ်ပူပန်နေစရာ မလိုသေးဘူး။ သဘောပေါက်လား"

ဥက္ကျူမိသည် မျက်လွှာချကာ နှစ်ချက် သုံးချက်မျှ မျက်တောင်ခတ်လိုက်ပြီးနောက် အထက်အရာရှိကို မော့ကြည့်ပြီး ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်"

(၇)

ဖုန်းသံကို ကြားရသည့်အခါ ဟိရောမိသည် မျက်လုံးကို ဖွင့်ကြည့်လိုက်သည်။

သူသည် အိပ်ပျော်နေခြင်း မဟုတ်ဘဲ ခုတင်ပေါ်တွင် မျက်လုံးမှိတ်လျက် လှဲရုံမျှ လဲလျောင်းနေခြင်း ဖြစ်သည်။ ယနေ့ညသည်လည်း ယမန်နေ့ညကဲ့သို့ အိပ်မပျော်သည့် ညတစ်ည ဖြစ်နေဦးမည်ဟု သူ ကြိုတင် တွက်ဆထားသည်။ အနီးအနားတွင် တစ်ချိန်က ယိုရှီတာကာ ပေးခဲ့သော အိပ်ဆေးတချို့ ရှိနေသည်။ သို့သော် သူ မသောက်ရဲ။

လေးလံနေသော ခန္ဓာကိုယ်ကို သူ မ,ထူလိုက်သည့် အခါတွင် ဦးခေါင်းထဲ တဆစ်ဆစ် နာကျင်နေကြောင်း ခံစားလိုက်ရသည်။ ဖုန်းရှိရာသို့ လက်လှမ်းရသည်ကပင် ပင်ပန်းလွန်းလှချည့်။ ညကြီးမင်းကြီး ဘယ်သူများ ဖုန်းခေါ်လာသနည်း။ နာရီကို လှမ်းကြည့်လိုက်သည်။ ၁၀ နာရီ ထိုးလုထိုးခင်။

ဖုန်းမျက်နှာပြင်ပေါ်မှ နာမည်ကို တွေ့မြင်ရသည့် အခါတွင် မျက်နှာကို ရေအေးဖြင့် အပက်ခံလိုက်ရဘိသကဲ့သို့ ရုတ်ခြည်း လန်းဆန်းကြည်လင်လာသည်။ အာယနဲ၏ ဖုန်း။ သူသည် ဖုန်းလက်ခံခလုတ်ကို အလျင်အမြန် နှိပ်ချလိုက်သည်။

"ဟယ်လို ကျွန်မ ဟိရောမိပါ" သူ၏ အသံက အနည်းငယ် ကွဲအက်နေသည်။

"ငါပါ။ ဆောရီးပဲနော်။ အိပ်ပျော်နေပြီ ထင်တယ်"

"မအိပ်သေးပါဘူး။ လှဲပဲ လှဲနေတာ။ ဒါနဲ့ ... ဒီနေ့မနက်က ဆရာမဆီ ပြန်မလာနိုင်တဲ့အတွက် တောင်းပန်ပါတယ်"

"ကိစ္စ မရှိဘူး။ နေလို့ ကောင်းသွားပြီလား"

"ဟုတ်ကဲ့။ ဆရာမလည်း အတော် ပင်ပန်းနေရောပေါ့" ဟိရောမိသည် နှုတ်မှ ဤသို့ မေးလိုက်မိသော်လည်း စိတ်ထဲတွင်မူ တခြားအကြောင်းအရာကို စဉ်းစားနေမိသည်။ မှူခင်းရဲများသည် သူနှင့် ယိုရှီတာကာတို့၏ အကြောင်းကို အာယနဲအား အမှန်အတိုင်း ဖွင့်ပြောလိုက်ပြီလောဟု စိတ်ပူနေသည်။

"တကယ်တော့ ပင်ပန်းနေပြီ။ ဘာတွေ ဖြစ်သွားခဲ့တယ် ဆိုတာကိုလည်း အခုထိ နားမလည်နိုင်သေးဘူး … … အဲဒါတွေ အားလုံးက တကယ် ဖြစ်ပျက်သွားခဲ့တာပါလို့ အခုချိန်ထိ ဘယ်လိုမှ လက်ခံလို့ မရသေးဘူး ဖြစ်နေတယ်"

ဟိရောမိလည်း ထိုနည်းလည်းကောင်းပင်။ အိပ်မက်ဆိုးကြီးတစ်ခုကို အခန်းဆက်ဖြင့် မြင်မက်နေရသည့်နှယ်။ "ကျွန်မ နားလည်ပေးနိုင်ပါတယ်" ဟုသာ တိုတိုတုတ်တုတ် ပြန်ဖြေလိုက်သည်။

"ဟိရောမိ၊ နင် တကယ် နေကောင်းသွားတာရော ဟုတ်လို့လား။ ကျန်းမာရေး ဂရုစိုက်ဦးနော်"

"ကျွန်မ နေကောင်းသွားပါပြီ။ မနက်ဖြန်ဆို အလုပ်သွားနိုင်လောက်တယ်"

"အလုပ်က အရေးမကြီးပါဘူး။ ငါ နင့်ကို အခု တွေ့လို့ ရမလား"

"ဆရာမက အခုချက်ချင်း တွေ့ချင်တာလား" သူ၏ ရင်ထဲ ထိတ်ကနဲ ပျာယာခတ်သွားသည်။

"ဘာကိစ္စရှိလို့လဲ"

"ငါ နင်နဲ့ မျက်နှာချင်းဆိုင် ဆွေးနွေးစရာ ရှိလို့ပါ။ အချိန် ခဏလောက် ပေးနိုင်ရင် ရပါတယ်။ တကယ်လို့ နင် အရမ်းပင်ပန်းနေရင် ငါ နင့်ဆီ လာခဲ့မယ်လေ"

ဟိရောမိသည် လက်ကိုင်ဖုန်းကို နားနားသို့ ဖိကပ်ပြီး ခေါင်းကို ခါယမ်းလိုက်သည်။

"မဟုတ်တာ။ ကျွန်မပဲ ဆရာမအိမ်ကို ထွက်လာခဲ့ပါမယ်။ နောက်တစ်နာရီလောက်ဆိုရင် ဆရာမဆီ ရောက်လောက်တယ်"

"ငါ အခု ဟိုတယ်မှာ တည်းနေတာ"

"ဩော် ... ဟုတ်လား"

"ရဲဌာနက ငါ့အိမ်ကို ထပ်ပြီး စစ်ဆေးကြဦးမှာ ဆိုတော့ သူတို့က ဒီတစ်ညအတွက် ငါ့ကို ဟိုတယ်မှာ တည်းဖို့ စီစဉ်ပေးထားကြတယ်။ ဒါကြောင့် ဆပ်ပိုရိုကနေ သယ်လာတဲ့ ခရီးဆောင်အိတ်ထဲက အဝတ်အစားတချို့ကို ယူပြီး ဟိုတယ်မှာ လာတည်းနေတာ"

အာယနဲသည် ရှီနာဂါဝါ ဘူတာရုံ၏ နံဘေးတွင် ရှိသော ဟိုတယ်တစ်လုံးတွင် တည်းခိုနေသည်။ ဟိရောမိသည် "ကျွန်မ အခုချက်ချင်း ထွက်လာခဲ့မယ်" ဟု ပြောပြီး ဖုန်းချလိုက်သည်။ အပြင်ထွက်ရန် ပြင်စရာ ရှိသည်များကို ပြင်ဆင်နေသည့် အတောအတွင်း၌ အာယနဲသည် သူ့အား အဘယ်ကြောင့် ညကြီးမင်းကြီး တွေ့ချင်နေရသနည်း ဟူသည့်အချက်ကို အပြန်ပြန် အထပ်ထပ် စဉ်းစားနေမိသည်။ အာယနဲသည် မိမိ၏ ကျန်းမာရေးကို အမှန်တကယ် စိတ်ပူပန်နေခဲ့သည် မှန်လျှင် မိမိအား အဘယ်ကြောင့် ညကြီးအချိန်မတော် သူ့ထံသို့ လာရောက်ရန် ဆင့်ခေါ်နေရသနည်း။ သူသည် အချိန် ထပ်မဆွဲနိုင်လောက်အောင် အရေးကြီးသော အကြောင်းအရာတစ်ခုကို မိမိအား ပြောပြလိုသောကြောင့်သာလျှင် မိမိကို ယခုကဲ့သို့ ခေါ်ယူခြင်း ဖြစ်ရလိမ့်မည်ဟု ဟိရောမိ ယူဆလိုက်သည်။

ရှီနာဂါဝါဘူတာသို့ သွားရာ လမ်းတစ်လျှောက် ဓာတ်ရထားပေါ်တွင် ဟိရောမိသည် အာယနဲ၏ နှုတ်မှ ထွက်ကျလာမည့် အကြောင်းအရာကို ခန့်မှန်းတွက်ဆကြည့်နေမိသည်။ မှူခင်းရဲများသည် သူနှင့် ယိုရှိတာကာတို့၏ တိတ်တိတ်ပုန်း ဇာတ်လမ်းကို အာယနဲအား ပြောပြလိုက်ပြီလော။ စောစောက ဖုန်းပြောကြစဉ်အတွင်း သူ၏ လေသံထဲတွင် ခက်ထန်မာကျောသည့် အရိပ်အယောင်ကို စိုးစိမျှ မခံစားခဲ့ရသည် မှန်သော်လည်း သူသည် ရင်ထဲမှ ခံစားချက်များကို အားတင်း၍ မျိုသိပ်ထားသောကြောင့်သာ ပေါက်ကွဲထွက်မလာခဲ့ခြင်း ဖြစ်ရပေမည်။

ခင်မင်ရင်းနှီးခဲ့သည့် ကာလတစ်လျှောက်လုံးတွင် ဣန္ဒြေတည်ငြိမ် အေးဆေးပြီး ခက်ထန်ကြမ်းတမ်းသည့် အမူအရာများကို အပြင်သို့ ထုတ်ပြလေ့မရှိသော အာယနဲသည် သူ၏ လင်ယောက်ျားနှင့် ဖောက်ပြန်နေသည့် မိန်းမတစ်ယောက်ကို မည်သို့မည်ပုံ ရင်ဆိုင်တွေ့ဆုံမည်နည်းဟု ဟိရောမိ မတွေးမကြံ့တတ်အောင် ဖြစ်နေရသည်။ ထိုသို့ မတွေးမကြံ့တတ်သော အကြောင်းကြောင့်ပင်လျှင် ဟိရောမိ၏ စိတ်ထဲတွင် အတိုင်းအဆ မရှိသော ထိတ်လန့်မှုနှင့် ကြောက်ရွံ့မှုတို့ကို ခံစားနေရလေသည်။ သို့သော် သူ့အား တဲ့တိုး မေးလာခဲ့မည် ဆိုလျှင် ဝေ့လည်ကြောင်ပတ် လုပ်မနေတော့ဘဲ အမှန်အတိုင်း ဝန်ခံပြီး

တောင်းပန်လိုက်တော့မည်ဟု သူ အစောကြီးကတည်းက ဆုံးဖြတ်ထားခဲ့သည်။ အာယနဲသည် သူ့အား မည်သို့မျှ ခွင့်လွှတ်နိုင်လိမ့်မည် မဟုတ်ပေ။ သူ့အား တပည့်အဖြစ်မှပင် ရပ်စဲချင် ရပ်စဲပစ်လိမ့်မည်။ သို့သော် မည်သို့ တတ်နိုင်ပါဦးမည်နည်း။ ယခုအခါတွင် ပြတ်ပြတ်သားသား လုပ်ရန် အချိန်တန်ပြီဟု သူ ယူဆသည်။

ဟိုတယ်သို့ ရောက်သည့်အခါတွင် ဟိရောမိသည် အာယနဲထံသို့ ဖုန်းဆက်လိုက်သည်။ အာယနဲက သူ့အား အခန်းသို့ တက်လာရန် ပြောသည်။

အာယနဲသည် သနပ်ခါးရောင် ညဝတ်အင်္ကျီကို ဝတ်ဆင်လျက် သူ့ကို စောင့်မျှော်နေသည်။

"ဒီလောက် ပင်ပန်းနေတာတောင် နင့်ကို ဒီခေါ်လိုက်ရတာ စိတ်တော့ မကောင်းဘူး"

"ရပါတယ်။ ဆရာမ ဘာပြောစရာ ရှိလို့လဲ"

"အရင် ထိုင်ပါဦး"

အခန်းထဲတွင် တစ်ယောက်ထိုင် ဆိုဖာခုံနှစ်လုံး ချထားသည်။ အာယနဲက သူ့ကို ထိုင်ရန် လက်ပြလိုက်သည်။

ဟိရောမိသည် ထိုင်ခုံတွင် ထိုင်ပြီး အခန်းတွင်းကို ဝေ့ဝိုက်ကြည့်လိုက်သည်။ ၎င်းမှာ နှစ်ယောက်အိပ်ခန်း တစ်ခန်းဖြစ်သည်။ ခုတင်နံဘေးတွင် ဖွင့်ထားသော ခရီးဆောင်အိတ်တစ်လုံး ရှိသည်။ အထဲတွင် အင်္ကျီ အမြောက်အမြားကို တွေ့မြင်နေရသည်။ အာယနဲသည် ဤနေရာတွင် ကာလရှည်နေရန် အစောကြီးကတည်းက ဆုံးဖြတ်ထားပြီး ဖြစ်ရပေမည်။

"ဘာသောက်မလဲ"

"ဟင့်အင်း၊ မသောက်တော့ပါဘူး"

"နင့်အတွက် တစ်ခွက်တော့ ငှဲ့ထားလိုက်ပါမယ်။ နင် သောက်ချင်တဲ့အချိန် သောက်ပေါ့"

အာယနဲသည် ရေခဲသေတ္တာထဲမှ ဝူးလုံလက်ဖက်ရည်ဗူးကို ယူ၍ ခွက်နှစ်ခွက်ထဲသို့ လောင်းထည့်လိုက်သည်။

ဟိရောမိက ကျေးဇူးတင်ကြောင်း ခေါင်းဆတ်ပြပြီးနောက် လက်ဖက်ရည်ခွက်ကို လက်ဆန့်တန်းကာ ကောက်ကိုင်လိုက်သည်။ စစ်စင် သူ အာခြောက်၍ ရေငတ်နေသည်မှာ ကြာလှပေပြီ။

"ရဲတွေက နင့်ကို ဘာတွေ မေးတာလဲ"

အာယနဲသည် ယခင်ကကဲ့သို့ နူးညံ့ပျော့ပျောင်းသော လေသံဖြင့် မေးလိုက်သည်။

ဟိရောမိသည် ခွက်ကို ပြန်ချပြီး နှုတ်ခမ်းကို သပ်လိုက်သည်။

"မစ္စတာမာရှိဘကို တွေ့တုန်းက အခြေအနေတွေကို မေးတာပါ။ နောက်ပြီး ကျွန်မကို ဘာသံလွှန်စများ ရှိသလဲလို့လည်း မေးသေးတယ်"

"သံလွှန်စနဲ့ ပတ်သက်ပြီး နင် ဘယ်လို ဖြေလိုက်တာလဲ"

ဟိရောမိက သူ၏ ရင်ဘက်နားတွင် လက်ကို ခါယမ်းလိုက်သည်။

"ဘာသံလွှန်စမှ ကျွန်မ မသိပါဘူး။ ကျွန်မ သူတို့ကို အဲဒီလိုပဲ ပြန်ဖြေလိုက်တာပဲ"

"ဟုတ်လား။ အဲဒီအပြင်ရော သူတို့ ဘာမေးသေးလဲ"

"တခြားတော့ ဘာမှ မမေးတော့ပါဘူး ... အဲဒီလောက်ပဲ"

ဟိရောမိက ခေါင်းကို ငုံ့ထားလိုက်သည်။ သူနှင့် ယိုရှီတာကာတို့ ကော်ဖီအတူ သောက်ခဲ့သည့် ကိစ္စကို မေးခွန်းထုတ်ခံရကြောင်း သူ မည်သို့ ပြောပြနိုင်ပါအံ့နည်း။

အာယနဲက ခေါင်းညိတ်ကာ ခွက်ကို ကောက်ကိုင်ပြီး ဝူးလုံလက်ဖက်ရည်တစ်ငုံ မော့သောက်လိုက်သည်။ သူသည် ခွက်ကို နဖူးတွင် ကပ်ထားပြီး နဖူးကို အပူကျစေရန် ကြိုးစားနေသည့်နှယ်။

"ဟိရောမိ" အာယနဲက သူ့ကို လှမ်းခေါ်လိုက်သည်။

"ငါ နင့်ကို ပြောစရာ ရှိတယ်"

ဟိရောမိသည် ထိတ်ထိတ်ပျာပျာဖြင့် ခေါင်းမော့ကြည့်လေသည်။ သူတို့နှစ်ဦး အကြည့်ချင်း ဆုံမိသွားသည်။ အာယနဲသည် သူ့ကို စူးစူးဝါးဝါး စိုက်ကြည့်နေသည်ဟု မူလက ခံစားရနေသော်လည်း တစ်ခဏအကြာတွင် နောက်ခံစားချက်တစ်မျိုး ပြောင်းလဲသွားသည်။ အာယနဲ၏ မျက်ဝန်းထဲတွင် မုန်းတီးခြင်းနှင့် အမျက်ဒေါသတို့၏ အရိပ်အယောင်ကို လုံးဝ မတွေ့ရပေ။ ဝမ်းနည်းပူဆွေးနေသော၊ ဟင်းလင်းလစ်ဟာနေသော ခံစားချက်တစ်မျိုးကိုသာ ဖော်ဆောင်နေကြသည်။ သူ၏ နှုတ်ခမ်းထက်မှ မပီတပီ ခပ်ယဲ့ယဲ့ အပြုံးစများက ၎င်းခံစားချက်ကို ပိုမို ခိုင်မာစေခဲ့သည်။

"သူက ငါ့ကို လမ်းခွဲကြဖို့ ပြောလာခဲ့တယ်လေ" အာယနဲက ခံစားချက်မဲ့သော လေသံဖြင့် ပြောသည်။

ဟိရောမိက မျက်လွှာချထားမိသည်။ သူ၏ မျက်နှာပေါ်တွင် အံ့သြထိတ်လန့်သည့် အမူအရာမျိုး လုပ်ပြသင့်သော်လည်း သူ့တွင် ထိုသို့ပြုလုပ်ရန် စွမ်းအင်များ ကုန်ခမ်းနေသည်။ အာယနဲကို မော့ကြည့်ရန်ပင် သူ ဝန်လေးနေခဲ့သည်။

"သောကြာနေ့ မစ္စတာအီကာအိတို့ အိမ်ရောက်မလာသေးခင် အခန်းထဲမှာ ငါ့ကို ပြောခဲ့တာ။ ပြီးတော့ ပြောသေးတယ်။ ကလေးမမွေးနိုင်တဲ့ မိန်းမတစ်ယောက်နဲ့ အိမ်ထောင်တစ်ခု ထူထောင်ရတာ ဘာအဓိပ္ပာယ်မှ မရှိဘူး လို့လည်း ပြောသေးတယ်"

ဟိရောမိသည် ခေါင်းငိုက်စိုက် ချပြီး သူ ပြောသမျှကို နားထောင်နေရုံသာ။ ယိုရှိတာကာသည် ကွာရှင်းပြတ်စဲရန် အာယနဲအား တောင်းဆိုထားသည်ဟု သိထားပြီး ဖြစ်သော်လည်း ထိုသို့သော စကားမျိုးကို သူ ပြောကြားခဲ့လိမ့်မည်ဟု လုံးဝ ထင်မှတ်မထားခဲ့ပေ။

"နောက်ပြီး သူက ငါ့နေရာမှာ အစားထိုးဖို့အတွက် ချစ်သူတစ်ယောက် ရှာတွေ့ထားပြီတဲ့။ နာမည်ကိုတော့ ငါ့ကို ပြောမပြဘူး။ ငါ မသိတဲ့လူလို့ပဲ သူက ပြောတယ်"

ဟိရောမိ၏ ရင်ထဲ တလှပ်လှပ် လှုပ်ရှားလာသည်။ အာယနဲသည် သူတို့နှစ်ယောက်၏ အကြောင်းကို ဘာဆိုဘာမျှ မသိ ဆိုသည်မှာ

ဟုတ်နိုင်ပါမည်လော။ သူသည် ဘာကိုမျှ ဂရုမစိုက်သည့် ဟိတ်ဟန်မျိုးဖြင့် ထောင်ချောက်ထဲသို့ တစ်ဆင့်ပြီးတစ်ဆင့် ကျုံးသွင်းရန် ကြိုးစားနေခြင်းသာ ဖြစ်ပေလိမ့်မည်။

"ဒါပေမယ့် သူ ငါ့ကို ညာနေတယ်ဆိုတာ ငါ သိတယ်။ သူ ချိန်နေတဲ့သူက ငါ့အသိထဲကပဲ ဖြစ်ရမယ်။ ပြီးတော့ တော်တော်ကို ရင်းနှီးတဲ့ အထဲက။ အဲဒါကြောင့်မို့လည်းပဲ အဲဒီမိန်းမရဲ့ နာမည်ကို သူ ပြောမပြရဲတာပေါ့။ နင်ရော ဘယ်လိုထင်လဲ"

အာယနဲ၏ ရင်ဖွင့်စကားကို ကြားရသည့်အခါတွင် ဟိရောမိ၏ ရင်ထဲ တင်းကျပ်သည်ထက် တင်းကျပ်လာသည်။ သူ ဆက်လက်၍ သည်းမခံနိုင်တော့။ ခေါင်းမော့လိုက်သည့် အခါတွင် သူ၏ မျက်လုံးအစုံ၌ မျက်ရည်များ ပြည့်လျှံနေကြသည်။

အာယနဲသည် သူ၏ အဖြစ်သနစ်ကို တွေ့မြင်ရသည်တွင် ထူးဆန်းအံ့ဩသော မည်သည့် အမူအရာကိုမျှ မပြဘဲ မျက်နှာပေါ်၌ ခြောက်ကပ်ကပ် အပြုံးတစ်ခုသာ ရှိနေသည်။ အာယနဲက မျက်နှာသေဖြင့် မေးလိုက်သည်။

"ဟိရောမိ၊ အဲဒီလူက နင် မဟုတ်လား"

လေသံက အပြစ်လုပ်ထားသည့် ကလေးတစ်ယောက်ကို နူးညံ့ညင်သာစွာ မာန်မဲနေသည့်ပုံမျိုး။

ဟိရောမိသည် မည်သို့ ပြန်ဖြေရမည်မှန်း မသိနိုင်အောင် ဖြစ်နေမိသည်။ ရှိုက်သံများ ထွက်ပေါ်မလာစေရန် သူသည် နှုတ်ခမ်းကို ခပ်တင်းတင်း စေ့ပိတ်ထားလေသည်။ မျက်ရည်များသာ တာကျိုးသွားသည့်အလား တသွင်သွင် စီးဆင်းလျက်။

"အဲဒီလူက … နင် မဟုတ်လား"

ဤသို့သော အခြေအနေမျိုးတွင် မည်သို့မျှ ငြင်းဆန်၍ မရနိုင်တော့ပေ။ ဟိရောမိက ခေါင်းကို အသာအယာ ညိတ်လိုက်သည်။

အာယနဲက ထွက်သက်ကို အားရပါးရ မှုတ်ထုတ်ပစ်လိုက်သည်။

"ထင်သားပဲ"

"ဆရာမ၊ ကျွန်မ ..."

"အင်း၊ ငါ သိပါတယ်။ နင် ဘာမှ ပြောပြနေစရာ မလိုတော့ပါဘူး။ သူ ကွာရှင်းဖို့ မပြောခင်ကတည်းက ငါ ရိပ်မိနေခဲ့တာ။ ပြောရရင် အဲဒီထက်တောင် ပိုစောသေးတယ်။ ငါ့ဘာသာ လက်သင့်မခံနိုင်ခဲ့တာပဲ ရှိတာ။ ... ... ငါ နေ့တိုင်း သူ့အနားမှာ ရှိနေခဲ့တာ ဆိုတော့ မရိပ်မိဘဲ ဘယ်နေပါ့မလဲ။ နောက်ပြီး သူက ဟန်လုပ်တဲ့အပိုင်းနဲ့ လိမ်ညာတဲ့အပိုင်းတွေမှာ သူထင်သလို ကျွမ်းကျင်တာ မဟုတ်ဘူး"

"ဆရာမတော့ ကျွန်မကို စိတ်ဆိုးနေမှာပဲ"

အာယနဲက ခေါင်းကို ငဲ့စောင်းလျက် ပြောသည်။

"ဘယ်လို ပြောရမလဲ။ စိတ်ဆိုးတယ်လို့ပဲ ပြောရမယ် ထင်တယ်။ ငါ့အထင်တော့ သူက နင့်ကို မြှူဆွယ်ခဲ့တာပဲ ဖြစ်မယ်။ ဒါပေမယ့် နင် ဘာဖြစ်လို့ မငြင်းဆန်ခဲ့တာလဲ။ အဲဒါကို ငါ စဉ်းစားလို့ မရခဲ့ဘူး။ ဒါပေမယ့်လည်း နင်က ငါ့ယောက်ျားကို လုယူသွားခဲ့တယ်လို့ အဲဒီလို ငါ မခံစားရဘူး။ တကယ်ပြောတာ။ ဘာဖြစ်လို့လဲ ဆိုတော့ သူက မျက်နှာများတတ်တဲ့သူ မဟုတ်လို့ပဲ။ ငါ့အထင် ပြောရရင် အရင်ဦးဆုံး အနေနဲ့ သူက ငါ့အပေါ်မှာ စိတ်ကုန်သွားခဲ့တယ်။ အဲဒီနောက်မှာမှ သူရဲ့ အကြည့်တွေက နင့်ကိုယ်ပေါ်ကို ပြောင်းရွှေ့သွားတယ်။ ငါ့ကိုယ်ငါတောင် မုန်းနေမိသလိုပဲ။ ဘာဖြစ်လို့ သူ့လက်ကို မြဲမြဲမြံမြံ ဆုပ်ကိုင်မထားနိုင်ခဲ့တာလဲ ဆိုပြီး ငါ့ကိုယ်ငါ မုန်းတယ်"

"ကျွန်မ တောင်းပန်ပါတယ်။ ကျွန်မ အဲဒီလို မလုပ်သင့်ဘူး ဆိုတာကို ကျွန်မ သိပါတယ်။ ဒါပေမယ့် ထပ်ပြန်တလဲလဲ ကြုံနေရတဲ့ မစ္စတာမာရှိဘရဲ့ ညှို့ဓာတ်တွေကို ကျွန်မ ဘယ်လိုမှ လျစ်လျူမရှုနိုင်ခဲ့ဘူး"

"ထပ် မပြောပါနဲ့တော့"

အာယနဲက ပြောသည်။ အသံမှာ စောစောက အသံနှင့် လုံးဝ ကွဲပြားနေသည်။ မာကြောအေးစက်နေသည့် လေသံ။

"နင် ပြောတာကို ဆက်နားထောင်နေရင် နင့်ကိုပါ ငါ မုန်းမိလိမ့်မယ်။ သူက

နင့်ကို ဘယ်ပုံဘယ်နည်း မြှူဆွယ်ခဲ့သလဲ ဆိုတာကို ငါ နားထောင်ချင်နေတယ်လို့များ နင် ထင်နေတာလား”

သူ့စကားမှာ အမှန်ပင် ဖြစ်သည်။ ဟိရောမိသည် ခေါင်းကို ငုံ့ထားလျက်က ဘယ်ညာ ယမ်းခါနေမိသည်။

“ငါတို့ မင်္ဂလာဆောင်မယ် ဆိုတုန်းက အချိန်းအချက်တစ်ခု လုပ်ထားခဲ့ကြတယ်” အာယနဲ၏ အသံသည် ပြန်လည် တည်ငြိမ်အေးဆေးလာသည်။

“တစ်နှစ်နေလို့မှ ကလေးမရရင် ငါတို့ရဲ့ အိမ်ထောင်ရေးကို ပြန်လည် သုံးသပ်ကြမယ်လို့ အပြန်အလှန် ကတိပေးခဲ့ကြတယ်။ ငါတို့ နှစ်ယောက်စလုံးလည်း အသက်အရွယ်တွေ မငယ်ကြတော့ဘူးလေ။ ဟုတ်တယ်မလား။ ဒါကြောင့် ငါတို့က ကိုယ်ဝန်ရအောင် ဆေးကုနေဖို့လည်း အချိန်အများကြီး မပေးနိုင်တော့ဘူး။ အမှန်အတိုင်း ဝန်ခံရရင် သူရဲ့ ရွေးချယ်မှုအသစ်က နင်ဖြစ်နေလို့ပဲ ငါ တော်တော်လေး ခံစားခဲ့ရတယ်။ ဒါပေမယ့် သူ့နေရာကနေ ကြည့်မယ်ဆိုရင် သူ့ကတိသူ အကောင်အထည် ဖော်သွားရုံပါပဲ”

“အဲဒီအကြောင်းကို ကျွန်မ သူ့ဆီကနေ မကြာမကြာ ကြားခဲ့ဖူးတယ်” ဟိရောမိက ခေါင်းငုံ့လျက် ပြောသည်။

ယိုရှိတာကာနှင့် တွေ့ဆုံခဲ့သော စနေနေ့ညကလည်း သူ့ထံမှ ထိုစကားကို ကြားခဲ့ရသေးသည်။ ယိုရှိတာကာသည် ထိုစဉ်က ‘ကစားပွဲစည်းကမ်း’ ဟူသော စကားလုံးကို အသုံးပြုခဲ့သည်။ ကစားပွဲစည်းကမ်းကို ထိုသို့ သတ်မှတ်ထားသောကြောင့် အာယနဲက မဖြစ်မနေ သဘောတူရလိမ့်မည် ဟူ၍။ သူ ဤသို့ ပြောခဲ့သည်ဟု ဟိရောမိ မှတ်မိနေသည်။ ထိုစဉ်က ထိုစကားလုံး၏ အနက်အဓိပ္ပာယ်ကို ဟိရောမိ ကောင်းစွာ နားမလည်ခဲ့ပေ။ သို့သော် ယခု အာယနဲ၏ စကားကို ကြားရသည့်အခါတွင် အာယနဲသည် သူ့ယောကျ်ားကို နားလည်ပေးနိုင်စွမ်း ရှိသူတစ်ယောက် ဖြစ်ကြောင်း သိရှိလာရသည်။

“ဒီတစ်ခေါက် ငါ ဆပ်ပိုရိုကို ပြန်ရတဲ့ အကြောင်းအရင်းက စိတ်ပြေလက်ပျောက် နေလိုက်ချင်လို့ပါ။ စွန့်ပစ်ခံရတော့မယ့် လူတစ်ယောက်အနေနဲ့ ဒီအိမ်ကြီးထဲမှာ ဆက်ပြီး ပေကပ်နေမယ် ဆိုရင် သိပ်ကို သနားစရာ ကောင်းလွန်းမနေဘူးလား။ နင့်ကို အိမ်သော့ ပေးခဲ့တယ် ဆိုတာကလည်း သူ့အပေါ်မှာ ရှိနေတဲ့ သံယောဇဉ်ကို ဖြတ်တောက်ပစ်လိုက်ချင်လို့ပဲ။ ငါ အိမ်မှာ မရှိတော့တဲ့အချိန် နင်တို့ တွေ့ဆုံကြလိမ့်မယ်ဆိုတာကို ငါ ကြိုတွက်ထားပြီးသားပါ။

မဟုတ်လည်း နင်တို့က ချိန်းတွေ့ကြမှာပဲဥစ္စာ။ နင့်ကို ငါကိုယ်တိုင် အိမ်သော့ အပ်ထားလိုက်တော့ ငါလည်း စိတ်လက်ပေါ့ပါးသွားတာပေါ့”

အာယနဲက သူ့အား အိမ်သော့ အပ်ခဲ့စဉ်က အခြေအနေများကို ပြန်လည် မြင်ယောင်ကြည့်မိသည်။ အာယနဲက ဤမျှ ပြတ်သားစွာ ဆုံးဖြတ်ထားခဲ့ကြောင်းကို ထိုစဉ်က ဟိရောမိသည် လုံးဝ ရိပ်စားမိခဲ့ခြင်း မရှိပေ။ ထိုသို့ ဖြစ်ရမည့်အစား ဆရာမ၏ ယုံကြည်မှုကို အပြည့်အဝ ရရှိထားသည့်အတွက် သူ့ကိုယ်သူ ကျေနပ်ပျော်ရွှင်နေခဲ့မိသည်။ ထိုစဉ်က အာယနဲသည် အိမ်သော့ လက်ခံယူမည့် သူ့ကို မည်သို့သော စိတ်ခံစားချက်မျိုးဖြင့် စိုက်ကြည့်နေခဲ့သနည်း။ ထိုအချက်ကို စဉ်းစားကြည့်မိသောအခါ ဟိရောမိ၏ စိတ်ထဲ နေမထိ ထိုင်မသာ ဖြစ်နေမိတော့သည်။

“နင် ရဲအရာရှိတွေကို နင်တို့အကြောင်း ပြောပြလိုက်သေးလား”

ဟိရောမိက အသာအယာ ခေါင်းညိတ်လိုက်သည်။

“သူတို့လည်း ရိပ်မိနေကြတော့ ကျွန်မလည်း အမှန်အတိုင်းပဲ ဝန်ခံလိုက်ရတော့တာပေါ့”

“အဲဒီလိုလား။ ဟုတ်လည်း ဟုတ်ပါတယ်လေ။ အဲဒီတုန်းက နင်က သူ့ကို စိုးရိမ်လို့ ဆိုပြီး အိမ်ကို အပြေးသွားကြည့်ခဲ့တယ်။ အဲဒီအချက်က ဘယ်လိုပဲကြည့်ကြည့် သဘာဝ မကျဘူး။ ဒီလိုဆိုတော့ ရဲတွေက နင်တို့နှစ်ယောက် အကြောင်းကို သိနေပါလျက်နဲ့ ငါ့ကို တစ်ခွန်းလေးတောင် မဟကြဘူးပေါ့”

“ဟုတ်လား”

“သူတို့က မသိချင်ယောင် ဆောင်ပြီး ငါ့ကို တိတ်တဆိတ် အကဲခတ်ကြည့်ချင်လို့ ထင်တယ်။ သူတို့က ငါ့ကို သံသယဝင်နေကြပြီ နေမှာ”

“ရှင် …” ဟိရောမိသည် အာယနဲကို အထိတ်တလန့် ငေးကြည့်နေသည်။

“သံသယဝင်တယ် … ဆရာမကို …”

“သာမန်အားဖြင့် စဉ်းစားကြည့်မယ်ဆိုရင် ငါ့မှာ သေစေလိုတဲ့ စေတနာ ရှိနေတယ်။ မဟုတ်ဘူးလား။ ယောက်ျားလုပ်တဲ့လူရဲ့ သစ္စာဖောက်မှုကို

ခံထားရတော့ လူသတ်ချင်စိတ် ရှိလာနိုင်တာပေါ့”

မှန်ပါ၏။ သို့သော် ဟိရောမိသည် အာယနဲကို တစိုးတစိမျှ သံသယ မဝင်ခဲ့ဖူးပေ။ ယိုရှီတာကာ အသတ်ခံရသည့် အချိန်က သူသည် ဆပ်ပိုရို၌ ရှိနေခဲ့သည် မဟုတ်လား။ ထို့အပြင် ယိုရှီတာကာ၏ စကားအရ အာယနဲသည် ကွာရှင်းပြတ်စဲရန် သဘောတူထားပြီး ဖြစ်သည်။ ထိုအချက်ကိုလည်း သူ အခိုင်အမာ ယုံကြည်ထားသည်။ နောက်တစ်ကြိမ် ထပ်၍ မိုက်မဲခဲ့ခြင်းပေလော။

“ဒါပေမယ့် ရဲတွေက ငါ့ကို မသင်္ကာဖြစ်နေလည်း အရေးမစိုက်ပါဘူး။ ဘာမှ အရေးပါတာမှ မဟုတ်ဘဲ”

အာယနဲသည် လက်ကိုင်အိတ်ကို အနားသို့ ဆွဲရွှေ့ပြီး အိတ်ထဲမှ လက်ကိုင်ပဝါဖြင့် အောက်မျက်ခမ်းများကို သုတ်နေသည်။

“အရေးကြီးတာက ဘာတွေ ဖြစ်သွားခဲ့တာလဲ။ သူ ဘယ်လိုဖြစ်လို့ အဲဒီအဖြစ်မျိုးနဲ့ ကြုံခဲ့ရတာလဲ။ … … ဟိရောမိ၊ နင် တကယ်ပဲ ဘာမှ မသိဘူးလား။ နင် သူ့ကို နောက်ဆုံးတွေ့ခဲ့တာ ဘယ်အချိန်လောက်ကလဲ”

“မနေ့မနက်က။ အဲဒီတုန်းက သူနဲ့ကျွန်မ ကော်ဖီသောက်ခဲ့ကြသေးတယ်။ အဲဒါနဲ့ ပတ်သက်ပြီးတော့လည်း ရဲတွေက ကျွန်မကို မေးခွန်းတွေ အများကြီး မေးခဲ့ကြသေးတယ်”

“ဟုတ်လား”

အာယနဲက ခေါင်းကို ငုံ့စောင်းကာ တစ်ခဏကြာမျှ စဉ်းစားနေသည်။ ထို့နောက် ဟိရောမိကို ပြန်ကြည့်ပြီး

“နင် ဘာမှ မဖုံးကွယ်ထားပါဘူးနော်။ နင် သိထားသမျှ အရာအားလုံး သူတို့ကို ပြောပြလိုက်တယ် မဟုတ်လား”

“ဟုတ်။ အကုန်လုံး ပြောပြထားပြီးပါပြီ”

“ကောင်းတယ်။ မေ့သွားတာတွေကို ပြန်သတိရလာရင်လည်း သူတို့ကို ပြန်ပြောပြဖို့ မမေ့နဲ့ဦး။ သူတို့က နင့်ကိုလည်း မသင်္ကာဖြစ်နေကြမှာ သေချာတယ်”

"သူတို့က ကျွန်မကို အစောကြီးကတည်းက မသင်္ကာနေကြတာ ဖြစ်မှာပါပဲ။ စနေနဲ့ တနင်္ဂနွေ နှစ်ရက်စလုံးမှာ မစ္စတာမာရိုဘနဲ့ မျက်နှာချင်းဆိုင် တွေ့ခဲ့တဲ့ လူဆိုလို့ လက်ရှိအချိန်ထိ ကျွန်မတစ်ယောက်ပဲ ရှိနေတာလေ"

"အဲဒီလိုလား။ ရဲတွေက အဲဒီအချက်တွေကို အခြေခံပြီး လူတွေကို သံသယဖြစ်တတ်ကြတာပဲ"

"ဟုတ် … ကျွန်မ ဒီနေ့ ဆရာမနဲ့ လာတွေ့တဲ့ အကြောင်းကိုရော ရဲတွေကို အမှန်အတိုင်း ပြောပြလိုက်ရမလား"

ဟိရောမိ၏ မေးခွန်းကို ကြားသည့်အခါတွင် အာယနဲသည် နဖူးပေါ်သို့ လက်တင်ကာ စဉ်းစားနေသည်။

"ဒါလား … ဖုံးကွယ်နေစရာ အကြောင်းလည်း မရှိပါဘူး။ ငါကတော့ အေးဆေးပါ။ ဝေ့လည်ကြောင်ပတ် လုပ်နေရင် သူတို့ရဲ့ သံသယစိတ်က ပိုပြီး ကြီးလာလိမ့်မယ်"

"ဟုတ်"

အာယနဲက ပင့်သက်ကို ရှိုက်လိုက်သည်။ နှုတ်ခမ်းများကလည်း တင်းမာခြင်း မရှိတော့။

"ပြောရရင်တော့ အတော် ထူးဆန်းဖို့ ကောင်းတဲ့ ကိစ္စပဲ။ ယောကျ်ားရဲ့ စွန့်ပစ်ခြင်းကို ခံခဲ့ရတဲ့ မိန်းမတစ်ယောက်က သူ့ယောကျ်ားရဲ့ တိတ်တိတ်ပုန်းရည်းစားနဲ့ အခန်းတစ်ခန်းထဲမှာ အတူတူ ထိုင်ပြီး စကားပြောနေကြတယ်။ အဲဒီ မိန်းမနှစ်ယောက်က ငြင်းခုံသတ်ပုတ်နေတာလည်း မရှိဘူး။ လမ်းပျောက်နေတဲ့ ခံစားချက်မျိုးပဲ ရှိနေကြတယ်။ ငါတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ရန်သူအဖြစ်နဲ့ မမြင်နိုင်တဲ့ အဓိကအကြောင်းအရင်းက သူ ဒီလောကမှာ မရှိတော့လို့ ဖြစ်မယ် ထင်တယ်နော်"

ဟိရောမိက ဘာမျှ တုံ့ပြန်မှု မပြု။ သို့သော် သူ၏ အတွေးကလည်း ထိုနည်းလည်းကောင်းပင်။ သို့သော် ဟိရောမိအနေဖြင့် ဆိုရပါမူ အကယ်၍သာ ယိုရှီတာကာသည် သေရွာမှတဖန် ပြန်ရှင်လာခဲ့မည် ဆိုပါက အာယနဲ၏ မည်သို့သော ဆဲဆိုကြိမ်းမောင်းမှုမျိုးကိုမဆို အသာတကြည် လက်ခံမိပေလိမ့်မည်။ ယခုအချိန်တွင် သူ၏ ဆုံးရှုံးမှုသည် အာယနဲထက်ပင် အပုံကြီး သာလွန်နေသည်ဟု သူ

ယုံကြည်နေသည်။ သို့သော် သူ့အနေဖြင့် မည်သူ တစ်ဦးတစ်ယောက်ကိုမျှ ရင်ဖွင့်ပြောဆို၍ မရပေ။

(၈)

မာရိုဘ အာယနဲ၏ မိဘအိမ်သည် သေသပ်လှပသော လူနေရပ်ကွက်တစ်ခုတွင် တည်ရှိသည်။ အဆောက်အအုံများမှာ လေးထောင့်စပ်စပ်များ ဖြစ်ကြပြီး အိမ်ဝင်တံခါးမကြီးသည် လှေကား၏ အထက်တွင် ရှိသည်။ အောက်ဆုံးထပ်ကို ကားဂိုဒေါင်အဖြစ် အသုံးပြုပြီး ၎င်းကို မြေအောက်ခန်းအဖြစ်လည်း အသုံးပြုကြသည်။ ဆိုလိုသည်မှာ အမြင်အားဖြင့် သုံးထပ်တိုက်ဟု ခေါ်ရမည် ဖြစ်သော်လည်း နှစ်ထပ်သာ လူနေပြီး ကျန်တစ်ထပ်မှာ ဂိုဒေါင် ဖြစ်သည်။

"ဒီနားပတ်ဝန်းကျင်မှာ ရှိတဲ့ အိမ်တွေအများစုက အကုန်လုံး ဒီအတိုင်းချည်းပဲ"

အာယနဲ၏ ဖခင်ဖြစ်သူ မီတာ ကာဇူဟီရိုသည် ညှော့သည်များကို ဆန်မုန့်များဖြင့် ဧည့်ခံရင်း ပြောသည်။

"ဆောင်းရာသီ ဝင်ပြီ ဆိုတာနဲ့ ဒီမှာက နှင်းထူတော့ အိမ်တံခါးမကြီးကို မြေပြင်နဲ့ ကပ်ထားလို့ မဖြစ်ဘူး"

"အဲဒီလိုလား"

ကုစာနာဂိက ခေါင်းညိတ်ပြီး လက်ဆန့်တန်းကာ အကြမ်းပန်းကန်ကို လှမ်းယူလိုက်သည်။ လက်ဖက်ရည်အိုး ချပေးသူမှာ အာယနဲ၏ မိခင် တိုကီကို ဖြစ်သည်။ ယခုအချိန်တွင် သူသည် ကာဇူဟီရို၏ နံဘေးတွင် ဒူးတုပ်ထိုင်လျက် ရှိပြီး သူ၏ ပေါင်ပေါ်တွင် လင်ပန်းအလွတ်တစ်ချပ်ကို တင်ထားသည်။

"မာရိုဘ အဲဒီလို ဖြစ်သွားတယ်လို့ သတင်းကြားလိုက်ရတော့ ဦးလေးတို့တောင် လန့်ဖျပ်သွားကြတယ်။ မတော်တဆ ဖြစ်တာလည်း မဟုတ်၊ နာမကျန်း ဖြစ်တာလည်း မဟုတ်ဘူး ဆိုတော့ ဦးလေးတောင် အူကြောင်ကြောင် ဖြစ်သွားတာ အမှန်ပဲ။ အခုတော့ ရဲအရာရှိတွေတောင် အိမ်ရောက်လာမှကိုး"

ကာဇူဟီရို၏ နဖူးကြောသည် လိုင်းတွန့်များအလား ရှုံ့တွလာလေသည်။

"အခုချိန်ထိတော့ လူသတ်မှုရယ်လို့ မသတ်မှတ်နိုင်သေးပါဘူး" ကုစာနာဂိက သူတို့ကို ပြောပြသည်။

ကာဇူဟီရိုက မျက်မှောင်ကြုတ်လိုက်သည်။ ပိန်လှီနေသောကြောင့်လား မသိ။ မျက်နှာပေါ်ရှိ အရေးအကြောင်းများသည် ပိုမို၍ နက်ရှိုင်းသွားသည်ဟု မှတ်ထင်ရသည်။

"ကြည့်ရတာ သူ့မှာ ရန်သူတွေ သိပ်များလွန်းတယ် ထင်ပါရဲ့။ အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းရှင်တိုင်းက အဲဒီလိုမျိုးတွေချည်းပဲ။ ဒါပေမယ့် ဘယ်လိုလူက အဲဒီလို ဘုရားမကြိုက်တဲ့ ဒုစရိုက်မျိုးကို လုပ်ခဲ့တာလဲ မသိဘူး"

ကာဇူဟီရိုသည် ထိုဒေသရှိ ရှင်ယိုကင်ကို (ဂျပန်နိုင်ငံ၏ ငွေချေးသမဂ္ဂ) တွင် လွန်ခဲ့သော ငါးနှစ်ခန့်အထိ တစ်လျှောက်လုံး အလုပ်လုပ်ကိုင်နေခဲ့သည်။ ထို့ကြောင့် စီးပွားရေး လုပ်ငန်းရှင် အတော်များများနှင့် ဆုံတွေ့ခဲ့ဖူးပေလိမ့်မည်။

"ဟို ..." တိုကီကိုက ခေါင်းမော့လာသည်။

"သမီး အာယနဲ့ရော ဘယ်လိုနေလဲ မသိဘူး။ ဖုန်းထဲမှာတော့ သူက ဘာမှ မဖြစ်ဘူးလို့ ပြောနေတာပဲ"

မိခင်တစ်ဦးအနေဖြင့် မိမိ၏ သားသမီးသည်သာ ပထမဦးစားပေး ဖြစ်သည် မဟုတ်ပါလား။

"အန်တီ့သမီး နေကောင်းပါတယ်။ အခုဖြစ်သွားတဲ့ ကိစ္စက သူ့အပေါ် ရိုက်ခတ်မှု အတော် ပြင်းထန်ပုံ ရတယ်။ ဒါပေမယ့် သူက အတတ်နိုင်ဆုံး ကြိုးစားပြီး ကျွန်တော်တို့ရဲ့ စုံစမ်းစစ်ဆေးရေး ကိစ္စတွေမှာ အစွမ်းကုန် ကူညီပေးနေပါတယ်"

"ဟုတ်လား။ အဲဒါဆိုရင်တော့ ကျွန်မ စိတ်ချပါပြီ"

စကားအဖြစ်သာ ပြောနေသည်။ ဤမိခင်၏ မျက်နှာပေါ်တွင် စိုးရိမ်ပူပန်သည့် အရိပ်အယောင်များက လွင့်ပါးသွားခြင်း မရှိသေးပေ။

"ပြီးခဲ့တဲ့ စနေနေ့က သူ ဦးလေးတို့ဆီ ပြန်လာသေးတယ် မဟုတ်လား။ အဲဒါ

ဦးလေး ကျန်းမာရေးမကောင်းလို့ လာကြည့်တာဆို”

ကုစာနာဂိသည် ကာဇူဟီရို၏ မျက်နှာကို တည့်တည့်ကြည့်ကာ လုပ်ငန်းစလိုက်သည်။ ကာဇူဟီရိုသည် ပိန်လှီပြီး မျက်နှာမှာ အနည်းအကျဉ်း ဖြူဖပ်ဖြူရော် ဖြစ်နေသော်လည်း မစားနိုင် မသောက်နိုင်သော ဒုက္ခိတတစ်ယောက် အသွင်မျိုး ပေါက်မနေပေ။

“ဦးလေးရဲ့ ပန်ကရိယက သိပ်မကောင်းတော့ဘူး။ လွန်ခဲ့တဲ့ သုံးနှစ်က ပန်ကရိယကင်ဆာ ဖြစ်ပြီးကတည်းက ကျန်းမာရေးကတော့ တရှောင်ရှောင်ပဲ။ အဖျားတက်လိုက် ဗိုက်နာလိုက် ကျောအောင့်လိုက်နဲ့။ အခုဆိုရင် တစ်ရက်နေရလည်း တစ်ရက်ပေါ့ ဆိုပြီး ကိုယ့်ဘာသာကိုယ် အားတင်းထားရတယ်”

“ဒါဆို အခုဟာက တကူးတက အိမ်ပြန်လာရလောက်အောင် ထူးခြားတဲ့ အခြေအနေမျိုး မရှိဘူးပေါ့”

“အင်း၊ ဘာမှ ထူးထူးခြားခြား မရှိပါဘူး။ ဟုတ်တယ် မဟုတ်လား” ကာဇူဟီရိုက တိုကီကိုကို ကြည့်လျက် အတည်ပြုချက် ရယူနေသည်။

“သမီးက မနက်ဖြန် အိမ်ပြန်လာခဲ့ဦးမယ် ဆိုပြီး သောကြာနေ့ညက ဖုန်းဆက်လာတော့ သူ့အဖေရဲ့ ကျန်းမာရေးကို စိတ်ပူလို့ဆိုပြီး ထည့်ပြောခဲ့သေးတယ်။ သူ မင်္ဂလာဆောင်ပြီးကတည်းက ဒါ ပထမဆုံး အိမ်ပြန်လာတာပဲ”

“အဲဒါအပြင် တခြား အကြောင်းအရင်းတွေရော သူ့ဆီက ကြားမိသေးလား”

“တခြား ဘာအကြောင်းအရင်းမှ မပြောပါဘူး”

“သူက ဒီမှာ ဘယ်လောက် ကြာကြာနေမယ်လို့ ပြောလဲ”

“အတိအကျတော့ မပြောဘူး။ … … ဘယ်အချိန် တိုကျိုပြန်မှာလဲလို့ မေးကြည့်တော့ သူက မဆုံးဖြတ်ရသေးဘူးတဲ့။ အဲဒါပဲ ပြောတယ်”

သူတို့နှစ်ဦး၏ ပြောစကားအရဆိုလျှင် အာယနဲသည် မိဘအိမ်သို့ အပြေးအလွှား ပြန်သွားရန် ခိုင်လုံသော အကြောင်းပြချက် မရှိပေ။ သို့ဆိုလျှင် သူသည် အဘယ်ကြောင့် မိဘအိမ်သို့ အပြေး ပြန်သွားခဲ့ရသနည်း။

အိမ်ထောင်ကျပြီးသော အမျိုးသမီးများသည် ဤသို့ ပြုမူဆောင်ရွက်ခဲ့ပါလျှင် အများစုမှာ သူ၏ လင်သားနှင့် ပဋိပက္ခ ဖြစ်နေသောကြောင့်သာ။

"ဒါနဲ့ ..." ကာဇူဟီရိုက မေးရန် မဝံ့မရဲ ဖြစ်နေသည်။

"ခင်ဗျားက အာယနဲ့ အိမ်ပြန်လာတဲ့ ကိစ္စကို အတော်လေး စိတ်ဝင်စားနေပုံ ရတယ်။ ဘာများ ပြဿနာ ရှိနေလို့လဲ"

ကာဇူဟီရိုသည် ယခုအချိန်တွင် ပင်စင်ယူပြီး ဖြစ်သော်လည်း တစ်ချိန်တစ်ခါက အမျိုးမျိုး အစားစားသော လူတန်းစားပေါင်းစုံနှင့် ဆက်ဆံပေါင်းသင်းခဲ့ဖူးသူ ဖြစ်သည်။ တိုကျိုမှလာသော ဤမှုခင်းရဲ၏ လာရင်း ရည်ရွယ်ချက်ကို သူ၏ ဦးနှောက်ထဲတွင် အမျိုးမျိုး ချိန်ထိုးတွက်ဆ ပြီးလောက်ပေပြီ။

"တကယ်လို့သာ ဒီအမှုက လူသတ်မှုအဖြစ် သတ်မှတ်လို့ ရသွားမယ် ဆိုရင် လူသတ်တရားခံဟာ အာယနဲ့ မိဘအိမ် ပြန်လာတဲ့အချိန်ကို တမင်ရွေးပြီး လုပ်ကြံခဲ့တာ ဖြစ်ဖို့များတယ်" ကုစာနာဂိက ဖြေးဖြေးမှန်မှန် ရှင်းပြသည်။

"အဲဒီလိုဆိုရင်တော့ မေးစရာ မေးခွန်းတစ်ခု ရှိလာတယ်။ တရားခံက အာယနဲ့ရဲ့ သွားလာလှုပ်ရှားမှုကို ဘယ်လိုလုပ်ပြီး သိနေရတာလဲ။ ဒါကြောင့် ဦးလေးတို့ နှစ်ယောက်ဆီကနေ အသေးစိတ် အချက်အလက်တွေကို တောင်းခံနေရတာပါ။ လုပ်ငန်းသဘောအရ လုပ်ရတာဆိုတော့ အမှားပါခဲ့ရင်၊ အလိုမကျတာ ရှိရင် ကျွန်တော့်ကို ခွင့်လွှတ်ပေးစေချင်ပါတယ်"

"အဲဒီလိုလား"

ကာဇူဟီရိုသည် အမှန်တကယ်ပင် နားလည်သွားပါ၏လော။ သူကတော့ ခေါင်းတဆတ်ဆတ် ညိတ်နေလေသည်။

"အဲဒီတုန်းက ဦးလေးတို့သမီး ဒီမှာ ဘယ်လို နေသွားခဲ့တာလဲ"

ကုစာနာဂိသည် အဘိုးအို၊ အဘွားအိုတို့၏ မျက်နှာကို တစ်လှည့်စီ စိုက်ကြည့်လိုက်သည်။

"စရောက်ရောက်ချင်း နေ့ကတော့ အိမ်မှာ တစ်နေကုန် နေသွားတာပဲ။

ညရောက်တော့ ကျွန်မတို့သုံးယောက်သား ဒီအနီးနားက ဆူရှီဆိုင်တစ်ဆိုင်မှာ ညစာသွားစားကြတယ်။ သမီးက အဲဒီဆိုင်ကို ဟိုအရင်ကတည်းက အရမ်းသဘောကျတာ” တိုကီကိုက ပြန်ဖြေသည်။

“ဆိုင်နာမည်က ဘာလဲ မသိဘူး”

ကုစာနာဂိ၏ အမေးကြောင့် တိုကီကိုက သူ့ကို သံသယမျက်လုံးများဖြင့် ငေးစိုက်ကြည့်နေသည်။ ကာဇူဟီရိုလည်း ထိုနည်းလည်းကောင်းပင်။

“ဆောရီးပါဗျာ။ ဘယ်အချက်အလက်က အမှုအတွက် နောင်တစ်ချိန်မှာ အသုံးဝင်လာနိုင်မလဲ ဆိုတာကို တိတိပပ မပြောနိုင်သေးတော့ တတ်နိုင်သမျှ အနုစိတ်ပြီး လေ့လာနေရပါတယ်။ စိတ်ချပါဗျာ။ ကျွန်တော်တို့ ခဏခဏ လာနှောင့်ယှက်နေမှာ မဟုတ်ပါဘူး”

တိုကီကို၏ မျက်နှာတွင် ရတက်မအေးသော အမူအရာများ ပြည့်နှက်နေသေးသော်လည်း ဆူရှီဆိုင်၏ ဆိုင်နာမည်ကို ပြောပြလေသည်။

“တနင်္ဂနွေနေ့မှာ သူက သူ့သူငယ်ချင်းနဲ့ ရေပူစမ်းကို သွားခဲ့သေးတယ်လို့ သတင်းကြားမိတယ်။ ဟုတ်လား မသိဘူး”

“အဲဒါ သူရဲ့ အထက်တန်းကျောင်းတုန်းက သူငယ်ချင်းပါ။ နာမည်က ဆာကီကိုတဲ့။ ဆာကီကိုရဲ့ မိဘအိမ်ကလည်း ဒီနဲ့ သိပ်မဝေးဘူး။ လမ်းလျှောက်သွားရင် ငါးမိနစ်လောက်ပဲ။ အခုတော့ သူက အိမ်ထောင်ကျပြီး တောင်ပိုင်းရပ်ကွက်ကို ပြောင်းသွားတယ်။ စနေနေ့ညက အာယနဲ သူ့ဆီ ဖုန်းဆက်ပြီး ဂျိဇန်ကဲအိကို သွားဖို့ ချိန်းလိုက်တယ် ထင်ပါရဲ့”

ကုစာနာဂိသည် သူ၏ မှတ်စုစာအုပ်ကို ကြည့်လျက် ခေါင်းညိတ်လိုက်သည်။ မာမီယာသည် အာယနဲထံမှ သူ့သူငယ်ချင်း၏ နာမည်ကို မေးမြန်းထားခဲ့ပြီး ဖြစ်သည်။ နာမည် အပြည့်အစုံမှာ မိုတိုအိုကာ ဆာကီကို။ ဥက္ကျုမိသည် ဂျိဇန်ကဲအိ ရေပူစမ်းသို့ အရင်သွားပြီး အပြန်တွင် ထိုအမျိုးသမီးထံသို့ ဝင်ရောက်စုံစမ်းပေလိမ့်မည်။

“အာယနဲက အိမ်ထောင်ကျပြီးကတည်းက ပထမဆုံးအကြိမ် အိမ်ပြန်လာတာဆိုတော့ သူက ဦးလေးတို့နှစ်ယောက်ကို မစ္စတာမာရှိဘအကြောင်း ပြောမပြဘူးလား”

တိုကီကိုက တစ်ခဏမျှ စဉ်းစားပြီး ပြန်ဖြေလေသည်။

"သူ့ယောက်ျားက အလုပ် သိပ်များတယ် ဆိုတာတော့ ပြောတယ်။ နောက်ပြီး တစ်နေကုန် ဂေါက်ရိုက်နေတတ်တယ် ဆိုတာမျိုးရောပဲ"

"ဒါဆို အဲဒီအချိန်တုန်းက အိမ်မှာ ဘာတွေ ဖြစ်ပျက်နေတယ် ဆိုတာမျိုးတော့ မပြောပြဘူးပေါ့"

"မပြောဘူး။ ပြောရရင် အဲဒီကောင်မလေးက ကျွန်မတို့ အကြောင်းကိုပဲ မေးတာ ပိုများတယ်။ ဖေကြီးရဲ့ ကျန်းမာရေးက သက်သာရဲ့လားတို့၊ မောင်လေးရော အဆင်ပြေရဲ့လားတို့ အဲဒီလိုဟာမျိုးတွေပေါ့။ ဪ ... သူ့မှာ မောင်လေးတစ်ယောက် ရှိတယ်။ အခု အလုပ်ကိစ္စနဲ့ အမေရိကား ရောက်နေတယ်"

"အရင် အာယနဲက တစ်ခါမှ ပြန်မလာခဲ့ဖူးဘူး ဆိုတော့ အန်တီတို့လည်း မစ္စတာမာရှိဘနဲ့ သိပ်မဆုံဖူးဘူး ထင်တယ်"

"ဟုတ်တယ်။ သူတို့နှစ်ယောက် မင်္ဂလာမဆောင်ခင် အစောပိုင်းလောက်ကတော့ ကျွန်မတို့ မာရှိဘအိမ်ကို တစ်ခေါက်ရောက်ခဲ့ဖူးတယ်။ အဲဒီနောက်တော့ သူနဲ့ အေးအေးဆေးဆေး စကားမပြောဖြစ်တော့ဘူး။ မာရှိဘက ကျွန်မတို့ကို အချိန်မရွေး လာလည်ပါလို့ ဖိတ်ခေါ်ထားပေမယ့်လည်း အဖေကြီးက နေသိပ်မကောင်းတော့ နောက်ပိုင်း တစ်ခေါက်မှကို မရောက်ဖြစ်တော့ဘူး"

"ကျွန်တော်တို့ သူ့နဲ့ လေးခေါက်လောက်ပဲ ဆုံခဲ့ဖူးတယ်" ကာဇူဟီရိုက ပြန်တွေးကြည့်ပြီး ပြောလာသည်။

"သူတို့နှစ်ယောက်က အိမ်ထောင်ပြုကြတာ မြန်တယ်နော်"

"ဟုတ်တယ်။ အဲဒီတုန်းက အာယနဲကလည်း အသက် ၃၀ တောင် ရှိနေပြီလေ။ အိမ်ထောင်ပြုသင့်နေပြီပေါ့။ ကျွန်မတို့ကလည်း သူ့အတွက် စိတ်ပူနေကြတာ။ နောက်တော့ သူက ဆိုင်းမဆင့် ဗုံမဆင့်နဲ့ အိမ်ထောင်ပြုတော့မယ် ဆိုပြီး ဖုန်းဆက်လာတယ်"

တိုကီကိုက နှုတ်ခမ်းကို စူလျက် ပြောနေသည်။

အာယနဲသည် လွန်ခဲ့သော ရှစ်နှစ်ခန့်က အိမ်မှ တိုကျိုသို့

ထွက်ခွာသွားခဲ့သည်ဟု သူ၏ မိဘများထံမှ သိရှိရသည်။ ထိုနှစ်မတိုင်ခင်ကလည်း သူသည် ဆပ်ပိုရိုတွင် အမြဲတမ်း ရှိနေခဲ့သည် မဟုတ်။ တက္ကသိုလ်မှ ဘွဲ့ရပြီးသည့်အခါတွင် သူသည် အင်္ဂလန်တွင် ပညာတော်သင်အဖြစ် နှစ်အတော်ကြာ နေနေခဲ့သေးသည်။ စပ်ထည်ပန်းချီကို အထက်တန်း ကျောင်းသူဘဝကတည်းက ဝါသနာပါခဲ့သည်ဟု ဆိုသည်။ ထိုအချိန်ကတည်းက သူသည် ပြိုင်ပွဲပေါင်းများစွာတွင် လူအများ၏ ချီးကျူးဩဘာပေးခြင်းကို ခံခဲ့ရပြီး နာမည်ကျော်ကြား လူသိများလာခဲ့သည်။ အင်္ဂလန်မှ ပြန်ရောက်သောအခါတွင် စပ်ထည်နှင့် ပတ်သက်သော စာအုပ်ကို ရေးသားထုတ်ဝေခဲ့သောကြောင့် စပ်ထည်မြတ်နိုးသူများ၏ အဝန်းအဝိုင်းအတွင်း၌ လေးစားဂုဏ်ပြုထိုက်သူတစ်ယောက် ဖြစ်လာခဲ့လေတော့သည်။

"အဲဒီတုန်းကတော့ သူက တစ်နေကုန် အလုပ်ပဲ စိတ်ဝင်စားနေခဲ့တာ။ သူ့ကို ဘယ်တော့ အိမ်ထောင်ပြုမှာလဲလို့ မေးလိုက်ရင်လည်း အိမ်ထောင်ရှင်မတစ်ယောက် မဖြစ်ချင်ဘူးလို့ပဲ ပြန်ဖြေတတ်တယ်။ သူ့အတွက် ကူဖော်လောင်ဖက်ရမယ့် အိမ်ထောင်ရှင်မတစ်ယောက်တောင် ပြန်ရှာချင်နေတာတဲ့လေ"

"ဩော်"

တိုကီကို၏ စကားသည် ကုစာနာဂိအတွက် မထင်မှတ်ထားသော စကားတစ်ခွန်း ဖြစ်နေသည်။

"ဒါပေမယ့် သူ့ကို ကြည့်ရတာ အိမ်မှုကိစ္စတွေ နိုင်နင်းမယ့်ပုံပါပဲ"

ထိုစကားကြောင့် ကာဇူဟီရိုက နှုတ်ခမ်းကို ရွဲ့ကာ လက်ခါပြသည်။

"သူက လက်မှုပညာလောက်ပဲ ကျွမ်းကျင်တာ။ အဲဒါကိုကြည့်ပြီး အိမ်မှုကိစ္စပါ ကျွမ်းလိမ့်မယ် မထင်လိုက်နဲ့ဦး။ သူ ဒီအိမ်မှာ နေခဲ့တုန်းက ဘယ်တုန်းကမှ အိမ်မှုကိစ္စ လုပ်ခဲ့ဖူးတာ မဟုတ်ဘူး။ တိုကျိုမှာ တစ်ယောက်တည်း နေရပြီ ဆိုတော့လည်း ဟင်းတောင် ဟုတ်တိပတ်တိ ချက်ခဲ့ဖူးတာ မဟုတ်ဘူး"

"ဗျာ၊ တကယ်ကြီးလား"

"တကယ်ပေါ့"

တိုကီကိုက ပြောသည်။

"သူနေခဲ့တဲ့ နေရာကို ကျွန်မတို့ ခဏခဏ ရောက်ခဲ့ဖူးတယ်။ ကိုယ့်ဟာကိုယ် ချက်စားပုံ မရပါဘူး။ အပြင်မှာ ဝယ်စားချင်စား၊ မဟုတ်ရင်လည်း မုန့်ဆိုင်ကနေ အလွယ်စားလို့ရတဲ့ အစားအစာတွေ ဝယ်စားတာ။ အဲဒီလိုဟာမျိုးတွေပဲ နေ့တိုင်း စားနေတာ"

"ဒါပေမယ့် မစ္စတာမာရှိဘာရဲ့ သူငယ်ချင်းဆီကနေ ကြားခဲ့တာကတော့ သူတို့ မိတ်ဆုံစားပွဲကို မကြာမကြာ လုပ်ပြီး များသောအားဖြင့် အာယနဲ့ကပဲ ချက်ပြုတ်ရေးကို တာဝန်ယူတယ်လို့ ပြောတယ်"

"ကျွန်မတို့လည်း အာယနဲ့ဆီကနေ အဲဒါ ကြားဖူးတယ်။ သူက မင်္ဂလာမဆောင်ခင် စာဖိုမှူးသင်တန်းကို သွားတက်လိုက်သေးတယ် ဆိုပဲ။ ဒါကြောင့် အချက်အပြုတ် ပိုင်နိုင်လာတာ ဖြစ်မယ်။ ကျွန်မတို့ အဲဒီတုန်းကတောင် ပြောဖြစ်သေးတယ်။ ကိုယ်ချစ်တဲ့လူကို ကိုယ်တိုင် ဟင်းချက်ကျွေးနိုင်ဖို့အတွက် ဒီကောင်မလေးက အတော်တော့ ကြိုးစားသားပဲလို့"

"အခုကျ ဒီလိုအဖြစ်မျိုးနဲ့ ကြုံလာရတော့ သူ အတော်ကို ခံစားနေရလောက်တယ်"

ကာဇုဟီရိုသည် သူ့သမီး၏ ဖြစ်အင်ကို မျက်မြင်ဒိဋ္ဌ တွေ့မြင်နေရသည့်နှယ် ကြေကွဲဆို့နင့်သော မျက်နှာဖြင့် မျက်လွှာကို အောက်သို့ ဆွဲချပစ်လိုက်သည်။

"ဒါနဲ့ ကျွန်မတို့ သမီးကို သွားတွေ့လို့ ရမလား။ ကျွန်မတို့လည်း သူ့ကို ကူစရာရှိတာ ကူလုပ်ပေးချင်တယ်။ စျာပနကိစ္စလည်း လုပ်ရဦးမှာ မဟုတ်လား"

"ရတာပေါ့ခင်ဗျာ။ ဒါပေမယ့် ရုပ်အလောင်းကို မိသားစုဝင်တွေဆီ ဘယ်အချိန်မှ ပြန်အပ်နိုင်မလဲ ဆိုတာကိုတော့ ကျွန်တော် မပြောတတ်သေးဘူး"

"အဲဒီလိုလား"

"ခဏနေလောက်ကျရင် နင် သမီးဆီ ဖုန်းခေါ်လိုက်လေ"

ကာဇုဟီရိုက သူ့ဇနီးကို လှမ်းပြောသည်။

ရည်ရွယ်ချက် ပြည့်မြောက်ပြီ ဖြစ်သောကြောင့် ကုစာနာဂိသည် မတ်တတ်ရပ်ကာ ပြန်ရန် နှုတ်ဆက်လိုက်သည်။ အိမ်ပေါက်ဝတွင် ဖိနပ်စီးနေစဉ်

အင်္ကျီချိတ်၌ ချိတ်ဆွဲထားသော စပ်ထည်ဖြင့် ပြုလုပ်ထားသည့် အပေါ်ဝတ်အနွေးထည် တစ်ထည်ကို သတိထားမိသွားသည်။ အနွေးထည်၏ အောက်ပိုင်းမှာ လွန်စွာ ရှည်လျားပြီး လူကြီးတစ်ယောက် ဝတ်ထားမည် ဆိုလျှင် သူ၏ ဒူးခေါင်းကိုပင် ဖုံးအုပ်ထားနိုင်သည်။

"ဒီအင်္ကျီကို သမီးချုပ်ပေးထားတာ။ အတော်တောင် ကြာရောပေါ့"

တိုကီကိုက ပြောသည်။

"ဆောင်းရာသီမှာ အိမ်ပြင်ထွက်ပြီး သတင်းစာတို့၊ စာတို့ သွားယူရင် သူ့အဖေ ဝတ်ရအောင်တဲ့"

"သူ အဲဒီလို ကြောင်ကြောင်ကြားကြားကြီး ချုပ်ပေးဖို့ မသင့်ပါဘူးကွာ" ပြောလို့သာ ပြောနေရသည်။ ကာဇူဟီရို၏ မျက်နှာတွင် ပီတိများ ပြည့်လျှံနေသည်။

"သူ့အဖေ ဆောင်းတွင်းတုန်းက တစ်ခါ ချော်လဲခဲ့ဖူးတယ်။ တင်ပါးဆုံရိုးတောင် ကျိုးသွားခဲ့တာ။ အာယနဲက အဲဒါကို မေ့နိုင်သေးပုံ မရဘူး။ ဒါကြောင့် သူ့အဖေအတွက် အင်္ကျီချုပ်ရင် ခါးနေရာမှာ ကူရှင်ထည့်ချုပ်ပေးလေ့ ရှိတယ်" တိုကီကိုသည် အနွေးထည်၏ အတွင်းပိုင်းကို ကုစာနာဂိအား လှန်ပြရင်း ပြောနေသည်။

စေစပ်သေချာလိုက်သည့် ဖြစ်ခြင်း။ သူမှ သူအစစ်။ ကုစာနာဂိက တွေးနေမိသည်။

မီတာအိမ်မှ ထွက်ခွာလာပြီးသည့်နောက်တွင် ကုစာနာဂိသည် သူတို့ပြောခဲ့သော ဆူရှီဆိုင်သို့ ဝင်လိုက်သည်။ ဆိုင်ဝတွင် 'ပိတ်' ဟူသော ဆိုင်းဘုတ်ကို ချိတ်ဆွဲထားသည်။ အသက် ၅၀ ခန့် အရွယ်ရှိသော ကတုံးဆံတောက်ကေနှင့် စားဖိုမှူးသည် မီးဖိုချောင်ထဲတွင် ဟင်းလျာများကို ပြင်ဆင်နေသည်။ သူက မီတာတို့ မိသားစုကို မှတ်မိနေသေးသည်။

"အာယနဲကို မတွေ့တာ ကြာပြီ။ ဒါကြောင့် တတ်သမျှ ကျွန်တော်ရဲ့ အစွမ်းတွေ အကုန်ထုတ်ပြီး သူ့ကို ချက်ကျွေးခဲ့တာ။ သူတို့ အဲဒီနေ့က ၁၀ နာရီ ပတ်ဝန်းကျင်လောက် ပြန်သွားတယ် မှတ်တာပဲ။ ဘာပြဿနာများ ရှိနေလို့လဲ"

ကုစာနာဂိသည် သတင်း မပေါက်ကြားစေရန်အတွက် ဟိုဟိုဒီဒီ

လှီးလွဲပြောဆိုပြီး ဆိုင်ထဲမှ ထွက်လာခဲ့သည်။ ဆပ်ပိုရိုဘူတာ နံဘေးရှိ ဟိုတယ်တစ်လုံး၏ ဧည့်ခန်းမဆောင်တွင် ဥက္ကာမိနှင့် ပြန်ဆုံရန် ချိန်းထားသောကြောင့် ဘူတာရုံ ရှိရာအရပ်သို့ ထွက်ခွာလာခဲ့သည်။ ဟိုတယ်သို့ ရောက်သည့်အခါတွင် ဥက္ကာမိသည် ခေါင်းငုံ့ကာ တစ်စုံတစ်ခု ရေးမှတ်နေသည်ကို တွေ့ရသည်။

"အိုကေလား" ကုစာနာဂိသည် ဥက္ကာမိနှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်သည်။

"အာယနဲက တကယ်ပဲ ဂျိုဇန်ကဲအိက တည်းခိုခန်းမှာ တစ်ညအိပ်ခဲ့တယ်။ အဲဒီက ဝန်ထမ်းတွေကိုလည်း ကျွန်မ မေးခဲ့သေးတယ်။ သူနဲ့ သူ့သူငယ်ချင်းနဲ့ အဲဒီမှာ နေခဲ့တာ ပျော်ပျော်ရွှင်ရွှင်ပဲတဲ့"

"သူ့သူငယ်ချင်း မိုတိုအိုကာ ဆာကီကိုဘက်ကရော"

"တွေ့ပြီးသွားပြီ"

"သူပြောတဲ့စကားက အာယနဲ ပြောတာနဲ့ ကွဲပြားတာ ရှိလား"

ဥက္ကာမိသည် မျက်လွှာကို အောက်သို့ ချကာ ခေါင်းခါပြသည်။

"မရှိဘူး။ အာယနဲရဲ့ ထွက်ဆိုချက်နဲ့ အခြေခံအားဖြင့် ထပ်တူကျတယ်"

"ငါ့ဘက်လည်း အတူတူပဲ။ အဲဒီတုန်းက တိုကျိုကို အသွားအပြန် လုပ်ဖို့ သူ့မှာ အချိန် မရှိနိုင်ဘူး"

"မစ္စစ်မိုတိုအိုကာက ပြောတယ်။ တနင်္ဂနွေနေ့ တစ်မနက်လုံး မစ္စစ်မာရှိဘာနဲ့ အတူ ရှိနေခဲ့တယ်တဲ့။ နောက်ပြီး ညဉ့်နက်မှ မစ္စစ်မာရှိဘာက သူ့ဖုန်းမှာ မစ်ကောတွေ ဝင်ထားတာကို သတိထားမိတယ်လို့ ပြောတယ်။ အဲဒီအချက်ကလည်း ထွက်ဆိုချက်နဲ့ တထေရာတည်းပဲ"

"ဒါဆို ပြည့်စုံသွားပြီပေါ့" ကုစာနာဂိက ထိုင်ခုံပေါ် မှီချကာ အငယ်တန်းရဲမေ၏ မျက်နှာကို ကြည့်လျက် စကားဆိုလိုက်သည်။

"မာရှိဘာ အာယနဲက တရားခံ မဟုတ်ဘူး။ လုံးဝ မဖြစ်နိုင်ဘူး။ နင့်စိတ်က

ဘဝင်ကျချင်မှ ကျဦးမယ်။ ဒါပေမယ့် အဖြစ်မှန်ကို ဓမ္မဓိဋ္ဌာန်ကျကျ ကြည့်ရမယ် မဟုတ်လား"

ဥက္ကျုမိသည် လေကို အားရပါးရ ရှူသွင်းပြီး အကြည့်ကို တခြားတစ်နေရာသို့ ဖယ်ခွာပစ်လိုက်သည်။ ထို့နောက် ပြူးကျယ်သော မျက်လုံးအစုံဖြင့် ကုစာနာဂိကို ပြန်ကြည့်ကာ စကားစလိုက်ပြန်သည်။

"မစ္စစ်မိုတိုအိုကာရဲ့ စကားတွေထဲမှာ စိတ်ဝင်စားစရာ ကောင်းတဲ့ အချက်တချို့ ပါနေတယ်"

"ဥပမာ ..."

"မစ္စစ်မိုတိုအိုကာက မစ္စစ်မာရှိဘာနဲ့ မဆုံဖြစ်ကြတာ တော်တော်ကို ကြာနေပြီ။ မစ္စစ်မာရှိဘာ အိမ်ထောင်ကျကတည်းက မတွေ့ဖြစ်ကြတော့ဘူးလို့ ပြောတယ်"

"သူ့မိဘတွေကလည်း အဲဒီလို ပြောတာပဲ"

"မစ္စစ်မိုတိုအိုကာရဲ့ အမြင်မှာ မစ္စစ်မာရှိဘာက ပြောင်းလဲသွားတယ်တဲ့။ သူ အရင်တုန်းက အခုထက်ပိုပြီး သွက်လက်ချက်ချာတယ်။ အခု ဒီတစ်ခေါက် ပြန်တွေ့ရတော့ အတော်ကြီးကို ရင့်ကျက်တည်ငြိမ်ပြီး သူ့ကို ကြည့်ရတာ စိတ်နဲ့လူနဲ့ မကပ်သလိုပဲ တဲ့"

"အဲဒီတော့ ဘာဖြစ်လဲ" ကုစာနာဂိက ပြောသည်။

"မစ္စစ်မာရှိဘာက သူ့ယောက်ျား ဖောက်ပြန်နေတာကို ရိပ်မိထားပြီးပြီ ဆိုတဲ့ ဖြစ်နိုင်ခြေက တော်တော်ကို များတယ်။ ဒီတစ်ခေါက် မိဘအိမ် ပြန်တယ် ဆိုတာကလည်း စိတ်ညစ်လို့ ပြန်တာလည်း ဖြစ်ကောင်း ဖြစ်နိုင်တာပဲ။ အဲဒီလို ဖြစ်နေတော့ရော ဘာဖြစ်သေးလဲ။ ခွဲမှုုးလည်း နင့်ကို ပြောခဲ့ဖူးတယ် မဟုတ်လား။ ငါတို့ ခရီးစဉ်ရဲ့ ရည်ရွယ်ချက်က သူရဲ့ အလီဘိုင်သက်သေကို မှန်၏၊ မမှန်၏ အတည်ပြုပေးရုံပဲ။ အခု အဲဒီအချက်က ဘာမှ သံသယဝင်စရာ မရှိတော့ဘူး။ ပြီးပြည့်စုံနေပြီ။ အဲဒီလောက်ဆိုရင် ရနေပြီပဲ ဥက္ကာ"

"နောက်တစ်ချက် ကျန်သေးတယ်" ဥက္ကျုမိက မတုန်မလှုပ် ဆက်ပြောသည်။

"လက်ကိုင်ဖုန်းကို မစ္စစ်မာရှိဘ ခဏခဏ ဖွင့်ကြည့်တာကို မစ္စစ်မိုတိုအိုကာက မျက်စိနဲ့ တပ်အပ် မြင်ခဲ့တယ်တဲ့။ တစ်ခါစက်ဖွင့်ကြည့်တိုင်း စာတို ဝင်မဝင်၊ မစ်ကော ဝင်မဝင် စစ်ပြီး ချက်ချင်း ဖုန်းကို ပါဝါပြန်ပိတ်ထားတယ်တဲ့"

"ဖုန်းအား မကုန်အောင် ချွေတာတာ နေမှာပေါ့။ ဒါလည်း အထူးအဆန်း မဟုတ်ပါဘူး"

"အဲဒီလို ဟုတ်နိုင်ပါ့မလား"

"အဲဒါအပြင် ဘာရော ဖြစ်နိုင်သေးလို့လဲ"

"သူ့ဆီကို တစ်ယောက်ယောက် ဆက်သွယ်လာလိမ့်မယ်လို့ ကြိုသိနေတာရော မဖြစ်နိုင်ဘူးလား။ ဒါပေမယ့် အဲဒီဖုန်းကောကိုလည်း တိုက်ရိုက် လက်မခံချင်ဘူး။ အသံသွင်းထားတာကို နားထောင်ပြီး အခြေအနေကို သုံးသပ်ပြီးမှ ကိုယ်ဘာသာ ပြန်ဆက်သွယ်ဖို့ စိတ်ကူးထားရင်ရော။ အဲဒါ သူ ဖုန်းပိတ်ပစ်ရတဲ့ ရည်ရွယ်ချက်ပဲ"

ကုစာနာဂိက ခေါင်းခါလိုက်သည်။ သူ၏ မျက်စိရှေ့တွင် ထိုင်နေသော မှူခင်းရဲမေသည် အမှန်ပင် ဉာဏ်ထက်မြက်သည်ဟု သူ ယူဆသည်။ သို့သော် ခေါင်းမာလွန်းနေသည်။ သူသည် လက်ပတ်နာရီကို ကြည့်ပြီး မတ်တတ်ထရပ်လိုက်သည်။

"သွားရအောင်။ လေယာဉ်ချိန်နီးပြီ"

(၉)

အဆောက်အအုံထဲသို့ လျှောက်ဝင်သွားသည့်အခါ ကြမ်းပြင်ပေါ်မှ အေးမြသော အငွေ့အသက်များကို ခံစားလာရသည်။ အားကစားဖိနပ်ကို ဝတ်ထားသော်လည်း ခြေသံများက ထူးဆန်းစွာ ကျယ်လောင်နေကြသည်။ တစ်တိုက်လုံးတွင် အပ်ကျသံပင် မကြားရအောင် တိတ်ဆိတ်ငြိမ်သက်နေသည်။ လူတစ်ဦးတစ်ယောက်မျှ မရှိကြပေဘူးလော။

ဥကျူမိသည် လှေကားပေါ်သို့ နင်းတက်လာစဉ် မျက်မှန်နှင့် ကောင်လေးတစ်ယောက်ကို တွေ့ရသည်။ ကောင်လေးက သူ့ကို မြင်လိုက်သည်နှင့် အံ့ဩထူးဆန်းသွားသည့် ဟန်ပန်အမူအရာက သူ့မျက်နှာတွင် အထင်းသား ပေါ်လွင်လာသည်။ ဤတိုက်ပေါ်တွင် သူစိမ်းမိန်းကလေးတစ်ယောက်ကို တွေ့ရခဲသောကြောင့်လား မသိ။

ဥကျူမိသည် ဤနေရာသို့ လွန်ခဲ့သော လအနည်းငယ်က ရောက်ခဲ့သေးသည်။ ထိုစဉ်က သူသည် ထောက် (၁) သို့ ပြောင်းရွှေ့လာခါစ ဖြစ်ပြီး အမှုတစ်ခုနှင့် ပတ်သက်၍ ဤနေရာသို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။ အမှုထဲတွင် ရူပဗေဒနှင့် သက်ဆိုင်သော သဲလွန်စများ ပါဝင်နေသောကြောင့် ယင်းအချက်များကို ကောင်းစွာ နားလည်သဘောပေါက်နိုင်ရန် အလို့ငှာ ဤနေရာသို့ အပြေးအလွှားလာပြီး အကူအညီ တောင်းခံခဲ့ရသည်။ ဦးနှောက်တွင် ကျန်ရှိနေဆဲဖြစ်သော မှတ်ဉာဏ်အပိုင်းအစကို အားကိုး၍ သူသည် အခန်းတစ်ခန်းဆီသို့ ဦးတည်သွားနေခဲ့သည်။

ဓာတ်ခွဲခန်း အမှတ် (၁၃) သည် သူ၏ ဦးတည်ရာဖြစ်သည်။ ရှေ့တစ်ခေါက် ရောက်ခဲ့စဉ်ကကဲ့သို့ အဝင်ပေါက်တွင် ဝင်ထွက်စာရင်းကို တွေ့မြင်ရသည်။ ဤအခန်းကို အသုံးပြုနေသော လူပုဂ္ဂိုလ်သည် ယခု မည်သည့်နေရာတွင် ရောက်ရှိနေသည် ဟူသော အချက်အလက်ကို ဖော်ပြထားသည်။ ‘ယုကာဝါ’ ဟူသော နာမည်၏ နံဘေးရှိ ‘အခန်းတွင်း’ ကော်လံတိုင်ပေါ်တွင် အနီရောင် သံလိုက်တုံးတစ်တုံးကို ကပ်ထားလေသည်။ ဥကျူမိ စိတ်သက်သာရာ ရသွားသည်။ ထိုသူသည် ရှောင်ပုန်းနေခြင်း မရှိဘဲ ကတိအတိုင်း သူ့ကို စောင့်နေလေသည်။

လက်ထောက်နှင့် ကျောင်းသားများအားလုံး အတန်းဝင်နေကြပုံ ရသည်။ ထိုအချက်ကလည်း သူ့ကို ပို၍ စိတ်သက်သာရာ ရစေခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ဖြစ်နိုင်သမျှ လူသိနည်းလေ ကောင်းလေဟု ယူဆထားသောကြောင့်ပင်။

သူ တံခါးခေါက်လိုက်သည့်အခါတွင် အခန်းထဲမှ ပြန်ထူးသံ ထွက်ပေါ်လာသည်။ သို့ဖြင့် တံခါးဝတွင် ရပ်နေလိုက်သည်။ အချိန်ကြာသွားသော်လည်း တံခါးလာဖွင့်သူ တစ်ယောက်မျှ ပေါ်မလာခဲ့ပေ။

“စိတ်မကောင်းပါဘူး။ ဒါက အော်တိုတံခါး မဟုတ်ဘူး”

အခန်းထဲမှ အသံ နောက်တစ်ကြိမ် ထွက်ပေါ်လာပြန်သည်။

ဥက္ကျမိသည် တံခါးကို ကိုယ်တိုင် ဆွဲဖွင့်ပြီး အထဲသို့ ဝင်လိုက်သည့်အခါ သူ့ကို ကျောပေးထားသည့် အနက်ရောင် ရှပ်လက်တို ဝတ်ဆင်ထားသော အမျိုးသားတစ်ယောက်ကို တွေ့မြင်လိုက်ရသည်။ အမျိုးသား၏ အရှေ့တွင် မော်နီတာအကြီးတစ်လုံး ချထားပြီး စခရင်ပေါ်တွင် ပူဖောင်းအကြီးအသေးများ စုဖွဲ့နေသည့် ရုပ်ပုံတစ်ခုကို တွေ့မြင်ရသည်။

“ကျေးဇူးပြုပြီးတော့ လက်ဆေးကန်ဘေးက ကော်ဖီဖျော်စက်ရဲ့ ခလုတ်ကို ဖွင့်ပေးလို့ ရမလား။ ရေနဲ့ကော်ဖီက အဆင်သင့် ထည့်ထားပြီးသား” ကျောပေးထားသောသူက စကားဆိုသည်။

လက်ဆေးကန်သည် သူ၏ ညာဘက်တွင် ရှိပြီး ယင်းလက်ဆေးကန်၏ နံဘေးတွင် ကော်ဖီဖျော်စက်တစ်လုံး ချထားသည်။ ကြည့်ရသည်မှာ သစ်လွင်နေဆဲ။ စက်ကို ခလုတ်ဖွင့်လိုက်ပြီး များမကြာခင်မှာပင် စက်ထဲမှ အသံဗလံများ ထွက်ပေါ်လာသည်။

“ဆရာက အသင့်ဖျော် ကော်ဖီကိုပဲ ပိုကြိုက်တယ်လို့ ကြားဖူးထားတာ” ဥက္ကျမိက ပြောသည်။

“ဒီကော်ဖီဖျော်စက်ကို ကြက်တောင်ရိုက်ပြိုင်ပွဲမှာ ဆုအဖြစ်နဲ့ ရထားတာ။ ရတောင့်ရခဲ ဆိုတော့ ကျွန်တော်လည်း အစမ်း သုံးကြည့်နေတာ။ သုံးရ အဆင်ပြေတယ်။ နောက်ပြီး ကော်ဖီမှုန့်လည်း အကုန်သက်သာတယ်”

“စောစောစီးစီး မသုံးခဲ့မိလို့ ဆရာက နောင်တရနေတာလား”

“မဟုတ်ပါဘူးဗျာ။ ဒီကောင့်မှာ အားနည်းချက် အကြီးကြီး ရှိတယ်”

“ဘာအားနည်းချက်လဲ”

“အသင့်ဖျော်ကော်ဖီလို အရသာမျိုး ထွက်မလာဘူး”

ပြောရင်း ကီးဘုတ်ကို တစ်ခဏမျှ တဂျောက်ဂျောက် နှိပ်၍ ဤအခန်း၏ ပိုင်ရှင် ယုကာဝါသည် ထိုင်ခုံကို တစ်ဘက်သို့ လှည့်လိုက်လေသည်။ ဥကျူမိကို မျက်နှာချင်းဆိုင်လျက်

“ထောက် (၁) က အလုပ်တွေနဲ့ အသားကျသွားပြီလား”

“မဆိုးပါဘူး”

“ဟုတ်လား။ ကောင်းတာပေါ့လို့ ပြောဖို့ သင့်ပါ့မလား မသိဘူး။ ကျွန်တော် တစ်သမတ်တည်း လက်ခံထားတဲ့ ကျွန်တော်ရဲ့ အမြင်အရ ဆိုရင်တော့ မှုခင်းစစ်ရဲတစ်ယောက်အနေနဲ့ သူ့ရဲ့ အလုပ်တာဝန်တွေနဲ့ အသားကျသွားခြင်းက ဘာကို ဆိုလိုသလဲ ဆိုရင် တဖြည်းဖြည်းနဲ့ လူစိတ် ပျောက်နေတယ် ဆိုတဲ့ သဘောပဲ”

“ဒီစကားကို ဆရာကုစာနာဂိကိုရော ပြောခဲ့ဖူးသေးလား”

“မရေမတွက်နိုင်အောင် ပြောဖူးတာပေါ့။ ဒါပေမယ့် ကျွဲပါးစောင်းတီးပါပဲ”

ယုကာဝါ၏ အကြည့်က မော်နီတာပေါ်သို့ ပြန်ရောက်သွားပြီး မောက်စ်ကို ဆုပ်ကိုင်ထားသည်။

“အဲဒါ ဘာတွေလဲ ဆရာ”

“ဒါကို ပြောတာလား။ ဖယ်ရိုက်ပုံဆောင်ခဲ ဖွဲ့စည်းပုံမော်ဒယ်”

“ဖယ်ရိုက် ဆိုတော့ … သံလိုက်လိုမျိုးလား”

ဥကျူမိ၏ မေးခွန်းကို ကြားရသည့်အခါတွင် မျက်မှန်တပ်ထားသော

ရူပဗေဒပညာရှင်၏ မျက်လုံးများ ဝိုင်းစက်သွားသည်။

"ခင်ဗျားက ဘယ်ဆိုးလို့လဲ။ အတိအကျ ပြောရရင်တော့ ဖယ်ရှိသံလိုက်ပေါ့။ ဒါပေမယ့် ခင်ဗျားပြောတာနဲ့ အတော် နီးစပ်ပါတယ်"

"အရင်က စာအုပ်တချို့ ဖတ်ခဲ့ဖူးတယ်။ သံလိုက်ခေါင်းတွေပေါ်မှာ သုံးရတာ ထင်တယ်"

"ဒီစကားကို ကုစာနာဂိကိုလည်း ကြားစေချင်လိုက်တာ"

ယုကာဝါသည် မော်နီတာ ခလုတ်ကို ပိတ်ပစ်ပြီး ဥကျူမိကို နောက်တစ်ကြိမ် လှမ်းကြည့်လိုက်သည်။

"ကဲ … ထားပါတော့။ ခင်ဗျား ကျွန်တော့်မေးခွန်းကို အရင် ဖြေစမ်းပါဦး။ အခု ဒီရောက်လာတဲ့ ကိစ္စကို ဘာကြောင့် ကုစာနာဂိကို မသိစေချင်ရတာလဲ"

"ဒီမေးခွန်းကို ဖြေဖို့အတွက် ဆရာ အမှုသွား အမှုလာကို အရင်ဆုံး နားထောင်ပေးမှ ဖြစ်မယ်"

ဥကျူမိ၏ အဖြေကို ကြားရသည်တွင် ယုကာဝါက အသာအယာ ခေါင်းခါယမ်းလိုက်သည်။

"ဖုန်းထဲမှာကတည်းက ကျွန်တော် ငြင်းထားခဲ့ပြီးပြီပဲ။ ရဲဘက်က အမှုစစ်တဲ့ ကိစ္စတွေမှာ ကျွန်တော်အနေနဲ့ ဘယ်လိုမှ ပတ်သက်ချင်တဲ့ ဆန္ဒမရှိတော့ဘူး။ ဒါပေမယ့် အခုလို လာတွေ့တဲ့ ကိစ္စနဲ့ ပတ်သက်ပြီး ကုစာနာဂိကိုတောင် အသိပေးလို့ မဖြစ်ဘူးလို့ ကြားလိုက်ရတဲ့ အခါမှာ ကျွန်တော် စိတ်ပြောင်းသွားတယ်။ ဘာဖြစ်လို့ ကုစာနာဂိကိုတောင် ဖုံးကွယ်ထားဖို့ လိုအပ်တာလဲ ဆိုတာကို ကျွန်တော် သိချင်သွားလို့ပဲ။ ဒါနဲ့ ကျွန်တော် ခင်ဗျားကို တွေ့ဖို့ မအားတဲ့ကြားထဲက မရအရ စီစဉ်ပေးထားတာ။ ဒီတော့ ခင်ဗျား ကျွန်တော်ရဲ့ မေးခွန်းကို အရင် ဖြေပေးပါ။ ကြိုပြီးတော့ ပြောထားပါရစေ။ အမှုသွား အမှုလာကို နားထောင် မထောင်ဆိုတာ ကျွန်တော် နောက်မှ ထပ်ပြီး ဆုံးဖြတ်ချက် ချမယ်"

ယုကာဝါ၏ အေးစက်သော စကားသံကို ကြားရပြီးသည့် နောက်တွင် ဥကျူမိသည် သူ့ကို ငေးကြည့်ရင်း အခြေအနေကို ပြန်လည် သုံးသပ်ကြည့်နေမိသည်။ ကုစာနာဂိ၏ အပြောအရဆိုလျှင် ယုကာဝါသည် ယခင်က ပြစ်မှုစုံစမ်း စစ်ဆေးသည့်

ကိစ္စများတွင် အားတက်သရော ပါဝင်ဆောင်ရွက် ပေးခဲ့သည်။ သို့သော် နောက်ပိုင်းတွင် အမှုတစ်ခုနှင့် ပတ်သက်ပြီး ကုစာနာဂိနှင့် စိတ်ဝမ်းကွဲမှု ဖြစ်ပေါ်ခဲ့သည်။ ၎င်းအမှုသည် မည်သည့်အမှု ဖြစ်သနည်း ဆိုသည်ကိုမူ ဥက္ကျူမိ ကောင်းစွာ မသိပေ။

"တကယ်လို့သာ အမှုသွားအမှုလာကို နားမလည်ဘူး ဆိုရင် ဆရာ့ကို ဘယ်လိုမှ ရှင်းပြလို့ ရမှာ မဟုတ်ဘူး"

"မဖြစ်နိုင်တာပဲ။ ခင်ဗျားတို့ အပြင်လူကို စုံစမ်း စစ်ဆေးတဲ့အခါမှာ ဘယ်တုန်းကများ တစ်ဖက်လူကို အမှုအကြောင်း အသေးစိတ် ရှင်းပြခဲ့ဖူးလို့လဲ။ ခင်ဗျားတို့ အကျွမ်းဆုံး အလုပ်က ရူးချင်ယောင်ဆောင်တဲ့ အလုပ်ပဲ။ ရူးချင်ယောင်ဆောင်ပြီး တခြားလူတွေရဲ့ ပါးစပ်ထဲကနေ ကိုယ်လိုချင်တဲ့ သတင်းအချက်အလက်ကို အစ်အောက်ထုတ်တာ မဟုတ်ဘူးလား။ ကဲ ... ပြောမလား မပြောဘူးလား။ ဆက်ပြီး အချိန်ဆွဲနေရင် မကြာခင် ကျောင်းသားတွေ ပြန်ရောက်လာတော့မယ်"

သူ၏ ခနဲ့တဲ့တဲ့ စကားကို ကြားရသည့်အခါတွင် ဥက္ကျူမိသည် ပြန်မပက်မိစေရန် သူ၏ စိတ်ကို မနည်း ချုပ်တည်းထားရသည်။ အေးစက်မာကြောသော နှလုံးသားပိုင်ရှင် ထိုပါမောက္ခကြီးကို မရိုးမရွ ဖြစ်အောင် ကလိလိုက်ဦးမည်ဟု ဆုံးဖြတ်လိုက်သည်။

"ဘာလဲ" သူ မျက်မှောင်ကြုတ်နေသည်။

"မပြောပြချင်ဘူးလား"

"မဟုတ်ပါဘူး"

"ဒါဆိုလည်း မြန်မြန် ပြောလေ။ ခင်ဗျားနဲ့ အချိန်ဖြုန်းနေဖို့ ကျွန်တော်မှာ တကယ် အချိန်ပို မရှိဘူး"

ဥက္ကျူမိက "ကောင်းပြီလေ" ဟု ပြောပြီး ဝင်လေထွက်လေကို စည်းချက်မှန်မှန် ရှူရှိုက်လိုက်သည်။

"ဆရာကုစာနာဂိက ..." သူသည် ယုကာဝါ၏ မျက်လုံးအစုံကို စိုက်ကြည့်ပြီး ဆက်ပြောသည်။

"သူ ရည်းစားပူ မိနေတယ်"

"အန် ..." တည်ငြိမ်ရွှန်းစိုသော အလင်းရောင်များသည် ယုကာဝါ၏ မျက်လုံးအိမ်ထဲတွင် လုံးဝ ပျောက်ကွယ်သွားသည်။ သူသည် ယခုအခါတွင် လမ်းပျောက်နေသော ကလေးငယ်တစ်ယောက်ပမာ တစ်ခဏမျှ ငေးငိုင်သွားပြီး ဖျော့တော့သည့် အကြည့်များဖြင့် ဥက္ကျူမိကို စိုက်ကြည့်နေသည်။

"ခင်ဗျား ဘာပြောလိုက်တယ်"

"ရည်းစားပူ မိနေတယ်လို့ ပြောတာ" သူက နောက်တစ်ကြိမ် ပြန်ပြောလိုက်သည်။

"သူ မိန်းမတစ်ယောက်ကို ချစ်နေမိပြီ"

ယုကာဝါသည် ခေါင်းငုံ့လျက် မျက်မှန်ကို ပင့်တင်လိုက်သည်။ ထို့နောက် ဥက္ကျူမိကို နောက်တစ်ကြိမ် မော့ကြည့်လိုက်ပြန်သည်။ မျက်ဝန်းထဲတွင် စိုးရိမ်သည့် အရိပ်အယောင်များ အထင်းသား ပေါ်လွင်နေသည်။

"ဘယ်သူ့ကိုလဲ"

"သံသယတရားခံ တစ်ယောက်ကို" ဥက္ကျူမိက ပြန်ဖြေသည်။

"ဆရာက ဒီအမှုရဲ့ သံသယတရားခံတစ်ယောက်ကို ချစ်မိနေတယ်။ ဒါကြောင့် အမှုကို ကြည့်တဲ့ ရှုထောင့်ကလည်း လုံးဝကို ကွဲပြားသွားတယ်။ အဲဒါကြောင့်မို့လို့ပဲ ကျွန်မ ဒီကို လာတဲ့ကိစ္စကို သူ မသိစေချင်ဘူး"

"တစ်နည်းပြောရရင် ကျွန်တော်က ခင်ဗျားကို အကြံဉာဏ်ပေးတာမျိုး သူ လုံးဝ မလိုလားဘူး ဆိုတဲ့ သဘောပေါ့"

"ဟုတ်တယ်" ဥက္ကျူမိက ခေါင်းညိတ်ပြသည်။

ယုကာဝါသည် လက်ကို တင်းတင်းပိုက်လျက် မျက်လုံးကို စုံမှိတ်ထားသည်။ ထို့နောက် ထိုင်ခုံတွင် မှီထိုင်ချပြီး ထွက်သက်ကို အားရပါးရ မှုတ်ထုတ်ပစ်လိုက်သည်။

“ကြည့်ရတာ ကျွန်တော် ခင်ဗျားကို လျှော့တွက်ထားခဲ့မိပြီ ထင်ပါတယ်။ ခင်ဗျား ဘာတွေပဲ ပြောလာပြောလာ အလိုက်သင့် ပြန်ပြောပြီး ခင်ဗျားကို ဒီကနေ မြန်မြန် ထွက်သွားအောင် လုပ်ပစ်လိုက်မယ်လို့ နဂိုက ဆုံးဖြတ်ထားခဲ့တာ။ အခုတော့ ဒီလိုကိစ္စတစ်ခု ထွက်လာလိမ့်မယ်လို့ လုံးဝ မျှော်လင့်မထားခဲ့ဘူး။ ဩော် ချစ်ဒုက္ခ၊ ချစ်ဒုက္ခ။ ကုစာနာဂိလို အကောင်ပေါ်မှာမှ ဖြစ်ရတယ်လို့”

“အခု ဆရာ့ကို အမှုသွားအမှုလာအကြောင်း ရှင်းပြလို့ ရပြီလား” ဥက္ကျူမိသည် အောင်မြင်မှု၏ အရသာကို မြိန်ရှက်ခံစားရင်း မေးခွန်းထုတ်လိုက်သည်။

“ခဏနေပါဦး။ ကော်ဖီ အရင် သောက်ကြရအောင်လား။ စိတ်ငြိမ်အောင် အရင်လုပ်ပြီးမှ ခင်ဗျားပြောတာကို စူးစူးစိုက်စိုက် နားထောင်နိုင်မှာပေါ့” ယုကာဝါသည် မတ်တတ်ရပ်ကာ ခွက်နှစ်ခွက်ထဲသို့ ကော်ဖီများ လောင်းထည့်လိုက်သည်။

“အတော်တော့ တိုက်ဆိုင်နေပြီ” ဥက္ကျူမိသည် ကော်ဖီခွက်ကို လှမ်းယူရင်း ပြောသည်။

“ဘာများ တိုက်ဆိုင်နေလို့လဲ”

“အခုအမှုက ကော်ဖီသောက်ရင်း ပြောမှ အထာကျတာ။ ဒီအမှုကြီးတစ်ခုလုံးက ကော်ဖီတစ်ခွက်ကနေ အစပျိုးခဲ့တာပဲ”

“ကော်ဖီတစ်ခွက်ကနေ အိပ်မက်ပန်းပွင့်လာ … … အဲဒီလို သီချင်းတစ်ပုဒ် အရင်က ရှိခဲ့ဖူးသလိုပဲ။ ကဲပါ။ ပြောပြစမ်းပါဦး” ယုကာဝါသည် ထိုင်ခုံတွင် ထိုင်လျက် ကော်ဖီတစ်ငုံ မော့သောက်လိုက်သည်။

ဥက္ကျူမိသည် လက်ရှိအချိန်ထိ စုံစမ်းပြီးသမျှသော မာရှိဘ ယိုရှီတာကာ လူသတ်မှုနှင့် သက်ဆိုင်သော သတင်းအချက်အလက်များ အားလုံးကို အစမှ အဆုံးတိုင် ယုကာဝါအား ပြောပြလိုက်သည်။ အမှုနှင့် မသက်ဆိုင်သည့် ပြင်ပလူများထံသို့ သတင်းပေါက်ကြားခြင်းသည် စည်းကမ်းကို ဖောက်ဖျက်ရာကျကြောင်း သူ သိထားပြီး ဖြစ်သော်လည်း ကုစာနာဂိ ပြောဖူးသည်မှာ အကယ်၍သာ ထိုသို့ ပြောမပြလျှင် ယုကာဝါကလည်း လုံးဝ အကူအညီ ပေးလိမ့်မည် မဟုတ်ပေ။ ထို့ထက် ပို၍ အရေးကြီးသည့် အချက်မှာ သူသည် သူ့မျက်စိရှေ့မှ ဤလူကို အပြည့်အဝ ယုံကြည်ထားခြင်း ဖြစ်သည်။

သူ၏ ပြောပြချက်ကို နားထောင်ပြီးသည့်နောက်တွင် ယုကာဝါသည် ကော်ဖီ နောက်ဆုံးတစ်ငုံကို မော့သောက်၍ ခွက်ဗလာကို စိုက်ကြည့်နေသည်။

"ခင်ဗျားက အသတ်ခံရသူရဲ့ ဇနီးကို သံသယ ရှိနေတယ်။ ကုစာနာဂိကတော့ သူ့ကို ချစ်မိနေလို့ ဓမ္မဓိဋ္ဌာန်ကျကျ မဆုံးဖြတ်နိုင်ဘူး။ အကျဉ်းချုပ် ပြောရရင် အဲဒီလို မဟုတ်လား"

"ချစ်မိနေတယ် ဆိုတဲ့ အပြောက ကျွန်မ ပုံကြီးချဲ့လိုက်မိတာပါ။ ဆရာ့ကို စိတ်ဝင်စားလာအောင် မြှူဆွယ်တဲ့အနေနဲ့ ထိုးနှက်အားကောင်းမယ့် စကားလုံးကို တမင် ရွေးချယ်ပြီး သုံးလိုက်တာပဲ။ ဒါပေမယ့် ဆရာကုစာနာဂိက အဲဒီအမျိုးသမီးကို ထူးခြားတဲ့ စိတ်ခံစားချက်တစ်မျိုးနဲ့ ဆက်ဆံနေတယ် ဆိုတာကတော့ လုံးဝ ငြင်းလို့ မရဘူး။ အနည်းဆုံးတော့ သူရဲ့ အမူအရာက အရင်ကနဲ့ သိသိသာသာ ကွဲပြားခြားနားနေတယ်"

"ဘာကြောင့် အဲဒီလို ကောက်ချက်ချရတာလဲ ဆိုတာကိုတော့ ခင်ဗျားကို ကျွန်တော် မမေးတော့ပါဘူး။ အဲဒီလို ကိစ္စမျိုးနဲ့ ပတ်သက်လာရင် မိန်းမတွေမှာ ထူးခြားတဲ့ ဗီဇသိမျိုး ရှိနေကြတယ် ဆိုတာကိုတော့ ကျွန်တော် ယုံတယ်"

"ကျေးဇူးပါရှင်"

ယုကာဝါသည် မျက်မှောင်ကြုတ်လျက် ကော်ဖီခွက်ကို စားပွဲပေါ် ချထားလိုက်သည်။

"ဒါပေမယ့် ခင်ဗျား စောစောက ပြောခဲ့တဲ့ စကားတွေပေါ် အခြေခံပြီး စဉ်းစားကြည့်မယ်ဆိုရင် ကုစာနာဂိရဲ့ အတွေးအမြင်ကလည်း လွန်လွန်ကျွံကျွံကြီး ဘက်လိုက်နေတာမျိုး မရှိဘူးလို့ ကျွန်တော် ယူဆတယ်။ မာရှိဘာ အာယနဲ … အဲဒီနာမည် မဟုတ်လား။ အဲဒီအမျိုးသမီးရဲ့ အလီဘိုင်က သိပ်ကို အပြစ်အနာအဆာ ကင်းတယ်"

"ဒါပေမယ့် လူသတ်လက်နက်က ဓား ဒါမှမဟုတ် သေနတ် ဖြစ်နေရင်တော့ တစ်မျိုးပေါ့ရှင်။ အခုဟာက အဆိပ်ခတ် သတ်တာ ဖြစ်နေတယ်။ ကျွန်မရဲ့ ထင်မြင်ချက်ကတော့ တရားခံက လုပ်ကြံသတ်ဖြတ်နိုင်ဖို့ ကြိုတင် အကွက်ဆင်ထားတာမျိုးရော မဖြစ်နိုင်ဘူးလား"

"အဲဒီလှည့်ကွက်ကို နားလည်အောင် ဖြေရှင်းပေးဖို့ ခင်ဗျားက ကျွန်တော်ကို

အကူအညီ တောင်းချင်တာ ထင်ပါရဲ့”

ယုကာဝါ၏ စကားမှာ မှန်လွန်းနေသောကြောင့် ဥကျုမိသည် အသံမထွက်ရဲဘဲ နှုတ်ဆိတ်နေမိသည်။

ရူပဗေဒပညာရှင်သည် မဲ့ပြုံးပြုံးလိုက်သည်။

“ခင်ဗျား နားလည်မှု လွဲနေပြီ ထင်ပါတယ်။ ရူပဗေဒ ပညာရပ်က မှော်ပညာ မဟုတ်ဘူး”

“ဒါပေမယ့် အဲဒီလို မှော်ဆန်တဲ့ မှုခင်းလှည့်ကွက်တွေကို ဆရာ အရင်က ခဏခဏ ဖြေရှင်းပေးခဲ့ဖူးတာပဲ မဟုတ်လား”

“မှုခင်းလှည့်ကွက်နဲ့ မှော်လှည့်ကွက်က တခြားစီပဲလေ။ သူတို့နှစ်ခုရဲ့ ကွာခြားချက်က ဘာလဲဆိုတာ ခင်ဗျားသိလား” ဥကျုမိ ခေါင်းခါယမ်းသည်ကို တွေ့ရသည့်အခါ ယုကာဝါက စကားကို ဆက်လိုက်သည်။

“သူတို့ နှစ်ခုစလုံးမှာ လျှို့ဝှက်ချက်တွေ ရှိကြတာတော့ အမှန်ပဲ။ ဒါပေမယ့် အဲဒီလျှို့ဝှက်ချက်တွေရဲ့ ကံကြမ္မာကတော့ လုံးဝ မတူကြဘူး။ မှော်လှည့်ကွက်မှာကျတော့ ပြသမှု ပြီးဆုံးတာနဲ့ တစ်ပြိုင်နက် ပွဲကြည့်ပရိသတ်အဖို့ သူရဲ့ လျှို့ဝှက်ချက်ကို ဖော်ထုတ်နိုင်တဲ့ အခွင့်အရေးကလည်း လုံးဝ ကုန်ဆုံးသွားတယ်။ ဒါပေမယ့် မှုခင်းလှည့်ကွက်မှာကျတော့ ရဲဘက်က အခင်းဖြစ်တဲ့ နေရာကို စိတ်တိုင်းမကျမချင်း အပြည့်အဝ စုံစမ်းစစ်ဆေးပိုင်ခွင့် ရှိတယ်။ တကယ်လို့သာ အကွက်ဆင်ရမယ်ဆိုရင် လက်စလက်နတော့ လုံးဝ မကျန်ဘဲ နေမှာမဟုတ်ဘူး။ အဲဒီ လက်စလက်နတွေ တစ်စတလေတောင် မကျန်ရစ်အောင် လုပ်ဖို့ ဆိုတာက … မှုခင်းလှည့်ကွက်မှာ အခက်ခဲ အနက်နဲဆုံး အစိတ်အပိုင်းတစ်ခုလို့ ဆိုရတော့မှာပဲ”

“ဒီအမှုထဲမှာ မှုခင်းလှည့်ကွက်ကို တရားခံက ပညာသားပါပါနဲ့ လုံးဝ ခြေရာမကျန်အောင် ဖျောက်ဖျက်ပစ်နိုင်တဲ့ ဖြစ်နိုင်ခြေမျိုး ရှိလား”

“ခင်ဗျား စောစောက ပြောပြခဲ့သမျှကို အခြေခံပြီး စဉ်းစားကြည့်ရမယ် ဆိုရင် ဖြစ်နိုင်ခြေက ရှိရင်တောင် တော်တော်ကို နည်းတယ်လို့ ပြောရတော့မှာပဲ။ သေဆုံးသူရဲ့ ရည်းစားနာမည်က ဘယ်သူ …”

"ဝါကာယာမာ ဟိရောမိ"

"အဲဒီအမျိုးသမီးက သေဆုံးသူနဲ့အတူ ကော်ဖီသောက်ခဲ့ဖူးတယ်လို့ ဝန်ခံထားတယ် မဟုတ်လား။ နောက်ပြီး ကော်ဖီကိုလည်း အဲဒီအမျိုးသမီးကိုယ်တိုင် ဖျော်ပေးခဲ့တာ။ တကယ်လို့သာ ကြိုတင်ပြီး အကွက်ဆင်ထားမယ် ဆိုရင် အဲဒီတုန်းက ဘာကြောင့် သူတို့နှစ်ယောက်စလုံး ဘာမှ မဖြစ်ခဲ့ကြတာလဲ။ ဒါက အင်မတန်ကြီးမားတဲ့ ပဟေဠိတစ်ခုပဲ။ စောစောတုန်းက ခင်ဗျားပြောခဲ့တဲ့ မှန်းဆချက်ကလည်း အတော် စိတ်ဝင်စားစရာ ကောင်းတယ်။ အဆိပ်ကို ကော်ဖီအရသာ ပိုကောင်းအောင် လုပ်ပေးနိုင်တဲ့ အမှုန့်ပါ ဆိုပြီး မလိုမ့်တစ်ပတ်နဲ့ ကြိုပေးထားတဲ့ နည်းလမ်းက ရုပ်ရှင်ဇာတ်လမ်းတွဲထဲ ထည့်ရိုက်မယ်ဆိုရင်တော့ အတော်လေး မဆိုးလောက်ဘူး။ ဒါပေမယ့် တကယ့်လက်တွေ့မှာတော့ ဘယ်လိုမှ ဖြစ်လာနိုင်စရာ မရှိဘူး"

"ဘာဖြစ်လို့လဲ"

"ခင်ဗျားက တရားခံဘက်ကနေ နေပြီး ထောင့်စေ့အောင် စဉ်းစားမှ မကြည့်ဘဲ။ အဆိပ်ကို ရသာမှုန့်ဆိုပြီး တစ်ဖက်လူကို ပေးထားပြီးတဲ့ နောက်မှာ အဲဒီလူက တကယ်လို့ ကိုယ့်အိမ်မှာကိုယ် မသုံးဘဲ အပြင် တစ်နေရာရာမှာ သုံးလိုက်မိရင် အခြေအနေက ဘယ်လောက်တောင် ပြောင်းလဲသွားနိုင်မလဲ။ တကယ်လို့သာ သူက လူတစ်ယောက်ယောက်ကို သူ့ဇနီးက ပေးထားတာ ဖြစ်တဲ့အကြောင်း ပြောပြပြီး ကော်ဖီထဲ ထည့်သောက်လိုက်ရင်ရော။ အကျိုးဆက်က ဘာဖြစ်လာမလဲ"

ဥက္ကျူမိသည် နှုတ်ခမ်းကို ကိုက်လျက် ဘာစကားမျှ ပြောမထွက်တော့ပေ။ ယုကာဝါ၏ စကားက အမှန်ပင် အဓိပ္ပာယ် ရှိနေသည်။ သို့သော် သူ၏ မှန်းဆချက်ကို လုံးဝ စွန့်လွှတ်ပစ်ရန်မှာလည်း ခက်ခဲနေဆဲပင်။

"သေဆုံးသူရဲ့ ဇနီးက တရားခံပဲ ဆိုကြပါစို့။ သူ့အနေနဲ့ အခက်အခဲ သုံးခုကို တစ်ပြိုက်နက်တည်း ဖြေရှင်းနိုင်တဲ့ လှည့်ကွက်တစ်ခုကို ဆင်ထားနိုင်မှ ဖြစ်မယ်" ယုကာဝါက လက်သုံးချောင်း ထောင်လျက် ဆက်ပြောသည်။

"နံပါတ်တစ်၊ ကြိုတင် အဆိပ်ခတ်ထားမယ့် ကိစ္စကို ဘယ်သူမှ မရိပ်မိဖို့ လိုတယ်။ အဲဒီလိုမှ မဟုတ်ရင် သူ ပြင်ဆင်ထားတဲ့ အလီဘိုင်သက်သေက ဘာမှ အဓိပ္ပာယ် မရှိတော့ဘူး။ နံပါတ်နှစ်၊ အဆိပ်ကို သောက်ချမယ့်သူက မစ္စတာမာရှိဘာ ဖြစ်ကိုဖြစ်ရမယ်။ တကယ်လို့ သူရဲ့ ရည်းစားပါ မတော်တဆ ညပ်ပါလာခဲ့ရင်တောင်

မစ္စတာမာရှိဘက မဖြစ်မနေ သေကို သေရမယ်။ အဲဒီလိုမှ မဟုတ်ရင်လည်း ဘာအဓိပ္ပာယ်မှ ရှိမှာ မဟုတ်တော့ဘူး။ နံပါတ်သုံး၊ ဒီလှည့်ကွက်ကို အချိန်တိုအတွင်းမှာ ပြင်ဆင်နိုင်ရမယ်။ သူ ဟော့ကိုင်းဒိုးကို မသွားခင် ရှေ့တစ်ညက သူတို့ အိမ်မှာ ညစာစားပွဲ လုပ်ခဲ့ကြသေးတယ် မဟုတ်လား။ တကယ်လို့သာ အဲဒီအချိန်တုန်းက အဆိပ်ခတ်ခဲ့မယ် ဆိုရင် တခြားလူတွေပါ အဆိပ်မိပြီး သေသွားနိုင်တဲ့ အန္တရာယ် ရှိနေတယ်။ ဒါကြောင့် ကျွန်တော့်အထင်တော့ အဲဒီထောင်ချောက်က ညစာစားပွဲပြီးမှ ဆင်ခဲ့တာ ဖြစ်ရမယ်" စကားလုံးများကို တစ်ဆက်တည်း ပြောချလိုက်ပြီးနောက် သူသည် လက်နှစ်ဖက်ကို ဖြန့်ကားလျက် ဆက်ပြောလေသည်။

"အဲဒီအချက်တွေ အားလုံးနဲ့ တစ်ပြိုက်နက် ကိုက်ညီအောင် ဘယ်လို လုပ်ရမလဲ ဆိုတာကိုတော့ ကျွန်တော်လည်း မစဉ်းစားတတ်ဘူး။ ဆောရီးပဲ"

"ဆရာ အခုပြောခဲ့တဲ့ အခက်အခဲ ဆိုတဲ့ဟာတွေက ဖြေရှင်းဖို့ရာ အဲဒီလောက်တောင် ခက်ခဲနေလို့လား"

"သိပ်ခက်တာပေါ့။ ပထမဆုံး အခက်အခဲကို ကျော်လွှားနိုင်ဖို့ ဆိုတာတောင် တော်တော် မလွယ်ဘူး။ ကျွန်တော်အထင်တော့ သေဆုံးသူရဲ့ ဇနီးဟာ လူသတ်တရားခံ မဟုတ်ဘူး ဆိုတာက ပိုပြီး ယုတ္တိရှိလိမ့်မယ်"

ဥကျိုမိက သက်ပြင်းချလိုက်သည်။ ယုကာဝါပင်လျှင် အခိုင်အမာ ယုံကြည်နေပြီ ဆိုမှဖြင့် သူ၏ မှန်းဆချက်သည် မည်သည့်နည်းနှင့်မျှ သက်သေထူနိုင်တော့မည် မဟုတ်ပေ။ ထိုစဉ် ဥကျိုမိ၏ လက်ကိုင်ဖုန်းတွင် ဖုန်းဝင်လာသည်။ သူ ဖုန်းကိုင်လိုက်သောအခါ ယုကာဝါသည် မတ်တတ်ထ၍ ကော်ဖီသွားဖြည့်နေသည်ကို မျက်လုံးထောင့်စွန်းမှ လှမ်းမြင်နေရသည်။

"နင် အခု ဘယ်မှာလဲ" ဖုန်းစပီကာထဲမှ ကုစာနာဂိ၏အသံ ထွက်ပေါ်လာသည်။ လေသံက ဘောက်ဆတ်ဆတ်။

"ကျွန်မ ဆေးဆိုင်မှာ အာဆန်နစ်ရဲ့ ဓာတ်မြစ်ကို စုံစမ်းနေတာ။ ဘာများ ထူးခြားလို့လဲ"

"ထ.ရ.ဖ လာသွားတယ်။ သူတို့ ကော်ဖီအပြင် တခြားနေရာကနေလည်း အဆိပ်ကို ရှာတွေ့ထားပြီ"

ဥက္ကာမြိုသည် ဖုန်းကို ခပ်တင်းတင်း ဆုပ်ကိုင်လိုက်မိသည်။

"ဘယ်နေရာကလဲ"

"ခရားအိုး၊ ရေနွေးကျိုတဲ့ ခရားအိုး"

"အဲဒီအထဲမှာ တွေ့တာလား ..."

"ပမာဏ နည်းတယ် ဆိုပေမယ့် လွဲစရာ မရှိဘူး။ အခု ဟိရောမိကို သွားခေါ်ပြီး ရဲစခန်းမှာ မေးစရာရှိတာ မေးကြတော့မလို့"

"ဘာဖြစ်လို့ သူ့ကို ခေါ်ရတာလဲ"

"ရေခရားအိုးပေါ်မှာ သူ့လက်ဗွေရာ တွေ့တယ်လေ"

"အဲဒါ သဘာဝကျတာပဲလေ။ တနင်္ဂနွေနေ့ မနက်က သူ ကော်ဖီဖျော်ခဲ့သေးတာပဲ မဟုတ်လား"

"ငါ သိပါတယ်။ ဒါကြောင့်လည်း အဆိပ်ခတ်ဖို့ သူ့မှာ အခွင့်အရေး ရှိတာပေါ့"

"ရေခရားအိုးပေါ်မှာ သူ့ လက်ဗွေရာတစ်ခုတည်း ရှာတွေ့ခဲ့တာလား"

"သေဆုံးသူရဲ့ လက်ဗွေရာလည်း ပါတာပေါ့ဟာ"

"မစ္စစ်မာရှိဘရော။ သူ့လက်ဗွေရာကိုရော မတွေ့ဘူးလား"

ကုစာနာဂိ၏ ဆွဲဆွဲငင်ငင် သက်ပြင်းချသံကို ကြားလိုက်ရသည်။

"သူက အဲဒီအိမ်ရဲ့ အိမ်ရှင်မလေဟာ။ တစ်နေရာ၊ နှစ်နေရာလောက်မှာတော့ သူ့လက်ဗွေရာ တွေ့နိုင်တာပေါ့။ ဒါပေမယ့် လက်ဗွေရာတွေရဲ့ အထက်အောက် အစီအစဉ်ကို လေ့လာကြည့်တော့ မစ္စစ်မာရှိဘက ရေခရားအိုးကို နောက်ဆုံး ကိုင်ခဲ့တဲ့သူ မဟုတ်ဘူး။ နောက်တစ်ခု ပြောရဦးမယ်။ ရေခရားအိုးပေါ်မှာ လက်အိတ်သုံးပြီး ကိုင်ထားတဲ့ အမှတ်အသားမျိုးလည်း မတွေ့ရဘူး"

"ကျွန်မ သင်ထားဖူးတာတော့ လက်အိတ်နဲ့ဆိုရင် အမှတ်အသား ကျန်ချင်မှ ကျန်တတ်တာတဲ့"

"ငါ သိပါတယ်။ ဒါပေမယ့် လက်ရှိအခြေအနေ အရတော့ ဝါကာယာမာ ဟိရောမိကလွဲလို့ အဆိပ်ခတ်နိုင်တဲ့လူ ဘယ်သူမှ မရှိဘူး။ ငါတို့အဖွဲ့က သူ့ကို ခဏနေကျရင် စစ်မေးကြလိမ့်မယ်။ နင်လည်း စောစော ပြန်လာခဲ့"

ဥက္ကျုမိ၏ အဖြေစကား မရခင်မှာပင် တစ်ဖက်မှ ဖုန်းချသွားလေတော့သည်။

"ဘာတွေ ထူးခြားလို့လဲ" ယုကာဝါက ပြောပြီး ကော်ဖီတစ်ငုံ မော့သောက်လိုက်သည်။

ဥက္ကျုမိသည် ဖုန်းထဲမှ ကြားခဲ့ရသမျှကို သူ့အား ပြန်ပြောပြလိုက်သည်။ သူက ကော်ဖီသောက်ရင်း နားထောင်နေသည်။ ခေါင်းကိုပင် တစ်ချက်ကလေး ညိတ်ဖော်မရပေ။

"ရေနွေးခရားအိုးထဲမှာ တွေ့တာလား။ လုံးဝ ထင်မထားမိဘူး"

"ကျွန်မပဲ အတွေးလွန်နေတာလား မသိပါဘူး။ တနင်္ဂနွေနေ့ မနက်မှာ ဝါကာယာမာ ဟိရောမိက အဲဒီခရားအိုးနဲ့ပဲ ရေနွေးတည်၊ ကော်ဖီဖျော်ပြီး သေဆုံးသူနဲ့အတူ ကော်ဖီသောက်ခဲ့ကြသေးတာ။ အဲဒီလိုဆိုတော့ အဲဒီအချိန်တုန်းက ရေနွေးခရားအိုးထဲမှာ အဆိပ် ရှိမနေသေးဘူး ဆိုတဲ့ သဘောပေါ့။ ဒါဆို မာရှိဘာ အာယနဲက အမှု မလုပ်နိုင်တော့ဘူး။ ဟုတ်တယ်မလား"

"တစ်မျိုးပြောင်းပြီး စဉ်းစားကြည့်ရင် မစ္စစ်မာရှိဘအနေနဲ့ ရေနွေးခရားအိုးထဲမှာ အဆိပ်ခတ်စရာ ဘာအကြောင်းမှ မရှိဘူး။ ခတ်ရင်လည်း ဒါက လှည့်ကွက်တစ်ခု ဖြစ်မနေဘူး"

ဥက္ကျုမိက ထိုစကား၏ အဓိပ္ပာယ်ကို နားလည်နိုင်ရန် ကြိုးစားနေရသည်။

"ခင်ဗျား စောစောက မစ္စစ်မာရှိဘကို အမှု လုပ်နိုင်မှာ မဟုတ်ဘူးလို့ ပြောခဲ့တယ် မဟုတ်လား။ ဘာဖြစ်လို့ အဲဒီလို ပြောနိုင်ရတာလဲ။ အခင်းမဖြစ်ခင်မှာ ရေနွေးခရားအိုးကို တခြားလူတစ်ယောက်ယောက်က သုံးခဲ့ဖူးလို့ မဟုတ်လား။ ဒါပေမယ့် တခြားသူ ဘယ်သူတစ်ဦးတစ်ယောက်ကမှ အဲဒီ ရေနွေးခရားအိုးကို မသုံးခဲ့ဘူး ဆိုရင်ရော။ အခြေအနေက ဘယ်လို ဖြစ်သွားမလဲ။ အဲဒီလိုဆိုရင် ရဲတွေရဲ့

သံသယအားလုံးက မစ္စစ်မာရှိဘာအပေါ် ရောက်သွားကြမှာပဲ။ ဒီတော့ တကူးတက စီမံထားတဲ့ မစ္စစ်မာရှိဘာရဲ့ အလီဘိုင်သက်သေက လုံးဝကို အဓိပ္ပာယ် မဲ့သွားသလို ဖြစ်မနေဘူးလား"

"အား ... သိပ်ဟုတ်တာပေါ့" ဥက္ကာမြိက လက်ပိုက်လျက် စိတ်ပျက်လက်ပျက် ပြောလိုက်သည်။

"ဒါဆို ဘယ်ကနေပဲကြည့်ကြည့် မာရှိဘာ အာယနဲ့ရဲ့ သံသယကို ချေဖျက်ပြီးသား ဖြစ်နေတာပေါ့နော်"

ယုကာဝါသည် သူ၏ မေးခွန်းကို ဘာမျှ ပြန်မဖြေဘဲ သူ့ကိုသာ မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေသည်။

"ဒါဆို ရှေ့လျှောက် ဘယ်ဘက်ကို ဦးတည်ပြီး စုံစမ်းထောက်လှမ်းသွားမယ် စိတ်ကူးထားလဲ။ မစ္စစ်မာရှိဘာကသာ တရားခံ မဟုတ်တော့ဘူး ဆိုရင် ခင်ဗျားလည်း ကုစာနာဂိလိုပဲ သေဆုံးသူရဲ့ ရည်းစားကို ပစ်မှတ်ထားတော့မှာလား"

ဥက္ကာမြိက ခေါင်းခါလိုက်သည်။

"ကျွန်မတော့ အဲဒီလို မထင်ဘူး"

"သိပ်ကို ယုံကြည်မှု ပြည့်ဝနေပါလား။ ခင်ဗျားရဲ့ အကြောင်းပြချက်ကို ပြောပြစမ်းပါဦး။ ကိုယ်ချစ်တဲ့ ချစ်သူကို သတ်ပစ်စရာ ဘာအကြောင်းမှ မရှိဘူးလို့တော့ ခင်ဗျား မပြောဘူး မဟုတ်လား" ယုကာဝါသည် ထိုင်ခုံတွင် ထိုင်ချပြီး ခြေတစ်ဖက်ကို ချိတ်တင်လိုက်သည်။

ဥက္ကာမြိ၏ ရင်ထဲတွင် ထိတ်ကနဲ ခံစားလိုက်ရသည်။ ထိုသို့ ပြောရန် သူ ကြံစည်ထားသောကြောင့်ပင်။ ၎င်းအပြင် သူ့တွင် ဘာအကြောင်းပြချက်မျှ ပြောစရာ မရှိပေ။

သို့ရာတွင် ယုကာဝါ၏ လတ်တလော အမူအရာကို လေ့လာကြည့်လျှင် သူသည်လည်း ဝါကာယာမာ ဟိရောမိကို တရားခံအဖြစ် ယူဆမထားကြောင်း ဥက္ကာမြိ ခံစားသိရှိနေသည်။ ထို့အပြင် သူ့တွင် ခိုင်လုံသော အကြောင်းပြချက် တစ်ခုခု ရှိနေသည့်ပုံ။ သို့သော် ဤအမှုနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ အားလုံးကို ယုကာဝါသည် ဥက္ကာမြိထံမှ တစ်ဆင့်စကားဖြင့် ကြားခဲ့ရခြင်းသာ

ဖြစ်သည်။ ဤသို့ဆိုလျှင် ရေနွေးခရားအိုးထဲ၌ အဆိပ်ခတ်ထားသူသည် ဝါကာယာမာ ဟိရောမိ မဟုတ်ဟု သူ ယုံကြည်နေရသည့် အရင်းခံ အကြောင်းအရင်းသည် မည်သည့် သဲလွန်စကို အခြေတည်၍ ဖြစ်ပေါ်လာရသနည်း။

ဥကျူမိသည် "အား" ဟု အာမေဍိတ်ပြုလျက် ခေါင်းကို ဆတ်ကနဲ မော့လိုက်မိသည်။

"ဘာဖြစ်လို့လဲ"

"သူက ရေနွေးခရားအိုးကို ဆေးပစ်လိုက်လို့ ရတာပဲ"

"ဘာရယ် ..."

"တကယ်လို့သာ ဝါကာယာမာ ဟိရောမိက ရေနွေးခရားအိုးထဲ အဆိပ်ခတ်ခဲ့မယ် ဆိုရင် သူက ရဲတွေ ရောက်မလာခင် ခရားအိုးကို ဆေးပစ်လိုက်လို့ ရတယ်။ အလောင်းကို တွေ့တဲ့သူက သူဆိုတော့ သူ့မှာ ပြင်ဆင်ချိန် လုံလုံလောက်လောက် ရှိနေတယ်"

ယုကာဝါက ကျေနပ်သော အကြည့်ဖြင့် ခေါင်းညိတ်လိုက်သည်။

"သိပ်ဟုတ်တာပေါ့။ ကျွန်တော် တစ်ခွန်းလောက် ထပ်ဖြည့်လိုက်ဦးမယ်။ အဲဒီအမျိုးသမီးက တရားခံသာ ဖြစ်မယ်ဆိုရင် ခရားအိုးကို ဆေးပစ်လိုက်တဲ့အပြင် သုံးခဲ့ပြီးသား ကော်ဖီမှုန့်တွေနဲ့ ရေစစ်စက္ကူကိုပါ ရှင်းပစ်လိမ့်မယ်။ နောက်ပြီး အဆိပ်မှုန့် ထည့်ထားခဲ့ဖူးတဲ့ အိတ်ခွံလို ပစ္စည်းမျိုးကိုလည်း အလောင်းရဲ့ နံဘေးမှာ ချထားလိမ့်မယ်။ အခင်းဖြစ်တဲ့နေရာကို ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်တာနဲ့ တူအောင် ပြင်ဆင်ထားမှာပဲ"

"ကျေးဇူးပဲ ဆရာ" ဥကျူမိက ဦးညွှတ်လိုက်သည်။

"ဆရာဆီလာလိုက်တာ အကျိုးရှိသွားပြီ။ အနှောင့်အယှက် ပေးမိရင် တောင်းပန်ပါတယ် ဆရာ" ထို့နောက် တစ်ဘက်သို့ လှည့်ကာ တံခါးဆီသို့ လမ်းလျှောက်သွားလေသည်။

ယုကာဝါက သူ့ကို လှမ်းပြောလိုက်သည်။

“အခင်းဖြစ်တဲ့ နေရာကို ကြည့်ဖို့ရာကတော့ အတော်လေး ခက်ခဲလိမ့်မယ် ထင်တယ်။ ဓာတ်ပုံလေး ဘာလေး ရှိရင်တော့ မဆိုးဘူး”

“ဘာဓာတ်ပုံလဲ ဆရာ”

“အဆိပ်ကော်ဖီ ဖျော်တဲ့ မီးဖိုဆောင်ရဲ့ ဓာတ်ပုံလေ။ နောက်ပြီး ခင်ဗျားတို့ သက်သေခံ ပစ္စည်းအဖြစ် သိမ်းလာတဲ့ ပန်းကန်ခွက်ယောက်တွေနဲ့ ခရားအိုးရဲ့ ဓာတ်ပုံ”

ဥက္ကာမြိက အံ့ဩသော အမူအရာဖြင့်

“ဆရာ ကျွန်မတို့ကို အကူအညီ ပေးတော့မယ်ပေါ့”

ယုကာဝါက မျက်မှောင်ကြုတ်လျက် ခေါင်းကို ခါယမ်းလိုက်သည်။

“အလုပ်အားလို့ ပျင်းနေတဲ့ အချိန်မျိုးဆိုရင် ဦးနှောက်ကို အလုပ်ပေးလို့ ရတာပေါ့။ ဟော့ကိုင်းဒိုးမှာ ရှိနေတဲ့ လူတစ်ယောက်က တိုကျိုမှာ နေတဲ့ လူတစ်ယောက်ကို ဘယ်လို အဆိပ်ခတ် သတ်လို့ရမလဲ ဆိုတာ စဉ်းစားကြည့်ရတာပေါ့”

ဥက္ကာမြိက သဘောကျစွာ ရယ်လိုက်ပြီးနောက် လက်ကိုင်အိတ်ကို ဆွဲဖွင့်၍ အိတ်ထဲမှ ဖိုင်တွဲတစ်တွဲကို ဆွဲထုတ်လိုက်သည်။

“ဒီမှာ”

“ဒါက ...”

“ဆရာ စောစောက ကြည့်ချင်တယ်လို့ ပြောတဲ့ဟာတွေလေ။ ဒီနေ့မနက်ပဲ ကျွန်မ ရိုက်ယူထားတာ”

ယုကာဝါသည် ဖိုင်တွဲအိတ်ကို ဆွဲဖွင့်ပြီး ခေါင်းကို အနောက်ဘက်သို့ အနည်းငယ် ဆုတ်လိုက်သည်။

“တကယ်လို့သာ ဒီပဟေဠိကို ဖွင့်ချနိုင်လိုက်ပြီ ဆိုရင် ဟိုကောင့်ကို နင့်ဆီကနေ ပညာလေး ဘာလေး သင်ခိုင်းရဦးမယ်”

ယုကာဝါက ပြောင်စပ်စပ် မျက်နှာပေးဖြင့်

"ဟိုကောင် ကုစာနာဂါကို ပြောနေတာ"

(၁၀)

ဟိရောမိထံသို့ ဖုန်းဆက်လိုက်သည့် အခါတွင် သူသည် ဒိုင်ကန်ယာမတွင် ရောက်ရှိနေသည်။ ၎င်းနေရာတွင် အာယနဲ၏ သင်တန်းကျောင်းတစ်ကျောင်း ရှိသည်ဟု သိရသည်။

ကုစာနာဂိသည် ကိရှိတာနိ မောင်းနှင်းသော ကားပေါ်တွင် ထိုင်လျက် ဒိုင်ကန်ယာမသို့ နှစ်ယောက်သား ထွက်ခွာလာကြသည်။ ခေတ်မီ အဆောက်အအုံများ၏ အလယ်တွင် ကျောက်ပြားများဖြင့် အလှဆင်ထားသည့် အဖြူရောင် တိုက်ကြီးတစ်လုံးကို သူတို့ တွေ့ရှိကြသည်။ ဝင်ပေါက်တံခါးမကြီးမှာ အော်တိုတံခါး မဟုတ်ပေ။ ယနေ့ခေတ်တွင် မြင်ရခဲသော လက်ဖွင့်တံခါးမျိုး ဖြစ်သည်။ သူတို့နှစ်ဦးသည် ဓာတ်လှေကားဖြင့် တတိယထပ်သို့ တက်လာခဲ့ကြသည်။ အခန်း (၃၀၅) ၏ တံခါးရွက်ပေါ်တွင် 'အန်နဲဂေဟာ' ဟူသော ဆိုင်းဘုတ်တစ်ခု ချိတ်ဆွဲထားသည်။ ကုစာနာဂိက လူခေါ်ခေါင်းလောင်းကို နှိပ်လိုက်သည်။

တံခါးပွင့်လာသည်။ ဟိရောမိသည် စိုးရိပ်စိတ် လွှမ်းနေသော ဟန်ပန်အမူအရာဖြင့် ခေါင်းထုတ်ကြည့်သည်။

"အနှောင့်အယှက် ဖြစ်သွားခဲ့ရင် တောင်းပန်ပါတယ်"

ကုစာနာဂိက ပြောပြီး အခန်းထဲသို့ ဝင်လိုက်သည်။ သူသည် လာရင်းအကြောင်းကို ပြောမည်ဟု ပြင်ဆင်ပြီးကာမှ မိမိကိုယ်မိမိ အရှိန်သတ်လိုက်ရသည်။ အခန်းထဲတွင် မာရှိဘ အာယနဲလည်း ရောက်ရှိနေကြောင်း တွေ့မြင်လိုက်ရ သောကြောင့်ပင်။

"ဘာတွေ ထူးသေးလဲ ဆရာ"

အာယနဲက အနားသို့ ရောက်လာသည်။

"ဆောရီးပဲ။ ခင်ဗျား ဒီမှာ ရှိနေမယ်လို့ ထင်မထားဘူး"

"ကျွန်မတို့ ရှေ့လျှောက် ဘယ်လိုဆက်လုပ်ကြမလဲ ဆိုတာ တိုင်ပင်နေကြတာပါ။ ဒါနဲ့ ... ရှင်တို့ ဟိရောမိကို လာရှာတာ ဘာအကြောင်းရှိလို့လဲ။ သူလည်း ရှင်တို့ကို ဘာမှ ထွေထွေထူးထူး ထပ်ပြောနိုင်တော့မယ် မထင်ဘူး"

အာယနဲ၏ အသံမှာ တိုးညင်း၍ တည်ငြိမ်အေးဆေးသည်ဟု ဆိုနိုင်သော်လည်း ကုစာနာဂိကို အပြစ်တင်နေကြောင်း သိသာထင်ရှားနေသည်။ သူ၏ စိုးရိမ်ပူဆွေးနေသော အကြည့်အောက်တွင် ကုစာနာဂိ၏ ခန္ဓာကိုယ်မှာ အတွင်းသို့ အနည်းငယ် ကျုံ့ဝင်သွားသယောင် မှတ်ထင်နေရသည်။

"အခြေအနေက တိုးတက်မှု ရှိလာပါပြီ"

ကုစာနာဂိက ဟိရောမိဘက်သို့ လှည့်၍ ပြောလိုက်သည်။

"ကျေးဇူးပြုပြီး ကျွန်တော်တို့နဲ့အတူ ရဲစခန်းကို ခဏလိုက်ခဲ့ပေးလို့ ရမလား"

ဟိရောမိ၏ မျက်လုံးများမှာ ပြူးကျယ်လျက် မျက်တောင်ကို အကြိမ်ကြိမ် ပုတ်ခတ်နေသည်။

"ဘာတွေ ဖြစ်နေလို့လဲ"

အာယနဲက မေးသည်။

"ရှင်တို့က ဘာဖြစ်လို့ သူ့ကို ရဲစခန်း ခေါ်ချင်ရတာလဲ"

"အဲဒီကိစ္စကိုတော့ ကျွန်တော် အခု ပြောပြလို့ မဖြစ်သေးဘူး။ မစ္စဝါကာယာမာ၊ ကျေးဇူးပြုပြီး ကျွန်တော်တို့နဲ့ ခဏ လိုက်ခဲ့ပေးပါ။ စိတ်မပူပါနဲ့။ ကျွန်တော်တို့ ရဲကားနဲ့ လာတာ မဟုတ်ပါဘူး"

ဟိရောမိသည် စိုးရိမ်သော အကြည့်ဖြင့် အာယနဲကို ငေးကြည့်ပြီးနောက် ကုစာနာဂိဘက်သို့ လှည့်ကာ ခေါင်းညိတ်ပြသည်။

"ကောင်းပြီလေ။ အဲဒီမှာ အကြာကြီးတော့ မနေရဘူး မဟုတ်လား"

"ပြီးတာနဲ့ ပြန်ပို့ပေးပါ့မယ်"

"ဒါဆို ကျွန်မ ပြင်ဆင်စရာ ရှိတာ ပြင်ဆင်လိုက်ဦးမယ်"

ဟိရောမိသည် အခန်းထဲသို့ တစ်ခဏမျှ ဝင်ရောက်ပျောက်ကွယ်သွားပြီး အပေါ်ဝတ်ကုတ်အင်္ကျီနှင့် လက်ကိုင်အိတ်ကို ကိုင်လျက် ပြန်ထွက်လာသည်။

သူ့ကို စောင့်နေရစဉ် ကာလအတွင်း၌ ကုစာနာဂိသည် အာယနဲနှင့် မျက်နှာချင်း မဆိုင်မိစေရန် ရှောင်လွှဲနေခဲ့သည်။ သူသည် ထိုကာလတစ်လျှောက်လုံး မိမိအား စိုက်ကြည့်နေလိမ့်မည်ဟု ခံစားနေရသောကြောင့် ဖြစ်သည်။

ဟိရောမိကို ကိရှိတာနိက အခန်းထဲမှ ဆွဲထုတ်သွားသည့်အလား အခန်းအပြင်သို့ ရောက်သွားသည့်အခါတွင် ကုစာနာဂိလည်း ထွက်ခွာရန် ပြင်ဆင်လိုက်သည်။ ထိုအချိန်မှာပင် အာယနဲသည် သူ၏ လက်မောင်းကို ဖမ်းကိုင်လိုက်လေသည်။ "ခဏလေး" သူ၏ လက်က ထင်မှတ်မထားလောက်အောင် အားကောင်းနေသည်။

"ရှင်တို့က ဟိရောမိကို အထင်လွဲနေကြပြီ ထင်တယ်။ သူက တရားခံ မဖြစ်နိုင်ပါဘူးရှင်"

ကုစာနာဂိသည် ဘာလုပ်ရမည်မှန်း မသိအောင် စိတ်ထဲ တွေဝေသွားသည်။ ကိရှိတာနိတို့သည် အိမ်ပေါက်ဝတွင် သူ့ကို စောင့်မျှော်နေကြသည်။

"မင်းတို့ ကားပေါ်တက်နှင့်လိုက်" ပြော၍ ကုစာနာဂိသည် တံခါးကို ပိတ်ပြီး အာယနဲဘက်သို့ လှည့်လိုက်သည်။

"အား ... ဆောရီးပဲ" အာယနဲသည် ကုစာနာဂိ၏ လက်မောင်းကို ဖမ်းဆုပ်ထားရာမှ လွှတ်လိုက်သည်။

"ဒါပေမယ့် သူက ဘယ်လိုမှ လူသတ်တရားခံ မဖြစ်နိုင်ဘူးလေ။ တကယ်လို့သာ ရှင်တို့က သူ့ကို သံသယ ဝင်နေတယ်ဆိုရင်တော့ ရှင်တို့ အမှားကြီး မှားသွားပြီ"

"ကျွန်တော်တို့အနေနဲ့ ဖြစ်နိုင်ခြေ အကုန်လုံးကို စစ်ဆေးအတည်ပြုဖို့ တာဝန်ရှိပါတယ်"

အာယနဲက မလျှော့သောအဲ့ဖြင့် ခေါင်းခါယမ်းနေသည်။

"အဲဒီလို ဖြစ်နိုင်ခြေမျိုးက လုံးဝ မရှိနိုင်ဘူးလေ။ သူက ကျွန်မခင်ပွန်းကို ဘာအကြောင်းကြောင့်မှ သတ်မှာ မဟုတ်ဘူး။ အဲဒီအချက်ကို ရှင်တို့ ရဲဘက်ကလည်း နားလည်ပြီး ဖြစ်ပါလိမ့်မယ်"

"ဘာကို ဆိုလိုတာလဲ"

"ရှင်တို့လည်း သိနေပြီးသား မဟုတ်လား။ သူနဲ့ ကျွန်မခင်ပွန်းရဲ့ ဇာတ်လမ်းလေ"

ကုစာနာဂိသည် ထိုမေးခွန်းကြောင့် အငိုက်မိသွားသကဲ့သို့ ခံစားရကာ မနေတတ် မထိုင်တတ် ဖြစ်နေလေတော့သည်။

"ခင်ဗျားက သိထားပြီးပြီပဲကိုး"

"ရှေ့ရက်တုန်းက ကျွန်မ ဟိရောမိနဲ့ အဲဒီကိစ္စကို ဆွေးနွေးပြီးသွားပြီ။ ကျွန်မ သူ့ကို မရမက စစ်မေးလိုက်တော့ သူလည်း အမှန်အတိုင်း ဝန်ခံခဲ့တယ်"

ထို့နောက် အာယနဲသည် သူတို့၏ ပြောစကားများကို ကုစာနာဂိအား ပြန်လည် ပြောပြလိုက်သည်။ ထိုစကားများကို ကြားရသည့်အခါတွင် ကုစာနာဂိသည် အပြင်လူတစ်ယောက်ပင် ဖြစ်လင့်ကစား သက်ပြင်းကို မှုတ်ထုတ်လိုက်မိလေသည်။ ထို့ထက်ပို၍ သူ့ကို အံ့အားသင့်စေသည့် အချက်မှာ ထိုအမျိုးသမီးနှစ်ယောက်သည် အခန်းတစ်ခန်းအတွင်း၌ အတူထိုင်လျက် အလုပ်ကိစ္စကို ဆွေးနွေးတိုင်ပင်နေကြခြင်းပင် ဖြစ်သည်။ အာယနဲ၏ ခင်ပွန်းသည် ဤလောက၌ အသက်ရှင်လျက် မရှိတော့သောကြောင့်သာ ဤသူနှစ်ဦးသည် ဤသို့ ကြည်ကြည်သာသာ ဆက်ဆံနိုင်ကြခြင်းပေလော။ ကုစာနာဂိသည် ဤအမျိုးသမီးနှစ်ယောက်၏ စိတ်အခြေအနေကို နားမလည်နိုင်အောင် ဖြစ်နေရသည်။

"ဒီတစ်ခေါက် ကျွန်မ ဆပ်ပိုရိုကို ပြန်ရတဲ့ အကြောင်းအရင်းက ကျွန်မကို ခင်ပွန်းသည်က ကွာရှင်းခွင့် တောင်းလို့ရယ်ကြောင့်လည်း မဟုတ်ဘူး။ အဓိကက ကျွန်မအနေနဲ့ ဒီအိမ်မှာ ဆက်နေသွားဖို့ ဘယ်လိုမှ မဖြစ်နိုင်တော့လို့ပါ။ အရင်က ကျွန်မ ရှင်တို့ကို လိမ်ပြောခဲ့မိတဲ့အတွက် ကျွန်မ တောင်းပန်ပါတယ်" အာယနဲက ဦးညွှတ်၍ တောင်းပန်လေသည်။

"အဲဒီလို အခြေအနေမျိုးမှာ အဲဒီကလေးက ကျွန်မခင်ပွန်းကို ဘယ်လို အကြောင်းပြချက်နဲ့ သတ်နိုင်ပါ့မလဲ။ ကျေးဇူးပြုပြီး သူ့ကို အထင်မလွဲလိုက်ပါနဲ့"

အနူးအညွတ် တောင်းပန်နေသော သူ၏ အပြုအမူကြောင့် ကုစာနာဂိ၏ စိတ်ထဲ ဇဝေဇဝါ ဖြစ်နေမိသည်။ အာယနဲသည် မိမိ၏ခင်ပွန်းကို လုယူသွားခဲ့သော မိန်းမတစ်ယောက်အား အဘယ်ကြောင့် ဤမျှ စိတ်လိုလက်ရ ကာကွယ်ပေးနေရသနည်း။

"ခင်ဗျား ပြောတာတွေကို ကျွန်တော် နားလည်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ပုဂ္ဂလိက ခံစားချက်တွေအပေါ် အခြေခံပြီး အမှုကို ဆုံးဖြတ်ဖို့ မဖြစ်နိုင်ဘူး။ သက်သေအထောက်အထားတွေပေါ် မူတည်ပြီး ဓမ္မဓိဋ္ဌာန်ကျကျ သုံးသပ်ဆုံးဖြတ်ဖို့ လိုအပ်ပါတယ်"

"သက်သေအထောက်အထား ... ။ ရှင် ဆိုလိုချင်တာက ဟိရောမိကို လူသတ်တရားခံပါလို့ သက်သေပြနိုင်တဲ့ အထောက်အထားကို ရှင်တို့ ရထားပြီးပြီ ဆိုတဲ့ သဘောလား"

အာယနဲ၏ အကြည့်က လင်းလက်တောက်ပလာသည်။

ကုစာနာဂိသည် သက်ပြင်းချကာ တစ်ခဏမျှ စဉ်းစားချင့်ချိန်ပြီးနောက် ဆုံးဖြတ်ချက် ချလိုက်သည်။ ဟိရောမိအား မယုံသင်္ကာ ဖြစ်နေရသည့် အကြောင်းအရင်းကို အာယနဲအား ပြောပြလိုက်လျှင်လည်း သူတို့၏ စုံစမ်းစစ်ဆေးမှုကို မည်သို့မျှ အနှောင့်အယှက် ဖြစ်နိုင်မည် မဟုတ်ပေ။

"တရားခံက ဘယ်လို အဆိပ်ခတ်ခဲ့သလဲ ဆိုတာကို ကျွန်တော်တို့ လေ့လာတွေ့ရှိထားပြီ" မာရှိဘအိမ်မှ ရေစွေးခရားအိုးထဲတွင် အဆိပ်ကို တွေ့ရှိထားသည်မှ စ၍ အခင်းဖြစ်သည့်နေ့တွင် ထိုအိမ်သို့ ဟိရောမိမှ လွဲ၍ ဘယ်သူမျှ သွားရောက်ခဲ့ခြင်း မရှိကြောင်းတို့ကို အာယနဲအား ရှင်းပြလိုက်လေသည်။

"အဲဒီရေနွေးခရားအိုးထဲက ... ဟုတ်လား"

"ယတိပြတ်တော့ ပြောလို့ မရဘူးပေါ့ဗျာ။ ဒါပေမယ့် အဲဒီတုန်းက မစ္စဝါကာယာမာ တစ်ယောက်တည်းကပဲ အဆိပ်ခတ်နိုင်တယ်။ ဒီတော့ ကျွန်တော်တို့ သူ့ကို မယုံသင်္ကာ မဖြစ်လို့ မရတော့ဘူး"

“ဒါပေမယ့် ...” အာယနဲလည်း ဘာဆက်ပြောရမည်မှန်း သိပုံ မရတော့။

“ကျွန်တော် အလုပ်ရှိသေးလို့ ခွင့်ပြုပါဦး” ကုစာနာဂိသည် ဦးညွတ်ပြီး အခန်းထဲမှ ထွက်ခွာလာခဲ့သည်။

ထထထ

ဟိရောမိကို တိုကျိုရဲဌာနချုပ်သို့ ခေါ်ဆောင်လာပြီးသည်နှင့် မာမီယာသည် သူ့အား စစ်ကြောရေးခန်းမတွင် စတင် စစ်မေးလေတော့သည်။ ပုံမှန်အားဖြင့်ဆိုလျှင် စုံစမ်းရေးအဖွဲ့ခွဲ ရုံးထိုင်သည့် မဲဂူရိုရဲစခန်းတွင် စစ်ဆေးရမည် ဖြစ်သော်လည်း ဟိရောမိသည် သူ၏ အပြစ်ကို ဝန်ခံလာလိမ့်မည်ဟု မာမီယာက ယုံကြည်ထားပုံ ရသည်။ သူက ဖြောင့်ချက်ပေးသည်နှင့် တစ်ပြိုင်နက် ချက်ချင်း ဖမ်းဝရမ်းထုတ်ကာ သူ့အား မဲဂူရိုရဲစခန်းသို့ ဖမ်းဆီးခေါ်ဆောင်သွားမည်ဟု ကြံစည်ထားပေမည်။ ဤသို့အားဖြင့် မီဒီယာများ၏ အရှေ့တွင် မဏ္ဍပ်တိုင် တက်ပြပြီးသားလည်း ဖြစ်သွားပေလိမ့်မည်။

ကုစာနာဂိသည် သူ၏ ထိုင်ခုံတွင် ထိုင်လျက် စုံစမ်းစစ်ဆေးမှု ရလဒ်ကို စောင့်မျှော်နေစဉ် ဥကျုမိသည် အပြင်မှ ပြန်ရောက်လာသည်။ အခန်းတွင်းသို့ ရောက်လျှင်ရောက်ချင်း သူက ဟိရောမိသည် လူသတ်တရားခံ မဖြစ်နိုင်ကြောင်း ပြောဆိုလေတော့သည်။

ဥကျုမိ၏ ရှင်းလင်းဖော်ပြချက်ကို နားထောင်ပြီးသည့်အခါတွင် ကုစာနာဂိသည် ဖင်မငြိမ်နိုင် ဖြစ်လာတော့သည်။ ဥကျုမိ၏ အကြောင်းပြချက်များက လုံးဝဥဿုံ ယုတ္တိမဲ့နေသောကြောင့် မဟုတ်။ အကယ်၍သာ အဆိပ်ခတ်သူသည် ဟိရောမိ ဖြစ်နေခဲ့လျှင် အလောင်းကို တွေ့ရှိပြီးသည့်နောက်၌ သူသည် ရေနွေးခရားအိုးကို ဤအတိုင်း ပစ်ထားလိမ့်မည် မဟုတ်ပေ။ ဤအဆိုမှာ လွန်စွာမှ ယုတ္တိတန်နေသည်။

“နင် ဆိုလိုချင်တာက တခြားလူတစ်ယောက်က ခရားအိုးထဲကို အဆိပ်ခတ်ခဲ့တယ် ဆိုပါတော့။ အဲဒီလူက မစ္စစ်မာရှိဘပဲ ဖြစ်ရမယ်လို့ ငါ့ကို လာမပြောနဲ့နော်။ သူ ခတ်တာ လုံးဝ မဖြစ်နိုင်ဘူး”

“ဘယ်သူလဲ ဆိုတာတော့ ကျွန်မလည်း အတိအကျ မပြောတတ်ဘူး။ ပြောနိုင်တာကတော့ တနင်္ဂနွေနေ့ မနက် မစ္စဝါကာယာမာ ပြန်သွားပြီးတဲ့ နောက်မှာ တစ်ဦးတစ်ယောက်က မာရှိဘအိမ်ကို ဝင်သွားခဲ့တယ်”

ကုစာနာဂိက ခေါင်းခါသည်။

"သူ့အိမ်ကို ဝင်တဲ့သူ တစ်ယောက်မှ မရှိခဲ့ဘူးလေ။ အဲဒီနေ့က တစ်နေကုန်လုံး မစ္စတာမာရှိဘတစ်ယောက်တည်း အိမ်မှာ ရှိနေခဲ့တာ"

"ကျွန်မတို့ ရှာမတွေ့သေးတာရော မဖြစ်နိုင်ဘူးလား။ ဘယ်လိုပဲဖြစ်ဖြစ် မစ္စဝါကာယာမာကို စစ်ဆေးနေတာက အဓိပ္ပာယ်ကို မရှိဘူး။ အဓိပ္ပာယ် မရှိရုံတင် မကသေးဘူး။ သူရဲ့ ကိုယ်ပိုင်လွတ်လပ်ခွင့်ကိုတောင် စော်ကားနှောင့်ယှက်ရာ ကျသွားနိုင်တယ်"

ဥက္ကျုမိ၏ လေသံသည် မကြုံစဖူး ထူးကဲစွာ မာထန်နေသည်။ ကုစာနာဂိလည်း တဒင်္ဂမျှ ဆွံ့အသွားသည်။ ထိုအခိုက်မှာပင် သူ၏ အိတ်ကပ်ထဲမှ ဖုန်းသံမြည်လာသည်။ ကုစာနာဂိသည် ကယ်တင်ရှင် ရှာတွေ့သွားသည့်အလား ဖုန်းစခရင်ကို ငုံ့ကြည့်လိုက်သောအခါ ကြက်သေသေသွားရပြန်တော့သည်။ ဖုန်းခေါ်သူမှာ အာယနဲ ဖြစ်သောကြောင့်ပင်။

"အလုပ်ချိန်အတွင်းမှာ အနှောင့်အယှက် ပေးမိတဲ့အတွက် အနူးအညွတ် တောင်းပန်ပါတယ်။ တချို့စကားတွေ ရှင့်ကို ပြောပြသင့်တယ် ထင်လို့ ဖုန်းဆက်လိုက်တာပါ"

"ဘာများလဲ မသိဘူး" ကုစာနာဂိသည် ဖုန်းကို ခပ်တင်းတင်း ဆုပ်ကိုင်လိုက်မိသည်။

"ရေနွေးခရားအိုးထဲမှာ အဆိပ်တွေ့တယ် ဆိုတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး ကျွန်မရဲ့ အမြင်ကို ပြောပြချင်လို့ပါ။ ကျွန်မအထင်တော့ တစ်ယောက်ယောက်က ရေနွေးခရားအိုးထဲကို အဆိပ်ခတ်ထည့်ခဲ့တာ မဟုတ်ဘူးလို့ ထင်တယ်"

ဟိရောမိကို အမြန်ဆုံး ပြန်လွှတ်ပေးရန် တိုးလျှိုးတောင်းပန်သော ဖုန်းသာ ဖြစ်လိမ့်မည်ဟု ကုစာနာဂိက မှတ်ထင်ထားခဲ့သည်။ မျှော်လင့်မထားသော စကားကို ကြားလိုက်ရသည့် အခါတွင်မူ သူ့စိတ်ထဲ ပို၍ပင် ညစ်ညူးသွားလေတော့သည်။

"ဘာဖြစ်လို့လဲ"

"ကျွန်မအနေနဲ့ ရှင်တို့ကို အစောကြီးကတည်းက ပြောပြခဲ့သင့်တာပါ။ ကျွန်မရဲ့ ခင်ပွန်းက ကျန်းမာရေးကို အတော်လေး အလေးထားတယ်။

ရေပိုက်ခေါင်းက ထွက်တဲ့ရေကို သူ ဘယ်တုန်းကမှ သောက်လေ့ရှိတာ မဟုတ်ဘူး။ ဟင်းချက်တဲ့အခါမှာတောင်မှ ရေသန့်စက်က ထွက်တဲ့ ရေကိုပဲ သုံးတယ်။ သောက်ရေအနေနဲ့ဆိုရင် သူက ရေသန့်ဗူးက ရေပဲ သောက်တယ်လေ။ ကော်ဖီဖျော်ရင်တောင် ကျွန်မက ရေသန့်ဗူးထဲက ရေနဲ့ ဖျော်ပေးရတယ်။ ဒါကြောင့် ကျွန်မထင်တယ်။ သူ့ဟာသူ ကော်ဖီဖျော်တုန်းကလည်း ရေသန့်ဗူးထဲက ရေကိုပဲ သုံးလိမ့်မယ် ထင်တယ်”

ကုစာနာဂိသည် သူ ပြောချင်နေသော စကား၏ အဓိပ္ပာယ်ကို နားလည်သွားသည်။

“ခင်ဗျား ဆိုလိုချင်တာက အဆိပ်ကို ရေသန့်ဗူးထဲမှာ ခတ်ထားခဲ့တာလည်း ဖြစ်နိုင်တယ်။ အဲဒီလိုလား”

နံဘေးတွင် ရှိနေသော ဥကျုမိသည် ကုစာနာဂိ၏ စကားကို ကြားသွားဟန် တူသည်။ သူ၏ မျက်ခုံးများ အထက်သို့ ပင့်တက်သွားသည်။

“အဲဒီလို ဖြစ်နိုင်ခြေလည်း ရှိသေးတယ်လို့ ကျွန်မ ထင်တာပဲ။ ဒါကြောင့် ရှင်တို့က ဟိရောမိ တစ်ယောက်တည်းကိုပဲ သံသယ ဖြစ်နေရင် သဘာဝ မကျတော့ဘူး။ တကယ်လို့သာ သောက်ရေသန့်ဗူးထဲကို အဆိပ်ခတ်ခဲ့တာဆိုရင် တခြားလူတွေမှာလည်း လုပ်ဖို့ အခွင့်အလမ်း ရှိနိုင်သေးတယ်”

“ခင်ဗျား ပြောတာ သဘာဝကျပါတယ်။ ဒါပေမယ့် တခြား ဘယ်သူက ...”

“ဥပမာ ပြောရရင်”

မာရှိဘ အာယနဲက စကားကို ဆက်လိုက်သည်။

“ကျွန်မလည်း ဖြစ်နိုင်တာပဲ”

(၁၁)

ဝါကာယာမာ ဟိရောမိကို အိမ်ပြန်ပို့ပေးရန်အတွက် ဥက္ကျူမိသည် ကားမောင်းလျက် ရဲဌာနချုပ်မှ ထွက်ခွာလာခဲ့သည်။ အချိန်မှာ ည ၈ နာရီကျော်။

ဟိရောမိသည် စစ်ကြောရေးခန်းမတွင် နှစ်နာရီခန့် နေလိုက်ရပြီး ၎င်းမှာ မာမီယာ တွက်ဆထားသော အချိန်ထက် အများကြီး တိုတောင်းလွန်းနေသည်။

ဤသို့ ခပ်မြန်မြန် လက်စသတ်နိုင်ခဲ့ရသည့် အကြောင်းအရင်းမှာ မာရှိဘ အာယနဲ ခေါ်ဆိုခဲ့သော ဖုန်းကော၏ သက်ရောက်မှုက အဓိက အခန်းကဏ္ဍမှ ပါဝင်နေခဲ့သည်။ သူ၏ ထွက်ဆိုချက်အရ ဆိုလျှင် သူ၏ ခင်ပွန်း မာရှိဘ ယိုရှိတာကာသည် ကော်ဖီဖျော်သည့်အခါတွင် ရေသန့်ဗူးထဲမှ ရေကိုသာ အသုံးပြုရမည်ဟု သူ့အား ပညတ်ထားခဲ့ဖူးသည်ဟု သိရသည်။ အကယ်၍ ထိုစကားသာ အမှန်ဖြစ်မည် ဆိုလျှင် အဆိပ်ခတ်နိုင်သောသူမှာ ဟိရောမိတစ်ယောက်တည်း မကနိုင်တော့။ အဘယ်ကြောင့်ဆိုသော် လူသတ်တရားခံသည် ရေသန့်ဗူးထဲတွင် ကြိုတင်၍ အဆိပ်ခတ်ထားနိုင်သောကြောင့် ဖြစ်သည်။

မိမိမှာ အဆိပ်ခတ်သူ မဟုတ်ကြောင်း ငိုယိုတိုင်တည်နေသော ဟိရောမိကိုလည်း မာမီယာအနေဖြင့် မည်သို့ ကိုင်တွယ်ရမည်မှန်း မသိနိုင်အောင် အကျပ်ရိုက်နေခဲ့သည်။ သူ့အား ပြန်လွှတ်ပေးရန် ဥက္ကျူမိက တောင်းဆိုလိုက်သည့်အခါတွင် မာမီယာသည် မတတ်နိုင်သည့်အဆုံး ခေါင်းညိတ်ကာ သဘောတူခဲ့ရလေသည်။

ဟိရောမိသည် အရှေ့ခုံတွင် ထိုင်လျက် နှုတ်ဆိတ်နေသည်။ ယခုအချိန်တွင် သူ၏ စိတ်ဓာတ်မှာ အဝီစိသို့ပင် ကျရောက်နေပြီ ဖြစ်ကြောင်း ဥက္ကျူမိ မှန်းဆကြည့်နိုင်သည်။

မျက်နှာထား တင်းမာသော မှုခင်းရဲ၏ စစ်ကြောမှုအောက်တွင် ယောကျ်ားသားများပင် စိုးရိမ်ထိတ်လန့်၍ သော်လည်းကောင်း၊ ဒေါသထွက်၍

သော်လည်းကောင်း စိတ်ကစဉ့်ကလျား ဖြစ်ကြရသည်သာ။ ထို့ကြောင့် ဟိရောမိ၏ မျက်လုံးအိမ်များအတွင်းမှ မျက်ရည်များ ခန်းခြောက်သွားရန်အတွက် အချိန်အနည်းငယ် ပေးရပေလိမ့်မည်။

ဟိရောမိအနေဖြင့် စိတ်တည်ငြိမ်မှု ရလာခဲ့လျှင်ပင် သူသည် စကားပြောလိုသောဆန္ဒ ရှိနိုင်တော့မည် မဟုတ်ပေ။ ယခုအခါ ရဲဘက်က သူ့အား လူသတ်တရားခံအဖြစ် သံသယဝင်နေပြီ ဖြစ်ကြောင်း သိလာရသည့် အခါတွင် သူ့အား အိမ်သို့ လိုက်ပို့ပေးသည့် မှူခင်းရဲမေကိုလည်း မည်သို့မျှ အကောင်းမြင်နိုင်တော့မည် မဟုတ်ပေ။

ဟိရောမိက ဖုန်းကို ရုတ်တရက် ဆွဲထုတ်လိုက်သည်။ တစ်ဦးတစ်ယောက်က သူ့ထံ ဖုန်းခေါ်လာခြင်း ဖြစ်ရပေမည်။ သူက ဖုန်းလက်ခံခလုတ်ကို နှိပ်၍ “ဟယ်လို” ဟု တိုးတိုး ရွတ်ဆိုလိုက်သည်။

“… ခုနကလေးတင် ပြီးတယ်။ အခု ကျွန်မ အိမ်ပြန်နေပြီ။ ကားပေါ်မှာ။ … … မဟုတ်ဘူး။ ဟိုရဲမေက ကျွန်မကို လိုက်ပို့ပေးနေတာ။ … … ဟင့်အင်း၊ မဲဂူရို ရဲစခန်းက မဟုတ်ဘူး။ ရဲဌာနချုပ်က ထွက်လာတာ။ အိမ်ရောက်ဖို့ လိုဦးမယ်။ … … ဟုတ်၊ ကျေးဇူးပဲနော်”

ဟိရောမိသည် တိုးညင်းသော အသံဖြင့် တစ်ခဏမျှ ဖုန်းပြောပြီးနောက် ဖုန်းချလိုက်သည်။

ဥကျူမိသည် အသက်ကို မှန်မှန် ရှူလိုက်ပြီး သူ့ကို မေးခွန်းထုတ်လိုက်သည်။

“မစ္စစ်မာရှိဘ ခေါ်လာတာလား”

ဟိရောမိ၏ ကိုယ်မှာ အနည်းငယ် တောင့်တင်းသွားကြောင်း သူ သတိထားမိလိုက်သည်။

“ဟုတ်တယ်။ ဘာများ ပြဿနာ ရှိလို့လဲ”

“စောစောတုန်းက သူ ဆရာကုစာနာဂိဆီ ဖုန်းဆက်လာသေးတယ်။ ရှင့်အတွက် အတော် စိတ်ပူနေတဲ့ပုံပဲ”

“ဟုတ်လား”

"ရှင်တို့နှစ်ယောက် မာရိုဘာ ယိုရှီတာကာအကြောင်း ဆွေးနွေးခဲ့ကြပြီးပြီလို့ သတင်းကြားတယ်။ အဲဒါ အမှန်ပဲလား"

"ရှင် ဘယ်လိုလုပ် သိတာလဲ"

"မစ္စစ်မာရိုဘာက ပြောပြခဲ့တယ်လို့ ဆရာကုစာနာဂိဆီက သိခဲ့ရတာ။ ရှင့်ကို သင်တန်းကျောင်းမှာ သွားခေါ်တုန်းက ပြောတာတဲ့"

ဟိရောမိထံမှ စကားသံ ထွက်ပေါ်မလာသောကြောင့် ဥက္ကျူမိသည် သူ့ကို လှစ်ကနဲ ဝေ့ကြည့်လိုက်သည်။ သူသည် ခေါင်းငိုက်စိုက်ချလျက် အောက်သို့သာ တိတ်တဆိတ် ငုံ့ကြည့်နေသည်။ သူသည် ယင်းကိစ္စကို လူသိရှင်ကြား ဖြစ်သွားမည်ကို အစိုးရိမ်ကြီး စိုးရိမ်နေပေလိမ့်မည်။

"ကျွန်မရဲ့ စကားက စော်ကားသလိုလည်း ဖြစ်ချင် ဖြစ်သွားနိုင်တယ်။ ဒါပေမယ့် ကျွန်မအနေနဲ့ ဘယ်လိုမှ နားလည်လို့ မရတဲ့ ကိစ္စတစ်ခု ရှိနေတယ်။ ပုံမှန်အားဖြင့်ဆိုရင် ရှင်တို့နှစ်ယောက်က အဲဒီကိစ္စအပေါ် အခြေခံပြီး တစ်ယောက်ကိုတစ်ယောက် မမြင်ချင်လောက်အောင် မုန်းတီးသွားကြမယ် ဆိုလည်း ဒါ သဘာဝကျတဲ့ ဖြစ်စဉ်တစ်ခုပဲ။ ဒါပေမယ့် ရှင်တို့က အရင်ကလိုပဲ အခင်အမင်မပျက် ဆက်ပြီး တွဲနေနိုင်ကြသေးတယ်နော်"

"အဲဒါလား ... ကျွန်မအထင်တော့ မစ္စတာမာရိုဘာက ဒီလောကမှာ မရှိတော့တဲ့ အကြောင်းကြောင့် ဖြစ်မယ် ထင်တယ်"

"ပွင့်ပွင့်လင်းလင်း ပြောရရင် ကျွန်မ နားလည်ပေးလို့ မရဘူး"

တဒင်္ဂမျှ တိတ်ဆိတ်နေပြီးမှ ဟိရောမိထံမှ "ဟုတ်မှာပဲ" ဟူသော အသံ ထွက်ပေါ်လာသည်။ သူတို့နှစ်ဦး၏ အကြားရှိ ထူးခြားဆန်းကြယ်သော ဆက်ဆံရေးကို သူကိုယ်တိုင်ပင် မည်သို့မျှ မရှင်းလင်း မဖော်ပြတတ်မှန်း သူ၏လေသံက ဝန်ခံနေသည့်နှယ်။

"ကျွန်မ ရှင့်ကို မေးခွန်း နှစ်ခု၊ သုံးခုလောက် မေးချင်တယ်။ ရနိုင်မလား"

ဟိရောမိက သက်ပြင်းချလိုက်သည်။

"ဘာတွေများ မေးစရာ ကျန်သေးလို့လဲ" သူ၏လေသံက

စိတ်မရှည်တော့သည့်နှယ်။

"အားတော့ နာပါတယ်။ ရှင်လည်း အခုနေ အတော်လေး ပင်ပန်းနေလောက်ပြီ။ ကျွန်မရဲ့ မေးခွန်းက ရိုးရိုးရှင်းရှင်းလေးပါ။ ရှင့်ကို မထိခိုက်နိုင်လောက်ပါဘူး"

"ဘာမေးမလို့လဲ"

"ရှင်က တနင်္ဂနွေနေ့မနက်မှာ မစ္စတာမာရှိဘနဲ့ ကော်ဖီအတူ သောက်ခဲ့သေးတယ်။ နောက်ပြီး အဲဒီကော်ဖီကို ရှင်ကိုယ်တိုင် ဖျော်ခဲ့တယ်"

"ဒီကိစ္စက လာပြန်ပြီလား" ဟိရောမိ၏ အသံတွင် ငိုသံပါလာသည်။

"ကျွန်မ ဘာမှ မလုပ်ခဲ့ပါဘူးရှင်။ အဲဒီအဆိပ်က ဘယ်ကဘယ်လို ရောက်လာမှန်းကို ကျွန်မ မသိဘူး"

"ကျွန်မ အဲဒီလို ဆိုလိုချင်တာ မဟုတ်ပါဘူး။ ကျွန်မ မေးချင်တာက ရှင် ကော်ဖီဖျော်ခဲ့တဲ့ နည်းလမ်းကိုပါ။ ရှင် အဲဒီတုန်းက ဘယ်ကရေကို အသုံးပြုခဲ့တာလဲ"

"ရေ ..."

"ကျွန်မဆိုလိုတာက ရှင် အဲဒီတုန်းက ရေသန့်ဗူးထဲက ရေကို သုံးခဲ့တာလား။ ဒါမှမဟုတ် ရေပိုက်ခေါင်းထဲက ရေလား"

ဟိရောမိက နောက်တစ်ကြိမ် သက်ပြင်းချလိုက်ပြန်သည်။

"ရေပိုက်ခေါင်းထဲက"

"ရှင် အမှတ်မမှားပါဘူးနော်"

"မမှားပါဘူး။ ဘာဖြစ်လို့လဲ"

"ရှင်က ဘာဖြစ်လို့ ရေပိုက်ခေါင်းထဲက ရေကို သုံးရတာလဲ"

"ဘာဖြစ်လို့လဲ ဆိုတော့ ... ဘာမှ ထွေထွေထူးထူး အကြောင်းမရှိပါဘူး။

ရေနွေးကျိုရတာ ပိုမြန်လို့ပဲပေါ့”

“အဲဒီတုန်းက မစ္စတာမာရှိဘာရော အနားမှာ ရှိလား”

“ရှိတယ်လေ။ ကျွန်မ အဲဒီအကြောင်းကို ခဏခဏ ပြောခဲ့ပြီးပြီပဲ။ အဲဒီတုန်းက ကျွန်မ သူ့ကို ကော်ဖီဖျော်နည်း သင်ပေးနေခဲ့တာ” ငိုသံပါနေသော သူ၏ စကားသံထဲတွင် တင်းမာမှုတချို့ ရောစွက်လာသည်။

“ကျေးဇူးပြုပြီး သေချာ ပြန်စဉ်းစားကြည့်ပါဦး။ ကျွန်မ မေးချင်တာက ကော်ဖီဖျော်နေတဲ့ အချိန်မှာ မဟုတ်ပါဘူး။ ရေနွေးခရားအိုးထဲကို ရေထည့်နေတဲ့ အချိန်မှာ သူ ရှင့်အနားမှာ ရှိနေခဲ့သလား”

တစ်ခဏတာ တိတ်ဆိတ်သွားသည်။ မာမီယာသည် သူ့ကို မေးခွန်းပေါင်းများစွာ မေးခဲ့ပြီး ဖြစ်သည် မှန်သော်လည်း ဤမေးခွန်းကို လုံးဝ မေးခဲ့ဖူးခြင်း ရှိမည် မဟုတ်သည်မှာ သေချာလှပေသည်။

“အင်း ...” သူ ရေရွတ်နေသည်။

“ဟုတ်တယ်။ ကျွန်မ ရေနွေးကျိုဖို့ ပြင်ဆင်နေတုန်းက သူ ကျွန်မအနားကို ရောက်မလာသေးဘူး။ ခရားအိုးကို မီးဖိုပေါ်တင်ပြီး မီးဖွင့်လိုက်ပြီးတော့မှ သူက မီးဖိုဆောင်ထဲ ရောက်လာပြီး ကော်ဖီဖျော်နည်းကို သူ့ကို လုပ်ပြပေးဖို့ ပြောတာ”

“ရှင် အမှတ်မမှားပါဘူးနော်”

“မမှားပါဘူး။ ကျွန်မ သတိရသွားပြီ”

ဥကျူမိသည် ကားကို လမ်းဘေးတွင် ထိုးရပ်ကာ အရေးပေါ် အချက်ပြမီးကို ဖွင့်ထားလိုက်သည်။ ထို့နောက် အရှေ့ဘက် ဘေးခုံတွင် ထိုင်နေသော ဟိရောမိကို စိုက်ကြည့်နေလေသည်။

“ရှင် ဘာလုပ်မလို့လဲ” ဟိရောမိက စိုးရိမ်စိတ်ဖြင့် ကိုယ်ကို အနောက်သို့ အနည်းငယ် ကျုံ့ထားလိုက်မိသည်။

“ရှင် အရင်တုန်းက ပြောခဲ့ဖူးတာကို ကျွန်မ မှတ်မိနေသေးတယ်။ ကော်ဖီဖျော်နည်းကို မစ္စစ်မာရှိဘာဆီကနေ သင်ထားခဲ့တာဆို”

ဟိရောမိက ခေါင်းညိတ်ပြသည်။

“မစ္စစ်မာရှိဘက ဆရာကုစာနာဂိကို ပြောဖူးတယ်။ မစ္စတာမာရှိဘက ကျန်းမာရေးကို အရမ်း ဂရုစိုက်တယ်။ ဘယ်တုန်းကမှ ရေပိုက်ခေါင်းက ရေကို မသောက်ဘူး။ ဟင်းချက်ရင်တောင် ရေသန့်စက်ထဲက ရေကိုပဲ သုံးရမယ်။ ကော်ဖီဖျော်ရင် ရေသန့်ဗူးထဲက ရေကို သုံးရမယ်လို့ မစ္စစ်မာရှိဘကို မှာထားတယ်တဲ့။ အဲဒီကိစ္စကို ရှင် သိလား”

ဟိရောမိသည် မျက်လုံးပြူး မျက်ဆံပြူးဖြင့် မျက်တောင်ကို အဆက်မပြတ် ခတ်နေလေသည်။

“ပြောမယ်ဆိုရင်တော့ ဆရာမက ကျွန်မကို အရင်တုန်းက အဲဒီလို ပြောခဲ့ဖူးသလိုပဲ။ ဒါပေမယ့် အဲဒီလောက် ဂရုစိုက်နေစရာ မလိုပါဘူးလို့လည်း သူပဲ ပြောခဲ့သေးတာ”

“ဟုတ်လား”

“သူ ပြောတာက ရေသန့်ဗူး သုံးမယ်ဆိုရင် တွက်ခြေမကိုက်တဲ့အပြင် ရေနွေးကျိုရတာလည်း အချိန် ပိုကုန်တယ်။ တကယ်လို့ မစ္စတာမာရှိဘက မေးလာခဲ့ရင် ရေသန့်ဗူးထဲက ယူသုံးတယ်လို့ ဖြေလိုက်ရင် ပြီးတာပဲ တဲ့လေ” ဟိရောမိသည် လက်နှစ်ဖက်ကို မျက်နှာတွင် အပ်ထားလိုက်သည်။

“ကျွန်မ အဲဒီကိစ္စကိုတောင် အခုမှ ပြန်သတိရတယ်”

“အဲဒီလိုဆိုတော့ မစ္စစ်မာရှိဘကိုယ်နှိုက်က ရေပိုက်ခေါင်းက ရေကိုပဲ သုံးတယ်လို့ ဆိုလိုတာလား”

“ဟုတ်တယ်။ ဒါကြောင့် အဲဒီနေ့မနက်ကလည်း ကျွန်မ မစ္စတာမာရှိဘအတွက် ကော်ဖီဖျော်ပေးတော့ အဲဒီကိစ္စကို တစ်ချက်ကလေးတောင်မှ သတိမရခဲ့ဘူး” ဟိရောမိသည် ဥကျုမိ၏ မျက်နှာကို ကြည့်လျက် ပြောသည်။

ဥကျုမိက ခေါင်းညိတ်လိုက်သည်။ နှုတ်ခမ်းတွင် ပြုံးရိပ်သမ်းလျက်။

“ကျွန်မ သဘောပေါက်ပါပြီ။ ကူညီပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်” ပြောပြီး အရေးပေါ် အချက်ပြမီးကို ပိတ်၍ လီဗာခလုတ်ကို နင်းချလိုက်လေသည်။

"ဟို … အဲဒီကိစ္စက သိပ်ကို အရေးကြီးနေလို့လား။ ကျွန်မ ရေပိုက်ခေါင်းက ရေနဲ့ ကော်ဖီဖျော်တာ ဘာပြဿနာများ ရှိနေလို့လဲ မသိဘူး"

"ပြဿနာရယ်လို့ မဟုတ်ပါဘူး။ ရှင်လည်း သိနေပြီပဲ။ ကျွန်မတို့က အခုဆို မစ္စတာမာရှိဘဟာ အဆိပ်ကြောင့် သေဆုံးခဲ့ရတယ်လို့ ယူဆထားကြတယ်။ ဒါကြောင့် သူ စားခဲ့၊ သောက်ခဲ့ဖူးတဲ့ အရာတွေ မှန်သမျှကို စုံတကာစေ့အောင် လေ့လာထားဖို့ လိုအပ်တယ်လေ"

"ဟုတ်လား … မစ္စဥက္ကျူမိ၊ ကျွန်မကို ယုံပါ။ ကျွန်မ တကယ်ကို ဘာမှ မလုပ်ခဲ့ပါဘူး"

ဥက္ကျူမိသည် အရှေ့တည့်တည့်ကိုသာ စိုက်ကြည့်နေရင်း တံတွေးကို မျိုချလိုက်သည်။ သူ့ကို အပြည့်အဝ ယုံကြည်ပါသည်ဟု နှုတ်မှ လွှတ်ကနဲ ထွက်သွားတော့မည့်ဆဲဆဲ။ သို့သော် မှုခင်းရဲတစ်ယောက်အနေဖြင့် ထိုသို့သော စကားမျိုးကို လုံးဝ ပြောဆို၍ မဖြစ်ပေ။

"ရဲဘက်ကနေ သံသယရှိနေတဲ့ လူက ရှင်တစ်ယောက်တည်း မဟုတ်ပါဘူး။ တစ်လောကလုံးမှာ ရှိနေသမျှ လူအားလုံးကို သံသယဝင်နိုင်တာပဲ မဟုတ်လား။ ဒါကြောင့်လည်း ရဲတွေကို လူတွေက အမြင်ကတ်ကြတာ နေမှာ"

ဥက္ကျူမိထံမှ ကြားရသည့် အဖြေနှင့် သူ မျှော်လင့်ထားသည်တို့ မကိုက်ညီသောကြောင့်ပေလောမသိ။ ဟိရောမိသည် နောက်တစ်ကြိမ် နှုတ်ဆိတ်နေပြန်သည်။

ဥက္ကျူမိသည် အနုပညာ သင်တန်းကျောင်း ဘူတာနံဘေးရှိ ကန်ထရိုက်တိုက်တစ်လုံး အရှေ့တွင် ကားကို ရပ်တန့်လိုက်သည်။ ကားပေါ်မှ ဆင်း၍ ကန်ထရိုက်တိုက်၏ တံခါးမကြီး ရှိရာသို့ ဦးတည်သွားနေသော ဟိရောမိကို ငေးကြည့်နေပြီးနောက် အဆောက်အအုံဆီသို့ အကြည့်ရောက်သွားသည်။ သူ တွေ့မြင်လိုက်ရသော မြင်ကွင်းကြောင့် ကားကို စက်သတ်လိုက်လေတော့သည်။ မှန်တံခါး၏ နောက်တွင် မာရှိဘ အာယနဲ ရပ်နေသည်။

ဟိရောမိလည်း အာယနဲကို တွေ့မြင်သွားသည်။ သိသိသာသာ အံ့အားသင့်သွားသည့် ပုံ။ အာယနဲသည် သူ၏ တပည့်ကို နှစ်သိမ့်သော အပြုံးဖြင့် ကြိုဆိုနေရာမှ ဥက္ကျူမိ ပြေးလာသည်ကို မြင်လိုက်သည့်အခါတွင် သူ၏ မျက်နှာမှာ ချက်ချင်း တင်းမာသွားလေသည်။ ဟိရောမိလည်း နောက်ပြန် လှည့်ကြည့်ပြီး

စိတ်ပျက်ညှိုးငယ်သွားသည်။

"ဘာကိစ္စများ ရှိသေးလို့လဲ" ဟိရောမိက လှမ်းမေးလိုက်သည်။

"မစ္စစ်မာရှိဘာကို တွေ့လိုက်လို့ လာနှုတ်ဆက်တာပါ" ဥကျူမိက ပြောသည်။

"မစ္စဝါကာယာမာကို အချိန်အကြာကြီး ခေါ်ထားမိလို့ တောင်းပန်ပါတယ်" ပြောပြီး သူက ဦးညွှတ်လိုက်သည်။

"ဟိရောမိကို သံသယတရားခံအဖြစ်ကနေ ပယ်ဖျက်နိုင်လိုက်ပြီလို့ ကျွန်မ ယူဆပါတယ်"

"သူ ကျွန်မတို့ကို ပြောပြခဲ့တာတွေ မနည်းလှပါဘူး။ မစ္စစ်မာရှိဘာကလည်း ဆရာကုစာနာဂိကို တန်ဖိုးရှိတဲ့ သတင်းအချက်အလက်တစ်ခု တင်ပြပေးခဲ့တယ်လို့ သတင်းကြားပါတယ်။ အဲဒီအတွက် အင်မတန်မှ ကျေးဇူးတင်ပါတယ်"

"ရှင်တို့အတွက် အထောက်အပံ့ ဖြစ်တယ်လို့ ကြားရတော့ ဝမ်းသာမိပါတယ်။ ဒါပေမယ့် အခုလိုဖြစ်ရပ်မျိုး နောက်တစ်ကြိမ် ထပ်မဖြစ်ရင် ပိုကောင်းပါလိမ့်မယ်။ ဟိရောမိမှာ ဘာအပြစ်မှ မရှိပါဘူး။ ရှင်တို့ သူ့ကို အတင်းအကျပ် မေးနေကြမယ်ဆိုလည်း ဘာမှ ထူးခြားလာမှာ မဟုတ်ဘူး"

"ကျွန်မမှာ အဲဒီလို လုပ်ဖို့ ဆုံးဖြတ်ပိုင်ခွင့် မရှိတဲ့အတွက် ဝမ်းနည်းပါတယ်ရှင်။ နောက်နောင်ကိုလည်း ရှင်တို့နှစ်ယောက်စလုံး ဆက်ပြီး ကူညီပေးသွားလိမ့်မယ်လို့ မျှော်လင့်မိပါတယ်"

"ကျွန်မ ရှင်တို့ကို ကူညီပေးသွားမှာပါ။ ဒါပေမယ့် ဟိရောမိကိုတော့ နောက် ဘယ်တော့မှ မနှောင့်ယှက်ပါနဲ့တော့"

အာယနဲ၏ လေသံမှာ ယခင်နှင့်မတူ ခက်ထန် မာကျောလွန်းနေသောကြောင့် ဥကျူမိက သူ့ကို တအံ့တသြ ငေးကြည့်နေမိသည်။

အာယနဲက ဟိရောမိဘက်သို့ လှည့်ကာ ပြောလိုက်သည်။

"ဟိရောမိ၊ နင် အမှန်အတိုင်း မပြောလို့ မဖြစ်ဘူး။ တကယ်လို့သာ နင် ဘာမှ မပြောဘူးဆိုရင် ဘယ်သူမှ နင့်ကို ကာကွယ်ပေးနိုင်မှာ မဟုတ်ဘူး။ ငါ ဘာကို

ဆိုလိုတယ်ဆိုတာ နင် သဘောပေါက်တယ် မဟုတ်လား။ ရဲစခန်းမှာ အခုလို အချိန်အကြာကြီး နေလိုက်ရရင် နင့်ခန္ဓာကိုယ်ကိုလည်း ထိခိုက်သွားစေနိုင်တယ်။ ဟုတ်တယ်မလား''

ထိုစကားကို ကြားရသည့်အခါတွင် ဟိရောမိသည် တဒင်္ဂမျှ ကြက်သေသေသွားသည်။ နှလုံးသား၏ အနက်ရှိုင်းဆုံး တစ်နေရာတွင် မြှုပ်နှံထားသော လျှို့ဝှက်ချက်တစ်ခုကို လူသိရှင်ကြား ဖွင့်ချခံလိုက်ရသည့်နှယ်။ ယင်းမြင်ကွင်းကို တွေ့မြင်လိုက်ရသည့် ဥကျူမိ၏ ဦးနှောက်ထဲသို့ အတွေးတစ်ခု ဖျတ်ကနဲ ဝင်ရောက်လာသည်။

ဥကျူမိက ဟိရောမိကို စိုက်ကြည့်လျက်

''မဟုတ်မှလွဲရော ရှင် ...''

''အခု အခါအခွင့်သင့်တုန်း နင် အမှန်အတိုင်း ပြောလိုက်ပါလား။ မှူခင်းရဲမေလည်း အနားမှာ ရှိနေတာနဲ့ အတော်ပဲ။ နောက်ပြီး နင့်ကိစ္စကို ငါ အစောကြီးကတည်းက သိနေခဲ့တာ'' အာယနဲက ပြောသည်။

''ဆရာမက ... မစ္စတာမာရှိဘဆီက ကြားခဲ့တာလား''

''သူ့ဆီက မဟုတ်ပါဘူး။ ငါ့စိတ်ထဲမှာ အလိုလို သိနေတာပေါ့။ ငါလည်း မိန်းမပဲ ဥစ္စာ''

ထိုအခိုက်တွင် သူတို့ ဘာအကြောင်း ပြောဆိုနေကြသည်ကို ဥကျူမိ နားလည်ထားပြီး ဖြစ်သည်။ သို့သော် စကားလုံးများဖြင့် အတည်ပြုရပေဦးမည်။

''မစ္စဝါကာယာမာ၊ ရှင့်မှာ ကိုယ်ဝန်ရှိနေတာတော့ မဟုတ်ပါဘူးနော်''

ဥကျူမိက တဲ့တိုးမေးချလိုက်သည်။

ဟိရောမိသည် အခိုက်အတန့်မျှ တုံ့ဆိုင်းဆိုင်း ဖြစ်နေပြီးကာမှ ခေါင်းညိတ်လိုက်သည်။

''နှစ်လရှိပါပြီ''

အာယနဲ၏ ခန္ဓာကိုယ်မှာ ဆတ်ကနဲ တွန့်သွားသည်ကို ဥက္ကျူမိ၏ စူးရှသော မျက်လုံးတစ်စုံက မြင်ဖြစ်အောင် မြင်သွားခဲ့သည်။ သို့ဆိုလျှင် မာရိုဘ ယိုရှီတာကာထံမှ ကြားခဲ့ရခြင်း မဟုတ်ကြောင်း သေချာသလောက် ရှိနေသည်။

အာယနဲ၏ ပြောစကားအတိုင်း သူသည် မိန်းမတို့၏ ထူးခြားသော ဗီဇသိဖြင့် သိရှိနေခြင်း ဖြစ်မည်။ ထို့ကြောင့် ဟိရောမိကိုယ်တိုင်က ဝန်ခံလိုက်သည့် အခါတွင် သူ၏ ဗီဇသိကို ထောက်ခံလိုက်သကဲ့သို့ ဖြစ်နေသောကြောင့် စိတ်ထဲမှ ကြိုတင်ပြင်ဆင်ထားပြီး ဖြစ်သော်လည်း အနည်းနှင့်အများတော့ ရင်ကို ရိုက်ခတ်တုန်လှုပ် သွားစေခဲ့သည်။

သို့သော်လည်း တဒင်္ဂအကြာတွင် အာယနဲသည် အခဲမကျေသော အကြည့်ဖြင့် ဥက္ကျူမိကို လှည့်ကြည့်လေသည်။

"ဒီလောက်ဆို ရှင် သဘောပေါက်လောက်ရောပေါ့။ ဒီကာလအတွင်းမှာ သူ ကောင်းကောင်း အနားယူမှ ဖြစ်မယ်။ ရဲစခန်းမှာ နာရီပေါင်းများစွာ ဒုက္ခသွားခံနေဖို့ မသင့်ဘူး။ ရှင်လည်း မိန်းမတစ်ယောက် အနေနဲ့ ကိုယ်ချင်းစာ နားလည် ပေးနိုင်လိမ့်မယ်လို့ ယူဆပါတယ်"

ဥက္ကျူမိအနေဖြင့် ခေါင်းညိတ်ပြရုံမှတစ်ပါး ဘာများ တတ်နိုင်ပါဦးမည်နည်း။ အမှန်ဆိုလျှင် ကိုယ်ဝန်ဆောင်ထားသော အမျိုးသမီးများကို စုံစမ်းစစ်ဆေးရာတွင် မည်သို့မည်ပုံ ပြုမူဆက်ဆံရမည် ဟူသော စည်းကမ်းချက်များကို ရဲဌာနမှ တရားဝင် ထုတ်ပြန်ထားပြီး ဖြစ်သည်။

"ကျွန်မ အထက်အရာရှိကို တင်ပြပေးပါ့မယ်။ နောင်နောင်ကိုလည်း အခုလို မဖြစ်အောင် ပိုပြီး ဂရုစိုက်သွားပါ့မယ်"

"အဲဒီလို ဖြစ်လာဖို့ မျှော်လင့်ပါတယ်"

အာယနဲသည် ဟိရောမိကို ကြည့်၍ ဆက်ပြောသည်။

"ကဲ ... အခုလိုဆိုတော့ နင့်အတွက် ပိုကောင်းမသွားဘူးလား။ နင်သာ သူတို့ကို ဆက်ပြီး ဖုံးကွယ်ထားရင် ဆေးရုံကိုတောင် သွားလို့ ရမှာ မဟုတ်တော့ဘူး"

ဟိရောမိက အာယနဲကို ငေးကြည့်နေသည်။ မျက်လုံးများက ပြုံတော့မည့်မိုးကဲ့သို့ ရီဝေလျက်။ သူ၏ နှုတ်ခမ်းများက ဆတ်ကနဲ

လှုပ်ခါသွားသည်။ တောင်းပန်သော စကားတစ်ခုခုကို ပြောလိုက်ဟန် တူသည်။

"ကျွန်မ ရှင်တို့ကို အတိအလင်း ပြောစရာတစ်ခု ကျန်နေသေးတယ်"

အာယနဲက ပြောသည်။

"မာရိုဘ ယိုရှီတာကာက ဟိရောမိ ဗိုက်ထဲက ကလေးရဲ့ အဖေပဲ။ ဒါကြောင့်လည်း သူက ကျွန်မကို ကွာရှင်းဖို့ ဆုံးဖြတ်ပြီး ဟိရောမိကို ရွေးချယ်ခဲ့တာ။ ဒါကြောင့် ဟိရောမိက ဘာအကြောင်းကြောင့် သူ့ဗိုက်ထဲက ကလေးရဲ့ အဖေကို သတ်ဖြတ်ဖို့ ကြံစည်ရမှာလဲ"

ဥကျုမိလည်း ဤသို့ ထပ်တူထပ်မျှ ခံစားလိုက်မိသည်။ သို့သော် ဘာတစ်ခွန်းမျှ တုံ့ပြန် ပြောမနေတော့။

အာယနဲသည် တုဏှိဘာဝေ လုပ်နေမိသော ဥကျုမိ၏ အပြုအမူကို မည်သို့ နားလည် သဘောပေါက်သွားသည် မသိ။ သူက ခေါင်းခါယမ်းကာ ဆက်ပြောလေသည်။

"ရှင်တို့ ရဲတွေရဲ့ ခေါင်းထဲမှာ ဘာတွေ စဉ်းစားနေကြသလဲ ဆိုတာကို ကျွန်မဖြင့် နားလည်လို့ကို မရတော့ဘူး။ သူ့မှာ သေစေလိုတဲ့ စေတနာက နည်းနည်းမှကို မရှိတာ။ တကယ်ဆို ရှိတယ်လို့ ယူဆလို့ ရနေတဲ့သူက ကျွန်မလေ"

၀၀၀

ရဲဌာနချုပ်သို့ ပြန်ရောက်သည့်အခါတွင် မာမီယာနှင့် ကုစာနာဂိတို့လည်း ရုံးတွင် ရှိနေသည်ကို တွေ့လိုက်ရသည်။ သူတို့သည် လူမဲ့ဈေးရောင်းစက်မှ ကော်ဖီဝယ်၍ သောက်နေကြသည်။ နှစ်ယောက်စလုံး စိတ်ပျက်လက်ပျက် ဖြစ်လျက်။

"ရေနဲ့ ပတ်သက်ပြီး ဝါကာယာမာ ဟိရောမိက ဘယ်လိုပြောလဲ" ဥကျုမိကို မြင်လိုက်ရသည်နှင့် ကုစာနာဂိက အလောသုံးဆယ် လှမ်းမေးလိုက်လေသည်။

"မာရိုဘ ယိုရှီတာကာကို သူကိုယ်တိုင် ကော်ဖီဖျော်ပေးတုန်းက ကိစ္စကို ပြောတာ။ နင် သူ့ကို မေးဖြစ်တယ် မဟုတ်လား"

"မေးဖြစ်တယ်။ သူ အဲဒီတုန်းက ရေပိုက်ခေါင်းထဲက ရေကိုပဲ သုံးတယ်တဲ့" ဟိရောမိထံမှ သိလာခဲ့ရသမျှ အချက်အလက်များ အားလုံးကို ထိုသူနှစ်ဦးအား ပြန်ပြောပြလိုက်သည်။

မာမီယာက အေးဆေးသော လေသံဖြင့် ပြောသည်။

"ဒါကြောင့် သူတို့နှစ်ယောက် အတူတူ ကော်ဖီသောက်ခဲ့တုန်းက ဘာမှ မဖြစ်ခဲ့ကြတာ နေမယ်။ တကယ်လို့သာ သောက်ရေသန့်ဗူးထဲကို အဆိပ်ခတ်ခဲ့တာ ဆိုရင်တော့ ပြဿနာက နားလည်ရလွယ်သွားပြီ"

"ဝါကာယာမာ ဟိရောမိရဲ့ စကားက အမှန် ဟုတ်ချင်မှ ဟုတ်မှာပေါ့" ကုစာနာဂိက ပြောသည်။

"မှန်ပါတယ်။ ဒါပေမယ့် သူ့စကားထဲမှာ ရှေ့နောက် မညီညွတ်တာ မပါဘူးဆိုတော့ကာ ဆက်ပြီး လိုက်ဖို့ရာကလည်း လမ်းဆုံးနေပြီ။ ငါတို့အနေနဲ့ အခု လုပ်နိုင်တာက တစ်ခုပဲ ကျန်တယ်။ ထ.ရ.ဖဆီက ရောက်လာမယ့် ပိုပြီး အသေးစိတ်တဲ့ အစီရင်ခံကို စောင့်ဖို့ပဲ"

"ဆရာတို့ ထ.ရ.ဖကို ရေသန့်ဗူးနဲ့ ပတ်သက်ပြီး မေးကြည့်ပြီးသွားပြီလား" ဥကျုမိက မေးသည်။

ကုစာနာဂိသည် စားပွဲမှ ဖိုင်တွဲတစ်ခုကို ကောက်ယူလိုက်သည်။

"ထ.ရ.ဖက ပြောတယ်။ မာရိုဘာအိမ်က ရေခဲသေတ္တာထဲမှာ ရေသန့်ဗူးတစ်ဗူးပဲ ရှိတယ်။ အဖုံး ဖွင့်ထားပြီးသား။ ဗူးထဲက ရေကိုလည်း သူတို့ စစ်ဆေးကြည့်ပြီးသွားပြီ။ ဒါပေမယ့် အဆိပ်မတွေ့ဘူး"

"ဟုတ်လား။ ဒါပေမယ့် စောစောကပဲ ခွဲမှူး ပြောခဲ့တယ် မဟုတ်လား။ ထ.ရ.ဖဘက်က အသေးစိတ် အစီရင်ခံစာ မရသေးဘူး ဆိုတာလေ"

"ပြဿနာက အဲဒီလောက် မရိုးရှင်းဘူး" မာမီယာက နှုတ်ခမ်းကို မဲ့လိုက်သည်။

"ဆရာ ဆိုလိုတာက ..."

"ရေခဲသေတ္တာထဲက ရေသန့်ဗူးက တစ်လီတာဆံ့တဲ့ ရေဗူး" ကုစာနာဂိက ဖိုင်တွဲကို ကြည့်လျက် ပြောနေသည်။

"ဗူးထဲမှာ ခန့်မှန်းခြေ ၉၀၀ မီလီလီတာရှိတဲ့ ရေတွေ ကျန်နေသေးတယ်။ သဘောပေါက်လား။ အဲဒီရေဗူးကို ဖွင့်ဖောက်ထားတာ မကြာသေးဘူး။ ၁၀၀ မီလီလီတာပဲ သုံးရသေးတယ်။ အဲဒီရေလောက်နဲ့ ကော်ဖီတစ်ခွက် ဖျော်သောက်ဖို့ရာလည်း နည်းလွန်းအားကြီး နေတယ်။ နောက်ပြီး ရေစစ်ခွက်ထဲမှာ ကျန်နေတဲ့ ကော်ဖီမှုန့်ရဲ့ ပမာဏကို ကြည့်ခြင်းအားဖြင့် ကော်ဖီနှစ်ခွက်စာ ဖျော်ထားတယ်လို့ ယူဆနိုင်တယ်"

ကုစာနာဂိ၏ ဆိုလိုရင်း အဓိပ္ပာယ်ကို ဥက္ကျုမိ နားလည်သွားသည်။

"ဒီလိုဆိုရင် အဲဒီမတိုင်ခင်က တခြားရေသန့်ဗူးတစ်ဗူး ရှိခဲ့ရဦးမယ် ဆိုတဲ့ သဘောပေါ့။ အဲဒီဗူး ကုန်သွားလို့ နောက်တစ်ဗူးအသစ် ထပ်ဖွင့်ထားတာကြောင့် ရေခဲသေတ္တာထဲမှာ တွေ့နေရတဲ့ ရေသန့်ဗူးက လက်ကျန်ရေသန့်ဗူးပဲ ဖြစ်ရလိမ့်မယ်"

"ဟုတ်တယ်" ကုစာနာဂိက ခေါင်းညိတ်လိုက်သည်။

"ဒါဆို ... အဆိပ်က ပထမဗူးထဲမှာ ခတ်ထားခဲ့တာ ဖြစ်နိုင်တယ် ဆိုတဲ့ သဘောပေါ့"

"တရားခံရဲ့ ရှုထောင့်ကနေ ကြည့်မယ်ဆိုရင် အဲဒီလိုပဲ လုပ်ရတော့မှာပေါ့" မာမီယာက ပြောသည်။

"တရားခံက အဆိပ်ခတ်ချင်လို့ ရေခဲသေတ္တာကို ဖွင့်လိုက်တဲ့ အခါမှာ အထဲမှာ ရေဗူးနှစ်ဗူး တွေ့ရတယ်။ တစ်ဗူးက လုံးဝ မသုံးရသေးတဲ့ ပါကင်ပိတ် အသစ်စက်စက်။ တကယ်လို့သာ မသုံးရသေးတဲ့ ဗူးထဲကို အဆိပ်ခတ်ချင်တယ် ဆိုရင် ပထမဆုံးအနေနဲ့ အဲဒီဗူးသစ်ရဲ့ ပါကင်ကို ဖောက်ရတော့မယ်။ ဒါပေမယ့် အဲဒီလိုသာ လုပ်လိုက်မယ်ဆိုရင် မစ္စတာမာရှိဘာက အဲဒါကို သတိထားမိသွားနိုင်တယ်။ ဒီတော့ အဆိပ်ကို ဖွင့်ထားပြီးသား ဗူးထဲ ခတ်ထည့်ဖို့ပဲ ကျန်တော့တာပေါ့"

"ဒါဆို အဲဒီဗူးခွံအလွတ်ကို ရှာပြီး စစ်ဆေးကြည့်လိုက်ရင် အဖြေက ရှင်းနေပြီပဲ ဥစ္စာ"

"ရှာတယ်လေ" ကုစာနာဂိက ဖိုင်တွဲကို လှုပ်ယမ်းပြနေရင်း ပြောသည်။

"အဲဒီလောက်နဲ့ လုံလောက်မယ် ထင်လို့လား"

"မလုံလောက်ဘူးလား"

"သူတို့က မာရှိဘအိမ်မှာ ရှာလို့ ရနိုင်သမျှ ဖူးခွံအလွှတ်တွေကို စစ်ဆေးကြည့်တယ်။ ဘာအာဆန်နစ်မှ မတွေ့ရဘူး။ ဒါပေမယ့် တရားခံ အမှုလုပ်တဲ့အချိန်တုန်းက အဲဒီဖူးခွံတွေကို မသုံးခဲ့ပါဘူးလို့လည်း ဘယ်လိုမှ သက်သေမပြနိုင်ဘူး"

"ဆရာ့စကားက ဘာအဓိပ်ပာယ်လဲ"

"အတိုချုပ် ပြောရရင် ဘာမှ မရေရာသေးဘူး ဆိုတာပဲ" မာမီယာက ဘေးမှ ဝင်ပြောသည်။

"ဖူးခွံထဲကနေ ရယူနိုင်တဲ့ ကြွင်းကျန်ပစ္စည်းကလည်း နည်းလွန်းအားကြီးတယ်။ အင်းလေ။ ဒါလည်း သူတို့ အပြစ်မှ မဟုတ်ဘဲ။ ဖူးခွံဆိုမှတော့ အလွှတ်ကြီးပဲကို။ ဓာတ်ခွဲဌာနကို ပို့ပြီး စစ်ဆေးခိုင်းရင်တော့ ပိုပြီး တိကျတဲ့ သုံးသပ်ချက် အစီရင်ခံစာကို ရကောင်း ရနိုင်တာပေါ့။ လောလောဆယ်အထိတော့ အဲဒီအဖြေ ရောက်မလာသေးဘူး"

အဖြစ်မှန်ကို ယခုမှ ဥကျုမိ နားလည်သွားတော့သည်။ ထိုသူနှစ်ဦး အဘယ်ကြောင့် လက်မှိုင်ချလျက် သုန်သုန်မှုန်မှုန် ဖြစ်နေရသည်ကိုလည်း သဘောပေါက်သွားသည်။

"ဒါပေမယ့် ကျွန်တော့်အထင်ပြောရရင် ပလတ်စတစ် ဖူးခွံထဲကနေ အဆိပ်ကို တွေ့ခဲ့ရတယ် ဆိုရင်တောင် အခြေအနေက အများကြီး ပြောင်းလဲမသွားနိုင်ဘူး" ကုစာနာဂိသည် ဖိုင်တွဲကို စားပွဲပေါ်သို့ ပြန်တင်လိုက်သည်။

"သံသယတရားခံ ဖြစ်နိုင်တဲ့ ပရိဝုဏ်က ပိုပြီး ကျယ်ပြန့်သွားနိုင်တယ်" ဥကျုမိက ပြောသည်။

ကုစာနာဂိက မျက်ခုံးကို ဆွဲပင့်လိုက်သည်။

"နင် ခွဲမှုးရဲ့ စကားကို မကြားလိုက်ဘူးလား။ တကယ်လို့သာ တရားခံက ရေသန့်ဗူးထဲမှာ အဆိပ်ခတ်ခဲ့တာ ဆိုရင် ဖွင့်ပြီးသား ဗူးထဲမှာပဲ ခတ်ဖို့များတယ်။ နောက်ပြီး သေဆုံးသူက ကော်ဖီမဖျော်ခင်မှာ အဲဒီရေသန့်ဗူးကို လုံးဝ မသောက်ခဲ့ဘူး။ တစ်နည်းပြောရရင် တရားခံ အဆိပ်ခတ်တဲ့ အချိန်နဲ့ သေဆုံးချိန်နဲ့က ကြားမှာ ကွာဟချက် အများကြီး မရှိနိုင်ဘူး"

"ကျွန်မ အထင်ကတော့ သေဆုံးသူ ရေမသောက်ခဲ့တဲ့ အချက်အပေါ်မူတည်ပြီး အဆိပ်ခတ်ချိန်နဲ့ သေဆုံးချိန် နှစ်ခုရဲ့ ကြားကာလက တိုတောင်းပါတယ်လို့ ဆုံးဖြတ်တာ သဘာဝ မကျလှဘူးလို့ ယူဆတယ်။ သေဆုံးသူသာ ရေဆာခဲ့မယ်ဆိုရင် တခြား သောက်စရာ အရည်တွေ အများကြီး ရှိသေးတာပဲဥစ္စာ"

ထိုစကားကို ကြားရသည့်အခါတွင် ကုစာနာဂိသည် အောင်မြင်သူ၏ ဝင့်ဝါမှုမျိုးဖြင့် နှာမှုတ်လိုက်သည်။

"နင် မေ့သွားပြီ ထင်တယ်။ မစ္စတာမာရှိဘက တနင်္ဂနွေ ညတစ်ညတည်းမှာပဲ ကော်ဖီသောက်ခဲ့တာ မဟုတ်ဘူး။ သူက စနေနေ့ ညတုန်းကလည်း သူ့ဘာသူ ကော်ဖီဖျော်သောက်ခဲ့သေးတယ်။ ဝါကာယာမာ ဟိရောမိ ပြောဖူးတယ် မဟုတ်လား။ ရှေ့တစ်ရက်ညက မစ္စတာမာရှိဘ ဖျော်တဲ့ကော်ဖီက ခါးလွန်းလို့ နောက်တစ်နေ့မနက်မှာ သူကိုယ်တိုင် မစ္စတာမာရှိဘကို အရှေ့မှာထားပြီး လက်တွေ့ ဖျော်ပြခဲ့သေးတာတဲ့။ အဲဒီလိုဆိုတော့ စနေနေ့ညက သုံးခဲ့တဲ့ ရေသန့်ဗူးထဲမှာ အဆိပ်မရှိသေးလို့ပေါ့"

"စနေနေ့ညက မစ္စတာမာရှိဘ ဖျော်တဲ့ ကော်ဖီထဲမှာ ထည့်သုံးခဲ့တာ ရေသန့်ဗူးထဲကရေ ဟုတ်ချင်မှ ဟုတ်မှာပေါ့"

ကုစာနာဂိသည် ထိုင်ခုံပေါ်တွင် မှီချပြီး လက်နှစ်ဖက်ကို ဆန့်တန်းလိုက်သည်။

"နင်က ပေးထားချက်ကို ဖယ်ရှားပစ်ဖို့ စိတ်ကူးနေတာလား။ မစ္စတာမာရှိဘက ကော်ဖီဖျော်တဲ့အခါမှာ ရေသန့်ဗူးထဲက ရေပဲ သုံးကို သုံးလိမ့်မယ်လို့ မစ္စစ်မာရှိဘက ပြောခဲ့လို့သာလျှင် ငါတို့ အခုဒီမှာ ရေသန့်ဗူးကိစ္စကို ဆွေးနွေးနေကြတာ မဟုတ်ဘူးလား"

"သုံးကို သုံးလိမ့်မယ် ဆိုတဲ့ စကားလုံးကို ဖက်တွယ်ထားတာက သိပ်ကို

အန္တရာယ်ကြီးတယ်လို့ ကျွန်မ ယူဆတယ်” ဥက္ကမြိက ဖြည်းဖြည်းမှန်မှန် ပြောလိုက်သည်။

“မစ္စတာမာရှိဘက ဘယ်လောက် အတိုင်းအတာအထိ အဲဒီအလေ့အကျင့်ကို စွဲစွဲမြဲမြဲ ကျင့်သုံးခဲ့သလဲ ဆိုတာကို ကျွန်မတို့ ကောင်းကောင်း သိကြတာ မဟုတ်ဘူး။ သူ့မှာ အဲဒီလို အကျင့်တစ်ခု ရှိတယ် ဆိုပေမယ့် သူ့မိန်းမကတောင် သူ့ရဲ့ တောင်းဆိုချက်ကို တိတိကျကျ လိုက်နာခဲ့တာ မဟုတ်ဘူး။ နောက်ပြီး မစ္စတာမာရှိဘ ကိုယ်နှိုက်ကလည်း ကိုယ်တိုင် ကော်ဖီမဖျော်ဖြစ်ခဲ့တာ တော်တော် ကြာနေပြီ။ အဲဒီတုန်းက ရေပိုက်ခေါင်းထဲက ရေကို အမှတ်တမဲ့ ထည့်မိသွားတယ် ဆိုရင်တောင် ထူးဆန်းတဲ့ ကိစ္စ မဟုတ်ဘူး။ သူတို့အိမ်က ရေပိုက်ခေါင်းမှာ ရေသန့်စက် တပ်ထားတယ်။ အဲဒီတုန်းက အဲဒါကို သုံးခဲ့တာရော မဖြစ်နိုင်ဘူးလား”

ကုစာနာဂိသည် စိတ်မရှည်နိုင်စွာဖြင့် ကျွတ်ကနဲ မြည်အောင် စုတ်သပ်လိုက်သည်။

“ဒီမယ်၊ နင်က နင့်စိတ်ထဲမှာ ရှိတဲ့ ထင်မြင်ချက်ကို သက်သေပြချင်တာနဲ့ပဲ ဇာတ်လမ်းတွေ လျှောက်ဆင်မနေနဲ့ဦး”

“ကျွန်မ ပြောချင်တာက ကျွန်မတို့က အဖြစ်မှန်ကို ဓမ္မဓိဋ္ဌာန်ကျကျ သုံးသပ်ဝေဖန်သင့်တယ် ဆိုတာပါပဲ” ဥက္ကမြိသည် အကြည့်ကို ကုစာနာဂိထံမှ အထက်အရာရှိထံသို့ ပြောင်းရွှေ့လိုက်သည်။

“တကယ်လို့သာ မာရှိဘအိမ်မှာ ရှိတဲ့ သောက်ရေသန့်ဗူးကို နောက်ဆုံး ဘယ်အချိန်မှာ၊ ဘယ်သူက သောက်ခဲ့သလဲ ဆိုတဲ့ အချက်ကို စုံစမ်းလို့ မရမချင်း ကျွန်မတို့ အဆိပ်ခတ်ခဲ့တဲ့ အချိန်ကိုလည်း တွက်ဆလို့ လုံးဝ မရနိုင်ဘူး”

မာမီယာသည် ပြုံးလျက် မေးစေ့ကို ပွတ်နေသည်။

“ကြည့်ရတာ များများ ငြင်းခုန်ဆွေးနွေးလေလေ အကျိုးရှိလေလေပဲကွ။ အရင်က ငါရဲ့ အယူအဆကလည်း ကုစာနာဂိနဲ့ သိပ်မကွာလှဘူး။ အခု မင်းတို့နှစ်ယောက် ငြင်းခုန်နေကြတာကို နားထောင်ပြီးတဲ့နောက်မှာ လူသစ်ကလေးရဲ့ အမြင်ဘက် ယိုင်ချင်ချင် ဖြစ်လာပြီ”

“ဆရာ” ကုစာနာဂိ၏ မျက်နှာက အောင့်သက်သက်။

"ဒါပေမယ့် ..." မာမီယာသည် တည်ကြည်လေးနက်သော မျက်နှာဖြင့် ဥက္ကျူမိကို ကြည့်လျက် ပြောနေသည်။

"အဆိပ်ခတ်တဲ့ အချိန်ကို အကြမ်းအားဖြင့် တွက်ဆလို့ ရနေပြီ။ နင်လည်း သိပြီးသားပဲ။ သောကြာနေ့ညက မာရိုဘာအိမ်မှာ ညစာစားပွဲ လုပ်ခဲ့သေးတယ်"

"ကျွန်မ သိပါတယ်။ မိတ်ဆုံညစာစားပွဲပါ" ဥက္ကျူမိက ပြန်ဖြေသည်။

"အဲဒီအချိန်က လူအတော်များများ သောက်ရေသန့်ဗူးထဲက ရေကို သောက်ခဲ့ဖူးမှာပဲ"

"ဆိုတော့ကာ ... အဆိပ်ခတ်မယ်ဆိုရင် အဲဒီနောက်မှ ဖြစ်တော့မှာပေါ့" မာမီယာက လက်ညှိုးထောင်လိုက်သည်။

"ကျွန်မလည်း အဲဒီလိုပဲ ယူဆပါတယ်။ ဒါပေမယ့် အီကာအိတို့ လင်မယားကတော့ အဆိပ်ခတ်ဖို့ အခွင့်အရေး ရနိုင်မယ် မထင်ဘူး။ သူတို့နှစ်ယောက်အနေနဲ့ မီးဖိုဆောင်ထဲ လူမသိ သူမသိ ဝင်ဖို့ဆိုတာ ဖြစ်မှ မဖြစ်နိုင်တာ"

"အဲဒီလိုဆိုရင်တော့ သံသယ ရှိထိုက်တဲ့သူက နှစ်ယောက်ပဲ ကျန်တော့တာပေါ့"

"ခဏနေကြပါဦး" ကုစာနာဂိက အလျင်အမြန် ကြားဝင်ဖြတ်လိုက်သည်။

"ဝါကာယာမာ ဟိရောမိမှာ ပြဿနာ ရှိမရှိ ဆိုတာကို ခဏထားလိုက်ဦး။ မစ္စစ်မာရိုဘာကို သံသယ ဝင်နေတာက ထူးဆန်းစရာ ကောင်းမနေဘူးလား။ သေဆုံးသူက ကော်ဖီဖျော်ရင် ရေသန့်ဗူးထဲက ရေနဲ့ ဖျော်တတ်တယ် ဆိုတဲ့ သတင်းအချက်အလက်ကို သူ ပေးထားတာလေဗျာ။ ဘယ်တရားခံကများ ရဲတွေရဲ့ သံသယမြှားဦးကို ကိုယ့်ဘက်လှည့်အောင် တမင် လုပ်ယူမှာလဲ"

"ကျွန်မတို့က အဲဒီအချက်ကို တစ်ချိန်မဟုတ်တစ်ချိန် ရှာတွေ့သွားနိုင်တယ်လို့ နားလည်ထားလို့လည်း ဖြစ်ချင် ဖြစ်မှာပေါ့" ဥက္ကျူမိက ပြောသည်။

"တရားခံက ဒီလိုတွက်ဆပြီး အကွက်ချထားတာရော မဖြစ်နိုင်ဘူးလား။ ...

ရေသန့်ဗူးခွံထဲမှာ အဆိပ်ရှိမရှိ စစ်ဆေးသင့်တယ်လို့ ရဲဘက်က တစ်ချိန်မဟုတ် တစ်ချိန်တော့ တွေးမိလာမှာပဲ။ အဲဒီလို တွေးမိလာနိုင်မယ့် အတူတူ ကိုယ်က ဦးအောင် ထုတ်ပြောထားလိုက်ရင်ရော။ အဲဒီလိုလုပ်လိုက်ရင် ကိုယ့်အပေါ်ကို လွယ်လွယ်နဲ့ သံသယ မဝင်နိုင်တော့ဘူး”

ကုစာနာဂိသည် စိတ်လက် မကြည်မသာဖြင့် နှုတ်ခမ်းကို မဲ့လိုက်သည်။

“နင်နဲ့ စကားများများပြောရင် လူတောင် ရူးသွားနိုင်တယ်။ နင့်ကို ကြည့်ရတာ ဘာတွေပဲ ဖြစ်လာဖြစ်လာ မစ္စစ်မာရှိဘကို တရားခံပါလို့ အသေစွဲကိုင်ထားသလိုပဲ”

“မဟုတ်သေးဘူး။ သူ ပြောတာ အဓိပ္ပာယ်ရှိတယ်” မာမီယာက ပြောသည်။

“ငါ့အထင်တော့ သူရဲ့ ထင်မြင်ချက်က ယုတ္တိရှိတယ်။ တကယ်လို့သာ မစ္စဝါကာယာမာက တရားခံ ဖြစ်ခဲ့မယ်ဆိုရင် အဆိပ်တွေ ပေနေတဲ့ ရေခရားအိုးကို ရှင်းမပစ်ဘဲ ဒီအတိုင်း ထားထားခဲ့တဲ့ ကိစ္စကနေ စပြီး ဝိရောဓိ ဖြစ်နေတဲ့ နေရာတွေမှ နည်းတာ မဟုတ်ဘူး။ တကယ်လို့ သေစေလိုတဲ့ စေတနာဘက်ကနေ ကြည့်မယ်ဆိုရင်တော့ မာရှိဘ အာယနဲက သံသယဖြစ်စရာ အကောင်းဆုံးပဲ”

ကုစာနာဂိက ပြန်လည် ချေပရန် ဟန်ပြင်နေစဉ်မှာပင် ဥကျူမိသည် လက်ဦးမှုယူ၍ စကားဆိုလိုက်သည်။

“သေစေလိုတဲ့ စေတနာ ဆိုလို့ စောစောကတင်ပဲ ကျွန်မ သတင်းတစ်ခု ကြားသိခဲ့ရတယ်။ အဲဒီသတင်းအရ ဆိုရင် မစ္စစ်မာရှိဘရဲ့ သေစေလိုတဲ့ စေတနာက ပိုပြီးတောင် ထင်ရှားလာသလိုပဲ”

“နင့်ကို ဘယ်သူ ပြောတာလဲ” မာမီယာက မေးသည်။

“ဝါကာယာမာ ဟိရောမိ”

ထို့နောက် မျက်စိရှေ့တွင် ရှိနေကြသော ယောက်ျားကြီးနှစ်ယောက်၏ စိတ်ထဲတွင် တစ်ခါသားမျှ တွေးပင် တွေးကြည့်ခဲ့ဖူးခြင်း မရှိသော သတင်းစကားကို ဥကျူမိထံမှ ကြားလိုက်ရလေတော့သည်။

(၁၂)

အီကာအိ တတ်ဆုဟီကိုသည် နေရာတွင် ရပ်လျက် လက်ကိုင်ဖုန်းကို ဘယ်ဘက်လက်တွင် ဆုပ်ကိုင်ထားသည်။ သူသည် လက်ကိုင်ဖုန်းဖြင့် ဖုန်းပြောနေဆဲဖြစ်သော်လည်း ညာဘက်လက်ဖြင့် အထိုင်ဖုန်း၏ ဖုန်းလက်ကိုင်ကို ကောက်ကိုင်ပြီး တခြားဖုန်းကောတစ်ခုကို လက်ခံလိုက်သည်။

"ဒါကြောင့် အဲဒီကိစ္စကို ခင်ဗျားတို့ပဲ ကြည့်ပြီး ဖြေရှင်းပေးပါဦး။ သဘောတူစာချုပ်ရဲ့ ဒုတိယမြောက်အချက်မှာ အားလုံး ရှင်းရှင်းလင်းလင်း ရေးထားပါတယ်။ ... ... အင်း၊ ဒါပေါ့။ အဲဒီအချက်နဲ့ ပတ်သက်ပြီး ကျွန်တော်တို့ဘက်က စီစဉ်ပေးပါ့မယ်။ ... ... ကျွန်တော် နားလည်ပါတယ်။ ဒါဆို အဆင်ပြေအောင် ကြည့်လုပ်လိုက်ကြပါ" သူသည် လက်ကိုင်ကို ဖုန်းခွက်ပေါ် ချလိုက်ပြီး ဘယ်ဘက်လက်ထဲမှ လက်ကိုင်ဖုန်းကို နားနား တိုးကပ်လိုက်သည်။

"ဆောရီးပဲဗျာ။ အဲဒီကိစ္စကို တစ်ဖက်လူနဲ့ ညှိနှိုင်းထားပြီးသွားပြီ။ ... ... ဟုတ်ကဲ့။ ဒါဆို ကျွန်တော်တို့ အရင်က တိုင်ပင်ထားတဲ့အတိုင်း ဆက်လုပ်ကြတာပေါ့။ ... ... ဟုတ်ကဲ့၊ ကျွန်တော် သဘောပေါက်ပါတယ်"

ဖုန်းပြောပြီးသည်နှင့် အီကာအိသည် ထိုင်ခုံတွင် မထိုင်အားသေးဘဲ စာရေးစားပွဲပေါ်တွင် အလျင်အမြန် ရေးမှတ်နေလေသည်။ ဌက္ကဌ အသုံးပြုသော ဤစားပွဲခုံကို မကြာခင်သော အချိန်ကမှ မာရှိဘ ယိုရှီတာကာ အသုံးပြုခဲ့သေးသည်။ ရေးမှတ်ထားသော ဖြတ်ပိုင်းစာရွက်ကို အင်္ကျီအိတ်ကပ်ထဲသို့ ထည့်လိုက်ပြီးနောက် သူသည် ခေါင်းမော့ကာ ကုစာနာဂိကို စကားဆိုလိုက်သည်။

"အားနာလိုက်တာဗျာ။ စောင့်ရတာ ကြာသွားပြီ"

"အလုပ် တော်တော် များနေတာကိုးဗျ"

"တောက်တိုမယ်ရ အလုပ်တွေပါဗျာ။ ဌက္ကဌက ရုတ်တရက် ကွယ်လွန်သွားတာ ဆိုတော့ ဌာနအသီးသီးက တာဝန်ရှိသူတွေလည်း

ပျာယာခတ်သွားတာပေါ့။ ဟိုအစကတည်းက မာရိုဘရဲ့ တစ်သွေးတစ်သံတစ်မိန့်နဲ့ အုပ်ချုပ်နေတဲ့ အထက်အောက် အုပ်ချုပ်မှု ပုံစံကို စိုးရိမ်နေခဲ့တာ။ အစောကြီးကတည်းက ပြင်ဆင်နိုင်ခဲ့ရင် အတော်ကောင်းမှာပဲ” အီကာအိက ငြီးတွားနေရင်း ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။

“အခုလောလောဆယ် အချိန်မှာ ဥက္ကဋ္ဌရဲ့ တာဝန်တွေကို မစ္စတာအီကာအိက ယာယီ တာဝန်ယူထားရတာလား”

ကုစာနာဂိ၏ မေးခွန်းကို ကြားရသည့်အခါတွင် အီကာအိသည် မျက်နှာရှေ့သို့ လက်ကို ဆန့်တန်းကာ ခါယမ်းပြလေသည်။

“စီမံအုပ်ချုပ်တဲ့ နေရာကို လူတကာ အစားထိုးလို့ ရတာ မဟုတ်ဘူး။ တချို့လူအတွက် သင့်လျော်ပေမယ့် တချို့လူအတွက်ကျတော့ မသင့်လျော်ပြန်ဘူး။ ကျွန်တော်လို လူမျိုးအတွက်ကတော့ ရှေ့နေရှေ့ရပ် အလုပ်နဲ့ပဲ သင့်လျော်တယ်။ တစ်နေ့ကျရင်တော့ ကျွန်တော် ကုမ္ပဏီရဲ့ အုပ်ချုပ်ရေးကို တခြားလူတစ်ယောက်ယောက်ဆီ လွှဲပေးခဲ့မှာပါ။ အဲဒါကြောင့် …” အီကာအိသည် ကုစာနာဂိကို စိုက်ကြည့်ကာ ဆက်ပြောသည်။

“ကုမ္ပဏီကို လက်ဝါးကြီး အုပ်ချင်လို့ ကျွန်တော်က မာရိုဘကို လုပ်ကြံခဲ့ပါတယ်လို့ ထင်ခဲ့ရင်တော့ အဲဒီအယူအဆက လက်တွေ့ကျမှာ မဟုတ်ဘူးဗျ”

မျက်လုံး ပြူးကျယ်သွားသော ကုစာနာဂိကို တွေ့မြင်ရသည်တွင် အီကာအိသည် ပြုံးလျက်

“ဆောရီးပါဗျာ။ ကျွန်တော် နောက်တာပါ။ ရယ်စရာတော့ မကောင်းဘူးပေါ့ဗျာ။ ကိုယ့်ရဲ့ ငယ်သူငယ်ချင်း ဆုံးသွားတာတောင် ကျွန်တော့်မှာ သူ့ကို လွမ်းဆွတ်တသနေဖို့ အချိန်မရဘူး ဖြစ်နေတယ်။ တစ်နေကုန် အလုပ်လုပ်နေရတာနဲ့တင် ချာလပတ် လည်နေတယ်။ ဒါကြောင့် ဒီရက်ပိုင်းမှာ စိတ်က အလိုလို ခက်ထန်နေသလိုလို ဖြစ်နေတယ်”

“အခုလို အချိန်မျိုးမှာ ခင်ဗျားရဲ့ တန်ဖိုးရှိတဲ့ အချိန်တွေကို လာပြီး အနှောင့်အယှက် ပေးမိတဲ့အတွက် အနူးအညွတ် တောင်းပန်ပါတယ်”

“အဲဒီလို မယူဆပါနဲ့ဗျာ။ ကျွန်တော်လည်း အမှုအခြေအနေကို အတော်လေး

စိတ်ဝင်စားပါတယ်။ အခု တိုးတက်မှု ရှိလာပြီ မဟုတ်လား”

“အမှုသွား အမှုလာက တဖြည်းဖြည်းနဲ့တော့ ထင်သာမြင်သာ ရှိလာပါပြီ။ ဥပမာ ပြောရရင် တရားခံက ဘယ်လို အဆိပ်ခတ်ခဲ့သလဲ ဆိုတာကို ကျွန်တော်တို့ သိထားရပြီ”

“စိတ်ဝင်စားစရာပဲ”

“မစ္စတာမာရှိဘက ကျန်းမာရေးကို အရမ်း ဂရုစိုက်တော့ ရေပိုက်ခေါင်းက ထွက်တဲ့ရေကို ဘယ်တော့မှ မသောက်ဘူး ဆိုတဲ့ အချက်ကို ခင်ဗျား သိလား”

အီကာအိက စဉ်းစားကြည့်နေသည်။

“အဲဒါကို ကျန်းမာရေး ဂရုစိုက်တယ်လို့ ခေါ်သလားဗျာ။ ကျွန်တော်လည်း အဲဒီအတိုင်းပဲ။ ရေစိမ်းကို မသောက်ဖြစ်ခဲ့တာ နှစ်တော်တော်ကြာပြီ”

ပေါ့ပေါ့ပါးပါး ပြောချလိုက်သော သူ၏ စကားသည် ကုစာနာဂိအတွက်တော့ လေးလံလွန်းနေသည်။ ယင်းကိစ္စသည် ပိုက်ဆံရှိသူ အဖို့တော့ လုပ်ရိုးလုပ်စဉ်သာ ဖြစ်ပေလိမ့်မည်။

“ဟုတ်လား”

“ဘယ်အချိန်လောက်က စပြီး အဲဒီလို ဖြစ်သွားခဲ့သလဲ ဆိုတာကို ကျွန်တော်ကိုယ်တိုင်တောင် မမှတ်မိတော့ဘူး။ ရေပိုက်ခေါင်းက ထွက်တဲ့ရေကို ချေးဂျွတ်များနေတာကြောင့်တော့ မဟုတ်ပါဘူးဗျာ။ သောက်ရေသန့်ရောင်းတဲ့ ကုမ္ပဏီတွေရဲ့ ကြော်ငြာက ဆွဲဆောင်မှု ရှိသွားလို့ ဖြစ်ပါလိမ့်မယ်။ အင်း … အကျင့်ဖြစ်သွားတယ်လို့လည်း ပြောချင် ပြောနိုင်တာပေါ့” အီကာအိသည် တစ်စုံတစ်ခုကို တွေးမိသွားဟန်ဖြင့် ခေါင်းကို အနောက်သို့ ဆတ်ကနဲ လှန်ချလိုက်သည်။

“ရေထဲမှာ အဆိပ်ရှိနေလို့များလား”

“လောလောဆယ်တော့ အတိအကျ မပြောနိုင်သေးဘူး။ အဲဒီလို ဖြစ်နိုင်ခြေ ရှိတယ်လို့ပဲ ပြောလို့ရသေးတယ်။ မိတ်ဆုံစားပွဲ စားတုန်းက ခင်ဗျား ရေသန့်ဗူးထဲက ရေကို သောက်ခဲ့သေးလား”

“သောက်ခဲ့တာပေါ့။ တော်တော် များများကို သောက်ခဲ့တာ။ အဲ … ရေကို ပြောတာ”

“ကျွန်တော်တို့ သတင်းကြားတာတော့ မစ္စတာမာရှိဘက ကော်ဖီဖျော်ရင်တောင် ရေသန့်ဗူးထဲက ရေကိုပဲ သုံးတယ်တဲ့။ အဲဒီကိစ္စကိုရော ခင်ဗျား သိလား”

“အဲဒါတော့ ပြောတာ ကြားဖူးတယ်” အီကာအိက ခေါင်းညိတ်ပြသည်။

“အဲဒီလိုဆိုတော့ ခင်ဗျားတို့က ကော်ဖီထဲကနေ အဆိပ်ကို တွေ့ထားပြီ ဆိုပါတော့”

“ပြဿနာရဲ့ အဓိကသော့ချက်က တရားခံ အဆိပ်ခတ်တဲ့ အချိန်ပဲ။ အလုပ်နားရက်လို နေ့မျိုးမှာ မစ္စတာ မာရှိဘအိမ်ကို တိတ်တိတ်ပုန်း သွားတတ်တဲ့သူ ရှိလား”

အီကာအိသည် ကုစာနာဂိကို မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေသည်။ သူ၏ အမူအရာကို ကြည့်ခြင်းအားဖြင့် ကုစာနာဂိ၏ စကားထဲမှ သွယ်ဝိုက်ညွှန်းဆိုထားသော အနက်အဓိပ္ပာယ်ကို သူ ရိပ်မိထားပြီ ဖြစ်ကြောင်း သိနိုင်သည်။

“ခင်ဗျား ပြောချင်တာက ‘လျှို့ဝှက်ပြီးတော့’ လား”

“ဟုတ်တယ်။ လက်ရှိအချိန်ထိ လာသွားတဲ့ ဧည့်သည်ကို မည်သူမည်ဝါ ဖြစ်ကြောင်း မတွက်ဆနိုင်သေးဘူး။ ဒါပေမယ့် အဲဒီလူက မစ္စတာမာရှိဘရဲ့ အကူအညီနဲ့ အိမ်ထဲကို လူမသိ သူမသိ ဝင်သွားနိုင်တယ်”

“ဥပမာပြောရရင် မစ္စစ်မာရှိဘ အိမ်မှာ မရှိတဲ့အချိန် မိန်းမတစ်ယောက်ယောက်ကို အိမ်ခေါ်ထားတယ် ဆိုတာမျိုးလား”

“အဲဒီလို မဖြစ်နိုင်ဘူးလို့လည်း ပြောလို့ မရဘူး”

အီကာအိသည် ချိတ်ထားသည့် ခြေထောက်ကို အောက်သို့ ချကာ ခန္ဓာကိုယ်ကို အရှေ့သို့ အနည်းငယ် ကိုင်းညွှတ်လိုက်သည်။

"ခင်ဗျား ပြောစရာရှိရင် ပွင့်ပွင့်လင်းလင်း ပြောပါဗျာ။ စုံစမ်းစစ်ဆေးနေတဲ့ အတောအတွင်းမှာ တချို့သတင်း အချက်အလက်တွေကို လျှို့ဝှက်ထားရတာ မှန်ပေမယ့် ကျွန်တော်က အပြင်လူမှ မဟုတ်ဘဲ။ ရှေ့နေလေဗျာ။ ဒီတော့ အပြင်ကို မပေါက်ကြားစေရပါဘူး။ အဲဒါမှလည်း ကျွန်တော်ဘက်က ခင်ဗျားကို အကုန်ဖွင့်ချပြီး အမှန်အတိုင်း ပြောပြနိုင်မှာပေါ့"

ကုစာနာဂိသည် မျက်ခုံးကို ပင့်တင်လိုက်ပြီး တိတ်ဆိတ်မြဲ တိတ်ဆိတ်နေသည်။

အီကာအိသည် ဆိုဖာခုံတွင် နောက်မှီချလိုက်ပြန်သည်။

"ခင်ဗျားတို့ ရဲဘက်က မာရှိဘမှာ အငယ်အနှောင်း ရှိနေတာကို စုံစမ်းလို့ ရထားပြီးပြီ မဟုတ်ဘူးလား"

ကုစာနာဂိသည် ဘာပြန်ပြောရမှန်း မသိအောင် ငေးကြောင်နေမိသည်။ ယင်းကိစ္စကို အီကာအိက ဦးအောင် ပြောလာလိမ့်မည်ဟု သူ ထင်မှတ်မထားပေ။

"ခင်ဗျားက ဘယ်လောက် သိထားလို့လဲ" သူက သတိဝီရိယဖြင့် စကားကို မယုတ်မလွန် ပြောချလိုက်သည်။

"လွန်ခဲ့တဲ့ တစ်လက မာရှိဘ ကျွန်တော့်ကို ပြောခဲ့ဖူးတယ်။ သူ့စကားကို အနှစ်ချုပ် ပြောရရင်တော့ သူ လူတစ်ယောက် အသစ်လဲချင်တယ်ပေါ့" အီကာအိက မျက်လုံးကို ဝင့်ကြည့်ကာ ဆက်ပြောလေသည်။

"ခင်ဗျားတို့ ရဲတွေက အဲဒီလောက် အချက်ကလေးကိုတောင် မစုံစမ်းနိုင်ပဲတော့ နေမှာ မဟုတ်ပါဘူးဗျာ။ ခင်ဗျားတို့ အဲဒါတွေကို သိထားပြီးလို့သာ ကျွန်တော့်ကို တကူးတက လာတွေ့တာလေ။ အဲဒီလို မဟုတ်ဘူးလား"

ကုစာနာဂိသည် မျက်ခုံးကို ကုတ်ကာ သွားဖြဲပြလေသည်။

"ခင်ဗျား ပြောသလိုပါပဲ။ မစ္စတာမာရှိဘမှာ အဲဒီလို ထူးခြားတဲ့ အမျိုးသမီးတစ်ယောက် ရှိနေပါတယ်"

"အဲဒါ ဘယ်သူလဲ ဆိုတာကို ကျွန်တော် မမေးတော့ပါဘူး။ ကျွန်တော် မှန်းလို့ ရတန်သလောက် ရနေပါပြီ"

"ခင်ဗျားလည်း သတိထားမိတယ်ပေါ့ ..."

"ဖယ်ထုတ်နည်းကို သုံးရင် ရပါပြီဗျာ။ မာရီဘာ ဆိုတဲ့ကောင်က ဘားက ကလေးမတွေကို မျက်စိကျတတ်တာ မဟုတ်ဘူး။ ကုမ္ပဏီဝန်ထမ်းတွေနဲ့ အလုပ်နဲ့ ပတ်သက်တဲ့ မိန်းမတွေလည်း အဲဒီအတိုင်းပဲ။ အဲဒီလိုဆိုတော့ သူ့နံဘေးမှာ တစ်ယောက်ပဲ ကျန်တော့တယ်" ပြောပြီး အီကာအိက သက်ပြင်းချလိုက်သည်။

"လက်စသတ်တော့ တကယ် ဖြစ်နေတာကိုးဗျ။ အဲဒီကိစ္စ ကျွန်တော့်မိန်းမကို ပေးသိလို့ မဖြစ်ဘူး"

"ကျွန်တော်တို့ အဲဒီအမျိုးသမီးရဲ့ ထွက်ဆိုချက်ကနေတစ်ဆင့် အတည်ပြုလို့ ရခဲ့ပါပြီ။ စနေနဲ့ တနင်္ဂနွေ နှစ်ရက်မှာ သူ မစ္စတာမာရီဘာရဲ့ အိမ်ကို ရောက်ခဲ့ပါတယ်။ ကျွန်တော်တို့ သိချင်တာက အဲဒီအမျိုးသမီးအပြင် မစ္စတာမာရီဘာမှာ တခြားကောင်မလေးများ ရှိနေနိုင်သေးသလား"

"အိမ်မှာ မိန်းမ မရှိတဲ့အချိန် ကောင်မလေးနှစ်ယောက်ကို အိမ်ခေါ်ထားတယ်လို့ ဆိုလိုချင်တာလား။ အတော် စန်းပွင့်တဲ့ ကောင်ပါလား" အီကာအိသည် ကိုယ်ကို လှုပ်ယမ်းကာ ဆက်ပြောသည်။

"ဒါပေမယ့် အဲဒီလို မဖြစ်နိုင်ပါဘူးဗျာ။ အဲဒီကောင်က ဆေးလိပ်ဂျိုး ဆိုပေမယ့် ဘယ်တော့မှ ဆေးလိပ်နှစ်လိပ်ကို ပါးစပ်ထဲ တစ်ပြိုင်နက် ထည့်လေ့မရှိဘူး"

"ခင်ဗျားရဲ့ စကားက ဘာအဓိပ္ပာယ်လဲ"

"ဆိုလိုတာက အဲဒီကောင်က အားအားရှိ မိန်းမတွေ ထည်လဲတွဲနေတတ်ပေမယ့် ဘယ်တော့မှ မိန်းမနှစ်ယောက်ကို တစ်ပြိုင်နက် မတွဲတတ်ဘူး။ ထင်တာ မလွဲဘူးဆိုရင် သူ့မှာ ပျော်စရာ အသစ်တွေ့ပြီးကတည်းက သူ့မိန်းမနဲ့ လင်မယားကိစ္စတွေ မရှိတော့ဘူး နေမှာ။ ဘာဖြစ်လို့လဲဆိုတော့ သူ စကားတစ်ခွန်း ပြောခဲ့ဖူးတယ်။ ကိုယ့်ရဲ့ ရမ္မက်ဆန္ဒကို ဖြေဖျောက်ချင်ရုံ သက်သက်အတွက်နဲ့ လိင်ဆက်ဆံဖို့ ဆိုတာ အသက်ကြီးမှ လုပ်လည်း ရပါတယ်တဲ့"

"ဒါဆို သူ့ရဲ့ ရည်ရွယ်ချက်က ကလေးရဖို့ အတွက်လား"

"ရှုထောင့်တစ်ခုကနေ ကြည့်ပြီး ပြောရရင်တော့ ဟုတ်တယ်လို့ ဖြေရမှာပဲ"

ကုစာနာဂိသည် ဟိရောမိ ကိုယ်လေးလက်ဝန် ဖြစ်နေသည့် ကိစ္စကို သတိရသွားသည်။

"စောစောက ခင်ဗျား ပြောခဲ့တဲ့ စကားအရဆိုရင် မစ္စတာမာရှိဘနဲ့ သူ့ဇနီးတို့ လက်ထပ်ခဲ့ရတဲ့ အဓိက အကြောင်းအရင်းကလည်း ကလေးလိုချင်လို့ပဲပေါ့။ အဲဒီလိုလား"

အီကာအိသည် ဆိုဖာနောက်မှီတွင် အားရပါးရ မှီချပစ်လိုက်သည်။

"အဓိက အကြောင်းအရင်း မဟုတ်ဘူး။ တစ်ခုတည်းသော အကြောင်းအရင်း။ မာရှိဘ လူလွတ်ဘဝမှာ ရှိနေတုန်းက ကလေးမြန်မြန် လိုချင်လှပြီ ဆိုပြီး အမြဲတမ်း ပွစိပွစိ ပြောနေတတ်တယ်။ အဲဒီအတွက်နဲ့ပဲ သင့်တင့်လျောက်ပတ်မယ့် အဖော်ကို အသည်းအသန် ရှာခဲ့ဖူးတယ်။ မိန်းမတွေ အများကြီးနဲ့လည်း တွဲခဲ့ဖူးတယ်။ အများသူငါရဲ့ မျက်လုံးထဲမှာတော့ သူက မျက်နှာများတဲ့ လူတစ်ယောက် ဖြစ်ချင် ဖြစ်နေမှာပေါ့။ ဒါပေမယ့် တကယ်တမ်းကျတော့ သူက သူ့အတွက် သင့်လျော်မယ့် မိန်းမတစ်ယောက်ကိုပဲ စွဲစွဲမြဲမြဲ ဖွဲ့ကောင်းကောင်းနဲ့ ရှာဖွေနေခဲ့တာ။ သူ့ကလေးရဲ့ မွေးမိခင်ဖြစ်ဖို့ သင့်လျော်မယ့် မိန်းမတစ်ယောက်ပေါ့"

"ဒီလိုဆိုတော့ သူက အဲဒီမိန်းမကို ဇနီးကောင်းတစ်ယောက်ရဲ့ အင်္ဂါနဲ့ ညီလား၊ မညီလား ဆိုတာကိုတောင် နည်းနည်းမှ စိတ်မဝင်စားဘူး ဆိုတဲ့ သဘောလား"

အီကာအိက ပခုံးကို တွန့်ပြသည်။

"မာရှိဘက ဇနီးတစ်ယောက် လိုချင်တာမှ မဟုတ်ဘဲဗျ။ ကျွန်တော် စောစောက ပြောခဲ့ပြီးပြီပဲ။ သူ လူတစ်ယောက် အသစ်လဲချင်တယ်လို့ သူ ပြောခဲ့တယ်လေ။ အဲဒီတုန်းက သူ ပြောသေးတယ်။ သူလိုချင်တာက သူ့အတွက် ကလေးမွေးပေးနိုင်မယ့် မိန်းမ။ အိမ်တော်ထိန်းတစ်ယောက် မဟုတ်သလို တန်ဖိုးကြီးတဲ့ အလှပြပစ္စည်းလည်း မဟုတ်ဘူးတဲ့"

ကုစာနာဂိ၏ မျက်လုံးများ ပြူးကျယ်သွားသည်။

"ဒီစကားကိုသာ တစ်လောကလုံးမှာ ရှိတဲ့ မိန်းမတွေ ကြားသွားရင်တော့ ဝိုင်းပြီး ပြဿနာ ရှာကြလိမ့်မယ် ထင်တယ်။ အိမ်တော်ထိန်း ဆိုတာတောင်

တော်တော် လွန်နေပြီ။ အလှပြပစ္စည်း ဆိုတာကျတော့ ...”

“အခု ဆက်ပြောမယ့် စကားကတော့ ကျွန်တော်ရဲ့ ပုဂ္ဂလိက အမြင်သက်သက်ပါပဲ။ အာယနဲရဲ့ စွန့်လွှတ်အနစ်နာခံမှု အပေါ် ချီးကျူးချင်တာပါ။ သူက အပြင်မှာ ရှိရှိသမျှ အလုပ်အားလုံးကို ထွက်ပစ်လိုက်ပြီးတော့ အိမ်မှုကိစ္စတွေကိုပဲ စိတ်နှစ်ပြီး လုပ်လာခဲ့တယ်။ အိမ်ထောင်ရှင်မ တစ်ယောက်အနေနဲ့ လုံးဝ အပြစ်ပြောစရာ မရှိဘူး။ မာရိုဘ အိမ်မှာ ရှိနေတဲ့ အချိန်ဆိုရင် သူလည်း တစ်နေကုန်လုံး ဧည့်ခန်းထဲက ဆိုဖာခုံမှာ ထိုင်နေတတ်တယ်။ စပ်ထည်တွေ ချုပ်နေရင်းနဲ့ လင်သားတစ်ယောက်ကို ပြုစုဖို့အတွက် အခါအခွင့်ကို ထိုင်စောင့်နေတတ်တယ်။ ဒါပေမယ့် မာရိုဘအတွက်ကျတော့ အဲဒီလုပ်ရပ်တွေက ဘာမှ တန်ဖိုးမရှိသလိုပဲ။ သူ့အမြင်မှာက မိန်းမတစ်ယောက်ဖြစ်ပြီး ကလေးတစ်ယောက်မှ မွေးမပေးနိုင်ဘူး ဆိုရင် ဆိုဖာပေါ် ထိုင်နေလည်း အဲဒါ အလှပြပစ္စည်းနဲ့ ဘာမှ မထူးဘူး။ နေရာတောင် ရှုပ်သေးတယ်လို့ ယူဆချင် ယူဆနေမှာ”

“... ... အဲဒီစကားက တော်တော်ကို တရားလွန်တာပဲဗျာ။ သူက ဘာဖြစ်လို့ အဲဒီလောက်တောင် ကလေးလိုချင်နေရတာလဲ”

“အဲဒါလား ... ကျွန်တော် ကိုယ်တိုင်လည်း ကလေးတစ်ယောက်ကို အသည်းအသန် လိုချင်နေတာပဲ။ ဒါပေမယ့် သူ့လောက်တော့ မဆိုးဘူးပေါ့ဗျာ။ ဒါပေမယ့် ကလေးတစ်ယောက်လည်း တကယ် ရလာရော အဲဒီခံစားချက်က ဘာနဲ့မှ နှိုင်းယှဉ်လို့ မရဘူးဗျ” မကြာခင်ကမှ ဖခင်တစ်ယောက် ဖြစ်လာခဲ့သော အီကာအိသည် စကားပြောနေစဉ် အတွင်းမှာပင် သားသမီးအပေါ် ထားသော ချစ်ခြင်းမေတ္တာဖြင့် ပီတိပြုံး ပြုံးနေလေသည်။

“ဒါပေမယ့် အဲဒီကိစ္စက သူရဲ့ ရှင်သန်ကြီးပြင်းရာ ဘဝအတွေ့အကြုံနဲ့ ပိုပြီး သက်ဆိုင်လိမ့်မယ် ထင်တယ်”

“ခင်ဗျားရဲ့ သဘောက ...”

“မာရိုဘက ဆွေမျိုးသားချင်း တစ်ယောက်မှ မရှိတဲ့ တစ်ကောင်ကြွက် ဆိုတာကို ခင်ဗျားတို့ ရဲတွေက စုံစမ်းထားပြီးလောက်ရောပေါ့”

“အဲဒီလို သတင်းကြားထားတယ်”

အီကာအိက ခေါင်းညိတ်သည်။

"မာရှိဘရဲ့ မိဘတွေက သူ ငယ်ငယ်တုန်းကတည်းက ကွဲသွားကြတယ်လို့ ကြားဖူးတယ်။ အဲဒီတုန်းက သူက သူ့အဖေနဲ့အတူ နေခဲ့ရတာ။ ဒါပေမယ့် အဖေက အလုပ်ပဲ စိတ်ဝင်စားတော့ အိမ်ကို မပြန်သလောက်ပဲ။ ဒါကြောင့် သူ့အဘိုးအဘွားတွေက သူ့ကို မွေးစားခဲ့ကြတာ။ နောက်တော့ အဘိုးနဲ့အဘွားကလည်း ရှေ့ဆင့်နောက်ဆင့် ဆုံးကုန်တယ်။ အဲဒီအပြင် သူ့အဖေကလည်း အသက်သုံးဆယ် မပြည့်ခင်မှာပဲ ဦးနှောက်သွေးကြောပေါက်ပြီး ရုတ်တရက် ကွယ်လွန်သွားခဲ့တယ်။ ဒါနဲ့ သူလည်း ငယ်ငယ်ရွယ်ရွယ်နဲ့ ခိုကိုးရာမဲ့ဘဝ ရောက်သွားတော့တာပဲ။ သူ့ အဘိုးအဘွားနဲ့ အဖေတို့ ထားခဲ့တဲ့ ပိုက်ဆံကြောင့် စားဝတ်နေရေးမှာ အခက်အခဲ မရှိခဲ့ဘူး၊ နောက်ပိုင်း ကိုယ်ပိုင် ကုမ္ပဏီတောင် ထောင်နိုင်ခဲ့တယ် ဆိုပေမယ့် မိသားစုချစ်ခြင်း ဆိုတာကိုတော့ သူ ဘယ်လိုမှ မရနိုင်တော့ဘူး"

"အဲဒါကြောင့် သူက ကလေးတစ်ယောက်ကို ငမ်းငမ်းတက် လိုချင်နေတယ် ဆိုပါတော့"

"ကျွန်တော့်အထင်တော့ သူက သူနဲ့ သွေးတော်သားစပ်တဲ့ ဆွေမျိုးရင်းချာတစ်ယောက်ကို လိုချင်ပုံ ရတယ်။ တစ်ယောက်နဲ့တစ်ယောက် ဘယ်လောက်ပဲ ချစ်ပါတယ် ပြောပြော၊ ချစ်သူနဲ့ ဇနီးမယား ဆိုတာတွေက အဲဒီအပိုင်းမှာ အပြင်လူလို့ ပြောလို့ရတယ်လေ" အီကာအိ၏ လေသံမှာ အေးစက်မာကြောနေသည်။ သူ၏ ရင်ထဲတွင်လည်း ဤသို့သော ယုံကြည်မှုမျိုး ရှိရပေလိမ့်မည်။ ထို့ကြောင့်သာလျှင် သေဆုံးသူ၏ ဒဿနအမြင်ကို သူလည်း လက်သင့်ခံနိုင်ခဲ့ခြင်း ဖြစ်သည်။

"ရှေ့ရက်တွေတုန်းက ကျွန်တော် ကြားထားခဲ့တာ တစ်ခုရှိတယ်။ မစ္စတာမာရှိဘနဲ့ သူ့ဇနီးသည်တို့ ပထမဆုံးအကြိမ် စဆုံကြတုန်းက ခင်ဗျားလည်း အနားမှာ ရှိနေတယ်လို့ ပြောတယ်။ ပါတီပွဲတစ်ခုမှာလေ"

"ဟုတ်ပါတယ်။ အဲဒီပါတီပွဲက တရားဝင်အရတော့ စီးပွားရေး လုပ်ငန်းအသီးသီးက လူတွေ တစ်ယောက်နဲ့တစ်ယောက် ရင်းနှီးခင်မင်အောင် လုပ်ပေးတဲ့ တွေ့ဆုံပွဲ သဘောမျိုးပေါ့။ ဒါပေမယ့် တကယ့်တကယ်တမ်းကတော့ စီးပွားရေးလုပ်ငန်းပေါင်းစုံမှာ အောင်မြင်နေကြတဲ့ ယောကျ်ားမိန်းမတွေကို အတွဲရှာပေးတဲ့ ပါတီပွဲမျိုးပါ။ ကျွန်တော် အဲဒီတုန်းက အိမ်ထောင်ကျပြီးနေပြီ။ မာရှိဘက အဖော်ခေါ်တာနဲ့ အတူ လိုက်သွားခဲ့တာ။ သူ့စကားအတိုင်း

ပြန်ပြောရရင်တော့ သူက သူ့ဖောက်သည်ရဲ့ ဖိတ်ကြားမှုကို မငြင်းသာလို့ အဲဒီပါတီပွဲကို တက်ခဲ့ရတယ်တဲ့။ အနှစ်ချုပ်လိုက်တော့ အဲဒီပါတီပွဲမှာ တွေ့ဆုံရင်းနှီးခဲ့တဲ့ အမျိုးသမီးနဲ့ အိမ်ထောင်ပြုဖြစ်သွားတယ်။ လူ့ဘဝက တကယ့်ကို မှန်းဆရခက်တာပဲဗျ။ အင်း ... အဲဒါကိုပဲ ရေးဘဝရေစက်လို့ ခေါ်တာ ထင်တယ်''

''ခင်ဗျား ပြောချင်တဲ့ ရေစက်ဆိုတာ ...''

ကုစာနာဂိ၏ မေးခွန်းကြောင့် အီကာအိ မျက်နှာပျက်သွားသည်။ မပြောသင့်သော စကားကို ပြောလိုက်မိသောကြောင့် နောင်တရသွားဟန် တူသည်။

''အာယနဲ့ မသိခင်တုန်းက သူ့မှာ ချစ်သူ ကောင်မလေးတစ်ယောက် ရှိခဲ့သေးတယ်။ တိုက်တိုက်ဆိုင်ဆိုင်ပဲ၊ အဲဒီကောင်မလေးနဲ့ လမ်းခွဲပြီးတဲ့ နောက်မှာ စောစောက ပြောတဲ့ ပါတီပွဲလုပ်ခဲ့တာပဲ။ မာရှိဘက သူ့ရည်းစားနဲ့ ပေါင်းရတာ ဘယ်လိုမှ အဆင်မပြေတော့လို့ စိတ်ထဲ ပူပန်သွားခဲ့ပုံ ရပါတယ်ဗျာ'' အီကာအိသည် လက်ညှိုးကို နှုတ်ခမ်းတွင် တေ့လိုက်သည်။

''အခုကိစ္စကို ကျေးဇူးပြုပြီး အာယနဲ မသိပါစေနဲ့ဗျာ။ မာရှိဘကလည်း ကျွန်တော်ကို မပြောမိဖို့ တောင်းဆိုခဲ့ဖူးတယ်''

''ဒါဆို အဲဒီတုန်းကရော ဘာအကြောင်းကြောင့် အဲဒီကောင်မလေးနဲ့ လမ်းခွဲခဲ့ကြတာလဲ''

အီကာအိက ခေါင်းကို ငဲ့စောင်းလျက် ပြောသည်။

''အဲဒါတော့ ကျွန်တော်လည်း အသေအချာ မသိဘူး။ အဲဒီလို ကိစ္စမျိုးတွေမှာ တစ်ယောက်ကိုတစ်ယောက် မစွက်ဖက်ကြဖို့ ကျွန်တော်တို့က တိတ်တဆိတ် သဘောတူညီမှု ယူထားကြတာ။ ကျွန်တော် မှန်းတာ မလွဲဘူး ဆိုရင်တော့ ကလေးမမွေးနိုင်လို့ပဲ ဖြစ်လိမ့်မယ်''

''သူတို့ အဲဒီတုန်းက မင်္ဂလာမဆောင်ရသေးဘူး မဟုတ်လား''

''ကျွန်တော် ခဏခဏ ပြောခဲ့ပြီးပြီပဲဗျာ။ သူ့အတွက်ကကျတော့ ကလေးရဖို့က အရေးအကြီးဆုံးပဲ။ ဗိုက်ပေါ်မှ မင်္ဂလာဆောင်တာက သူ့အတွက် ပိုပြီး လက်တွေ့ကျတာပေါ့ဗျာ''

ထို့သို့သော အကြောင်းကြောင့် ဝါကာယာမာ ဟိရောမိကို ရွေးချယ်ခဲ့ခြင်းပေလော။

ဤလောကကြီးတွင် ယောကျ်ားတို့ အရောင်အသွေး စုံလင်စွာ အမျိုးမျိုး အစားစား ရှိနေကြပါ၏။ ကုစာနာဂိအတွက် အထူးအဆန်း မဟုတ်တော့ဟု မှတ်ယူထားခဲ့သည်။ သို့သော် မာရိုဘ ယိုရှီတာကာ၏ ယင်းခံယူချက်ကိုမူ သူ နားလည်ပေးဖို့ရာ ခက်ခဲလွန်းနေသည်။ ကလေး မရလျှင်လည်း ရှိစေဦး။ အာယန်ကဲ့သို့သော အမျိုးသမီးတစ်ယောက်နှင့် တစ်ဘဝလုံး အတူ နေထိုင်သွားရခြင်းသည် ပျော်ရွှင်ချမ်းမြေ့မှုတစ်မျိုးပင် မဟုတ်တုံလော။

"မစ္စတာမာရိုဘရဲ့ အရင်ကောင်မလေးက ဘယ်လိုလူမျိုးလဲ"

အီကာအိက ပြန်လည်တွေးဆကြည့်သည်။

"ကျွန်တော်လည်း အသေအချာတော့ မသိဘူး။ အဲဒီလို ကောင်မလေးတစ်ယောက် ရှိတယ် ဆိုတာလောက်ပဲ မာရိုဘ ပြောလို့ သိခဲ့တာ။ သူက ကျွန်တော်နဲ့တောင် မိတ်ဆက်မပေးခဲ့ဖူးဘူး။ အဲဒီကောင်က တစ်ခါတလေကျရင် အင်မတန်မှ လျှို့ဝှက်တတ်တယ်။ ကြည့်ရတာ မင်္ဂလာဆောင်ဖို့ မစီစဉ်မချင်း သူတို့နှစ်ယောက်အကြောင်းကို လူသိရှင်ကြား အသိခံချင်ပုံ မရဘူး"

"အဲဒီတုန်းက သူနဲ့ အဲဒီအမျိုးသမီးနဲ့က ကြည်ကြည်ဖြူဖြူ လမ်းခွဲခဲ့ကြတာလား"

"အဲဒီလိုပဲ ဖြစ်မယ် ထင်ပါတယ်။ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး သူကလည်း ဘာမှ ထွေထွေထူးထူး မပြောဖူးဘူး" ပြောပြီးနောက် အီကာအိသည် တစ်စုံတစ်ခုကို ရိပ်စားမိသွားပုံဖြင့် ကုစာနာဂိကို စိုက်ကြည့်နေတော့သည်။

"ခင်ဗျားတို့က အဲဒီတစ်ယောက်ကိုပါ အမှုနဲ့ ပတ်သက်နေလိမ့်မယ်လို့ ယူဆနေတာတော့ မဟုတ်ပါဘူးနော်"

"အဲဒီလိုတော့ မဟုတ်ပါဘူး။ ကျွန်တော်တို့က သေဆုံးသူနဲ့ သက်ဆိုင်တဲ့ အချက်အလက်တွေကို စုံနိုင်သမျှ စုံအောင် နားလည်နိုင်ဖို့ ကြိုးစားကြည့်နေရုံသက်သက်ပါ"

အီကာအိက လက်ခါပြသည်။

“တနင်္ဂနွေနေ့မှာ အဲဒီကောင်မလေးကို မာရိုဘက သူ့အိမ် ခေါ်ထားမလားလို့ ခင်ဗျားတို့ တွေးဆကြည့်နေမယ် ဆိုရင်တော့ အမှားကြီး မှားသွားလိမ့်မယ်။ အဲဒီကောင်က ဘယ်တော့မှ အဲဒီလို မလုပ်ဘူး”

“မစ္စတာမာရိုဘက ပါးစပ်ထဲမှာ ဘယ်တော့မှ ဆေးလိပ်နှစ်ချောင်း ခဲမထားတတ်ဘူးလို့ ပြောချင်တာလား”

“ဟုတ်တယ်” အီကာအိက ခေါင်းညိတ်ပြသည်။

“ကျွန်တော် သဘောပေါက်ပါပြီ။ ကျွန်တော်တို့ ထည့်သွင်းစဉ်းစားပါ့မယ်” ကုစာနာဂိသည် နာရီကို ကြည့်ပြီး မတ်တတ်ထရပ်လိုက်သည်။

“အလုပ်ရှုပ်နေတဲ့ကြားက ကျွန်တော်တို့ကို ကူညီပေးခဲ့တဲ့အတွက် ကျေးဇူး အထူးတင်ပါတယ်ဗျာ”

ကုစာနာဂိက ကိုယ်ကိုလှည့်ပြီး တံခါးဝဆီသို့ လျှောက်သွားလိုက်သည်နှင့် အီကာအိလည်း အနားသို့ အပြေးရောက်လာကာ သူ့အတွက် တံခါးဖွင့်ပေးလေသည်။

“အား … ကျေးဇူးကမ္ဘာပါဗျာ”

“မစ္စတာကုစာနာဂိ” အီကာအိသည် လေးနက်သော အကြည့်ဖြင့် သူ့ကို စိုက်ကြည့်လိုက်သည်။

“ကျွန်တော့်အနေနဲ့ ခင်ဗျားတို့ရဲ့ စုံစမ်းစစ်ဆေးတဲ့ ကိစ္စတွေကို စွက်ဖက်ဖို့ ဆန္ဒမရှိပါဘူး။ ဒါပေမယ့် ကျွန်တော် တစ်ခုလောက် တောင်းဆိုပါရစေ”

“ဘာများလဲခင်ဗျ”

“မာရိုဘက ယောကျာ်းကောင်းတစ်ယောက်လို့ သတ်မှတ်လို့ မရပါဘူး။ ခင်ဗျားတို့ စုံစမ်းကြည့်လိုက်တာနဲ့ သူရဲ့ အတိတ်က အကြောင်းတွေ အတော်များများကို သိလာနိုင်ပါတယ်။ ဒါပေမယ့် ကျွန်တော်အမြင်အရတော့ သူရဲ့အတိတ်က ဒီအမှုနဲ့ ဘယ်လိုမှ ပတ်သက်ဆက်စပ်နေမယ် မထင်ဘူး။ အခုလက်ရှိအချိန်မှာ ကုမ္ပဏီက ရုန်းကန်နေဆဲအချိန် ဖြစ်နေလေတော့ အတိတ်က ဇာတ်လမ်းဟောင်းတွေကို တတ်နိုင်သလောက် ပြန်မလှန်ကြရင် ကောင်းမယ်”

အီကာအိသည် ကုမ္ပဏီ၏ ဂုဏ်သိက္ခာ ထိခိုက်သွားမည်ကို စိုးရိမ်နေဟန် တူသည်။

"ကျွန်တော်တို့ စုံစမ်းလို့ ရခဲ့မယ် ဆိုရင်တောင် မီဒီယာဆီကို မပေါက်ကြားစေရပါဘူး။ အဲဒါတော့ စိတ်ချပါ" ပြောပြီး ကုစာနာဂိ အခန်းထဲမှ ထွက်ခွာသွားသည်။

ကုစာနာဂိ၏ ရင်ထဲတွင် အခဲမကျေနိုင် ဖြစ်နေသေးသည်။ မှန်၏။ မာရိုဘာ ယိုရှီတာကာကြောင့်ပင်။ မိန်းမများကို သားဖောက်စက်အဖြစ် ရှုမြင်နေသော မာရိုဘာ၏ ခံယူချက်ကို စဉ်းစားမိတိုင်း ရင်ထဲ တအုံ့နွေးနွေး ခံစားနေရသည်။ မာရိုဘာသည် သူ့ဘဝတွင် ကြုံတွေ့ခဲ့ဖူးသမျှသော လူအားလုံးကို ဤသို့ယူဆထားလျှင် မခက်ပေဘူးလော။ ဥပမာ ကုမ္ပဏီ၏ ဝန်ထမ်းများသည် သူ့ကုမ္ပဏီ လည်ပတ်နိုင်ရေးအတွက် လှုပ်ရှားရုန်းကန်ပေးနေကြသော ပင်နီယံအစိတ်အပိုင်း ကလေးများသာ ဖြစ်သည်။ သူ၏ ဖောက်သည်များသည်လည်း အလွယ်တကူ နှိုက်ယူနိုင်သော ငွေတွင်းများသာ ဖြစ်သည် ဟူသော အတွေးမျိုး။

သူ၏ ဤသို့သော ခံယူချက်ကြောင့်ပင် လူပေါင်းများစွာကို ယခင်က ထိခိုက်နစ်နာအောင် ပြုလုပ်ခဲ့ဖူးပေလိမ့်မည်။ သို့ဆိုလျှင် ထိုလူများအထဲမှ တစ်ယောက်နှစ်ယောက်က သူ့ကို အစိမ်းလိုက် ဝါးစားချင်လောက်အောင် မုန်းတီးကာ မြန်မြန် သေပါစေဟု ဆုတောင်းနေကြပေမည်။

ဟိရောမိအပေါ် ထားသည့် သံသယကိုလည်း လုံးဝ ဖယ်ရှားပစ်၍ မရနိုင်သေးပေ။ ဥကျူမိ၏ အမြင်အရ သူသည် သူ့ရင်သွေး၏ ဖခင်ကို သတ်ဖြတ်လိုစိတ် ရှိလိမ့်မည် မဟုတ်ဟု ယူဆသည်။ သို့သော် အီကာအိ၏ စကားကို ကြားလိုက်ရသည့်အခါတွင်မူ ထိုသို့ ဆုံးဖြတ်ရန် စောလွန်းနေသေးသည်ဟု ကုစာနာဂိက ယုံကြည်သွားမိသည်။ မာရိုဘာသည် အာယနဲနှင့် လွမ်းခွဲပြီးသည်နှင့် တစ်ပြိုင်နက် ဟိရောမိနှင့် ရှေ့ဆက်ရန် ကြံစည်ထားဟန် တူသည်။ သို့သော် ဟိရောမိသည် သူ၏ ရင်သွေးကို ဝမ်းဖြင့် လွယ်ပေးထားသောကြောင့်သာ လက်ထပ်ရန် စီစဉ်ခြင်း ဖြစ်ပြီး အမှန်တကယ် ချစ်မြတ်နိုးသောကြောင့် မဟုတ်ပေ။ သူသည် သူ့ဝသီအတိုင်း မင်္ဂလာပွဲအတွက် ဟိရောမိအပေါ် တစ်ကိုယ်ကောင်းဆန်သော တောင်းဆိုချက်များ တောင်းဆိုခဲ့ပါလျှင် ဟိရောမိသည်လည်း သူ့ကို အသည်းနင့်အောင် မုန်းတီးရွံရှာသွားပေလိမ့်မည်။

ပြောသာ ပြောရသည်။ ဥကျူမိ၏ အမြင်ရှုထောင့်တစ်ခုကို သူ မည်သို့ ချေပရမည်မှန်း မသိပေ။ ဟိရောမိသည် အလောင်းကို ပထမဆုံး တွေ့ရှိခဲ့သူ

ဖြစ်ပါလျက် အဘယ်ကြောင့် အဆိပ်နှင့် ပတ်သက်သော ကြွင်းကျန်ပစ္စည်းများကို မဖယ်ရှားပစ်ခဲ့သနည်း။ ဟိရောမိသာ တရားခံ ဖြစ်ခဲ့လျှင် ဤအချက်သည် သဘာဝယုတ္တိနှင့် လုံးဝ ဆန့်ကျင်နေသည်။ သတိမေ့လျော့ သွားခဲ့ခြင်းပေလော။ ဤသို့ ယူဆရန်မှာလည်း သဘာဝမကျ။

ကုစာနာဂိက တွေးကြည့်သည်။ မည်သို့ပင်ဖြစ်စေ၊ မာရိုဘနှင့် အာယနဲတို့ မဆုံတွေ့သေးခင်က တွဲခဲ့ဖူးသော အမျိုးသမီးကို ဦးစွာ ရှာကြည့်သင့်သည်ဟု ယူဆသည်။ သူသည် ထိုသူကို မည်သို့ သဲလွန်စ ရှာရအံ့နည်းဟု စဉ်းစားနေရင်း မာရိုဘ၏ ကုမ္ပဏီထဲမှ ထွက်ခွာလာခဲ့လေသည်။

ထထထ

မာရိုဘ အာယနဲ၏ မျက်လုံးများ ပြူးကျယ်သွားသည်။ သူ၏ သူငယ်အိမ်သည် ဟိုဟိုဒီဒီ ယမ်းခါလှုပ်ရှားနေသည်ကို ကုစာနာဂိ သတိထားမိသည်။ သူ၏ မေးခွန်းသည် အာယနဲအပေါ် တော်တော် ရိုက်ချက်ပြင်းသွားပုံ ရသည်။

“ရှင်က … ကျွန်မခင်ပွန်းရဲ့ အရင်ရည်းစားကို မေးနေတာလား”

“ခင်ဗျားကို အခုလို ကသိကအောက် ဖြစ်စေမယ့် မေးခွန်းမျိုး မေးရတာ အားတော့နာပါတယ်” ကုစာနာဂိက ထိုင်လျက် ဦးညွှတ် တောင်းပန်လိုက်သည်။

ထိုစဉ်က သူတို့နှစ်ယောက်သည် အာယနဲ၏ ယာယီ တည်းခိုရာဖြစ်သော ဟိုတယ်၏ ဧည့်ခန်းမဆောင်တွင် ထိုင်နေကြခြင်း ဖြစ်သည်။ မေးစရာ မေးခွန်းရှိသည်ဟု ကုစာနာဂိက ဖုန်းဆက်၍ ချိန်းဆိုထားခဲ့ခြင်း ဖြစ်သည်။

“အဲဒီကိစ္စက အမှုနဲ့ ဘယ်လိုများ ပတ်သက်နေလို့လဲ”

ကုစာနာဂိက ခေါင်းခါလိုက်သည်။

“အခုချိန်ထိတော့ ပြောရခက်ပါသေးတယ်။ ဒါပေမယ့် ခင်ဗျားရဲ့ ခင်ပွန်းက သူများသတ်လို့ သေဆုံးရတာ ဖြစ်ဖို့များနေတော့ ကျွန်တော်တို့အနေနဲ့ သူ့ကို သေစေလိုတဲ့ ဆန္ဒရှိသူ မှန်သမျှကို ရှာထုတ်ရမယ့် တာဝန် ရှိနေပါတယ်။ ဒါကြောင့် အတိတ်က အကြောင်းတွေကို ပြန်ပြီး စုံစမ်းနေရတာပါ”

အာယနဲ၏ နှုတ်ခမ်းမှာ မသိမသာ တွန့်သွားပြီး မျက်လုံးအစုံမှာမူ

ကုစာနာဂိကို စိုက်ကြည့်နေသည်။ ထို့နောက် ထင်သာမြင်သာအောင် ပြုံးပြလေသည်။

"အဲဒီလူက တခြားကောင်မလေးတွေနဲ့ လမ်းခွဲတဲ့အခါမှာ ကျွန်မနဲ့ လမ်းခွဲခဲ့သလို ပြဿနာပေါင်း တစ်သောင်းခြောက်ထောင်နဲ့ လမ်းခွဲခဲ့ရလိမ့်မယ်လို့ ရှင်တို့က ယူဆထားတယ် ထင်တယ်"

"အဲ … မဟုတ်ပါဘူး" ကုစာနာဂိသည် သူ၏ စိတ်ရင်းအမှန်ကို ရှင်းပြလိုက်ချင်သော်လည်း အောင့်ထားလိုက်ရသည်။ သူသည် အာယနဲကို နောက်တစ်ကြိမ် ပြန်စိုက်ကြည့်ကာ စကားဆက်လိုက်သည်။

"ခင်ဗျားရဲ့ ခင်ပွန်းက သူ့အတွက် ကလေးမွေးပေးနိုင်မယ့် မိန်းမကို ရှာနေခဲ့တယ်လို့ ကျွန်တော်တို့ သတင်းရထားပါတယ်။ အဲဒီလို အတွေးအခေါ်မျိုး ရှိတဲ့ ယောကျ်ားတစ်ယောက်က တရားလွန် လုပ်လာခဲ့ရင် တစ်ဖက်လူကို စိတ်ဒဏ်ရာ ရသွားစေနိုင်တယ်လေ။ ဒါကြောင့် တစ်ချိန်တစ်ခါက သူ့ကြောင့် စိတ်ဒဏ်ရာ ရခဲ့ဖူးတဲ့ မိန်းကလေးတစ်ဦးတစ်ယောက်က သူ့အပေါ် အငြိုးအတေး ထားထားတာမျိုး ဖြစ်လာနိုင်တယ်"

"ကျွန်မလိုလား"

"ဗျာ … မ … မဟုတ်ပါဘူး"

"ကိစ္စ မရှိပါဘူးရှင်" သူက ခေါင်းဆတ်ပြသည်။

"ဟိုရဲဘော်နာမည်က ဥကျူမိ ထင်တယ်။ ရှင်လည်း သူ့ဆီကနေ သတင်းကြားပြီးလောက်ရောပေါ့။ နောက်ဆုံးတော့ ဟိရောမိက မာရှိဘရဲ့ ဆန္ဒကို ဖြည့်ပေးနိုင်ခဲ့တယ်လေ။ ဒါကြောင့် ဟိရောမိကို ရွေးချယ်ပြီး ကျွန်မကို စွန့်လွှတ်ခဲ့တာပေါ့။ ကျွန်မရဲ့ ရင်ထဲမှာ သူ့ကို နည်းနည်းလေးမှ မမုန်းပါဘူးလို့ ပြောရင်တော့ ကျွန်မ လိမ်ရာကျသွားမှာပဲ"

"ဒါပေမယ့် ခင်ဗျားက အမှုမလုပ်နိုင်ဘူးလေ"

"ဟုတ်လို့လား"

"လက်ရှိ အခြေအနေအရ ပြောရင် ကျွန်တော်တို့ ရေသန့်ဗူးခွံထဲကနေ

ဘာအဆိပ်ကိုမှ ရှာမတွေ့သေးဘူး။ ဒါကြောင့် ရေခရားအိုးထဲကို အဆိပ်ခတ်ခဲ့တယ် ဆိုတဲ့ အယူအဆက အန္တရာယ် အကင်းဆုံးပဲ။ ခင်ဗျားအနေနဲ့ကျတော့ အဲဒီအချက်ကို လုံးဝ မလုပ်နိုင်ဘူး။ ဒါကြောင့် ... မာရီဘာအိမ်ကို တနင်္ဂနွေနေ့က တစ်ယောက်ယောက် ရောက်လာပြီး အဆိပ်ခတ်သွားတယ် လို့ပဲ ကျွန်တော်တို့ ယူဆနိုင်လိမ့်မယ်။ အဲဒီလူက အိမ်ထဲကို ဖောက်ထွင်းပြီး ဝင်ခဲ့တယ် ဆိုတဲ့ ဖြစ်နိုင်ခြေက တော်တော်ကို နည်းတယ်။ ဒီတော့ ခင်ဗျားရဲ့ခင်ပွန်းက သူ့ကို ခေါ်သွင်းခဲ့တာပဲ ဖြစ်မယ်။ ဒါပေမယ့် လုပ်ငန်းနယ်ပယ်ထဲမှာ အဲဒီလူကို ကျွန်တော်တို့ ရှာမတွေ့ခဲ့ဘူး ဆိုတော့ သူနဲ့ တော်တော် ရင်းနှီးပြီး အိမ်ထဲကို တိတ်တဆိတ် ခေါ်သွင်းနိုင်တဲ့ လူမျိုးဆိုလို့ စဉ်းစားစရာ အများကြီး မကျန်တော့ဘူး”

“အဲဒီလိုဆိုတော့ လက်ရှိချစ်သူ ဖြစ်ချင်ဖြစ်၊ မဟုတ်ရင် ရည်းစားဟောင်းပဲ ဖြစ်ရတော့မယ်။ အဲဒီလိုလား” အာယနဲသည် နဖူးရှေ့တွင် ဝဲကျနေသော ဆံစများကို လက်ဖြင့် ပွတ်သပ်လိုက်သည်။

“ဒါတော့ ကျွန်မလည်း မတတ်နိုင်တော့ဘူး။ မာရီဘာက ကျွန်မကို အဲဒီလိုကိစ္စမျိုး တစ်လုံးတလေမှ ပြောပြဖူးတာ မဟုတ်ဘူး”

“အရေးမပါဘူးလို့ ထင်ရတဲ့ အသေးအမွှား ကိစ္စလေးတွေ ဖြစ်နေပါစေ ကိစ္စမရှိပါဘူး။ ဟိုးအရင် သူ ခင်ဗျားနဲ့ အာလာပသလ္လာပ ပြောကြတုန်းက အမှတ်တမဲ့ ပြောဖူးတာမျိုး မရှိဘူးလား”

သူ ပခုံးတွန့်လိုက်သည်။

“အဲဒါ ... သူတစ်ခါမှ မပြောဖူးဘူး။ သူက အဲဒီလိုကိစ္စမျိုးမှာ အင်မတန်မှ သတိဝီရိယကြီးတဲ့ လူတစ်ယောက်ပါ။ လမ်းခွဲခဲ့ဖူးတဲ့ ကောင်မလေးတွေနဲ့ အတူတူ ထိုင်ခဲ့ဖူးတဲ့ စားသောက်ဆိုင်တို့၊ အရက်ဘားတို့ကိုတောင် သူက ဘယ်တော့မှ ပြန်သွားတော့တာ မဟုတ်ဘူး”

“ဟုတ်လား” ကုစာနာဂိ စိတ်ပျက်သွားသည်။ ယခင်က မာရီဘာ ချိန်းတွေ့ခဲ့ဖူးသော ဆိုင်များသို့ သွား၍ သတင်းယူလိုက်ဦးမည်ဟု သူ မူလက ကြိုတင်တွက်ဆထားသည်။

မာရီဘာ ယိုရှီတာကာသည် အမှန်ပင် သတိကြီးသော လူတစ်ယောက် ဖြစ်ပေလိမ့်မည်။ သူ့တွင် ဟိရောမိအပြင် တခြား တိတ်တိတ်ပုန်းတစ်ယောက် ရှိနေသေးသည်ဟု သက်သေပြနိုင်မည့် မည်သည့် သဲလွန်စကိုမျှ သူ၏ အိမ်နှင့်

ကုမ္ပဏီရုံးခန်းရှိ ကိုယ်ပိုင် ပစ္စည်းများထဲတွင် ရှာဖွေတွေ့ရှိခြင်း မရှိပေ။ သူ၏ လက်ကိုင်ဖုန်းထဲတွင် သိမ်းထားသော ဖုန်းနံပါတ်များထဲတွင်လည်း လုပ်ငန်းနှင့် ပတ်သက်သည့် မိန်းမများကို ဖယ်ရှားပစ်လိုက်လျှင် ကျန်သူများ အားလုံးမှာ ယောကျ်ားများ၏ ဖုန်းနံပါတ်များသာ ဖြစ်နေကြသည်။ အမှန်စင်စစ် ဟိရောမိ၏ ဖုန်းနံပါတ်ကိုပင် သိမ်းဆည်းထားခြင်း မရှိပေ။

"ရှင်တို့ကို အကူအညီ မပေးနိုင်တဲ့အတွက် တောင်းပန်ပါတယ်"

"တောင်းပန်စရာ မလိုပါဘူးဗျာ"

အာယနဲက နောက်တစ်ကြိမ် တောင်းပန်ရန် ဟန်ပြင်လိုက်စဉ်မှာပင် သူ၏ နံဘေးရှိ လက်ကိုင်အိတ်ထဲမှ ဖုန်းသံ ထွက်ပေါ်လာသည်။ သူသည် ဖုန်းကို အလျင်အမြန် ဆွဲထုတ်ကာ "ဖုန်းကိုင်လို့ ရမလား" ဟု မေးလေသည်။

ကုစာနာဂိက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်၊ ကျွန်မ အာယနဲပါ"

ဖုန်းကိုင်စအချိန်တွင် အာယနဲ၏ အမူအရာမှာ တည်တည်ငြိမ်ငြိမ် ရှိနေခဲ့သော်လည်း တစ်ခဏတွင်းမှာပင် သူ၏ နဖူးကြောများ တွန့်ရှုံ့သွားလေတော့သည်။ သူက စိုးရိမ်တကြီး မျက်နှာဖြင့် ကုစာနာဂိကို လှမ်းကြည့်သည်။

"အင်း၊ ကိစ္စ မရှိပါဘူး။ တခြားရော ဘာပြောစရာ ရှိသေးလဲ။ … … သြော်၊ အဲဒီလိုလား။ ကောင်းပြီလေ။ ကျေးဇူးပါပဲ" ဖုန်းကို ချလိုက်ပြီးနောက် ပါးစပ်ကို လက်ဖြင့် အုပ်လျက် "ဒုက္ခပဲ" ဟု ပြောလိုက်ဟန် တူသည်။

"မစ္စတာကုစာနာဂိ ဒီမှာ ရှိနေတယ် ဆိုတာကို ကျွန်မ သူ့ကို ပြောဖို့ မေ့သွားတယ်"

"ဘယ်သူ ဖုန်းဆက်လာတာလဲဗျ"

"မစ္စဥကျုမိ"

"သူက ဘာတွေ ပြောလိုက်လို့လဲ"

"ကျွန်မအိမ်က မီးဖိုဆောင်ကို နောက်တစ်ကြိမ် ထပ်စစ်ဆေးချင်လို့တဲ့။ အဲဒါ ကျွန်မဆီ ခွင့်လှမ်းတောင်းတာပါ။ နောက်ပြီး သိပ်တော့ အရေးမကြီးပါဘူးလို့လည်း ပြောသေးတယ်"

"ထပ်စစ်ဆေးမယ် ... ဒီကောင်မလေး ဘာတွေ လျှောက်လုပ်နေတာလဲ မသိဘူး" ကုစာနာဂိသည် မေးစေ့ကို ပွတ်လျက် ရှေ့တည့်တည့်သို့ ငေးကြည့်နေသည်။

"အဆိပ် ဘယ်လို ခတ်ခဲ့သလဲ ဆိုတာကို ထပ်လေ့လာကြည့်မလို့ နေမှာပေါ့"

"ဟုတ်မှာပေါ့လေ" ကုစာနာဂိသည် နာရီကြည့်ပြီး စားပွဲပေါ်မှ ဘေလ်စာရွက်ကို ကောက်ယူလိုက်သည်။

"ကျွန်တော်လည်း လိုက်သွားကြည့်လိုက်ဦးမယ်။ ခွင့်ပြုမယ် မဟုတ်လား"

"ရတာပေါ့ရှင်" အာယနဲက ခေါင်းညိတ်၍ တစ်စုံတစ်ခုကို ရုတ်တရက် သတိရသွားဟန်ဖြင့်

"ကျွန်မ တစ်ခုလောက် အကူအညီ တောင်းချင်တယ်"

"ဘာကူညီပေးရမလဲ"

"ရှင့်ကို အဲဒီလိုကိစ္စမျိုး အကူအညီ တောင်းရတာ အားတော့ နာပါတယ်"

"ဘာကိစ္စလဲ။ ပြောမှာသာ ပြောပါ"

"ကျွန်မကို ပန်းပင်တွေ ရေလောင်းပေးလို့ ရမလား။ ကျွန်မက ဟိုတယ်မှာ တစ်ရက်၊ နှစ်ရက်လောက်ပဲ နေရလိမ့်မယ်လို့ အောက်မေ့နေတာ ..."

"အင်း" ကုစာနာဂိက ခေါင်းညိတ်လိုက်သည်။

"ခင်ဗျားလည်း ကျွန်တော်တို့ လုပ်တာနဲ့ ကိုယ့်အိမ်ကိုတောင် ပြန်မနေရတဲ့ ဘဝမျိုး ရောက်နေပြီ။ ကျွန်တော်တို့လည်း တကယ် အားနာမိပါတယ်။ ဒါပေမယ့် အခုဆိုရင် သက်သေခံပစ္စည်း ရှာဖွေစုဆောင်းတဲ့ အလုပ်က ပြီးသလောက် ရှိသွားပါပြီ။ ခင်ဗျားလည်း အိမ်ပြန်နေချင်ရင် နေလို့ ရတော့မှာပါ။ ဥက္ကျမိရဲ့ ထပ်မံ

စစ်ဆေးဦးမယ် ဆိုတဲ့ ကိစ္စပြီးသွားရင်တော့ ကျွန်တော် ခင်ဗျားကို အကြောင်းကြားပေးပါ့မယ်”

“ရပါတယ်။ ကိစ္စ မရှိပါဘူး။ ကျွန်မက ကိုယ့်သဘောနဲ့ကိုယ် ဒီမှာ လာနေနေတာပါ။ နောက်ပြီး အဲဒီလောက် ကြီးတဲ့ အိမ်ကြီးတစ်လုံးထဲမှာ တစ်ယောက်တည်း ထီးတည်းနေရမှာကလည်း တွေးကြည့်ရင် ရင်နာစရာပါပဲ”

“အဲဒါလည်း ဟုတ်တာပဲ”

“အခုလို ရှောင်ပုန်းနေလို့ မသင့်တော်ဘူး ဆိုတာကိုလည်း ကျွန်မ သိပါတယ်။ ဒါပေမယ့် ခင်ပွန်းသည်ရဲ့ ဗျာပနအခမ်းအနားအတွက် ရက်မသတ်မှတ်နိုင်သေးခင်တော့ ဒီမှာပဲ ဆက်နေလိုက်ဦးမယ်လို့ စိတ်ကူးထားတယ်”

“ကျွန်တော့် မှန်းကြည့်သလောက်တော့ သိပ်ကြာမယ် မထင်တော့ပါဘူး။ မစ္စတာ မာရှိဘရဲ့ ရုပ်အလောင်းကို ခင်ဗျားဆီ ပြန်အပ်နိုင်တော့မှာပါ”

“ဟုတ်လား။ ဒါဆို ကျွန်မလည်း ပြင်ဆင်စရာ ရှိတာ ပြင်ဆင်ထားရတော့မှာပေါ့” ပြောပြီး အာယနဲသည် မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ် လုပ်နေသည်။

“ကျွန်မ နဂို စိတ်ကူးထားတာက မနက်ဖြန် အဝတ်အစား ပြန်ယူရင်းနဲ့မှ လမ်းကြုံတုန်း ပန်းပင်ရေလောင်းမလို့ပဲ။ ဒါပေမယ့် သူတို့လေးတွေကို စောနိုင်သမျှ စောအောင် ရေလောင်းပေးချင်နေတာလေ။ သူတို့ကို တစ်ချိန်လုံး စိတ်ပူနေမိတယ်”

ကုစာနာဂိသည် သူ၏ ဆိုလိုရင်းစကားကို နားလည်လိုက်သောကြောင့် ရင်ဘတ်ကို ပုတ်ကာ စကားဆိုလိုက်သည်။

“ကျွန်တော် နားလည်ပါတယ်။ အဲဒီကိစ္စကို ကျွန်တော့်တာဝန် ထားပါ။ ပန်းခြံနဲ့ လသာဆောင်ပေါ်က ပန်းပင်တွေ မဟုတ်လား”

“တကယ်ရော အဆင်ပြေရဲ့လားရှင်။ ကျွန်မရဲ့ တောင်းဆိုချက်က တရားလွန်ရာများ ကျနေမလား မသိဘူး”

“ခင်ဗျားက ကျွန်တော်တို့ကို ဒီလောက်တောင် ကူညီထားတာပဲ ဥစ္စာ။

ကျွန်တော်တို့ကလည်း ဘာမဟုတ်တဲ့ အလုပ်ကလေးကို ပြန်ကူညီရမှာပေါ့ဗျာ။ နောက်ပြီး အဲဒီမှာလည်း အားယားနေတဲ့လူတွေ ရှိတယ်။ အဲဒီကိစ္စအတွက် စိတ်သာ ချလိုက်တော့''

ကုစာနာဂိက မတ်တတ်ထရပ်လိုက်သောအခါ အာယနဲသည်လည်း နောက်မှ လိုက်ရပ်လေသည်။ ကုစာနာဂိ၏ မျက်နှာကို ကြည့်လျက် ''အိမ်က ပန်းပင်လေးတွေ ရေငတ်ပြီး သေသွားမှာ ကျွန်မ မကြည့်ရက်ဘူး'' သူ၏ လေသံမှာ တိုးလျှိုးတောင်းပန်နေသည့်နှယ်။

''ခင်ဗျားက ပန်းပင်တွေကို တော်တော် တန်ဖိုးထားတာပဲဗျ'' ဆပ်ပိုရိုမှ ပြန်ရောက်သည့်နေ့တွင် အာယနဲသည် အိမ်သို့ ပြန်ရောက်ရောက်ချင်း ပန်းပင်များ ရေလောင်းခဲ့သည်ကို ကုစာနာဂိ ပြန်လည် အမှတ်ရသွားသည်။

''လသာဆောင်ပေါ်က ပန်းပင်တွေက ကျွန်မ အိမ်ထောင်မကျခင်ကတည်းက စိုက်ထားခဲ့တာ။ တစ်ပင်ချင်းစီ တစ်ပင်ချင်းစီမှာ အမှတ်ရစရာတွေ ရှိနေကြတယ်။ ဒီတစ်ခေါက် ဖြစ်သွားခဲ့တဲ့ ကိစ္စကြောင့် သူတို့ကိုပါ ဆုံးရှုံးသွားရတာမျိုး ကျွန်မ အဖြစ်မခံနိုင်ဘူး''

အာယနဲ၏ အကြည့်တစ်စုံသည် တဒင်္ဂမျှ အဝေးသို့ ငေးကြည့်နေကြသည်။ သို့သော် ရုတ်ခြည်းဆိုသကဲ့သို့ ကုစာနာဂိ၏ ကိုယ်ပေါ်သို့ ပြန်ရောက်လာသည်။ သူ၏ မျက်ဝန်းများထဲတွင် ယောကျ်ားသားများ ရူးသွပ်သွားနိုင်လောက်သည့် လင်းရောင်ခြည်တချို့ ဖြာထွက်နေကြသည်။ ကုစာနာဂိသည် ထိုမျက်ဝန်းများကို မျက်နှာချင်း မဆိုင်ရဲသဖြင့် မျက်လွှာကို ချထားလိုက်မိသည်။

''ကျွန်တော် အဲဒီပန်းပင်တွေကို ရေလောင်းပေးပါ့မယ်။ စိတ်ချပါ'' ပြောပြီး ကုစာနာဂိသည် ငွေရှင်းကောင်တာသို့ ထွက်ခွာလာခဲ့သည်။

ကုစာနာဂိသည် ဟိုတယ်ရှေ့တွင် တက္ကစီတစ်စီး ငှား၍ မာရှိဘာအိမ်သို့ ဦးတည် ထွက်ခွာလာခဲ့သည်။ အာယနဲ၏ ပုံရိပ်က သူ၏ အတွေးကမ္ဘာထဲတွင် ပွဲတင်ထပ်လျက် မည်သို့မျှ ဖယ်ရှားပစ်၍ မရနိုင်အောင် ဖြစ်နေသည်။ သူသည် ကားပြတင်းပေါက်ကို ကျော်လျက် အပြင်သို့ ငေးမိငေးရာ ငေးကြည့်နေရာမှ အကြည့်တစ်စုံသည် စူပါမားကတ်ကြီးတစ်ခု၏ ဆိုင်းဘုတ်ကြီးပေါ်၌ တွဲလဲခိုနေသည်။ ထို့နောက် ကိစ္စတစ်ခုကို ရုတ်တရက် သတိရသွားသည်။

''ဆောရီးပဲဗျာ။ ကျွန်တော် ဒီမှာပဲ ဆင်းလိုက်တော့မယ်'' ကုစာနာဂိက

ကားဆရာကို ကမန်းကတန်း လှမ်းပြောလိုက်သည်။

စူပါမားကတ်ကြီးအတွင်းမှ ပစ္စည်းတစ်ခု ဝယ်ယူလာပြီးသည့် နောက်တွင် သူသည် တက္ကစီတစ်စီးကို တားလိုက်ပြန်သည်။ သူ ဝယ်လိုသော ပစ္စည်းကို အလွယ်တကူ ဝယ်ယူလိုက်နိုင်သောကြောင့် သူ့စိတ်ထဲတွင် အကျေနပ်ကြီး ကျေနပ်နေသည်။

ထထထ

မာရိုဘအိမ်၏ အနီးအနားသို့ ရောက်သည့်အခါတွင် အိမ်ရှေ့၌ ရဲကားတစ်စီး ရပ်ထားသည်ကို တွေ့လိုက်ရသည်။ 'အတော် ပြဿနာရှာတဲ့ ဟာမလေးပဲ' ဟု ကုစာနာဂိက တွေးသည်။ ဤသို့သာဆိုလျှင် ဤအိမ်မှ လူများအကြောင်းကို ပတ်ဝန်းကျင်က အချိန် အတန်ကြာအောင် မေးလားမြန်းလားဖြင့် စပ်စပ်စုစု လုပ်နေကြပေဦးတော့မည်။

တံခါးမကြီး၏ နံဘေးတွင် ဝတ်စုံပြည့် ဝတ်ဆင်ထားသော ရဲသားတစ်ဦး ရပ်စောင့်နေသည်။ အခင်းဖြစ်ပွားသည့် နေ့က အိမ်ပေါက်ဝတွင် တာဝန်အရ ရပ်စောင့်နေသော ရဲဘော်ပင် ဖြစ်သည်။ ထိုသူသည်လည်း ကုစာနာဂိကို မှတ်မိနေသေးပုံ ရသည်။ သူ လျှောက်လာသည်ကို မြင်သည့်အခါတွင် ခေါင်းဆတ်ပြကာ သူ့ကို နှုတ်ဆက်လေသည်။

အိမ်ထဲသို့ ရောက်သွားသည်နှင့် ဖိနပ်ချွတ်တွင် ဖိနပ်သုံးရန် ချွတ်ထားသည်ကို ကုစာနာဂိ တွေ့လိုက်ရသည်။ ၎င်းအထဲမှ အားကစားဖိနပ်တစ်ရန်ကို ယခင်က ဥကျုမိ ဝတ်ခဲ့ဖူးကြောင်း သူ မှတ်မိနေသည်။ ကျန်နှစ်ရန်မှာ ယောကျ်ားစီးဖိနပ်များ ဖြစ်ကြသည်။ ၎င်းတို့တွင် တစ်ရန်မှာ လျော့ရဲစုတ်ပြတ်နေသည့် အပေါစား သားရေဖိနပ်တစ်ရန် ဖြစ်သည်။ အခြားတစ်ရန်သည် ပြောင်လတ်တောက်ပနေရုံတင် မကဘဲ ဖိနပ်ပေါ်တွင် 'ARMANI' ဟူသော အသားတံဆိပ်ကိုပင် တွေ့မြင်နေရသည်။

ကုစာနာဂိသည် စင်္ကြံလမ်းအတိုင်း ဧည့်ခန်းထဲသို့ ဝင်လာခဲ့သည်။ တံခါးမှာ ပွင့်လျက်။ အထဲတွင် လူရိပ်လူခြေကို မတွေ့ရ။ ခဏအကြာတွင် မီးဖိုဆောင်ဘက်မှ ယောကျ်ားတစ်ဦး၏ အသံ ထွက်ပေါ်လာသည်။

"လက်နဲ့ တို့ထိထားဖူးတဲ့ လက်ရာ မရှိဘူးပဲ"

"ဟုတ်တယ်မလား။ ထ.ရ.ဖ ကလည်း အဲဒီပစ္စည်းကို ဘယ်သူမှ မကိုင်တာ တစ်နှစ်လောက် ရှိပြီလို့ အတည်ပြုချက် ပေးတယ်" ၎င်းမှာ ဥက္ကာမြိ၏ အသံဖြစ်သည်။

ကုစာနာဂိသည် မီးဖိုဆောင်ဘက်သို့ လှမ်းကြည့်လိုက်ရာ ဥက္ကာမြိနှင့် အမျိုးသားတစ်ယောက်သည် လက်ဆေးကန်နားတွင် ငုတ်တုတ်ထိုင်နေကြသည်ကို တွေ့မြင်လိုက်ရသည်။ လက်ဆေးကန်၏ အောက်ဘက်တံခါးသည် ဖွင့်ထားသောကြောင့် ထိုအမျိုးသား၏ မျက်နှာကို ကွယ်ထားသလို ဖြစ်နေသည်။ ကိရှိတာနိသည် ထိုသူနှစ်ဦး၏ နံဘေးတွင် ရပ်နေသည်။

ကိရှိတာနာသည် လူဝင်လာသည်ကို သတိထားမိသွားသည်။

"အာ ... ဆရာ"

ဥက္ကာမြိသည် အသံကြား၍ နောက်လှည့်ကြည့်ရာ မျက်နှာတွင် သူခိုးလူမိသွားသည့် ဟန်ပန်မျိုး ထွက်ပေါ်လာလေသည်။

"နင်တို့ ဘာလုပ်နေကြတာလဲ" ကုစာနာဂိက မေးသည်။

ဥက္ကာမြိသည် မျက်တောင် ပေကလပ် ပေကလပ်နှင့်

"ဆရာ ဘယ်လိုလုပ် ဒီကို ..."

"ငါမေးတာ အရင် ဖြေစမ်းပါဦး။ နင်တို့ ဒီမှာ ဘာလာလုပ်နေတာလဲ"

"မင်းက ဘာဖြစ်လို့ အခုလို အလုပ်အပေါ် စိတ်ဝင်စားနေတဲ့ လက်အောက်ငယ်သားကို ဟောက်ချင်နေရတာလဲ" လက်ဆေးကန် အောက်ဘက်သို့ ခေါင်းလျှို၍ လေ့လာနေသော အမျိုးသားသည် ပြောပြီးသည်နှင့် ခေါင်းကို ထုတ်၍ တစ်ဘက်သို့ လှည့်ကြည့်လိုက်သည်။

ကုစာနာဂိသည် ရုတ်တရက် ထိတ်လန့်သွားကာ ကြက်သေသေသွားသည်။ ထိုသူမှာ သူနှင့် အင်မတိ အင်မတန် ရင်းနှီးသော သူတစ်ယောက်။

"ယုကာဝါ၊ မင်းက ဘယ်လိုလုပ် ဒီရောက်နေတာလဲ"

ပြောပြီးပြီးချင်းမှာပင် သူသည် အကြည့်ကို ဥက္ကျုမိထံသို့ ပြောင်းရွှေ့လိုက်သည်။

"နင်က ငါ့ကိုတောင် အသိမပေးဘဲ ဒီငနဲကို အကူအညီ သွားတောင်းတယ်ပေါ့။ ဟုတ်လား"

ဥက္ကျုမိသည် နှုတ်ခမ်းကို ကိုက်လျက် စကားမပြော တုဏှိဘော လုပ်နေသည်။

"မင်းစကားက အတော် ထူးဆန်းတာပဲ။ ဥက္ကျုမိက သူ့ဟာသူ ဘယ်သူနဲ့ တွေ့ချင်တွေ့ချင် မင်းကို အစီရင်ခံစာ တင်နေရဦးမှာလား" ယုကာဝါသည် မတ်တတ်ရပ်ကာ ကုစာနာဂိကို ပြုံးပြလိုက်သည်။

"မတွေ့တာ ကြာပြီနော်။ အသားအရေတွေ စိုပြေလို့ပါလား။ အခုလို တွေ့ရတာ ဝမ်းသာတယ်ကွာ။ ကျန်းမာဖို့က အရေးကြီးဆုံးပဲ ကိုယ့်လူရေ"

"မင်းက အမှုစစ်တာတွေကို အကူအညီ မပေးချင်တော့ဘူးဆို"

"အခြေခံ သဘောတရားအရတော့ အဲဒီအိုင်ဒီယာက လုံးဝ မပြောင်းလဲသေးဘူးပေါ့ကွာ။ ဒါပေမယ့် တစ်ခါတလေတော့လည်း ခြွင်းချက်ဆိုတာ ရှိကြစမြဲ မဟုတ်လား။ ဥပမာ ပြောရရင် အခုလို မျက်စိရှေ့မှာ သိပ္ပံပညာရှင်တွေ စိတ်ဝင်စားနိုင်လောက်တဲ့ ပဟေဠိတစ်ခု ရှိနေတဲ့အခါမျိုးပေါ့။ အင်း ... ဒီအမှုနဲ့ ပတ်သက်ရင်တော့ တခြားအကြောင်းအရင်းလည်း ရှိနေသေးတယ်။ ငါ မင်းကို အစီရင်ခံနေစရာ မလိုဘူး မဟုတ်လား" ယုကာဝါသည် ဥက္ကျုမိကို အဓိပ္ပာယ်ပါသော အကြည့်ဖြင့် လှမ်းကြည့်လိုက်သည်။

ကုစာနာဂိလည်း ဥက္ကျုမိဘက်သို့ လှည့်ကြည့်လေသည်။

"နင်ပြောတဲ့ 'ထပ်မံ စစ်ဆေးမယ်' ဆိုတာ ဒီကိစ္စကို ပြောတာလား"

ဥက္ကျုမိသည် တအံ့တသြ ဖြစ်ကာ တစ်နေကုန် ပါးစပ်ဟလျက် ဖြစ်နေတော့သည်။

"ဆရာက မစ္စစ်မာရှိဘဆီက ကြားလာတာလား"

"နင် ဖုန်းဆက်တဲ့ အချိန်တုန်းက ငါ မစ္စစ်မာရှိဘာနဲ့ စကားပြောနေတာ။ ဟုတ်သား။ အရေးကြီးတဲ့ အလုပ်တစ်ခု မေ့သွားတော့မလို့။ ... ကိရိုတာနိ၊ မင်း အခု အလုပ်မရှိဘူး မဟုတ်လား"

ရုတ်တရက် အခေါ်ခံလိုက်ရသောကြောင့် ကိရိုတာနိ၏ ခါးမှာ ရုတ်ခြည်းပင် ဆတ်ကနဲ ထောင်မတ်သွားသည်။

"အခု အမိန့်အရ ဆရာယုကာဝါရဲ့ တွေ့ရှိချက်တွေကို ဘေးကနေ နားထောင်ပေးနေတာပါ။ ဥက္ကျမိ တစ်ယောက်တည်းဆိုရင် နားကြားလွဲတာ၊ လွတ်သွားတာတွေ ဖြစ်သွားမှာ စိုးလို့"

"ငါ မင်းအစား နားထောင်ပေးထားမယ်။ မင်း ပန်းခြံထဲသွားပြီး ပန်းပင်တွေ ရေလောင်းပေးစမ်းကွာ"

ကိရိုတာနသည် မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ် လုပ်ကာ

"ရေလောင်းပေးရမယ် ..."

"မစ္စစ်မာရှိဘာက ငါတို့ အမှုစစ်တာကို အဆင်ပြေအောင် ဆိုပြီး အိမ်တစ်လုံးလုံးကိုတောင် ငါတို့ကို ထိုးအပ်ထားသေးတာပဲ။ သူ့အတွက် ရေလောင်းပေးရတာ ဘာမှ ဖြစ်မသွားပါဘူးကွာ။ မင်း ပန်းခြံထဲက အပင်တွေကိုပဲ လောင်းပေးရုံပါ။ အပေါ်ထပ် လသာဆောင်က အပင်တွေကို ငါ လောင်းလိုက်မယ်"

ကိရိုတာနိသည် အလိုမကျစွာ မျက်မှောင်ကြုတ်လျက် ရပ်နေသည်။ တစ်ခဏကြာမှ "ဟုတ်ကဲ့" ဟုဆိုကာ မီးဖိုဆောင်ထဲမှ ထွက်သွားလေသည်။

"ခဏနေပါဦး။ 'ထပ်မံ စစ်ဆေးမယ်' ဆိုတဲ့ ကိစ္စက ဘယ်နှယ့်ဘယ်လို ရောက်လာရတာလဲ။ ငါ့ကို တစ်ယောက်ယောက်လောက် ရှင်းပြစမ်းပါဦးလား" ကုစာနာဂိသည် လက်ထဲတွင် ကိုင်ထားသော အိတ်ကို ကြမ်းပြင်ပေါ် ချကာ ပြောလိုက်သည်။

"အဲဒါ ဘာပစ္စည်းလဲ ဆရာ" ဥက္ကျမိက မေးသည်။

"နင်ရဲ့ 'ထပ်မံ စစ်ဆေးမယ်' နဲ့ လားလားမှ မဆိုင်ဘူး။ စပ်စုမနေနဲ့တော့။ ကဲ ... မင်းပဲ ပြောပြစမ်းပါဦး" ကုစာနာဂိသည် လက်နှစ်ဖက် ခပ်တင်းတင်း

ပိုက်လျက် ယုကာဝါကို စိုက်ကြည့်နေသည်။

ယုကာဝါသည် Armani တံဆိပ်ဟု ယူဆရသော ဘောင်းဘီရှည်၏ အိတ်ကပ်ထဲတွင် လက်အိတ်စွတ်ထားသော လက်နှစ်ဖက်ကို ထိုးထည့်ထားသည်။ လက်ဆေးကန်ကို မှီလျက်။

“မင်း လက်အောက်က ဟောဒီကောင်မလေးက ငါ့ကို လာတွေ့ပြီး မေးခွန်းတစ်ခု လာမေးတယ်။ အဝေးတစ်နေရာမှာ ရောက်နေတဲ့ လူတစ်ယောက်ရဲ့ သောက်ဖွယ်ထဲကို အဆိပ်လှမ်းခတ်လို့ ရနိုင်သလားတဲ့။ နောက်ပြီး ကြိုတင်ပြင်ဆင်ထားတဲ့ လှည့်ကွက်ကလည်း ဘာသဲလွန်စမှ မကျန်ခဲ့ရဘူးတဲ့။ အောင်မလေးကွာ။ အဲဒီလောက် ခက်တဲ့ မေးခွန်းမျိုးက ရူပဗေဒရဲ့ ပညာရှင်လောကမှာတောင် တော်တန်ရုံ တွေ့ရတတ်တာ မဟုတ်ဘူးကွ” သူက ပြောပြီး ပခုံးတွန့်ပြသည်။

“အဝေးတစ်နေရာ ...” ကုစာနာဂိက ဥကျူမိကို စိုက်ကြည့်လိုက်သည်။

“နင်က မစ္စစ်မာရှိဘကို မယုံသင်္ကာ ဖြစ်နေတုန်းပဲကိုး။ နင်က သူ့ကို တရားခံပါလို့ တရားသေ ဆုပ်ကိုင်ထားပြီးမှ ဘယ်လို မှော်အတတ်မျိုးနဲ့ အဆိပ်ခတ်လို့ ရမလဲ ဆိုတာ ယုကာဝါကို သွားမေးတယ် ဆိုပါတော့။ ဟုတ်လား”

“ကျွန်မ သံသယ ရှိနေတာ မစ္စစ်မာရှိဘ တစ်ယောက်တည်း မဟုတ်ပါဘူး။ စနေ၊ တနင်္ဂနွေမှာ အလီဘိုင် ရထားတဲ့လူက အမှုလုပ်လို့ ရနိုင်သလား ဆိုတာကိုပဲ ကျွန်မ သိချင်တာပါ”

“ဘာထူးသွားလို့လဲ။ နင်က မစ္စစ်မာရှိဘကို မဲနေတာပဲ ဥစ္စာ” ကုစာနာဂိ၏ အကြည့်သည် ယုကာဝါထံသို့ ရောက်ရှိသွားသည်။

“ဘာဖြစ်လို့ လက်ဆေးကန်အောက်ဘက်ကို စစ်ဆေးကြည့်နေရတာလဲ”

“ဥကျူမိရဲ့ ပြောစကားအရ မင်းတို့ နေရာသုံးနေရာမှာ အဆိပ်အကြွင်းအကျန်တွေ တွေ့ထားတယ်” ယုကာဝါသည် လက်အိတ်စွတ်ထားသော လက်ဖြင့် လက်သုံးချောင်း ထောင်လျက် စကားဆက်ပြောသည်။

“ပထမဆုံးက သေဆုံးသူ သောက်ခဲ့တဲ့ ကော်ဖီထဲမှာ။ နောက်တစ်နေရာက

ကော်ဖီနှပ်ပြီးလို့ ကျန်ခဲ့တဲ့ ကော်ဖီမှုန့်နဲ့ ရေစစ်စက္ကူပေါ်မှာ။ နောက်ဆုံးတစ်နေရာက ရေနွေးတည်တဲ့ ရေခရားအိုးထဲမှာ။ ဒါပေမယ့် အဲဒီနောက်ပိုင်းက ကိစ္စတွေကိုတော့ မင်းတို့ ရှင်းမပြနိုင်တော့ဘူး။ ဖြစ်နိုင်ခြေ နှစ်ခု ရှိတယ်။ တစ်၊ ရေခရားအိုးထဲကို တိုက်ရိုက် အဆိပ်ခတ်တဲ့နည်း။ နှစ်၊ ရေထဲကို အဆိပ်ခတ်တဲ့နည်း။ တကယ်လို့ ရေထဲကို ဆိုရင် ဘယ်ရေထဲမှာ ခတ်ခဲ့တာလဲ။ ဒါလည်း ဖြစ်နိုင်ခြေ နှစ်ခု ရှိတယ်။ သောက်ရေသန့် မဟုတ်ရင် ပိုက်ခေါင်းက ထွက်တဲ့ရေပဲ”

“ပိုက်ခေါင်းက ထွက်တဲ့ရေ … မင်း ပြောချင်တာက ရေပိုက်ခေါင်းထဲက ထွက်တဲ့ရေထဲမှာ အဆိပ်ခတ်ထားတယ် ဆိုတဲ့ သဘောလား” သူ၏ မေးခွန်းကို ‘ဟွန့်’ ဖြင့် နှာမှုတ်၍ အဆုံးသတ်လိုက်သည်။

ယုကာဝါသည် မျက်နှာ တစ်ချက်မပျက်ဘဲ စကားကို ဆက်ပြောလေသည်။

“ဖြစ်နိုင်ခြေတွေ အရမ်း များလွန်းနေတဲ့ အခါမျိုးမှာ ဖယ်ထုတ်နည်းကို သုံးတာက သဘာဝ အကျဆုံးပဲ။ ထ.ရ.ဖက ရေပိုက်ခေါင်းနဲ့ ရေသန့်စက်ထဲမှာ ထူးခြားတာ မတွေ့ရဘူးလို့ အစီရင်ခံထားတယ် မဟုတ်လား။ ဒါပေမယ့် ငါ့ရဲ့အကျင့်အတိုင်း မျက်စိနဲ့ တပ်အပ်မမြင်ရရင် ကျေနပ်တာ မဟုတ်ဘူး။ ဒါကြောင့် လက်ဆေးကန်ရဲ့ အောက်ဘက်ကို လာပြီး လေ့လာကြည့်တာ။ တကယ်လို့သာ ရေပိုက်ထဲမှာ တစ်ခုခု လုပ်ထားချင်တယ် ဆိုရင် ဒီနေရာမှာ လုပ်မှ ဖြစ်မယ်”

“ဒီတော့ ဘာထူးလဲ”

ယုကာဝါက ခေါင်းကို အသာအယာ ခါလိုက်သည်။

“ရေပိုက်၊ ရေသန့်စက်နဲ့ သူရဲ့ ဆက်ကြောင်းတွေမှာ ထိထား၊ တို့ထားတဲ့ လက်စလက်နတွေ မတွေ့ရဘူး။ အဲဒါတွေ အကုန်လုံးကို ဖြုတ်ပြီး စစ်ဆေးကြည့်လို့ ရတယ် ဆိုပေမယ့် ဘာမှ ထူးလာလိမ့်မယ် မထင်ဘူး။ အဲဒီလိုဆိုတော့ အဆိပ်က ရေထဲမှာ ခတ်ခဲ့တယ်လို့ ယူဆရင် အဲဒီရေက ရေသန့်ဗူးထဲက ရေပဲ ဖြစ်ရတော့မယ်လို့ တွက်ဆနိုင်တယ်”

“ရေသန့်ဗူးခွံထဲမှာလည်း အဆိပ် အကြွင်းအကျန်တွေ ရှာမတွေ့ဘူး”

“ခတ်ခဲ့ဌာနရဲ့ အဖြေက ထွက်မလာသေးဘူးလေ” ဥကျူမိက ဝင်ပြောသည်။

"မတွေ့နိုင်ပါဘူး။ ငါတို့ ထ.ရ.ဖကလည်း နယ်နယ်ရရမှ မဟုတ်တာ" ကုစာနာဂိသည် ရင်ခွင်တွင် ပိုက်ထားသော လက်နှစ်ဖက်ကို ဖယ်ရှားကာ ခါးထောက်လျက် ယုကာဝါကို စိုက်ကြည့်နေသည်။

"အဲဒါက မင်းရဲ့ သုံးသပ်ချက်လား။ အပင်ပန်းခံပြီး ဒီကို တကူးတက ပြေးလာပြီးကာမှ မင်းရဲ့ ကောက်ချက်က ဘာမှ ထူးခြားမနေပါလား"

"ရေနဲ့ ပတ်သက်တဲ့ ကောက်ချက်ကတော့ စောစောက ပြောခဲ့တဲ့အတိုင်းပေါ့။ ဒါပေမယ့် ရေခရားအိုးနဲ့ ပတ်သက်တာကတော့ အခုမှ စမလို့ ရှိသေးတယ်။ ငါ မင်းကို ပြောခဲ့ပြီးပြီ မဟုတ်လား။ အဆိပ်က ရေခရားအိုးထဲကို တိုက်ရိုက် ထည့်ခတ်ခဲ့တာလည်း ဖြစ်နိုင်တယ်လို့"

"အဲဒါက ငါ အလေးထား လေ့လာချင်တဲ့ ခေါင်းစဉ်ပဲ။ ဒါပေမယ့် ကြိုပြောထားရဦးမယ်။ တနင်္ဂနွေနေ့ မနက်တုန်းက ရေခရားအိုးထဲမှာ ဘာအဆိပ်မှ မရှိခဲ့ဘူး။ ဝါကာယာမာ ဟိရောမိ လိမ်မပြောခဲ့ဘူး ဆိုရင်ပေါ့"

ယုကာဝါက ဘာမျှ ပြန်မဖြေ။ လက်ဆေးကန်နံဘေးတွင် ချထားသော ရေခရားအိုးတစ်လုံးကို ကောက်ကိုင်လိုက်သည်။

"အဲဒါက ..." ကုစာနာဂိက မေးသည်။

"ဒီရေခရားအိုးက အခင်းဖြစ်တုန်းက သုံးခဲ့တဲ့ ရေခရားအိုးနဲ့ တစ်ပုံစံတည်းပဲ။ ဥက္ကျုမိ စီစဉ်ပေးထားတာ" ယုကာဝါသည် ရေခရားအိုးထဲသို့ ရေပူများကို လောင်းထည့်ပြီး လက်ဆေးကန်ထဲသို့ ပြန်သွန်ချလိုက်သည်။

"ဒီခရားအိုးမှာ ဘာမှ ကလိထားတာ မရှိဘူး။ ပုံမှန် ခရားအိုးတစ်လုံးပဲ" ထို့နောက် သူသည် ခရားအိုးထဲသို့ ရေအပြည့်ဖြည့်ကာ ဂတ်စ်မီးဖိုပေါ်သို့ တင်၍ မီးဖွင့်လိုက်သည်။

"မင်း အဲဒီလို လုပ်ပြနေလို့ ဘာအဓိပ္ပာယ် ရှိမှာလဲ"

"ကဲပါ။ စောင့်ကြည့်စမ်းပါဦး" ယုကာဝါသည် ကိုယ်ကို လက်ဆေးကန်နား ပြန်မှီနေလိုက်သည်။

"မင်းက တရားခံကို တနင်္ဂနွေနေ့က လာတဲ့ ဧည့်သည်လို့ ထင်နေတာ

မဟုတ်လား။ သူက ရေခရားအိုးထဲကို အဆိပ်ခတ်ခဲ့တယ် ဆိုပြီးတော့”

“အဲဒီဖြစ်နိုင်ခြေ တစ်ခုပဲ ကျန်တော့တာ မဟုတ်ဘူးလား”

“တကယ်လို့သာ အဲဒီအတိုင်း ဖြစ်ခဲ့မယ်ဆိုရင် တရားခံက အင်မတန်မှ အန္တရာယ်များတဲ့ နည်းလမ်းတစ်ခုကို ရွေးချယ်ခဲ့တာပဲ။ မစ္စတာမာရှိဘက တရားခံ သူ့အိမ်လာမယ့်ကိစ္စကို တခြားလူကို ပြောပြနိုင်တယ်လို့ သူ မတွေးမိဘဲ နေပါ့မလား။ ဒါမှမဟုတ် တရားခံက မစ္စတာမာရှိဘ မရှိတဲ့ အချိန်မှာ အိမ်ထဲ တိတ်တိတ်ကလေး ခိုးဝင်ပြီး အဆိပ်ခတ်ခဲ့တယ်လို့ မင်းတို့က ယူဆနေကြတာလား”

“ငါ့အမြင် ပြောရရင် ခိုးဝင်တာက လုံးဝ မဖြစ်နိုင်သလောက်ပဲ။ ငါ မှန်းဆရသလောက်ဆိုရင် တရားခံဟာ မစ္စတာမာရှိဘရဲ့ လူသိမခံချင်တဲ့ လူရင်းထဲကပဲ ဖြစ်မယ်”

“အဲဒီလိုလား။ ဒါဆို မစ္စတာမာရှိဘက တရားခံကို အိမ်နီးချင်းတွေနဲ့လည်း မတွေ့စေချင်ဘူးပေါ့” ယုကာဝါက ခေါင်းညိတ်လိုက်သည်။ ထို့နောက် ဥကျုမိဘက်သို့ လှည့်ကာ

“နင် စိတ်မပူနဲ့တော့။ ကြည့်ရတာ နင့်ဆရာက ဆင်ခြင်တုံတရား လုံးဝ ကင်းပျောက်သွားတာမျိုး မဟုတ်သေးဘူး”

“မင်းစကားက ဘာသဘောလဲ” ကုစာနာဂိ၏ အကြည့်သည် သူတို့နှစ်ဦး၏ မျက်နှာများပေါ်သို့ ခေါက်တုံ့ခေါက်ပြန် သွားလာနေသည်။

“ဘာမှ မဟုတ်ပါဘူးကွာ။ ငါပြောချင်တာက မင်းတို့ နှစ်ယောက်စလုံးမှာ ဆင်ခြင်တုံတရား အပြည့်ရှိနေကြတဲ့ အတွက်ကြောင့် အမြင်မတူတာက အားသာချက်တစ်ခုတောင် ဖြစ်သွားနိုင်တယ်လို့”

ယုကာဝါ၏ လေသံသည် လူတစ်ယောက်ကို မှိုချိုးမျှစ်ချိုး ပြောလိုသော လေသံမျိုး ပေါက်နေသောကြောင့် ကုစာနာဂိသည် သူ့ကို မျက်စောင်းခဲလိုက်သည်။ ယုကာဝါကမူ ဂရုမစိုက်သည့် ဟန်ပန်ဖြင့် စပ်ဖြဲဖြဲ လုပ်နေလေသည်။

တစ်ခဏအကြာတွင် ခရားအိုးထဲမှ ရေများ ဆူပွက်လာသည်။ ယုကာဝါသည် မီးကို ပိတ်ကာ အဖုံးဖွင့်ပြီး အထဲသို့ ငုံ့ကြည့်လိုက်သည်။ “ကြည့်ရတာ ရလဒ်က မဆိုးဘူးပဲ” ပြောပြီး သူသည် ခရားအိုးထဲမှ ရေများကို လက်ဆေးကန်ထဲသို့

သွန်ချလိုက်သည်။

ခရားအိုး၏ နှုတ်သီးမှ ထွက်လာသော အရည်များကို တွေ့မြင်ရသည့် အခါတွင် ကုစာနာဂိ အံ့အားသင့်သွားသည်။ ခရားအိုးထဲသို့ ထည့်စဉ်အခါက သာမန် ရိုးရိုးရေများကို ထည့်ခဲ့ခြင်း ဖြစ်သော်လည်း ယခုအခါတွင် သွေးရောင် ရေများအဖြစ် ပြောင်းလဲသွားပေပြီ။

"ရေက ဘယ်လို ဖြစ်သွားတာလဲ"

ယုကာဝါသည် ခရားအိုးကို လက်ဆေးကန်ထဲသို့ ချကာ ကုစာနာဂိကို ပြုံးပြလိုက်သည်။

"စောစောတုန်းက ရေခရားအိုးကို ဘာမှ လုပ်မထားဘူး ဆိုတာက မင်းကို ညာတာ။ တကယ်တော့ ခရားအိုးရဲ့ အတွင်းဖင်မှာ ဆေးနီမှုန့် ထည့်ထားတာ။ ဂျယ်လတင်* နဲ့ ကွာမကျအောင် ကပ်ထားတာပေါ့ကွာ။ ရေက ပူလာတာနဲ့အမျှ ဂျယ်လတင်ကလည်း တဖြည်းဖြည်း အရည်ပျော်လာတယ်။ နောက်ဆုံးကျတော့ ဆေးနီမှုန့်တွေက ရေထဲ ရောက်ကုန်ရော" ပြောပြီးသည်နှင့် သူသည် လေးနက်သော မျက်နှာထားသို့ ချက်ချင်း ပြောင်းလဲသွားသည်။ ထို့နောက် ဥကျူမိကို

"ဒီအမှုမှာ မစ္စတာမာရှိဘက မဆုံးခင်မှာ ဒီရေခရားအိုးကို အနည်းဆုံး နှစ်ခါတော့ သုံးခဲ့ဖူးလိမ့်မယ်။ ဟုတ်တယ်မလား"

[* ဂျယ်လတင် (gelatin) – တိရစ္ဆာန်၏ အရေခွံနှင့် အရိုးကို ပြုတ်၍ ထုတ်လုပ်ရသည့် ကျောက်ကျောကဲ့သို့ စေးပျစ်သည့်အရာ]

"ဟုတ်တယ်။ စနေနေ့ညနဲ့ တနင်္ဂနွေနဲ့ မနက်မှာ သုံးခဲ့ဖူးတယ်" ဥကျူမိက ဖြေသည်။

"အသုံးပြုတဲ့ ဂျယ်လတင်ရဲ့ အရည်အသွေးနဲ့ ပမာဏကို ချိန်ညှိနိုင်မယ် ဆိုရင် ဒုတိယအကြိမ် အသုံးပြုတဲ့အချိန်ထိ အဆိပ်ကို အပြင် ပျော်ထွက်မသွားဘဲ တတိယအကြိမ် ရောက်မှ ပျော်ထွက်လာအောင် လုပ်လို့ ရနိုင်တယ်။ ခင်ဗျားတို့ ထ.ရ.ဖနဲ့ အဲဒီကိစ္စကို အတည်ပြုကြည့်ပါလား။ တစ်ချိန်တည်းမှာပဲ အဆိပ်ကို ရေခရားအိုးရဲ့ ဘယ်နေရာမှာ ကပ်ထားမလဲ ဆိုတာကိုလည်း ထည့်စဉ်းစားရလိမ့်မယ်။ လိုအပ်မယ်ဆိုရင် ဂျယ်လတင်အပြင် တခြားပစ္စည်းတွေနဲ့လည်း စမ်းကြည့်စေချင်တယ်"

ဥက္ကျမိသည် "ဟုတ်ကဲ့" ဟု ဖြေကာ ယုကာဝါ၏ ညွှန်ကြားချက်များကို မှတ်စုစာအုပ်တွင် ရေးမှတ်နေလေသည်။

"ဘယ်လိုလဲ၊ ကုစာနာဂိ။ မင်းမျက်နှာက ရှုံ့မဲ့နေတာပဲ" ယုကာဝါက ခနဲ့သော လေသံဖြင့် လှမ်းပြောလိုက်သည်။

"ဘယ်မှာ မဲ့နေလို့လဲ။ ဒါနဲ့ နေစမ်းပါဦး။ ဒီလောက် ထူးခြားတဲ့ လုပ်နည်းလုပ်ဟန်မျိုးကို သာမန်လူတစ်ယောက်က စဉ်းစားမိပါ့မလား"

"မင်းက ဒီနည်းလမ်းကို ထူးခြားတယ်လို့ ပြောချင်တာလား။ ဘယ်ကလာကွာ။ ဂျယ်လတင်ကို နေ့တိုင်း သုံးနေတဲ့ လူတစ်ယောက်အတွက်တော့ ဘာများ ထူးဆန်းနေမှာမို့လို့လဲ။ ဥပမာ ပြောရရင် ဟင်းချက်တာ ဝါသနာပါတဲ့ အိမ်ရှင်မတွေပေါ့"

ယုကာဝါ၏ စကားကြောင့် ကုစာနာဂိသည် အံကို ကြိတ်လိုက်မိသည်။ ဤရူပဗေဒပညာရှင်သည် မစ္စစ်မာရိုဘကို တရားခံအဖြစ် မှတ်ယူထားပြီ ဖြစ်ကြောင်း သိသာထင်ရှားနေသည်။ ဥက္ကျမိထံမှ ကူးစက်သွားခြင်းသာ ဖြစ်ရပေလိမ့်မည်။

ထိုအခိုက်မှာပင် ဥက္ကျမိ၏ လက်ကိုင်ဖုန်းတွင် ဖုန်းဝင်လာသည်။ ဖုန်းတွင် နှစ်ခွန်း၊ သုံးခွန်း ပြောပြီးသည့်နောက်၌ ကုစာနာဂိကို ကြည့်ကာ လှမ်းပြောလိုက်သည်။

"ဓာတ်ခွဲဌာနဘက်က အစီရင်ခံ ထွက်လာပြီ။ ရေသန့်ဗူးခွံထဲမှာ ဘာအဆိပ်မှ မတွေ့ရဘူးတဲ့"

(၁၃)

"ကျွန်တော်တို့ အခု ကွယ်လွန်သူအတွက် အသံတိတ် ဆုတောင်းလိုက်ကြရအောင်"

အခမ်းအနားမှူး၏ ကြေညာချက်နှင့်အတူ ဝါကာယာမာ ဟိရောမိသည် မျက်လုံးကို စုံမှိတ်၍ ဦးညွတ်လိုက်သည်။ ခန်းမထဲတွင် တေးသံများ ပျံ့လွင့်လာသည်။ ဟိရောမိ တအံ့တဩ ဖြစ်သွားမိသည်။ တေးသံမှာ ဘီတယ်လ်၏ The Long and Winding Road သီချင်း။ မာရှိဘ ယိုရှီတာကာသည် ဘီတယ်လ်၏ အမာခံပရိသတ်တစ်ဦး ဖြစ်သည်။ ကားမောင်းနေစဉ်တွင် ဘီတယ်လ်၏ သီချင်းကို အမြဲ ဖွင့်ထားလေ့ရှိသည်။ ယခု ဖွင့်ထားသည့် သီချင်းမှာ သူ၏ အကြိုက်ဆုံး သီချင်းပင်။ ဖြည်းဖြည်းမှန်မှန် တီးခတ်နေသော စည်းချက်များက ဆွတ်ပျံ့ဖွယ် အငွေ့အသက်များကို ဖြန့်ကြဲပေးနေသည့်နှယ်။ ဤသီချင်းကို ထုတ်လွှင့်ရန် ရွေးချယ်ပေးခဲ့သူမှာ အာယနဲပင် ဖြစ်ရမည်ဟု ဟိရောမိက ခါးသီးစွာ တွေးနေမိသည်။ တေးသွား၏ လွမ်းဆွတ်ဖွယ် အငွေ့အသက်သည် ဤသို့သော အခမ်းအနားမျိုးနှင့် လိုက်ဖက်လွန်းမက လိုက်ဖက်လွန်းနေသည်။ ယိုရှီတာကာနှင့် ပတ်သက်သမျှသော သေးသေးမွှားမွှား ကိစ္စလေးများပါမကျန် ဟိရောမိ၏ အတွေးအာရုံထဲသို့ တစ်ခုချင်းစီ ခြေစုံပစ်၍ ဝင်ရောက်လာကြသည်။ သူ၏ ရင်ထဲ သိမ့်ကနဲ လှိုက်ကနဲ။ ကျစရာ မျက်ရည်များ ကုန်ခမ်းသွားပြီဟု ထင်မှတ်ထားခဲ့သော်လည်း ခပ်တင်းတင်း စေ့ပိတ်ထားသော မျက်လုံးအစုံ၌ နောက်ထပ်တစ်ဖန် မျက်ရည်ဥများ သီးလာကြပြန်သည်။

ဟိရောမိအနေဖြင့် လူအများ၏ ရှေ့မှောက်တွင် မျက်ရည်ကြီးငယ် တစ်ပေါက်ပေါက်ကျရန် မသင့်လျော်မှန်း သူကိုယ်တိုင် သိရှိထားပါ၏။ ကွယ်လွန်သူနှင့် တိုက်ရိုက်ပတ်သက်ခြင်း မရှိသော သူကဲ့သို့ မိန်းမတစ်ယောက်က အော်ကြီးဟစ်ကျယ် ငိုကြွေးနေမည် ဆိုလျှင် ပတ်ဝန်းကျင်မှ လူများသည် သံသယဝင်ကာ တောင်တောင်ဤဤ လျှောက်တွေးကြပေတော့မည်။ ပို၍ အရေးကြီးသည်မှာ မည်သို့ပင်ဖြစ်စေ သူ၏ သောကဗျာပါ ပူဆွေးငိုကြွေးနေသော ပုံပန်းသဏ္ဌာန်ကို အာယနဲအား မမြင်စေလို။

တိတ်တဆိတ် ဆုတောင်းကြပြီးသည့် နောက်တွင် ပန်းကပ်သော အခမ်းအနားကို စတင်လေသည်။ ကြွလာသော ဧည့်သည်များသည် တန်းစီလျက် ကန်တော့စင်သို့ ပန်းများ လာရောက်ဆက်ကပ်ကြသည်။ ယိုရှီတာကာသည် ဘာသာတရားကို အလေးထားခဲ့သူတစ်ယောက် မဟုတ်ပေ။ ယခု အခမ်းအနားသည်လည်း အာယနဲ၏ အစီအစဉ်သာ ဖြစ်ရပေမည်။ သူသည် ကန်တော့စင်၏ နံဘေးတွင် ရပ်လျက် ပန်းကပ်သူများကို ဦးညွတ်ကာ ကျေးဇူးတုံ့ပြန်နေသည်။

ယိုရှီတာကာ၏ ရုပ်အလောင်းကို ရဲစခန်းမှ သုသာန်ဇရပ်သို့ ယမန်နေ့က ရွှေ့ပြောင်းပေးခဲ့သည်။ ထို့နောက် အီကာအိ တတ်ဆုဟီကိုက ယနေ့ ကျင်းပနေသော ပန်းကပ်အခမ်းအနားကို စီစဉ်ပေးခဲ့သည်။ ယနေ့ညတွင် အသုဘရှုအခမ်းအနားကို ညလုံးပေါက် ကျင်းပမည် ဖြစ်ပြီး နောက်တစ်နေ့မနက်တွင် ဈာပနအခမ်းအနားကို ကြီးကျယ်ခမ်းနားစွာ ကျင်းပကြပေမည်။

ပန်းကပ်ရန် ဟိရောမိ၏ အလှည့်သို့ ရောက်ရှိလာသည်။ သူသည် အမျိုးသမီးဝန်ထမ်းတစ်ဦး၏ လက်မှ ပန်းစည်းကို လှမ်းယူပြီး ကန်တော့စင်ပေါ်သို့ တင်လိုက်သည်။ သူသည် ဓာတ်ပုံကို ခေါင်းမော့ကြည့်ကာ လက်အုပ်ချီလိုက်သည်။ ဓာတ်ပုံထဲမှ ယိုရှီတာကာသည် အသားအရောင် မဲနက်ပြီး ပြုံးချိုရွှင်ပျလျက်။

မျက်ရည် မကျမိစေရန် မျိုသိပ်ထားရမည်ဟု သူ့ကိုယ်သူ သတိပေးထားသည်။ သို့သော် ထိုအခိုက်အတန့်လေးတွင် ဗိုက်ထဲမှ ရုတ်တရက် ပျို့တက်လာသည်။ သူသည် လက်အုပ်ချီထားသော လက်နှစ်ဖက်ဖြင့် ပါးစပ်ကို အလျင်အမြန် အုပ်ထားလိုက်ရသည်။

သူသည် ပျို့အန်ချင်စိတ်ကို ကြိုးစားမျိုသိပ်လျက် ကန်တော့စင်မှ အလျင်အမြန် ဖဲခွာသွားရန် စိတ်ကူးလိုက်သည်။ ထိုစဉ် ခေါင်းမော့ကြည့်လိုက်ရာ ရင်ထဲ ထိတ်ကနဲ ဖြစ်သွားရပြန်သည်။ အာယနဲသည် သူ၏ အရှေ့တွင် ရပ်နေသည်။ အာယနဲ၏ မျက်နှာပေါ်တွင် ပရိဒေဝမီးကို အတင်း မျိုသိပ်ထားသော အရိပ်အယောင်များ ထင်ဟပ်လျက် ရှိနေသည်။ သူသည် ဟိရောမိကို မျက်တောင်မခတ်ဘဲ စိုက်ကြည့်လျက်။

ဟိရောမိသည် ဦးညွတ်၍ သူ့အနားမှ ထွက်ခွာသွားရန် ဟန်ပြင်လိုက်သည်။

"ဟိရောမိ" အာယနဲက သူ့ကို နူးညံ့စွာ လှမ်းခေါ်လိုက်သည်။

"နင် နေလို့ရော ကောင်းရဲ့လား"

"ဟုတ်၊ နေကောင်းပါတယ်"

အာယနဲသည် ခေါင်းညိတ်ပြီး မျက်နှာကို ကန်တော့စင်ဘက်သို့ ပြန်လှည့်လိုက်သည်။

ဟိရောမိသည် ခန်းမထဲမှ အလျင်အမြန် ထွက်လာခဲ့သည်။ ဖြစ်နိုင်လျှင် ယခုချက်ချင်းပင် အပြင်သို့ ရောက်သွားလိုက်ချင်သည်။

ထွက်ပေါက်ဆီသို့ ခြေလှမ်းသွက်သွက် လှမ်းလျှောက်သွားနေစဉ်မှာပင် တစ်ဦးတစ်ယောက်က သူ့ပခုံးကို လှမ်းပုတ်လိုက်သည်။ နောက်လှည့်ကြည့်လိုက်သည့်အခါ အီကာအိ ယူကီကိုသည် သူ့အနောက်တွင် ရပ်နေလေသည်။

"အား … ဟယ် … ဟယ်လို" သူ အလျင်အမြန် နှုတ်ဆက်လိုက်သည်။

"နင်လည်း သနားစရာပဲ။ ရဲတွေရဲ့ မေးခွန်းအများကြီးကို ဖြေရလို့ နင်လည်း ပင်ပန်းနေရောပေါ့" ယူကီကို၏ မျက်နှာပေါ်တွင် သနားစာနာသော အမူအရာများ ဖုံးလွှမ်းနေသော်လည်း မျက်လုံးများမှာ စူးစမ်းလိုစိတ်ဖြင့် အရောင်လက်နေကြသည်။

"ဟုတ်၊ အားလုံး ပြီးသွားလောက်ပြီ ထင်ပါတယ်"

"အဲဒီရဲတွေက ဘယ်လို အလုပ်လုပ်နေကြလဲ မသိဘူး။ အခုချိန်ထိကို တရားခံ ဘယ်သူလဲဆိုတာ အစအနတောင် ရှာမတွေ့ကြသေးဘူး"

"ဟုတ်ပ"

"ငါ့ယောကျ်ားကလည်း ပြောတယ်။ မြန်မြန်သာ မဖြေရှင်းနိုင်ဘူးဆိုရင် ကုမ္ပဏီကိုပါ ထိခိုက်လာနိုင်တယ်တဲ့။ မစ္စစ်မာရှိဘာကလည်း အမှုမှန် မပေါ်မချင်း အိမ်မပြန်ဘူးတဲ့လေ။ အေးလေ။ ဟုတ်လည်း ဟုတ်တာပဲ။ တရားခံ မမိသေးတော့ အဲဒီအိမ်မှာ နေရတာ ကြက်သီးထချင်စရာပေါ့"

ဟိရောမိသည် "ဟုတ်တယ်" ဟုဆိုကာ အလိုက်အထိုက် ခေါင်းညိတ်နေရသည်။

"ဟော့" ဟူသော အသံတစ်သံ ထွက်ပေါ်လာသည်။ ခေါင်းလှည့်ကြည့်လိုက်ရာ အီကာအိ တတ်ဆုဟီကိုသည် သူ ရှိရာသို့ လမ်းလျှောက်လာနေသည်ကို တွေ့လိုက်ရသည်။

"နင်တို့ ဘာလုပ်နေကြတာလဲ။ ဟိုဘက်က အခန်းထဲမှာ အစားအသောက်တွေ ပြင်ဆင်ပြီးသွားပြီတဲ့လေ"

"ဟုတ်လား။ ဒါဆို ဟိရောမိ၊ ငါတို့ သွားကြရအောင်"

"ဆောရီးပဲ။ ကျွန်မ မလိုက်တော့ဘူး"

"ဘာဖြစ်လို့လဲ။ နင်က မစ္စစ်မာရှိဘကို စောင့်နေတာလား။ ဧည့်သည်တွေ အများကြီး ရောက်နေတာဆိုတော့ သူလည်း ဘယ်လိုမှ အားမယ် မထင်ဘူး"

"မဟုတ်ဘူး။ ကျွန်မ အိမ်ပြန်တော့မလို့ပါ"

"ဟုတ်လား ... နင် ငါ့ကို ခဏလောက် စောင့်ပါဦးလား"

အီကာအိက "ဟော့" ဟု အော်ကာ မျက်မှောင်ကြုတ်လျက် ဆက်ပြောသည်။

"သူလည်း သူ့အကြောင်းနဲ့သူ ရှိမှာပေါ့။ ဘာဖြစ်လို့ ဇွတ်အတင်းခေါ်နေရတာလဲ"

'သူ့အကြောင်း' ဟူသော စကားလုံးက ဟိရောမိ၏ ရင်ကို လုပ်ကနဲ လှုပ်ခါသွားစေသည်။ သူသည် အီကာအိကို ခေါင်းမော့ကြည့်လိုက်မိသည်။ သူ၏ အေးစက်သော အကြည့်များ တစ်ဖက်သို့ ဖဲခွာသွားသည်ကို တွေ့မြင်လိုက်ရသည်။

"ဆောရီးပဲ။ ကျွန်မတို့ နောက်နေ့မှ အေးအေးဆေးဆေး စကားပြောကြတာပေါ့။ ... ကျွန်မ ပြန်လိုက်ဦးမယ်"

ဟိရောမိသည် သူတို့နှစ်ဦးကို ဦးညွှတ်ပြီး ခေါင်းငုံ့လျက် ထွက်ခွာလာခဲ့လေသည်။

အီကာအိ တတ်ဆုဟီကိုသည် သူနှင့် ယိုရှီတာကာတို့၏ အကြောင်းကို သိထားပြီး ဖြစ်ပေလိမ့်မည်။ အာယနဲက သူ့ကို ပြောပြလိုက်ခြင်းပေလော။

သို့တည်းမဟုတ် ရဲဘက်က ပြောပြထားခြင်းလည်း ဖြစ်နိုင်သည်။ လက်ရှိအခြေအနေကို ကြည့်ခြင်းအားဖြင့် ယူကီကိုသည် ယင်းကိစ္စကို လုံး၀ သိထားဟန်မတူ။ အီကာအိသည် သူ့ကို မည်သို့ မှတ်ထင်လိမ့်မည်နည်း။ ဟိရောမိတွေးနေမိသည်။

နောက်နောင်တွင် မည်သို့ နေထိုင်သွားရပါအံ့နည်း။ ဤသို့စဉ်းစားလိုက်မိသည့် အခါတိုင်းတွင် စိုးရိမ်စိတ်များသည် ဟိရောမိ၏ ရင်ထဲသို့နောက်တစ်ဖန် လှိုက်တက်လာကြသည်။ အချိန်ကြာလာသည်နှင့်အမျှယိုရှီတာကာနှင့် သူ၏ တိတ်တိတ်ပုန်း ဇာတ်လမ်းကို သိရှိသူမှာလည်းများသည်ထက် ပို၍ များလာလိမ့်မည်။ ထိုသို့သာဆိုလျှင် သူသည် အာယနဲ၏အနီးအနားတွင် မည်သည့်နည်းနှင့်မျှ နေနိုင်တော့မည် မဟုတ်ပေ။

တစ်ချိန်တည်းမှာပင် နောက်နောင်၌ ဟိရောမိသည် မာရှိဘအိမ်သို့တတ်နိုင်သမျှ မချဉ်းကပ်သင့်တော့ကြောင်း သူကိုယ်တိုင်နားလည်သဘောပေါက်ထားသည်။ အာယနဲသည် သူ့ကို အမှန်တကယ်ခွင့်လွှတ်နိုင်လိမ့်မည်ဟု သူ မည်သို့မျှ ယုံကြည်၍ မရပေ။

အထူးသဖြင့် အာယနဲ၏ စောစောက အကြည့်ကို သူ မှတ်မိနေသေးသည်။ ပန်းကပ်နေစဉ် အခါက အာယနဲ၏ အရှေ့တွင် သူ့ပါးစပ်သူ ပိတ်ခဲ့မိသည့်အပြုအမူကို နောင်တရနေမိသည်။ ကိုယ်ဝန်ကြောင့် ပျို့တက်လာခြင်း ဖြစ်ကြောင်းအာယနဲ သိကို သိရပေလိမ့်မည်။ ထို့ကြောင့်သာလျှင် သူ့ကို နေကောင်းပါ၏လောဟုမေးခဲ့ခြင်း ဖြစ်သည်။

အကယ်၍ ကွယ်လွန်သူ ခင်ပွန်းသည်၏ အပျော်မယားသက်သက်သာဖြစ်နေခဲ့ပါလျှင် အာယနဲသည် သဘောထားကြီးစွာဖြင့် သူ့ကို ခွင့်လွှတ်ကောင်းခွင့်လွှတ်ပေလိမ့်မည်။ ယခုသော် ကိုယ်ဝန်လွယ်ထားသော လင်လုဖက်တစ်ယောက် …

အာယနဲသည် ယခင်ကတည်းက ဟိရောမိ၏ ကိုယ်ဝန်ကိစ္စကို သတိထားမိပြီး ဖြစ်ပါလိမ့်မည်။ သို့သော် မှန်းဆ၍ သိခြင်းနှင့် မျက်မြင်ဒိဋ္ဌကြုံတွေ့ရခြင်းတို့သည် မည်သို့ တူနိုင်ပါအံ့နည်း။

အာယနဲသည် လွန်ခဲ့သော ရက်အနည်းငယ်ခန့်က ဥက္ကာမြို အမည်ရှိသော ရဲမေအား ဟိရောမိ၏ ကိုယ်ဝန်ကိစ္စကို ဖွင့်ပြောခဲ့သည်။ ၎င်းနောက်ပိုင်းတွင် သူသည် ဟိရောမိအား ထိုအကြောင်း တစ်ခွန်းမျှ မဟတော့ပေ။ ဟိရောမိကလည်း ဦးအောင်

စကားပြောရန် အခက်တွေ့နေသည်။ ထို့ကြောင့် ဤကိစ္စနှင့် ပတ်သက်၍ အာယနဲ၏ ခံစားချက်ကို မည်သို့မျှ မမှန်းဆတတ်အောင် ဖြစ်နေရသည်။

ဘာဆက်လုပ်ရအံ့နည်း။ ဤသို့ စဉ်းစားမိတိုင်း ဟိရောမိ၏ ခေါင်းမှာ ချာချာလည်နေတော့သည်။

ကလေးကို ဖျက်ချသင့်သည်ဟု ဟိရောမိ သိပါ၏။ အကယ်၍ မွေးထုတ်ခဲ့လျှင်လည်း ကလေးကို ပျော်ရွှင်ချမ်းမြေ့စွာ ရှင်သန်ကြီးထွားခွင့်ရအောင် ပြုလုပ်ပေးနိုင်လိမ့်မည်ဟု ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု မရှိပေ။ ကလေးမှာ အဖမဲ့ကလေးတစ်ယောက် ဖြစ်နေသည့်အပြင် သူကိုယ်တိုင်ကလည်း မကြာခင်သော အချိန်တွင် ဘဏ္ဍာရေး အကျပ်အတည်းနှင့် ကြုံတွေ့လာရတော့မည်။ မှန်၏။ အကယ်၍သာ ကလေးကို သတ္တိရှိရှိ မွေးဖွားခဲ့ပါလျှင် အာယနဲထံမှ လက်ဝေခံ ရယူထားသော အလုပ်များကို ဆက်လုပ်၍ မဖြစ်နိုင်တော့ပြီ။

ဘယ်ဘက်သို့ လှည့်ကာတွေးတွေး သူ့တွင် တခြား ရွေးချယ်စရာလည်း မရှိ။ ဆုံးဖြတ်ချက်ချရန် အခက်တွေ့နေဆဲ။ ယခုကဲ့သို့ တွေဝေတွန့်ဆုတ်နေခြင်းမှာ ယိုရှီတာကာ၏ ချစ်ခြင်းမေတ္တာများက သူ၏ ရင်ထဲ၌ ပျံ့ဝင်နှံ့စပ် ရှိနေကြဆဲပင် ဖြစ်နေသောကြောင့်လော မဆိုနိုင်။ သူ ချန်ရစ်ထားခဲ့သည့် တစ်ခုတည်းသော 'အမွေအနှစ်' ကို စွန့်ပစ်ရန် နှမြောတသ ဖြစ်နေမိသည်။ သို့မဟုတ်ပါက ဣတ္ထိယတို့၏ ဇီဇစိတ်မှ ပေါက်ဖွားဖြစ်ပေါ်လာသည့် သန္ဓေသားအပေါ် ထားရှိသော မိခင်မေတ္တာကြောင့်လော။

မည်သို့ပင်ဆိုဆို သူ့အတွက် အချိန်များစားစား မကျန်တော့ပေ။ နှစ်ပတ်အတွင်း အပြီးသတ် ဆုံးဖြတ်ရမည်ဟု သူ့ကိုယ်သူ သတိပေးထားသည်။

သုသာန်ဇရပ်မှ ထွက်ပြီး လမ်းဘေးတွင် တက္ကစီငှားရန် ကြံရွယ်နေစဉ် သူ့နာမည် ခေါ်သံကို ကြားလိုက်ရလေသည်။

ခေါ်သူကို တွေ့မြင်လိုက်ရသည့်အခါတွင် ဟိရောမိ၏ စိတ်မှာ ပို၍ လေးလံသွားရတော့သည်။ ကုစာနာဂိ အမည်ရသော မှူခင်းရဲသည် သူ့ထံသို့ တန်းတန်းမတ်မတ် လျှောက်လာနေသည်။

"ကျွန်တော် ခင်ဗျားကို လိုက်ရှာနေတာဗျ။ အခု အိမ်ပြန်တော့မလို့လား"

"ဟုတ်၊ လူက နည်းနည်း ပင်ပန်းနေလို့"

ဤမှုခင်းရဲသည် သူ ကိုယ်ဝန်လွယ်ထားသည့် ကိစ္စကို သိထားပြီး ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် အနှောင့်အယှက် ကင်းကင်း နေနိုင်ရန်အတွက် သူ နေထိုင်မကောင်းကြောင်းကို ထိုသူ့အား အတိအလင်း ပြောကြားထားသင့်သည်ဟု သူ ယူဆသည်။

"အားတော့ နာပါတယ်ဗျာ။ ခင်ဗျား ပင်ပန်းနေတာကို သိသိကြီးနဲ့ ဒုက္ခပေးသလို ဖြစ်နေပြီ။ ကျွန်တော် မေးခွန်း အနည်းအကျဉ်း မေးချင်လို့ပါ။ အချိန်မကြာစေရပါဘူး"

ဟိရောမိသည် စိတ်ထဲမှ မကျေနပ်ချက်များကို ကြိုးစား၍ မျိုသိပ်ထားလိုက်သည်။

"အခုလား"

"ဟုတ်ပါတယ်။ အားတော့ နာပါရဲ့ဗျာ"

"ရဲစခန်းကို လိုက်ရဦးမှာလား"

"မလိုပါဘူး။ အေးအေးဆေးဆေး စကားပြောလို့ ရတဲ့နေရာ ရှာကြတာပေါ့"

ကုစာနာဂိသည် ဟိရောမိ၏ အဖြေကိုပင် စောင့်မနေတော့ဘဲ တက္ကစီတစ်စီးကို တား၍ ကားဆရာကို ဟိရောမိ နေထိုင်ရာ တိုက်ခန်းအနီးသို့ မောင်းခိုင်းလိုက်သည်။ တကယ်ပင် အချိန်တိုအတွင်း ပြီးနိုင်ကောင်းပါရဲ့။ ဟိရောမိ၏ လေးလံနေသော စိတ်မှာ အတန်ငယ် ပေါ့ပါးသွားသည်။

သူတို့သည် မိသားစု စားသောက်ဆိုင်တစ်ဆိုင်၏ ရှေ့တွင် ကားကို ရပ်လိုက်သည်။ ဆိုင်ထဲတွင် လူများများစားစား မရှိ။ သူတို့နှစ်ဦးသည် ဆိုင်၏ အတွင်းဘက်အကျဆုံး စားပွဲခုံ ရှိရာသို့ သွားပြီး မျက်နှာချင်းဆိုင် ထိုင်လိုက်ကြသည်။

လက်ဖက်ရည်နှင့် ကော်ဖီကို ကိုယ်တိုင်ယူစနစ်ဖြင့် မှာယူသောက်သုံးရမည် ဖြစ်သောကြောင့် ဟိရောမိက နွားနို့တစ်ခွက် မှာသည်။ ထိုသို့သော အကြောင်းကြောင့်လား မသိ။ ကုစာနာဂိကလည်း ကိုကိုးအပူတစ်ခွက် မှာလိုက်သည်။

"ဒီလိုနေရာမျိုးက အများအားဖြင့် ဆေးလိပ်သောက်ခွင့် မရှိဘူး။

ခင်ဗျားအနေနဲ့ဆိုရင် ဒီလို ပတ်ဝန်းကျင်မျိုးက ပိုပြီး သင့်လျော်မယ် ထင်တယ်" ကုစာနာဂိသည် မျက်နှာကို အချိုသာဆုံး ပြုံးလျက် စကားဆိုလိုက်သည်။

ကုစာနာဂိသည် ဟိရောမိ၏ ကိုယ်လေးလက်ဝန် ဖြစ်နေသည့်ကိစ္စကို သိထားပြီးပြီ ဖြစ်ကြောင်း နိမိတ်ပြလို၍ ဤစကားကို ပြောဆိုလိုက်ခြင်း ဖြစ်တန်ရာသည်။ သို့သော် ကလေးကို ဖျက်ချသင့်မသင့် ဆုံးဖြတ်ရခက်နေသော ဟိရောမိအဖို့ ယင်းစကားမှာ သူ့ကို ခနဲ့နေသည့်နှယ် ဖြစ်နေတော့သည်။

"ဒါနဲ့ … ကျွန်မကို ဘာကိစ္စ တွေ့ချင်ရတာလဲ"

သူက ခေါင်းအောက်ချလျက် မေးလိုက်သည်။

"ဆောရီးပဲ။ ခင်ဗျားလည်း အတော် ပင်ပန်းနေလောက်ပြီ။ ဒီတော့ စကားပလ္လင်လည်း ခံမနေတော့ပါဘူး" ကုစာနာဂိက ကိုယ်ကို အရှေ့သို့ ယို့လိုက်သည်။

"ကျွန်တော် ခင်ဗျားကို မေးချင်တဲ့ မေးခွန်းက တခြားတော့ မဟုတ်ပါဘူး။ မာရိုဘာ ယိုရှီတာကာရဲ့ အမျိုးသမီးတွေနဲ့ ဆက်ဆံရေးကို သိချင်လို့ပါ"

ဟိရောမိသည် ဆတ်ကနဲ ခေါင်းမော့ကြည့်လိုက်သည်။

"ရှင့်စကားက ဘာအဓိပ္ပာယ်လဲ"

"ဒီလိုလေ။ ကျွန်တော် ဆိုလိုချင်တဲ့ အဓိပ္ပာယ်က မစ္စတာမာရိုဘာမှာ ခင်ဗျားအပြင် တခြား တွဲနေတဲ့ မိန်းကလေးတွေ ရှိနေသေးသလား"

ဟိရောမိသည် ခါးကို မတ်ကာ မျက်တောင်ခတ်လိုက်မိသည်။ သူ လုံးဝ ထင်မှတ်မထားသော မေးခွန်း။ ဘာပြန်ဖြေရမှန်း မသိအောင် ကြက်သေသေနေတော့သည်။

"ရှင်က ဘာဖြစ်လို့ အဲဒီလို မေးရတာလဲ"

"သူ့မှာ တခြားမိန်းမတစ်ယောက် ရှိနေသေးတာလား"

"ရှင်တို့က ရှိနေတယ်လို့ သတင်းရထားတဲ့ အတွက်ကြောင့် ကျွန်မကို

မေးနေတာ မဟုတ်ဘူးလား” သူ၏ လေသံက မာထန်လာသည်။

ကုစာနာဂိက ခပ်ယဲ့ယဲ့ပြုံးလျက် လက်ကို ဖြည်းညင်းစွာ ခါးယမ်းလိုက်သည်။

“ဘာအထောက်အထားမှ မရှိသေးပါဘူးဗျာ။ အဲဒီလို ဖြစ်နိုင်ခြေ ရှိတယ်လို့ တွေးဆမိလို့သာ ခင်ဗျားဆီမှာ လာစုံစမ်းကြည့်တာပါ”

“ကျွန်မ မသိဘူး။ ရှင်တို့က ဘာဖြစ်လို့ အဲဒီကိစ္စကို သိချင်လာရပြန်တာလဲ”

ကုစာနာဂိသည် မျက်နှာကို ပြန်တည်ပြီး လက်နှစ်ဖက်ကို စားပွဲပေါ်တွင် ကြက်ခြေခတ်ပုံ တင်ထားလိုက်သည်။

“ခင်ဗျား သိထားတဲ့အတိုင်းပဲ။ မစ္စတာမာရှိဘက အဆိပ်သင့်ပြီး ဆုံးတာဆိုတော့ အဲဒီတုန်းက အခြေအနေကို ပြန်သုံးသပ်ကြည့်လိုက်ရင် မာရှိဘအိမ်ကို အဲဒီနေ့က ရောက်ခဲ့တဲ့သူကပဲ အဆိပ်ခတ်လို့ ရနိုင်လိမ့်မယ်။ ဒါကြောင့်လည်း ခင်ဗျားကို အရင်ဆုံး သံသယဝင်မိခဲ့ကြတာပဲ”

“ကျွန်မ မလုပ်ပါဘူးလို့ ပြောခဲ့ပြီးပြီပဲရှင်”

“ခင်ဗျား ဘယ်လို ခံစားနေရမယ်ဆိုတာကို ကျွန်တော်တို့ နားလည်ပါတယ်။ တကယ်လို့ ခင်ဗျားသာ တရားခံ မဟုတ်ဘူးဆိုရင် သူ့အိမ်ကို ဘယ်သူတွေ ရောက်ခဲ့သေးသလဲ။ လက်ရှိအချိန်ထိ အဲဒီလူကို မစ္စတာမာရှိဘရဲ့ ကုမ္ပဏီအသိုင်းအဝိုင်းနဲ့ မိတ်ဆွေအသိုင်းအဝိုင်းထဲမှာ ရှာမတွေ့သေးဘူး။ ဒါနဲ့ ကျွန်တော်တို့ စဉ်းစားကြည့်တယ်။ မစ္စတာမာရှိဘအနေနဲ့ တခြားလူတွေ မသိအောင် တိတ်တိတ်ပုန်း ချိန်းတွေ့နေတဲ့ လူတစ်ယောက်ယောက်များ ရှိနေနိုင်ဦးမလားပဲ”

ကုစာနာဂိ၏ ဆိုလိုရင်း သဘောကို ယခုမှ ဟိရောမိ ရိပ်စားမိတော့သည်။ သို့သော် ဤသို့ ဇရုတ်သုတ်ခ အတွေးမျိုးကို သူ လက်ခံ၍ မရ။

“ရှင် သူ့ကို အထင်လွဲနေပြီ ထင်ပါတယ်။ သူက ထင်ရာစိုင်းတတ်တဲ့ သူမျိုးဆိုပေမယ့် ရှင်ထင်သလို မျက်နှာများတဲ့ ယောကျ်ား မဟုတ်ဘူးရှင့်။ ကျွန်မလို မိန်းမမျိုးနဲ့ ခြေပုန်းခုတ်နေလို့ ရှင်တို့က အဲဒီလို ယူဆနေတာလားတော့ မသိဘူး။ နောက်ပြီး သူက ကျွန်မအပေါ်မှာလည်း အပျော်ကြံခဲ့တာ လုံးဝ မဟုတ်ဘူး”

ထိုသို့ အခိုင်အမာ ယုံကြည်ထားကြောင်း သိသာစေရန်အတွက် ဟိရောမိသည် လေသံကို ခပ်မာမာ ပြောချလိုက်သည်။ သို့သော် ကုစာနာဂိကို မည်သို့မျှ ပြောင်းလဲသွားအောင် လုပ်နိုင်ပုံ မရပေ။

"ခင်ဗျား ဆိုလိုချင်တဲ့ သဘောက သူမှာ တခြား တွဲစရာမိန်းမ မရှိဘူး။ အဲဒီလိုလား"

"ဟုတ်တယ်"

"ဒါဆို သူရဲ့ အရင်က ရည်းစားဟောင်းတွေနဲ့ ပတ်သက်ပြီးတော့ကော၊ ခင်ဗျား ဘာသိထားတာ ရှိလဲ"

"သူ အရင်က တွဲခဲ့ဖူးတဲ့ ကောင်မလေးတွေကို ပြောတာလား။ နည်းနည်းပါးပါး ရှိခဲ့ဖူးတယ် လို့တော့ ကျွန်မ ကြားဖူးတယ်။ ဒါပေမယ့် တစ်ခါမှတော့ အတိအကျ မပြောပြဖူးဘူး"

"ခင်ဗျား ဘာများ မှတ်မိထားတာ ရှိလဲ။ ဥပမာ အလုပ်အကိုင်တို့၊ ဒါမှမဟုတ် သူတို့ ချိန်းတွေ့ကြတဲ့ နေရာတို့ပေါ့"

မတတ်နိုင်သည့်အဆုံးတွင် ဟိရောမိသည် မှတ်မိနိုင်သမျှကို မှတ်ဉာဏ်ထဲတွင် ပြန်လည် ရှာဖွေကြည့်နေသည်။ ယိုရှီတာကာသည် သူ၏ ရည်းစားဟောင်းများနှင့် ပတ်သက်သော အကြောင်းအရာတချို့ကို ပြောပြခဲ့ဖူးကြောင်း အမှတ်ရနေသည်။ ထိုအထဲမှ တချို့တလေကို သူ သတိရနေဆဲပင်။

"သူ အရင်က စာပေလုပ်ငန်းနဲ့ ပတ်သက်တဲ့ သူတစ်ယောက်နဲ့ ရည်းစားဖြစ်ခဲ့ဖူးတယ်လို့ ကျွန်မကို သူ ပြောဖူးတယ်"

"စာပေလုပ်ငန်း ... အယ်ဒီတာကို ပြောတာလား"

"မဟုတ်ဘူး။ ကျွန်မ မှတ်တာ မမှားဘူး ဆိုရင်တော့ စာရေးတဲ့သူ ဖြစ်မယ်"

"ဒါဆို ဝတ္ထုရေး ဆရာပေါ့။ ဟုတ်လား"

ဟိရောမိက ပခုံးတွန့်ပြသည်။

"အတိအကျတော့ မပြောတတ်ဘူး။ သူ ပြောခဲ့တာကို ကျွန်မ မှတ်မိသလောက် ပြန်ပြောပြရရင် စာအုပ်ထုတ်ခါနီးတိုင်း သူ့ကို ဖတ်ခိုင်းပြီး ဘယ်လို မြင်လဲ၊ ဘယ်လို ခံစားရသလဲလို့ အတင်း မေးလေ့ရှိတယ်။ အတော် စိတ်ပျက်ဖို့ ကောင်းတာပဲတဲ့။ ကျွန်မ အဲဒီတုန်းက သူ့ကို ဘာစာအုပ်ထုတ်တာလဲလို့ မေးခဲ့ဖူးသေးတယ်။ ဒါပေမယ့် သူက ဟိုလိုလို ဒီလိုလို လျှောက်ပြောပြီး စကားလမ်းကြောင်းကို လွှဲပစ်လိုက်တယ်။ သူက သူ့ရဲ့ အရင်ဇာတ်လမ်းတွေကို ပြန်မေးတာမျိုး မကြိုက်တတ်တော့ ကျွန်မလည်း နောက် ဘာမှ ထပ်မမေးဖြစ်တော့ဘူး"

"အဲဒါအပြင်ရော … တခြား ဘာရှိသေးလဲ"

"သူက ဘားမယ်တို့၊ သဘင်သည်တို့ကို လုံးလုံး စိတ်မဝင်စားဘူးလို့ သူ ပြောဖူးတယ်။ အတွဲရှာတဲ့ ပါတီပွဲတွေမှာလည်း ပွဲစီစဉ်တဲ့ လူတွေက ကိုယ်ဟန်ပြမယ်တွေကို ပိုက်ဆံပေးပြီး ငှားထားတတ်လို့ အဲဒီလို ပွဲမျိုးတွေကိုလည်း သူက သဘောမကျဘူး"

"ဒါပေမယ့် သူနဲ့ မစ္စစ်မာရှိဘနဲ့က အဲဒီလို အတွဲရှာတဲ့ ပါတီပွဲမှာ တွေ့ခဲ့ကြတာပဲ မဟုတ်ဘူးလား"

"အဲဒီလို ကြားမိတာပဲ" ပြောပြီး သူ မျက်လွှာချထားသည်။

"ဒါဆို မစ္စတာမာရှိဘက သူရဲ့ အရင်ရည်းစားဟောင်းတွေနဲ့ ပြန်ဆက်သွယ်တတ်တာမျိုးရော ရှိလား"

"ကျွန်မ သိသလောက်တော့ မရှိခဲ့ဖူးဘူး" ဟိရောမိသည် ကုစာနာဂိကို မျက်လုံးပင့်ကြည့်လိုက်သည်။

"အဲဒီမိန်းမတွေက တရားခံ ဖြစ်နိုင်လို့လား"

"ကျွန်တော်တို့ အထင်တော့ တော်တော် ဖြစ်နိုင်ခြေ ရှိတယ်။ ဒါကြောင့် ခင်ဗျားကို စေ့စေ့စပ်စပ် ပြန်စဉ်းစားကြည့်စေချင်တာပါ။ ယောကျ်ားတွေ ဆိုတာက ရည်းစားထားတဲ့ ကိစ္စတွေမှာ မိန်းမတွေလို လျှို့ဝှက်သိုသိပ်လေ့ မရှိကြဘူး။ တစ်ခါတစ်ခါကျရင် အမှတ်တမဲ့နဲ့ လွတ်ကနဲ ပြောမိတတ်ကြတယ်လေ"

"ရှင် ဘယ်လောက်ပြောပြော ကျွန်မကတော့ …" ဟိရောမိသည် သူ့အရှေ့မှ

နွားနို့ခွက်ကို လှမ်းယူပြီး တစ်ငုံ မော့သောက်လိုက်သည်။ ပါးစပ်ထဲသို့ နွားနို့တစ်ငုံ ဝင်ရောက်သွားသည်နှင့် နွားနို့မှာခဲ့မိသည့်အတွက် သူ နောင်တ ရသွားသည်။ အမှန်စင်စစ် သူ လက်ဖက်ရည် အဖန်တစ်ခွက်ကိုသာ မှာလိုက်သင့်သည်။ နွားနို့တစ်ငုံကြောင့် သူ၏ နှုတ်ခမ်းစွန်းများကို ပေစွန်းသွားစေနိုင်သည် မဟုတ်လား။ ထိုစဉ် အကြောင်းအရာတစ်ခုသည် သူ့ခေါင်းထဲသို့ ဖျတ်ကနဲ ဝင်ရောက်လာ၍ ခေါင်းကို ဆတ်ကနဲ မော့လိုက်လေသည်။

"ဘာဖြစ်လို့လဲ" ကုစာနာဂိက အလျင်အမြန် မေးခွန်းထုတ်လိုက်သည်။

"သူက ကော်ဖီကြိုက်တဲ့သူ ဆိုပေမယ့် လက်ဖက်ရည်နဲ့ ပတ်သက်ပြီးတော့လည်း တော်တော်လေး နားလည်နှံ့စပ်တယ်။ အဲဒီအချက်နဲ့ ပတ်သက်ပြီး ကျွန်မ သူ့ကို မေးကြည့်ခဲ့ဖူးတယ်။ အဲဒါ သူ့ရည်းစားဟောင်းကို အကြောင်းပြုပြီး သိထားခဲ့တာတွေတဲ့။ အဲဒီမိန်းမက လက်ဖက်ရည် အတော်ကြိုက်ပုံရတယ်။ နောက်ဆုံး လက်ဖက်ခြောက် ဝယ်တဲ့ဆိုင်တောင်မှ တစ်ဆိုင်တည်းမှာပဲ သတ်သတ်မှတ်မှတ် ဝယ်လေ့ရှိတယ်တဲ့။ နီဟွန်းဘာရှိမှာ ရှိတဲ့ လက်ဖက်ခြောက်ဆိုင်လို့ ကျွန်မ မှတ်မိနေတယ်"

ကုစာနာဂိသည် မှတ်စုစာအုပ်တွင် ရေးမှတ်ရင်း မေးခွန်းထုတ်လိုက်သည်။

"အဲဒီဆိုင်ရဲ့ ဆိုင်နာမည်က ဘာတဲ့လဲ"

"ဆောရီးပဲ။ ကျွန်မ အဲဒါတော့ မမှတ်မိတော့ဘူး။ သူ ပြောကို မပြောပြခဲ့တာလည်း ဖြစ်ချင်ဖြစ်မယ်"

"လက်ဖက်ခြောက်ဆိုင် ..." ကုစာနာဂိသည် မှတ်စုစာအုပ်ကို ပိတ်ကာ နှုတ်ခမ်းကို မဲ့လိုက်သည်။

"ကျွန်မ အဲဒီလောက်ပဲ မှတ်မိတော့တယ်။ ဆောရီးပါပဲ။ ရှင်တို့ကို မကူညီနိုင်တဲ့အတွက် စိတ်မကောင်းပါဘူး"

"ဘယ်ဟုတ်မလဲဗျာ။ ကျွန်တော်ကို အများကြီး ပြောပြထားပြီးပြီပဲဥစ္စာ။ အများကြီး အကျိုးရှိနိုင်ပါတယ်။ တကယ်တော့ ကျွန်တော်တို့ မစ္စစ်မာရှိဘကိုလည်း အဲဒီလို မေးခွန်းတွေ မေးခဲ့ပြီးသွားပြီ။ သူလည်း မစ္စတာမာရှိဘဆီကနေ ဘာမှ မကြားဖူးဘူးတဲ့။ ကျွန်တော့်အထင်တော့ မစ္စတာမာရှိဘရဲ့ အတွင်းစိတ်ထဲမှာ သူ့ဇနီးထက် ခင်ဗျားကို ပိုချစ်ပုံ ရပါတယ်"

မှုခင်းရဲ၏ စကားသည် ဟိရောမိကို အတန်ငယ် မအီမသာ ဖြစ်သွားစေခဲ့သည်။ ထိုသူသည် သူ့ကို နှစ်သိမ့်လို၍သာ ထိုစကားကို ပြောကြားခဲ့ခြင်းလော။ သို့တည်းမဟုတ် တင်းမာမှုများကို လျှော့ချလို၍ ပြောကြားခဲ့ခြင်းလော။ ဟိရောမိ ကောင်းစွာ ဝေခွဲ၍ မရနိုင်သော်လည်း ဤသို့ ပြောကြားခြင်းဖြင့် သူ့အား နေသာထိုင်သာ ရှိသွားစေလိမ့်မည်ဟု ယူဆနေခဲ့ပါလျှင် အမှားကြီး မှားသွားပေလိမ့်မည်။

"ရှင့် မေးခွန်းတွေ မေးလို့ ကုန်သွားပြီလား။ ကျွန်မ အိမ်ပြန်ချင်လာပြီ"

"ပင်ပန်းနေတဲ့ကြားက ကျွန်တော်တို့ကို အခုလို ကူညီပေးတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်ဗျာ။ တကယ်လို့ ခင်ဗျား တစ်ခုခု စဉ်းစားလို့ ရခဲ့ရင် ကျွန်တော်တို့ကို အချိန်မရွေး ဆက်သွယ်နိုင်ပါတယ်"

"ဟုတ်ကဲ့။ အဲဒီအချိန်ကျရင် ကျွန်မ ရှင်တို့ဆီ ဖုန်းဆက်လိုက်ပါမယ်"

"ကျွန်တော် ခင်ဗျားကို လိုက်ပို့ပေးပါရစေ"

"မလိုပါဘူး။ နှစ်လှမ်း သုံးလှမ်းဆို ရောက်နေပြီပဲဥစ္စာ"

ဟိရောမိသည် ပြောပြီး မတ်တတ်ထရပ်လိုက်သည်။ စားပွဲပေါ်မှ ဘောလ်ကို တစ်ချက်ကလေးမျှ ငဲ့မကြည့်ဘဲ၊ "နွားနို့အတွက် ကျေးဇူးတင်ပါတယ်" ဟုပင် ပြောဖော်မရဘဲ ဆိုင်ထဲမှ ထွက်ခွာသွားလေတော့သည်။

(၁၄)

ခရားအိုး၏ နှုတ်သီးမှ ရေနွေးငွေ့များ ပန်းထွက်လာသည်။ ယုကာဝါသည် ဘာတစ်ခွန်းမျှ ပြောမနေတော့ဘဲ ခရားအိုးကို ကောက်မကာ အထဲမှ ရေနွေးများကို လက်ဆေးကန်ထဲသို့ သွန်ချပစ်လိုက်သည်။ ထို့နောက် ခရားအိုး အဖုံးကို ဖွင့်၍ မျက်မှန်ချွတ်ကာ ခရားအိုးထဲသို့ ငုံ့ကြည့်လေသည်။ မျက်မှန်တပ်လျက် ငုံ့ကြည့်လျှင် ရေနွေးငွေ့များကြောင့် မျက်မှန် ဝါးသွားသည် မဟုတ်လား။

"ဘယ်လိုလဲ" ဥက္ကျုမိက မေးသည်။

ယုကာဝါသည် ခရားအိုးကို မီးဖိုပေါ် ပြန်တင်ကာ ခေါင်းကို ခပ်လေးလေး ခါယမ်းလိုက်သည်။

"မရသေးဘူး။ စောစောက အတိုင်းပဲ"

"ဂျယ်လတင်က …"

"အင်း၊ အထဲမှာ ကျန်နေတုန်းပဲ"

ယုကာဝါသည် အနားရှိ ခေါက်ကုလားထိုင်ကို ဆွဲယူ၍ ထိုင်ချလိုက်သည်။ လက်ဝါးနှစ်ဖက်ဖြင့် နောက်စေ့ကို အုပ်ကိုင်ထားပြီး ခေါင်းမော့လျက် မျက်နှာကျက်ကို ငေးကြည့်နေသည်။ သူသည် အဖြူရောင် ဓာတ်ခွဲခန်းကုတ်အင်္ကျီကို ဝတ်ဆင်ထားခြင်း မရှိဘဲ အနက်ရောင် ရှပ်လက်တိုကိုသာ ဝတ်ဆင်ထားသည်။ ခန္ဓာကိုယ် သေးသွယ်ရှည်လျားပြီး လက်မောင်းကြွက်သားများမှာ အမြှောင်းမြှောင်းထ၍ ကျစ်လျစ်တောင့်တင်းနေကြသည်။

လွန်ခဲ့သော နှစ်ရက်က တွေးတောကြံဆခဲ့သော ရေနွေးခရားအိုးထဲသို့ အဆိပ်ခတ်သည့် နည်းလမ်းကို ယနေ့ လက်တွေ့စမ်းသပ်ကြည့်မည်ဟု ယုကာဝါထံမှ သတင်းရရှိသော အခါတွင် ဥက္ကျုမိသည် သူ၏ ဓာတ်ခွဲခန်းရှိရာသို့ အပြေးအလွှား ရောက်ရှိလာခဲ့သည်။

ရလဒ်မှာ ကောင်းမွန်လှသည် မဟုတ်။ အကယ်၍သာ ဤအဆိပ်ခတ်နည်းကို အထမြောက်စေလိုလျှင် ရေခရားအိုးအတွင်း ကပ်ထားသော ဂျယ်လတင်သည် ရေနွေးနှစ်ကြိမ် တည်ပြီးသွားသည့်တိုင် လုံးဝ ပျော်ဝင်သွားခြင်း မရှိဘဲ အကောင်းပကတိအတိုင်း တည်ရှိနေရပေမည်။ သို့မှသာ ဂျယ်လတင်ဖြင့် ဖုံးအုပ်ထားသော အဆိပ်မှုန့်များသည် ရေထဲသို့ မပျော်ဝင်ဘဲ အကောင်းပကတိ ရှိနေပေလိမ့်မည်။ တစ်နည်းဆိုရသော် ဂျယ်လတင်သည် အတော်အတန် ထူထဲရမည်။ သို့သော် အထူလွန်သွားလျှင်လည်း ရေတွင် လုံးဝ ပျော်ဝင်သွားခြင်း မရှိဘဲ ခရားအိုးထဲတွင် တင်ကျန်ရစ်ခဲ့လိမ့်မည်။ ထ.ရ.ဖမှ တင်ပြထားသော အစီရင်ခံစာအရ ရေနွေးခရားအိုးထဲတွင် ထိုသို့သော ရုပ်ဝတ္ထုမျိုး တစ်စိုးတစ်စိမျှ ကြွင်းကျန်ရစ်ခဲ့ခြင်း မရှိကြောင်း ပြောစရာပင် လိုလိမ့်မည် မထင်။

"ဂျယ်လတင်နဲ့က အလုပ်မဖြစ်ဘူးပဲ" ယုကာဝါသည် လက်နှစ်ဖက်ဖြင့် ခေါင်းကို ကုတ်နေသည်။

"ထ.ရ.ဖကလည်း အဲဒီလိုပဲ ပြောတယ်" ဥကျူမိက ပြောသည်။

"တကယ်လို့ ဂျယ်လတင်က လုံးဝ ပျော်ဝင်သွားမယ် ဆိုရင်တောင် ခရားအိုးရဲ့ အတွင်းဘက်နံရံ တစ်နေရာရာမှာ အစအန အနည်းအကျဉ်းတော့ ကျန်ခဲ့မှာပဲလို့ သူတို့က ယူဆတယ်။ နောက်ပြီး စောစောကလည်း ကျွန်မ ပြောခဲ့ပြီးပါပြီ။ နုပ်ပြီးသား ကော်ဖီမှုန့်ထဲမှာလည်း ဂျယ်လတင်ကို မတွေ့ရဘူး။ ဆရာ တင်ပြတဲ့ အကြံက အတော် စိတ်ဝင်စားစရာ ကောင်းလို့ ထ.ရ.ဖကလည်း စိတ်ပါလက်ပါ စမ်းသပ်ခဲ့ကြတာ။ တခြားဒြပ်ဝတ္ထု အတော်များများနဲ့လည်း စမ်းသပ်ကြည့်ခဲ့သေးတယ်လို့ ပြောတယ်"

"ကောက်ညှင်းစက္ကူနဲ့လည်း စမ်းပြီးလောက်ရောပေါ့"

"ဟုတ်၊ စမ်းပြီးပြီတဲ့။ တကယ်လို့ ကောက်ညှင်းစက္ကူကို သုံးရင် ကော်ဖီမှုန့်ထဲမှာ ဆန်မှုန့်အကြွင်းအကျန်တွေ တွေ့ရနိုင်တယ်လို့ ပြောတယ်"

"ကျွန်တော်တို့ လမ်းကြောင်းလွဲနေပြီ ထင်တယ်" ယုကာဝါသည် ဒူးခေါင်းနှစ်ဖက်ကို လက်ဖြင့် ပုတ်ကာ မတ်တတ်ထရပ်လိုက်သည်။

"ဝမ်းနည်းပါတယ်။ အဲဒီအဆိုကို လက်လွှတ်လိုက်တာပဲ အကောင်းဆုံး ဖြစ်ပါလိမ့်မယ်"

"ဆရာရဲ့ အိုင်ဒီယာက အတော်လေး စိတ်ဝင်စားစရာ ကောင်းပါတယ်"

"ဒါပေမယ့် ရလဒ်ကတော့ ကုစာနာဂါကို အံ့အားသင့်အောင် တစ်ခဏလောက်ပဲ လုပ်နိုင်ခဲ့တယ်" ယုကာဝါသည် ကုလားထိုင် ကျောမှီတွင် တင်ထားသော ဓာတ်ခွဲခန်းကုတ်အင်္ကျီကို ပခုံးပေါ် ကောက်တင်လိုက်သည်။

"အခု သူက ဘာတွေနဲ့ အလုပ်ရှုပ်နေတာလဲ"

"မစ္စတာမာရိုဘာရဲ့ အချစ်ဇာတ်လမ်းတွေကို စုံစမ်းနေတာ ဖြစ်မယ်"

"သြော် ... သူကလည်း သူ့နည်းသူ့ဟန်နဲ့ သူ့ယုံကြည်ချက်ကို သက်သေပြနိုင်ဖို့ ကြိုးစားနေတာပဲ။ ရေခရားအိုးထဲမှာ အဆိပ်ခတ်တဲ့နည်းက အလုပ်မဖြစ်ဘူး ဆိုမှတော့ တခြားနည်းလမ်းကို စမ်းကြည့်ကြည့်တာလည်း ကောင်းတဲ့ကိစ္စပဲလေ"

"ဆရာ ဆိုလိုတာက မစ္စတာမာရိုဘာကို သူ့အရင် ရည်းစားဟောင်းက လုပ်ကြံခဲ့တယ်လို့ ပြောချင်တာလား"

"သူ့ ရည်းစားဟောင်းလား၊ ဘာလားတော့ ကျွန်တော် မသိဘူး။ ကျွန်တော် သိတာက တရားခံဟာ တနင်္ဂနွေနေ့ မနက် ဝါကာယာမာ ဟိရောမိ ထွက်ခွာသွားပြီးတဲ့နောက်မှာ မာရိုဘာအိမ်ကို တစ်နည်းနည်းနဲ့ ဝင်သွားပြီး ရေခရားအိုးထဲကို အဆိပ်ခတ်ခဲ့တယ်။ အဲဒီအယူအဆက ယုတ္တိ အရှိဆုံးပဲ"

"ဆရာက အရှုံးပေးဖို့ ဆုံးဖြတ်ထားပြီးပြီပေါ့"

"အရှုံးပေးတယ်လို့ ခေါ်လို့ မရဘူးလေ။ ဖယ်ထုတ်နည်းကို လက်တွေ့ အသုံးချနေတာ။ ခင်ဗျား ပြောခဲ့သလို ကုစာနာဂါက မစ္စစ်မာရိုဘာကို ကာဆီးကာဆီး လုပ်ကောင်း လုပ်နေလိမ့်မယ်။ ဒါပေမယ့် သူက အရှူးချီးပန်း လျှောက်လုပ်နေတာတော့ မဟုတ်ဘူး။ သူ့ရဲ့ ချဉ်းကပ်ပုံက ပိုပြီးတော့တောင် ရင့်ကျက်တည်ငြိမ်တယ်လို့ အသိမှတ်ပြုရလိမ့်မယ်" ယုကာဝါသည် ထိုင်ခုံတွင် ပြန်ထိုင်ပြီး ခြေတစ်ဖက်ကို ချိတ်တင်လိုက်သည်။

"အဆိပ်က အာဆန်နစ် မဟုတ်လား။ ခင်ဗျားတို့အနေနဲ့ လူသတ်သမားက အဆိပ်ကို ဘယ်ကရသလဲ ဆိုတဲ့ ရှုထောင့်ကနေ လေ့လာကြည့်ရင်ရော မရနိုင်ဘူးလား"

"တော်တော်လေး ခက်တယ်။ အာဆင်နစ်သုံးတဲ့ ဓာတ်မြေဩဇာ စက်ရုံတွေက လွန်ခဲ့တဲ့ အနှစ် ၅၀ လောက်ကတည်းက ရပ်နားပစ်လိုက်ကြပြီ။ ဒါပေမယ့် အများ ထင်မှတ်မထားတဲ့ နေရာတချို့မှာတော့ အသုံးပြုနေကြတုန်းပဲ"

"ဥပမာ ..."

ဥက္ကာမိသည် သူနှင့်အတူ အမြဲကပ်ပါလေ့ရှိသော မှတ်စုစာအုပ်ကို လှန်လှောကြည့်နေသည်။

"သစ်သားကို မဆွေးအောင် ကာကွယ်တဲ့ နေရာမှာ သုံးတယ်။ ပိုးသတ်ဆေး အနေနဲ့လည်း သုံးတယ်။ ဆီမီးကွန်ဒက်တာ ထုတ်လုပ်တဲ့ အပိုင်းမှာလည်း သုံးတယ်။ နောက်ပြီး သွားဘက်ဆိုင်ရာ ဆေးဝါးတွေမှာလည်း သုံးတယ်"

"ဝိုး ... သွားဘက်ဆိုင်ရာမှာလည်း သုံးသေးတာလား။ ဒါတော့ အတော် ထူးဆန်းသွားပြီ"

"သွားကြောကို သတ်တဲ့နေရာမှာ သုံးတယ်လို့ ပြောတယ်။ ဒါပေမယ့် အဲဒီဆေးက အဆီ၊ ညှစ်ဖူးပုံစံနဲ့ ထွက်တာ။ ရေထဲမှာ ပျော်ဝင်ဖို့ ခက်သလို အာဆင်နစ်ရဲ့ ပါဝင်မှုနှုန်းကလည်း ၄၀% ပဲ ဆိုတော့ ဒီအမှုမှာ အသုံးပြုဖို့ မဖြစ်နိုင်သလောက်ပဲ"

"အာဆင်နစ်ပါဝင်မှု များတဲ့ ဟာတွေကရော"

"ပိုးသတ်ဆေး လုပ်ငန်းတွေပေါ့။ ခြသတ်ဆေးတွေမှာ အဓိကထား သုံးတယ်လို့ ပြောတယ်။ ဝယ်တဲ့အချိန်မှာ ဝယ်ယူသူရဲ့ နာမည်နဲ့ လိပ်စာကို မှတ်ပုံတင်ရသေးတယ်။ ကျွန်မတို့ အဲဒီမှတ်တမ်းတွေကို စစ်ဆေးကြည့်နေတုန်းပဲ။ ဒါပေမယ့် အဲဒီအဝယ်မှတ်တမ်းတွေက သက်တမ်း ငါးနှစ်ထက် ပိုမသိမ်းထားကြဘူး။ ဒီတော့ ငါးနှစ်အထက်က ဝယ်ထားခဲ့တာ ဆိုရင်တော့ သွားရောပေါ့။ နောက်ပြီး မှောင်ခိုဈေးကွက်ကနေ ဝယ်ထားတာ ဆိုရင်လည်း ဘယ်လိုမှ အစအန ရှာရမှာ မဟုတ်ဘူး"

"ဒီအမှုရဲ့ တရားခံကတော့ အဲဒီလိုနေရာမျိုးတွေမှာ သဲလွန်စကျန်အောင် လုပ်လိမ့်မယ် မထင်ဘူး" ယုကာဝါက ခေါင်းခါလိုက်သည်။

"မှုခင်းရဲတစ်ယောက်ရဲ့ ရှုထောင့်ကနေ ကြည့်မယ် ဆိုရင်တော့

ကုစားနာဂိဘက်က ထွက်လာမယ့် ရလဒ်ကို စောင့်မျှော်ရတာ ပိုပြီး တန်ဖိုးရှိသလိုပဲ"

"လူသတ်သမားက ရေခရားအိုးထဲကို တိုက်ရိုက် အဆိပ်ခတ်ခဲ့လိမ့်မယ်လို့ ကျွန်မ လုံးဝ မထင်ဘူး"

"ဘာဖြစ်လို့လဲ။ သေဆုံးသူရဲ့ ဇနီးက အဲဒီနည်းလမ်းကို အသုံးပြုလို့ မရနိုင်တာကြောင့်လား။ မစ္စစ်မာရှိဘကို သံသယ ရှိနေတယ် ဆိုတာက ခင်ဗျားရဲ့ ကိုယ်ပိုင် အခွင့်အရေး ဆိုပေမယ့် အဲဒါကို ပေးထားချက်လုပ်ပြီး အမှုကို စုံစမ်းထောက်လှမ်းနေမယ် ဆိုရင်တော့ အဆင်အခြင် မဲ့လွန်းရာ ကျသွားလိမ့်မယ်"

"ကျွန်မ အဲဒါကို ပေးထားချက်အနေနဲ့ သတ်မှတ်မထားပါဘူး။ ကျွန်မရဲ့ ထင်မြင်ချက်ကို ပြောရမယ် ဆိုရင် အဲဒီနေ့က မာရှိဘအိမ်ကို ဘယ်သူမှ ရောက်သွားလိမ့်မယ် မထင်ဘူး။ အခုချိန်ထိလည်း တစ်ဦးတစ်ယောက် ရှိခဲ့ဖူးပါတယ် ဆိုတဲ့ သဲလွန်စ အစအနလေးကိုတောင် ရှာမတွေ့သေးဘူးလေ။ တကယ်လို့သာ ဆရာကုစားနာဂိ ယူဆထားသလို မစ္စတာမာရှိဘရဲ့ ရည်းစားဟောင်းက သူ့အိမ်ကို ရောက်ခဲ့တယ်ဆိုရင် အနည်းဆုံးတော့ ကော်ဖီတစ်ခွက်လောက်နဲ့ ဧည့်ခံရမှာပဲ မဟုတ်ဘူးလား"

"လူတိုင်းက အဲဒီလို ဧည့်ဝတ်တွေ ဘာတွေကို စိတ်ဝင်စားကြတာ မဟုတ်ဘူး။ နောက်ပြီး လာတဲ့သူက မမြင် မတွေ့ချင်တဲ့သူ ဖြစ်နေရင် ပိုလို့တောင် ဧည့်ဝတ်မကျေသေးတယ်"

"ဒါဆိုလည်း အဲဒီလို လူမျိုးက ဘယ်လိုလုပ်ပြီး ရေခရားအိုးထဲ အဆိပ်ခတ်မလဲ။ မစ္စတာမာရှိဘက သူ့ကို တစ်ချိန်လုံး မျက်စိဒေါက်ထောက် ကြည့်နေမှာလေ"

"မစ္စတာမာရှိဘက အိမ်သာတော့ ဝင်ဦးမှာပေါ့။ အဲဒီလူသာ အိမ်မှာ အချိန်ကြာကြာ နေမယ်ဆိုရင် အခွင့်အရေးက တစ်ချိန်မဟုတ် တစ်ချိန်တော့ ရလာနိုင်တာပဲ"

"အဲဒီလိုသာ အမှန်ဆိုရင် တရားခံရဲ့ လူသတ်စီမံကိန်းက အလွန့်အလွန် မရေရာတဲ့ အကြောင်းတရားပေါ် အခြေခံထားရသလို ဖြစ်မနေဘူးလား။ တကယ်လို့သာ မစ္စတာမာရှိဘက သူ့အနားကနေ တစ်ဖဝါးမှ ခွာမသွားဘူး၊ အိမ်သာ သွားမတက်ဘူး ဆိုရင် သူ ဘယ်နှယ့်လုပ်မလဲ"

"တခြားအစီအစဉ် ရှိချင် ရှိဦးမှာပေါ့။ လုံးဝ အခွင့်အရေး မရရင်လည်း နောက်ဆုံး လက်လျှော့လိုက်တာမျိုးလည်း ဖြစ်ချင် ဖြစ်မှာပေါ့။ ဒါဆို အကြံအစည် အထမမြောက်လို့ မစ္စတာမာရှိဘလည်း မသေဘူး။ တရားခံလည်း ပြဿနာ မတက်တော့ဘူးပေါ့"

"ဆရာ ..." ဥက္ကာမြိသည် ရူပဗေဒပညာရှင်၏ မျက်လုံးကို တည့်တည့် စိုက်ကြည့်နေသည်။

"ဆရာက ဘယ်သူ့ဘက်ကလဲ"

"ခင်ဗျားစကားက အထူးအဆန်းပါလား။ ကျွန်တော်က ဘယ်ဘက်ကမှ မဟုတ်ဘူး။ သတင်းအချက်အလက်တွေကို သုံးသပ်ကြည့်မယ်။ တစ်ခါတလေ လက်တွေ့ စမ်းသပ်ကြည့်မယ်။ ယုတ္တိအရှိနိုင်ဆုံး ရလဒ်တစ်ခုကို ရှာထုတ်နိုင်ဖို့ ကြိုးစားမယ်။ အဲဒီလောက်ပဲ။ လက်ရှိ အခြေအနေအရ ကြည့်ရင်တော့ ခင်ဗျားဘက်က အခြေအနေ မကောင်းဘူး"

ဥက္ကာမြိက နှုတ်ခမ်းကို ကိုက်ထားသည်။

"စောစောက စကားကို ကျွန်မ ပြန်ပြင်ပါရစေ။ ကျွန်မ တကယ်ပဲ မစ္စစ်မာရှိဘကို မသင်္ကာဖြစ်နေတယ်။ အနည်းဆုံးတော့ မစ္စတာမာရှိဘရဲ့ သေဆုံးမှုက သူနဲ့ တစ်နည်းတစ်ဖုံ ပတ်သက်နေရမယ်လို့ ကျွန်မ အခိုင်အမာ ယုံကြည်ထားတယ်။ ကျွန်မကို ခေါင်းမာတယ်လို့ ပြောလည်း မတတ်နိုင်တော့ဘူး"

"စိတ်ဆိုးသွားတာလား" ယုကာဝါသည် ပခုံးကို တွန့်လိုက်သည်။

"ခင်ဗျား သူ့ဇနီးကို မသင်္ကာဖြစ်နေရတဲ့ အကြောင်းကို ကျွန်တော် မှတ်မိပါသေးတယ်။ ဟိုရှန်ပိန်ဖန်ခွက်တွေ မဟုတ်လား။ ရှန်ပိန်ခွက်တွေကို ဗီဒိုထဲ နေရာတကျ ပြန်သိမ်းမထားခဲ့တာ သံသယဖြစ်ဖို့ ကောင်းတယ်လို့ ပြောခဲ့ဖူးတယ်လေ"

"အဲဒါအပြင် တခြား သံသယတွေလည်း ရှိပါသေးတယ်။ မစ္စစ်မာရှိဘက သူ့ယောကျ်ား ဆုံးတဲ့ သတင်းကို အခင်းဖြစ်တဲ့နေ့ ညမှာ သိခဲ့ရတယ်လို့ ပြောတယ်။ ရဲဌာနက ဖုန်းဆက်အကြောင်းကြားထားတဲ့ အသံသွင်းမှတ်တမ်းကို နားထောင်ရလို့တဲ့။ အဲဒီ ဖုန်းဆက်တဲ့ ရဲဝန်ထမ်းကို ကျွန်မ သွားမေးကြည့်တယ်။ အသံသွင်းမှတ်တမ်းမှာ သူ ပြောခဲ့တဲ့ စကားက – 'ကျွန်တော်တို့ ရဲဌာနကနေ

လူကြီးမင်းကို အရေးပေါ် အကြောင်းကြားအပ်ပါတယ်။ ခင်ဗျားရဲ့ ခင်ပွန်းနဲ့ ပတ်သက်နေပါတယ်။ ရဲစခန်းကို အမြန်ဆုံး ဆက်သွယ်ပေးပါ’ တဲ့။ ည ၁၂ နာရီလောက်မှာ မစ္စစ်မာရှိဘက ဖုန်းပြန်ဆက်လာတယ်။ အဲဒီရဲဝန်ထမ်းက အမှုကို အကြမ်းဖျင်း ရှင်းပြလိုက်တယ်တဲ့။ အသတ်ခံရတာ ဖြစ်နိုင်တယ် ဆိုတဲ့ အကြောင်းတော့ မပြောပြခဲ့ဖူးပေါ့”

“အင်း၊ နောက်တော့ရော”

“အခင်းဖြစ်ပြီး ဒုတိယမြောက်နေ့မှာ မစ္စစ်မာရှိဘက မနက်စောစော လေယာဉ်နဲ့ တိုကျိုကို ပြန်ရောက်လာတယ်။ အဲဒီတုန်းက ကျွန်မနဲ့ ဆရာကုစာနာဂိနဲ့ သူ့ကို သွားကြိုတာပဲ။ သူက ကားပေါ်မှာ ဝါကာယာမာ ဟိရောမိဆီကို ဖုန်းဆက်တယ်။ ‘ဟိရောမိ၊ နင်လည်း ပင်ပန်းနေလောက်ရောပေါ့’ လို့တောင် ပြောလိုက်သေးတယ်” ဥကျုမိ၏ အတွေးအာရုံထဲတွင် ထိုနေ့က မြင်ကွင်းများကို ပြန်လည် မြင်ယောင်လာသည်။

“ကျွန်မ အဲဒီစကားတစ်ခွန်းကို ကြားလိုက်ရတဲ့ အချိန်မှာပဲ တစ်ခုခုတော့ လွဲနေပြီ ဆိုတာကို ကျွန်မ ခံစားလိုက်ရတယ်”

“သူက ‘နင်လည်း ပင်ပန်းနေလောက်ရောပေါ့’ လို့ ပြောလိုက်တယ်လား ...” ယုကာဝါသည် လက်ချောင်းထိပ်များဖြင့် ဒူးခေါင်းကို ခေါက်နေသည်။

“ရဲဌာနကနေ အခင်းဖြစ်ကြောင်း ကြားပြီးတဲ့ အချိန်ကနေ စပြီး ဒုတိယမြောက်နေ့ မနက်ခင်းအချိန်ထိ အဲဒီကြားထဲမှာ မစ္စစ်မာရှိဘက ဝါကာယာမာ ဟိရောမိနဲ့ လုံးဝ စကားမပြောဖြစ်သေးဘူး မဟုတ်လား”

“သိပ်ဟုတ်တာပေါ့ဆရာ။ ကျွန်မ ပြောချင်နေတာလည်း အဲဒီအချက်ပဲ” ယုကာဝါသည်လည်း မိမိကဲ့သို့ သံသယ ဖြစ်နေပြီ ဖြစ်ကြောင်း သိလိုက်ရသည့်အခါတွင် ဥကျုမိသည် အောင့်မထားနိုင်တော့ဘဲ ပြုံးလိုက်မိသည်။

“မစ္စစ်မာရှိဘက သူ့ရဲ့ အိမ်သော့ကို ဝါကာယာမာ ဟိရောမိဆီမှာ အပ်ထားခဲ့တယ်။ အဲဒီမတိုင်ခင်ကတည်းက ဝါကာယာမာ ဟိရောမိနဲ့ သူ့ယောကျ်ား မစ္စတာမာရှိဘရဲ့ ဇာတ်လမ်းကို သူက ရိပ်မိနေခဲ့ပြီးသား။ ပုံမှန်အခြေအနေမှာဆိုရင် ကိုယ့်ယောကျ်ားက ရုတ်တရက် ကွယ်လွန်သွားတယ်လို့ သတင်းကြားရင် သူက ဝါကာယာမာ ဟိရောမိဆီ ချက်ချင်း ဖုန်းဆက်ပြီး အကျိုးအကြောင်း မေးမှ သဘာဝကျမှာပေါ့။ အဲဒါအပြင် မာရှိဘလင်မယားမှာ သူငယ်ချင်းလင်မယား

နှစ်ယောက်လည်း ရှိသေးတယ်။ သူက သူတို့ဆီကိုလည်း မဆက်သွယ်ခဲ့ဘူး။ အဲဒီအချက်က တော်တော်ကို စဉ်းစားရကျပ်တဲ့၊ နားလည်ရခက်တဲ့ အချက်ပဲ”

“ရဲဘော်ဥက္ကဋ္ဌမိရဲ့ သုံးသပ်ချက်ကို ကြားပါရစေလား”

“ကျွန်မ အထင်တော့ မစ္စစ်မာရှိဘာအနေနဲ့ ဝါကာယာမာ ဟိရောမိနဲ့ အီကာအိလင်မယားကို ဖုန်းမဆက်ရတဲ့ အကြောင်းအရင်းက သူ့အတွက် မလိုအပ်ဘူးလို့ ယူဆထားတာ နေမှာပေါ့။ တကယ်လို့သာ ခင်ပွန်းသည် ရုတ်တရက် သေဆုံးသွားနိုင်တဲ့ အဖြစ်မှန်ကို ကြိုသိ ကြိုနားလည်ထားမယ်ဆိုရင် တခြား ဘယ်သူ့ဆီကမှ အခြေအနေ အရပ်ရပ်ကို စုံစမ်းမေးမြန်းနေစရာ မလိုတော့ဘူး”

ယုကာဝါက ပြုံးလျက် လက်ချောင်းဖြင့် နှာခေါင်းအောက်ခြေကို ပွတ်နေသည်။

“ခင်ဗျားရဲ့ အဲဒီသုံးသပ်ချက်ကို တခြားလူကိုရော ပြောပြဖူးသေးလား”

“ကျွန်မ ခွဲမှူး မာမီယာကို ပြောပြဖူးတယ်”

“ဒီလိုဆိုတော့ ခင်ဗျားက ကုစာနာဂိကို မပြောပြရသေးဘူးပေါ့”

“သူ့ကို ပြောပြလည်း သူက ရှူးရှူးရှဲရှဲနဲ့ ကျွန်မကို သံသယကြီးလွန်းတယ် ဆိုပြီး အပြစ်တင်နေဦးမှာ”

ယုကာဝါသည် မျက်မှောင်ကြုတ်လျက် မတ်တတ်ထရပ်ကာ လက်ဆေးကန်ဘက်သို့ လျှောက်သွားသည်။

“ခင်ဗျား အဲဒီလို အမြင်စောင်းနေတာတော့ သိပ်အဓိပ္ပာယ် မရှိဘူး။ ဒီစကားကို ကျွန်တော့်ပါးစပ်က ထွက်ရတာတော့ တစ်မျိုးကြီးပဲ။ ဒါပေမယ့် အမှန်အတိုင်း ပြောရရင် ကုစာနာဂိက အတော်ကို ထက်မြက်တဲ့ မှုခင်းရဲတစ်ယောက်ပါ။ သူက သံသယတရားခံအပေါ် စိတ်ယိုင်နေတယ်ပဲ ထားဦး။ အဲဒီအတွက်နဲ့တော့ သူရဲ့ တာဝန်နဲ့ ဝတ္တရားကို မေ့ပျောက်သွားမှာ မဟုတ်ဘူး။ အဆင်ခြင် မဲ့သွားမှာတော့ မဟုတ်ဘူး။ ဟုတ်ပါတယ်။ စောစောက ပြောခဲ့တဲ့ ခင်ဗျားရဲ့ စကားကို သူ ကြားကြားပြီးချင်းမှာတော့ သူရဲ့ အမြင်တွေ ချက်ချင်း ပြောင်းလဲသွားဖို့ ဆိုတာ လုံးဝ မဖြစ်နိုင်ဘူး။ ခင်ဗျားကို ပြန်ပြီးတော့တောင် ပက်ချင် ပက်နေဦးမှာ။ ဒါပေမယ့် အဲဒီကောင်ကလည်း သူတစ်ပါး အကြံပြုချက်ကို ဘယ်လိုမှ

လက်မခံချင်တဲ့ တစ်ဘက်ပိတ်လူစားမျိုးတော့ မဟုတ်ဘူး။ အခု လက်ရှိပြဿနာနဲ့ ပတ်သက်ပြီး သူ့မှာလည်း သူ့ကိုယ်ပိုင်အမြင်နဲ့ ကိုယ်ပိုင်နည်းလမ်း ရှိပုံရတယ်။ နောက်ဆုံးမှာ သူ မျှော်လင့်ထားတဲ့ ရလဒ်တစ်ခု ရမလာဘူး ဆိုရင်တောင် သူက ပေကတ်ကတ် လုပ်နေမယ့် လူမျိုး မဟုတ်ဘူး”

“ဆရာက သူ့ကို အတော် ယုံကြည်ထားတာပဲ”

“အဲဒီလိုမှ မဟုတ်ရင်လည်း ကျွန်တော် သူ့ကို အခုလောက် ဘယ်ကူညီပါ့မလဲ” ယုကာဝါသည် ဖြူဖွေးနေသော သွားများကို လှစ်ပြပြီး ကော်ဖီဖျော်စက်ထဲသို့ ကော်ဖီမှုန့်များ ထည့်နေလေသည်။

“ဒါဆို ဆရာကရော ဘယ်လို ယူဆထားတာလဲ။ ကျွန်မရဲ့ အယူအဆကို ယုတ္တိမရှိဘူးလို့ ဆရာကရော ထင်နေတာလား”

“ဟင့်အင်း၊ ကြောင်းကျိုးညီညွတ်တယ်လို့ ကျွန်တော် ထင်တယ်။ ကိုယ့်ယောက်ျား ရုတ်တရက် ဆုံးသွားတယ်လို့ သတင်းကြားရင် သာမန်လူတစ်ယောက်က ရနိုင်သလောက် သတင်းအချက်အလက်တွေကို မရမက စုစည်းယူမှာပဲ။ ဒါပေမယ့် မစ္စစ်မာရှိဘက တခြား ဘယ်သူ့ကိုမှ မဆက်သွယ်ဘူး ဆိုတော့ အဲဒီအပြုအမူက လုံးဝ မှုမမှန်တာတော့ သေချာတယ်”

“တော်သေးတာပေါ့”

“ဒါပေမယ့် ကျွန်တော်က သိပ္ပံစမ်းသပ်ချက်တွေ လုပ်တဲ့ကောင်မဟုတ်လား။ သီအိုရီတစ်ခုက စိတ်ပိုင်းဆိုင်ရာအရ သဘာဝ မကျဘူး။ နောက်သီအိုရီတစ်ခုက ရုပ်ဝတ္ထုပိုင်းအရ မဖြစ်နိုင်ဘူး။ အဲဒီ သီအိုရီနှစ်ခုထဲက ဘယ်တစ်ခုကို ယုံကြည်မလဲလို့ တစ်ယောက်ယောက်ကသာ ကျွန်တော့်ကို မေးလာခဲ့မယ် ဆိုရင် ဖြေချင်တဲ့ဆန္ဒ မရှိလှပေမယ့် မဖြစ်မနေ ဖြေရမယ် ဆိုရင်တော့ ပထမသီအိုရီကိုပဲ ကျွန်တော် ရွေးချယ်မယ်။ တကယ်လို့သာ ကျွန်တော် စဉ်းစားလို့ မရတဲ့ နည်းလမ်းတစ်ခုခုနဲ့ ရေခရားအိုးထဲကို အချိန်သတ်မှတ်ပြီး အဆိပ်ခတ်နိုင်မယ် ဆိုရင်တော့လည်း အဖြေက နောက်တစ်မျိုး ဖြစ်သွားတော့မှာပေါ့” ယုကာဝါသည် ပြောရင်း ကော်ဖီဖျော်စက်ထဲသို့ ရေထည့်နေသည်။

“သေဆုံးသူက ကော်ဖီဖျော်တဲ့အခါမှာ သောက်ရေသန့်ဗူးထဲက ရေကိုပဲ သုံးတယ်လို့ ပြောသံကြားတယ်။ အရသာက ဘယ်လောက် ကွာခြားသွားနိုင်မှာမို့လဲ”

"အဓိကအကြောင်းက အရသာကြောင့် မဟုတ်ဘူး။ သူက ကျန်းမာရေးကို အလေးထားလို့တဲ့။ ပြောသံကြားမိတာတော့ မစ္စစ်မာရှိဘတောင် သူ့ယောက်ျား သတိမထားမိတဲ့ အချိန်မှာ ရေပိုက်ခေါင်းထဲက ရိုးရိုးရေနဲ့ ကော်ဖီဖျော်ပေးခဲ့ဖူးတယ်။ ကျွန်မ အရင်က ဆရာ့ကို ပြောခဲ့ဖူးမယ် ထင်တယ်။ တနင်္ဂနွေနေ့ မနက်မှာ ကော်ဖီဖျော်တုန်းကလည်း ရေပိုက်ခေါင်းထဲက ရိုးရိုးရေကိုပဲ သုံးခဲ့တာလို့ ဝါကာယာမာ ဟိရောမိက ထွက်ဆိုထားတယ်"

"ဒီလိုဆိုရင် ရေသန့်ဗူးထဲက ရေနဲ့ ကော်ဖီဖျော်တဲ့သူ ဆိုလို့ မစ္စတာမာရှိဘတစ်ယောက်ပဲ ရှိတာပေါ့"

"အဲဒီလို ပြောလို့ရတယ်။ အဲဒါကြောင့်လည်း ရေသန့်ဗူးထဲမှာ အဆိပ်ခတ်ခဲ့တာ ဖြစ်မယ်လို့ ကျွန်မတို့ ယူဆခဲ့ကြတာ"

"အခု ဓာတ်ခွဲဌာနကတောင် ဗူးခွံထဲမှာ အဆိပ်အကြွင်းအကျန်တွေ ရှာမတွေ့ဘူး မဟုတ်လား။ ဒီတော့ အဲဒီအယူအဆကို စွန့်လွှတ်ဖို့ပဲ ရှိတော့တာပေါ့"

"ဒါပေမယ့် ဓာတ်ခွဲလို့ မတွေ့တာနဲ့ပဲ ရေသန့်ဗူးထဲကို အဆိပ်မခတ်ခဲ့ပါဘူးလို့ ယတိပြတ် မပြောနိုင်သေးဘူး။ တချို့လူတွေက ပလတ်စတစ် ဗူးခွံကို လွှင့်မပစ်ခင်မှာ ဗူးခွံကို သေသေချာချာ ဆေးတတ်ကြတယ်။ အဲဒီလို အခြေအနေမျိုးမှာဆိုရင် ဓာတ်အကြွင်းအကျန်ကို ဘယ်လိုမှ ရှာတွေ့နိုင်မှာ မဟုတ်တော့ဘူးလို့ ဓာတ်ခွဲဌာနကလည်း ယူဆထားတယ်"

"လူတွေ ဆေးတတ်တယ် ဆိုတာကလည်း လက်ဖက်ရည်တို့၊ ဖျော်ရည်တို့ ထည့်တဲ့ ဗူးခွံတွေကို မဟုတ်လား။ ဘယ်သူက သောက်ရေထည့်တဲ့ ဗူးကို ဆေးတတ်လို့လဲ"

"သူ့အကျင့်နဲ့သူပေါ့ ဆရာရယ်"

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့။ ဒါပေမယ့် အဲဒီလိုသာ ဆိုရင်တော့ လူသတ်သမားက အတော်ကို ကံကောင်းတယ် ပြောရမှာပဲ။ လုပ်ကြံခံရသူရဲ့ အကျင့်တစ်ခုကြောင့် တရားခံအတွက် သက်သေ ဖျောက်ဖျက်ပေးပြီးသား ဖြစ်သွားလိမ့်မယ်လို့ ဘယ်သူက တွေးမိမှာတဲ့လဲ"

"သေဆုံးသူရဲ့ ဇနီးကို လူသတ်တရားခံအဖြစ် ယူဆကြည့်မယ် ဆိုရင်ရော ..." ပြောပြီး ဥကျူမိသည် ယုကာဝါ၏ မျက်နှာကို လှေ့လာကြည့်နေသည်။

"ဆရာက ကျွန်မရဲ့ ဆင်ခြင်တွေးဆပုံ နည်းလမ်းကို သဘောမကျဘူးလား"

ယုကာဝါက မဲ့ပြုံးပြုံးနေသည်။

"အဲဒီလိုလည်း မဟုတ်ပါဘူး။ ကျွန်တော်တို့ရဲ့ အလုပ်က အဆိုကြမ်းတွေကို မကြာမကြာ ထုတ်ကြည့်ကြရတာပဲ မဟုတ်လား။ ဒါပေမယ့် အများစုကတော့ မကြာမတင်မှာပဲ အခြေမခိုင်လို့ ပြိုလဲသွားကြတယ်။ ခင်ဗျားက မစ္စစ်မာရှိဘာကို တရားခံအဖြစ် အဆိုတင်လိုက်တော့ ဘာတွေ အကျိုးရှိသွားလဲ"

"ပြောရရင် မစ္စတာမာရှိဘာက ကော်ဖီဖျော်တဲ့အခါမှာ ရေသန့်ဗူးထဲက ရေကို အသုံးပြုတတ်တယ်လို့ ပထမဆုံး သတင်းပေးခဲ့တဲ့သူက မစ္စစ်မာရှိဘာပဲ။ ဆရာကုစာနာဂိကတော့ ပြောတယ်။ တကယ်လို့သာ မစ္စစ်မာရှိဘာက ရေထဲမှာ အဆိပ်ခတ်ခဲ့မယ် ဆိုရင် သူက ကျွန်မတို့ကို အဲဒီအကြောင်း ပြောပြမှာ မဟုတ်ဘူးတဲ့။ ကျွန်မကတော့ အဲဒီလို မထင်ဘူး။ ရဲဘက်က ရေသန့်ဗူးခွံထဲကနေ အဆိပ်ကို တစ်နေ့မဟုတ်တစ်နေ့ ရှာတွေ့လာနိုင်တယ်လေ။ ဒါကြောင့် လက်ဦးမှု ယူတဲ့အနေနဲ့ ရဲဘက်ကို ကြိုတင် အသိပေးထားလိုက်ရင် သူ့အပေါ် ကျရောက်လာမယ့် သံသယကို အနည်းအကျဉ်းဖြစ်ဖြစ် လျော့ပါးသွားစေနိုင်တယ် မဟုတ်လား။ ဒါပေမယ့် တကယ့်လက်တွေ့မှာကျတော့ အဆိပ်ဖြစ်စေတဲ့ ဒြပ်ဝတ္ထုကို တစ်မှုန်တစ်မွှားမှ ရှာမတွေ့ခဲ့ဘူး။ ပွင့်ပွင့်လင်းလင်း ဝန်ခံရရင် ကျွန်မလည်း ဘယ်က ဘယ်လို စကိုင်ရမှန်းတောင် မသိတော့ဘူး။ တကယ်လို့သာ လူသတ်တရားခံက သူ ဖြစ်နေခဲ့မယ် ဆိုရင် သူက ရေခရားအိုးထဲကို တစ်နည်းနည်းနဲ့ အဆိပ်ခတ်ခဲ့မှာပဲ။ ဒါဆို သူ့ယောက်ျားက ရေသန့်ဗူးထဲက ရေကိုပဲ သောက်ပါတယ် ဆိုတဲ့အကြောင်းကို သူ့အနေနဲ့ တကူးတက ပြောပြနေစရာ မလိုဘူး။ ဒါကြောင့် ကျွန်မ ထင်တယ်။ ရေသန့်ဗူးခွံထဲကနေ အဆိပ် အကြွင်းအကျန်ကို လုံးဝ ရှာမတွေ့ဘူး ဆိုတဲ့ အဖြေကို သူ လုံးဝ မျှော်လင့်ထားပုံ မရဘူး"

ဥကျူမိ၏ တင်ပြချက်ကို နားထောင်နေစဉ် ယုကာဝါ၏ မျက်နှာ အမူအရာမှာ ပို၍ ပို၍ တည်ကြည်လေးနက်လာသည်။ သူသည် ကော်ဖီဖျော်စက်ထဲမှ ထွက်နေသော ရေနွေးငွေ့များကို ငေးကြည့်နေရင်း စကားဆိုလိုက်သည်။

"မစ္စတာမာရှိဘာက ဗူးခွံကို ဆေးပစ်လိမ့်မယ်လို့ သူ့မိန်းမကတောင် မတွက်ဆနိုင်ခဲ့ဘူးလို့ ခင်ဗျား ဆိုလိုချင်တာလား"

"ကျွန်မသာ မစ္စစ်မာရှိဘာ ဆိုရင်လည်း တွက်မိမှာ မဟုတ်ဘူး။ ရဲဘက်က အဆိပ်ပါတဲ့ ဗူးခွံကို အခင်းဖြစ်တဲ့နေရာမှာ ချက်ချင်း ရှာတွေ့နိုင်လိမ့်မယ်လို့

ယူဆထားမိမှာ။ မစ္စတာမာရှိဘက ကော်ဖီဖျော်တဲ့ အချိန်မှာ ဗူးထဲက အဆိပ်ပါတဲ့ ရေတွေ အားလုံးကို ကုန်အောင် သုံးပစ်လိုက်တယ်။ နောက်ပြီး ရေနွေးဆူဖို့ စောင့်နေရင်းနဲ့ ပလတ်စတစ်ဗူးခွံကို ဆေးပစ်လိုက်တယ်။ သူ့မိန်းမက အဲဒီအချက်ကို မတွက်ဆနိုင်ခဲ့လို့သာ လက်ဦးမှုယူပြီး တရားခံက ရေသန့်ဗူးထဲမှာ အဆိပ်ခတ်ခဲ့တာ ဖြစ်ရမယ် ဆိုတဲ့ ကိစ္စကို ရဲတွေကို ပြောပြခဲ့တယ်။ … … အဲဒီလို ဆက်စပ်တွေးကြည့်လိုက်ရင် အကြောင်းအချက်တွေ အားလုံးက ကွင်းဆက်မိပြီး ကြောင်းကျိုးညီညွတ်သွားတယ်”

ယုကာဝါသည် ခေါင်းညိတ်လျက် လက်ညှိုးဖြင့် မျက်မှန်ကိုင်းကို ပင့်တင်လိုက်သည်။

“လောဂျစ်အရတော့ ဒီသီအိုရီက ကြောင်းကျိုးညီညွတ်တယ်လို့ ပြောနိုင်တယ်”

“ဒီသီအိုရီထဲမှာ ပြဿနာတွေ အများကြီး ရှိသေးတယ် ဆိုတာကို ကျွန်မ နားလည်ပါတယ်။ ဒါပေမယ့် အဲဒီလို ဖြစ်နိုင်ခြေ ရှိတယ် ဆိုတာတော့ သေချာတယ်”

“ဒါပေါ့။ ဒါပေမယ့် ခင်ဗျားရဲ့ အဆိုကြမ်းကို သက်သေပြဖို့ရော နည်းလမ်းရှိလို့လား”

“ဝမ်းနည်းပါတယ် ဆရာ။ ကျွန်မမှာ မရှိဘူး”

ယုကာဝါသည် ကော်ဖီဖျော်စက်ပေါ်မှ ကော်ဖီခရားအိုးကို ချွတ်ယူပြီး ခွက်နှစ်ခွက်ထဲသို့ ကော်ဖီများ လောင်းထည့်လိုက်သည်။ ထိုနောက် ကော်ဖီခွက်တစ်ခွက်ကို ဥကျုမိအား ကမ်းပေးလိုက်သည်။

ဥကျုမိက ကျေးဇူးတင်စကား ဆို၍ ကော်ဖီခွက်ကို လှမ်းယူသည်။

“ခင်ဗျားတို့က နှစ်ယောက်ပေါင်းပြီး ကျွန်တော်ကို ကျုံးသွင်းနေကြတာတော့ မဟုတ်ပါဘူးနော်” ယုကာဝါက ပြောသည်။

“ရှင် …”

“ခင်ဗျားနဲ့ ကုစာနာဂိက နှစ်ယောက်ပေါင်းပြီး ကျိတ်ကြံခဲ့ကြတာတော့ မဟုတ်ဘူးမလား”

"ကျိတ်ကြံတယ် ... ဘာဖြစ်လို့ အဲဒီလို လုပ်ရမှာလဲ"

"ကျွန်တော်က ရဲဌာနကို လုံးဝ အကူအညီ မပေးတော့ဘူးလို့ ဆုံးဖြတ်ထားတာလေဗျာ။ ဒါပေမယ့် အခုဆို ခင်ဗျားက ကျွန်တော်ရဲ့ စူးစမ်းလိုစိတ်ကို နှိုးဆွပေးနိုင်ခဲ့တယ်။ ပြီးတော့ ခင်ဗျားက ပိုပြီး ဆွဲဆောင်မှုရှိအောင်ဆိုပြီး ကုစာနာဂါဟာ အချစ်ရူး ရူးနေပါတယ် ဆိုတဲ့ အနံ့လေးပေးပြီး ကျွန်တော်ကို မျှားထားတယ်လေ" ယုကာဝါသည် နှုတ်ခမ်းများကို ကွေးညွတ်သွားအောင် ပြုံးလျက် ကော်ဖီတစ်ငုံကို အရသာခံနေလေသည်။

(၁၅)

အကောင်းစား လက်ဖက်ခြောက်များကို အထူးပြုရောင်းချနေသော 'ကူဇေး' လက်ဖက်ခြောက်ဆိုင်သည် နီဟွန်းဘာရှိ စီရင်စု၊ အိုဒန်မာချိုရပ်ကွက်တွင် တည်ရှိသည်။ ဘဏ်အဆောက်အအုံကြီးများ တန်းစီ၍ တည်ရှိနေကြသော ဆူအိတန်ဂူလမ်းမကြီး၏ အနီးအနားတွင် ရှိသည့် ရုံးအဆောက်အအုံကြီး၏ ပထမထပ်တွင် ဆိုင်ကို ဖွင့်လှစ်ထားသည်။ ထို့ကြောင့်ပင် နေ့ခင်းထမင်းစားနားချိန်အတွင်း ဤနေရာ၌ ရုံးဝန်ထမ်း မိန်းမချော အမြောက်အမြားကို တွေ့ရှိနိုင်သည်။

ကုစာနာဂိသည် မှန်တံခါးကို တွန်းဖွင့်ပြီး လက်ဖက်ခြောက်ရောင်းသည့် ကောင်တာဘက်သို့ ဦးစွာ လျှောက်သွားလိုက်သည်။ ဤဆိုင်တွင် လက်ဖက်ခြောက် အမျိုးပေါင်း ၅၀ ကျော် ရောင်းချလျက်ရှိကြောင်း သူ ကြိုတင် လေ့လာထားခဲ့သည်။

အရောင်းကောင်တာများ၏ အနောက်ဘက်တွင် လက်ဖက်ရည်ခန်းတစ်ခန်း ရှိသည်။ ညနေ ၄ နာရီဟူသော အချိန်သည် စောလည်း မစောလွန်း၊ မှောင်လည်း မမှောင်လွန်းသော စကောစကအချိန်မျိုး ဖြစ်နေသော်လည်း လက်ဖက်ရည်ခန်းထဲ၌မူ အမျိုးသမီးဧည့်သည် အမြောက်အမြား ရောက်ရှိနေကြသည်။ ကုမ္ပဏီဝတ်စုံ ဝတ်ဆင်ထားသည့် တချို့သော ဧည့်သည်များသည် မဂ္ဂဇင်းစာအုပ်များကို လှန်လှောကြည့်ရှုနေကြသည်။ အမျိုးသား ဧည့်သည်များကိုတော့ တစ်ယောက်တလေမျှပင် မတွေ့ရချေ။

အဖြူရောင် အင်္ကျီနှင့် ကိုယ်ခန္ဓာသေးသွယ်သော စားပွဲထိုးမလေးတစ်ယောက်သည် သူ့အနားသို့ ရောက်ရှိလာသည်။

"ကြိုဆိုပါတယ်ရှင်။ တစ်ယောက်တည်းပဲလား မသိဘူး" သူ၏ အပြုံးက အသက်မပါလှ။ သူသည် ကုစာနာဂိကို နေရာသို့ ပို့ဆောင်ပေးသည်။ ထိုင်ခုံမှာ နံရံနှင့် ကပ်လျက်။

လက်ဖက်ရည်မီနူးပေါ်တွင် ယမန်နေ့ကအချိန်ထိ ကုစာနာဂိအတွက်

ဘူးလုံးနားမထွင်းသော လက်ဖက်ခြောက် အမျိုးမျိုး၏ နာမည်များကို ရေးသားထားသည်။ သို့သော် ယခုအခါတွင်မူ သူသည် ၎င်းစာရင်းထဲမှ တချို့သော လက်ဖက်ခြောက်များကို အမျိုးအမည် ခွဲခြားသိရှိနေသည့်အပြင် ကိုယ်တိုင်လည်း မြည်းစမ်းဖူးခဲ့ပေပြီ။ ယခုဆိုင်မှာ သူ ဝင်ရောက်စုံစမ်းခဲ့သော စတုတ္ထမြောက် လက်ဖက်ခြောက်ဆိုင် ဖြစ်သည်။

သူသည် စားပွဲထိုးမလေးကို အနားသို့ လက်ယပ်ခေါ်ပြီး လက်ဖက်ရည်အချိုတစ်ခွက် မှာလိုက်သည်။ ၎င်းမှာ အာသံအချိုခြောက်ကို နွားနို့ဖြင့် ရောစပ်၍ ဖျော်ထားသော နို့လက်ဖက်ရည် ဖြစ်သည်ဟု ရှေ့ဆိုင်တစ်ဆိုင်မှ သိထားခဲ့ရသည်။ သူသည် ယင်းလက်ဖက်ရည်ကို ခံတွင်းတွေ့နေသောကြောင့် နောက်တစ်ခွက် ထပ်သောက်ရန် မှာယူလိုက်သည်။

"နောက်ပြီး ..." သူ၏ လိပ်စာကတ်ပြားကို စားပွဲထိုးမလေးအား ပြလိုက်သည်။

"ခင်ဗျားတို့ ဆိုင်မန်နေဂျာကို ခဏ ခေါ်ပေးလို့ ရမလား။ ကျွန်တော် မေးစရာနည်းနည်း ရှိနေလို့ပါ"

လိပ်စာကတ်ပေါ်မှ စာများကို ဖတ်ပြီးသွားသည့် အခါတွင် စားပွဲထိုးမလေး၏ မျက်နှာပေါ်မှ အပြုံးများ လုံးဝ ပျောက်ကွယ်သွားသည်။

ကုစာနာဂိသည် အလျင်အမြန် လက်ခါယမ်းပြလိုက်သည်။

"စိတ်မပူပါနဲ့။ ပြဿနာ ကြီးကြီးမားမား မရှိပါဘူး။ ဒီဆိုင်ကို လာဖူးတဲ့ ဧည့်သည်အကြောင်း နည်းနည်း စုံစမ်းချင်လို့ပါ"

"ဟုတ်ကဲ့။ ကျွန်မ သွားမေးကြည့်လိုက်ပါဦးမယ်"

"ကျေးဇူးပဲ" ကုစာနာဂိသည် ဤနေရာတွင် ဆေးလိပ်သောက်၍ ရနိုင်ပါ၏လောဟု မေးခွန်းထုတ်ရန် ဟန်ပြင်ပြီးကာမှ အရှိန်သတ်လိုက်ရသည်။ နံရံပေါ်တွင် 'ဆေးလိပ်မသောက်ရ' ဟူသော ဆိုင်းဘုတ်ကို တွေ့မြင်လိုက်ရသောကြောင့်ပင်။

သူသည် နောက်တစ်ကြိမ် အခန်းအတွင်းသို့ ဟိုဟိုဒီဒီ ဝေ့ဝိုက်ကြည့်လိုက်သည်။ ပတ်ဝန်းကျင်မှာ ဆိတ်ငြိမ်အေးချမ်းသည်။ စိတ်ကို

ညွှတ်နူးစေသည်။ စားပွဲထိုင်ခုံများ ချထားသည့် ပုံစံမှာလည်း စနစ်တကျ ရှိသည်။ သမီးရည်းစားများ ချိန်းတွေ့သည့်အခါတွင် ဘေးဘက်စားပွဲမှ လူများကို ဂရုစိုက်နေစရာ မလိုပေ။ ဤနေရာသည် မာရှိဘ ယိုရှီတာကာအား အကြိုက်တွေ့စေမည့် နေရာတစ်ခု ဖြစ်သည်ဟု တွေးနေမိသည်။ သို့ရာတွင် ကုစာနာဂိသည် များစွာတော့ မျှော်လင့်မထားခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် ယခင် ရောက်ခဲ့ဖူးပြီးသော ဆိုင်သုံးဆိုင်တွင်လည်း သူသည် ဤနည်းတူ ခံစားခဲ့ရသည်။

များမကြာခင်တွင် အဖြူရောင်အင်္ကျီပေါ်၌ အနက်ရောင် ဝစ္စကုတ်ထပ်ဝတ်ထားသော အမျိုးသမီးတစ်ယောက်သည် အလွန်ဖော်ရွေသော မျက်နှာထားဖြင့် ကုစာနာဂိ၏ အရှေ့တွင် ရပ်နေလေသည်။ အသက်မှာ ၃၅-၆ နှစ်၊ မိတ်ကပ်ကို ခပ်ပါးပါး လိမ်းခြယ်ထားပြီး ဆံပင်ကို အနောက်တွင် စုချည်ထားသည်။

"ဘာများ ကူညီပေးရမလဲရှင်"

"ခင်ဗျားက ဒီဆိုင်ရဲ့ မန်နေဂျာလား"

"ဟုတ်ကဲ့၊ ကျွန်မနာမည် ဟာမာဒါပါ"

"အလုပ်ချိန်အတွင်းမှာ အနှောင့်အယှက်ပေးမိသလို ဖြစ်နေတဲ့အတွက် တောင်းပန်ပါတယ်။ ထိုင်ပြီး စကားပြောကြရအောင်လား" မျက်နှာချင်းဆိုင်တွင် သူ့ကို ထိုင်စေပြီးနောက် ကုစာနာဂိသည် အိတ်ကပ်ထဲမှ ဓာတ်ပုံတစ်ပုံကို ထုတ်ယူလိုက်သည်။ မာရှိဘ ယိုရှီတာကာ၏ ဓာတ်ပုံ ဖြစ်သည်။

"ကျွန်တော် အခု အမှုတစ်ခုနဲ့ ပတ်သက်ပြီး စုံစမ်းစစ်ဆေးတာတွေ လုပ်နေလို့ပါ။ ဓာတ်ပုံထဲကလူ ဒီကို လာဖူးသလား မသိဘူး။ ကျွန်တော် သိချင်တာက လွန်ခဲ့တဲ့ နှစ်နှစ်လောက်တုန်းက အကြောင်းကိုပါ"

မစ္စစ်ဟာမာဒါသည် ဓာတ်ပုံကို လှမ်းယူပြီး တစ်ခဏမျှ အသေအချာ စိုက်ကြည့်နေသည်။ ထို့နောက် ခေါင်းကို ငဲ့စောင်းလျက်

"မြင်ဖူးတယ်လို့တော့ ထင်တာပဲ။ ဒါပေမယ့် အပိုင်တော့ မပြောရဲဘူး။ နေ့တိုင်းနေ့တိုင်း ဆိုင်ကို ဝင်ထွက်နေကြတဲ့ ဧည့်သည်တွေက အများကြီးပဲလေ။ နောက်ပြီး ဧည့်သည်တွေရဲ့ မျက်နှာကို တည့်တည့်စိုက်ကြည့်တာကလည်း မယဉ်ကျေးရာ ရောက်နေမှာကိုး"

သူ၏ အဖြေသည် ရှေ့ဆိုင်သုံးဆိုင်၏ အဖြေနှင့် များစွာ မကွာခြားလှ။

"ဟုတ်လား။ ကျွန်တော့်အထင် အဲဒီတုန်းက သူနဲ့အတူ မိန်းကလေးအဖော်တစ်ယောက်လည်း ပါလိမ့်ဦးမယ်" ကုစာနာဂိသည် ပိုပြီး သေချာသွားအောင် နောက်တစ်ကြောင်း ထပ်ဖြည့်လိုက်သည်။

ဆိုင်မန်နေဂျာသည် ခေါင်းကို ငဲ့စောင်းထားလျက်က ပြုံးပြသည်။

"ဒီဆိုင်ကို ပုံမှန်အားဖြင့်လည်း အတွဲတွေ အတော်များများက လာအားပေးကြတယ်" ပြောပြီး ဓာတ်ပုံကို စားပွဲပေါ် ချထားလိုက်သည်။

ကုစာနာဂိသည် ခေါင်းညိတ်ကာ သူ့ကို ပြုံးပြသည်။ သူ မျှော်လင့်ထားသည့်အတိုင်း ဖြစ်လာသောကြောင့် စိတ်ပျက်သွားသည်ဟု မဆိုသာပေ။ သို့သော် လုပ်တိုင်း အရာမထင်သောကြောင့် အနည်းငယ် အားပြတ်သွားသည်။

"ဆရာ မေးချင်တာ ဒါပဲလား မသိဘူးနော်"

"ဟုတ်ကဲ့။ အခုလို ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်"

ဆိုင်မန်နေဂျာသည် ကုစာနာဂိ၏ စကားကို ကြားရသည်နှင့် မတ်တတ်ရပ်ကာ ထွက်ခွာသွားလေသည်။ ထို့နောက် စားပွဲထိုးမလေးက လက်ဖက်ရည်ခွက်တစ်ခွက် လာချပေးသည်။ ခွက်ကို စားပွဲပေါ်သို့ ချမည်အပြုတွင် စားပွဲပေါ်မှ ဓာတ်ပုံကို တွေ့မြင်သွားသောကြောင့် လက်မှာ လေထဲတွင် တုံ့ကနဲ ရပ်တန့်သွားသည်။

"အား … ဆောရီး" ကုစာနာဂိသည် စားပွဲပေါ်မှ ဓာတ်ပုံကို အလျင်အမြန် ကောက်ယူ သိမ်းဆည်းလိုက်သည်။

စားပွဲထိုးမလေးသည် လက်ဖက်ရည်ခွက်ကို မချသေးဘဲ ရပ်မြဲ ရပ်ကာ ကုစာနာဂိကို ကြည့်လျက် မျက်တောင် ပုတ်ခတ်ပုတ်ခတ် လုပ်နေလေသည်။

"ဘာဖြစ်လို့လဲ" ကုစာနာဂိက မေးသည်။

"ဆရာ သိချင်တဲ့ ဧည့်သည်ဆိုတာ ဓာတ်ပုံထဲက လူကို ပြောတာလား"

စားပွဲထိုးမလေးက တွန့်ဆုတ်သော အမူအရာဖြင့် မေးလိုက်သည်။

ကုစာနာဂိ၏ မျက်လုံးများ ပြူးကျယ်လာသည်။ သူသည် ဓာတ်ပုံကို စားပွဲထိုးမလေးရှေ့သို့ ပြန်ချပေးလိုက်သည်။

"ခင်ဗျား သူ့ကို သိလို့လား"

"သိတယ်လို့ပဲ ဆိုပါတော့ ... အရင် ဒီဆိုင်က ဖောက်သည်ပဲလေ"

မစ္စစ်ဟာမာဒါသည်လည်း သူ၏ စကားသံကို ကြားသွားဟန်တူသည်။ သူတို့အနားသို့ ပြန်ရောက်လာသည်။

"သေချာရဲ့လား"

"ဟုတ်။ မှားစရာ မရှိလောက်ပါဘူး။ အဲဒီဧည့်သည်က ဒီဆိုင်ကို ခဏခဏ လာခဲ့ဖူးတယ်" သူ၏ လေသံမှာ အနည်းငယ် တွန့်ဆုတ်နေဟန် ရှိသော်လည်း စားပွဲထိုးမလေးသည် သူ၏ မှတ်ဉာဏ်ကို အပြည့်အဝ ယုံကြည်ထားပုံရသည်။

"ကျွန်တော် သူ့ကို မေးစရာလေးတွေ ရှိလို့ ခဏ ခေါ်ထားလို့ ရမလား" ကုစာနာဂိက မစ္စစ်ဟာမာဒါကို မေးလိုက်သည်။

"ဟုတ်၊ ရပါတယ်" ထိုစဉ် ဆိုင်ထဲသို့ ဧည့်သည်အသစ်များ ဝင်ရောက်လာသောကြောင့် မစ္စစ်ဟာမာဒါသည် ဧည့်သည်များကို ကြိုဆိုနှုတ်ဆက်ရန် တစ်ဘက်သို့လှည့်၍ ထွက်ခွာသွားလေသည်။

ကုစာနာဂိသည် စားပွဲထိုးမလေးကို မျက်နှာချင်းဆိုင်တွင် ထိုင်ခိုင်းပြီးနောက် သူ့ကို စမေးလေသည်။

"သမီး ဒီဧည့်သည်ကို ဘယ်တုန်းလောက်က မြင်ဖူးခဲ့တာလဲ"

"မှတ်မိတာတော့ ပထမဆုံးအကြိမ် သူ့ကိုတွေ့တာက လွန်ခဲ့တဲ့ သုံးနှစ်လောက်ကပဲ။ အဲဒီတုန်းက ကျွန်မ ဒီဆိုင်မှာ အလုပ်ဝင်ခါစဆိုတော့ လက်ဖက်ရည်တွေရဲ့ နာမည်တွေကိုတောင် ကောင်းကောင်း မမှတ်မိသေးဘူး။ သူ မှာတာကို အလွဲလွဲ အချော်ချော် ချမိနေလို့ ကျွန်မ အဲဒီကိစ္စကို အခုထိ ကောင်းကောင်း မှတ်မိနေသေးတာ"

"သူက ဒီကို တစ်ယောက်တည်း လာတာလား"

"ဟင့်အင်း။ အမြဲတမ်း သူ့ဇနီးနဲ့ အတူလာတာ"

"သူ့ဇနီး … သူ့ဇနီးကရော ဘယ်လို ပုံမျိုးလဲ"

"ဆံပင်အရှည်နဲ့။ ရုပ်က တော်တော်လေး ချစ်စရာကောင်းတယ်။ ကြည့်ရတာ ဂျပန်စစ်စစ်တော့ ဟုတ်ပုံ မရဘူး။ ကပြား ဖြစ်မယ် ထင်တယ်"

မာရိုဘ အာယနဲ မဖြစ်နိုင်ဟု ကုစာနာဂိ တွေးသည်။ အာယနဲသည် စံထားလောက်သည့် ဂျပန်မိန်းမချောတစ်ယောက် ဖြစ်သည်။

"အသက်အရွယ်က …"

"သုံးဆယ် စွန်းစွန်းလောက် ရှိမယ် ထင်တယ်။ အဲဒီထက်လည်း နည်းနည်း ပိုကြီးနိုင်တယ်"

"သူတို့နှစ်ယောက်က သူတို့ကိုယ်သူတို့ လင်မယားလို့ ပြောထားလို့လား"

စားပွဲထိုးမလေးသည် တစ်ခဏမျှ စဉ်းစားပြီးနောက်

"အဲဒါလား … … ကျွန်မရဲ့ အထင်ပဲလားတော့ မပြောတတ်ဘူး။ ဒါပေမယ့် သူတို့ကို ကြည့်ရတာတော့ တကယ့်ကို လင်မယားတွေနဲ့ တူနေတယ်။ တစ်ယောက်ကိုတစ်ယောက်လည်း အတော်လေး ချစ်ကြတယ်။ ဈေးဝယ်ထွက်ပြီးအပြန် ဒီဆိုင်မှာ တစ်ထောက် ဝင်နားကြတယ်လို့ ကျွန်မစိတ်ထဲ ခံစားနေခဲ့မိတယ်"

"သူနဲ့ အတူပါလာတဲ့ အမျိုးသမီးအကြောင်းကို စောစောက ပြောခဲ့တာအပြင် တခြား ဘာတွေကိုရော မှတ်မိနေသေးလဲ။ ဘယ်လောက် အသေးအမွှားလေး ဖြစ်ဖြစ် ပြောပြပေးပါ"

စားပွဲထိုးမလေး၏ မျက်နှာတွင် သောက၏ အရိပ်အယောင်များ ယှက်သန်းလာသည်။ ဓာတ်ပုံထဲမှ လူကို သိပါသည်ဟု ပြောခဲ့မိသည့်အတွက် နောင်တရနေပြီလား မသိ။ ကုစာနာဂိ တွေးနေမိသည်။

“ကျွန်မရဲ့ စိတ်အထင် သက်သက်ပဲ ဖြစ်နေမလားတော့ မပြောတတ်ဘူး” စားပွဲထိုးမလေး၏ ပါးစပ်မှ အသံ ထစ်ငေါ့ထစ်ငေါ့ ထွက်ပေါ်လာသည်။

“အဲဒီအမျိုးသမီးက ပုံဆွဲတဲ့သူ ဖြစ်မယ် ထင်တယ်”

“ပုံဆွဲတဲ့သူ ... ပန်းချီဆရာကို ပြောတာလား”

စားပွဲထိုးမလေးက ခေါင်းညိတ်ပြသည်။ ထို့နောက် ကုစာနာဂိကို မော့ကြည့်ရင်း

“သူ့လက်ထဲမှာ တစ်ခါတလေကျရင် ပုံကြမ်းဆွဲစာအုပ် ဒါမှမဟုတ် ဒီလောက်အရွယ်ရှိတဲ့ လေးထောင့်ပုံ သေတ္တာတစ်လုံး ကိုင်ထားတတ်တယ်” ပြောပြီး သူသည် လက်နှစ်ဖက်ဖြင့် ၆၀ စင်တီမီတာခန့် ရှိသော လေးထောင့်ပုံသဏ္ဌာန်တစ်ခု လုပ်ပြသည်။

“စတုရန်းပုံ သေတ္တာအပြားလေး”

“အဲဒီအထဲမှာ ဘာထည့်ထားတာလဲ။ မြင်မိသေးလား”

“ဟင့်အင်း” သူက ခေါင်းငုံ့လျက် ပြောသည်။

ကုစာနာဂိက ပြန်တွေးကြည့်သည်။ မာရှိဘ ယိုရှီတာကာ၏ ရည်းစားဟောင်းသည် ပုံနှိပ်ထုတ်ဝေရေးနှင့် ပတ်သက်သည့် အလုပ်မျိုးကို လုပ်ကိုင်သည်ဟု ဟိရောမိထံမှ ကြားခဲ့ရသည်။ စာအုပ်လည်း ထုတ်ဝေခဲ့ဖူးသည်။ ပန်းချီဆရာက စာအုပ်ထုတ်လျှင် ပန်းချီစာအုပ်သာ ဖြစ်ရပေလိမ့်မည်။ သို့သော် စာဖတ်ပြီးနောက် ဖြစ်ပေါ်လာသည့် ခံစားချက်များကို ခဏခဏ မေးမြန်းခံရသောကြောင့် မာရှိဘ ယိုရှီတာကာသည် ထိုကိစ္စအတွက် အတော် စိတ်ညစ်ခဲ့ရသည်ဟုလည်း ဟိရောမိက ပြောခဲ့သေးသည်။ အကယ်၍သာ ပန်းချီစာအုပ် ဖြစ်လျှင် များစွာ စိတ်ညစ်ရလိမ့်မည် မဟုတ်။

“အဲဒါအပြင် တခြား မှတ်မိတာ ရှိသေးလား မသိဘူး” ကုစာနာဂိက မေးသည်။

စားပွဲထိုးမလေးသည် အတန်ငယ်မျှ စဉ်းစားနေပြီးနောက် ကုစာနာဂိကို စူးစမ်းလိုသောအကြည့်ဖြင့် လှမ်းကြည့်လိုက်သည်။

"သူတို့နှစ်ယောက်က လင်မယား မဟုတ်ဘူးလား"

"မဟုတ်လောက်ဘူး။ ဘာဖြစ်လို့ အဲဒီလို မေးရတာလဲ"

"ဟင့်အင်း။ ဘာရယ်မဟုတ်ပါဘူး" ပြောပြီး လက်တစ်ဖက်ကို မျက်နှာတွင် အပ်ထားသည်။

"ကျွန်မ မှတ်မိတာတော့ အဲဒီတုန်းက သူတို့နှစ်ယောက်က ကလေးအကြောင်းကို ဆွေးနွေးနေကြသလိုပဲ။ စောစောစီးစီး ကလေးယူချင်တာ ဘာညာ ပြောနေကြတာ။ ဒါပေမယ့် ကျွန်မ ယတိပြတ်တော့ မပြောနိုင်ဘူး။ တခြားလင်မယားနဲ့ ရောသွားတာလည်း ဖြစ်ချင် ဖြစ်နိုင်တယ်"

စားပွဲထိုးမလေး၏ လေသံမှာ ဝေဝေဝါးဝါး ဖြစ်နေသော်ငြားလည်း ကုစာနာဂိသည် ထိုကလေးမလေး၏ မှတ်ဉာဏ်ကို အပြည့်အဝ ယုံကြည်နေမိသည်။ မှားယွင်း လွဲချော်နိုင်စရာ အကြောင်းမရှိ။ မာရိုဘ ယိုရှီတာကာနှင့် ထိုစဉ်က ရည်းစားဟောင်းတို့၏ အကြောင်းသာ ဖြစ်ရပေမည်။

သဲလွန်စ တွေ့ချေပြီတကား။ ကုစာနာဂိ၏ ရင်ထဲ မြူးကြွ ပျော်ရွှင်လာသည်။ သူသည် စားပွဲထိုးမလေးကို ကျေးဇူးတင်စကား ပြောကြားပြီးနောက် လက်ဖက်ရည်ခွက်ဆီသို့ လက်လှမ်းလိုက်သည်။ ခွက်မှာ အေးစက်နေသည်။ သို့သော် အချိုခြောက်၏ မွှေးမြသည့် ရနံ့နှင့် နွားနို့၏ ချိုစိမ့်သော အရသာတို့သည် ဆန်းကြယ်စွာ ပေါင်းစပ်ယှက်နွယ်နေကြသည်။

လက်ဖက်ရည်ကို တစ်ဝက်ခန့်မျှ သောက်ပြီး ပန်းချီဆရာမအား မည်သို့ ရှာထုတ်ရမည်ကို စတင် စဉ်းစားနေစဉ်မှာပင် လက်ကိုင်ဖုန်းမှ အသံမြည်လာသည်။ ဖုန်းစခရင်ကို ငုံ့ကြည့်လိုက်သည်။ ခေါ်လာသူမှာ ယုကာဝါ။ ကုစာနာဂိသည် ဘေးဘီသို့ တစ်ချက် ဝေ့ကြည့်ပြီး ဖုန်းကို လက်ခံလိုက်သည်။

"အေး၊ ပြော"

"ငါပါ။ အခု ဖုန်းပြောလို့ အဆင်ပြေလား"

"ပြေတယ်။ ဒါပေမယ့် အခု ငါရောက်နေတဲ့ နေရာက ဖုန်းကျယ်ကျယ် ပြောလို့ မရဘူး။ အတော်တော့ ထူးဆန်းတာပဲ။ မင်းက ငါ့ကို တကူးတက ဖုန်းဆက်လာတယ် ဆိုတော့။ ပြောလေ။ ဘာကိစ္စလဲ"

“ငါ မင်းကို ပြောစရာ ရှိတယ်။ ဒီနေ့ ငါ့ကို အချိန်ပေးနိုင်မလား”

“အရေးကြီးတဲ့ ကိစ္စ ဆိုရင်တော့ မရရအောင် အချိန်ပေးရမှာပေါ့။ ဘာထူးလို့လဲ”

“အကြောင်းအရာ အတိအကျကိုတော့ လူချင်းတွေ့မှပဲ ပြောတော့မယ်။ အခု လတ်တလော ပြောနိုင်တာကတော့ မင်းရဲ့ အလုပ်နဲ့ သက်ဆိုင်နေတယ် ဆိုတာပဲ”

ကုစာနာဂိက သက်ပြင်းချလိုက်သည်။

“မင်းနဲ့ ဥက္ကမြိက ဘာတွေ ခိုးကြောင်ခိုးဝှက် လုပ်နေကြတာလဲ”

“ဟ၊ ခိုးကြောင်ခိုးဝှက် လုပ်နေတယ် မဖြစ်အောင်လို့ မင်းဆီ ဖုန်းဆက်တာပေါ့ကွ။ မင်း လာမလား၊ မလာဘူးလား”

စတိုင်တစ်ခွဲသားနှင့် စကားပြောနေသော ယုကာဝါ၏ ပုံပန်းသဏ္ဌာန်ကို မြင်ယောင်ကြည့်မိသည့် အခါတွင် ကုစာနာဂိက မဲ့ပြုံးပြုံးလိုက်သည်။

“အေးပါကွာ။ ဘယ်ကို လာတွေ့ရမလဲ”

“နေရာကို မင်း ရွေး။ ဒါပေမယ့် ဆေးလိပ်မသောက်ရတဲ့ နေရာမျိုးတော့ ဖြစ်ပါစေ”

ယုကာဝါသည် ဘာကိုမျှ ဂရုမစိုက်ဘဲ သူပြောချင်ရာကို ပြောချလိုက်သည်။

သူတို့နှစ်ဦးသည် ရှီနာဂါဝါဘူတာအနီးရှိ ကော်ဖီဆိုင်တစ်ဆိုင်တွင် တွေ့ဆုံကြသည်။ ၎င်းနေရာသည် အာယနဲ တည်းခိုနေသည့် ဟိုတယ်နှင့်လည်း အလွန်နီးသည်။ အကယ်၍သာ ယုကာဝါနှင့် စကားဝိုင်းကို ခပ်မြန်မြန် ဖြတ်နိုင်ခဲ့မည် ဆိုလျှင် အာယနဲထံသို့ သွားပြီး ပန်းချီဆရာမအကြောင်း မေးမြန်းဦးမည်ဟု သူ ကြံစည်ထားသည်။

ကော်ဖီဆိုင်ထဲသို့ ဝင်လိုက်သည်နှင့် ဆေးလိပ်သောက်ခွင့် မရှိသော ဇရိယာ၏ အတွင်းဘက် အကျဆုံး ထိုင်ခုံတွင် ထိုင်နေသော ယုကာဝါကို တွေ့မြင်လိုက်ရသည်။ မဂ္ဂဇင်းဟု ယူဆရသော စာစောင်တစ်ခုကို လှန်လှောနေသည်။ မကြာခင် ဆောင်းဝင်ပေတော့မည်။ သူသည်

ရှပ်လက်တိုတစ်ထည်ကိုသာ ဝတ်လျက် နံဘေးရှိ ထိုင်ခုံအလွတ်ပေါ်တွင် အနက်ရောင် သားရေအိတ်တစ်လုံးကို တင်ထားသည်။

ကုစာနာဂိက သူ့အရှေ့သို့ လျှောက်သွားသည်တွင် သူသည် ခေါင်းကိုပင် တစ်ချက်ကလေးမျှ မော်မကြည့်ပေ။

"ဘာတွေများ အဲဒီလောက် စိတ်ဝင်စားစရာ ကောင်းနေလို့လဲ" ကုစာနာဂိသည် ထိုင်ခုံကို ဆွဲယူရင်း ပြောလိုက်သည်။

ယုကာဝါ၏ မျက်နှာပေါ်တွင် အံ့အားသင့်သွားသည့် အရိပ်အယောင်ကို တစ်စက်ကလေးမျှ မတွေ့ပေ။ ဖတ်လက်စ စာစောင်ကို လက်ညှိုးထိုးလျက်က "ဒိုင်နိုဆောနဲ့ ပတ်သက်တဲ့ ဆောင်းပါးပါကွာ။ ကျောက်ဖြစ်ရုပ်ကြွင်းတွေကို CT scan နဲ့ ဖတ်တဲ့ နည်းပညာအကြောင်း ရေးထားတာ" ဆိုင်ထဲသို့ ကုစာနာဂိ ဝင်လာကတည်းက သူ ရိပ်မိထားပြီး ဖြစ်ပေလိမ့်မည်။

"သိပ္ပံမဂ္ဂဇင်းလား။ ဒိုင်နိုဆောရဲ့ အရိုးကို CT scan နဲ့ ဖတ်တော့ရော ဘာထူးသွားမှာမို့လဲ"

"အရိုးမဟုတ်ဘူး။ ကျောက်ဖြစ်ရုပ်ကြွင်းကို ဖတ်တာ" ယုကာဝါသည် ယခုမှ ခေါင်းမော့ကြည့်လာသည်။ လက်ညှိုးထိပ်ဖြင့် မျက်မှန်ကိုင်းကို အထက်သို့ ပင့်တင်လိုက်သည်။

"အတူတူပဲလေကွာ။ အဲဒီ ဒိုင်နိုဆောရဲ့ ကျောက်ဖြစ်ရုပ်ကြွင်းတွေဆိုတာ အရိုးတွေပဲ မဟုတ်ဘူးလား"

ယုကာဝါသည် မျက်လုံးကို မှေးစင်းကာ ရယ်ချလိုက်သည်။

"မင်းဆိုတဲ့ ကောင်ကတော့ကွာ။ ငါ့ကို မျှော်လင့်ချက်မဲ့အောင်တော့ ဘယ်တော့မှ မလုပ်တတ်ဘူး။ ငါ မျှော်လင့်ထားတဲ့ အဖြေကို အမြဲတမ်း ရွေးဖြေတတ်တယ်"

"မင်းက ငါ့ကို ရွဲ့နေတာလား"

စားပွဲထိုးသည် သူတို့အနားသို့ ရောက်လာသည်။ ကုစာနာဂိက ခရမ်းချဉ်သီးဖျော်ရည် တစ်ခွက် မှာလိုက်သည်။

"အရင်တုန်းက အဲဒီလိုဟာမျိုး တစ်ခါမှ မမှာဖူးပါဘူး။ ဘာလဲ။ ကျန်းမာရေးကို အလေးထားလာတဲ့ သဘောလား"

"တော်ပါကွာ။ ငါက လက်ဖက်ရည်နဲ့ ကော်ဖီကို မသောက်ချင်တော့တာ။ ဒါနဲ့ ... ဘာကိစ္စလဲ။ ပြောစရာရှိတာသာ မြန်မြန် ပြောပေတော့"

"ငါက မင်းနဲ့ ကျောက်ဖြစ်ရုပ်ကြွင်း ကိစ္စကို ဆွေးနွေးကြည့်ချင်သေးတာ။ ထားပါတော့ကွာ" ယုကာဝါသည် ကော်ဖီခွက်ကို ကောက်ကိုင်လိုက်သည်။

"အဆိပ်ခတ်ပုံ ခတ်နည်းနဲ့ ပတ်သက်ပြီး ထ.ရ.ဖဆီက မင်း ကြားပြီးပြီ မဟုတ်လား"

"ကြားပြီးပြီ။ မင်း ယူဆထားတဲ့ နည်းလမ်းက သဲလွန်စ မကျန်ဘဲ မနေဘူး။ ဒါကြောင့် ဒီအမှုမှာ အသုံးချဖို့ လုံးဝ မဖြစ်နိုင်ဘူးတဲ့။ ငါတို့ရဲ့ စုံထောက်ဝိဇ္ဇာကြီး ဂယ်လီလီယိုတောင် အမှားလုပ်တတ်သေးတာပဲနော်။ တကယ် မထင်ရဘူး"

"'မကျန်ဘဲ မနေဘူး' ဆိုတဲ့ စကားနဲ့ 'အသုံးချဖို့ လုံးဝ မဖြစ်နိုင်ဘူး' ဆိုတဲ့ စကားတွေက သိပ်တော့ သိပ္ပံနည်းမကျဘူးကွ။ နောက်ပြီး ပြောရဦးမယ်။ လူတစ်ယောက်က အဆိုကြမ်းတစ်ခု တင်ပြပြီး အဲဒီ အဆိုကြမ်းကို မှားကြောင်း သက်သေပြနိုင်တာနဲ့ပဲ အဲဒီလူကို အမှားလုပ်တယ်လို့ ပြောလို့ မရဘူး။ ဒါပေမယ့် မင်းက သိပ္ပံပညာရှင် မဟုတ်လေတော့ မင်းနဲ့ ဆက်ငြင်းမနေချင်တော့ဘူး"

"တကယ်လို့ အနာပေါ် တုတ်ကျသွားတယ် ဆိုရင်လည်း ပွင့်ပွင့်လင်းလင်း ပြောလို့ ရပါတယ်ကွာ"

"ငါ ရှုံးသွားပြီလို့ မင်းက ဆိုလိုချင်တာလား။ ငါဖြင့် တစ်စက်ကလေးမှ အဲဒီလို မခံစားရပါဘူးကွာ။ အဆိုကြမ်းကို တွန်းလှန်ဖယ်ရှားပစ်နိုင်တယ် ဆိုတာကိုက အောင်မြင်မှု တစ်ခုပဲ။ အဲဒီလိုမှလည်း ကျန်ခဲ့တဲ့ ဖြစ်နိုင်ခြေတွေက နည်းသထက် နည်းသွားမှာ။ ကော်ဖီထဲ အဆိပ်ခတ်နိုင်တဲ့ နည်းလမ်းက အခုဆို တစ်ခု ထပ်လျော့သွားပြီ"

ခရမ်းချဉ်သီး ဖျော်ရည်တစ်ခွက် ရှေ့သို့ ရောက်လာသည်။ ကုစာနာဂိသည် စုတ်ပိုက်ကို မသုံးဘဲ ဂလုဂလုမြည်အောင် တစ်ကျိုက် မော့ချလိုက်သည်။ ယခင်က လက်ဖက်ရည်ကိုသာ တောက်လျှောက် သောက်လာခဲ့ရသောကြောင့် ခရမ်းချဉ်ဖျော်ရည်သည် သူ၏ လျှာပေါ်မှ ရသာဖုလေးများကို သစ်ဆန်းသော

ထိုးနှက်ချက်များ ဆောင်ကြဉ်းပေးသွားသည်။

"အဆိပ်ခတ်နိုင်တဲ့ နည်းလမ်းက တစ်ခုပဲ ရှိတယ်" ကုစာနာဂိက ပြောသည်။

"တစ်ယောက်ယောက်က ရေခရားအိုးထဲကို အဆိပ်ထည့်ခဲ့တယ်။ အဲဒီလူက ဝါကာယာမာ ဟိရောမိ မဟုတ်ဘူးဆိုရင် တနင်္ဂနွေနေ့က မာရှိဘာ ယိုရှီတာကာကိုယ်တိုင် အိမ်ထဲ ခေါ်သွင်းခဲ့တဲ့ လူတစ်ယောက် ဖြစ်မှာပဲ"

"ဒီလိုဆို မင်းက ရေထဲ အဆိပ်ခတ်တဲ့ ဖြစ်နိုင်ခြေကို ငြင်းပယ်လိုက်တယ် ဆိုပါတော့"

ယုကာဝါ၏ စကားကို ကြားရသည့်အခါတွင် ကုစာနာဂိက နှုတ်ခမ်းကို မဲ့လိုက်သည်။

"ထ.ရ.ဖနဲ့ ဓာတ်ခွဲဌာနကို ငါ ယုံတယ်။ သူတို့က ပလတ်စတစ်ဗူးခွံထဲမှာ အဆိပ်မတွေ့ဘူး ဆိုတော့ ရေထဲမှာ အဆိပ်မရှိဘူး ဆိုတဲ့ သဘောပဲပေါ့"

"အဲဒီပလတ်စတစ်ဗူးတွေကို ဆေးကြောထားတာ ဖြစ်နိုင်တယ်လို့ ဥက္ကဋ္ဌမိက ယူဆသတဲ့လေ"

"ငါ ကြားပြီးပြီ။ လုပ်ကြံခံရသူ ကိုယ်တိုင်က ဆေးကြောထားတာလို့ သူ ပြောခဲ့တာ မဟုတ်လား။ ငါ လောင်းရဲတယ်ကွာ။ ဒီလောကမှာ ဘယ်သူကများ ရေထည့်တဲ့ ဗူးခွံကို ဆေးမှာတဲ့လဲ"

"ဒါပေမယ့် ဖြစ်နိုင်ခြေ လုံးဝ မရှိဘူးလို့ ပြောလို့ မရဘူးလေ"

ကုစာနာဂိက ဟွန့်ကနဲ နှာမှုတ်လိုက်သည်။

"အင်မတိ အင်မတန်မှ ဖြစ်နိုင်ခြေ နည်းတဲ့အပေါ်မှာ မင်းက လောင်းကြေးတင်မလို့လား။ အဲဒါဆိုလည်း မင်း သဘောပဲ။ ငါကတော့ ပိုပြီး သေချာတဲ့ အပိုင်းကနေပဲ လောင်းမယ်"

"မင်း အခု သွားနေတဲ့ လမ်းကြောင်းက ပိုပြီး တည်ငြိမ်စေ့စပ်တယ် ဆိုတာကို ငါ ဝန်ခံပါတယ်။ ဒါပေမယ့် ဘယ်နေရာမှာပဲဖြစ်ဖြစ် ခွင်းချက်ဆိုတာ ရှိစမြဲပဲ မဟုတ်လား။ အဲဒီလို ဖြစ်နိုင်ခြေ သေးသေးမွှားမွှားလေးကို

ခြေရာကောက်ရတာကလည်း သိပ်ပွဲလောကမှာ မရှိမဖြစ် လိုအပ်တာပဲ” ယုကာဝါသည် လေးနက်တည်ကြည်သော အကြည့်တစ်စုံဖြင့် သူ့ကို ကြည့်နေသည်။

“ငါ မင်းကို အကူအညီ တောင်းစရာ ရှိတယ်”

“ဘာလဲ”

“ငါ မာရှိဘအိမ်ကို နောက်တစ်ခေါက် သွားကြည့်ချင်သေးတယ်။ ငါ့ကို ဝင်လို့ရအောင် မင်း လုပ်ပေးနိုင်မလား။ သူတို့ရဲ့ အိမ်သော့က မင်းနဲ့အတူ ထပ်ကြပ်မကွာ ရှိနေသေးတယ် ဆိုတာကို ငါ သိထားပြီးသား”

ကုစာနာဂိသည် လူထူးလူဆန်း ရူပဗေဒပညာရှင်ကို မျက်လုံးပင့်ကြည့်လိုက်သည်။

“မင်းက ဘာကြည့်ချင်သေးလို့လဲ။ လွန်ခဲ့တဲ့ နှစ်ရက်က ဥကျုမိနဲ့အတူ ကြည့်ခဲ့ပြီးပြီ မဟုတ်ဘူးလား”

“အခု အမှုကို ကြည့်တဲ့ ရှုထောင့်က အရင်နဲ့ မတူတော့ဘူး”

“ဘယ်လို မတူတာလဲ”

“ငါရဲ့ အတွေးက ရိုးရိုးလေးပါပဲ။ ငါ အမှားတစ်ခုခု လုပ်ခဲ့ပုံ ရတယ်။ ဒါကြောင့် သေချာအောင် နောက်တစ်ခေါက် ထပ်ကြည့်ချင်တယ်”

ကုစာနာဂိသည် စားပွဲကို လက်ချောင်းဖြင့် တဒေါက်ဒေါက် ခေါက်နေသည်။

“ဘာတွေလဲကွာ။ ဒီထက်ရှင်းအောင် ပြောလို့ မရဘူးလား”

“ဟိုဘက်ရောက်လို့ ငါ့အမှားကို အတည်ပြုနိုင်ရင် မင်းကို ပြောပြမယ်။ အဲဒီလို လုပ်တာကလည်း မင်း ကောင်းဖို့ အတွက်ပဲ”

ကုစာနာဂိသည် ထိုင်ခုံပေါ် မှီချပြီး သက်ပြင်းချလိုက်သည်။

“မင်း ဘာတွေ အကြံကြီး ကြံနေတာလဲ။ မင်းနဲ့ ဥကျုမိက ဘယ်လိုများ အပေးအယူ လုပ်ထားကြတာလဲ”

“အပေးအယူ … မင်းဟာက ဘာအဓိပ္ပာယ်လဲ” ယုကာဝါက ရယ်နေသည်။

“အတွေးမခေါင်စမ်းပါနဲ့ကွာ။ ငါ မင်းကို အရင်က ပြောခဲ့ဖူးသလိုပေါ့။ သိပ္ပံပညာရှင်တစ်ယောက်အနေနဲ့ ငါက ပဟေဠိတွေကို စိတ်ဝင်စားတယ်။ ဒါကြောင့် အဲဒါကို ဖြေရှင်းဖို့ ကြိုးစားကြည့်တယ်။ ဒါပဲ။ စိတ်ဝင်စားမှု ပျောက်သွားတာနဲ့ ဂဲတောက်ပေါ့ကွာ။ အခု နောက်ဆုံး ဆုံးဖြတ်ချက်ကို ချဖို့အတွက် အဲဒီအိမ်ကို ထပ်သွားဖို့ လိုနေတယ်။ ဒါကြောင့် မင်းကို အကူအညီ တောင်းရတာပဲ”

ကုစာနာဂိသည် သူငယ်ချင်းဟောင်းကြီး၏ မျက်လုံးအစုံကို မျက်တောင်မခတ်ဘဲ ခင်တင်းတင်း စိုက်ကြည့်နေသည်။ သို့တစေ ယုကာဝါမှာမူ ခါတိုင်းကဲ့သို့ အေးတိအေးစက် မျက်နှာထားဖြင့် သူ့ကို ပြန်ကြည့်နေလေသည်။

ယုကာဝါ မည်သို့မည်ပုံ စဉ်းစားကြံစည်နေသည်ကို ကုစာနာဂိ မတွေးဆတတ်အောင် ဖြစ်နေရသည်။ သို့သော် ယင်းသို့ ဖြစ်နေရခြင်းမှာလည်း အထူးအဆန်းတော့ မဟုတ်။ ယခင်ကလည်း ဘာမှန်းမသိသည့် အခြေအနေမျိုးမှာပင် ယုကာဝါကို အပြည့်အဝ ယုံကြည်ခဲ့သောကြောင့် အကူအညီပေါင်း များစွာကို ရရှိခဲ့ဖူးပြီး ဖြစ်သည်။

“ငါ မစ္စစ်မာရိုဘဆီ ဖုန်းဆက်ကြည့်လိုက်ဦးမယ်။ ခဏစောင့်” ကုစာနာဂိသည် လက်ကိုင်ဖုန်းကို ဆွဲထုတ်ရင်း မတ်တတ်ထရပ်လိုက်သည်။

အဝေးသို့ လျှောက်သွားပြီး ဖုန်းခလုတ်များကို နှိပ်ချလိုက်သည်။ အာယနဲက ဖုန်းလက်ခံလိုက်သည့် အခါတွင် သူသည် ပါးစပ်ကို လက်ဖြင့် အုပ်လျက် ယခုအချိန် မာရိုဘအိမ်သို့ သွားကြည့်၍ ဖြစ်မဖြစ် မေးကြည့်လေသည်။

“တောင်းပန်ပါတယ်ဗျာ။ နေရာတစ်နေရာကို ကျွန်တော်တို့ အခုသွားစစ်ဆေးကြည့်ဖို့ လိုအပ်နေလို့ပါ”

အာယနဲထံမှ သက်ပြင်းချသံ ခပ်သဲ့သဲ့ကို သူ ကြားလိုက်ရသည်။

“ဆရာ့အနေနဲ့ အခုလို အားတောင့်အားနာ ဖြစ်နေဖို့ မလိုပါဘူးရှင်။ စုံစမ်းထောက်လှမ်းတယ် ဆိုတာက လုပ်ကို လုပ်ရမယ့် ကိစ္စပဲ မဟုတ်လား။ ဆရာတို့ လုပ်စရာ ရှိတာသာ လုပ်ပါ”

“ကျေးဇူးပါပဲ။ ကျွန်တော် လမ်းကြုံတုန်း ပန်းပင်တွေကိုပါ

ရေလောင်းပေးလိုက်ပါ့မယ်”

“ကျေးဇူးပါပဲရှင်။ အတိုင်းထက်အလွန်ပဲပေါ့”

ဖုန်းချပြီးနောက် ကုစာနာဂိက နေရာသို့ ပြန်ထိုင်သည်။ ယုကာဝါသည် သူ့ကို မျက်တောင်မခတ်တမ်း အကဲခတ်နေသည်ကို တွေ့လိုက်ရသည်။

“ဘာပြောချင်လို့လဲ”

“ဖုန်းဆက်တာပဲကွာ။ အဝေးကြီး သွားနေစရာ လိုလို့လား။ ငါ မကြားစေချင်တဲ့ စကားများ ပြောနေလို့လား”

“မဖြစ်နိုင်တာ ... သူ့အိမ်ကို ငါတို့ ဝင်ကြည့်ဖို့ သူ့ကို ခွင့်ပြုချက်တောင်းရုံ သက်သက်ပါပဲ”

“ဩော်”

“ဘာတုံး ... ဘာဖြစ်ရပြန်တာလဲ”

“ဘာမှ မဟုတ်ပါဘူး။ ငါ စဉ်းစားနေတာ။ မင်း စောစောက ဖုန်းဆက်နေတဲ့ ပုံစံက ဈေးဝယ်နဲ့ အဆက်အသွယ် လုပ်နေတဲ့ အရောင်းသမားပုံ ပေါက်နေလို့။ အဲဒီလောက်တောင် မျက်နှာချို သွေးနေစရာ လိုလို့လား”

“ငါတို့က အိမ်ရှင် အိမ်မှာ မရှိတဲ့အချိန်မှာ သူ့အိမ်ကို ဝင်ကြရမှာလေကွာ။ ဒီတော့ ယဉ်ယဉ်ကျေးကျေးနဲ့ အခွင့်တောင်းရမှာပေါ့” ကုစာနာဂိသည် စားပွဲပေါ်မှ ဘောလ်စာရွက်ကို ကောက်ယူလိုက်သည်။

“လာ သွားမယ်။ အချိန်မရှိဘူး”

သူတို့ နှစ်ဦးသည် ဘူတာရုံရှေ့တွင် တက္ကစီတစ်စီး ငှားလိုက်ကြသည်။ ယုကာဝါသည် ကားပေါ်သို့ ရောက်သည်နှင့် ဖတ်လက်စ သိပ္ပံမဂ္ဂဇင်းကို လှန်လှောနေတော့သည်။

“ဒိုင်နိုဆောရဲ့ ကျောက်ဖြစ်ရုပ်ကြွင်းတွေက အရိုးတွေပဲလို့ မင်း စောစောက ပြောခဲ့တယ်နော်။ အဲဒီအယူအဆထဲမှာ အင်မတန် ကြီးမားတဲ့ ဟာကွက်တစ်ခု

ကပ်ပါနေတယ်။ အဲဒါကြောင့်လည်းပဲ ကျောက်ဖြစ်ရုပ်ကြွင်း ပညာရှင် အများစုက တန်ဖိုးမဖြတ်နိုင်တဲ့ အရင်းအမြစ် အတော်များများကို ဖြုန်းတီးမိခဲ့ကြတယ်”

ကုစာနာဂိသည် ဤကိစ္စကို ထိပ်တိုက်ဆွေးနွေးရန် ဆန္ဒမရှိလှသော်လည်း ယုကာဝါနှင့် စကားစမြည်ပြောရန် ဆုံးဖြတ်လိုက်သည်။

“ဒါပေမယ့် ပြတိုက်တွေမှာ တွေ့ရတဲ့ ဒိုင်နိုဆော ကျောက်ဖြစ်ရုပ်ကြွင်းတွေ အားလုံးက အရိုးတွေချည်းပဲ မဟုတ်ဘူးလား”

“ဟုတ်တယ်။ အရိုးတွေပဲ ကျန်ခဲ့လိမ့်မယ်လို့ လူတွေက သိထားကြတာလေ။ ဒါကြောင့် ကျန်တာအကုန်လုံးကို လွှင့်ပစ်လိုက်ကြတယ်”

“မင်းစကားက ဘာအဓိပ္ပာယ်လဲ”

“ဆိုကြပါစို့ကွာ။ တွင်းကြီးတစ်တွင်း တူးပြီး အထဲမှာ ဒိုင်နိုဆောအရိုးတွေကို တွေ့လာရပြီ ဆိုပါစို့။ အဲဒီအခါ သုတေသီတွေက ဝမ်းသာအယ်လဲနဲ့ အသည်းအသန် တူးဖော်ကြတယ်။ အရိုးတွေမှာ ကပ်နေတဲ့ မြေမှုန်တွေကို ပြောင်သလင်းခါသွားအောင် သန့်ရှင်းပစ်ကြတယ်။ ပြီးတော့ အဲဒါတွေ အားလုံးကို ဆက်ပြီး ဒိုင်နိုဆော အရိုးခွံကြီးတစ်ခု ဖန်တီးတယ်။ တီရန်နိုဆောရပ်စ်ရဲ့ မေးရိုးက ဒီလိုပါလား။ ရှေ့လက်တွေက ဒီလောက် တိုပါလား။ စသဖြင့် လေ့လာချက်တွေကို စတင် လုပ်ဆောင်ကြတယ်။ ဒါပေမယ့် သူတို့ မသိတာက သူတို့ဟာ အင်မတန် ဆိုးရွားပြင်းထန်တဲ့ အမှားကြီးတစ်ခုကို ကျူးလွန်ခဲ့မိပြီလို့ သူတို့ မသိကြဘူး။ ၂၀၀၀ ပြည့်နှစ်က သုတေသနအဖွဲ့တစ်ဖွဲ့ဟာ တူးဖော်တွေ့ရှိထားတဲ့ ကျောက်ဖြစ်ရုပ်ကြွင်းရဲ့ အပေါ်မှာ တွယ်ကပ်နေတဲ့ ရွှံ့မြေတွေကို ရှင်းလင်းဖယ်ရှား မပစ်ဘဲ အတုံးအခဲလိုက်ယူပြီး CT Scan ဖတ်ကြည့်ကြတယ်။ ဘာတွေ တွေ့လာရသလဲ သိလား။ သူတို့ရဲ့ နှလုံးကို တွေ့ရှိခဲ့တယ်။ အရိုးတွေရဲ့ ကြားမှာ တွယ်ကပ်နေတဲ့ မြေစိုင်မြေခဲတွေက သတ္တဝါကြီးရဲ့ ကိုယ်တွင်းကလီစာတွေကို လုံးဝ ပုံမပျက်အောင် ထိန်းသိမ်းပေးထားခဲ့တယ်။ အဲဒီနေ့ကစပြီး ကျောက်ဖြစ်ရုပ်ကြွင်းတွေ အားလုံးကို CT Scan ဖတ်တဲ့ အလေ့အကျင့်က စံလုပ်ထုံးတစ်ခု ဖြစ်လာခဲ့တယ်”

ကုစာနာဂိ၏ တုံ့ပြန်မှုက အနည်းငယ် တုံ့ဆိုင်းနေသည်။ သူသည် ‘အင်း’ တစ်ချက် ထူးကာ

“အတော်တော့ စိတ်ဝင်စားစရာ ကောင်းတာပဲ။ ဒါပေမယ့် အဲဒါက ဒီအမှုနဲ့

ဘယ်လိုများ ပတ်သက်နေလို့လဲ။ ဒါမှမဟုတ် ဇဟာသုတဖြစ်အောင် ပြောပြရုံ သက်သက်ပဲလား”

“အဲဒီအကြောင်းကို စသိတဲ့ အချိန်တုန်းက ငါ ဘာစဉ်းစားမိသလဲ ဆိုတော့ အဲဒါကို နှစ်ပေါင်း အသိန်းအသန်းချီပြီး လုပ်ယူထားတဲ့ ဆန်းကြယ်တဲ့ သဘာဝတရားကြီးရဲ့ လှည့်ကွက်တစ်ခုပဲ။ ဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်းတွေကို ရှာတွေ့ပြီး မြေစိုင်မြေခဲတွေ အားလုံးကို ရှင်းထုတ်ပစ်ခဲ့တဲ့ သုတေသီတွေကို ငါတို့အနေနဲ့ အပြစ်ပြောလို့ မရဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ အရိုးတွေချည်း ကျန်ခဲ့မယ် ဆိုတဲ့ အယူအဆကလည်း သဘာဝနိယာမတရားနဲ့ ကိုက်ညီနေတယ်။ သုတေသီတစ်ယောက်ရဲ့ တာဝန်က အဲဒီအရိုးတွေကို မြေပေါ်ရောက်အောင် တူးထုတ်ပြီး ပြီးပြည့်စုံတဲ့ ရုပ်သဏ္ဍာန်တစ်ခု ဖြစ်အောင် ပြန်လည် တည်ဆောက်ရတာ မဟုတ်လား။ ဒါ သဘာဝကျတယ်လေ။ ဒါပေမယ့် သူတို့ လုံးဝ ထင်မှတ်မထားခဲ့မိတာက ဘာမှ အသုံးမဝင်ပါဘူး ဆိုပြီး သူတို့ စွန့်ပစ်ခဲ့တဲ့ မြေစိုင်မြေခဲတွေမှာ ပိုပြီး အဓိပ္ပာယ် ပြည့်ဝတဲ့ တန်ဖိုးတစ်ခု ရှိနေကြတယ်”

ယုကာဝါသည် မဂ္ဂဇင်းကို ပြန်ပိတ်လိုက်သည်။

“ဖယ်ထုတ်နည်း ဆိုတာကို ငါ့ပါးစပ်ဖျားကနေ မချဘဲ အမြဲ ပြောနေခဲ့တယ် မဟုတ်လား။ ဖြစ်နိုင်ခြေ ရှိတဲ့ အဆိုကြမ်းတွေကို တစ်ခုပြီးတစ်ခု ဖြိုဖျက်နိုင်အောင် ကြိုးစား။ နောက်ဆုံးကျရင် တစ်ခုတည်းသော အမှန်တရားကို ရှာတွေ့နိုင်လိမ့်မယ်။ ဒါပေမယ့် အဆိုကြမ်း သတ်မှတ်တဲ့ နည်းလမ်းကိုယ်နှိုက်မှာကိုက အခြေခံကျတဲ့ အမှားမျိုး ပါနေတတ်တယ်။ အဲဒီလို အမှားမျိုး ပါသွားပြီ ဆိုရင်တော့ အင်မတန်မှ အန္တရာယ်များတဲ့ ရလဒ်မျိုး ထွက်လာတော့တာပဲ။ တစ်နည်းပြောရရင် ဒိုင်နိုဆောရဲ့ အရိုးတွေကိုပဲ အလေးထားလွန်း အားကြီးသွားရင် ပိုပြီး အရေးပါတဲ့ ပစ္စည်းတွေကို စွန့်ပစ်မိလျက်သား ဖြစ်သွားနိုင်တယ်”

ယခုမှ ကုစာနာဂိ နားလည်သဘောပေါက်သွားသည်။ ယုကာဝါ၏ စကားသည် အမှုနှင့် လုံးဝ မသက်ဆိုင်သော စကားမျိုး မဟုတ်ပေ။

“မင်း ဆိုလိုချင်တာက … ငါတို့ အဆိပ်ခတ်တဲ့နည်းကို စဉ်းစားတဲ့နေရာမှာ အမှားတစ်ခုခု ကျူးလွန်မိခဲ့တယ်။ အဲဒီလိုလား”

“အဲဒီကိစ္စကို ငါ အခု သွားစစ်ကြည့်မလို့ပဲ။ ဒီတရားခံက အစွမ်းအစ ရှိတဲ့ သိပ္ပံပညာရှင်တစ်ယောက် ဖြစ်ချင် ဖြစ်နေမှာ”

ယုကာဝါ၏ စကားက သူ့ကိုယ်သူ ပြန်ပြောနေသည့်နှယ်။

မာရိုဘာအိမ်တွင် လူတစ်ဦးတစ်ယောက်မျှ မရှိ။ ကုစာနာဂိသည် အိတ်ကပ်ထဲမှ သော့ကို ဆွဲထုတ်လိုက်သည်။ ဤအိမ်တွင် သော့နှစ်စုံ ရှိသည်။ တကယ်တော့ အာယနဲကို ပြန်ပေးဖို့ အချိန်တန်ပြီ။ ကုစာနာဂိကလည်း သော့ပြန်ပေးရန် ဟိုတယ်သို့ ရောက်သွားခဲ့သည်။ သို့သော် အာယနဲက နောင်အသုံးလိုလျှင် လိုလာနိုင်သေးသည်ဟု ဆိုကာ သော့တစ်စုံကို ကုစာနာဂိ၏ လက်အတွင်းသို့ ပြန်လည် အပ်နှံခဲ့သည်။ အာယနဲကလည်း လတ်တလောအချိန်တွင် ထိုအိမ်သို့ ပြန်နေရန် အစီအစဉ် မရှိသေးဟု ဆိုသည်။

"ဈာပနအခမ်းအနားက ပြီးသွားပြီ မဟုတ်ဘူးလား။ မစ္စစ်မာရိုဘာက အိမ်ပြန်ပြီး သူ့ယောက်ျားအတွက် ကန်တော့စင်တွေ ဘာတွေ လုပ်ဖို့ အစီအစဉ် မရှိဘူးလား"

ယုကာဝါသည် ဖိနပ်ချွတ်ရင်း မေးလိုက်သည်။

"ငါ မင်းကို ပြောဖူးမှာပါ။ မစ္စတာမာရိုဘာက ဘာသာရေး အယူအဆတွေကို အယုံအကြည် ရှိတာ မဟုတ်ဘူး။ ဒါကြောင့် အသုဘရှုအစား ပန်းကပ်တဲ့ အခမ်းအနားကိုပဲ လုပ်ပေးခဲ့တာ။ မီးသာ သင်္ဂြိုဟ်လိုက်တာ။ ရက်လည်လုပ်ဖို့ အစီအစဉ် ရှိပုံ မရဘူး"

"အဲဒီလိုလား။ သဘာဝကျပါတယ်။ ငါ သေရင်လည်း အဲဒီအတိုင်းပဲ လုပ်ပေးကွာ"

"မပူနဲ့။ မင်းဆန္ဒအတိုင်း ငါ ကိုယ်တိုင်ဦးစီးပြီး လုပ်ပေးမယ်"

အိမ်ထဲသို့ ရောက်သည်နှင့် ယုကာဝါသည် လျှောက်လမ်းအတိုင်း တန်းတန်းမတ်မတ် လျှောက်ဝင်သွားသည်။ ကုစာနာဂိသည် သူ ထွက်ခွာသွားသည်ကို ကြည့်နေပြီးနောက် လှေကားပေါ်သို့ တက်သွားလေသည်။ ထို့နောက် မာရိုဘာဇနီးမောင်နှံ၏ အိပ်ခန်းထဲသို့ ဝင်၍ လသာဆောင်သို့ သွားရာ မှန်တံခါးရွက်ကို တွန်းဖွင့်ပြီး ရေပန်းခရားကြီးကို ကောက်ကိုင်လိုက်သည်။ သူ့ကို အာယနဲက ရေလောင်းပေးရန် အကူအညီ တောင်းခဲ့စဉ် လွန်ခဲ့သော နှစ်ရက်ကတည်းက ယင်းရေပန်းခရားကြီးကို စူပါမားကတ်မှ ဝယ်၍ စတင် အသုံးပြုခဲ့သည်။

သူသည် ခရားကိုကိုင်လျက် အောက်ထပ်သို့ ဆင်းလာပြီး ဧည့်ခန်းထဲသို့ လျှောက်ဝင်လာခဲ့သည်။ မီးဖိုဆောင်ထဲသို့ ခေါင်းငဲ့ကြည့်လိုက်သည့်အခါတွင် ယုကာဝါသည် လက်ဆေးကန်အောက်ဘက်ကို လေ့လာနေကြောင်း တွေ့ရှိရသည်။

"အဲဒီနေရာကို မင်း ဟိုတစ်နေ့က ကြည့်ပြီးပြီ မဟုတ်ဘူးလား"

သူသည် ယုကာဝါ၏ ကျောဘက်မှ နေ၍ မေးလိုက်သည်။

"မမှားသောရှေ့နေ၊ မသေသောဆေးသမား မရှိဘူး ဆိုတဲ့ စကားပုံ မကြားဖူးဘူးလား"

ယုကာဝါသည် အသင့်ယူလာသော လက်နှိပ်ဓာတ်မီးဖြင့် အတွင်းသို့ ထိုးကြည့်နေသည်။

"တကယ့်ကို ထိထား၊ တို့ထားတဲ့ ခြေရာလက်ရာတွေ မရှိဘူးပဲ"

"မင်း ဘာတွေ ရှာနေတာလဲ"

"စမှတ်ကို ပြန်သွားနေတာ။ ဒိုင်နိုဆောရဲ့ ကျောက်ဖြစ်ရုပ်ကြွင်းကို တွေ့တယ် ဆိုရင်တောင် ဒီတစ်ခါကျရင် မြေစိုင်မြေခဲတွေကို ရှူးကြောင်မှုးကြောင်နဲ့ ဖယ်ရှားပစ်လို့ မဖြစ်တော့ဘူး"

ယုကာဝါသည် နောက်လှည့်ကာ ကုစာနာဂိကို စိုက်ကြည့်ပြီး မျက်မှောင်ကြုတ်လိုက်သည်။

"မင်းလက်ထဲက ဘာကြီးလဲ"

"မြင်နေတာပဲ ဥစ္စာ။ ရေပန်းခရားလေကွာ"

"မင်း ရှေ့တစ်ခေါက်တုန်းကလည်း ကိရိုတာနိကို ရေလောင်းခိုင်းခဲ့သေးတယ်။ မင်းတို့ အထက်လူကြီးတွေက ဝန်ဆောင်မှု အပြည့်ပေးဖို့များ အမိန့်ချထားတာလား"

"မင်း ပြောချင်သလိုသာ ပြောပေတော့"

ကုစာနာဂိက ယုကာဝါကို တွန်းဖယ်ပစ်လိုက်သည်။ ရေပိုက်ခေါင်းကို ဖွင့်ပြီး ပန်းထွက်လာသော ရေများကို ရေပန်းခရားဖြင့် ခံယူနေသည်။

"ဒီခရားက အတော်ကို ကြီးတာပဲ။ ပန်းခြံထဲမှာ ရေဖြန်းပိုက် မရှိဘူးလား"

"ဒီရေက အပေါ်ထပ် လသာဆောင်မှာ ရှိတဲ့ ပန်းပင်တွေအတွက်။ လသာဆောင်ပေါ်မှာလည်း ပန်းအိုးတွေ အများကြီးပဲ"

"ဪ ဒုက္ခ၊ ဒုက္ခ"

ကုစာနာဂိသည် ယုကာဝါ၏ ခနဲ့တဲ့တဲ့ စကားကို ဂရုမစိုက်တော့ဘဲ အခန်းထဲမှ လှည့်ထွက်သွားပြီး လသာဆောင်မှ ပန်းပင်များကို ရေလောင်းပေးနေသည်။ သူသည် ပန်းတစ်မယ်ချင်းစီ၏ နာမည်ကို တစ်ခုမျှ မခေါ်တတ်သော်လည်း ပန်းအိုးတိုင်း ညှိုးရော်နေသည်ကိုမူ ကြည့်ရုံနှင့် သိရှိနေသည်။ နှစ်ရက်ခြားလျှင် ရေတစ်ခါ လာလောင်းမှ ဖြစ်ပေတော့မည်ဟု သူ တွေးနေမိသည်။ လသာဆောင်ပေါ်မှ ပန်းများသည် မိမိ၏ ဘဝကဲ့သို့ ညှိုးရော်ခြောက်သွေ့သွားမည်ကို မမြင်ရက်ကြောင်း ပြောခဲ့ဖူးသည့် အာယနဲ၏ အသံကို ပြန်လည် ကြားယောင်လာသည်။

ရေလောင်းပြီးသည်နှင့် ကုစာနာဂိသည် မှန်တံခါးကို ပိတ်၍ အိပ်ခန်းထဲမှ ချက်ချင်း ထွက်ခွာလာခဲ့သည်။ ပိုင်ရှင်၏ ခွင့်ပြုချက်ကို ရရှိထားပြီး ဖြစ်လင့်ကစား တစ်ပါးသူ၏ အိပ်ခန်းအတွင်း၌ ကာလကြာရှည် နေနေရခြင်းအတွက် စိတ်ထဲတွင် မသိုးမသန့် ခံစားနေရသည်။

အောက်ထပ်သို့ ပြန်ရောက်သည့်အခါတွင် ယုကာဝါသည် လက်နှစ်ဖက် ပိုက်လျက် မီးဖိုဆောင်ထဲတွင် ရပ်မြဲအတိုင်း ရပ်နေသည်ကို တွေ့လိုက်ရသည်။ မျက်လုံးများကမူ လက်ဆေးကန်ကို စိုက်ကြည့်နေသည်။

"ကဲ ... ငါ့ကို ပြောပြစမ်းပါဦး။ ဘာတွေများ ကြံနေတာလဲလို့။ မပြောပြဘူး ဆိုရင်တော့ နောက် ဘယ်တော့မှ မင်းကို ခေါ်မလာတော့ဘူး"

"ခေါ်မလာဘူး ..." ယုကာဝါသည် မျက်ခုံးကို ပင့်ချီလိုက်သည်။

"မင်း စကားက ရယ်စရာ ကောင်းမနေဘူးလား။ မင်းလက်အောက်က ချာတိတ်မကသာ ငါ့ကို လာမတွေ့ရင် မင်းတို့ အရှုပ်ထုပ်ထဲ အားအားယားယား

ဝင်မပါချင်ပါဘူးကွာ''

ကုစာနာဂိသည် ခါးထောက်ကာ ငယ်သူငယ်ချင်းကို ပြန်စိုက်ကြည့်လိုက်သည်။

''ဥက္ကျမိက မင်းဆီ ပြေးသွားပြီး ဘာတွေ ပြောခဲ့သလဲ ဆိုတာကိုတော့ ငါ မသိဘူး။ ငါနဲ့လည်း မဆိုင်ဘူး။ ဒီနေ့လည်း အဲဒီအတိုင်းပဲ။ တကယ်လို့သာ မင်း စုံစမ်းစစ်ဆေးချင်ရင် သူ့ကို တိုက်ရိုက် ဆက်သွယ်လို့ နေရတာပဲ ဥစ္စာ။ ဘာဖြစ်လို့ ငါ့ကို လာရှာရတာလဲ''

''ဝေဖန်သုံးသပ်တယ် ဆိုတာမျိုးက ဆန့်ကျင်ဘက် အမြင်ရှိတဲ့ လူတွေ အကြားမှာမှ အဓိပ္ပာယ် ရှိတာကွ''

''မင်းက ငါရဲ့ လုပ်ရပ်ကို ဆန့်ကျင်တယ် ဆိုပါတော့ ... ။ မင်းပဲ စောစောက ငါရဲ့ လုပ်နည်းလုပ်ဟန်ကို တည်ငြိမ်စေ့စပ်တယ်လို့ ပြောခဲ့သေးတယ်လေ''

''မင်းဟာမင်း တည်ငြိမ်စေ့စပ်တဲ့ လမ်းကြောင်းအတိုင်း စုံစမ်းထောက်လှမ်းနေတာကို ငါ့အနေနဲ့ ဘာမှ ကန့်ကွက်နေစရာ အကြောင်းမရှိဘူး။ ဒါပေမယ့် မတည်ငြိမ် မစေ့စပ်တဲ့ လမ်းကြောင်းအတိုင်း သွားနေတာကို တစ်ချက်ကလေးမှ မမေးမြန်း မစူးစမ်းဘဲ ဥပေက္ခာပြုနေတဲ့ မင်းရဲ့ လုပ်ရပ်ကို ငါ သည်းမခံနိုင်ဘူး။ ဖြစ်နိုင်ခြေက မုန်ညင်းစေ့တစ်စေ့စာလောက် ရှိနေသေးတယ် ဆိုရင်ပဲ အဲဒီ ဖြစ်နိုင်ခြေကို လွယ်လွယ်နဲ့ ချေဖျက်ပစ်တာမျိုး မလုပ်သင့်ဘူး။ ငါ မင်းကို ခဏခဏ ပြောခဲ့ဖူးပါတယ်ကွာ။ ဒိုင်နိုဆောရဲ့ အရိုးတွေကိုပဲ အာရုံစိုက်နေပြီး မြေစိုင်မြေခဲတွေကို စွန့်ပစ်တဲ့ လုပ်ရပ်က သိပ်ကို အန္တရာယ်များတယ်''

ကုစာနာဂိသည် ရှုံးရှုံးရှဲရှဲဖြင့် ခေါင်းခါယမ်းနေသည်။

''မင်း ပြောနေတဲ့ မြေစိုင်မြေခဲဆိုတာ ဘာကို ဆိုလိုချင်တာလဲ''

''ရေကိုပြောတာ'' ယုကာဝါက ပြန်ဖြေသည်။

''အဆိပ်ကို ရေထဲမှာ ခတ်ထားခဲ့တာ။ ငါ အဲဒီလို ယူဆထားတုန်းပဲ''

''လုပ်ကြံခံရသူက ရေသန့်ဗူးခွံကို ဆေးပစ်ခဲ့တယ်လို့ မင်း ပြောချင်တာလား'' ကုစာနာဂိက ပခုံးကို ပင့်လိုက်သည်။

"ဗူးခွံနဲ့ ဘာမှ မဆိုင်ဘူး။ တခြားနေရာမှာလည်း ရေ ရှိသေးတာပဲ" ယုကာဝါက လက်ဆေးကန်ကို လက်ညှိုးထိုးပြသည်။

"ရေပိုက်ခေါင်းကို ဖွင့်လိုက်ရင် မင်း လိုသလောက် ရေကို ရနိုင်တယ်လေ"

ကုစာနာဂိသည် အေးစက်တည်ငြိမ်နေသော ယုကာဝါ၏ မျက်လုံးအစုံကို စိုက်ကြည့်နေသည်။

"မင်း ရှုံးသွားပြီလား"

"အဲဒီဖြစ်နိုင်ခြေကလည်း ရှိသေးတာပဲ မဟုတ်လား"

"ရေပိုက်ခေါင်းက ရေမှာ ဘာမှ ထူးခြားချက် မရှိဘူးလို့ ထ.ရ.ဖက အတည်ပြုထားပြီးသားလေကွာ"

"ထ.ရ.ဖက ပိုက်ခေါင်းရေရဲ့ ပါဝင်နှုန်း အချိုးအဆကို ခွဲခြမ်းစိတ်ဖြာခဲ့တာတော့ အမှန်ပဲ။ ဒါပေမယ့် သူတို့ရဲ့ ရည်ရွယ်ချက်က ရေနွေးခရားအိုးထဲမှာ တင်ကျန်နေတဲ့ ရေတွေဟာ ပိုက်ခေါင်းရေလား၊ သောက်ရေသန့်ရေလား ဆိုတာကို ခွဲခြားသိနိုင်ဖို့အတွက်ပဲ။ ဝမ်းနည်းစရာ ကောင်းတာက ဘယ်လိုမှ ခွဲခြားမရနိုင်ခဲ့ဘူး။ နောက်ပြီး ရေခရားအိုးရဲ့ သက်တမ်းကလည်း ကြာပြီဆိုတော့ ရေခရားအိုးရဲ့ အတွင်းဘက် မျက်နှာပြင်မှာ ပိုက်ခေါင်းရေရဲ့ အကြွင်းအကျန်တွေကို တွေ့ခဲ့ရတယ်"

"တကယ်လို့သာ ပိုက်ခေါင်းရေထဲကို အဆိပ်ခတ်ခဲ့တာပါ ဆိုရင် သူတို့ အဲဒီတုန်းကတည်းက စစ်ဆေးလို့ ရခဲ့ရမှာပေါ့"

"ရေပိုက်ခေါင်းရဲ့ တစ်နေရာရာမှာ အဆိပ်မှုန့်ကို သိမ်းထားခဲ့တယ် ဆိုရင်တောင် ထ.ရ.ဖ စစ်ဆေးတဲ့အချိန်မှာ အဲဒီအမှုန့်တွေက ရေနဲ့အတူ အကုန်လုံး မျောပါသွားလောက်ပြီ"

ယုကာဝါသည် အဘယ်ကြောင့် လက်ဆေးကန်၏ အောက်ဘက်ကို စစ်ဆေးကြည့်ရှုနေကြောင်း ယခုမှ သဘောပေါက်သွားသည်။ ရေပိုက်ခေါင်းထဲတွင် အဆိပ်ကို ဝှက်နိုင် မဝှက်နိုင် လေ့လာနေခြင်း ဖြစ်သည်။

"မစ္စတာမာရှိဘက ကော်ဖီဖျော်ရင် သောက်ရေသန့်နဲ့ပဲ ဖျော်တာ"

“အဲဒီလို ပြောတာပဲလေ” ယုကာဝါက ပြောသည်။

“ဒါပေမယ့် အဲဒီကိစ္စကို ဘယ်သူက မင်းကို ပြောပြတာလဲ”

“မစ္စစ်မာရိုဘာ” ပြောပြီး ကုစာနာဂိသည် နှုတ်ခမ်းကို ကိုက်လျက် ယုကာဝါကို စိုက်ကြည့်နေသည်။

“မင်းကလည်း သူ့ကို သံသယ ရှိနေတယ်ပေါ့။ မင်း သူ့ကိုတောင် မမြင်ဖူးသေးဘူး မဟုတ်လား။ ဥက္ကျုမိက မင်းကို ဘာဆေးများ ကျွေးထားလဲ မသိဘူး”

“သူ့မှာလည်း သူ့ကိုယ်ပိုင်အမြင် ရှိတာပဲ။ ငါကတော့ ပြဿနာကို ဓမ္မဓိဋ္ဌာန်ကျကျ ကြည့်ပြီး အဆိုကြမ်းတစ်ခု တင်ပြကြည့်ရုံပါ”

“ဒါဆို မင်းရဲ့ အဆိုကြမ်းအရ သေဆုံးသူရဲ့ ဇနီးက လူသတ်တရားခံပေါ့”

“သူ သောက်ရေသန့် ကိစ္စကို မင်းကို ဘာဖြစ်လို့ ဦးအောင် ပြောပြရသလဲ ဆိုတာကို ငါ စဉ်းစားကြည့်တယ်။ ဒီနေရာမှာ အခြေအနေ နှစ်ရပ်ခွဲပြီး သုံးသပ်ကြည့်ရမယ်။ သေဆုံးသူဟာ သောက်ရေသန့်ဗူးထဲက ရေကိုပဲ သောက်တယ် ဆိုတဲ့ စကားက ဒီနေရာမှာ မှန်တယ်နဲ့ မှားတယ် ဆိုတဲ့ အခြေအနေ နှစ်မျိုး ရှိတယ်။ မှန်တယ် ဆိုရင်တော့ ပြဿနာ မရှိဘူး။ မစ္စစ်မာရိုဘာက အမှုစုံစမ်းရေးမှာ အားတက်သရော ကူညီဆောင်ရွက်ပေးနေတယ်လို့ ဆိုနိုင်တယ်။ အဲဒီလို အခြေအနေမျိုးမှာတောင် ဥက္ကျုမိက မစ္စစ်မာရိုဘာကို သံသယဝင်နေတုန်းပဲ။ ဒါပေမယ့် ငါဆိုတဲ့ ကောင်က ပြဿနာကို အဖြေရှာတဲ့အခါမှာ အဲဒီလောက် အစွန်းမရောက်တတ်ဘူး။ အဲ ... အဲဒီထက် ပိုကြီးတဲ့ ပြဿနာက ဘာလဲဆိုတော့ မစ္စစ်မာရိုဘာသာ ညာပြောခဲ့ရင်ရော ... ။ သူက အဲဒီလို မုသားတစ်ခုကို ပြောလိုက်တာ ဆိုတော့ သူဟာ ဒီလူသတ်မှုနဲ့ တစ်နည်းတစ်ဖုံ ပတ်သက်နေရတော့မယ်။ ငါတို့ စဉ်းစားဖို့ လိုအပ်တာက အဲဒီလို လိမ်ညာလိုက်လို့ သူ့အတွက် ဘာအကျိုးရှိသွားနိုင်သလဲ။ ဒါကြောင့် ငါ တွေးဆကြည့်တယ်။ ရဲဘက်က သောက်ရေသန့်နဲ့ ဆိုင်တဲ့ ထွက်ဆိုချက်အပေါ် အခြေခံပြီး စုံစမ်းစစ်ဆေးမှုတွေ လုပ်ကို လုပ်ရတော့မယ်”

ယုကာဝါသည် နှုတ်ခမ်းကို လျှာဖြင့် သပ်ကာ စကားကို ဆက်ပြောသည်။

“ပထမဆုံးအနေနဲ့ ရဲဘက်က ရေသန့်ဗူးခွံတွေကို စစ်ဆေးတယ်။

ရလဒ်အနေနဲ့ ဘာအဆိပ်မှ ရှာမတွေ့ခဲ့ဘူး။ ဒါပေမယ့် ရေနွေးခရားအိုးထဲမှာ အဆိပ်ကို တွေ့သွားခဲ့တယ်။ ဒါနဲ့ ရေနွေးခရားအိုးထဲကို အဆိပ်ခတ်တဲ့ ဖြစ်နိုင်ခြေက အရမ်းများတယ် ဆိုပြီး ရဲဘက်က ဆုံးဖြတ်ခဲ့တယ်။ အဲဒီလိုဆိုတော့ မစ္စစ်မာရှိဘမှာ သံမဏိလို ခိုင်မာတဲ့ အလီဘိုင်သက်သေ ရမသွားပေဘူးလား”

ကုစာနာဂိသည် နတ်ပူးနေသကဲ့သို့ ခေါင်းကို ခါးယမ်းလိုက်သည်။

“မင်း အဲဒီလို ပြောတာတော့ သဘာဝမကျဘူး။ မစ္စစ်မာရှိဘရဲ့ ထွက်ဆိုချက် မရှိဘူး ဆိုရင်တောင် ထ.ရ.ဖက ပိုက်ခေါင်းရေနဲ့ သောက်ရေသန့်ကို စစ်ဆေးဦးမှာပဲ။ နောက်ပြီး အဲဒီထွက်ဆိုချက်ကြောင့်ပဲ မစ္စစ်မာရှိဘရဲ့ အလီဘိုင်က ပျက်ပြယ်သွားခဲ့တယ်။ လူသတ်တရားခံဟာ သောက်ရေသန့်ဗူးထဲမှာ အဆိပ်ခတ်ခဲ့ပါတယ် ဆိုတဲ့ အယူအဆကို ဥက္ကျမိက အခုချိန်ထိ မစွန့်လွှတ်နိုင်သေးဘူး”

“အဲဒါက အဓိက ပြဿနာပဲ။ ဥက္ကျမိလို အတွေးမျိုးကို တွေးနေတဲ့လူက နည်းနည်းနောနော မဟုတ်ဘူး။ သောက်ရေသန့်ဗူးနဲ့ ဆိုင်တဲ့ ထွက်ဆိုချက်က မင်းတို့ ရဲတွေကို ခုန်ချဖို့ စောင့်နေတဲ့ ထောင်ချောက် ဖြစ်နေရင်ရော”

“ထောင်ချောက် …”

“မစ္စစ်မာရှိဘကို သံသယဝင်နေတဲ့ လူက ရေသန့်ဗူးထဲမှာ အဆိပ်ခတ်တယ် ဆိုတဲ့ အယူအဆကို ဘယ်လိုနည်းနဲ့မှ စွန့်လွှတ်နိုင်မှာ မဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့ အမြင်မှာ တခြားနည်းလမ်း မရှိနိုင်တော့ဘူးလို့ ယူဆထားကြလို့ပဲ။ ဒါပေမယ့် လူသတ်တရားခံက အဲဒီ ‘တခြားနည်းလမ်း’ ကို အသုံးပြုခဲ့တယ် ဆိုရင်ရော ဘယ်နှယ့်လုပ်မလဲ။ အဲဒီလိုသာဆိုရင် ရေသန့်ဗူးနဲ့ တိုင်ပတ်နေတဲ့ လူတွေကတော့ ဘယ်တော့မှ အမှန်တရားကို ရှာတွေ့နိုင်မှာ မဟုတ်တော့ဘူး။ အဲဒါ ထောင်ချောက်မဟုတ်လို့ ဘာလဲ။ ဒါကြောင့် ငါ စဉ်းစားကြည့်တယ်။ တကယ်လို့သာ အဲဒီတုန်းက မစ္စတာမာရှိဘ သုံးခဲ့တာ ရေသန့်ဗူးထဲကရေ မဟုတ်ခဲ့ဘူး ဆိုရင် …” စကားကို ပြော၍ မဆုံးခင်မှာပင် ယုကာဝါ၏ ကိုယ်မှာ ရုတ်တရက် တောင့်တင်းသွားသည်။ မျက်လုံးများမှာ ပြူးကျယ်လျက် ကုစာနာဂိ၏ အနောက်ဘက်သို့ ငေးစိုက်ကြည့်နေလေသည်။

ကုစာနာဂိလည်း နောက်လှည့်ကြည့်ပြီး ယုကာဝါကဲ့သို့ ကြက်သေသေသွားသည်။

ထိုစဉ်က အာယနဲ့သည် ဧည့်ခန်းအပေါက်ဝတွင် ရပ်နေလေသည်။

(၁၆)

တစ်ခုခု ပြောမှ ဖြစ်တော့မည်ဟု သဘောရသဖြင့် ကုစာနာဂိက ပါးစပ်ဟလိုက်သည်။

"အနှောင့်အယှက် ပေးမိတဲ့အတွက် တောင်းပန်ပါတယ်" ပြောပြီးပြီးချင်းမှာပင် သူသည် စကားကို ပြီးစလွယ် ပြောခဲ့မိသည့်အတွက် နောင်တရသွားသည်။

"အခြေအနေ လာကြည့်တာလား"

"မဟုတ်ပါဘူး။ ကျွန်မ အဝတ်အစား နည်းနည်းပါးပါး လာယူတာပါ။ … သူက …" အာယနဲက မေးသည်။

"ကျွန်တော် ယုကာဝါပါ။ အင်ပီရီယယ်တက္ကသိုလ်မှာ ရူပဗေဒ သင်ပါတယ်" ယုကာဝါက သူ့ဘာသာ မိတ်ဆက်စကား ဆိုသည်။

"တက္ကသိုလ်ဆရာလား"

"သူက ကျွန်တော့် သူငယ်ချင်းပါ။ တစ်ခါတလေကျရင် ရူပဗေဒနဲ့ ဆိုင်တဲ့ ကိစ္စတွေမှာ သူ့ကို အကူအညီ တောင်းရလေ့ရှိပါတယ်။ ဒီတစ်ခေါက်လည်း ကူညီပေးဖို့ သူ့ကို ခေါ်ထားတာ"

"သြော် … ဒီလိုလား"

ကုစာနာဂိ၏ ဖြေရှင်းချက်ကို နားထောင်ပြီးသည့် အခါတွင် အာယနဲ၏ မျက်နှာပေါ်၌ သောက၏ အရိပ်အငွေ့များ ယှက်သန်းသွားသည်။ သို့သော် သူသည် ယုကာဝါအကြောင်းကို ဆက်မမေးတော့ဘဲ အိမ်ထဲမှ ပစ္စည်းများကို တို့ထိခွင့် ရှိမရှိ မေးမြန်းလေသည်။

“ရပါတယ်။ ဆန္ဒရှိသလို ယူသုံးနိုင်ပါတယ်။ ခင်ဗျားကို တစ်လျှောက်လုံး ဒုက္ခပေးသလို ဖြစ်နေတဲ့အတွက် စိတ်မကောင်းပါဘူးဗျာ”

အာယနဲက “ရပါတယ်” ဟု ပြန်ဖြေပြီး လျှောက်လမ်းဘက်သို့ လှည့်ထွက်သွားလေသည်။ နှစ်လှမ်း၊ သုံးလှမ်းပင် မလှမ်းရသေး။ ကိုယ်ကို ပြန်လှည့်ကာ ကုစာနာဂိတို့ကို မေးခွန်းထုတ်လိုက်သည်။

“ကျွန်မ မေးသင့်လား မမေးသင့်လားတော့ မပြောတတ်ဘူး။ ရှင်တို့ အခု ဘာကို စစ်ဆေးနေတာလဲ ဆိုတာကို ကျွန်မ သိခွင့်ရှိမလား”

“ဒါလား” ကုစာနာဂိသည် နှုတ်ခမ်းကို လျှာဖြင့် သပ်လိုက်သည်။

“လတ်တလော အချိန်ထိ အဆိပ်ခတ်ပုံ ခတ်နည်းကို စုံစမ်းလို့ မရသေးတော့ ကျွန်တော်တို့ အဲဒီကိစ္စကို ဆက်ပြီး လေ့လာနေကြတာပါ။ ခင်ဗျားကို ဒုက္ခပေးမိတဲ့အတွက် တောင်းပန်ပါတယ်”

“ရပါတယ်ရှင်။ ကျွန်မက အပြစ်တင်နေတာ မဟုတ်ပါဘူး။ စိတ်ထဲ မထားပါနဲ့။ ကျွန်မ အပေါ်ထပ်မှာ ရှိမယ်။ ကိစ္စရှိရင် ခေါ်လိုက်လို့ ရပါတယ်”

“ဟုတ်ကဲ့။ ကျေးဇူးပါ”

ကုစာနာဂိသည် ဦးညွတ်၍ အာယနဲကို အရိုအသေ ပေးလိုက်သည်။ ဘေးနားမှ ယုကာဝါ၏အသံ ထွက်ပေါ်လာသည်။

“ကျွန်တော် ခင်ဗျားကို မေးခွန်းတစ်ခု မေးလို့ ရမလား”

“ဟုတ်၊ ဘာများ မေးချင်လို့ပါလဲ” အာယနဲက အံ့ဩသော အမူအရာဖြင့် ပြန်မေးသည်။

“ခင်ဗျားတို့အိမ်ရဲ့ ရေပိုက်ခေါင်းမှာ ရေသန့်စက် တပ်ထားတာ ကျွန်တော်တွေ့တယ်။ အဲဒါက အချိန်ကြာရင် အထဲက ရေစစ်တွေကို လဲပေးရတယ် မဟုတ်လား။ ခင်ဗျား အဲဒီရေစစ်တွေကို နောက်ဆုံးတစ်ကြိမ် လဲခဲ့တာ ဘယ်တုန်းလောက်က ဖြစ်မလဲ”

“အဲဒါလား ...” အာယနဲသည် သူတို့အနီးသို့ ပြန်လျှောက်လာသည်။

လက်ဆေးကန်ဘက်သို့ မျက်စိကို ဝေ့ကြည့်ကာ ရက်နိုးသော အမူအရာဖြင့်

"တစ်ခါမှ မလဲဖူးသေးဘူး"

"ဟုတ်လား။ တစ်ခါမှကို မလဲရသေးတာလား" ယုကာဝါကလည်း အံ့အားသင့်နေသည့်ပုံ။

"ကျွန်မလည်း လူခေါ်ပြီး လဲတော့ လဲသင့်နေပြီလို့ တွေးနေခဲ့တာ။ အခု တပ်ထားတဲ့ ရေသန့်စက်ကို ဒီအိမ် ပြောင်းလာပြီး မကြာခင်မှာပဲ အသစ်လဲထားတာ။ သုံးနေတာလည်း တစ်နှစ်လောက် ရှိတော့မယ်။ ရေသန့်စက်ကုမ္ပဏီကလည်း တစ်နှစ်ကို တစ်ခါလောက် ရေစစ် အသစ်လဲဖို့ မှာထားတယ်လို့ ကျွန်မ မှတ်မိတယ်"

"လွန်ခဲ့တဲ့ တစ်နှစ်လောက်က ... ဟုတ်လား"

"ဘာများ ပြဿနာ ရှိလို့လဲ မသိဘူးနော်"

ယုကာဝါက လက်ကို ခါယမ်းလိုက်သည်။

"မရှိပါဘူး။ မေးကြည့်ရုံသက်သက်ပါ။ အဲဒီလိုဆိုရင်တော့ အခု အခွင့်အရေးရတုန်း လဲပစ်လိုက်ပါလား။ သုတေသနတစ်ခုမှာ ဘာပြောထားသလဲ ဆိုတော့ နှစ်ချို့နေတဲ့ ရေစစ်အဟောင်းက လူရဲ့ ကျန်းမာရေး ထိခိုက်စေနိုင်တယ်တဲ့"

"ဟုတ်။ ဒါပေမယ့် အသစ်မလဲခင်မှာတော့ ကျွန်မ လက်ဆေးကန် အောက်ဘက်ကို သန့်ရှင်းလေး နည်းနည်းပါးပါး လုပ်လိုက်ချင်တယ်။ အထဲမှာ ညစ်ပတ်ပေတူးနေတာပဲ"

"ဘယ်အိမ်မဆို ဒီလိုပါပဲဗျာ။ ကျွန်တော်တို့ ဓာတ်ခွဲခန်းက လက်ဆေးကန် အောက်ဘက်မှာဆိုရင် ကြွက်သိုက်တောင် ဖြစ်နေပြီ။ အဲ ... ဆောရီးဗျာ။ ခင်ဗျားတို့အိမ်နဲ့ ကျွန်တော်တို့ ဓာတ်ခွဲခန်းနဲ့ကို ခိုင်းနှိုင်းမိသလို ဖြစ်သွားပြီ" ယုကာဝါသည် ကုစာနာဂိကို မျက်စပစ်ပြပြီး စကားကို ဆက်ပြောသည်။

"ခင်ဗျားတို့ ဆက်သွယ်နေကျ ရေသန့်စက် ကုမ္ပဏီရဲ့ လိပ်စာကို ပေးပါလား။ ကုစာနာဂိကို အခုတစ်ခါတည်း စီစဉ်ခိုင်းလိုက်မယ်လေ။ မြန်မြန်ပြီးသွားတော့ စိတ်အေးတာပေါ့"

ကုစာနာဂိသည် တအံ့တသြဖြင့် ယုကာဝါကို စိုက်ကြည့်နေမိသည်။ သို့သော် ဤရူပဗေဒ ပညာရှင်သည် ငယ်သူငယ်ချင်း၏ အကြည့်ကို ဂရုစိုက်လိုဟန် မတူ။ အာယနဲကိုသာ စိုက်ကြည့်လျက် မေးခွန်းထုတ်လိုက်သည်။

"ခင်ဗျားရဲ့ သဘောကရော"

"အခု လုပ်မယ် ပြောတာလား"

"ဟုတ်ပါတယ်။ ပွင့်ပွင့်လင်းလင်း ပြောရရင် အဲဒီပစ္စည်းက အမှုစုံစမ်းရေးအတွက် အထောက်အကူ ပြုချင် ပြုနေဦးမှာ။ ဒါကြောင့် မြန်လေ ကောင်းလေပဲ"

"အဲဒီလိုဆိုရင်လည်း ရှင်တို့ သဘောပါပဲ"

ယုကာဝါသည် အပြုံးဖြင့် ကုစာနာဂိကို လှည့်ကြည့်လိုက်သည်။

"ကြားတယ် မဟုတ်လား"

ကုစာနာဂိက ယုကာဝါကို မျက်စောင်းတစ်ချက် ထိုးပစ်လိုက်သည်။ သို့သော် ပြီးခဲ့သည့် အတွေ့အကြုံများအရ မျက်မှောက်ရှိ ဤပညာရှင်သည် အလုပ်တစ်ခုကို စိတ်ရူးထတိုင်း လုပ်လေ့ရှိသူ မဟုတ်။ သူ့တွင် အကြောင်းပြချက် ကောင်းကောင်းတစ်ခု ရှိရမည်သာ။

ယခုကိစ္စသည် အမှုစုံစမ်းရေးအတွက် အထောက်အကူ ဖြစ်နိုင်သည်ဟု ကုစာနာဂိကလည်း ယုံကြည်နေသည်။ သို့ဖြင့် အာယနဲဘက်သို့ လှည့်ကာ

"ဒါဆို ခင်ဗျားတို့ရဲ့ ရေသန့်စက်ကုမ္ပဏီကို ကျွန်တော် ဆက်သွယ်လိုက်ပါ့မယ်"

"ဟုတ်ကဲ့။ ခဏလောက် စောင့်ပါဦး" အာယနဲသည် အခန်းထဲမှ ထွက်ခွာသွားလေသည်။

အာယနဲ အခန်းထဲမှ ထွက်သွားသည်နှင့် ကုစာနာဂိသည် ယုကာဝါကို နောက်တစ်ကြိမ် မျက်စောင်းထိုးလိုက်ပြန်သည်။

"ဟဲ့ကောင် ... အသိမပေး ဘာမပေးနဲ့ နောက်တစ်ခါ အခုလို ထူးဆန်းတဲ့ စကားမျိုးတွေ မပြောစမ်းနဲ့ကွာ"

"မတတ်နိုင်ဘူးလေ။ မင်းကို ကြိုအသိပေးဖို့ အချိန်မှ မရဘဲ။ အပြစ်တင်မစောနဲ့ဦး။ လုပ်စရာတွေ ရှိသေးတယ်"

"ဘာလုပ်ရမှာလဲ"

"ထ.ရ.ဖက လူတွေ ခေါ်လိုက်။ ရေသန့်စက်ကုမ္ပဏီက သက်သေအထောက်အထားတွေကို ဖျောက်ဖျက်ပစ်တာမျိုး မင်းလည်း အဖြစ်မခံနိုင်ဘူး မဟုတ်လား။ ရေစစ်အဟောင်းကို ထ.ရ.ဖက ကိုယ်တိုင် ဖြုတ်လိုက်တာ ကောင်းမယ်"

"မင်း ဆိုလိုချင်တာက ... ထ.ရ.ဖက ရေစစ်အဟောင်းတွေကို ယူသွားရမယ်ပေါ့"

"ပိုက်ပျော့တွေရောပဲ"

လေသံကို နှိမ့်ချ၍ ပြောဆိုနေသော ယုကာဝါ၏ မျက်ဝန်းအစုံတွင် သိပ္ပံပညာရှင်တို့ ရှိသင့်ရှိထိုက်သည့် လေးနက်မှုနှင့် အေးဆေးတည်ကြည်မှုတို့ ရောယှက်စိမ့်ဝင်နေကြသည်။ ယုကာဝါ၏ အကြည့်တစ်စုံအောက်တွင် ပြားပြားဝပ်လျက် မည်သို့ ပြန်ပြောရမည်မှန်း စဉ်းစားမတတ်အောင် ဖြစ်နေစဉ်မှာပင် အနားသို့ အာယနဲ ပြန်ရောက်လာသည်။

ထထထ

တစ်နာရီခန့် ကြာပြီးနောက်တွင် ထ.ရ.ဖမှ ဝန်ထမ်းများသည် ရေသန့်စက်၏ ရေစစ်ပြွန်နှင့် ပိုက်ပျော့ကို ဖြုတ်ယူသွားကြသည်။ ကုစာနာဂိနှင့် ယုကာဝါတို့က ဘေးနားမှ ရပ်လျက် လုပ်ငန်းစဉ်တစ်လျှောက်လုံးကို စောင့်ကြည့်နေခဲ့သည်။

ရေစစ်ပြွန်နဲ့ ပိုက်ပျော့ပေါ်တွင် ဖုန်အလိမ်းလိမ်း ကပ်ငြိနေသည်။ ထ.ရ.ဖမှ ဝန်းထမ်းများက ၎င်းတို့ကို သတိကြီးကြီးထားလျက် အက်ခရီလစ်ဗူးထဲသို့ သိမ်းယူသွားသည်။

"ကျွန်တော် ဒါ ယူသွားလိုက်တော့မယ်" ထွက်ခွာခါနီးတွင် ထ.ရ.ဖမှ ဝန်ထမ်းက ကုစာနာဂိကို ပြောသွားသည်။

ရေသန့်ကုမ္ပဏီမှ ဝန်ထမ်းများလည်း ရောက်ရှိလာကြသည်။ ရေစစ်ပွန်နှင့် ပိုက်ပျော့များ စတင် တပ်ဆင်နေသည့် အချိန်တွင် ကုစာနာဂိသည် ဆိုဖာခုံသို့ လျှောက်လာခဲ့သည်။ အာယနဲသည် စိတ်မပါ့တပါဖြင့် ဆိုဖာခုံပေါ်တွင် ထိုင်နေသည်။ သူ့နံဘေးရှိ အိတ်ထဲတွင် လျှော်ဖွပ်ပြီး အဝတ်အစား အသစ်များကို ထည့်ထားသည်။ ကြည့်ရသည်မှာ အိမ်သို့ ပြောင်းနေရန် အစီအစဉ် ရှိသေးဟန် မတူပေ။

"ဆောရီးပဲဗျာ။ ကျွန်တော်တို့ လုပ်တာနဲ့ အလုပ်တွေ ပိုရှုပ်ကုန်ပြီ"

"ရပါတယ်။ ကိစ္စ မရှိပါဘူး။ မဟုတ်လဲ ရေစစ်က လဲရတော့မှာပဲ ဥစ္စာ"

"ကုန်ကျစရိတ်တွေနဲ့ ပတ်သက်ပြီး ကျွန်တော် အထက်ကို တင်ပြလိုက်ပါ့မယ်"

"မဟုတ်တာရှင်။ ကျွန်မအိမ်မှာ သုံးရတဲ့ ပစ္စည်းပဲဟာ" အာယနဲက ပြုံးနေပြီးကာမှ ရုတ်တရက် မျက်နှာတည်သွားသည်။

"ရေစစ်အဟောင်းက ခြေရာလက်ရာ ပျက်နေလို့လား"

"မပြောတတ်သေးဘူး။ ဖြစ်နိုင်ခြေတော့ ရှိတယ်ပေါ့ဗျာ။ ဒါကြောင့် ယူသွားပြီး စစ်ဆေးကြည့်မလို့ပါ"

"ရေစစ်မှာ တကယ်ပဲ ပြဿနာ ရှိနေခဲ့ရင် လူသတ်တရားခံက ဘယ်လိုများ အဆိပ်ခတ်သလဲ မသိဘူးနော်"

"ဒါလား ..." ကုစာနာဂိ ဆွံ့အသွားသည်။ စစ်ကူ ရလိုရငြား ယုကာဝါကို လှမ်းကြည့်လိုက်ရာ သူသည် မီးဖိုဆောင် အပေါက်ဝတွင် ရပ်နေလေသည်။ ကုမ္ပဏီမှ လူများ ရေစစ်လဲနေသည်ကို ငေးကြည့်လျက်။

ကုစာနာဂိက သူ့ကို လှမ်းခေါ်လိုက်သည်။

အနက်ရောင် ရှပ်အင်္ကျီလက်ပြတ်ကို ဝတ်ဆင်ထားသော လူရိပ်က အနည်းငယ် လှုပ်ရှားသွားသည်။ ယုကာဝါသည် အာယနဲဘက်သို့ လှည့်ကာ

"ခင်ဗျားရဲ့ အမျိုးသားက ရေသန့်ဗူးထဲက ရေကိုပဲ သောက်ခဲ့တာဆို။ အဲဒါ အမှန်ပဲလား"

ကုစာနာဂိသည် အာယနဲကို ငေးကြည့်နေသည်။ ဤသို့သော မေးခွန်းမျိုးကို ရုတ်တရက် မမေးသင့်ကြောင်း စိတ်ထဲမှ ယုကာဝါကို ကျိန်ဆဲနေမိသည်။

အာယနဲက ခေါင်းညိတ်ပြသည်။

"အမှန်ပါပဲ။ ဒါကြောင့် ရေခဲသေတ္တာထဲမှာ ရေသန့်ဗူးက ဘယ်တော့မှ ပြတ်တယ်ရယ်လို့ မရှိဘူး"

"ကော်ဖီဖျော်တဲ့အခါမှာလည်း ရေသန့်ဗူးထဲက ရေကိုပဲ သုံးဖို့ ခင်ဗျားကို သတိပေးခဲ့တယ် ဆိုတာကရော"

"ဟုတ်ပါတယ်"

"ဒါပေမယ့် တကယ်တမ်းကျတော့ ခင်ဗျားက သူ ပြောတဲ့အတိုင်း မလုပ်ခဲ့ဘူး မဟုတ်လား။ ကျွန်တော်တို့ အဲဒီလို ကြားမိတာပဲ"

ယုကာဝါ၏ စကားကြောင့် ကုစာနာဂိပင် အထိတ်တလန့် ဖြစ်သွားရသည်။ ဤကဲ့သို့သော လျှို့ဝှက်သတင်းများကို ယုကာဝါအား ပြောပြမည့်သူမှာ ဥကျူမိမှ လွဲ၍ တခြားသူ မဖြစ်နိုင်ပေ။ သူ၏ အတွေးအာရုံထဲတွင် ဥကျူမိ၏ အားရကျေနပ်နေသော မျက်နှာပေးက အထင်အရှား ပေါ်လွင်လာသည်။

"သူပြောတဲ့အတိုင်း တစ်သဝေမတိမ်း လုပ်နေရရင် တွက်ခြေမကိုက်ဘူးလေ။ မဟုတ်ဘူးလား" အာယနဲက ပြုံးလျက် ပြောသည်။

"ရေပိုက်ခေါင်းက ထွက်တဲ့ ရေက သူ ပြောသလို ကျန်းမာရေးကို ထိခိုက်စေတယ်လို့ ကျွန်မ မယူဆဘူး။ နောက်ပြီး ရေနွေးကျိုရတာလည်း ပိုပြီး မြန်တယ်။ ကျွန်မအထင်တော့ သူ လုံးဝကို သတိထားမိခဲ့မယ် မထင်ဘူး"

"အဲဒီအချက်ကိုတော့ ကျွန်တော်လည်း သဘောတူတယ်။ ရိုးရိုးရေကိုပဲ သုံးသုံး၊ သောက်ရေသန့်ကိုပဲ သုံးသုံး၊ ဖျော်လိုက်တဲ့ ကော်ဖီရဲ့ အရသာက ဘာမှ ထူးထူးခြားခြား ပြောင်းလဲမသွားဘူး"

ကုစာနာဂိသည် အတည်ပေါက် ပြောနေသော ယုကာဝါကို စွေ့ခနဲ ဝေ့ကြည့်လိုက်သည်။ အသင့်သုံး ကော်ဖီကိုသာ သောက်သုံးတတ်သောကြောင့် သိပ်မကြာသေးကမှ ယုကာဝါကို သူ ခနဲ့တဲ့တဲ့ ပြောခဲ့ဖူးသေးသည်။ ယုကာဝါသည် ကုစာနာဂိ၏ အကြည့်ကို သတိမထားမိ၍ပေလော၊ သို့တည်းမဟုတ် တမင်သက်သက် မသိချင်ယောင် ဆောင်နေသောကြောင့်ပေလော မသိ။ သူသည် မျက်နှာတစ်ချက် မပျက်ဘဲ ပြောလက်စကို ဆက်ပြောနေသည်။

"တနင်္ဂနွေနေ့က ကော်ဖီဖျော်ပေးခဲ့တဲ့ အမျိုးသမီးရဲ့ နာမည်က ဘာတဲ့ … ခင်ဗျားရဲ့ လက်ထောက်လို့ ထင်တာပဲ"

"မစ္စဝါကာယာမာပါ" ကုစာနာဂိက ဝင်ထောက်လိုက်သည်။

"ဟုတ်တယ်။ မစ္စဝါကာယာမာ။ သူကလည်း ခင်ဗျားအတိုင်း ရေပိုက်ခေါင်းက ထွက်တဲ့ ရိုးရိုးရေနဲ့ပဲ ကော်ဖီဖျော်ပေးခဲ့တယ်။ ဒါပေမယ့် အဲဒီတုန်းကတော့ ဘာပြဿနာမှ မတက်ခဲ့ဘူး။ ဒါကြောင့် ရဲဘက်က ရေသန့်ဗူးမှာ အဆိပ်ခတ်ခဲ့တာ ဖြစ်နိုင်တယ်လို့ သံသယ ဝင်ခဲ့ကြတယ်။ ဒါပေမယ့် ရေက နောက်တစ်မျိုး ရှိနိုင်သေးတယ်။ အဲဒါကတော့ ရေသန့်စက်ထဲက ထွက်တဲ့ရေ။ ခင်ဗျားရဲ့ ခင်ပွန်းက အကြောင်းတစ်ခုခုကြောင့် … ဥပမာ ပြောရရင် ရေသန့်ဗူးထဲက ရေကို ချွေတာချင်လို့ ကော်ဖီဖျော်တဲ့အခါမှာ ရေသန့်စက်ထဲက ထွက်တဲ့ရေကို အသုံးပြုခဲ့မယ် ဆိုပါစို့။ အဲဒီလိုသာ တကယ် လုပ်ခဲ့မယ် ဆိုရင်တော့ ကျွန်တော်တို့က အဲဒီရေသန့်စက်ကို စစ်ဆေးကြည့်ဖို့ လိုအပ်လာလိမ့်မယ်"

"အဲဒါကို ကျွန်မ နားလည်ပေးလို့ ရပါတယ်။ ဒါပေမယ့် ရေသန့်စက်ထဲကို အဆိပ်ခတ်လို့ ရနိုင်ပါ့မလား။ ရေသန့်စက်က အဆိပ်တွေကို စစ်ထုတ်ပေးလိုက်မှာ မဟုတ်ဘူးလား"

"လုံးဝ မရနိုင်ဘူးလို့တော့ ကျွန်တော် မထင်ဘူး။ ဒါပေမယ့် အဲဒီပုစ္ဆာကို ထ.ရ.ဖကနေပဲ အဖြေပေးနိုင်လိမ့်မယ်"

"အဲဒီအတိုင်းသာ အမှန်ဖြစ်နေခဲ့ရင် တရားခံက ဘယ်အချိန်မှာ အဆိပ်ခတ်ခဲ့တာ ဖြစ်မလဲ" အာယနဲသည် လေးနက်သောအကြည့်ဖြင့် ကုစာနာဂိကို စိုက်ကြည့်နေသည်။

"ကျွန်မ ခဏခဏ ပြောခဲ့ဖူးသလိုပါပဲ။ သောကြာနေ့ညက ကျွန်မတို့ အိမ်မှာ မိတ်ဆုံစားပွဲ ကျင်းပခဲ့သေးတယ်။ အဲဒီတုန်းကတော့ ရေသန့်စက်က ဘာမှ

ထူးခြားမနေဘူး”

“ဟုတ်ပါတယ်” ယုကာဝါက ပြောသည်။

“အဆိပ်ခတ်မယ် ဆိုရင် အဲဒီနောက်ပိုင်းမှ ဖြစ်နိုင်မှာပေါ့။ အဲဒီအပြင် တရားခံရဲ့ ရည်ရွယ်ချက်က ခင်ဗျားခင်ပွန်း တစ်ယောက်တည်းကိုပဲ လုပ်ကြံချင်တာ ဆိုရင်တော့ ခင်ဗျားခင်ပွန်း တစ်ယောက်တည်း အိမ်မှာ ရှိနေမယ့်အချိန်ကို အသေအချာ ရွေးချယ်ထားခဲ့တာပဲ ဖြစ်ရမယ်”

“အတိအကျ ပြောရရင် ကျွန်မ အိမ်မှာ မရှိတဲ့ အချိန်ပေါ့။ ... အဲ ... ကျွန်မသာ တရားခံ မဟုတ်ဘူး ဆိုရင်ပေါ့လေ”

“အမှန်အကန်ပေါ့” ယုကာဝါက မတွန့်မဆုတ် ပြန်ဖြေလိုက်သည်။

“အခုချိန်ထိတော့ အဆိပ်ကို ရေသန့်စက်ထဲမှာ ခတ်ထားခဲ့ပါတယ်လို့ ယတိပြတ် မပြောနိုင်သေးပါဘူး။ ဒါကြောင့် အဲဒီမေးခွန်းတွေကို စဉ်းစားနေဖို့ မလိုအပ်သေးဘူးလို့ ကျွန်တော် ယူဆတယ်” ကုစာနာဂိက ဖြန်ဖြေစကား ဝင်ဆိုလိုက်သည်။ ထို့နောက် “ကျွန်တော်တို့ကို ခွင့်ပြုပါဦး” ဟု ပြောကာ ယုကာဝါကို မျက်စပစ်ပြပြီး ဧည့်ခန်းထဲမှ ထွက်လာကြလေသည်။

ယုကာဝါသည် ကုစာနာဂိနောက်သို့ အမီလိုက်ကာ အိမ်တံခါးဝသို့ ရောက်ရှိလာသည်။

“မင်း ဘာတွေ လျှောက်လုပ်နေတာလဲ” ကုစာနာဂိက မေးသည်။ လေသံမှာ အနည်းငယ် တင်းမာလျက်။

“ဘာလျှောက်လုပ်နေလို့လဲ”

“မသိချင်ယောင် ဆောင်မနေစမ်းပါနဲ့ကွာ။ မင်းက အဲဒီလိုစကားမျိုး ပြောလိုက်တော့ မစ္စစ်မာရှိဘကို မသင်္ကာဘူးလို့ ထုတ်ပြောလိုက်သလို ဖြစ်မနေဘူးလား။ ဥက္ကျူမိက မင်းကို အကူအညီ တောင်းခဲ့တယ် ဆိုရင်တောင် မင်းက ကြားထဲကနေပြီး အဲဒီဟာမအစား လူမိုက်လုပ်ပေးနေစရာ မလိုပါဘူးကွာ”

ယုကာဝါ၏ နဖူးကြောများ တွန့်ခေါက်သွားသည်။ သူက အံ့အင်းသင့်နေသော ဟန်ပန်ဖြင့်

"မင်းက ဘလိုင်းကြီး ငါ့ကို လာကောနေသလိုပဲ။ ငါ ဘယ်တုန်းကများ ဥက္ကမြိအစား လူမိုက်လုပ်ခဲ့လို့လဲ။ ငါက ဓမ္မဓိဋ္ဌာန်ကျကျ သူ့ကို သုံးသပ်ပြနေတာပဲ ရှိတာ။ စိတ်ကို ငြိမ်ငြိမ် ထားစမ်းပါ ငါ့ကောင်ရာ။ မစ္စစ်မာရိုဘက မင်းထက် အပုံကြီး ပိုပြီး တည်ငြိမ်နေတယ်"

ကုစာနာဂိသည် ပါးစပ်ပြင်ပြီး သူ့စကားကို ပြန်တုံ့ပြန်လိုက်မည်ဟု ချိန်ရွယ်နေစဉ်မှာပင် အိမ်တံခါးမှာ ကျွီကနဲ ပွင့်လာသည်။ ရေသန့်စက်ကုမ္ပဏီမှ ဝန်ထမ်းများ အိမ်ထဲမှ ထွက်လာခြင်း ဖြစ်သည်။ အာယနဲသည် သူတို့၏အနောက်မှ ကပ်လျက် လိုက်ပါလာသည်။

"ရေစစ်ပွန်တွေကို လဲပြီးသွားပြီ ပြောတယ်" အာယနဲက စကားဆိုသည်။

"ကျေးဇူးပဲ" ကုစာနာဂိက ကုမ္ပဏီဝန်ထမ်းကို လှမ်းပြောသည်။

"ကုန်ကျစရိတ်ကို ..."

"ကျွန်မ ရှင်းပေးလိုက်ပါပြီ။ အဲဒီကိစ္စအတွက် အလုပ်ရှုပ်ခံ မနေပါနဲ့တော့"

စကားအဆုံးတွင် ကုစာနာဂိက "အဲဒီလိုလား" ဟု ခပ်တိုးတိုး ရေရွတ်လိုက်သည်။

ရေသန့်စက်ကုမ္ပဏီမှ လူများ ထွက်ခွာသွားပြီး ယုကာဝါသည်လည်း ဖိနပ် စီးနေသည်။

"ငါလည်း သွားတော့မယ်။ မင်းကရော"

"ငါ မစ္စစ်မာရိုဘကို မေးစရာတချို့ ရှိနေသေးလို့ ခဏနေလိုက်ဦးမယ်"

"ဟုတ်လား။ ဒါဆို ကျွန်တော်ကို ခွင့်ပြုပါဦး" ယုကာဝါသည် အာယနဲကို ဦးညွှတ်လိုက်သည်။

ယုကာဝါ ထွက်ခွာသွားပြီးနောက်တွင် ကုစာနာဂိသည် ပင့်သက်ကို အားပါးရပါး ရှိုက်ထုတ်ပစ်လိုက်သည်။

"အပြောမှား အဆိုမှားရှိရင် ဗွေမယူပါနဲ့ဗျာ။ ယုကာဝါက

စိတ်ရင်းမဆိုးပါဘူး။ ယဉ်ကျေးမှုတွေ ဘာတွေ နားမလည်တော့ ပေါင်းရသင်းရ နည်းနည်းခက်တယ်။ တကယ်ကို လူထူးလူဆန်းတစ်ယောက်ပေါ့ဗျာ”

အာယနဲက ပျာပျာသလဲ ဝင်ပြောလိုက်သည်။

“အမယ်လေး၊ ကျွန်မကို တောင်းပန်နေစရာ မလိုပါဘူးရှင်။ ကျွန်မစိတ်ထဲမှာလည်း ဘယ်လိုမှ မနေပါဘူး”

“တော်သေးတာပေါ့ဗျာ”

“သူက သူ့ကိုယ်သူ အင်ပီရီယယ်တက္ကသိုလ်က ကျောင်းဆရာလို့ ပြောတယ်နော်။ ကျွန်မအထင်က ပညာရှင်တွေဆိုတာ အေးဆေးတည်ငြိမ်တဲ့ လူမျိုးတွေလို့ ယူဆထားတယ်။ အထင်နဲ့အမြင်က တစ်လွဲစီ ဖြစ်နေသလိုပဲ”

“ပညာရှင်ဆိုတာကလည်း အမျိုးမျိုး ရှိသေးတာကိုးဗျာ။ အဲဒီကောင်က တစ်မူထူးခြားတဲ့ကောင်မျိုး”

“အဲဒီကောင် ...”

“ဩော် ... ကျွန်တော် ပြောပြဖို့ မေ့နေတယ်။ သူနဲ့ကျွန်တော်က တက္ကသိုလ်ကျောင်းသား ဘဝကတည်းက သူငယ်ချင်းတွေပါ။ ဒါပေမယ့် ကျွန်တော်တို့ ယူတဲ့ အထူးပြု ဘာသာရပ်တွေကတော့ မတူကြဘူးပေါ့”

ကုစာနာဂိနှင့် အာယနဲတို့သည် ဧည့်ခန်းထဲသို့ လျှောက်ဝင်လာကြသည်။ ထိုသို့ လျှောက်လာကြစဉ် ကျောင်းသားဘဝက ယုကာဝါနှင့် အတူတူ ကြက်တောင်ရိုက်အသင်းတွင် တွေ့ဆုံခဲ့ကြပုံ၊ ယုကာဝါ၏ အကူအညီဖြင့် အမှုအခင်းများကို ဖော်ထုတ်နိုင်ခဲ့ပုံနှင့် ယနေ့အချိန်ထိ အခင်အမင် မပျက်၊ အဆက်အသွယ် မပြတ်ဘဲ တတွဲတွဲ ရှိနေကြပုံတို့ကို အာယနဲအား ရှင်းပြလေသည်။

“အဲဒီလိုလား။ မဆိုးဘူးနော်။ ဆရာက လက်ရှိ လုပ်နေတဲ့ အလုပ်အကိုင်ကနေတစ်ဆင့် ငယ်ငယ်က ခင်ခဲ့တဲ့ ငယ်သူငယ်ချင်းတွေနဲ့လည်း တွေ့ဆုံခွင့် ရနေသေးတယ်”

“ကျွန်တော်တို့နှစ်ယောက်က တကျက်ကျက်နဲ့၊ တည့်ကြတာ မဟုတ်ဘူးဗျ”

"ဘယ်ကလာရှင်ရယ်။ ကျွန်မဖြင့် အားတောင် အားကျမိပါရဲ့"

"ခင်ဗျား အမေ့အိမ်ကို ပြန်တဲ့အခါမှာလည်း ငယ်သူငယ်ချင်းနဲ့ ရေပူစမ်းမှာ ချိန်းတွေ့ခွင့် ရနေသေးတာပဲ မဟုတ်ဘူးလား"

အာယနဲက သူ့ကို ပြုံးပြသည်။

"ကျွန်မ အမေက ပြောတယ်။ ဆရာကုစာနာဂိက ကျွန်မအိမ်ကိုလည်း ရောက်ခဲ့သေးတယ်တဲ့"

"အဲ ... အဲဒါလား။ တာဝန်အရပါဗျာ။ ဘယ်ကိစ္စမဆို သက်သေယူရသေးတာ မဟုတ်လား။ တခြား ဘာအကြောင်းမှ မရှိပါဘူး"

ကုစာနာဂိက အလောတကြီး ဖာထေးပြောကြားနေသည်ကို တွေ့မြင်ရသည်တွင် အာယနဲက သူ့ကို ပြုံးပြရင်း

"ကျွန်မ သဘောပေါက်ပါတယ်။ အဲဒီအချိန်တုန်းက ကျွန်မ အိမ်ကို အမှန်တကယ် ပြန်၏ မပြန်၏ ဆိုတာကလည်း အင်မတန် အရေးကြီးတဲ့ အချက်တစ်ချက် ဖြစ်နေတာပဲ မဟုတ်လား။ သွားပြီး စစ်ဆေးကြည့်တယ် ဆိုတာကလည်း လုပ်သင့်လုပ်ထိုက်တဲ့ ကိစ္စပဲလေ။ ကျွန်မစကားကိုလည်း ဘယ်လိုမှ သဘောမထားပါနဲ့ရှင်"

"အခုလို ကြားရတာ ဝမ်းသာပါတယ်"

"ကျွန်မအမေက ကျွန်မကို ပြောတယ်။ သူတို့ဆီ လာသွားတဲ့ ရဲအရာရှိက အင်မတန်မှ သဘောကောင်းတယ်တဲ့။ ဒါကြောင့်လည်း ကျွန်မက အမေတို့ကို 'စိတ်ချလက်ချသာနေ၊ ဘာမှ စိတ်မပူနဲ့' လို့ ပြောလိုက်သေးတယ်"

ကုစာနာဂိသည် နားပန်ကို လက်ဖြင့် ပွတ်လျက် ရှက်ပြုံးပြုံးနေသည်။ တစ်ခေါင်းလုံး ရှိန်းတိန်းဖိန်းတိန်း ဖြစ်နေသည်ဟုပင် ခံစားနေရလေသည်။

"အဲဒီတုန်းက ဆရာတို့ မစ္စစ်မိုတိုအိုကာကိုလည်း သွားတွေ့ခဲ့ကြသေးတယ် မဟုတ်လား" အာယနဲက မေးသည်။ မိုတိုအိုကာ ဆာကီကိုသည် ရေပူစမ်းသို့ သူနှင့်အတူ အလည်သွားခဲ့သော သူငယ်ချင်းဖြစ်သည်။

“မစ္စစ်မိုတိုအိုကာကို သွားတွေ့တဲ့သူက ဥက္ကျမိပါ။ မစ္စစ်မိုတိုအိုကာက အဲဒီကိစ္စ မဖြစ်ခင်ကတည်းက ခင်ဗျားကို နည်းနည်း စိတ်ပူနေတယ်လို့ ပြောသံကြားတယ်။ ခင်ဗျားက မင်္ဂလာ မဆောင်ခင်တုန်းကလို လန်းလန်းဆန်းဆန်း ဖြစ်မနေဘူးလို့ ခံစားနေရတယ်တဲ့”

အာယနဲသည် တစ်စုံတစ်ရာကို သတိရသွားသည့်နှယ် မျက်နှာပေါ်တွင် အဖော်မဲ့သော အပြုံးတစ်ခု ပွင့်အန်လာသည်။ ထို့နောက် အသာအယာ သက်ပြင်းချလျက်

“သူက အဲဒီလို ပြောခဲ့တာလား။ ကျွန်မကိုယ်ကျွန်မတော့ သိပ်ကို ဟန်ဆောင်ကောင်းလှပြီလို့ ထင်နေခဲ့တာ။ ငယ်သူငယ်ချင်းရဲ့ မျက်လုံးကိုတော့ ဘယ်လိုမှ မလှည့်စားနိုင်ခဲ့ဘူးပဲ”

“ကွာရှင်းပေးဖို့ ခင်ဗျားယောကျ်ားက တောင်းဆိုခဲ့တဲ့ ကိစ္စကို ခင်ဗျား သူ့ကို ပြောပြဖို့ အဲဒီတုန်းက စိတ်ကူးမရှိခဲ့ဘူးလား”

သူက ခေါင်းခါသည်။

“စိတ်ကူးမရှိဘူး။ အဲဒီတုန်းက မေ့မေ့ပျောက်ပျောက် နေလိုက်ဖို့ပဲ ဆုံးဖြတ်ထားတာ။ ... နောက်ပြီး ဒါမျိုးကိစ္စက တခြားလူတွေနဲ့ ဆွေးနွေးတိုင်ပင်ဖို့ ကောင်းတဲ့ ကိစ္စမျိုးမှ မဟုတ်ဘဲ။ ကျွန်မတို့နှစ်ယောက်က မင်္ဂလာမဆောင်ခင်ကတည်းက ကတိကဝတ် ထားခဲ့ကြပြီးသားလေ။ ကလေးမွေးမပေးနိုင်ရင် ကွာရှင်းပေးရမယ်။ အဲဒီကိစ္စကို ကျွန်မရဲ့ မိဘတွေကိုတောင် ပြောမပြခဲ့ဖူးဘူး”

“ကျွန်တော်တို့လည်း မစ္စတာအီကာအိဆီက ကြားခဲ့ပြီးပါပြီ။ ခင်ဗျားခင်ပွန်းက ကလေးကို အရမ်း လိုချင်နေတာဆိုတော့ အိမ်ထောင်ပြုတာတောင်မှ ကလေးရဖို့ သက်သက်အတွက်ပဲ ဖြစ်နေတယ်။ ကျွန်တော်အတွက်တော့ အခုထိ နားလည်ရ ခက်နေဆဲပဲ။ လောကမှာ ဒီလိုယောကျ်ားမျိုး ရှိသေးပါလားလို့ ကျွန်တော်တောင် အံ့ဩမှင်တက်မိတယ်”

“ကျွန်မကိုယ်တိုင်ကလည်း ကလေးတစ်ယောက်လောက် မွေးချင်တယ်လေ။ သိပ်မကြာခင်မှာပဲ ကလေးရနိုင်လိမ့်မယ်လို့ ကိုယ့်ကိုယ်ကိုယ် ထင်ထားခဲ့တာ။ ဒါကြောင့်လည်း အဲဒီကတိကဝတ်ကို သိပ်ပြီး အလေးမထားခဲ့ဘူး။ ဒါပေမယ့် ကံမကောင်း အကြောင်းမလှချင်တော့ တစ်နှစ်ပြည့်ခါနီးအထိ ဘာမှ

အရာမထင်ခဲ့ဘူး။ … ဘုရားသခင်က ဒါတော့ ရက်စက်လွန်းပါတယ်လေ” အာယနဲသည် မျက်လွှာချလိုက်ပြီး တစ်ခဏအကြာတွင် ခေါင်းကို မော့လိုက်ပြန်သည်။

“ဆရာကုစာနာဂိမှာရော ကလေးရှိလား”

ကုစာနာဂိက သွားဖြဲလျက်

“ကျွန်တော်က လူလွတ်ပါ”

“အား” အာယနဲထံမှ အာမေဋိတ်သံ ထွက်ပေါ်လာသည်။

“ဆောရီးပဲနော်”

“ကိစ္စ မရှိပါဘူး။ မိတ်ဆွေတွေက ကျွန်တော့်ကို လောဆော်နေကြပေမယ့် ကိုယ်နဲ့ သဟဇာတ ဖြစ်မယ့် လူကလည်း ရှာမှ ရှာမတွေ့နိုင်ပဲကိုး။ စောစောက ယုကာဝါကလည်း လူပျိုကြီးပဲ”

“သူ့ကိုတော့ မြင်ရုံနဲ့ မှန်းကြည့်လို့ ရတယ်။ မိသားစု အနှောင်အဖွဲ့ ရှိတဲ့ပုံ မပေါ်ဘူး”

“အဲဒီကောင်နဲ့ ခင်ဗျားခင်ပွန်းက ပြောင်းပြန်လို့ ပြောလို့ရတယ်။ သူက ကလေးသိပ်မုန်းတာ။ ‘ဆင်ခြင်နိုင်မှု စွမ်းရည်ကို ကျဆင်းစေနိုင်တယ်’ တို့၊ ‘ဖိအားတွေ ဆတိုးပွားလာစေနိုင်တယ်’ တို့၊ အဲဒီလို ထူးထူးဆန်းဆန်း စကားမျိုးတွေ အားအားရှိ ပြောနေတတ်တယ်”

“အတော် စိတ်ဝင်စားစရာ ကောင်းတဲ့ လူပဲ”

“ခင်ဗျားရဲ့ စကားကို ကျွန်တော် သူ့ဆီရောက်အောင် သယ်သွားပေးပါ့မယ်။ ဒါနဲ့ ခင်ဗျားခင်ပွန်းနဲ့ ပတ်သက်တဲ့ အကြောင်းအရာတစ်ခုကို ကျွန်တော် မေးလို့ ရမလား”

“ဘာကိစ္စများလဲ”

“ခင်ဗျားခင်ပွန်းရဲ့ မိတ်ဆွေတွေထဲမှာ ပုံဆွဲပြီး အသက်မွေးတဲ့လူ ရှိလား”

"ပုံဆွဲတာ ... ပန်းချီဆရာကို ပြောတာလား"

"ဟုတ်တယ်။ ဟိုးအရင်က အကြောင်းဆိုရင်လည်း ကိစ္စ မရှိဘူး။ သူ အဲဒီလို လူမျိုးတစ်ယောက်နဲ့ ခင်မင်ခဲ့ဖူးတယ်လို့ ခင်ဗျားခင်ပွန်း ပြောတာ ကြားဖူးလား"

အာယနဲသည် တဒင်္ဂမျှ စဉ်းစားနေပြီး တစ်စုံတစ်ရာကို သတိရသွားဟန်ဖြင့် ကုစာနာဂိကို စိုက်ကြည့်ကာ စကားဆိုသည်။

"အဲဒီလူက အမှုနဲ့ သက်ဆိုင်နေလို့လား"

"မဟုတ်ပါဘူး။ အဲဒီအချက်ကိုတော့ လတ်တလော မပြောနိုင်သေးဘူး။ ဟိုရှေ့ရက်တုန်းကလည်း ကျွန်တော် ခင်ဗျားကို ပြောခဲ့ပြီးပါပြီ။ ခင်ဗျားခင်ပွန်းရဲ့ ရည်းစားဟောင်းတွေကို ကျွန်တော် အခုတလော လိုက်စုံစမ်းကြည့်နေတာ။ အခု သိထားရသလောက်ဆိုရင် သူ အရင်က ပန်းချီဆရာမတစ်ယောက်နဲ့ တွဲခဲ့ဖူးတယ်"

"အဲဒီလိုလား။ ဒါပေမယ့် စိတ်မကောင်းပါဘူးရှင်။ ကျွန်မ မကြားဖူးဘူး။ ဘယ်တုန်းလောက်က ဖြစ်မလဲ"

"အချိန်အတိအကျတော့ ကျွန်တော်လည်း မပိုင်းဖြတ်နိုင်ဘူး။ လွန်ခဲ့တဲ့ နှစ်နှစ်၊ သုံးနှစ်လောက်ကကိစ္စ ဖြစ်မယ် ထင်တယ်"

အာယနဲက ခေါင်းညိတ်လိုက်ပြီး ခေါင်းကို အတန်ငယ် ငဲ့စောင်းပြီး

"ဆောရီးပဲ။ သူ့ဆီက ကျွန်မ မကြားဖူးဘူး"

"ဟုတ်လား။ ဒါဆိုလည်း ဘာတတ်နိုင်မှာလဲဗျာ" ကုစာနာဂိသည် နာရီကို ငုံ့ကြည့်ပြီး မတ်တတ်ထရပ်လိုက်သည်။

"အချိန်အကြာကြီး နှောင့်ယှက်မိတဲ့အတွက် တောင်းပန်ပါတယ်ဗျာ။ ကျွန်တော်ကို ပြန်ခွင့်ပြုပါဦး"

"ကျွန်မလည်း ဟိုတယ်ပြန်တော့မယ်" အာယနဲသည် အထုပ်ကို ပိုက်လျက် မတ်တတ်ရပ်လိုက်သည်။

သူတို့နှစ်ဦးသည် အိမ်ထဲမှ ထွက်လာပြီး အာယနဲက တံခါးမကြီးကို

သော့ခတ်လိုက်သည်။

"အဲဒီအထုပ်ကို ကျွန်တော် ကူကိုင်ပေးပါရစေ။ နောက်ပြီး ခင်ဗျားကို တက္ကစီငှားလို့ ရတဲ့ နေရာအထိ လိုက်ပို့ပေးပါ့မယ်" ကုစာနာဂိက ညာလက်ကို ဆန့်တန်းပြီး စကားဆိုသည်။

အာယနဲသည် ကျေးဇူးတင်စကား ဆိုပြီး အထုပ်ကို ကုစာနာဂိထံသို့ ကမ်းပေးလိုက်သည်။ ထို့နောက် အနောက်ဘက်သို့ ပြန်လှည့်ကြည့်ပြီး

"ဒီတစ်သက် ဒီအိမ်ထဲကို ပြန်နေခွင့် ရပါ့မလားတောင် မသိတော့ဘူး"

ကုစာနာဂိသည် မည်သို့ စကားပြန်ရန် စဉ်းစားရ ကျပ်နေသောကြောင့် ပါးစပ်ကို အသာပိတ်လျက် ဆိတ်ဆိတ်နေကာ သူနှင့် ဘေးချင်းယှဉ် လျှောက်လာခဲ့လေသည်။

(၁၇)

ဝင်ထွက်စာရင်းအရ ကြည့်လျှင် ယခုအချိန်တွင် ယုကာဝါ တစ်ဦးတည်းသာ ဓာတ်ခွဲခန်းထဲ၌ ရှိနေသည်။ သို့တိုင် ၎င်းမှာ တိုက်ဆိုင်မှုကြောင့် မဟုတ်ဘဲ ဥကျုမိသည် ဤအချိန်ကို တမင် ရွေးလာခဲ့ခြင်းသာ ဖြစ်ပေသည်။

ဥကျုမိသည် တံခါးကို အသာအယာ ခေါက်လိုက်ပြီး အတွင်းထဲမှ "ဝင်ခဲ့" ဟူသော အသံကို ကြားသည့်အခါမှ သူသည် တံခါးကို တွန်းဖွင့်၍ ဝင်သွားခဲ့သည်။ ယုကာဝါသည် ကော်ဖီဖျော်လျက် အလုပ်ရှုပ်နေသည်။ သူသည် ရေစစ်စက္ကူ သုံး၍ ကော်ဖီစစ်ခွက်ဖြင့် ကော်ဖီဖျော်သည့်နည်းကို အသုံးပြုနေသည်။

"ခင်ဗျား လာတာနဲ့ အတော်ပဲ" ယုကာဝါသည် ခွက်နှစ်ခွက်ထဲသို့ ကော်ဖီများ လောင်းထည့်လိုက်သည်။

"ထူးထူးဆန်းဆန်းပါလား ဆရာ။ စက်နဲ့ မဖျော်တော့ဘူးလား"

"ဓီဇာကြောင်တဲ့ လူတွေရဲ့ စိတ်ခံစားမှုကို နားလည်နိုင်ဖို့ ကြိုးစားကြည့်တာပေါ့ဗျာ။ ရေတောင် သောက်ရေသန့်ကိုပဲ သုံးထားတာ" ယုကာဝါသည် လက်ထဲမှ ခွက်တစ်ခွက်ကို ဥကျုမိထံသို့ ကမ်းပေးသည်။

ဥကျုမိက ကျေးဇူးတင် စကားဆိုပြီး တစ်ငုံသောက်ကြည့်လိုက်သည်။ ဘာမျှ ထူးခြားမနေဟု သူ ခံစားရသည်။

"ဘယ်လိုနေလဲ" ယုကာဝါက မေးသည်။

"အရသာက မဆိုးပါဘူး"

"အရင်ကနဲ့ စာရင်ရော"

ဥကျုမိသည် တစ်ခဏမျှ ငြိမ်သက်နေပြီးမှ ပြန်မေးလိုက်သည်။

“ဆရာက အမှန်အတိုင်း ကြားချင်တာလား”

ယုကာဝါသည် စိတ်မရှည်တော့သည့် အမူအရာဖြင့် ကော်ဖီခွက်ကို လက်မှ ကိုင်လျက် ထိုင်ခုံပေါ် ထိုင်ချလိုက်သည်။

“ခင်ဗျား ဖြေဖို့ မလိုတော့ပါဘူး။ ခင်ဗျားလည်း ကျွန်တော့်လိုပဲ ခံစားနေရလောက်ပါတယ်”

သူသည် ခွက်ထဲမှ ကော်ဖီကို ငုံ့ကြည့်သည်။

“စောစောကတင် ရိုးရိုးရေနဲ့ တစ်ခွက်ဖျော်ခဲ့သေးတယ်။ အမှန်အတိုင်း ပြောရရင် အရသာက ဘာမှ မထူးဘူး။ အနည်းဆုံးတော့ ကျွန်တော်အနေနဲ့ ကွာခြားချက်ကို ခံစားလို့ မရဘူး”

“ကျွန်မအထင်တော့ တော်တန်ရုံလူက ခွဲခြားနိုင်လိမ့်မယ် မထင်ဘူး”

“ဒါပေမယ့် နိုင်ငံကျော် စားဖိုမှူးကြီးတွေကတော့ အရသာက ခြားနားမှု ရှိတယ်လို့ တရားဝင် ထုတ်ပြန်ထားကြတယ်” ယုကာဝါသည် စာတမ်းတစ်စောင်ကို ကောက်ယူလိုက်သည်။

“ရေမှာက အစေးဓာတ်ဆိုတာ ရှိတယ်။ ရေတစ်လီတာမှာ ပါတဲ့ ကယ်စီယမ်အိုင်ယွန်နဲ့ မဂ္ဂနီစီယမ်အိုင်ယွန်တွေကို ရေတွက်ကြည့်ပြီး ရေရဲ့ ကယ်စီယမ် ကာဗွန်နိတ်ပမာဏကို တွက်ယူတယ်။ အဲဒီ ပမာဏ အနည်းအများပေါ် မူတည်ပြီး ရေကို ရေစေး၊ ရေသွက် စသဖြင့် ခွဲခြားထားတယ်”

“ကျွန်မ ကြားဖူးတယ်”

“ပုံမှန် ထမင်းဟင်းတွေအတွက်ဆိုရင် ရေသွက်က ပိုပြီး သင့်လျော်တယ်။ အဓိကကတော့ ကယ်စီယမ်ရဲ့ ပါဝင်မှု ပမာဏပဲ။ ထမင်းချက်တဲ့အခါမှာ ကယ်စီယမ်ဓာတ်များတဲ့ ရေကို သုံးလိုက်ရင် ကယ်စီယမ်တွေက ဆန်ထဲမှာပါတဲ့ အမျှင်ဓာတ်နဲ့ ဓာတ်ပြုသွားတာကြောင့် ကျက်သွားတဲ့ ထမင်းတွေက မာဆတ်ဆတ်တွေ ဖြစ်ကုန်တယ်”

ဥကျုမိက မျက်မှောင်ကြုတ်လိုက်သည်။

“အဲဒီလိုဆိုရင် ဘယ်လိုလုပ်ပြီး စားလို့ကောင်းပါတော့မလဲ”

“သူနဲ့ ဆန့်ကျင်ဘက်က အမဲသားစွပ်ပြုတ် ချက်တဲ့အခါမှာကျတော့ ရေစေးကို သုံးရတယ်လို့ ကြားဖူးတယ်။ ဘာဖြစ်လို့လဲဆိုတော့ အသားနဲ့ အရိုးထဲမှာ ရှိတဲ့ သွေးတွေက ရေစေးထဲမှာ ပါဝင်တဲ့ ကယ်စီယမ်တွေနဲ့ ဓာတ်ပြုသွားမယ် ဆိုရင် ရေမျက်နှာပြင်အထက်ကို တက်လာကြတယ်။ ဒီတော့ အလွယ်တကူ ဖယ်ရှားပစ်လို့ ရသွားတာပေါ့။ ဟင်းရည်ကြည် ရဖို့အတွက်ဆိုရင်တော့ အင်မတန်မှ ကောင်းတဲ့ နည်းလမ်းပဲ”

“ဆရာက ထမင်းဟင်းကို ကိုယ့်ဘာသာ ချက်စားတာလား”

“တစ်ခါတလေပေါ့ဗျာ” ယုကာဝါသည် စာတမ်းကို စားပွဲပေါ် ပြန်တင်လိုက်သည်။

မီးဖိုဆောင်ထဲတွင် မတ်တတ်ရပ်လျက် အိုးထဲမှ ရေပမာဏနှင့် မီးအပြင်းအပျော့ကို မျက်မှောင်ကြုတ်ရင်း ချိန်ညှိနေမည့် ယုကာဝါ၏ ရုပ်ပုံလွှာကို ဥကျူမိက မှန်းဆကြည့်နေမိသည်။ သိပ္ပံစမ်းသပ်ချက်တစ်ခု ပြုလုပ်နေသည့်နှယ် ရှုသိုးသိုးနှင့် ဖြစ်နေမည်မှာ သေချာသလောက်ပင်။

“ဒါနဲ့ ရှေ့တစ်ခေါက်က ကိစ္စက ဘာတွေ ထူးသေးလဲ”

“ထ.ရ.ဖရဲ့ အစီရင်ခံစာ ထွက်လာပါပြီ။ ဒီနေ့ ကျွန်မ ဆရာ့ကို အဲဒီအကြောင်း လာပြောပြတာ” ပြောပြီး ဥကျူမိသည် အိတ်ထဲမှ စာဖိုင်တစ်ဖိုင်ကို ဆွဲထုတ်လိုက်သည်။

“ပြောစမ်းပါဦး” ယုကာဝါက ကော်ဖီတစ်ငုံ မော့သောက်လိုက်သည်။

“ရေစစ်နဲ့ ပိုက်ပျော့ထဲမှာ အဆိပ်မတွေ့ရဘူး။ ဒါပေမယ့် အဆိပ်ခတ်ခဲ့ဖူးမယ် ဆိုရင်တောင် ရေဝင်ရေထွက် အမြဲ ရှိနေနိုင်တဲ့အတွက်ကြောင့် ရေနဲ့ ဆေးကြောပစ်လိုက်သလို ဖြစ်သွားနိုင်တယ်။ ဒါကြောင့် ဓာတ်ခွဲခန်းအဖြေကို အတည်ယူဖို့ ခက်တယ်။ အဲဒီထက် ပိုပြီး ကြီးတဲ့ ပြဿနာတစ်ခု ရှိနေသေးတယ်”

ဥကျူမိသည် အသက်ကို အားရပါးရ ရှူသွင်းလိုက်ပြီး စာဖိုင်ကို ပြန်ငုံ့ကြည့်လိုက်သည်။

"ရေစစ်ပြွန်နဲ့ ပိုက်ပျော့ရဲ့ အပြင်မျက်နှာပြင်မှာ နှစ်နဲ့ချီတဲ့ ဖုန်မှုန့်တွေ ကပ်နေတယ်။ အဲဒီအချက်ကို ကြည့်ခြင်းအားဖြင့် ဒီတစ်လ နှစ်လအတွင်းမှာ လူတစ်ဦးတစ်ယောက်က အဲဒီပစ္စည်းတွေကို ကိုင်တွယ်ခဲ့တယ် ဆိုတဲ့ ဖြစ်နိုင်ခြေက အင်မတန်ကို နည်းတယ်။ တစ်နည်းပြောရရင် တကယ်လို့သာ တစ်ဦးတစ်ယောက်က အဲဒါကို ဖြုတ်ခဲ့၊ ဖွင့်ခဲ့မယ် ဆိုရင် ခြေရာလက်ရာကတော့ ကျန်ကို ကျန်ခဲ့မှာပဲ။ နောက်ပြီး ဖြည့်စွက် စဉ်းစားရဦးမယ့် အချက်တချို့ ရှိသေးတယ်။ အခင်းဖြစ်ပြီး မကြာခင်မှာပဲ ထ.ရ.ဖက အဆိပ်အကြွင်းအကျန်ကို ရှာဖွေဖို့ ဆိုပြီး လက်ဆေးကန်ရဲ့ အောက်ဘက်ကိုလည်း စစ်ဆေးကြည့်ခဲ့သေးတယ်။ အဲဒီတုန်းက ရေစစ်ပြွန်ရဲ့ အရှေ့နားမှာ ချထားတဲ့ ဆပ်ပြာမှုန့်ထုပ်နဲ့ ဗူးခွံလို ပစ္စည်းတချို့ကို သူတို့ နေရာရွှေ့ခဲ့ကြသေးတယ်။ သူတို့ရဲ့ စကားအရ ဆိုရင် အဲဒီပစ္စည်းတွေ ချထားတဲ့ နေရာကလွဲလို့ ကျန်တဲ့ ကြမ်းပြင်တစ်ပြင်လုံးမှာ ဖုန်တွေချည်းပဲတဲ့"

"အချုပ်ပြောရရင် လောလောလတ်လတ် အတွင်းမှာ ရေစစ်ပြွန်တင် မကဘဲ လက်ဆေးကန် အောက်ဘက် နေရာတစ်ခုလုံးကို ဘယ်သူမှ မထိမတို့ခဲ့ဖူးဘူး။ အဲဒီလို မဟုတ်လား"

"ထ.ရ.ဖက အဲဒီလို ယူဆတာပဲ"

"ကျွန်တော် တွက်ဆထားတဲ့ အတိုင်းပါပဲ။ သူ့အိမ်ရဲ့ လက်ဆေးကန် အောက်ဘက်ကို မြင်ကတည်းက အဲဒီလို ယူဆမိခဲ့တာပဲ။ ကျွန်တော် ခင်ဗျားကို စိစစ်ခိုင်းတာ နောက်တစ်ခု ကျန်သေးတယ် မဟုတ်လား"

"ဟုတ်။ ရေပိုက်ခေါင်းရဲ့ အပေါက်ကနေ ရေသန့်စက်ထဲကို အဆိပ်ထည့်လို့ ရနိုင်၊ မရနိုင် ဆရာ သိချင်တာ မဟုတ်လား"

"အဲဒီအချက်က သိပ်ကို အရေးကြီးတယ်။ အဖြေက ဘာတဲ့လဲ"

"သီအိုရီအရတော့ ဖြစ်ကောင်း ဖြစ်နိုင်တယ်တဲ့။ ဒါပေမယ့် လက်တွေ့ လုပ်ဖို့တော့ လုံးဝ မလွယ်လောက်ဘူးလို့ ပြောတယ်"

ယုကာဝါက ကော်ဖီတစ်ငုံ မော့သောက်လိုက်သည်။ ခါးလွန်းနေသောကြောင့်လား မသိ။ သူ၏ နှုတ်ခမ်းများ တွန့်ကနဲ ဖြစ်သွားသည်။

"ဆရာရဲ့ အိုင်ဒီယာအတိုင်း ပိုက်ပျော့အရှည်ကို ရေပိုက်ခေါင်းထိပ်ကနေ ရေသန့်စက်ရဲ့ ပိုက်ပျော့အထိ ရောက်အောင် ထိုးထည့်ကြည့်သေးတယ်။

လက်တွေ့မှာကျတော့ အဲဒီလို လုပ်ဖို့ မလွယ်ဘူး ဆရာ။ မဖြစ်နိုင်ဘူး။ ရေသန့်စက်ထဲကို သွားတဲ့ ပိုက်တွေက ထောင့်မှန်ချိုး ချိုးထားတဲ့ နေရာတွေ အတော်များများ ရှိတယ်။ ပိုက်ပျော့က အဲဒီလမ်းကြောင်းအတိုင်း လျှောကနဲ ဝင်သွားဖို့ မဖြစ်နိုင်သလောက်ပဲ။ တကယ်လို့သာ ဦးပိုင်းကို လိုသလို ကွေးနိုင်ဆန့်နိုင်တဲ့ ကိရိယာတစ်ခု ထွင်နိုင်မယ် ဆိုရင်တော့ ဖြစ်ကောင်း ဖြစ်နိုင်လောက်တယ်''

''ရပြီ။ ကျွန်တော် သဘောပေါက်ပါပြီ'' ယုကာဝါက ခေါင်းကုတ်နေသည်။

''ဒီအမှုရဲ့ တရားခံက ဒီလောက် အလုပ်ရှုပ်ခံနေလိမ့်မယ် မထင်ဘူး။ ဒါဆို ရေသန့်စက်ကိစ္စကိုလည်း ပလပ်လိုက်ရတော့မယ် ထင်တယ်။ ကိုယ့်ဟာကိုယ်တော့ ဟုတ်လှပြီလို့ အောက်မေ့နေတာ။ အတွေးလမ်းကြောင်းကို ပြောင်းဖို့ လိုအပ်လာပြီ ထင်ပါရဲ့။ တစ်နေရာရာမှာတော့ ကျွန်တော်တို့ မျက်စိလျှမ်းနေခဲ့တာ ဖြစ်ရမယ်''

ယုကာဝါသည် ကော်ဖီခရားအိုးအတွင်းတွင် ကျန်ရှိနေသေးသည့် ကော်ဖီများ အားလုံးကို သူ၏ ကော်ဖီခွက်ထဲသို့ လောင်းထည့်လိုက်သည်။ လက်တုန်နေသောကြောင့် ဖြစ်မည်။ ကော်ဖီတချို့ အပြင်သို့ ဖိတ်စင်ကုန်သည်။

ယုကာဝါ၏ အံကြိတ်နေသော အသံကို ဥကျုမိ ကြားနေရသည်။ သူကဲ့သို့သော ပညာရှင်တစ်ဦးပင်လျှင် စိတ်ကသိကအောက် ဖြစ်ရသည်မျိုး ရှိတတ်နေသေးပါပကော။ ဥကျုမိ တွေးကြည့်လိုက်မိသည်။ အဆိပ်ကို မည်သည့် နေရာတွင် ထည့်ခဲ့သနည်း ဟူသည့် အင်မတန် ရိုးရှင်းသော ပုစ္ဆာကိုပင် အဖြေမထုတ်နိုင်သောကြောင့် ပေါက်ကွဲနေခြင်း ဖြစ်ရပေလိမ့်မည်။

''ငါတို့ရဲ့ စုံထောက်ကျော်ကြီး ဘာလုပ်နေလဲ'' ယုကာဝါက မေးသည်။

''မစ္စတာမာရှိဘရဲ့ ကုမ္ပဏီကို သွားတယ်။ စုံစမ်းစရာ ရှိလို့ ဆိုလားပဲ''

''အန် ...''

''ဆရာကုစာနာဂိဆီက ဘာများ ကြားထားလို့လဲ''

ယုကာဝါက ခေါင်းခါပြသည်။ ကော်ဖီတစ်ငုံ သောက်ပြီး

''ဘာရယ် မဟုတ်ပါဘူး။ လွန်ခဲ့တဲ့နှစ်ရက်က ကျွန်တော်နဲ့ ကုစာနာဂိ

အတူရှိနေကြတုန်း မစ္စစ်မာရှိဘနဲ့တောင် ဆုံဖြစ်ကြသေးတယ်”

“ကျွန်မ ကြားလိုက်တယ်”

“အဲဒီတုန်းက သူနဲ့ စကားပြောလိုက်ရသေးတယ်။ တကယ့် မိန်းမချောပဲဗျ။ ပြီးတော့ ဆွဲဆောင်မှုလည်း အပြည့်ရှိတယ်”

“ဆရာလည်း ပြုစားခံလာရပြီ ထင်တယ်”

“ကျွန်တော်က ခမ္မခိဌာန်ကျကျ သုံးသပ်ပြတာပါဗျာ။ ပြောရရင်တော့ ကုစာနာဂါအတွက် စိတ်ပူလာသလိုပဲ”

“ဘာဖြစ်လို့လဲ”

“ကျောင်းသားဘဝမှာတုန်းက ကုစာနာဂါ ကြောင်ကောက်ရခဲ့ဖူးတယ်။ မွေးကင်းစ ကြောင်လေးနှစ်ကောင်ပေါ့။ သူတို့လေးတွေက သိပ်ကို အားပျော့နေတဲ့ အချိန်လေ။ အသက်ရှင်ဖို့ မလွယ်ဘူးဆိုတာကို ကြည့်ရုံနဲ့ လူတိုင်း သိတယ်။ ဒါပေမယ့် ကုစာနာဂါက သူတို့ကို အသင်းတိုက်ကို သယ်လာတယ်။ အတန်းချိန် အပျက်ခံပြီးတော့ကို သူတို့ကို စောင့်ရှောက်ခဲ့တာ။ သူက မျက်စဉ်းပုလင်း တစ်ပုလင်း ရအောင် ရှာပြီး ကြောင်လေးတွေကို ကြိုးစားပမ်းစားနဲ့ နို့တိုက်ရှာတယ်။ သူငယ်ချင်းတွေကလည်း ဝိုင်းပြီး သူ့ကို ဖျောင်းဖျကြသေးတယ်။ မင်း ဘယ်လောက် ပြုစုပြုစု အရာထင်မှာ မဟုတ်ပါဘူးကွာလို့ သူ့ကို ပြောရင် သူက ‘အဲဒီတော့ ဘာဖြစ်လဲ’ လို့ ဘုပြောတတ်တာမျိုး”

ယုကာဝါသည် မျက်တောင်ကို နှစ်ကြိမ်၊ သုံးကြိမ်မျှ ခတ်လိုက်ပြီး အဝေးတစ်နေရာသို့ ငေးကြည့်နေသည်။

“အဲဒီနေ့က သေဆုံးသူရဲ့ ဇနီးကို ကြည့်နေတဲ့ ကုစာနာဂါရဲ့ အကြည့်တွေက ကြောင်ကလေးတွေကို စောင့်ရှောက်နေတုန်းက ကြည့်ခဲ့တဲ့ အကြည့်တွေနဲ့ တထေရာတည်းပဲ။ သူကိုယ်တိုင်က သေဆုံးသူရဲ့ ဇနီးဆီကနေ တစ်ခုခု သတိထားမိပြီးသား ဖြစ်မှာပါ။ ဒါပေမယ့် တစ်ချိန်တည်းမှာပဲ သူ့စိတ်ထဲမှာ ‘အဲဒီတော့ ဘာဖြစ်လဲ’ ဆိုတဲ့ ခံစားချက်ကလည်း သူ့ဆီမှာ ရှိနေတယ်လို့ ကျွန်တော် ထင်တယ်”

(၁၈)

ကုမ္ပဏီ၏ ဧည့်ကြိုကောင်တာ အနီးရှိ ဆိုဖာခုံတွင် ထိုင်ချလိုက်ပြီးနောက် ကုစာနာဂိသည် နံရံပေါ်ရှိ ပန်းချီကားတစ်ချပ်ကို သတိထားမိသွားသည်။ အမှောင်ထဲတွင် လွင့်မျောနေသည့် နီလွင်သော နှင်းဆီပန်းတစ်ပွင့်။ ၎င်းပန်းချီကားကို သူ ယခင်က တစ်နေရာရာတွင် တွေ့ဖူးနေသလိုလို ခံစားနေရသည်။ အနောက်တိုင်း အရက်ပုလင်း၏ စက္ကူတံဆိပ်ပေါ်တွင် တွေ့ဖူးခဲ့လေသလော မသိ။

"ဆရာ ဘာတွေများ အဲဒီလောက် စိတ်ဝင်တစား ကြည့်နေတာလဲ" မျက်နှာချင်းဆိုင်တွင် ထိုင်နေသော ကိရှိတာနိက မေးသည်။

"အဲဒီပန်းချီကားက အမှုနဲ့ မဆိုင်လောက်ပါဘူး။ ဆရာ သေချာကြည့်ကြည့်ပါလား။ ဘယ်ဘက်အောက်ထောင့်မှာ လက်မှတ်ထိုးထားတာ တွေ့တယ် မလား။ နိုင်ငံခြားသားနာမည်နဲ့ ဆရာ"

"ငါ သိပါတယ်ကွ" ကုစာနာဂိသည် အကြည့်ကို ပန်းချီကားပေါ်မှ ရွှေ့ပြောင်းလိုက်သည်။ စင်စစ် သူသည် ၎င်းလက်မှတ်ကို သတိမထားခဲ့မိပေ။

ကိရှိတာနိက နားမလည်နိုင်စွာဖြင့် မေးခွန်းထုတ်လိုက်သည်။

"ကျွန်တော် နားလည်လို့ မရတာ တစ်ခု ရှိတယ်ဆရာ။ ဘယ်သူက ကိုယ့်ရည်းစားဟောင်း ဆွဲထားတဲ့ ပန်းချီကားကို တခုတ်တရ သိမ်းထားဦးမှာလဲ။ ကျွန်တော်သာဆိုရင် လွှင့်ပစ်တာ ကြာပေါ့"

"အဲဒါ မင်းလေကွာ။ မာရှိဘ ယိုရှီတာကာက အဲဒီအတိုင်း လုပ်ချင်မှ လုပ်မှာပေါ့"

"အိမ်မှာ သိမ်းထားဖို့ မဖြစ်နိုင်ဘူး ဆိုရင်တောင်မှ ကုမ္ပဏီက ဥက္ကဋ္ဌရုံးခန်းထဲမှာတော့ လာမထားလောက်ပါဘူးဗျာ။ အဲဒီလို ပုံကြီး ချိတ်ထားရင်

စိတ်ထဲ ခိုးလိုးခုလု ဖြစ်နေမှာပေါ့”

“ချိတ်ချင်မှ ချိတ်ထားမှာပေါ့ကွာ”

“မချိတ်ထားဘဲနဲ့ ဘာလုပ်ဖို့ ကုမ္ပဏီကို ယူလာမှာလဲ။ အဲဒါက ပိုပြီး ထူးဆန်းမနေဘူးလား။ လက်အောက် ဝန်ထမ်းတွေ တွေ့သွားရင် ရှင်းပြနေရဦးမှာက တစ်ဒုက္ခပဲ”

“သူများ လက်ဆောင်ပေးထားတာလို့ ပြောလိုက်မှာပေါ့”

“အဲဒီလို ပြောလိုက်ရင် ပိုပြီးတောင် သံသယ ဝင်ကြဦးမယ်။ သူများ လက်ဆောင်ပေးတယ်လည်း ပြောသေးတယ်။ ယဉ်ကျေးမှုအရ ချိတ်ထားသင့်တာပေါ့။ မဟုတ်ဘူးလား။ ပန်းချီကား လက်ဆောင်ပေးထားတဲ့ ဧည့်သည်က ရုံးကို အချိန်မရွေး လာလည်နိုင်တယ်လေဗျာ”

“မင်း တော်တော် စကားများတဲ့ကောင်ပဲ။ မာရိုဘာ ယိုရှီတာကာက အဲဒီလို လူမျိုး မဟုတ်ဘူးကွ”

ကုစာနာဂိက အသံမြှင့်၍ အော်ပြောလိုက်စဉ်မှာပင် အဖြူရောင် ရုံးဝတ်စုံနှင့် အမျိုးသမီးတစ်ယောက်သည် ဧည့်ကြိုကောင်တာ၏ ဘေးဘက်တွင် ရှိသော တံခါးဝသို့ ရောက်ရှိလာသည်။ ဆံပင်တိုတို၊ မျက်မှန်ကိုင်းပါးပါးနှင့်။

“စောင့်ရတာ ကြာသွားပြီ ထင်တယ်။ မစ္စတာကုစာနာဂိဆိုတာ ဘယ်သူလဲ မသိဘူးရှင်”

“ကျွန်တော်ပါ” ကုစာနာဂိသည် အလျင်အမြန် ထ၍ နှုတ်ဆက်လိုက်သည်။

“အနှောင့်အယှက် ပေးမိတဲ့အတွက် တောင်းပန်ပါတယ် ခင်ဗျာ”

“ရပါတယ်ရှင်”

ထိုအမျိုးသမီး ကမ်းလာပေးသော လိပ်စာကတ်ပေါ်တွင် ‘ယာမာမိုတို အေအီကို’ ဟု နာမည် တပ်ထားသည်။ ပြည်သူ့ဆက်ဆံရေးဌာန၏ အကြီးအကဲ ဖြစ်သည်။

"ရှင်တို့နှစ်ယောက်က ဥက္ကဋ္ဌဟောင်းရဲ့ ကိုယ်ပိုင်ပစ္စည်းတွေကို ကြည့်ချင်တယ်လို့ ကြားမိပါတယ်။ ဟုတ်လား မသိဘူး"

"ဟုတ်ပါတယ်။ ကျွန်တော်တို့ကို စီစဉ်ပေးလို့ ရမလား"

"ရပါတယ်။ ကျွန်မနဲ့ လိုက်ခဲ့ပေးပါလား" ယာမာမိုတို အေအီကိုသည် သူတို့နှစ်ဦးကို 'အစည်းအဝေးခန်းမ' ဟု ဆိုင်းဘုတ်တပ်ထားသည့် အခန်းထဲသို့ ခေါ်ဆောင်သွားသည်။

"ဥက္ကဋ္ဌရုံးခန်းကို မသွားတော့ဘူးလား" ကုစာနာဂိက မေးသည်။

"အခု ဥက္ကဋ္ဌအသစ် ရွေးပြီးသွားပါပြီ။ ဒါပေမယ့် ဒီနေ့ သူက ရုံးမှာ မရှိလို့ ဆရာတို့နဲ့ တွေ့နိုင်မှာ မဟုတ်ဘူး"

"ဒါဆို ဥက္ကဋ္ဌရုံးခန်းက အရင်အတိုင်း မဟုတ်တော့ဘူးပေါ့"

"ဥက္ကဋ္ဌဟောင်းရဲ့ ဈာပနအခမ်းအနား ပြီးကတည်းက ကျွန်မတို့ အဲဒီအခန်းကို ရှင်းလင်းလိုက်ပါပြီ။ အလုပ်နဲ့ သက်ဆိုင်တဲ့ ပစ္စည်းအားလုံးကိုတော့ အဲဒီမှာပဲ ဆက်ထားထားပါတယ်။ ကိုယ်ပိုင်ပစ္စည်းတွေကိုတော့ ဒီအခန်းထဲကို ရွှေ့ထားလိုက်ကြတယ်။ အဆင်ပြေတဲ့ အချိန်ကျရင် သူ့အိမ်ကို ပို့ပေးကြဖို့ စီစဉ်ထားပြီးသားပါ။ ကျွန်မတို့က ဒီအထဲမှာ ရှိတဲ့ ဘယ်ပစ္စည်းကိုမှ ကိုယ့်သဘောနဲ့ကိုယ် လွှင့်ပစ်တာမျိုး လုံးဝ မလုပ်ခဲ့ပါဘူး။ ပစ္စည်းတိုင်းကို အကြံပေးရှေ့နေ မစ္စတာ အီကာအိရဲ့ ညွှန်ကြားမှုအတိုင်း စည်းစနစ်တကျ ရွှေ့ပြောင်းထားတာပါ" ယာမာမိုတို အေအီကိုက မျက်နှာသေဖြင့် ပြောသည်။ သူ၏ လေသံမှာ မာကျောလျက် သတိရှိရှိ ပြောဆိုမှုန်း သိသာနေသည်။

ကုစာနာဂိ၏ နားထဲတွင် ကြားနေရသော စကားလုံးတိုင်းသည်

"မာရှိဘ ကွယ်လွန်ခြင်းသည် ကုမ္ပဏီနှင့် လားလားမျှ သက်ဆိုင်ခြင်း မရှိ။ ထို့ကြောင့် သက်သေခံပစ္စည်းများကို ဖျောက်ဖျက်သည်ဟု မိမိတို့အား သံသယဝင်နေခြင်းသည် လွန်စွာမှ ယုတ္တိမတန်သော ကိစ္စသာ ဖြစ်သည်" ဟု ပြောဆိုနေသည့်နှယ်။

အစည်းအဝေး ခန်းမထဲတွင် အရွယ်အစား အမျိုးမျိုးသော စက္ကူဂျပ်ဖာ ၁၀ ဖာကျော်ကျော်ခန့် ချထားသည်။ ၎င်းအပြင် ဂေါ့ဖ်ရိုက်တံများ၊ ဆုဖလားများနှင့်

ခြေဖဝါးနှိပ်စက် စသည့် ပစ္စည်းတချို့ကိုလည်း တွေ့မြင်နေရသည်။ အမြင်အရ ပန်းချီကားချပ်နှင့် တူသည့် ပစ္စည်းတစ်ခုတလေကိုမျှ မတွေ့ရပေ။

"ကျွန်တော်တို့ စစ်ဆေးကြည့်ချင်တယ်။ ရမလား" ကုစာနာဂိက မေးသည်။

"ရပါတယ်။ ဆရာတို့ စိတ်ကြိုက်လုပ်ပါ။ ကျွန်မ သောက်စရာ အရည်တစ်ခုခု သွားယူလိုက်ဦးမယ်။ ဆရာတို့ ဘာသုံးဆောင်ကြမလဲ"

"ကျေးဇူးတင်ပါတယ်။ မသောက်တော့ပါဘူး"

"ဪ ... ဟုတ်ကဲ့" ယာမာမိုတို အအေအီကိုသည် အေးစက်စက် မျက်နှာထားဖြင့် အခန်းထဲမှ ထွက်ခွာသွားလေသည်။

တံခါးပိတ်သွားသည့် အသံကို ကြားရပြီးနောက်တွင် ကိရိုတာနိသည် ပခုံးကို တွန့်လိုက်သည်။

"ကျွန်တော်တို့ လာတာကို မကြိုက်ဘူး ထင်တယ်"

"လောကမှာ ဘယ်လိုလူတွေက ငါတို့လို အလုပ်မျိုး လုပ်တဲ့ ကောင်တွေကို ကြိုဆိုချင်မှာလဲကွာ။ ငါတို့ရဲ့ တောင်းဆိုချက်ကို ခွင့်ပြုပေးတာပဲ တော်လှပြီ"

"အဲဒီလို ဆိုပေမယ့်လည်း အမှုမှန်ကို မြန်မြန် ဖော်ထုတ်နိုင်ရင် သူတို့ ကုမ္ပဏီအတွက်လည်း ကောင်းကျိုး ရှိနိုင်တာပဲ မဟုတ်ဘူးလား။ မျက်နှာက ရှစ်ခေါက်ချိုးကြီးနဲ့ နည်းနည်းလေးတောင် ဟန်ဆောင်ပန်ဆောင် ပြုံးမပြနိုင်ရှာဘူး"

"ကုမ္ပဏီအနေနဲ့ကျတော့ အမှုကို လူတွေ မေ့မေ့ပျောက်ပျောက် ဖြစ်သွားဖို့ပဲ အရေးကြီးတာ။ အမှုမှန် ဖော်ထုတ်နိုင်သလား၊ မဖော်ထုတ်နိုင်ဘူးလား ဆိုတာတွေက သူတို့အတွက် နည်းနည်းလေးမှ အရေးကြီးတာ မဟုတ်ဘူး။ ငါတို့လို မှုခင်းရဲတွေက သူတို့ကုမ္ပဏီကို ဝင်ချီထွက်ချီ လုပ်နေတာကမှ သူတို့အတွက် ဦးနှောက်ခြောက်စရာ ဖြစ်နေတာပေါ့။ အခုဆို ကုမ္ပဏီဥက္ကဋ္ဌကလည်း လူသစ်ပြောင်းသွားပြီ။ လူသစ်စိတ်သစ်နဲ့ အလုပ်ကို ပြန်စမယ်ဆိုကာမှ မှုခင်းရဲတွေက ပေါက်ပေါက်လာတော့ သူတို့လည်း ဘယ်လိုလုပ်ပြီး ပြုံးပြနိုင်တော့မလဲ။ ကဲပါကွာ။ အပိုတွေ ပြောမနေနဲ့တော့။ လုပ်စရာရှိတာ မြန်မြန် လုပ်ကြရအောင်" ကုစာနာဂိသည် ပြောပြီး လက်အိတ်ကို ကောက်စွပ်လိုက်သည်။

ယနေ့ ဤနေရာသို့ ရောက်လာရသည့် အကြောင်းအရင်းမှာ တခြားကြောင့် မဟုတ်။ မာရိုဘ ယိုရှီတာကာ၏ ရည်းစားဟောင်းနှင့် ပတ်သက်သော သဲလွန်စတစ်ခုကို လာရောက်ရှာဖွေခြင်း ဖြစ်သည်။ ယခုအချိန်ထိ ထိုသူမှာ ပန်းချီဆရာမတစ်ဦး ဖြစ်သည် ဆိုသည့် အချက်ကိုသာ သိရှိထားသည်။ မည်သို့သော ပန်းချီကားမျိုးကို ဆွဲခဲ့ဖူးသနည်း ဆိုသည်ကိုမူ စုံစမ်း၍ မရသေးပေ။

"လက်ထဲမှာ ပုံကြမ်းဆွဲစာအုပ် ကိုင်ထားတယ် ဆိုရုံနဲ့ သူ့ကို ပန်းချီဆရာတစ်ယောက်ပါလို့ ယတိပြတ် ပြောလို့ ရပါ့မလား။ ဒီဇိုင်နာ ဒါမှမဟုတ် ကာတွန်းရေးဆရာလည်း ဖြစ်ချင် ဖြစ်နိုင်သေးတယ်လေ" ကိရှိတာနိသည် စက္ကူဂျပ်ဖာများကို ဖွင့်ကြည့်ရင်း ပြောနေသည်။

"ဖြစ်နိုင်တာပဲ" ကုစာနာဂိက ချက်ချင်း သဘောတူလိုက်သည်။

"ဒါကြောင့် မင်း ရှာတဲ့အချိန်မှာ အဲဒီအပိုင်းနဲ့ သက်ဆိုင်တဲ့ ပစ္စည်းတွေကိုလည်း သတိထားကြည့်လိုက်ဦး။ ဆောက်လုပ်ရေးနဲ့ ပရိဘောဂပိုင်းက လူတွေကလည်း ပုံကြမ်းဆွဲစာအုပ် သုံးကြတယ်။ နည်းနည်း သတိထားလိုက်"

ကိရှိတာနိသည် သက်ပြင်းချကာ "ဟုတ်ကဲ့" ဟု ပြန်ဖြေသည်။

"မင်း ကြည့်ရတာ စိတ်မပါသလိုပဲ"

ကိရှိတာနိသည် လုပ်လက်စ အလုပ်ကို ရပ်တန့်ပြီး သုန်မှုန်သော မျက်နှာထားဖြင့် စကားဆိုလေသည်။

"စိတ်မပါတာတော့ မဟုတ်ပါဘူး။ ကျွန်တော် စဉ်းစားလို့ မရတာပါ။ အခင်းဖြစ်တဲ့နေ့က ဝါကာယာမာ ဟိရောမိက လွဲလို့ မာရှိဘအိမ်ကို တခြား ဘယ်သူမှ မဝင်မထွက်ခဲ့ဘူးလို့ ကျွန်တော်တို့ စုံစမ်းလို့ ရထားပြီးပြီ မဟုတ်ဘူးလား"

"ဟုတ်တယ်လေ။ ဒါပေမယ့် ငါ မင်းကို ပြန်မေးရဦးမယ်။ အဲဒီနေ့က တခြားလူ ဘယ်သူမှ အဝင်အထွက် မလုပ်ခဲ့ပါဘူးလို့ မင်း အခိုင်အမာ ပြောနိုင်လို့လား"

"အဲဒါတော့ ..."

"တကယ်လို့သာ တခြားသူ ဘယ်သူမှ မဝင်ခဲ့ဘူး ဆိုရင်

ရေနွေးခရားအိုးထဲကို တရားခံက အဆိပ် ဘယ်လို ခတ်ခဲ့တာလဲ။ ပြောကြည့်စမ်းပါဦး” ကုစာနာဂိသည် နှုတ်ဆိတ်နေသော ကိရိုတာနိကို စိုက်ကြည့်လျက် ဆက်ပြောသည်။

“မဖြေနိုင်တော့ဘူး မဟုတ်လား။ အဲဒါ မင်းကိုလည်း အပြစ်ပြောလို့ မရပါဘူး။ ဟိုကောင် ယုကာဝါတောင် တိုင်ပတ်နေတာ။ တကယ်တော့ အဖြေက ရိုးရိုးရှင်းရှင်းလေးပဲ။ ဒီအမှုမှာ ဘာလှည့်ကွက်မှ မပါဘူး။ တရားခံက မာရိုဘာအိမ်ထဲကို ခိုးဝင်သွားမယ်။ ရေနွေးခရားအိုးထဲကို အဆိပ်ထည့်ပြီး ပြန်ထွက်သွားခဲ့တယ်။ ဒါပဲ။ ဒါဆို ဘာဖြစ်လို့ အဲဒီတရားခံနဲ့ သက်ဆိုင်တဲ့ သဲလွန်စကို ငါတို့က နည်းနည်းလေးမှ ရှာမတွေ့ရတာလဲ။ အဲဒီမေးခွန်းကို ငါ ရှင်းပြခဲ့ပြီးပြီ မဟုတ်လား”

“မစ္စတာမာရိုဘာ ကိုယ်နှိုက်က တခြားလူနဲ့ ခိုးတွေ့ခဲ့တဲ့ ကိစ္စကို လူသိမခံချင်လို့ …”

“မင်း သဘောပေါက်နေမှုပဲကိုး။ ယောကျ်ားတွေက သူတို့နဲ့ တွေ့မယ့်သူကို လူအသိမပေးဘဲ ဖုက်ထားချင်တယ် ဆိုမှတော့ သူနဲ့ ပတ်သက်ဆက်စပ်နေတဲ့ မိန်းမတွေကို စုံစမ်းရုံ ရှိတော့တာပေါ့ကွ။ ဒါက ထောက်လှမ်းရေးရဲ့ အခြေခံ နည်းဥပဒေသပဲလေ။ ငါ ပြောတာ အမှားပါလို့လား”

ကိရိုတာနိက ခေါင်းခါပြီး “မပါပါဘူး” ဟု ပြန်ဖြေသည်။

“သဘောတူတယ်ဆိုရင် မြန်မြန်လုပ်ကွာ။ အချိန် သိပ်မရှိတော့ဘူး”

ကိရိုတာနိသည် ဘာမျှ ပြန်မပြောတော့ဘဲ ခေါင်းညိတ်ပြီး စက္ကူဂျပ်ဖာများကို ပြန်မွှေနေလေတော့သည်။

ကုစာနာဂိသည် သူ၏ ကျောပြင်ကို ငေးကြည့်ရင်း လေပူများကို မသိမသာ မှုတ်ထုတ်လိုက်သည်။ အဘယ်ကြောင့် ဒေါသထွက်နေရသနည်း။ သူ့ကိုယ်သူ ပြန်မေးကြည့်သည်။ မိမိ လက်အောက်ငယ်သား၏ သံသယမေးခွန်းကို အဖြေပေးခြင်းမျှသာ ဖြစ်ပါလျက် အဘယ်ကြောင့် စိတ်ပူပန်နေရသနည်း။ တစ်ချိန်တည်းမှာပင် စိုးရိမ်ပူပန်နေရသည့် အကြောင်းအရင်းမှန်ကို သူ့ဘာသာသူ ရိပ်စားမိနေသည်။

ယခုကဲ့သို့ စုံစမ်းစစ်ဆေးနေခြင်းသည် အမှန်တကယ်ပင်

အကျိုးရှိပါ၏လော။ ကုစားနာဂိ ကိုယ်တိုင် မယုံ့တစ်ယုံ ဖြစ်နေဆဲ။ သူ၏ ဦးနှောက်ထဲတွင် မည်သို့မျှ ဖယ်ရှားသုတ်သင်၍ မရနိုင်သည့် သောကတစ်မျိုး တည်ရှိနေသည်။ အိမ်ထောင်မပြုခင်က မာရိုဘ ယိုရှိတာကာ၏ အချစ်ဇာတ်လမ်းများကို စုံစမ်းသိရှိထားသည့်တိုင် ကြိုးစားထားသမျှသည် သဲထဲရေသွန်သကဲ့သို့သာ ဖြစ်သွားနိုင်သည်။

အမှန်ဆိုရပါမူ ၎င်းမှာ စုံစမ်းစစ်ဆေးခြင်း အမှု၏ ဖြစ်လေ့ဖြစ်ထ ရှိသော ပင်ကိုသဘာဝပင် ဖြစ်သည်။ အကယ်၍သာ ဤသို့ အလဟဿ ဖြစ်သွားမည်ကို စိုးရွံ့နေခဲ့ပါလျှင် မှုခင်းရဲအလုပ်ကို လုပ်၍ ရနိုင်တော့မည် မဟုတ်ပေ။

သို့သော် သူ၏ ရင်တွင်း၌ လတ်တလော ဖြစ်ပေါ်နေသော ပူပန်သောကမှာ ထိုသို့မဟုတ်။ အကယ်၍ ယခုတစ်ကြိမ်တွင် မည်သည့် သဲလွန်စကိုမျှ ရှာမတွေ့ခဲ့ပါမူ သံသယ၏ မြားဦးသည် မာရိုဘ အာယနဲဘက်သို့ လှည့်သွားပေတော့မည်။

ဤသို့သာ ဆက်သွားမည်ဆိုလျှင် ဥက္ကာမိတို့သာ မဆိုထားဘိ။ တစ်နေ့နေ့တွင် သူကိုယ်တိုင်ပင် အာယနဲကို သံသယ ဝင်မိပေတော့မည်ဟု ကုစားနာဂိ ကြိုတင်တွက်ဆမိသည်။

အာယနဲနှင့် မျက်နှာချင်းဆိုင် တွေ့ဆုံရသည့် အခါတိုင်းတွင် သူ့ရင်ထဲ၌ အမျိုးအမည် မသိသော ခံစားချက်တစ်မျိုးကို ခံစားနေခဲ့ရသည်။ ချွန်ထက်သော ဓားတစ်ချောင်းဖြင့် ကိုယ့်လည်ပင်းကိုယ် ပြန်ထောက်ထားမိသကဲ့သို့ တင်းကျပ်စူးနစ်သော ခံစားမှုမျိုး။ ထိုခံစားချက်က သူ့အား ဗုန်းဗုန်းလဲသွားသည်အထိ အလုပ်လုပ်ချင်လာအောင် တွန်းအားပေးခဲ့သည်။ သူ့အား ကြက်သီးမွေးညင်းထအောင် စွမ်းအောင်နိုင်ခဲ့သည်။ သူ့အား အာရုံတစ်ခုတွင် တဝဲလည်လည် ဖြစ်နေစေခဲ့သည်။

ဤသို့သော တင်းကျပ်စူးနစ်သည့် ခံစားမှု၏ အရင်းအမြစ်ကို ရှာဖွေစူးစမ်းကြည့်သည့် အခါတိုင်းတွင် မှေ့ာ်လင့်ထားပြီးသော ရုပ်ပုံကားချပ်တစ်ခုသည် သူ၏ အတွေးအာရုံထဲ၌ ရစ်သီဝေ့ဝဲလာပြန်သည်။ ထိုအချက်က သူ့ကို ပို၍ပင် စိတ်ကသိကအောက် ဖြစ်စေခဲ့သည်။ ပို၍ပင် မွန်းကျပ်ဆို့နင့်စေခဲ့သည်။

စိတ်သဘောထား နူးညံ့ပျော့ပျောင်းပြီး ပတ်ဝန်းကျင် အခြေအနေအရ လူသတ်သမားများ ဖြစ်သွားခဲ့ရသည့် တရားခံတချို့ကို ကုစားနာဂိသည် ယခင်ကလည်း မကြာခဏ ထိတွေ့ဆက်ဆံခဲ့ဖူးသည်။ သူတို့ အားလုံး၏

ကိုယ်ပေါ်တွင် ဘုံတူညီချက်တစ်ခု ရှိနေသည်။ ၎င်းကို စိတ်တန်ခိုးဟု ခေါ်ဆို၍ ရနိုင်မည်လား မဆိုနိုင်။ ယင်းစိတ်တန်ခိုးစွမ်းရည်ကြောင့် ထိုသူများသည် လောက၏ သဘာဝ၊ လောက၏ နိယာမတရားကို ထိုးထွင်းသိမြင်နေကြသည့် အလား။ သို့ရာတွင် ယင်းစိတ်တန်ခိုးတွင် ခေါင်းနှင့်ပန်းကဲ့သို့ မြင့်မြတ်ခြင်းနှင့် ရှုံးသွပ်ခြင်းဟူသော မျက်နှာစာနှစ်ခု ကပ်လျက် တည်ရှိနေသည်။ ၎င်းမျက်နှာစာနှစ်ခုကို အလွှာပါးလေး တစ်ခုကသာ ပိုင်းခြားပေးထားပြီး တစ်မျက်နှာမှ တစ်မျက်နှာသို့ တစ်မုဟုတ်ချင်း ပြောင်းလဲသွားနိုင်သည်။

အာယနဲ၏ ကိုယ်ပေါ်တွင်လည်း ယင်းသတ္တိမျိုး တည်ရှိနေကြောင်း ကုစာနာဂိ ခံစားသိရှိနေသည်။ ထိုအချက်ကို သူ မည်မျှပင် ငြင်းဆန်ရန် ကြိုးစားနေပါစေ။ မှုခင်းရဲတစ်ယောက်တွင် ရှိသင့်ရှိထိုက်သည့် စူးရှထက်မြက်သော ဆဋ္ဌမအာရုံက သူ့ကို စက္ကန့်မလပ် သတိပေးနေလေသည်။

တစ်နည်းဆိုရလျှင် သူ၏ ရင်တွင်း၌ သန္ဓေတည် ဖြစ်ပေါ်နေသော ကိုယ်ပိုင်သံသယများကို ဖယ်ရှားပစ်နိုင်ရန်အတွက် ယခုကဲ့သို့ စုံစမ်းနေရခြင်း ဖြစ်သည်။ သို့သော် စုံစမ်းစစ်ဆေးစဉ် ကာလအတွင်း၌ ပုဂ္ဂိုလ်ရေး ခံစားချက်များကို တစ်စိုးတစ်စိမျှ ရောယှက်စွက်ဖက်ခွင့် မပြုသင့်ပေ။ ဤအချက်ကို သူ ကောင်းစွာ နားလည်ထားပြီး ဖြစ်သောကြောင့်သာလျှင် သူ့ကိုယ်သူ ဒေါသထွက်နေမိခြင်း ဖြစ်သည်။

တစ်နာရီခန့် ကုန်လွန်သွားသည်။ ပန်းချီဆရာ သို့တည်းမဟုတ် ပုံကြမ်းဆွဲစာအုပ်ကို ကိုင်တွယ်အသုံးပြုတတ်သည့် လူတစ်ဦးတစ်ယောက်နှင့် သက်ဆိုင်သည့် ပစ္စည်းကို ရှာမတွေ့ကြသေး။ စက္ကူဂျပ်ဖာထဲတွင် လက်ဆောင်ပစ္စည်းနှင့် အမှတ်တရပစ္စည်းကဲ့သို့သော ပစ္စည်းများသာ ရှိနေသည်။

“ဆရာ၊ ဒါ ဘာလို့ထင်လဲ” ကိရှိတာနိသည် အစာသွပ်အရုပ်ကဲ့သိုသော ပစ္စည်းတစ်ခုကို ကိုင်လျက် မေးနေသည်။ အရုပ်၏ ပုံပန်းသဏ္ဌာန်မှာ ဥနီသီးနှင့် တူသယောင်ယောင်။ အပေါ်ဘက်တွင်လည်း အစိမ်းရောင် သစ်ရွက်တစ်ရွက် တွဲချုပ်ထားသေးသည်။

“ဥနီသီးနဲ့ တူတယ်”

“တူသလိုလိုပဲ။ ဒါပေမယ့် ဒါက ဂြိုဟ်သားလေ”

“ဂြိုဟ်သား …”

“ဒီလိုဆိုရင်ရော” ကိရိုတာနိသည် အရုပ်ကို ပြောင်းပြန်လှန်လိုက်ပြီး စားပွဲပေါ် ထောင်ထားလိုက်သည်။

အမှန်ပင်။ အဖြူရောင် ဦးခေါင်းပိုင်းတွင် မျက်နှာပုံ ဆွဲထားသည်။ အကာယ်၍ သစ်ရွက်ကို ခြေထောက်အဖြစ် သတ်မှတ်လိုက်လျှင် ကာတွန်းစာအုပ်များထဲတွင် မကြာခဏ ပါလာတတ်သော ရေချူဂြိုဟ်သားနှင့် အတော်ပင် ဆင်တူသွားသည်။

“ဟုတ်သား”

“အညွှန်းကတ်ပြားပေါ်မှာ ရေးထားတာတော့ အဲဒီကောင်က ဘီတီလက်ခ်စ် (Beetilex) ဥုနီဂြိုဟ်က လာတဲ့ ဥုနီဂြိုဟ်သားပေါ့။ မူပိုင်ကတော့ မစ္စတာမာရိုဘရဲ့ ကုမ္ပဏီပဲ”

“အဲဒီတော့ ဘာဖြစ်လဲ”

“ဆရာ၊ ဒီအရုပ်ကို ဒီဇိုင်းဆွဲတဲ့ လူကလည်း ပုံကြမ်းဆွဲစာအုပ် သုံးနိုင်တာပဲလေ”

ကုစာနာဂိသည် မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ် လုပ်ပြီး အစာသွပ်ရုပ်ကို ငေးစိုက်ကြည့်နေသည်။

“ဖြစ်နိုင်တာပဲ”

“ကျွန်တော် မစ္စယာမာမိုတိုကို သွားခေါ်လိုက်မယ်” ကိရိုတာနိက မတ်တတ်ထရပ်လိုက်သည်။

ယာမာမိုတို အေအီကိုသည် အစည်းအဝေးခန်းထဲသို့ ဝင်လာပြီး အရုပ်ကို မြင်ရသည့်အခါတွင် ခေါင်းညိတ်ပြသည်။

“ဟုတ်တယ်။ အဲဒါ ကျွန်မတို့ကုမ္ပဏီက အွန်လိုင်းလှုပ်ရှားမှုတွေမှာ သုံးတဲ့ ကာတွန်းဇာတ်ကောင်ပါ”

“ကာတွန်းဇာတ်ကောင် ...” ကုစာနာဂိက ခေါင်းကို ငဲ့စောင်းလျက် ပြောသည်။

“လွန်ခဲ့တဲ့ သုံးနှစ်ကတောင် ကျွန်မတို့ ကုမ္ပဏီရဲ့ ဝက်ဆိုဒ် ပင်မမျက်နှာမှာ သုံးခဲ့သေးတယ်။ ဆရာ ကြည့်ကြည့်ဦးမလား”

“ဟုတ်ကဲ့။ ကူညီပါဦး” ဟု ဆိုကာ ကုစာနာဂိက မတ်တတ်ထရပ်လိုက်သည်။

အလုပ်ခန်းထဲသို့ ရောက်သည့်အခါ၌ ယာမာမိုတို အေအီကိုသည် ကွန်ပျူတာတွင် ဟိုဟိုဒီဒီ ဈေးကြော်နှိပ်လိုက်ရာ မော်နီတာပေါ်တွင် ‘ဥနီဖြူဟ်သား’ ၏ ရုပ်ပုံ ထွက်ပေါ်လာသည်။ ‘Play’ ခလုတ် နှိပ်လိုက်သောအခါတွင် တစ်မိနစ်ခန့် ကြာချိန်ရှိသော ကာတွန်းဇာတ်လမ်းတိုတစ်ပုဒ် သက်ဝင်လှုပ်ရှားလာသည်။ အစာသွပ်ရုပ်နှင့် ဆင်တူသော ကာတွန်းရုပ်တစ်ရုပ်သည် ဖန်သားပြင်ပေါ်တွင် ချစ်စဖွယ် လှုပ်ရှားသွားလာနေတော့သည်။

“အခု ပင်မစာမျက်နှာပေါ်မှာ တင်မထားတော့ဘူးလား” ကိရှိတာနိက မေးသည်။

“အရင်ကတော့ တစ်ခဏလောက် လူကြိုက်များသွားခဲ့သေးတယ်။ ဒါကြောင့် ကျွန်မတို့ ကုမ္ပဏီက စောစောက ဆရာတို့ မြင်လိုက်ရတဲ့ အရုပ်ကလေးကို ထုတ်ကုန်အဖြစ် ပြောင်းပြီး ရောင်းချခဲ့သေးတယ်။ ဒါပေမယ့် မှန်းချက်နဲ့ နှမ်းထွက်မကိုက်လို့ နောက်ဆုံးကျတော့ အဲဒီအစီအစဉ်ကို ဖျက်သိမ်းလိုက်ရတယ်”

“အဲဒီကာတွန်းရုပ်ရဲ့ ဒီဇိုင်းကို ဒီကုမ္ပဏီရဲ့ ဝန်ထမ်းက ဆွဲခဲ့တာလား” ကုစာနာဂိက ယာမာမိုတိုကို မေးသည်။

“မဟုတ်ဘူး။ အဲဒီအရုပ်ရဲ့ ဒီဇိုင်နာက သူ့ရဲ့ ကိုယ်ပိုင်ဘလော့ဂ်ပေါ်မှာ ‘ဥနီဖြူဟ်သားလေး’ ဆိုတဲ့ နာမည်နဲ့ ရုပ်ပုံကို အရင်ဆုံး စတင်ခဲ့တာ။ နောက်ပိုင်း အင်တာနက်ပေါ်မှာ လူကြိုက်များလာလို့ ကျွန်မတို့က အဲဒီ ဒီဇိုင်နာနဲ့ သဘောတူ စာချုပ်ချုပ်ပြီး ကာတွန်းရုပ်ရှင်အဖြစ် အသွင်ပြောင်းခဲ့ကြတာ”

“ဒါဆို အဲဒီအရုပ်ကို နာမည်ကျော် ပန်းချီဆရာတစ်ယောက်က ဆွဲပေးခဲ့တာ မဟုတ်ဘူးပေါ့”

“မဟုတ်ဘူး။ သူက စာသင်ကျောင်းက ဆရာတစ်ယောက်ပါ။ ပန်းချီဆရာလည်း မဟုတ်ဘူး”

"ဟုတ်လား"

ထိုသို့ဆိုလျှင် အတော်ပင် နီးစပ်သွားချေပြီဟု ကုစာနာဂိ တွေးသည်။ အီကာအိ တတ်ဆုဟီကို၏ စကားအရဆိုလျှင် မာရှိဘ ယိုရှိတာကာသည် သူ၏ ကုမ္ပဏီဝန်ထမ်း၊ သို့တည်းမဟုတ် အလုပ်နှင့် ပတ်သက်ဆက်စပ်နေသူနှင့် အချစ်စခန်း ဖွင့်လိမ့်မည် မဟုတ်ပေ။ အကယ်၍သာ လုပ်ငန်းပြင်ပမှ သူစိမ်းတစ်ယောက်သာဆိုလျှင် အခြေအနေမှာ တစ်နည်းတစ်ဖုံ ပြောင်းလဲသွားပေမည်။

"အဲ … မဟုတ်သေးဘူး ဆရာ" ကွန်ပျူတာကိုသာ တစ်ချိန်လုံး စိုက်ကြည့်နေသည့် ကိရှိတာနိက စကားဆိုသည်။

"သူ မဖြစ်နိုင်ဘူး"

"ဘာဖြစ်လို့လဲ"

"ဖန်တီးသူ မှတ်တမ်းမှာ 'ကျား' လို့ ရေးထားတယ်"

"ဘာပြောတယ် …" ကုစာနာဂိလည်း မော်နီတာကို စူးစိုက်ကြည့်နေသည်။ ဖန်တီးသူ၏ မှတ်တမ်းထဲတွင် အမှန်ပင် ဤသို့ ရေးသားထားသည်။

"အစောကြီးကတည်းက ကြိုမေးလိုက်မိရင်လည်း အကောင်းသား။ အရုပ်ကလေးက အရမ်းကို ချစ်စရာ ကောင်းနေတော့ ဒီအရုပ်ရဲ့ ဒီဇိုင်နာက မိန်းကလေးပဲ ဖြစ်ကိုဖြစ်ရမယ်လို့ အပိုင်တွက်ထားခဲ့မိတာ"

"ငါလည်း အဲဒီလိုပဲ။ ငါတို့ ပေါ့လိုက်ကြတာ" ကုစာနာဂိသည် မျက်မှောင်ကြုတ်လျက် ခေါင်းကုတ်နေသည်။

"ကျွန်မကို တစ်ခုလောက် မေးခွင့်ပြုပါလား" ယာမာမိုတိုက နံဘေးမှ မေးခွန်းထုတ်လိုက်သည်။

"ဒီဇိုင်နာက ယောကျ်ားလေး ဖြစ်နေရင် ဘာများ ပြဿနာ ရှိလို့လဲ"

"မရှိပါဘူး။ ကျွန်တော်တို့က အမှုအတွက် အထောက်အကူ ပြုနိုင်မယ့် လူတစ်ယောက်ကို ရှာနေလို့။ သူက အမျိုးသမီးတစ်ယောက်ပါ"

“ဆရာတို့ ပြောတဲ့ အမှုဆိုတာက ... ... မစ္စတာမာရှိဘ အသတ်ခံရတဲ့ အမှုကို ပြောတာလား”

“ဟုတ်တယ်”

“အဲဒီအမှုနဲ့ ဒီကာတွန်းရုပ်နဲ့က ဘယ်လို ပတ်သက်နေလို့လဲ”

“အတိအကျတော့ ပြောဖို့ ခက်ပါသေးတယ်။ ဒါပေမယ့် တကယ်လို့သာ ဒီဇိုင်နာက အမျိုးသမီးဆိုရင် အမှုနဲ့ သက်ဆိုင်ချင် သက်ဆိုင်သွားနိုင်တယ်”

ကုစာနာဂိသည် သက်ပြင်းချပြီး ကိရှိတာနိကို လှမ်းကြည့်လိုက်သည်။

“ဒီနေ့တော့ ဒီလောက်နဲ့ တော်ကြစို့”

“ဟုတ် ဆရာ” ကိရှိတာနိသည် ပခုံးနှစ်ဖက် အောက်ချလျက် ပြန်ဖြေသည်။

ယာမာမိုတိုသည် သူတို့နှစ်ဦးကို ကုမ္ပဏီ၏ တံခါးပေါက်ဝတိုင်အောင် လိုက်ပါပို့ဆောင်ပေးပြီး ကုစာနာဂိက သူ့ကို ကျေးဇူးတင်ကြောင်း ပြောဆိုလိုက်လေသည်။

“ခင်ဗျားတို့ကို အနှောင့်အယှက် ပေးမိတဲ့အတွက် တောင်းပန်ပါတယ်။ နောက်နောင်လည်း အမှုစုံစမ်းဖို့အတွက် လာချင် လာရဦးမှာမို့ ဒီနေ့လိုပဲ ကူညီပေးပါဦးလို့ အားနာနာနဲ့ပဲ တောင်းဆိုပါရစေ”

“ဟုတ်၊ အချိန်မရွေး ကြိုဆိုပါတယ်ရှင်” သူ၏ အမူအရာမှာ တစ်စုံတစ်ရာကို တွေးတောဆင်ခြင်နေဟန်။ စတွေ့ကြစဉ်က အေးတိအေးစက် မျက်နှာထားနှင့် သိသိသာသာ ကွာခြားနေသည်။

နှုတ်ဆက်ပြီးနောက် နှစ်ဦးသား လှည့်ကာ ထွက်ခွာလာခဲ့သည်။ ထိုစဉ် ကျောအနောက်ဘက်မှ “ခဏ” ဟူသော ယာမာမိုတို၏ အသံ ထွက်ပေါ်လာသည်။

ကုစာနာဂိသည် နောက်ပြန်လှည့်ကာ

“ဘာများ ပြောစရာ ရှိလို့လဲ”

သူသည် ခြေလှမ်းများကို ခပ်ကျဲကျဲလှမ်းကာ သူတို့အနားသို့ ရောက်ရှိလာသည်။ လေသံကို အနိမ့်ဆုံး နှိမ့်ချလိုက်ပြီး

"ဆရာတို့နှစ်ယောက် ဒီတိုက်ရဲ့ ပထမထပ်က ဧည့်တွေ့ဆောင်မှာ ကျွန်မကို ခဏ စောင့်ပေးလို့ ရမလား။ ကျွန်မ ဆရာတို့ကို ပြောစရာ ရှိလို့"

"အမှုနဲ့ သက်ဆိုင်တဲ့ ကိစ္စလား"

"အမှုနဲ့ သက်ဆိုင်မဆိုင်တော့ ကျွန်မ မသိဘူး။ ဒါပေမယ့် ဟိုကာတွန်းရုပ်ရယ်၊ သူရဲ့ ဒီဇိုင်နာရယ်နဲ့တော့ ပတ်သက်နေတယ်"

ကုစာနာဂိနှင့် ကိရှိတာနိတို့သည် တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်လိုက်ကြသည်။ ထို့နောက် ယာမာမိုတိုဘက်သို့ လှည့်ကာ ခေါင်းညိတ်ပြလိုက်လေသည်။

ယာမာမိုတိုက "ခဏနေ ကျွန်မ ဆင်းလာခဲ့ပါမယ်" ဟု ဆိုကာ ကုမ္ပဏီထဲသို့ ဝင်သွားလေသည်။

ပထမထပ်၏ ဧည့်တွေ့ဆောင်သည် အများသုံးခန်းမဆောင်တစ်ဆောင် ဖြစ်သည်။ ကုစာနာဂိသည် 'ဆေးလိပ်မသောက်ရ' ဟူသော ဆိုင်းဘုတ်ကို စိတ်နာနာဖြင့် မျက်စောင်းထိုးလျက် ကော်ဖီကို မော့သောက်နေသည်။

"သူက ကျွန်တော်တို့ကို ဘာပြောမလို့လဲ မသိဘူးနော်" ကိရှိတာနိက မေးသည်။

"အင်း ... စောစောက ယောက်ျားဒီဇိုင်နာနဲ့ ပတ်သက်တဲ့ ကိစ္စဆိုရင်တော့ ငါတို့အတွက် ဘာအကျိုးမှ ရှိမှာ မဟုတ်ဘူး"

များမကြာခင် ယာမာမိုတိုသည် A4 စာရွက် အရွယ်အစားခန့်ရှိသော စာအိတ်တစ်အိတ်ကို ကိုင်လျက် အနားသို့ ချဉ်းကပ်လာသည်။ သူ့ကို ကြည့်ရသည်မှာ ပတ်ဝန်းကျင်မှ လူများ ရိပ်မိသွားမည်ကို စိုးရွံ့ထိတ်လန့်နေသည့် ဟန်မျိုး။

"စောင့်ရတာ ကြာသွားပြီ ထင်တယ်" ပြောပြီး သူတို့နှစ်ဦး၏ မျက်နှာချင်းဆိုင်တွင် ထိုင်ချလိုက်သည်။

စားပွဲထိုးတစ်ယောက်သည် အနားသို့ အလျင်အမြန် ရောက်ရှိလာသည်။ ယာမာမိုတိုသည် လက်ခါပြကာ အနားမှ နှင်ထုတ်လိုက်လေသည်။ ခပ်ကြာကြာ ထိုင်လိုဟန် ရှိပုံ မရပေ။

"ကျွန်တော်တို့ကို ဘာအကြောင်းများ ပြောစရာရှိလို့လဲ" ကုစာနာဂိက စကားကြောင်းလိုက်သည်။

ယာမာမိုတိုသည် ဘေးဘီကို တစ်ချက်မျှ ဝေ့ကြည့်ပြီးနောက် ကိုယ်ကို အရှေ့ကို ယို့လိုက်သည်။

"အခု ပြောမယ့်ကိစ္စကို အပြင် မပေါက်ကြားစေချင်ဘူး။ တကယ်လို့ အများပြည်သူကို မဖြစ်မနေ ပြောပြရတော့မယ် ဆိုရင်လည်း ကျွန်မ ပြောပြတယ်လို့ ဘယ်သူမှ မသိပါစေနဲ့။ မဟုတ်ရင် ကျွန်မ ဒုက္ခရောက်သွားနိုင်တယ်"

"ဗျာ" ကုစာနာဂိက ယာမာမိုတိုကို မျက်စိလှန်ကြည့်လိုက်သည်။ သူသည် မူလက

"ဒါတော့ အခြေအနေအရ ကြည့်လုပ်ရမှာပေါ့" ဟု ပြောရန် ရည်ရွယ်ထားခဲ့သော်လည်း ထိုသို့သာ ပြောလိုက်မည် ဆိုလျှင် အရေးကြီးသည့် သတင်းအချက်အလက်တစ်ခု လက်လွတ်သွားနိုင်မှန်း သူ သိနေသည်။ မှူခင်းရဲတစ်ယောက်အနေဖြင့် မျက်နှာပြောင်တိုက်ရန် ရံဖန်ရံခါ လိုအပ်သည်သာ။ သူ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့။ ကျွန်တော် သဘောတူပါတယ်"

ယာမာမိုတိုသည် နှုတ်ခမ်းသပ်ကာ စကားဆိုသည်။

"စောစောက ဆရာတို့နှစ်ယောက် ပြောနေတဲ့ ကာတွန်းရုပ်ရဲ့ ဒီဇိုင်နာက တကယ်တော့ အမျိုးသမီးတစ်ယောက်ပါ"

"ဘယ်လို" ကုစာနာဂိ၏ မျက်လုံးများ ပြူးကျယ်လာသည်။

"အတည်ပြောနေတာလား"

"အတည်ပါ။ စောစောက အမှန်အတိုင်း ပြောပြဖို့ အဆင်မပြေလို့

ယောက်ျားဆရာလို့ တမင် ပြောခဲ့တာပါ”

ကိရိုတာနိသည် တစ်ဘက်တွင် မှတ်တမ်းယူရင်း ခေါင်းညိတ်ကာ စကားဆိုသည်။

“အင်တာနက်ပေါ်မှာ လူတွေက နာမည်တင် မကဘူး။ အသက်အရွယ်နဲ့ ကျားမကအစ အမှန်အတိုင်း မရေးကြတာပဲ များတယ်”

“ကျောင်းဆရာ ဆိုတာကရော အမှန်မဟုတ်ဘူးလား” ကုစာနာဂိက မေးသည်။

“မဟုတ်ဘူးရှင့်။ ဘလော့ဂ်ပေါ်မှာ ရေးထားတဲ့ ယောက်ျားဆရာက အပြင်မှာ တကယ်ရှိတယ်။ ဘလော့ဂ်ကို ရေးတဲ့သူကလည်း သူပဲ။ ဒါပေမယ့် စောစောက ကာတွန်းရုပ်ကို ထွင်တဲ့သူကကျတော့ တခြားတစ်ယောက်။ နောက်ပြီး အဲဒီဆရာနဲ့ ဘယ်လိုမှ မပတ်သက်၊ မစပ်ဆိုင်တဲ့ လူတစ်ယောက်ပါ”

ကုစာနာဂိသည် မျက်မှောင်ကြုတ်လျက် တံတောင်နှစ်ဖက်ကို စားပွဲပေါ် တင်လိုက်သည်။

“ဘယ်လိုဖြစ်လို့လဲ”

ယာမာမိုတိုသည် ပတ်ဝန်းကျင်ကို သတိကြီးကြီးဖြင့် ဝေ့ကြည့်ကာ စကားစသည်။

“တကယ်တော့ ဒါတွေအားလုံးကို အစကတည်းက အစီအစဉ်ချပြီး လုပ်ခဲ့ကြတာ”

“အစီအစဉ်ချတယ် ...”

“စောစောက ဆရာတို့ နှစ်ယောက်ကို ကျွန်မ ပြောခဲ့တယ်လေ။ အဲဒီဆရာရဲ့ ဘလော့ဂ်ပေါ်မှာ တင်ထားတဲ့ ကာတွန်းအရုပ်ကို လူကြိုက်များလာလို့ ကျွန်မတို့ ကုမ္ပဏီက သူနဲ့ အလုပ်တွဲလုပ်ပြီး ကာတွန်းရုပ်ရှင်တစ်ခု ဖန်တီးခဲ့တယ် ဆိုတာ ဆရာတို့ မှတ်မိဦးမှာပေါ့။ တကယ်တော့ အဖြစ်မှန်က အဲဒီလို မဟုတ်ဘူး။ အဲဒီအရုပ်နဲ့ ရုပ်ရှင်ဖန်တီးပြီး အင်တာနက်ပေါ် တင်မယ့် အစီအစဉ်က အစောကြီးကတည်းက ရှိနှင့်ပြီးသား။ ကျွန်မတို့က အဲဒီရုပ်ပုံကို အရင်ဆုံး

ဘလော့ဂ်တစ်ခုပေါ်မှာ တင်လိုက်တယ်။ ပထမဆုံးအဆင့်က အဲဒီဘလော့ဂ်ကို လူသိများအောင် ကျွန်မတို့ ကြိုးစားကြရတယ်။ နောက်တော့ အဲဒီကာတွန်းပုံကို လူကြိုက်များလာပြီ ဆိုမှ ကျွန်မတို့ ကုမ္ပဏီက အဲဒီဘလော့ဂ်ရဲ့ ဖန်တီးရှင်နဲ့ ကာတွန်းရုပ်ရှင် ရိုက်ကူးဖို့ စာချုပ်ချုပ်ပါတယ်ဆိုပြီး ကြေညာလိုက်တယ်။ ဒါတွေက မာကတ်တင်းဗျူဟာတွေပေါ့”

ကုစာနာဂိသည် လက်ပိုက်လျက် အေးစက်သော လေသံဖြင့် ပြောသည်။

“ခင်ဗျားတို့ အလုပ်လုပ်ပုံကလည်း အတော် ရှုပ်ထွေးတာပဲ”

“ကျွန်မတို့ ဥက္ကဋ္ဌရဲ့ အယူအဆက အဲဒီလိုလုပ်ပေးမှ အင်တာနက်ကြမ်းပိုးတွေအတွက် ရင်းနှီးကျွမ်းဝင်တဲ့ ခံစားမှုကို ဖန်တီးပေးနိုင်မှာတဲ့။ ဒါမှ ကျွန်မတို့ကို နှစ်နှစ်ကာကာ အားပေးကြမှာလေ”

ကိရိုတာနိသည် ကုစာနာဂိကို လှည့်ကြည့်ပြီး ခေါင်းညိတ်ပြသည်။

“အဲဒီလို ဖြစ်နိုင်ပါတယ်။ လုံးဝ နာမည်မရှိသေးတဲ့ အနုပညာရှင်တစ်ယောက်ရဲ့ လက်ရာကို ဟိုးလေးတကြော် ဖြစ်သွားအောင် အင်တာနက်ကြမ်းပိုးတွေက ပိုပြီး လုပ်ပေးချင်ကြတယ်”

“အဲဒီလိုဆိုတော့ အဲဒီကာတွန်းရုပ်ကို ဒီဇိုင်းဆွဲပေးတဲ့ မူလပန်းချီဆရာက ခင်ဗျားတို့ ကုမ္ပဏီရဲ့ ဝန်ထမ်းပဲပေါ့” ကုစာနာဂိက ယာမာမိုတိုကို မေးသည်။

“မဟုတ်ဘူးရှင့်။ အဲဒီတုန်းက ကျွန်မတို့ဟာ နာမည်သိပ်မရသေးတဲ့ ကာတွန်းဆွဲဆရာ၊ ပန်းချီဆရာတွေထဲကနေ အဆင်ပြေနိုင်မယ့် လူကို ရွေးထုတ်ခဲ့ကြတာ။ ကျွန်မတို့ ကုမ္ပဏီအတွက် သူတို့ကို နမူနာပုံ ဆွဲပြီး တင်ပြခိုင်းတာပေါ့။ အဲဒီအထဲကမှ ကျွန်မတို့က ဥနီဂြိုဟ်သားလေးကို ရွေးခဲ့တာပါ။ ဒီဇိုင်နာနဲ့လည်း လျှို့ဝှက်စာချုပ် ချုပ်ဆိုရတာပေါ့။ နောက်ပြီး အဲဒီ ဒီဇိုင်နာကိုပဲ စောစောက ကျောင်းဆရာရဲ့ ဘလော့ဂ်မှာ တင်ဖို့ ရုပ်ပုံကိုပါ ဆွဲခိုင်းရတယ်။ ဒါပေမယ့် အဲဒီ ပန်းချီဆရာမက လုပ်ငန်းပြီးဆုံးတဲ့အထိ ဆွဲမသွားနိုင်ခဲ့ဘူး။ အဆုံးသတ်ကိုကျတော့ တခြားပန်းချီဆရာတစ်ယောက်ကို လက်လွှဲခဲ့ရတယ်။ ဒီလောက်ပြောရင် ဆရာတို့လည်း သဘောပေါက်လောက်ပြီ ထင်ပါတယ်။ အဲဒီ ကျောင်းဆရာရဲ့ ကိုယ်ပိုင်ဘလော့ဂ်ကိုလည်း ကျွန်မတို့ ကုမ္ပဏီကပဲ ငွေရေးကြေးရေးအရ အပြည့်အဝ ထောက်ပံ့ထားတာလေ”

ကုစာနာဂိ၏ အံ့အားသင့်မှုသည် သူ၏ စကားလုံးများထဲတွင် အထင်သား ပေါ်လွင်နေသည်။

"တကယ့်ကို အားလုံး အကွက်ချပြီး လုပ်သွားခဲ့တာပဲ"

"လုံးဝ အသစ်စက်စက် ကာတွန်းဇာတ်ကောင်တစ်ခုကို ဈေးကွက်ထဲ တင်သွင်းဖို့ဆိုရင် မာကတ်တင်းဗျူဟာ ကောင်းကောင်း ရှိဖို့ လိုအပ်တယ်လေ" ယာမာမိုတိုက မဲ့ပြုံးပြုံးလျက် ပြောသည်။

"ဒါပေမယ့် အဆုံးသတ် ရလဒ်ကတော့ မှန်းချက်နဲ့ နှမ်းထွက် မကိုက်ခဲ့ဘူးပေါ့ရှင်"

"ဒါဆို အဲဒီ ပန်းချီဆရာမကရော ... သူ့အကြောင်း ပြောပြလို့ ရမလား"

"သူက ကလေး ရုပ်ပြစာအုပ်တွေ ဆွဲတဲ့ ပန်းချီဆရာမပါ။ စာအုပ်နည်းနည်းပါးပါးလည်း ပုံနှိပ်ထုတ်ဝေခဲ့ဖူးတယ်" ယာမာမိုတိုသည် သူ၏ ပေါင်ပေါ်တွင် တင်ထားသော စာအိတ်ထဲမှ ရုပ်ပြစာအုပ်တစ်အုပ်ကို ဆွဲထုတ်လိုက်သည်။

ကုစာနာဂိက "ကျွန်တော် ကြည့်ကြည့်ပါရစေ" ဟု ဆိုကာ ရုပ်ပြစာအုပ်ကို လှမ်းယူလိုက်သည်။ စာအုပ်၏ နာမည်မှာ 'မနက်ဖြန် မိုးရွာတော့မည်' ။ သူသည် စာအုပ်ကို ခပ်သုတ်သုတ် လှန်ကြည့်လိုက်သည်။ မိုးနတ်သမီး၏ ပုံပြင် ဖြစ်သည်။ ဖန်တီးသူ၏ နာမည်ကို 'ခရမ်းလိပ်ပြာ' ဟု ဖော်ပြထားသည်။

"သူက အခုချိန်ထိ ကုမ္ပဏီနဲ့ အဆက်အသွယ် ရှိနေသေးလား"

"မရှိတော့ဘူး။ အဲဒီဇာတ်ကောင်နဲ့ ပတ်သက်သမျှ မူပိုင်ခွင့်တွေ အားလုံးက ကျွန်မတို့ ကုမ္ပဏီပိုင်ချည်းပဲ။ ဒါကြောင့် သူ့ကို ပထမဆုံး ပုံတစ်ပုံ ဆွဲခိုင်းပြီးတာနဲ့ နောက်ပိုင်းကျတော့ ကျွန်မတို့နဲ့ လုံးဝ အဆက်အသွယ် မရှိတော့ဘူး"

"ဒါဆို ခင်ဗျားကရော အဲဒီအမျိုးသမီးကို မြင်ဖူးလိုက်လား"

"ဟင့်အင်း။ ကျွန်မ မမြင်ဖူးဘူး။ စောစောကလည်း ဆရာတို့ကို ပြောခဲ့ပြီးပါပြီ။ သူရဲ့ တည်ရှိနေမှုကို လျှို့ဝှက်ထားဖို့ လိုအပ်တယ်လေ။ သူ့ကို မြင်ဖူးတဲ့လူဆိုလို့ ဆုံးသွားတဲ့ ကျွန်မတို့ရဲ့ ဥက္ကဋ္ဌနဲ့ ဟိုးအပေါ်က ရာထူးကြီးကြီး

လူတချို့ပဲ ရှိတယ်။ ကြားမိတာတော့ အဲဒီတုန်းက သဘောတူစာချုပ်ကိုတောင် ဥက္ကဌကိုယ်တိုင် သူ့နဲ့ လက်မှတ်ထိုးခဲ့ကြတာ”

“မစ္စတာမာရှိဘကိုယ်တိုင် ဦးစီးခဲ့တယ် ဆိုပါတော့”

“ကျွန်မတို့ သတင်းကြားမိတာတော့ အဲဒီ ဥနီဗြိုဟ်သားရဲ့ ပုံကို သဘောအကျဆုံးကလည်း ဥက္ကဌပဲ” ပြောပြီး ယာမာမိုတိုသည် ကုစာနာဂိကို စိုက်ကြည့်နေလေသည်။

ကုစာနာဂိသည် ခေါင်းညိတ်ပြပြီး မျက်လွှာကို အောက်သို့ နှိမ့်ချထားလိုက်သည်။ ရုပ်ပြစာအုပ်ပေါ်တွင် ပန်းချီဆရာ၏ ကိုယ်ရေးအကျဉ်းကို ပုံနှိပ်ဖော်ပြထားသော်လည်း သူ၏ နာမည်အရင်းနှင့် မွေးသက္ကရာဇ် စသည့် အချက်အလက်များကို ရေးသားထားခြင်း မရှိပေ။

အကယ်၍ ရုပ်ပြပန်းချီဆရာမသာ အမှန်ဖြစ်လျှင် ‘ပုံဆွဲပြီး အသက်မွေး’ ‘စာအုပ်ထုတ်ဖူး’ ဆိုသည့် အချက်များနှင့် ကိုက်ညီသွားပေပြီ။

“အဲဒီရုပ်ပြစာအုပ်ကို ကျွန်တော်တို့ကို ခဏငှားပေးလို့ ရမလား”

ကုစာနာဂိသည် ရုပ်ပြစာအုပ်ကို ကောက်ကိုင်၍ မေးလိုက်သည်။

ယာမာမိုတိုသည် ‘ရပါတယ်’ ဟု ဆိုကာ နာရီငုံ့ကြည့်နေသည်။

“ကျွန်မ ပြောပြနိုင်သမျှ အားလုံးကိုလည်း ဆရာတို့နှစ်ယောက်ကို ပြောပြီးသွားပြီ ဆိုတော့ ကျွန်မကိုလည်း ပြန်ခွင့်ပြုပါဦး။ ဆရာတို့အတွက် အထောက်အကူ ဖြစ်လိမ့်မယ်လို့ မျှော်လင့်ပါတယ်”

“ကျေးဇူးပါဗျာ။ တော်တော်လေး အကျိုးရှိပါတယ်” ကုစာနာဂိက ဦးညွှတ်ကာ နှုတ်ဆက်လိုက်သည်။

ယာမာမိုတို ထွက်ခွာသွားသည့် အခါတွင် ကုစာနာဂိသည် ရုပ်ပြစာအုပ်ကို ကိရှိတာနိအား လှမ်းပေးလိုက်သည်။

“မင်း အဲဒီစာအုပ်တိုက်ကို သွားပြီး စုံစမ်းကြည့်ပါဦး”

"အကျိုးရှိနိုင်ပါ့မလား"

"ဖြစ်နိုင်ခြေ တော်တော်လေး များတယ်။ အနည်းဆုံးတော့ ဒီရုပ်ပြပန်းချီဆရာမနဲ့ မာရိုဘ ယိုရှီတာကာ အကြားမှာ ထူးခြားတဲ့ ဆက်ဆံရေးတွေ ရှိကိုရှိရလိမ့်မယ်"

"ဆရာ့ကြည့်ရတာ အပြည့်အဝ ယုံကြည်ထားသလိုပဲ"

"ယာမာမိုတိုရဲ့ ခိုးကြောင်ခိုးဝှက် ပုံစံကို မြင်ရကတည်းက ငါ ယုံကြည်ထားပြီးသား။ သူ အစောကြီးကတည်းက မစ္စတာမာရိုဘနဲ့ အဲဒီပန်းချီဆရာမရဲ့ ဆက်ဆံရေးကို မသင်္ကာ ဖြစ်နေခဲ့တယ် ဆိုတာ မြင်သာနေတာပဲ"

"ဒါဆိုလည်း သူက ဘာဖြစ်လို့ အခုချိန်ထိအောင် လျှို့ဝှက်ထားရတာလဲ။ ဟိုးအရင်တုန်းကလည်း မှုခင်းရဲတွေက မစ္စတာမာရိုဘရဲ့ အချစ်နဲ့ အိမ်ထောင်ရေးအကြောင်းတွေ အများကြီး သူ့ကို မေးခဲ့ဖူးတာပဲ။ သူ ဖြေမှ မဖြေခဲ့တာ"

"သက်သေသက္ကာယ အခိုင်အမာ မပြနိုင်တဲ့ ကိစ္စမျိုးကို ဝင်ပြီး လျှာမရှည်တာ အကောင်းဆုံးပဲ ဖြစ်လိမ့်မယ်လို့ ယူဆထားလို့ နေမှာပေါ့ကွာ။ သူက ငါတို့ကိုလည်း များများစားစား ပြောပြခဲ့တာမှ မဟုတ်ဘဲ။ ငါတို့က ကာတွန်းရုပ်ရဲ့ ဒီဇိုင်နာကို စိတ်ဝင်စားပြနေတာ ဆိုတော့ အဲဒီ ဒီဇိုင်နာက ယောက်ျား မဟုတ်ဘူး၊ မိန်းမပါဆိုတဲ့ အချက်ကို ငါတို့ကို ပြောပြချင်စိတ် ဖြစ်သွားတာနေမှာ။ အဲဒီရုပ်ပြပန်းချီဆရာမနဲ့ မစ္စတာမာရိုဘတို့က သွေးရိုးသားရိုး မဟုတ်ကြဘူး ဆိုတာကို သိလို့သာလျှင် အခုကိစ္စမှာ ဝင်ပါဖို့ ဆုံးဖြတ်လိုက်တာ ဖြစ်မယ်"

"အဲဒီလိုလား။ အစောပိုင်းတုန်းက သူ့ကို မျက်နှာရှစ်ခေါက်ချိုးနေတယ် ဆိုပြီး ပြောခဲ့တာကို ပြန်တောင်းပန်ရမလိုတောင် ဖြစ်နေပြီ"

"သူရဲ့ စေတနာတွေ အလဟဿ မဖြစ်စေချင်ရင် စာအုပ်တိုက်ကို မြန်မြန် ဖုန်းဆက်ပေတော့"

ကိရိုတာနိသည် လက်ကိုင်ဖုန်းကို ဆွဲထုတ်ပြီး ရုပ်ပြစာအုပ်ကို ကိုင်လျက် အနားမှ ထွက်ခွာသွားသည်။ ကုစာနာဂိသည် ဖုန်းဆက်နေသော သူ၏ နောက်ကျောကို ငေးကြည့်နေရင်း အေးစက်သွားပြီဖြစ်သော ကော်ဖီကို

မော့သောက်နေလေသည်။ ကိရိုတာနိသည် ဖုန်းဆက်ပြီးနောက် အနားသို့ ပြန်ရောက်လာသည်။ မျက်နှာက ကောင်းလှသည် မဟုတ်။

"တာဝန်ခံနဲ့ မတွေ့ဘူးလား"

"မဟုတ်ဘူး။ တွေ့တယ်။ နောက်ပြီး အဲဒီ 'ခရမ်းလိပ်ပြာ' ဆိုတဲ့ ပန်းချီဆရာ အကြောင်းကိုလည်း မေးလိုက်သေးတယ်"

"ဒါဆို ဘာဖြစ်လို့ မျက်နှာက သုန်မှုန်နေတာလဲ"

ကိရိုတာနိသည် သူ၏ မေးခွန်းကို ချက်ချင်း ပြန်မဖြေဘဲ မှတ်စုစာအုပ်ကို လှန်လှောနေသည်။

"အဲဒီအမျိုးသမီးရဲ့ နာမည်အရင်းက ကျူကူအိ ဂျွန်ကိုတဲ့။ အဲဒီရုပ်ပြစာအုပ်ကို လွန်ခဲ့တဲ့ လေးနှစ်က ထုတ်ဝေခဲ့တာ။ အခုတော့ ရုပ်နားထားလိုက်ပြီ ပြောတယ်"

"သူ့ကို ဆက်သွယ်လို့ ရမယ့် လိပ်စာကိုရော မမေးလိုက်ဘူးလား"

"ဟင့်အင်း။ တကယ်တော့ ..."

ကိရိုတာနိသည် မှတ်စုစာအုပ်ကို ငုံ့ကြည့်နေရာမှ ခေါင်းကို မော့လိုက်သည်။

"သူက ဆုံးသွားတာ ကြာပြီ"

"ဘယ်လို ... ဘယ်တုန်းက ဆုံးသွားခဲ့တာတဲ့လဲ"

"လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကလို့ ပြောတယ်။ သူ့အိမ်မှာ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်သွားခဲ့တာ"

(၁၉)

မဲဂူရှိရဲစခန်း၏ အစည်းအဝေးခန်းမအတွင်း၌ ဥက္ကာမြသည် အစီရင်ခံစာ ရေးနေသည်။ ထိုစဉ် ကုစာနာဂိနှင့် ကိရှိတာနိတို့ နှစ်ဦးသည် မျက်နှာမသာမယာဖြင့် စခန်းသို့ ပြန်ရောက်လာသည်။

"ဘိုးတော်ပြန်ရောက်ပြီလား"

ကုစာနာဂိက ဒေါမာန်ပါပါ မေးလိုက်သည်။

"ခွဲမှူးက ရုံးခန်းထဲမှာ ရှိတယ်"

ကုစာနာဂိသည် ဘာမျှ ပြန်မပြောတော့ဘဲ အခန်းထဲမှ ထွက်ခွာသွားသည်။ ကိရှိတာနိသည် ဥက္ကာမြကို လက်နှစ်ဖက် ဖြန့်ကားပြသည်။ ထိန်းမနိုင်ဘူး ဟူသည့် သဘောမျိုး။

"ကြည့်ရတာ ရာသီဥတု မကောင်းဘူး ထင်တယ်" ဥက္ကာမြက ကိရှိတာနိကို မေးလိုက်သည်။

"ကျွန်တော်တို့ မာရှိဘ ယိုရှီတာကာရဲ့ အရင် ရည်းစားဟောင်းကို ရှာတွေ့ခဲ့ပြီ"

"ဟုတ်လား။ တွေ့တယ်လည်း ပြောသေးတယ်။ ဘာဖြစ်လို့ အဲဒီမျက်နှာကြီး ဖြစ်နေရတာလဲ"

"မှန်းထားတဲ့အတိုင်း ဖြစ်မလာလို့လေဗျာ"

ကိရှိတာနိသည် ခေါက်ကုလားထိုင်တစ်လုံးကို ဆွဲယူ ထိုင်လိုက်သည်။

ကိရှိတာနိထံမှ အကြောင်းစုံ ကြားရသည့် အခါတွင် ဥက္ကာမြလည်း

တအံ့တသြ ဖြစ်သွားခဲ့ရသည်။

"ကျွန်တော်တို့ စာအုပ်တိုက်ကနေ အဲဒီအမျိုးသမီးရဲ့ ဓာတ်ပုံကို ငှားလာခဲ့တယ်။ ပြီးတော့ သူနဲ့ မစ္စတာမာရှိဘတို့ ချိန်းတွေ့လေ့ရှိတဲ့ လက်ဖက်ရည်ဆိုင်ကို ပြန်သွားပြီး အဲဒီက စားပွဲထိုးမလေးကို ဓာတ်ပုံပြကြည့်တယ်။ အတည်ပြုကြည့်ခဲ့တယ်။ စားပွဲထိုးမလေးကတော့ သူမှသူပဲ လုံးဝ သေချာတယ်တဲ့။ ဇာတ်လမ်းက အဲဒီမှာတင် တစ်ခန်းရပ်သွားရော။ ရည်းစားဟောင်းလက်ချက်ကြောင့် သေရတယ် ဆိုတဲ့ ဆရာရဲ့ အယူအဆက အဲဒီမှာတင် နိဂုံးတံသွားတယ်"

"အဲဒါကြောင့် သူက စူပုပ်နေတာကိုး"

"ကျွန်တော်လည်း အတော် စိတ်ဓာတ်ကျသွားတယ်။ သူနဲ့ တစ်နေကုန် ပြေးထား လွှားထားရတာလေဗျာ။ နောက်ဆုံးကျ ရလဒ်က အဲဒီလိုကြီး ဖြစ်သွားတော့ အမောတောင် ဆို့သွားတယ်"

ကိရိုတာနိ ခါးကြောဆန့်နေသည့် အချိန်တွင် ဥက္ကျုမိထံသို့ ဖုန်းဝင်လာသည်။ ယုကာဝါထံမှ ဖြစ်နေသည်။ သူနှင့် နေ့ခင်းကမှ လူချင်း တွေ့ခဲ့ကြသေးသည်။

"ဟယ်လို ဆရာ၊ ဘာများ ပြောစရာ ကျန်သွားလို့လဲ"

"ခင်ဗျား အခု ဘယ်မှာလဲ" ယုကာဝါက အသံကြားသည်နှင့် မေးခွန်းထုတ်လိုက်သည်။

"မဲဂူရိုရဲစခန်းမှာ"

"ခင်ဗျားနဲ့ တွေ့ပြီး နောက်ပိုင်းမှာ ကျွန်တော် အများကြီး စဉ်းစားဖြစ်ခဲ့တယ်။ ခင်ဗျားကို တစ်ခု လုပ်ခိုင်းချင်တာ ရှိလို့ အခု တွေ့လို့ ရမလား"

"ဟုတ်။ ပြဿနာတော့ မရှိပါဘူး။ ဆရာ ဘာလုပ်ပေးစေချင်တာလဲ"

"လူချင်းဆုံရင် ပြောပြမှာပေါ့။ ဆုံမယ့်နေရာကို ခင်ဗျား ရွေးလိုက်"

ယုကာဝါ၏ စကားသံထဲတွင် ရှားရှားပါးပါး တက်ကြွသံများ ရောစွက်နေသည်။

“ရပါတယ်။ ကျွန်မ တက္ကသိုလ်ကိုပဲ လာခဲ့လိုက်မယ်”

“ကျွန်တော် ကျောင်းမှာ မရှိတော့ဘူး။ မဲဂူရိုရဲစခန်းဘက်ကို အခု လာနေပြီ။ ဘယ်နေရာမှာ ဆုံကြမလဲ”

ဥက္ကျူမိသည် အနီးအနားရှိ မိသားစု စားသောက်ဆိုင်တစ်ဆိုင်တွင် ဆုံရန် သူ့ကို ချိန်းဆိုလိုက်သည်။ ယုကာဝါက “ဟုတ်ပြီလေ” ဟု ဆိုကာ ဖုန်းချသွားသည်။ ဥက္ကျူမိသည် တစ်ဝက်တစ်ပျက် ရေးထားသော အစီရင်ခံစာကို အိတ်ထဲ ထိုးထည့်ကာ အပေါ်ဝတ်အင်္ကျီကို ကောက်ယူလိုက်သည်။

“ဆရာယုကာဝါဆီကလား” ကိရှိတာနိက မေးသည်။

“ဟုတ်တယ်။ ကျွန်မကို ပြောစရာ ရှိလို့တဲ့လေ”

“အေးဗျာ။ သူသာ အဆိပ်ခတ်ပုံ ပဟေဠိကို ဖြေရှင်းပေးနိုင်ရင် တော်တော်လေး ခရီးရောက်သွားနိုင်တယ်။ ခင်ဗျား သေသေချာချာလည်း နားထောင်ခဲ့ဦးနော်။ အဲဒီဆရာရဲ့ ဖြေရှင်းချက်တွေက ရှုပ်ကရှုပ်နဲ့။ မှတ်စုမှတ်ဖို့လည်း မမေ့နဲ့ဦး”

“မမေ့ပါဘူး” ဟု ဆိုကာ ဥက္ကျူမိသည် အစည်းအဝေးခန်းမထဲမှ ထွက်လာခဲ့သည်။

ချိန်းထားသော နေရာသို့ အရောက်တွင် ဥက္ကျူမိသည် နေရာတွင် ထိုင်လျက် လက်ဖက်ရည်တစ်ငုံကို မော့သောက်လိုက်စဉ်မှာပင် ဆိုင်ထဲသို့ ယုကာဝါ ဝင်ရောက်လာသည်။ သူသည် ဥက္ကျူမိ၏ မျက်နှာချင်းဆိုင် ထိုင်ခုံတွင် ဝင်ထိုင်ပြီး စားပွဲထိုးအား ကိုကိုးတစ်ခွက် မှာသည်။

“ကော်ဖီ မသောက်တော့ဘူးလား”

“အီသွားပြီ။ ခင်ဗျားနဲ့ မတွေ့ခင်ကတည်းက ကော်ဖီနှစ်ခွက် သောက်ပြီးသွားပြီ”

ယုကာဝါက နှုတ်ခမ်းကို မဲ့လိုက်သည်။

“တကူးတက ခေါ်လိုက်ရတာတော့ အားနာပါတယ်”

“ရပါတယ်။ ဆရာ ပြောစရာ ရှိတာ ပြောပါ”

ယုကာဝါသည် “အင်း” ဟု ဆိုပြီး မျက်လွှာကို ချထားလိုက်သည်။ ထို့နောက် ဥကျူမိကို ပြန်မော့ကြည့်ကာ

“ကျွန်တော် မေးခွန်းတစ်ခု အရင် မေးပါရစေ။ ခင်ဗျား အခုချိန်ထိ မစ္စစ်မာရိုဘကို သံသယ ဝင်နေတုန်းပဲလား”

“ဒါလား ... ဟုတ်ကဲ့။ ကျွန်မ အခုထိ သူ့ကို မသင်္ကာ ဖြစ်နေတုန်းပဲ”

“အဲဒီလိုလား”

ယုကာဝါသည် လက်တစ်ဖက်ကို အင်္ကျီအိတ်ကပ်ထဲသို့ ထိုးထည့်ပြီး စာရွက်ခေါက်တစ်ခုကို ဆွဲထုတ်ကာ စားပွဲပေါ် တင်ထားလိုက်သည်။

“ခင်ဗျား ဖတ်ကြည့်ကြည့်လိုက်”

ဥကျူမိသည် စာရွက်ကို ဖြန့်ပြီး အထဲတွင် ရေးထားသော စာများကို ဖတ်ကြည့်သည်။ ထို့နောက် မျက်မှောင်ကြုတ်လျက်

“ဘာတွေလဲ ဆရာ”

“ခင်ဗျားကို စုံစမ်းကြည့်စေချင်တဲ့ အချက်တွေပဲ။ စေ့စေ့စပ်စပ် လုပ်စေချင်တယ်။ မပေါ့ဆပါနဲ့”

“စာရွက်ပေါ်က အချက်တွေကို စစ်ဆေးကြည့်ပြီးရင် ပဟေဠိကို ဖြေရှင်းနိုင်တော့မယ်ပေါ့ ...”

ယုကာဝါသည် မျက်တောင်ကို ခတ်ပြီး သက်ပြင်းကို မှုတ်ထုတ်လိုက်သည်။

“ဟင့်အင်း။ မဖြေရှင်းနိုင်လောက်သေးဘူး။ ခင်ဗျားကို စုံစမ်းခိုင်းတယ် ဆိုတာကလည်း ဖြေရှင်းလို့ ရနိုင်၊ မရနိုင် ဆိုတဲ့ အချက်ကို အတည်ပြုချင်လို့ပဲ။ ခင်ဗျားတို့ရဲ့ စကားနဲ့ ပြောရရင် အထောက်အထား မှန်ကန်မှု ရှိမရှိ စစ်ဆေးခြင်း ပေါ့ဗျာ”

"ဘယ်လိုကြီးလဲ"

"ဒီနေ့ ခင်ဗျား ပြန်သွားပြီးတဲ့နောက်မှာ ကျွန်တော် အများကြီး စဉ်းစားဖြစ်တယ်။ မစ္စစ်မာရှိဘက အဆိပ်ခတ်ခဲ့တယ်လို့ ယူဆကြည့်မယ် ဆိုရင် သူက ဘယ်လိုနည်းနဲ့ အဆိပ်ခတ်မလဲ။ ကျွန်တော် ဘယ်လိုမှ စဉ်းစားလို့ မရဘူး။ နောက်ဆုံး ထွက်လာတဲ့ ကောက်ချက်ကတော့ ဒါက အဖြေမရှိတဲ့ ပုစ္ဆာပဲ။ ခြွင်းချက်တစ်ခုက လွဲလို့ပေါ့"

"ခြွင်းချက်တစ်ခု ... ဒါဆို အဖြေရှာတွေ့သွားပြီလို့ ပြောလို့ မရဘူးလား"

"ရတော့ ရတယ်။ ဒါပေမယ့် အဲဒါက စိတ်ကူးယဉ် အဖြေပဲ"

"ပြောလေ ရှုပ်လေ ဖြစ်ကုန်ပြီ"

"ဆိုလိုတာကဗျာ ... သီအိုရီအရတော့ ဖြစ်နိုင်တယ်။ ဒါပေမယ့် တကယ့်လက်တွေ့မှာကျတော့ ဘယ်လိုမှ မလုပ်နိုင်ဘူး။ ဟော့ကိုင်းဒိုးမှာ ရောက်နေတဲ့ ဇနီးသည်က တိုကျိုမှာ ရှိနေတဲ့ လင်ယောကျ်ားကို အဆိပ်သောက်ခိုင်းဖို့ရာ နည်းလမ်းက တစ်နည်းပဲ ရှိတယ်။ ဒါပေမယ့် အဲဒီနည်းလမ်းကို အကောင်အထည် ဖော်နိုင်ဖို့အတွက် ဖြစ်နိုင်ခြေက သုညဖြစ်ဖို့ အပြန်တစ်ရာမက နီးစပ်တယ်။ နားလည်သွားပြီလား။ အဲဒီလို နည်းလမ်းနဲ့ အမှုလုပ်လို့ ရတယ် ဆိုပေမယ့် အကောင်အထည်ဖော်ဖို့ မဖြစ်နိုင်ဘူး"

ဥကျူမိက ခေါင်းကို ခါးယမ်းလိုက်သည်။

"ကျွန်မ ကောင်းကောင်း နားမလည်ဘူး။ ဆရာ ပြောတဲ့အတိုင်းဆိုရင် နောက်ဆုံးကျတော့ မဖြစ်နိုင်ဘူးလို့ပဲ ပြောရတော့မှာ မဟုတ်ဘူးလား။ ဆရာက အဲဒီ မဖြစ်နိုင်တာကို သက်သေပြဖို့အတွက် ကျွန်မကို သွားစုံစမ်းခိုင်းနေတာလား"

"အဖြေမရှိဘူးလို့ သက်သေပြနိုင်တာကလည်း အင်မတန်မှ အရေးကြီးတဲ့ ကိစ္စတစ်ခုပဲ"

"ကျွန်မက အဖြေကို လိုချင်တာလေ။ သီအိုရီတွေ ဘာတွေက ကျွန်မတို့အတွက် နည်းနည်းလေးမှ အရေးမကြီးဘူး။ ဒီပြစ်မှုအတွက် အမှန်တရားကို ကွက်ကွက်ကွင်းကွင်း ပေါ်လာအောင် ကျွန်မတို့ မဖြစ်မနေ ရှာထုတ်ရမယ်။ အဲဒါက ကျွန်မတို့ရဲ့ အလုပ်ပဲ"

ယုကာဝါက ခပ်မဆိတ် ထိုင်နေသည်။ ထိုအခိုက် စားပွဲထိုးက ကိုကိုးတစ်ခွက် လာချပေးသည်။ ယုကာဝါသည် ခွက်ကို အသာအယာ ကောက်ကိုင်ပြီး တစ်ငုံ မော့သောက်လိုက်သည်။

"ဟုတ်ပါတယ်။ ကျွန်တော်လည်း သဘောတူတယ်"

"ဆရာ ..."

ယုကာဝါသည် လက်ဆန့်တန်းကာ စားပွဲပေါ်မှ စာရွက်ကို ကောက်ယူလိုက်သည်။

"သိပ္ပံပညာကို လေ့လာတဲ့ လူတိုင်းလိုလိုမှာ အကျင့်တစ်ခု ရှိတယ်။ စိတ်ကူးယဉ်အဖြေ ဆိုရင်တောင်မှ အဲဒီလို အဖြေတစ်ခုအတွက် ရေဆုံးမြေဆုံး လိုက်တတ်ကြတယ်။ ဒါပေမယ့် ခင်ဗျားတို့က သိပ္ပံပညာရှင်တွေ မဟုတ်တော့ အဲဒီလို အဖြေမျိုး ရှိနိုင်၏၊ မရှိနိုင်၏ ဆိုတဲ့ ကိစ္စအပေါ် ခင်ဗျားတို့ရဲ့ တန်ဖိုးရှိတဲ့ အချိန်တွေကို အလေလွင့် မခံချင်ကြဘူး"

သူသည် စက္ကူကို ပြန်ခေါက်ပြီး အိတ်ကပ်ထဲသို့ ပြန်ထည့်လိုက်သည်။ ထို့နောက် ပြုံးလျက်

"ဒီကိစ္စကို မေ့ပစ်လိုက်ပါတော့ဗျာ"

"ဆရာ၊ ကျေးဇူးပြုပြီး အဆိပ်ခတ်တဲ့ နည်းလမ်းကို ပြောပြပါလား။ ကျွန်မ နားထောင်ပြီးမှ လုပ်သင့်၊ မလုပ်သင့် ဆုံးဖြတ်ပါရစေ။ အချိန်ကုန်ခံဖို့ ထိုက်တန်တယ်လို့ ကျွန်မ ယူဆရင် စောစောက အချက်တွေကို ကျွန်မ စုံစမ်းပေးပါ့မယ်"

"မဖြစ်ဘူး"

"ဘာဖြစ်လို့လဲ"

"အဆိပ်ခတ်တဲ့ နည်းလမ်းကို ကြားပြီးတာနဲ့ ခင်ဗျားရဲ့ စိတ်ထဲမှာ ဘက်လိုက်မှုတွေ ခိုကပ်လာနိုင်တယ်။ ဘက်လိုက်ပြီ ဆိုတာနဲ့ စုံစမ်းစစ်ဆေးမှုကို ဓမ္မဓိဋ္ဌာန်ကျကျ လုပ်နိုင်မှာ မဟုတ်တော့ဘူး။ ပြောင်းပြန် စဉ်းစားကြည့်ရင် တကယ်လို့သာ စုံစမ်းစစ်ဆေးဖို့ ဆန္ဒမရှိရင် အဲဒီနည်းလမ်းကိုလည်း သိစရာ

မလိုတော့ဘူး။ ဘာပဲဖြစ်ဖြစ် အခုချိန်မှာ ခင်ဗျားကို ပြောပြလို့ မဖြစ်သေးဘူး”

ယုကာဝါသည် ဘောလ်စာရွက်ကို လှမ်းယူလိုက်သည်။ သို့သော် ဥက္ကျူမိက ဦးအောင် ကောက်ယူလိုက်ပြီး

“ကျွန်မ ရှင်းလိုက်ပါ့မယ်”

“ဘယ်ဖြစ်မလဲဗျ။ ကျွန်တော်က ခင်ဗျားရဲ့ အချိန်ကို အသားလွတ် ဖြုန်းလိုက်သလို ဖြစ်သွားပြီလေ”

ဥက္ကျူမိသည် နောက်လက်တစ်ဖက်ကို သူ့ထံသို့ ဆန့်တန်းလိုက်သည်။

“စောစောက စာရွက်ခေါက်ကလေး ကျွန်မကို ပြန်ပေးပါ။ ကျွန်မ စုံစမ်းလိုက်ပါ့မယ်”

“စိတ်ကူးယဉ်အဖြေနော်”

“ဘာပဲဖြစ်ဖြစ် ဆရာ ဘာကို ရှာချင်နေတာလဲ ဆိုတာကိုတော့ ကျွန်မ သိအောင် လုပ်မှ ဖြစ်မယ်”

ယုကာဝါသည် သက်ပြင်းချလျက် စာရွက်ခေါက်ကို ပြန်ထုတ်လိုက်သည်။

ဥက္ကျူမိသည် စာရွက်ခေါက်ပေါ်မှ စာများကို နောက်တစ်ကြိမ် ပြန်ဖတ်ပြီးနောက် သူ၏ အိတ်ထဲသို့ ထည့်လိုက်သည်။

“တကယ်လို့သာ အဖြေက ဆရာပြောသလို စိတ်ကူးယဉ်အဖြေ ဖြစ်မနေဘူး ဆိုရင် ပဟေဠိကလည်း အလိုလို ဖြေရှင်းပြီးသား ဖြစ်သွားနိုင်တယ် မဟုတ်လား”

ယုကာဝါက တုဏှိဘော လုပ်နေသည်။ လက်ညှိုးထိပ်ဖြင့် မျက်မှန်ကိုင်းကို ပင့်တင်ပြီးနောက် တိုးညှင်းသောအသံဖြင့်

“ဘယ်လို ပြောရမလဲ ...”

“အဲဒီလို မဟုတ်ဘူးလား”

"တကယ်လို့သာ စိတ်ကူးယဉ်အဖြေ မဟုတ်ဘူးဆိုရင်"

သူ၏ မျက်လုံးအိမ်မှ အလင်းရောင်များ တဖျတ်ဖျတ် တောက်ပလာသည်။

"ခင်ဗျားတို့ ရှုံးသွားနိုင်တယ်။ ကျွန်တော်လည်း ဘယ်လိုနည်းနဲ့မှ နိုင်နိုင်စရာ မရှိတော့ဘူး။ တကယ့်ကို ဟာကွက် ထောက်ကွက်မရှိတဲ့ စင်းလုံးချောမှုခင်းတစ်ခုလို့ ပြောရတော့မှာပဲ"

(၂၀)

ဝါကာယာမာ ဟိရောမိသည် နံရံတွင် ချိတ်ဆွဲထားသော စပ်ထည်ပန်းချီကားကို ငေးကြည့်နေသည်။

မီးခိုးရောင်နှင့် အပြာရင့်ရောင် အဝတ်စများကို ခါးပတ်ကြိုးပုံစံ ဖြစ်အောင် ဆက်စပ်တွဲယှက်ထားသည်။ ခါးပတ်ကြိုးမှာ အလွန် ရှည်လျားပြီး ဝင်ကာထွက်ကာ တွန့်ကာခေါက်ကာဖြင့် မြွေလိမ်မြွေကောက်သဏ္ဍာန် ရှုပ်ထွေးပွေလီနေသည်။ အဆုံးတွင်မူ စမှတ်နှင့် ပြန်လည်ပေါင်းစုံသွားသည်။ တစ်နည်းဆိုရလျှင် ၎င်းခါးပတ်ကြိုးမှာ လိမ်ကောက်နေသော ကွင်းတစ်ကွင်းကဲ့သို့ ဖြစ်နေသည်။ ပုံပန်းသဏ္ဍာန်အားဖြင့် တွန့်လိမ်ရှုပ်ပွနေသော်လည်း ခပ်လှမ်းလှမ်းမှ ကြည့်မည်ဆိုလျှင် ရိုးရှင်းသော ဂျီသြမေတြီပုံတစ်ပုံနှင့် ဆင်တူလှပေသည်။ မာရိုဘာ ယိုရှိတာကာသည် ၎င်းပုံကို အရုပ်ဆိုးသော ဒီအန်အေ ဝက်အူရစ်နှင့် တူသည်ဟု ရှုံ့ချစကား ဆိုခဲ့ဖူးသော်လည်း ဟိရောမိကိုယ်နှိုက်က ဤပုံကို အတော်လေးပင် သဘောကျ နှစ်ခြိုက်မိသည်။ အာယနဲသည် ဂင်ဇာတွင် ပြပွဲပြုလုပ်ခဲ့စဉ်က ၎င်းပန်းချီကားချပ်ကို ဝင်ပေါက်ဝ အနီးတွင် ချိတ်ဆွဲထားခဲ့သည်။ ပွဲတက်သော ဧည့်ပရိသတ်များသည် ပြပွဲသို့ ရောက်သည်နှင့် ယင်းပုံကို ပထမဦးဆုံး တွေ့မြင်ရပေလိမ့်မည်။ ထို့ကြောင့် ၎င်းပန်းချီကားမှာ အာယနဲအတွက်မူ သဘောအကျဆုံး၊ ယုံကြည်မှု အပြည့်ဝဆုံးသော ပန်းချီကားတစ်ချပ် ဖြစ်ပေလိမ့်မည်။

၎င်းပန်းချီကား၏ ဒီဇိုင်းနာမှာ အာယနဲဖြစ်ပြီး လက်တွေ့အကောင်အထည် ဖော်ပေးခဲ့သူမှာ ဟိရောမိ ဖြစ်သည်။ အနုပညာလောကရှိ ပညာရှင်များ ထုတ်ဖော်ပြသသော လက်ရာအများစုသည် သူတို့ တပည့်များ၏ လက်များမှ ထွက်လာကြသည်ကသာ များသည်။ ထိုကိစ္စမျိုးမှာ ထူးဆန်းသည့် ကိစ္စမျိုး မဟုတ်ပေ။ စပ်ထည်ပညာရပ်တွင် သာ၍ပင် မထူးဆန်းတော့။ အကယ်၍သာ စပ်ထည်အရွယ်အစား ကြီးမားမည် ဆိုလျှင် ပန်းချီကားတစ်ကား ပြီးမြောက်ရန်အတွက် လပေါင်းများစွာ အချိန်ပေးရသည်။ ထို့ကြောင့် အလုပ်ကို ခွဲဝေလုပ်ကြရသည်။ တစ်ယောက်တည်းက ဒိုင်ခံလုပ်မည် ဆိုလျှင် ပြပွဲတစ်ပွဲ ကျင်းပနိုင်မည့် စပ်ထည်အရေအတွက် ရအောင် အတော်ပင် လုပ်ယူရပေမည်။

တစ်ယောက်တည်းနှင့် ပြီးမြောက်အောင် မည်သို့မျှ လုပ်နိုင်လိမ့်မည် မဟုတ်ပေ။

သို့သော် အာယနဲသည် သူ့လက်ရာများကို သူကိုယ်တိုင် လုပ်လိုက်ရမှ ကျေနပ်သော သူမျိုးဖြစ်သည်။ ထို့ကြောင့် ထိုစဉ်က ပြပွဲတွင် ပြသခဲ့သော လက်ရာအားလုံး၏ ၈၀% ကျော်ကို အာယနဲကိုယ်တိုင် လက်တွေ့ ချုပ်လုပ်ခဲ့သည်။ သို့ရာတွင် အာယနဲသည် ဟိရောမိ၏ အားထုတ်မှုဖြစ်သော ယင်းပန်းချီကားကို အပေါက်ဝတွင် ချိတ်ဆွဲရန် ဆုံးဖြတ်ခဲ့လေသည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် မိမိလက်ရာအပေါ် ဆရာသမား၏ အသိအမှတ်ပြုမှုကို အပြည့်အဝ ရရှိခဲ့သောကြောင့် ဟိရောမိ၏ ရင်ထဲတွင် ဖရဏာပီတိ ဂွမ်းဆီထိသကဲ့သို့ ဝမ်းမြောက်ကြည်နူးခဲ့ရသည်။

အာယနဲနှင့် တစ်သက်တာပတ်လုံး လက်တွဲ၍ အလုပ်လုပ်ကိုင်ခွင့် ရလျှင် ကောင်းလေစွဟု ထိုစဉ်က သူ မျှော်လင့်တောင့်တခဲ့မိသည်။

"ဂွက်" ဟူသော အသံတစ်သံ မြည်ဟီးစွာ ထွက်ပေါ်လာသည်။ အာယနဲသည် မတ်ခွက်ကို စားပွဲပေါ်သို့ ချလိုက်သည်။ ထိုအခိုက်တွင် သူတို့နှစ်ဦးသည် အန်နဲဂေဟာထဲ၌ မျက်နှာချင်းဆိုင်လျက် ထိုင်နေကြသည်။ ပုံမှန်အားဖြင့်ဆိုလျှင် ထိုအချိန်၌ သင်တန်းများ ဖွင့်လှစ်ထားပေမည်။ သင်တန်းသားများသည် အဝတ်အပိုင်းအစများကို ညှပ်သူက ညှပ်၊ ချုပ်သူက ချုပ်နှင့် အလုပ်ရှုပ်နေကြမည် ဖြစ်သည်။ သို့သော် ထိုအခိုက်တွင် အခန်းထဲ၌ သူတို့နှစ်ဦးသာ ရှိနေကြသည်။ ဤသို့သော ဆိတ်ငြိမ်မှုမျိုးတွင် ဟိရောမိက မိုင်းဖုံးတစ်လုံး ခွဲချပစ်လိုက်သည်။

အာယနဲသည် လက်နှစ်ဖက်ဖြင့် မတ်ခွက်ကို ဆုတ်ကိုင်လျက် စကားဆိုလေသည်။

"ဟိရောမိ၊ နင်က ဆုံးဖြတ်ပြီးပြီ ဆိုတော့လည်း ဘာတတ်နိုင်တော့မှာလဲ"

"အခုလို တဖွတ်ထိုး လုပ်မိတဲ့အတွက် ကျွန်မ တောင်းပန်ပါတယ်"

ဟိရောမိက ဦးညွှတ်လျက် တောင်းပန်နေသည်။

"တောင်းပန်စရာ မလိုပါဘူး။ နောက်နောင်မှာ အခက်အခဲတွေ ဖြစ်လာတော့မယ်ဆိုတာ ငါလည်း ကြိုတွေးထားပြီးသားပါ။ အခုလို ဖြစ်သွားတာကပဲ နှစ်ယောက်လုံးအတွက် အကောင်းဆုံး ဖြစ်နေမလား မပြောတတ်ဘူး"

"ကျွန်မရဲ့ အပြစ်တွေချည်းပါပဲ။ ကျွန်မ ဘာပြောရမှန်းတောင် မသိတော့ဘူး"

"တော်လောက်ပါပြီ။ နင် တောင်းပန်နေတာကို ငါ ထပ်မမြင်ချင်တော့ဘူး"

"ဟုတ်၊ ဆောရီးပါ ..."

ဟိရောမိသည် ခေါင်းငိုက်စိုက်ချလျက် မျက်ရည်များက လျှံကျရန် တာစူနေကြလေသည်။ သို့သော် မျက်ရည်များကို သူ ထိန်းထားလိုက်သည်။ သူ ငိုချလိုက်မိလျှင် အာယနဲအား ပိုမို၍ စိတ်ထိခိုက်သွားစေနိုင်သည်ဟု သူ ယူဆသည်။

ယခုတစ်ကြိမ်တွင် ဟိရောမိသည် အာယနဲထံသို့ ဖုန်းဆက်ခဲ့ခြင်း ဖြစ်သည်။ ပြောစရာ စကားရှိသောကြောင့် တစ်နေရာတွင် တွေ့ဆုံပါရစေဟု တောင်းဆိုခဲ့သည်။ အာယနဲသည် ထိုစဉ်က သူ့ကို အကြောင်းအရင်း မေးမနေတော့ဘဲ အန်နဲဂေဟာတွင် လာတွေ့ရန် ချိန်းဆိုလိုက်သည်။ အာယနဲက သူ့ကို အန်နဲဂေဟာတွင် လာတွေ့ရန် ချိန်းဆိုခဲ့ခြင်းသည် သူ ပြောမည့် စကားကို အာယနဲက ကြိုတင်ရိပ်စားမိနေသောကြောင့်သာ ဖြစ်ရမည်ဟု ဟိရောမိ တွေးကြည့်သည်။

လက်ဖက်ရည်ခွက် ချပြီးသည်နှင့် ဟိရောမိက လာရင်းကိစ္စကို ဖွင့်ပြောလိုက်လေသည်။ သင်တန်းကျောင်း၏ နည်းပြအဖြစ်မှ နှုတ်ထွက်တော့မည် ဖြစ်ကြောင်း။ တစ်နည်းဆိုရလျှင် အာယနဲ၏ လက်ထောက်အဖြစ်မှ နှုတ်ထွက်တော့မည် ဖြစ်ကြောင်း။

"ဒါပေမယ့် ဟိရောမိရယ်၊ နင် အဆင်ပြေရဲ့လား"

အာယနဲက မေးသည်။ ဟိရောမိ ခေါင်းမော့လာသည်ကို မြင်ရသည့်အခါတွင် သူက ဆက်၍ ရှင်းပြသည်။

"ငါ ပြောချင်တာက နင် နောက်ပိုင်းကျရင် ဘယ်လို လုပ်မလဲ။ နင့်ရဲ့ နေ့စဉ်အသုံးစရိတ်တွေကို ဘယ်လို ဖြေရှင်းမလဲ။ အလုပ်က ရှာရတာ လွယ်တာ မဟုတ်ဘူးလေ။ ဒါမှမဟုတ် နင့်အိမ်က နင့်ကို ထောက်ပံ့ပေးထားနိုင်လို့လား"

"ကျွန်မ ဘာကိုမှ မစဉ်းစား မဆုံးဖြတ်ရသေးပါဘူး။ မိသားစုကို ဒုက္ခမပေးချင်ဘူး ဆိုပေမယ့်လည်း သူတို့ကို အပူမကပ်လို့လည်း မရဘူး ထင်ပါတယ်။ ဒါပေမယ့် ကျွန်မမှာလည်း ဘဏ်စုငွေနည်းနည်းတော့ ရှိပါသေးတယ်။

အချိန်ကာလတစ်ခုထိတော့ တောင့်ခံနိုင်မှာပါ”

“နင့်စကားက အတော်ကို စိတ်ပူချင်စရာပဲ။ နင့်ပုံစံနဲ့ ဘယ်လောက် တောင့်ခံနိုင်မှာလဲ”

အာယနဲသည် သူ၏ နားသယ်စပ်မှ ဆံပင်များကို နားရွက်ပေါ်သို့ အဆက်မပြတ် သပ်တင်နေသည်။ ၎င်းမှာ စိတ်ရှုပ်ထွေးလာလျှင် လုပ်နေတတ်သည့် သူ၏ အမူအကျင့်ပင် ဖြစ်သည်။

“ငါပဲ နေရာတကာ ဝင်ပါသလို ဖြစ်နေပြီလား မသိဘူး”

“ကျွန်မအစား စိတ်ပူပန်ပေးတဲ့အတွက် ဆရာမကို ကျေးဇူးတင်ပါတယ်။ ကျွန်မက ဆရာမအပေါ် မကောင်းခဲ့တာတောင်မှ ...”

“တော် ... တော် ... အဲဒီလို သူစိမ်းဆန်တဲ့ စကားတွေ ထပ်မပြောနဲ့တော့”

အာယနဲ၏ တင်းမာသော လေသံကြောင့် ဟိရောမိ ကိုယ်မှာ အလိုလို တောင့်တင်းသွားလေသည်။ သူက နောက်တစ်ကြိမ် ခေါင်းကို ငိုက်စိုက်ချထားလိုက်မိသည်။

အာယနဲက တိုးညှင်းသော လေသံဖြင့်

“ဆောရီးပဲ။ ငါ့လေသံက နည်းနည်း မာသွားတယ်။ ဒါပေမယ့် ဟိရောမိ၊ ငါ့ကို သူစိမ်းမဆန်ချင်စမ်းပါနဲ့။ ဒီနောက်ပိုင်းမှာ နင်နဲ့ အလုပ် အတူတူ တွဲလုပ်ခွင့် ရမှာ မဟုတ်တော့ဘူး ဆိုပေမယ့် နင် စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ ဖြစ်နေတာကိုပဲ ငါ မြင်ချင်တယ်။ အဲဒါ ငါ့ရဲ့ စိတ်ရင်းအမှန်ပဲ”

ဟိရောမိ၏ ရင်ထဲတွင် လှိုက်ကနဲ ခံစားလိုက်ရသည်။ တစ်စုံတစ်ခု ပြောလိုက်ချင်သောကြောင့် ဦးခေါင်းကို တုန်တုန်ယင်ယင် ဆွဲထူလိုက်သည်။ အာယနဲက ပြုံးချိုသော မျက်နှာထားဖြင့် သူ့ကို စိုက်ကြည့်နေလေသည်။ သူ၏ အပြုံးထဲတွင် အထီးကျန်မှု၏ အရိပ်အငွေ့များ ယှက်သမ်းနေသည်။ ဟန်ဆောင်ပန်ဆောင် လုပ်ပြနေခြင်းတော့ ဟုတ်ဟန် မတူ။ ဟိရောမိသည် “ဆရာမ” ဟု နှုတ်ခမ်းလှုပ်ရုံ ရေရွတ်လိုက်မိသည်။

“နောက်ပြီး ငါတို့ကို နာကျင်အောင် လုပ်ခဲ့တဲ့ လူကလည်း ဒီလောကမှာ

မရှိတော့ဘူး မဟုတ်လား။ ဒီတော့ ငါတို့ အတိတ်ကို နောက်ကြောင်းပြန်မနေပါနဲ့တော့။ ဟုတ်ပြီလား”

အာယနဲ၏ နူးညံ့ပျော့ပျောင်းသော အသံကို ကြားသည့်အခါတွင် ဟိရောမိသည် ခေါင်းညိတ်ရုံမျှတစ်ပါး ဘာမျှ မတတ်နိုင်။ သူ့စိတ်ထဲတွင်မူ ထိုစကားကို သံသယဝင်နေဆဲ။ သူနှင့် မာရိုဘ ယိုရှီတာကာအကြားရှိ ချစ်ခြင်းမေတ္တာ၊ ချစ်သူကို စွန့်လွှတ်လိုက်ရသည့် ကြေကွဲဝမ်းနည်းမှု၊ အာယနဲအပေါ် သစ္စာဖောက်ခဲ့မိသည့်အတွက် ရရှိသော နောင်တတရား၊ ထို အမျိုးမျိုးသော စိတ်ခံစားမှုများသည် သူ၏ ရင်တွင်း၌ ကျောက်ထက်အက္ခရာကဲ့သို့ နက်နက်ရှိုင်းရှိုင်း စွဲထင်ကျန်ရစ်နေကြသည်။

“ဟိရောမိ၊ နင် ငါ့ဆီမှာ လာလုပ်နေတာ ဘယ်နှနှစ် ရှိပြီလဲ”

အာယနဲက ဝမ်းမြောက်ကြည်နူးသော အသံဖြင့် မေးလိုက်သည်။

“သုံးနှစ်ကျော်ပြီ”

“ဟုတ်လား။ သုံးနှစ်တောင် ရှိသွားပြီလား။ ကျောင်းတက်နေတာ ဆိုရင်တော့ အခုလောက်ဆို ဘွဲ့ရလောက်ရောပေါ့။ ဒါဆို ဟိရောမိရေ၊ ဒီမှာလည်း နင်က ဘွဲ့ယူလို့ ကျောင်းက ခွာတော့မယ်လို့ပဲ သဘောထားရတော့မှာပဲ”

ဟိရောမိက ခေါင်းမခါမိစေရန် ကြိတ်မှိတ် မျိုသိပ်ထားရသည်။ ဤသို့သော ရွှေမှုန်ကြဲသည့် စကားများဖြင့် သူ့ကို လှုပ်ခတ်သွားအောင် လုပ်နိုင်တော့မည် မဟုတ်ဟု သူ တွေးနေမိသည်။

“ဟိရောမိ၊ နင့်ဆီမှာ ဒီအခန်းသော့ ရှိသေးတယ် မဟုတ်လား”

“အဲ ဟုတ်တယ်။ ဆရာမကို အခုပဲ ပြန်ပေးပါ့မယ်”

ဟိရောမိသည် လက်ဆန့်ကာ နံဘေးမှ လက်ကိုင်အိတ်ကို လှမ်းယူလိုက်သည်။

“ကိစ္စမရှိပါဘူး။ နင် ယူထားလိုက်ဦး”

“ဒါပေမယ့် ...”

"ဒီအခန်းမှာ နင့်ပစ္စည်းတွေ အများကြီး ရှိနေသေးတာပဲ ဥစ္စာ။ ပစ္စည်းတွေ ထုပ်ပိုးသိမ်းဆည်းဖို့က အချိန်ပေးရဦးမှာလေ။ တကယ်လို့ နင် လိုချင်တာ ရှိရင်လည်း ငါ့ကို အားမနာပါနဲ့။ လိုချင်တာသာ ယူသွားလိုက်။ နင် ဒီပန်းချီကားကိုလည်း လိုချင်နေတာ မဟုတ်လား"

အာယနဲသည် ပြောပြီး မဆွက ဟိရောမိ ငေးကြည့်နေခဲ့သော စပ်ထည်ပန်းချီကားပေါ်သို့ သူ၏ အကြည့်ကို ရွှေ့ပြောင်းလိုက်သည်။

"အဲဒါ ... အဆင်ပြေပါ့မလား"

"ပြေတာပေါ့။ အဲဒါ နင့်လက်နဲ့ ချုပ်ထားတဲ့ ပစ္စည်းပဲဟာ။ အဲဒီပန်းချီကားက ပြပွဲမှာတုန်းကလည်း လူကြိုက်များခဲ့တာ။ ငါက နင့်ကို လက်ဆောင်ပေးမယ်လို့ စိတ်ကူးထားလို့သာ လုံးဝ ရောင်းမထုတ်ဘဲ တမင် ချန်ထားခဲ့တာလေ"

ထိုစဉ်က အဖြစ်အပျက်များကို ဟိရောမိ မှတ်မိနေသေးသည်။ ပြပွဲတွင် ပြသထားသော ပစ္စည်းများ အားလုံးလိုလိုတွင် ဈေးနှုန်းတံဆိပ်များ ကပ်ထားခဲ့သော်လည်း ဤပန်းချီကားကိုမူ ရောင်းရန်မဟုတ်သော ပစ္စည်းအဖြစ် သတ်မှတ်ထားခဲ့သည်။

"ပစ္စည်းတွေ သိမ်းဆည်းတာ ဘယ်လောက်ကြာမယ် ထင်လဲ" အာယနဲက မေးသည်။

"ဒီနေ့နဲ့ မနက်ဖြန် နှစ်ရက်လောက်ပါပဲ"

"အဲဒီလိုလား။ ဒါဆို နင် ပစ္စည်းတွေ သိမ်းပြီးသွားရင် ငါ့ဆီ ဖုန်းဆက်ခဲ့လိုက်လေ။ အခန်းသော့ကိုတော့ ... အပေါက်ဝက စာထည့်ပုံးထဲကိုပဲ ထည့်ခဲ့လိုက်တော့။ ပစ္စည်းတွေ မကျန်ခဲ့စေနဲ့နော်။ နင် သိမ်းလို့ ပြီးသွားတာနဲ့ ငါလည်း လူခေါ်ပြီး ဒီအခန်းကို ပြန်ပြင်ခိုင်းမလို့"

ဟိရောမိသည် နားမရှင်းသည့်ပုံဖြင့် မျက်တောင်ကို ပေကလပ် ပေကလပ် လုပ်နေသဖြင့် အာယနဲက သူ့ကို ပြုံးပြလိုက်သည်။

"ငါလည်း ဟော်တယ်မှာချည်း နေနေလို့ မဖြစ်ဘူးလေ။ ပထမအချက်က အဆင်မပြေဘူး။ ဒုတိယအချက်က စရိတ်ထောင်းတယ်။ ဒါကြောင့် အိမ်အသစ် ရှာမတွေ့ခင် အတောအတွင်းမှာ ဒီကို အရင် ပြောင်းနေမလို့"

"ဆရာမက အိမ်ပြန်နေဖို့ စိတ်ကူး မရှိသေးဘူးလား"

အာယနဲသည် လေပူကို မှုတ်ထုတ်ကာ ပခုံးနှစ်ဖက်ကို အောက်ချလျက် စကားဆိုသည်။

"အိမ်ပြန်နေဖို့ စဉ်းစားကြည့်သေးတယ်။ ဒါပေမယ့် မဖြစ်ပါဘူး။ အရင်တုန်းက ပျော်ရွှင်ခဲ့ရတဲ့ အမှတ်တရတွေ အားလုံးက အခုဆိုရင် နာကျင်စရာတွေအဖြစ် ပြောင်းကုန်ကြပြီ။ နောက်ထပ် ပိုပြီး အရေးကြီးတာက အဲဒီအိမ်က ငါတစ်ယောက်တည်းအတွက်တော့ ကြီးလွန်းနေတယ်။ တစ်ခါတလေကျ တွေးကြည့်မိတယ်။ ဒီလောက်ကြီးတဲ့ အိမ်ကြီးထဲမှာ သူတစ်ယောက်တည်း ဘယ်လိုများ နေခဲ့ပါလိမ့်လို့"

"ဆရာမက အဲဒီအိမ်ကို ရောင်းပစ်မလို့လား"

"လူသတ်မှု ဖြစ်ထားတဲ့အိမ်ကို ဝယ်ချင်တဲ့သူရော ရှိပါဦးမလား မပြောတတ်ဘူး။ အဲဒီကိစ္စကို မစ္စတာအီကာအိနဲ့ တိုင်ပင်ကြည့်ရဦးမယ်။ သူ့မှာ နည်းကောင်းလေး ဘာလေး ရှိချင် ရှိမှာပေါ့"

ဟိရောမိသည် ဘာပြန်ပြောရမည်မှန်း မသိသောကြောင့် စားပွဲပေါ်မှ မတ်ခွက်ကိုသာ မမိုတ်မသုန် စိုက်ကြည့်နေမိသည်။ အာယနဲ ထည့်ထားခဲ့သော လက်ဖက်ရည်သည် ယခုလောက်ဆိုလျှင် အေးစက်နေတော့မည်။

"ဒါဆို ငါ ပြန်နှင့်တော့မယ်"

အာယနဲသည် မတ်ခွက်အလွတ်ကို ကောက်ကိုင်ပြီး မတ်တတ်ထရပ်လိုက်သည်။

"ဒီမှာ ထားခဲ့လိုက်ပါ။ ကျွန်မ ဆေးလိုက်ပါ့မယ်"

"ဪ အေး၊ ကျေးဇူးပဲ"

အာယနဲသည် မတ်ခွက်ကို စားပွဲပေါ် ပြန်ချပြီး ၎င်းကို စိုက်ကြည့်လျက်

"ဒီခွက်တွေက နင် ယူလာတဲ့ ခွက်တွေ မဟုတ်လား။ သူငယ်ချင်းမင်္ဂလာဆောင်ကနေ လက်ဆောင်ရလာခဲ့တယ် ဆိုလား"

“ဟုတ်။ အဲဒီတုန်းက ကျွန်မကို ခွက်တစ်စုံ ပေးတာ”

ယခင်ကဆိုလျှင် ယင်းမတ်ခွက်နှစ်ခွက်ကို စားပွဲပေါ်တွင် တွေ့မြင်နေရမြဲဖြစ်သည်။ သူတို့နှစ်ဦး အလုပ်အကိုင်ကိစ္စ ဆွေးနွေးကြတိုင်း ၎င်းတို့ကို အသုံးပြုလေ့ရှိသည်။

“ဒါဆိုလည်း နင် အဲဒါတွေကိုပါ ယူသွားလိုက်တော့လေ”

ဟိရောမိက “ဟုတ်” ဟု တိုးတိုးသာသာ ပြန်ဖြေလိုက်သည်။ စင်စစ် သူသည် ဤခွက်များကို သယ်ဆောင်သွားရန် စိတ်ကူးမရှိပေ။ ဤခွက်များ၏ တည်ရှိနေမှုသည် အာယနဲအပေါ် တစ်စုံတစ်ရာ စိတ်အနှောင့်အယှက်ဖြစ်သွားစေနိုင်သည်ဟု တွေးလိုက်မိသည့် အခါတိုင်း သူ့ရင်ထဲ ပိုမိုလေးပင်သွားရသည်။

အာယနဲသည် အိတ်ကို ပခုံးတွင် လွယ်လျက် အပေါက်ဝဆီသို့ လျှောက်သွားလေသည်။ ဟိရောမိက အနောက်မှ ကပ်လိုက်သွားသည်။ ဖိနပ်စီးပြီးသည်နှင့် အာယနဲသည် ဟိရောမိဘက်သို့ လှည့်ကာ

“ခံစားချက်က တစ်မျိုးကြီးပဲ။ ဒီစာသင်ခန်းကို စွန့်ခွာဖို့ အလုပ်ထွက်သွားတဲ့သူက နင် ဖြစ်နေပါလျက်နဲ့ ဒီအခန်းထဲကနေ အရင်ဆုံး ထွက်သွားရတဲ့သူက ငါ ဖြစ်နေတယ်”

“ကျွန်မ အမြန်ဆုံး သိမ်းဆည်းလိုက်ပါ့မယ်။ ဒီနေ့တစ်ရက်တည်းနဲ့တောင် ပြီးချင် ပြီးနိုင်ပါတယ်”

“အဲဒီလောက် လောနေဖို့ မလိုပါဘူး။ ငါက အဲဒီလိုသဘောမျိုး ပြောတာ မဟုတ်ဘူး”

အာယနဲသည် ဟိရောမိကို စိုက်ကြည့်ပြီး

“အစစအရာရာ ဂရုစိုက်နော်”

“ဆရာမလည်း ကျန်းမာရေး ဂရုစိုက်ပါဦး”

အာယနဲက ခေါင်းညိတ်ပြီး တံခါးကို ဆွဲဖွင့်လိုက်သည်။ အခန်းအပြင်သို့

ရောက်သောအခါ သူသည် ဟိရောမိကို ပြုံးပြပြီး တံခါးကို ပြန်ပိတ်လိုက်သည်။

ဟိရောမိသည် ထိုနေရာမှာပင် ငုတ်တုတ်ထိုင်ချလိုက်ပြီး လေကို အဆုတ်အတွင်းသို့ အားရပါးရ ရှူသွင်းလိုက်သည်။ ဤအလုပ်ကို ထွက်ဖို့ ဆုံးဖြတ်ရသည်မှာ သူ့အတွက် လွယ်လှသည် မဟုတ်။ ငွေ ရပေါက်ရလမ်းများ လုံးဝ ဆုံးရှုံးသွားသည်။ သို့သော် သူ့တွင် တခြား ရွေးချယ်စရာ လမ်းမရှိပေ။ သူနှင့် ယိုရှီတာကာတို့၏ ဇာတ်လမ်းကို အာယနဲ့အား အမှန်အတိုင်း ဝန်ခံပြီးသည့်နောက်တွင် ယခင်ကကဲ့သို့ ဆက်လက် နေထိုင်သွားနိုင်မည်ဟု မျှော်လင့်နေခြင်းသည် လွန်စွာ ရူးမိုက်သော စိတ်ကူးသာ ဖြစ်သည်။ သူ့ကို အလုပ်ဖြုတ်ပစ်ရန် အာယနဲ့ကိုယ်နှိုက်က ပြောဆိုခဲ့ခြင်း မရှိသော်လည်း ၎င်းလုပ်ရပ်မှာ အာယနဲ့က သူ့ကို ခွင့်လွှတ်ပါသည်ဟု ဆိုလိုရာ မရောက်ကြောင်း ဟိရောမိ ကောင်းကောင်း သိသည်။

ထို့အပြင် … … ဟိရောမိသည် လက်တစ်ဖက်ကို ဝမ်းဗိုက်ပေါ်သို့ တင်လိုက်သည်။

ဝမ်းဗိုက်ထဲတွင် ကလေးတစ်ယောက်ကို လွယ်ထားရသည်။ ယင်းကလေးကိစ္စနှင့် ပတ်သက်၍ မည်သို့ စီစဉ်ထားသနည်းဟု အာယနဲ့က မေးလာခဲ့ပါလျှင် … ။ ထိုသို့ မေးလာမည်ကို သူ စက္ကန့်မလပ် စိတ်ပူနေခဲ့ရသည်။ အဘယ်ကြောင့်ဆိုသော် သူ ကိုယ်တိုင်ပင် ဆုံးဖြတ်၍ မရနိုင်သေးသောကြောင့်ပင်။

အာယနဲ့သည် ကလေးကိစ္စကို အဘယ်ကြောင့် စကား မဟခဲ့သနည်း။ ဟိရောမိက ယင်းကလေးကို ဖျက်ချပစ်လိမ့်မည်ဟု အပိုင် တွက်ထားသောကြောင့်ပေလော။ ရင်တွင်းမှ ဤကလေးငယ်ကို ခလုတ်မထိ ဆူးမငြိအောင် ဟိရောမိက မွေးမြူထားလိမ့်မည်ဟု အာယနဲ့သည် တွေးပင် တွေးကြည့်ဖူးလိမ့်မည် မထင်။

သို့တစေ ဟိရောမိမှာ ချီတုံချတုံ ဖြစ်မြဲ ဖြစ်နေဆဲ။ မဟုတ်သေး။ အကယ်၍သာ သူ့ရင်၏ အနက်ရှိုင်းဆုံး တစ်နေရာကို စစ်ဆေးလေ့လာကြည့်မည် ဆိုလျှင် အဖြေတစ်မျိုးတည်းကိုသာ ရှာတွေ့နိုင်ပေလိမ့်မည်။ ၎င်းမှာ ကလေးကို မွေးထုတ်မည် ဟူ၍။ သူ ကိုယ်တိုင်လည်း ဤအချက်ကို သတိထားမိနေသည်။

သို့သော် ကလေးကို မွေးထုတ်မည်ဟု ဆုံးဖြတ်ထားသည် ဆိုစေဦးတော့။ ဤကလေးကို မည်သို့သော အနာဂတ်ဘဝခရီးက စောင့်မျှော်နေမည်နည်း။ သူ၏ မိဘများထံသို့ ကလေးကို ပို့ထားမည် မဟုတ်ကြောင်း သူ ဆုံးဖြတ်ထားပြီး ဖြစ်သည်။

မိဘနှစ်ပါးမှာ ကျန်းကျန်းမာမာနှင့် သန်မာဖျတ်လတ်နေဆဲ ဖြစ်သော်လည်း သူတို့၏ဘဝကလည်း ချောင်လည်လှသည်တော့ မဟုတ်။ ထို့အပြင် ထိုလူကြီးများသည် လူ့ဘောင်လူ့စည်းကမ်းကို အသက်တမျှ ထိန်းသိမ်းစောင့်ရှောက်တတ်ကြသော ရှေးလူကြီးများ ဖြစ်သည့် အားလျော်စွာ သမီးဖြစ်သူက စနိုက်ကြော်မ ဖြစ်နေသည့်အပြင် ပိုင်ရှင်မဖော်ဝံ့သော ကလေးတစ်ယောက်ကို လွယ်ထားရသည်ဟု သိရသည့်အခါတွင် ယမ်းပုံမီးကျ ထိန်းမနိုင် သိမ်းမရအောင် ဒေါပွကြပေတော့မည်။

ကလေးကို ဖျက်ချလိုက်ခြင်းသည်ကသာ အကောင်းဆုံး ဖြစ်မည်လော။ ဤမေးခွန်းကို စဉ်းစားမိသည့် အခါတိုင်း ဟိရောမိတွင် တူညီသော အဖြေတစ်ခုတည်းကိုသာ ရရှိခဲ့သည်။ ထိုအဖြေကို ပယ်ရှားနိုင်ရန်အတွက် သူသည် ရှောင်တိမ်းနိုင်မည့် နည်းလမ်းကိုသာ ဦးနှောက်ပွင့်ထွက်လုမတတ် ဖွေရှာခဲ့မိသည်။ ယိုရှိတာကာ ဆုံးပါးသွားသည့် အချိန်မှ စ၍ သူသည် ဤသို့သော ယောင်တိယောင်ဝါး ဘဝထဲ၌ ရှင်သန်နေရလေသည်။

သူ၏ မိုက်မဲသော အတွေးစများကို ခေါင်းယမ်း၍ ခါထုတ်နေစဉ်မှာပင် လက်ကိုင်ဖုန်းမှ ဖုန်းသံမြည်လာသည်။ သူသည် မတ်တတ်ထကာ စားပွဲရှိရာသို့ ပြန်လျှောက်လာသည်။ ထိုင်ခုံပေါ်ရှိ လက်ကိုင်အိတ်ထဲမှ ဖုန်းကို ဆွဲထုတ်လိုက်သည်။ ဖုန်းမျက်နှာပြင်တွင် ပေါ်နေသော နံပါတ်ကို သူ မှတ်မိနေသည်။ မကိုင်ဘဲ ပစ်ထားလိုက်ရန် စိတ်ကူးပြီးကာမှ ဖုန်းလက်ခံခလုတ်ကို နှိပ်ချလိုက်လေသည်။ တစ်ဖက်မှ ဖုန်းခေါ်သူသည် လွယ်လွယ်နှင့် လက်လျှော့တတ်သည့် လူစားမျိုးမဟုတ်။ ဖုန်းမကိုင်ဘဲ ပစ်ထားရုံဖြင့် သူ့ကို အနှောင့်အယှက် မပေးတော့ဘဲ ချမ်းသာခွင့် ပေးမည့်သူမျိုး မဟုတ်သောကြောင့် ဖြစ်သည်။

သူက "ဟယ်လို" ဟု ထူးလိုက်သည့်အခါ အသံမှာ ရည်ရွယ်မထားဘဲ နက်ရှိုင်းတိမ်ဝင်နေသည်။

"ဟယ်လို၊ ကျွန်မ ဥကျူမိပါ။ အခု စကားပြောလို့ အဆင်ပြေလား မသိဘူး"

"ပြောလို့ ရပါတယ်"

"အားတော့ နာပါတယ်ရှင်။ ကျွန်မ ရှင့်ကို မေးခွန်းနည်းနည်း မေးချင်လို့ပါ။ တစ်နေရာရာမှာ လူချင်းဆုံပြီး စကားပြောလို့ ရမလား"

“ဘယ်အချိန်လောက်လဲ”

“မြန်လေကောင်းလေပဲ”

ဟိရောမိသည် ထွက်သက်ကို အားရပါးရ မှုတ်ထုတ်လိုက်သည်။ တစ်ဖက်လူ ကြားချင် ကြားပါစေတော့ ဟူသည့် သဘောမျိုး။

“ဒီလိုလုပ်ပါလား။ ရှင်တို့ ကျွန်မဆီ လာခဲ့ပါလား။ ကျွန်မအခု သင်တန်းကျောင်းမှာ ရှိတယ်”

“ဒိုင်ကန်ယာမမှာလား။ မစ္စစ်မာရှိဘရော အဲဒီမှာ ရှိလားမသိဘူး”

“မရှိဘူး။ သူ ဒီနေ့ ပြန်မလာလောက်တော့ဘူး။ ဒီမှာ ကျွန်မတစ်ယောက်တည်း ရှိနေတာပါ”

“ဟုတ်ကဲ့။ သဘောပေါက်ပါပြီ။ ကျွန်မ အခုပဲ ထွက်လာခဲ့ပါမယ်” ပြောပြီး တစ်ဖက်မှ ဖုန်းချသွားသည်။

ဟိရောမိက တွေးမိသည်။ သင်တန်းကျောင်းမှ အလုပ်ကို ထွက်ပစ်လိုက်ရုံဖြင့် မည်သည့် ပြဿနာမျှ ပြေလည်သွားလိမ့်မည် မဟုတ်ပေ။ အမှုမှန် မပေါ်ပေါက်မချင်း ရဲဘက်သည် သူ့ကို မည်သည့်နည်းနှင့်မျှ အလွတ်ပေးလိမ့်မည် မဟုတ်။ ကလေးကို လူမသိ သူမသိ တိတ်တဆိတ် မွေးမြူရန် ရည်ရွယ်ထားသော မူလစိတ်ကူးသည် တကယ်တော့ ဖြစ်နိုင်ဖို့ မလွယ်လှချေ။

သူသည် မတ်ခွက်ထဲမှ လက်ကျန် လက်ဖက်ရည်ကို မော့ချလိုက်သည်။ ထင်ထားသည့်အတိုင်း လက်ဖက်ရည်မှာ အေးစက်နေလေပြီ။

ဤနေရာတွင် အလုပ်လုပ်ခဲ့စဉ် သုံးနှစ်တာ ကာလအတွင်းမှ အဖြစ်အပျက်များသည် သူ၏ ဦးနှောက်ထဲတွင် အသေးအမွှားကအစ အကုန်လုံး ပြန်လည် ထင်ပေါ်လာကြသည်။ မူလက အပျင်းပြေရုံ အပျော်သက်သက်ဟု သဘောထား၍ သင်ယူခဲ့သော စပ်ထည်ပညာသည် သုံးလဟူသည့် ကာလတိုလေးအတွင်းတွင် သူကိုယ်တိုင် အံ့အားသင့်ရလောက်အောင် တိုးတက်အောင်မြင်လာခဲ့သည်။ အာယနဲက သူ့အား လက်ထောက်အဖြစ် ဆောင်ရွက်ပေးရန် ကမ်းလှမ်းလာသည့် အခါတွင်မူ သူသည် တစ်ချက်ကလေးမျှ တုံ့ဆိုင်းတွေဝေခြင်းမရှိဘဲ ချက်ချင်း သဘောတူခဲ့သည်။ သူသည်

ကုမ္ပဏီဝန်ထမ်းဘဝကို အစောကြီးကတည်းက ငြီးငွေ့နေခဲ့သည်။ အဓိပ္ပာယ်ကင်းမဲ့သော အလုပ်များကို စက်ရုပ်တစ်ရုပ်ကဲ့သို့ နိစ္စဓူဝ လုပ်နေရခြင်းအပေါ် စိတ်ပျက်နေခဲ့သည်။

ဟိရောမိသည် အခန်းထောင့်တစ်နေရာရှိ ကွန်ပျူတာကို ခေါင်းလှည့်ကြည့်လိုက်သည်။ သူနှင့် အာယနဲတို့ အတူတကွ ဒီဇိုင်းဆွဲခဲ့ကြသည့် နေ့ရက်များအတွင်း၌ ကွန်ပျူတာအတွင်းရှိ ပုံဆွဲဆော့ဖ်ဝဲသည် သူတို့ကို များစွာ အကျိုးပြုခဲ့လေသည်။ တစ်ခါတစ်ရံတွင် အရောင်စပ်သည့် အလုပ်တစ်ခုတည်းအတွက်နှင့် ညလုံးပေါက် ထိုင်ခဲ့ရဖူးသည်။ သို့သော် ပင်ပန်းသည်ဟု သူ မမှတ်ထင်ခဲ့။ ဒီဇိုင်းကို အတည်ပြုပြီးသည်နှင့် သူတို့နှစ်ဦးသည် အပြင်ထွက်၍ လိုအပ်သည့် ပိတ်စများကို အတူတကွ ဝယ်ယူခဲ့ကြသည်။ နှစ်ဦးသား ညှိနှိုင်းတိုင်ပင်၍ စိတ်ကြိုက် အရောင်တွဲများကို မူလကတည်းက အတည်ပြုခဲ့ကြပြီး ဖြစ်သော်လည်း အရောင်းဆိုင်ထဲတွင် မြင်တွေ့ရသော ပိတ်စတချို့၏ အရောင်အသွေးများကြောင့် အရောင်စပ်များကို ရုတ်ခြည်း ပြောင်းလဲပစ်လိုက်ရသည်မျိုးလည်း ရှိခဲ့ဖူးသည်။ ထိုသို့သော အဖြစ်မျိုး ကြုံတွေ့ကြရသည့် အခါတိုင်းတွင် နှစ်ယောက်စလုံးသည် တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ မချိမချဉ် ပြုံးမိတတ်ကြသည်။

ဤသို့သော ဘဝမျိုးမှာ ကျေနပ်အားရဖွယ် ကောင်းပေစွ။ သို့ပါသော်လည်း ယခုအခါတွင် အဘယ်သို့သော အကြောင်းကြောင့် သည်ဘဝ သည်အခြေ ရောက်ရှိနေရသနည်း။

ဟိရောမိသည် ခေါင်းကို ခါယမ်းလိုက်သည်။ အကြောင်းအရင်းကို သူ့ထက် ပိုသိသူ ရှိနိုင်ပါဦးမည်လော။ ပြဿနာအားလုံး၏ အဓိက တရားခံသည် သူသာလျှင် ဖြစ်သည်ဟု သူ မှတ်ယူသည်။ သူသည် အခြား အမျိုးသမီးတစ်ဦး၏ လင်ယောကျ်ားကို ခိုးယူပေါင်းသင်းခဲ့သည်။ ထို့အပြင် ထိုအမျိုးသမီးမှာ သူ၏ ကျေးဇူးရှင် ဆရာသမားပင် ဖြစ်နေလိုက်သေးသည်။

သူနှင့် မာရိုဘ ယိုရှိတာကာတို့ ပထမဆုံးအကြိမ် တွေ့ဆုံခဲ့ကြသော အချိန်ကို ဟိရောမိ ကောင်းစွာ မှတ်မိနေသေးသည်။ ထိုစဉ်က သူသည် စာသင်ရန်အတွက် ဤအခန်းထဲတွင် သင်ခန်းစာများကို ပြင်ဆင်နေသည်။ အာယနဲသည် ဟိရောမိထံ ဖုန်းဆက်လာပြီး အမျိုးသားတစ်ယောက် သူ့ကို လာတွေ့မည် ဖြစ်သောကြောင့် ထိုအမျိုးသားကို ကောင်းစွာ ဧည့်ခံပေးထားရန် သူ့အား မှာကြားခဲ့သည်။ ထိုစဉ်က အာယနဲသည် သူတို့နှစ်ယောက်အကြောင်းကို ဟိရောမိအား အတိအလင်း ပြောပြခဲ့ခြင်း မရှိပေ။

များမကြာခင် ထိုအမျိုးသား ရောက်ရှိလာသည်။ ဟိရောမိသည် သူ့ကို ဧည့်ခန်းထဲသို့ ခေါ်ဆောင်လာပြီး ဂျပန်လက်ဖက်ရည်ဖြင့် သူ့ကို တည်ခင်းဧည့်ခံလေသည်။ ထိုသူသည် အခန်းတွင်းရှိ လေးဘက်လေးတန်သို့ စိတ်ဝင်တစား ငေးမောကြည့်ရှုကာ တောင်တောင်ဤဤ လျှောက်မေးနေခဲ့သည်။ သူ၏ ကိုယ်ပေါ်တွင် အရွယ်ရောက်ပြီး ယောကျ်ားတစ်ယောက်၏ တည်ငြိမ်ရင့်ကျက်မှုမျိုးနှင့် ဆယ်ကျော်သက် လူငယ်တစ်ယောက်၏ ဖုံးမနိုင်ဖိမရသော စူးစမ်းချင်စိတ်တို့ ပေါင်းစပ်ရောယှက်နေသည်။ သူနှင့် သုံးလေးခွန်းမျှ စကားပြောကြည့်ရုံမျှဖြင့် သူ့တွင် သာမန်ထက်ပိုလွန်သော အသိဉာဏ်မျိုး ပိုင်ဆိုင်ထားကြောင်း ဟိရောမိ ခံစားသိရှိနိုင်သည်။

အာယနဲ ပြန်ရောက်လာသည့် အခါတွင် သူတို့နှစ်ယောက်ကို မိတ်ဆက်ပေးသည်။ အာယနဲ၏ စကားအရ သူနှင့် ထိုအမျိုးသားသည် ပါတီပွဲတစ်ခုတွင် တွေ့မြင်ရင်းနှီးခဲ့ကြခြင်း ဖြစ်သည်။ ထိုအချက်မှာ ဟိရောမိအတွက် အံ့အားသင့်ဖွယ်ရာ ဖြစ်နေသည်။ အာယနဲနှင့် ထိုပါတီပွဲမျိုးကို သူ မည်သို့မျှ ဆက်စပ်ကြည့်၍ မရပေ။

အတိတ်ကို ပြန်တွေးကြည့်သည်။ ဟိရောမိသည် ထိုစဉ်ကတည်းက ယိုရှီတာကာအပေါ် အကောင်းမြင်စိတ်များ တဖွားဖွား ပေါ်ပေါက်နေခဲ့သည်ဟု ဆိုရမည်။ သူတို့နှစ်ဦးမှာ ချစ်သူရည်းစားများ ဖြစ်ကြောင်း အာယနဲ၏ နှုတ်မှ ကြားလိုက်ရသည့်အခါတွင် သူ့ရင်ထဲ၌ မနာလိုမှုဟု ခေါ်ဆိုနိုင်သည့် ခံစားမှုတစ်မျိုး ပေါက်ဖွားလာခဲ့ဖူးကြောင်း သူ ကောင်းကောင်း မှတ်မိနေသေးသည်။

ရင်တွင်း၌ ချစ်စိတ်ကလေး ပေါက်ဖွားလာခဲ့ပြီ ဆိုသည်နှင့် တစ်ပြိုင်နက် ခံစားချက်များ မည်မျှ အေးစက်မာကြောနေခဲ့ပါသည် ဆိုစေ၊ ထိုချစ်စိတ်ကလေးသည် လွယ်လွယ်နှင့် မည်သို့မျှ ပျောက်ကွယ်သွားနိုင်တော့မည် မဟုတ်ပေ။ အာယနဲနှင့် ယိုရှီတာကာတို့ အိမ်ထောင်ပြုပြီးသည့်နောက်တွင် ဟိရောမိသည် မာရှိဘအိမ်သို့ စတင် ဝင်ထွက်လာခဲ့သည်။ ယိုရှီတာကာနှင့် ပို၍ပင် နီးစပ်လာသည်ဟု ခံစားခဲ့ရသည်။ သူနှင့် နှစ်ယောက်တည်း သီးသန့် နေခွင့်ရသည့် အခွင့်အရေးမှာလည်း များသည်ထက် များလာခဲ့သည်။

သို့သော် ဟိရောမိသည် သူ၏ ခံစားချက်ကို ယိုရှီတာကာအား လှစ်ဟဖော်ပြရန် စိတ်ကူးပင် မရှိခဲ့စဖူး။ ထိုသို့ ပြုလုပ်ခြင်းဖြင့် ယိုရှီတာကာကို ဖိအားပေးရာ ရောက်သွားလိမ့်မည်ဟု သူ နားလည်ထားသည်။ ထို့အပြင် ယိုရှီတာကာနှင့် တစ်မူထူးခြားသည့် ဆက်ဆံရေးတစ်ခု တည်ဆောက်ရန်လည်း သူ့တွင် ဆန္ဒမရှိခဲ့။ မိမိအား ဆွေမျိုးရင်းချာတစ်ယောက်ကဲ့သို့ ဆက်ဆံနေလျှင်ပင်

လုံလောက်ပြီဟု သူ မှတ်ယူခဲ့သည်။

ဟိရောမိသည် သူ၏ စိတ်ခံစားချက်များကို တကူးတက ဖုံးကွယ်မျိုသိပ်ထားခဲ့သော်လည်း ယိုရှီတာကာသည် သူ၏ မရိုးသားသော ချစ်စိတ်များကို ရိပ်စားမိနေခဲ့သောကြောင့် သူ့အပေါ် ထားရှိသော သဘောထားမှာလည်း တဖြည်းဖြည်း ပြောင်းလဲလာခဲ့သည်။ မိမိ၏ နှမငယ်တစ်ယောက်ကဲ့သို့ ကြည့်ရှုနေသည့် နူးညံ့ပျော့ပျောင်းသော မျက်ဝန်းများထဲတွင် ထူးခြားဆန်းကြယ်သည့် အရောင်အဆင်းများ ယှက်ဖွဲ့ရောစပ်လာခဲ့သည်။ ထိုအချက်ကို ဟိရောမိ သတိထားမိလာသည့်အခါတွင် သူ့ရင်ထဲ တထိတ်ထိတ် ခုန်ခဲ့ရသည်မှာလည်း ငြင်းကွယ်၍ မရသော အမှန်တရားတစ်ခုပင်။

လွန်ခဲ့သော သုံးလခန့်၏ ညတစ်ည ဤစာသင်ခန်းထဲ၌ အလုပ်လုပ်နေစဉ် ယိုရှီတာကာထံမှ ဖုန်းဝင်လာသည်။

"အာယနဲက ပြောတယ်။ နင် အခုတလော အမြဲတမ်း ညဉ့်နက်တဲ့အထိ အလုပ်လုပ်နေရတယ်ဆို။ သင်တန်းကျောင်းဘက်က အလုပ်က အတော်လေး ရှုပ်နေတာလား"

တောင်တောင်ဤဤ လျှောက်ပြောပြီးနောက်တွင် ခေါက်ဆွဲအတူစားရန် သူ့ကို ချိန်းဆိုလေတော့သည်။ ယိုရှီတာကာ ကိုယ်နှိုက်ကလည်း ညဉ့်နက်သည်အထိ အချိန်ပို ဆင်းနေရသည်။ ခေါက်ဆွဲဆိုင်တစ်ဆိုင်သို့ သွားရောက် မြည်းစမ်းကြည့်ချင်သည်ဟု ဆိုလေသည်။

ဟိရောမိလည်း ဗိုက်ဆာနေသောကြောင့် ချက်ချင်း သဘောတူလိုက်သည်။ ထို့နောက် ယိုရှီတာကာသည် ကားဖြင့် သူ့ကို လာကြိုလေသည်။ သူနှင့် နှစ်ယောက်တည်း နေနေရသောကြောင့်လောဟု မဆိုနိုင်။ ထိုစဉ်က စားသုံးခဲ့သော ခေါက်ဆွဲသည် ဟိရောမိကို များစွာ ဆွဲဆောင်နိုင်ခြင်း မရှိခဲ့ပေ။ ယိုရှီတာကာ လှုပ်ရှားမှု ပြုလုပ်လိုက်သည့် အကြိမ်တိုင်းတွင် ဟိရောမိ၏ ကိုယ်နှင့် ထိတွေ့တိုက်ခိုက်မိတတ်ကြသည်။ သူ ယနေ့အချိန်ထိ အမှတ်ရနေသည်များမှာ ၎င်းအထိအတွေ့များသာ။

ပြီးနောက် ယိုရှီတာကာသည် သူ့ကို အိမ်သို့ ပြန်ပို့ပေးသည်။ တိုက်ခန်းရှေ့၌ ကားရပ်လိုက်သည့်အခါတွင် သူ့ကို ပြုံးလျက်

“နောက်ကျရင်ရော အခုလို ခေါက်ဆွဲတို့ ဘာတို့ အတူစားခွင့် ရနိုင်ဦးမလား”

“ရပါတယ်။ အချိန်မရွေးပေါ့” ဟိရောမိက ပြန်ဖြေသည်။

“ကျေးဇူးပဲ။ မင်းနဲ့ အတူရှိနေရတာ စိတ်ထဲမှာ အေးချမ်းနေသလိုပဲ”

“ဟုတ်လား”

“ကိုယ့်ရဲ့ ဒီနေရာနဲ့ ဒီနေရာမှာ ဒဏ်ရာတွေ ဗရပွ ဖြစ်နေပြီ”

သူသည် သူ၏ ရင်ဘတ်နှင့် ဦးခေါင်းကို လက်ညှိုးဖြင့် ထောက်ပြပြီး ဟိရောမိကို လေးလေးနက်နက် စိုက်ကြည့်နေသည်။

“မင်းကို ကျေးဇူးတင်တယ်။ ဒီည ကိုယ် အရမ်းပျော်တာပဲ”

“ကျွန်မလည်း အတူတူပါပဲ”

ဟိရောမိ၏ စကား ဆုံးသည်နှင့် ယိုရှီတာကာသည် လက်နှစ်ဖက်ကို ဆန့်တန်းကာ သူ၏ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။ ဟိရောမိသည် တန်ပြန်တွန်းလှန်ခြင်း မပြုတော့ဘဲ သူ၏ ရင်ခွင်ထဲသို့ ရောက်ရှိသွားလေသည်။ ထို့နောက် အနမ်းများ ... ။

နောက်ဆုံးတွင် “ဂွတ်နိုက်” ဟု အပြန်အလှန် နှုတ်ဆက်လိုက်ကြသည်။

ထိုနေ့ညက ဟိရောမိ၏ ရင်မှာ တဆတ်ဆတ် တုန်ခါနေခဲ့သည်။ ညဉ့်နက်သည်အထိ တော်တော်နှင့် အိပ်မပျော်ခဲ့။ သို့သော် အမှားကြီးတစ်ခု ကျူးလွန်ခဲ့သည်ကိုမူ သူ သတိမထားမိခဲ့ပေ။ သူတို့နှစ်ဦးသာ သိသော လျှို့ဝှက်ချက်လေးတစ်ခု ပိုင်ဆိုင်ခဲ့ပြီဟုသာ မှတ်ယူထားခဲ့သည်။

များမကြာလိုက်။ သူ၏ အမှားသည် လုံးဝ ပြုပြင်၍ မရတော့သည့် အမှားတစ်ခု ဖြစ်ကြောင်း ဟိရောမိ သိလာရသည်။ ယိုရှီတာကာ၏ ပုံရိပ်သည် သူ၏ ရင်ထဲတွင် နေ့ညမပြတ် ကြီးထွားရှင်သန်လာခဲ့သည်။ မည်သည့်အလုပ်ကို လုပ်နေသည် ဖြစ်စေ၊ သူ၏ ရုပ်ပုံမှာ ဦးနှောက်ထဲတွင် သံမှိုစွဲသကဲ့သို့ မြဲမြံထင်ရှား တည်ရှိနေလေတော့သည်။

မည်သို့ဆိုစေ၊ အကယ်၍သာ သူတို့နှစ်ဦးသား ပြန်လည်ဆုံတွေ့ခွင့် မရကြလျှင် ၎င်းဝေဒနာသည် အချိန် ကြာလာသည်နှင့်အမျှ လွင့်ပြယ်သွားရမည်သာ ဖြစ်သည်။ သို့သော် ထိုနောက်ပိုင်းတွင်မူ ယိုရှီတာကာသည် ဟိရောမိကို ပိုမို၍ ချိန်းဆိုလာခဲ့လေသည်။ ဟိရောမိသည်လည်း ဖုန်းအလာကို စောင့်ဆိုင်းချင်ရုံသက်သက်ဖြင့် စာသင်ခန်းအတွင်း၌ ထိုင်စောင့်နေသော နေ့ရက်များကလည်း များသည်ထက် များလာခဲ့သည်။

ဟိရောမိ၏ နှလုံးသားသည် ကြိုးပြတ်သွားသော မိုးပျံပူဖောင်းကဲ့သို့ အထိန်းအကွပ်မဲ့စွာ မိုးယံထက်၌ ဝဲပျံနေလေသည်။ ယောက်ျားနှင့်မိန်းမ အကြားရှိ နောက်ဆုံးစည်းတစ်ခုကို ကျော်ခွလိုက်မိသည့် အချိန်ရောက်မှ ဤအခြေအနေသည် မည်မျှ စိုးရိမ်ဖွယ် ကောင်းကြောင်းကို သတိထားလိုက်မိတော့သည်။ သို့သော် ထိုနေ့ညက ယိုရှီတာကာသည် ဟိရောမိ၏ ရင်တွင်းမှ သောကများကို မှုတ်ထုတ်လွင့်ပြယ်စေနိုင်သော စကားတစ်ခွန်းကို ဟိရောမိအား ပြောကြားခဲ့သည်။

များမကြာခင်သော အချိန်အတွင်း၌ သူသည် အာယနဲနှင့် လမ်းခွဲတော့မည် ဟူ၍။

"သူနဲ့ မင်္ဂလာဆောင်ရတဲ့ အဓိက ရည်ရွယ်ချက်က ကလေးလိုချင်လို့ ဆိုတာ ကိုယ် မင်းကို ပြောခဲ့ဖူးပါတယ်။ တစ်နှစ်အတွင်းမှာမှ ကလေးတစ်ယောက် မလွယ်နိုင်ခဲ့ဘူး ဆိုရင် လမ်းခွဲကြဖို့ အစောကြီးကတည်းက သဘောတူခဲ့ကြပြီးသား။ အခုဆို အချိန်က ၃ လပဲ ကျန်တော့တယ်။ သူ ရနိုင်မယ် မထင်တော့ဘူး။ အဲဒါကို ကိုယ် အသိဆုံးပါ"

သူ၏ စကားသံက အေးစက်မာကြောနေသည်။ သို့သော် ထိုစဉ်က ကြားနာခဲ့ရသော ဟိရောမိအတွက်မူ အာမခံချက်တစ်ခုနှယ် ပြည့်ဝခိုင်မာနေသည်။ သူသည် ထိုစဉ်က ကိုယ့်တစ်ဖို့တည်းကိုသာ ကြည့်တတ်သော အတ္တကြီးသူတစ်ယောက် ဖြစ်နေခဲ့ချေပြီတကား။

အတိတ်၏ မှတ်ဉာဏ် အစအနများကို ပြန်ကောက်ကြည့်သည့် အခါတွင် သူတို့နှစ်ဦး အာယနဲကို သစ္စာဖောက်ခဲ့ကြခြင်းသည် လွန်စွာမှ ရက်စက်ရာ ကျခဲ့ကြောင်းကို ဟိရောမိ ကိုယ်ချင်းစာလာမိသည်။ အာယနဲက သူတို့အား မည်မျှပင် မုန်းတီးရွံရှာနေပါစေ၊ သူ့အလွန် မဟုတ်။

မဟုတ်မှ လွဲရော ...

ယိုရှီတာကာကို လုပ်ကြံသတ်ဖြတ်ခဲ့သူမှာ အာယနဲပင် ဖြစ်လေမလား။ မိမိအား ဤမျှ နူးညံ့ပျော့ပျောင်းစွာ ဆက်ဆံနေခြင်းသည် သူ့အား သံသယမျက်လုံးများမှ ကင်းဝေးသွားစေရန်အတွက် လီဆယ်လှည့်ဖြားနေခြင်းပေလော။

သို့သော် သူ့တွင် အလီဘိုင် ရှိနေသည်။ ရဲဘက်မှလည်း သူ့အား စိုးစဉ်းမျှ သံသယ ရှိပုံ မရ။ ထိုအချက်ကို ကြည့်ခြင်းအားဖြင့် အခင်းဖြစ်ပွားသည့်နေ့တွင် သူ မည်သို့မျှ အမှုမလုပ်နိုင် ဟူသည့် အရှိတရားကို မည်သည့်နည်းနှင့်မျှ တွန်းလှန်ချေပ၍ မရကြောင်း သိသာနေသည်။

သို့ရာတွင် အာယနဲမှ လွဲ၍ ဤလောကတွင် ယိုရှီတာကာကို သေစေလိုသော တခြားလူ တစ်ဦးတစ်ယောက် ရှိနိုင်ပါဦးမည်လော။ ဤမေးခွန်းကို စဉ်းစားကြည့်လိုက်သည့် အခါတွင် တခြားသော စိုးရိမ်သောကတစ်မျိုးသည် သူ၏ ရင်ထဲ၌ လှိုက်တက်လာပြန်သည်။ ကလေးကို မွေးဖွားရန် ဆန္ဒပြင်းပြနေခဲ့သော်လည်း မိမိကလေး၏ ဖခင်အကြောင်းကိုမူ သူ များများစားစား သိထားခဲ့ခြင်း မရှိပေ။

အနက်ရောင် အနောက်တိုင်းဝတ်စုံ ဝတ်ဆင်ထားသော ဥက္ကာမိ ရောက်ရှိလာသည်။ လွန်ခဲ့သော နာရီဝက်ခန့်က အာယနဲ ထိုင်သွားခဲ့သော နေရာတွင် ထိုင်လိုက်ပြီးသည့်နောက် အနှောင့်အယှက် ပေးမိသည့်အတွက် တောင်းပန်ကြောင်း နောက်တစ်ကြိမ် ဦးညွှတ် တောင်းပန်နေပြန်သည်။

"ရှင် ကျွန်မဆီ အကြိမ်တစ်သောင်းမက လာလည်း အမှုမှန်ကို ဖော်ထုတ်နိုင်မှာ မဟုတ်ဘူး။ ကျွန်မက မစ္စတာမာရှိဘအကြောင်းကို များများစားစား နားလည်ထားတာ မဟုတ်ဘူးလေ"

"ရှင်က သူ့အကြောင်းကို နားမလည်ဘဲနဲ့တောင် သူနဲ့ အဲဒီလောက် လွန်လွန်ကျူးကျူး ဖြစ်ခဲ့ကြသေးတာလား"

မှုခင်းရဲမေ၏ စကားကြောင့် ဟိရောမိသည် နှုတ်ခမ်းတစ်စုံကို ခပ်တင်းတင်း ဖိကိုက်လိုက်မိသည်။

"သူ့ရဲ့ စိတ်ခံစားမှုတွေကိုတော့ ကျွန်မ ကောင်းကောင်း နားလည်ထားတယ်လို့ ယူဆတာပဲ။ ဒါပေမယ့် အဲဒါက အမှုစစ်ဖို့အတွက် အသုံးမကျဘူး မဟုတ်လား။ ကျွန်မ ပြောပြီးပြီပဲလေ။ သူရဲ့ အတိတ်နဲ့

လုပ်ငန်းကိုင်ငန်းက ပြဿနာတွေကို ကျွန်မ မသိဘူး”

“အမှုစုံစမ်းတဲ့အခါမှာ လုပ်ကြံခံရသူရဲ့ စိတ်ခံစားမှုကိုလည်း နားလည်ထားဖို့ လိုအပ်သေးတယ်။ ဒါပေမယ့် ကျွန်မ ဒီနေ့ ရှင့်ကို လာတွေ့တဲ့ ကိစ္စက ရှင် မသိတဲ့ အကြောင်းအရာတွေကို အတင်းကာရော မေးခွန်းထုတ်ချင်လို့ မဟုတ်ဘူး။ ရှင့်ကို ထမင်းစားရေသောက် ကိစ္စမျိုး မေးချင်လို့ပါ”

“ထမင်းစားရေသောက် ကိစ္စဆိုတာ ဘာကို ပြောတာလဲ”

“မာရှိဘလင်မယားရဲ့ နေ့စဉ်ဘဝပေါ့။ အဲဒီကိစ္စကိုတော့ ရှင် အသိဆုံး ဖြစ်မယ် ထင်တယ်”

“အဲဒီလိုကိစ္စမျိုး သိချင်ရင် ဆရာမကို တိုက်ရိုက် မေးလိုက်တာ ပိုမကောင်းဘူးလား”

ဥက္ကျူမိက ပြုံးလိုက်သည်။

“ဒါမျိုးကိစ္စက ကာယကံရှင်ကို သွားမေးရင် ဓမ္မဓိဋ္ဌာန်ကျတဲ့ အဖြေမျိုး မရနိုင်ဘူးလေ”

ဟိရောမိက သက်ပြင်းချလိုက်သည်။

“ရှင်က ဘာမေးချင်တာလဲ”

“ရှင်က မာရှိဘတို့လင်မယား အိမ်ထောင်ကျပြီးနောက်ပိုင်း သိပ်မကြာခင်မှာ သူတို့အိမ်ကို စပြီး ဝင်ထွက်လာခဲ့တယ်လို့ ကျွန်မ ကြားမိတယ်။ ဟုတ်တယ်မလား။ ဘယ်လောက်ကြာရင် တစ်ခါလောက် သူတို့အိမ် ရောက်ဖြစ်တာလဲ”

“အတိအကျတော့ မရှိဘူး။ ပျမ်းမျှအားဖြင့်တော့ တစ်လကို တစ်ကြိမ်၊ နှစ်ကြိမ်လောက်တော့ ရောက်ဖြစ်တယ်”

“ဒါဆို ဘယ်နေ့မျိုးမှာ ရွေးသွားတတ်တာလဲ”

“ဘယ်နေ့ရယ်လို့ သတ်သတ်မှတ်မှတ် မရှိပါဘူး။ ဒါပေမယ့် တနင်္ဂနွေနေ့တွေ ရောက်ဖြစ်တာ ပိုများတယ်။ တနင်္ဂနွေနေ့က

အလုပ်နားရက်ဆိုတော့”

“တနင်္ဂနွေနေ့ ရောက်သွားတော့ မစ္စတာမာရှိဘကရော အိမ်မှာ ရှိလား”

“ရှိတယ်”

“ဒါဆို အဲဒီနေ့မှာ ရှင်တို့ သုံးယောက်က စုပြီး စကားပြော ဘာပြော လုပ်တတ်ကြတာပေါ့။ အဲဒီလိုလား”

“အဲဒီလို စုပြီး စကားထိုင်ပြောဖြစ်တာလည်း ရှိခဲ့ဖူးပါတယ်။ ဒါပေမယ့် မစ္စတာမာရှိဘက များသောအားဖြင့် သူ့စာကြည့်ခန်းထဲမှာပဲ နေနေတာ များတယ်။ သူက အလုပ်နားရက်တောင် အိမ်မှာ အလုပ်လုပ်နေရပုံပဲ။ နောက်ပြီး ကျွန်မက သူတို့အိမ်ကို သွားဖြစ်တယ် ဆိုတာကလည်း အလည်သက်သက် သွားတာ မဟုတ်ဘူးလေ။ ဆရာမနဲ့ တိုင်ပင်စရာလေးတွေ ရှိလို့ သွားတာ”

ဟိရောမိ၏ လေသံထဲတွင် အခဲမကျေသော လေသံများ ရောစွက်နေသည်။ ‘မိန်းမကြိုက်တော့ ဆိုက်ဆိုက်လာ’ ဟု သူ အထင်မခံလို။

“ပုံမှန်ဆို ရှင်နဲ့ မစ္စစ်မာရှိဘက ဘယ်အခန်းမှာ ဆွေးနွေးတိုင်ပင်ဖြစ်ကြတာလဲ”

“ဧည့်ခန်းထဲမှာ”

“အမြဲတမ်းပဲလား”

“ဟုတ်တယ်။ ဘာဖြစ်လို့လဲ”

“ရှင်တို့ တိုင်ပင်ဆွေးနွေးကြတဲ့အခါမှာ ကော်ဖီ သို့မဟုတ် လက်ဖက်ရည်တို့ သောက်ဖြစ်ကြလား”

“သောက်ဖြစ်တယ်”

“ရှင်ကိုယ်တိုင် ဖျော်ပေးရတာမျိုး ရှိလား”

“တစ်ခါတလေပေါ့။ ဥပမာ ဆရာမ ဟင်းချက်နေလို့ လက်မအားတဲ့

အခါမျိုး”

“ရှင် အရင်က တစ်ခါပြောပြခဲ့ဖူးတာ ကျွန်မ မှတ်မိနေသေးတယ်။ ကော်ဖီဖျော်တဲ့ အဆင့်တွေကို မစ္စစ်မာရှိဘဆီက သင်ယူထားခဲ့တယ် ဆိုတာလေ။ ဒါကြောင့် အခင်းဖြစ်တဲ့ မနက်ခင်းတုန်းကလည်း အဲဒီအဆင့်အတိုင်း တစ်သဝေမတိမ်း လိုက်လုပ်ခဲ့တာပဲလား”

“ဟုတ်တယ်။ ဘယ့်နှယ် ကော်ဖီကိစ္စ ပြန်ရောက်သွားပြန်တာလဲ။ အရင်ကလည်း ကျွန်မ အကြိမ်ကြိမ် အထပ်ထပ် ပြောခဲ့ပြီးပြီပဲ မဟုတ်လား” ဟိရောမိက နှုတ်ခမ်းကို မဲ့လိုက်သည်။

မေးခွန်း အမေးခံရသူ၏ မကျေနပ်သော အပြုအမူများနှင့် အသားကျနေဟန်တူသည်။ ဥကျုမိသည် မျက်နှာတစ်ချက် မပျက်ဘဲ မေးခွန်းကို ဆက်မေးလေသည်။

“ဒါဆို မာရှိဘအိမ်မှာ ညစာစားပွဲ လုပ်တဲ့ညတုန်းက သူ့အိမ်က ရေခဲသေတ္တာကို ဖွင့်ဖြစ်ခဲ့သေးလား”

“ရခဲသတ်ေတာ ...”

“ရေခဲသေတ္တာထဲမှာ ရေသန့်ဗူးတွေ ထည့်ထားမှာ သေချာတယ်။ ကျွန်မ သိချင်တာက အဲဒီတုန်းက အထဲမှာ ရေသန့်ဗူးတွေကို မြင်မိသေးလား”

“ရေသန့်ဗူး ... ကျွန်မ မြင်မိတယ်။ အဲဒီနေ့က ကျွန်မ ရေခဲသေတ္တာကို ဖွင့်ပြီး ရေယူခဲ့သေးတယ်”

“အဲဒီတုန်းက ရေခဲသေတ္တာထဲမှာ ရေသန့်ဗူး ဘယ်နှဗူးလောက် တွေ့ခဲ့ရလဲ”

“အတိအကျတော့ ကျွန်မလည်း မမှတ်မိဘူး။ မှတ်မိတာတော့ အဖုံးနံရံဘက်မှာ ဗူးတွေ စီချထားတာပဲ”

“တစ်ဗူး၊ နှစ်ဗူးလောက်လား”

“ကျွန်မ မမှတ်မိဘူးလို့ ပြောပြီးပြီပဲရှင်။ အဲဒီတုန်းက စီစီရီရီ ချထားတာ တစ်တန်းစာလောက်ပဲ။ အနည်းဆုံး လေး၊ ငါးဗူးလောက်တော့ ရှိမှာပေါ့” ဟိရောမိ၏ အသံမှာ ပိုမိုကျယ်လောင်လာသည်။

ဥက္ကာမိသည် ခပ်တည်တည်ဖြင့် ခေါင်းညိတ်ပြသည်။

"ကျွန်မ သဘောပေါက်ပါပြီ။ အခင်းမဖြစ်ခင်လေးမှာ မစ္စတာမာရှိဘက ရှင့်ကို သူ့အိမ်လာခဲ့ဖို့ ခေါ်တယ်လို့ ရှင် ပြောပြခဲ့ဖူးတယ်နော်။ အဲဒီဖြစ်ရပ်မျိုး အရင်ကရော ရှိခဲ့ဖူးလား"

"မရှိဘူး။ အဲဒါ ပထမဆုံးအကြိမ်ပဲ"

"ဒါဆို မစ္စတာမာရှိဘက ဘာဖြစ်လို့ အဲဒီနေ့ကျမှ ရှင့်ကို သူ့အိမ် လာခိုင်းရတာလဲ"

"... အဲဒီနေ့မှာ ဆရာမက သူ့အမေအိမ် ပြန်သွားတယ်လေ"

"အဲဒီလိုဆိုတော့ အရင်တုန်းက အဲဒီလို အခွင့်အရေးမျိုး မရခဲ့ဖူးဘူးပေါ့"

"ကျွန်မအထင် နောက်ထပ် အကြောင်းအရင်းတစ်ခု ရှိနိုင်သေးတယ်။ ဆရာမက သူနဲ့ လမ်းခွဲဖို့ သဘောဖို့တူလိုက်ပြီ ဆိုတဲ့အကြောင်း ကျွန်မကို စောနိုင်သမျှ စောအောင် ပြောပြချင်လို့လည်း ဖြစ်နိုင်တယ်"

ဥက္ကာမိက ခေါင်းညိတ်လိုက်သည်။

"အဲဒီလိုလား။ ဒါဆို သူတို့နှစ်ယောက်မှာ ဘယ်လို ဝါသနာမျိုးတွေ ရှိလဲ။ ရှင်သိလား"

"ဝါသနာ ..." ဟိရောမိက မျက်မှောင်ကြုတ်လိုက်သည်။

"မာရှိဘတို့ လင်မယားရဲ့ ဝါသနာပေါ့။ ဥပမာ အားကစားလား၊ အပျော်ခရီးထွက်တာလား၊ ဒါမှမဟုတ် ကားမောင်းပြီး လေညင်းခံထွက်တတ်တာမျိုး ရှိလား"

ဟိရောမိသည် ခေါင်းကို ငဲ့စောင်းလျက် စဉ်းစားနေသည်။

"မစ္စတာမာရှိဘကတော့ တင်းနစ်နဲ့ ဂေါ့ဖ်ကစားလေ့ ရှိတယ်။ ဆရာမကတော့ ထူးထူးထွေထွေ ဝါသနာပါတာမျိုး မရှိသလိုပဲ။ စပ်ထည်ချုပ်တာနဲ့ ဟင်းချက်တာလောက်ပဲ ရှိမယ် ထင်တယ်"

"ဒါဆို သူတို့နှစ်ယောက်က အားလပ်ရက်တွေကို ဘယ်လိုများ ဖြတ်သန်းခဲ့ကြတာလဲ"

"ကျွန်မလည်း အတိအကျ မသိဘူး"

"ရှင် သိသလောက် အကြမ်းဖျင်းဖြစ်ဖြစ် ပြောပြပါလား"

"ဆရာမက စပ်ထည်တွေ ချုပ်ပြီး မစ္စတာမာရှိဘကတော့ ဒီဗီဒီကြည့်တာ ပိုများလိမ့်မယ် ထင်တယ်"

"မစ္စစ်မာရှိဘက စပ်ထည်ချုပ်ရင် ဘယ်အခန်းထဲမှာ ချုပ်တာများလဲ"

"ကျွန်မအထင်တော့ ဧည့်ခန်းထဲပဲ ဖြစ်ဖို့များတယ်"

ဟိရောမိက ပြန်ဖြေသည်။ မှူခင်းရဲမေသည် အဘယ်ကြောင့် ဤသို့သော မေးခွန်းများကို မေးမြန်းနေရသနည်း။ သူ နားမလည်နိုင်အောင် ဖြစ်နေရသည်။

"သူတို့နှစ်ယောက် အရင်က အတူတူ ခရီးထွက်ခဲ့ဖူးလား"

"မင်္ဂလာဆောင်ပြီးခါစက ပါရီနဲ့ လန်ဒန်ကို အတူတူ သွားခဲ့ကြဖူးသလိုပဲ။ နောက်ပိုင်းတော့ အဲဒီလို တစ်ခါမှ ခရီးမထွက်ကြတော့ဘူး။ မစ္စတာမာရှိဘကတော့ အလုပ်ကိစ္စအတွက်နဲ့ ဟိုဟိုဒီဒီ လျှောက်သွားနေတတ်တာပဲ"

"ဒါဆို ရှော့ပင်ထွက်တာကရော။ မစ္စဝါကာယာမာနဲ့ မစ္စစ်မာရှိဘတို့ အရင်က ကုန်တိုက်တွေမှာ ဈေးအတူ ဝယ်ခဲ့ကြဖူးလား"

"စပ်ထည်အတွက် လိုအပ်တဲ့ ပိတ်စတွေကို ကျွန်မတို့နှစ်ယောက် အတူ ဝယ်ခဲ့ကြဖူးတယ်"

"တနင်္ဂနွေနေ့မှာ သွားတာပဲလား"

"မဟုတ်ဘူး။ များသောအားဖြင့် အတန်းချိန်မစခင်မှာ သွားတတ်တာဆိုတော့ အလုပ်ဖွင့်တဲ့ ရက်မျိုးတွေမှာပေါ့။ ဝယ်ရတဲ့ ပိတ်စပမာဏက များလွန်းတော့ ဝယ်ပြီးတာနဲ့ ဒီကိုပဲ တစ်ခါတည်း သယ်လာခဲ့ကြတာ"

ဥက္ကျမိက ခေါင်းဆတ်လျက် မှတ်စုစာအုပ်တွင် ရေးမှတ်နေသည်။

"ကျွန်မ သိတာချင်တွေတော့ မေးလို့ ပြီးသွားပြီ။ အလုပ်များနေတဲ့ကြားက အမှုစစ်ဆေးမှုကို ကူညီပေးတဲ့အတွက် ကျေးဇူး အများကြီး တင်ပါတယ်"

"ဒါနဲ့ ... စောစောက မေးခွန်းတွေက ဘာများ အဓိပ္ပာယ် လေးနက်နေလို့လဲ။ ကျွန်မ ဘယ်လိုမှ နားမလည်နိုင်တော့ဘူး"

"ရှင်က ဘယ်မေးခွန်းကို ပြောတာလဲ"

"အကုန်လုံးပဲ။ ဝါသနာတွေ မေးလိုက်၊ ဈေးဝယ်တာ မေးလိုက်နဲ့။ အဲဒါတွေက အမှုနဲ့ ဘယ်လိုမှ ပတ်သက်နိုင်လိမ့်မယ် မထင်ဘူး"

တစ်ခဏမျှ တုံ့ဆိုင်းသွားပြီးနောက် ဥက္ကျမိသည် ဟိရောမိကို ပြုံးပြလိုက်သည်။

"ရှင် မသိလည်း ပြဿနာ မရှိပါဘူး။ ကျွန်မတို့ရဲ့ မှန်းဆချက်တစ်ခုနဲ့ စပ်ဆိုင်နေလို့ပါ"

"ကျွန်မကို ပြောပြလို့ မရဘူးလား"

"ဝမ်းနည်းပါတယ်ရှင်။ ကျွန်မမှာ ပြောပိုင်ခွင့် မရှိပါဘူး"

ဥက္ကျမိသည် ဆတ်ကနဲ ကောက်ထလိုက်ပြီး ဦးညွတ်လျက် "ခွင့်ပြုပါဦး" ဟု ဆိုကာ အပေါက်ဝဘက်သို့ ခပ်သုတ်သုတ် လျှောက်လှမ်းသွားလေတော့သည်။

(၂၁)

"သူက ကျွန်မကို မေးခွန်း မေးရတဲ့ ရည်ရွယ်ချက်ကို မေးလာတော့ ကျွန်မလည်း ဘာပြန်ဖြေရမှန်း မသိတော့ဘူး။ ကျွန်မကိုယ်တိုင်တောင် ဘာကြောင့် မေးနေလို့ မေးနေရမှန်း မသိဘူး ဖြစ်နေတယ်။ တကယ်ဆို မေးခွန်းမေးမယ့်သူ ကိုယ်နှိုက်က ရည်ရွယ်ချက်ကို နားလည်အောင် လေ့လာပြီးမှ မေးခွန်း မေးသင့်တာ မဟုတ်လား"

ဥက္ကျုမိသည် ကော်ဖီခွက်ကို ကောက်ကိုင်လိုက်သည်။ ထိုအချိန်က သူသည် ယုကာဝါ၏ ဓာတ်ခွဲခန်းထဲတွင် ရောက်ရှိနေသည်။ လွန်ခဲ့သောနှစ်ရက်က ယုကာဝါ တောင်းဆိုခဲ့သော စုံစမ်းစစ်ဆေးမှုများ၏ ရလဒ်ကို သယ်ဆောင်လာခဲ့ခြင်း ဖြစ်သည်။

"ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမယ့် အခြေအနေနဲ့ အချိန်အခါကိုတော့ ကြည့်ရဦးမှာပေါ့"

မျက်နှာချင်းဆိုင်တွင် ထိုင်နေသော ယုကာဝါသည် အစီရင်ခံကို ဖတ်နေရာမှ ခေါင်းထောင်လာသည်။

"အဲဒီလို လုပ်ရတာကလည်း အကြောင်းရှိတယ်လေ။ တစ်ခါသားမှ မဖြစ်ဖူးသေးတဲ့ ပြစ်မှုမျိုး၊ အင်မတိ အင်မတန်မှ ဖြစ်နိုင်ခဲတဲ့ ရှားပါးပြစ်မှုမျိုးကို ကျူးလွန်ခဲ့ခြင်း ရှိမရှိ အတည်ပြုနိုင်ဖို့ အဲဒီလို လုပ်ရတာပဲ။ အဲဒီလို ဖြစ်နိုင်ခြေ ရှိမရှိ ဆိုတာကို အတည်ပြုနိုင်ဖို့ တော်ရုံတန်ရုံ လူမျိုးက လုပ်နိုင်တာ မဟုတ်ဘူး။ အဲဒီလူမျိုးတွေက ကိုယ်ပိုင် အယူအဆ၊ ကိုယ်ပိုင် ယုံကြည်ချက်တွေကြောင့် တစ်ခါတလေမှာ ဘက်လိုက်ပြီး ဆုံးဖြတ်သွားတတ်ကြတယ်။ ရယ်နေး-ပရောစပါး ဘလွန်လော့ (René-Prosper Blondlot) ဆိုတဲ့ ရူပဗေဒပညာရှင်ကို သိလား။ အဲ … ခင်ဗျား မသိနိုင်လောက်ဘူး ထင်တယ်"

"ကျွန်မ ကြားတောင် မကြားဖူးဘူး"

“သူက ၁၉ ရာစုရဲ့ နောက်ပိုင်း ရာစုနှစ်ဝက်ထဲမှာ အင်မတန်မှ တက်ကြွခဲ့တဲ့ ပြင်သစ် သုတေသနပညာရှင် တစ်ယောက်ပေါ့။ ၂၀ ရာစု ဝင်ခါစနှစ်မှာပဲ ဘလွန်လော့က ဖြာထွက်ရောင်ခြည် အသစ်တစ်မျိုး တွေ့ရှိကြောင်း ကြေညာခဲ့တယ်။ N-rays လို့ နာမည်ပေးထားတဲ့ အဲဒီ ဖြာထွက်ရောင်ခြည်ဟာ ပိုပြီး အားကောင်းတဲ့ လျှပ်စစ်မီးပွားကို ထုတ်လုပ်နိုင်တယ်လို့ အဆိုရှိတယ်။ သူရဲ့ အဲဒီတွေ့ရှိချက်က အဲဒီခေတ်ရဲ့ ရူပဗေဒလောကမှာ သိမ့်သိမ့်တုန်အောင် ဟိုးလေးတကြော် ဖြစ်သွားခဲ့တယ်။ ခေတ်တစ်ခေတ်မှာ စာတင်လောက်တဲ့ တွေ့ရှိမှုကြီးလို့ ချီးကျူးခဲ့ကြတယ်။ ဒါပေမယ့် နောက်ဆုံးကျတော့ N-rays ဆိုတဲ့ ရောင်ခြည်မျိုး ဘယ်မှာမှ မရှိနိုင်ဘူးလို့ တွေ့ရှိလာရတယ်။ ဘာဖြစ်လို့လဲဆိုတော့ တခြားနိုင်ငံမှာ ရှိတဲ့ သိပ္ပံပညာရှင်တွေက ဘယ်လောက်ပဲ စမ်းသပ်စမ်းသပ်၊ လျှပ်စစ်မီးပွင့်ကို ပိုပြီးတောက်ပအောင် ဘယ်သူမှ မလုပ်နိုင်ခဲ့ကြဘူး”

“ဒါဆို ဘလွန်လော့က အင်ထုခဲ့တာပေါ့”

“အင်ထုခဲ့တယ်လို့ ပြောလို့ မရဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူကိုယ်တိုင်က N-rays ရဲ့ တည်ရှိနေမှုကို အပြည့်အဝ ယုံကြည်ထားတယ်”

“ဘယ်လိုကြီးလဲ”

“ဒီလိုလေ။ မူလစမ်းသပ်စဉ် အခါတုန်းက လျှပ်စစ်မီးပွင့်ရဲ့ အလင်းကို ဘလွန်လော့ တစ်ယောက်တည်းကပဲ မြင်ခဲ့ရတယ်။ အဲဒါ အမှားရဲ့ ဇာစ်မြစ်ပဲ။ N-rays ကို အသုံးချပြီး လျှပ်စစ်မီးပွင့်ကို တောက်ပမှု အားကောင်းအောင် လုပ်နိုင်တယ် ဆိုတဲ့ အဆိုက သူရဲ့ ဆန္ဒသက်သက်ကြောင့် ဖြစ်ပေါ်လာတဲ့ စိတ်ရဲ့ လှည့်စားမှုပဲ ဆိုတာကို နောက်ပိုင်းကျတော့ လူတွေက သက်သေပြနိုင်ခဲ့တယ်”

“ဩော် … ကြီးမြတ်တဲ့ ရူပဗေဒပညာရှင်ကြီးတောင်မှ သေးနုပ်တဲ့ အမှားမျိုး မှားတတ်သေးတာပဲ”

“တင်ကူးမှန်းဆထားချက်ကြောင့် ဖြစ်ပေါ်လာတဲ့ ဘက်လိုက်မှုတွေက သိပ်ကို အန္တရာယ်ကြီးတဲ့ အရာတွေပဲ။ အဲဒါကြောင့် ကျွန်တော်က ခင်ဗျားကို ဘာမှ ကြိုအသိမပေးခဲ့တာ။ အဲဒီလို အသိမပေးထားလို့ပဲ ဓမ္မဓိဋ္ဌာန်ကျတဲ့ သတင်းအချက်အလက်တွေကို အခု ရလာခဲ့တာပေါ့”

ယုကာဝါ၏ အကြည့်များသည် ဥကျုမိ ပို့လာပေးသော အစီရင်ခံစာပေါ်သို့ ပြန်လည် ရောက်ရှိသွားသည်။

"ဒါဆို ရလဒ်ကရော ...။ စိတ်ကူးယဉ်အဖြေ ဖြစ်နေပြီလား"

ယုကာဝါသည် ချက်ချင်း ပြန်မဖြေသေးဘဲ မျက်မှောင်ကို ကြုတ်လျက် အစီရင်ခံစာကို ပေါက်ထွက်လုမတတ် စိုက်ကြည့်နေလေသည်။

"အဲဒီတုန်းက ရေခဲသေတ္တာထဲမှာ ရေဗူးတွေ အများကြီး ကျန်သေးတာပဲ" သူက တိုးညင်းစွာ ရေရွတ်လိုက်သည်။

"အဲဒီအချက်ကို ကျွန်မလည်း ထူးဆန်းနေတာ။ မစ္စစ်မာရှိဘာက ပြောဖူးတယ်။ သူတို့အိမ်မှာ ဘယ်တုန်းကမှ ရေသန့်ဗူး ပြတ်တယ်ရယ်လို့ မရှိခဲ့ဘူးတဲ့။ ဒါပေမယ့် သူ့မိဘအိမ်ကို ပြန်သွားတဲ့ ဒုတိယမြောက်ရက်မှာ ရေသန့်ဗူးက တစ်ဗူးပဲ ကျန်တော့တယ်။ အဲဒါ ဘာကြောင့် ဖြစ်နိုင်လဲ"

ယုကာဝါသည် လက်နှစ်ဖက်ပိုက်လျက် မျက်လုံးကို စုံမှိတ်ထားသည်။

"ဆရာ ..."

"အဲဒါ မဖြစ်နိုင်ဘူး"

"ရှင်"

"အဲဒီလို ကိစ္စမျိုးက ဘယ်လိုမှ မဖြစ်နိုင်လောက်ဘူး။ ဒါပေမယ့် ..."

ယုကာဝါသည် မျက်မှန်ကို ချွတ်ပြီး လက်ချောင်းများဖြင့် မျက်ခွံများကို နှိပ်နယ်နေလေသည်။ ထို့နောက် တုတ်တုတ်မျှ လှုပ်ရှားခြင်း မပြုတော့ပေ။

(၂၂)

ဤအိဒဘာရှိဘူတာမှ ကာဂူရာဇာကာ-ဒိုရီလမ်းအတိုင်း အထက်သို့ ဆန်တက်၍ ဘီရှာမွန်တန် ဇန်ကိုကု-ဂျိ ဘုရားကျောင်းကို လွန်သွားလျှင် သွားချင်း ဘယ်ဘက်သို့ ချိုးလိုက်ပြီး ကုန်းမြင့်လေးတစ်ခုပေါ်သို့ တက်သွားလိုက်သည်နှင့် ညာဘက်အခြမ်းတွင် ဦးတည်ရာဖြစ်သော တိုက်ကြီးတစ်လုံးကို တွေ့မြင်ရသည်။

ကုစာနာဂိသည် ပင်မတံခါးပေါက်မှ အဆောက်အအုံထဲသို့ ဝင်လာခဲ့သည်။ ဘယ်ဘက် နံရံပေါ်တွင် ရုံးခန်းအသီးသီး၏ နာမည်တံဆိပ်ပြားများ အစီအရီ ချိတ်ဆွဲထားသည်။ ကုနူဂီစာအုပ်တိုက်မှာ ဒုတိယလွှာတွင် ရှိသည်။

အဆောက်အအုံကြီးတွင် ဓာတ်လှေကား တပ်ဆင်ထားသော်လည်း ကုစာနာဂိသည် လှေကားပေါ်သို့ ခြေလျင်လှမ်းတက်ခဲ့သည်။ လှေကားထစ်များပေါ်တွင် စက္ကူဂျုပ်ဖာများ တောင်လိုပုံနေသောကြောင့် အတော်ပင် ရှောင်ရှား၍ တက်ခဲ့ရသည်။ ၎င်းလုပ်ရပ်မှာ မီးသတ်ဥပဒေနှင့် ငြိစွန်းနေသော်လည်း ယနေ့တွင် ဤကိစ္စကို ဦးကာချဲ့မနေချင်တော့။

ရုံးခန်း၏ တံခါးမကြီးမှာ ပွင့်လျက်။ ခေါင်းလျှို၍ လှမ်းကြည့်လိုက်သည့်အခါ ဝန်ထမ်းတချို့ ခေါင်းမဖော်နိုင်အောင် အလုပ်များနေကြသည်။ ကုစာနာဂိနှင့် အနီးဆုံးတွင် ရှိသော ဝန်ထမ်းအမျိုးသမီးတစ်ယောက်က သူ့ကို မြင်သွားသောကြောင့် မတ်တတ်ရပ်ကာ အနားသို့ လျှောက်လာသည်။

"ဘာများ ကူညီပေးရမလဲ"

"မစ္စတာစာစာအိုကာ ရှိလား မသိဘူး။ ကျွန်တော် စောစောကတင် ဖုန်းဆက်ထားသေးတယ်"

ထိုစဉ် နံဘေးမှ လူတစ်ယောက်က "ဩော်၊ မင်္ဂလာပါခင်ဗျာ" ဟု နှုတ်ဆက်လေသည်။ အနည်းငယ် ဝသယောင် ထင်ရသည့်

အမျိုးသားတစ်ယောက်သည် စာအုပ်စင်အနောက်မှ ခေါင်းပြူထွက်လာသည်။ တစ်လျှောက်လုံး ထိုနေရာတွင် ငုတ်တုတ်ထိုင်နေဟန် တူသည်။

“ဒီက လူကြီးမင်းက မစ္စတာစာစာအိုကာလား မသိဘူး”

“ဟုတ်ပါတယ်ခင်ဗျ။ အဲ ...”

သူသည် နံဘေးရှိ အံဆွဲတစ်ခုကို ဆွဲဖွင့်ပြီး လိပ်စာကတ်တစ်ကတ်ကို ကောက်ယူလိုက်သည်။

“တွေ့ရတာ ဝမ်းသာပါတယ်”

ကုစာနာဂိလည်း လိပ်စာကတ် ထုတ်ပြီး ထိုသူကို ကမ်းပေးလိုက်လေသည်။ ထိုသူ ကမ်းပေးသော လိပ်စာကတ်ပေါ်တွင် ‘စာစာအိုကာ ကုနိအို၊ စီအီးအို၊ ကုနူဂိစာအုပ်တိုက်’ ဟု ရေးသားထားသည်။

“မှူခင်းရဲတစ်ယောက်ရဲ့ လိပ်စာကတ်ကို ပထမဆုံးအကြိမ် ရဖူးတာပဲဗျ။ အမှတ်တရ သိမ်းထားရဦးမယ်”

စာစာအိုကာသည် လိပ်စာကတ်၏ နောက်ကျောဘက်ကို လှန်ကြည့်လိုက်သည်။

“ဩော် ... နောက်ကျောမှာ သို့ - မစ္စတာစာစာအိုကာ ဆိုပြီး ဒီနေ့နေ့စွဲပါ ထည့်ရေးထားပါလား။ အလွဲသုံးစား လုပ်မှာ စိုးလို့ ထင်ပါရဲ့”

“စိတ်မရှိပါနဲ့ဗျာ။ ကျွန်တော်က အကျင့်ပါနေလို့ပါ”

“ဟာ ... ဘာမှ မဖြစ်ပါဘူး။ သတိဝီရိယ ထားမှ တော်ကာကျမှာကိုးဗျ။ အင်း၊ ဒါနဲ့ ... ခင်ဗျား ဒီမှာပဲ စကားပြောမလား။ ဒါမှမဟုတ် ကော်ဖီဆိုင် တစ်ဆိုင်ဆိုင် သွားမလား”

“ဒီမှာလည်း ရပါတယ်”

“ကောင်းပြီလေ”

စာစာအိုကာသည် ကုစာနာဂိကို ရုံးခန်းထောင့်တစ်နေရာရှိ ဧည့်ခံတွေ့ဆုံရာ နေရာသို့ ခေါ်ဆောင်သွားသည်။

"ဆောရီးပဲဗျာ။ ခင်ဗျားလည်း အလုပ်တွေ ရှုပ်နေမှာပဲ။ အနှောင့်အယှက်ပေးသလို ဖြစ်သွားပြီ"

ကုစာနာဂိသည် အနက်ရောင် သားရေတု ဆိုဖာခုံပေါ်တွင် ထိုင်လျက် ပြောလိုက်သည်။

"ကိစ္စ မရှိပါဘူး။ ကျွန်တော်တို့ ဒီမှာက စာအုပ်တိုက်အကြီးစားကြီးတွေလို မဟုတ်ဘူး။ အားလပ်တဲ့အချိန်က ခပ်များများရယ်"

စာစာအိုကာက ပြောပြီး အားရပါးရ ရယ်ချလိုက်သည်။ ကြည့်ရသည်မှာ စိတ်ကောင်းရှိမည့်ပုံ။

"ဖုန်းထဲမှာလည်း ကျွန်တော် ခင်ဗျားကို ပြောပြီးခဲ့ပါပြီ။ ဒီတစ်ခေါက် လာရင်းကိစ္စက ကျူကူအိ ဂျွန်ကိုရဲ့ အကြောင်းကို သိချင်လို့ပါ"

စာစာအိုကာ၏ မျက်နှာပေါ်မှ အပြုံးများ ပျောက်ကွယ်သွားသည်။

"သူရဲ့ စာအုပ်ကို အဲဒီတုန်းက ကျွန်တော်ပဲ တာဝန်ယူပြီး လုပ်ပေးခဲ့တာပါ။ သူက အတော်လေး ပါရမီရှိတဲ့ အမျိုးသမီးတစ်ယောက်ပဲ။ တကယ် နှမြောစရာပါဗျာ"

"ခင်ဗျား အရင်က မစ္စကျူကူအိနဲ့ ဘယ်လောက်ကြာကြာ အလုပ်လုပ်ခဲ့ဖူးလဲ"

"နှစ်နှစ်ကျော်လောက်ပေါ့။ အကြာကြီးလို့တော့ မဆိုသာဘူးပေါ့ဗျာ။ ကျွန်တော်ဆီမှာပဲ သူ့စာအုပ်နှစ်အုပ် ထုတ်ပေးခဲ့ဖူးတယ်"

စာစာအိုကာသည် မတ်တတ်ရပ်ကာ သူ၏ စားပွဲပေါ်မှ ရပ်ပြစာအုပ်နှစ်အုပ်ကို လှမ်းယူလိုက်သည်။

"ဒီနှစ်အုပ်ပဲ"

"ကျွန်တော် ကြည့်ကြည့်ချင်လို့ ရမလား"

ကုစာနာဂိက စာအုပ်နှစ်အုပ်ကို လှမ်းယူလိုက်သည်။ တစ်အုပ်မှာ 'နှင်းလူလေးကျပြီ' နှင့် နောက်တစ်အုပ်မှာ 'ခွေးခြသေ့ တာရို၏ စွန့်စားခန်း' ဖြစ်သည်။

"သူက နှင်းလူနဲ့ ခွေးခြသေ့လို လူကြိုက်များပြီးသား ရုပ်ပုံတွေနဲ့ ဇာတ်အိမ်ဖွဲ့ပြီး ရုပ်ပြရေးရတာကို သဘောကျပုံ ရတယ်။ နောက်ပြီး မိုးနတ်သမီးရဲ့ ရုပ်ပုံနဲ့ စာအုပ်တစ်အုပ် ထွက်ထားတာလည်း ရှိသေးတယ်"

"အဲဒီ ရုပ်ပြစာအုပ်ကို ကျွန်တော် သိတယ်။ 'မနက်ဖြန် မိုးရွာတော့မည်' မဟုတ်လား"

မာရှိဘ ယိုရှီတာကာသည် ထိုရုပ်ပြကို မြင်ရပြီးသည့်နောက်တွင် ကျုကူအိ ဂျွန်ကိုအား သူ့အတွက် ကာတွန်းရုပ်ပုံတစ်ပုံ ဆွဲပေးရန် ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။

စာစာအိုကာက ခေါင်းညိတ်ပြသည်။ ထို့နောက် သူ၏ နဖူးကြောများ တွန့်ခေါက်သွားကြသည်။

"မစ္စကျုကူအိရဲ့ လက်ထဲရောက်သွားရင် မြင်ဖူးနေကျ ရုပ်ပုံတွေကလည်း အရင်ကထက် ပိုပြီး အသက်ဝင်သွားတယ်။ ပိုပြီး အရောင်အသွေး စုံသွားတယ်။ လူ့လောကကို စောစောစီးစီး စွန့်ခွာသွားတာ အတော်ကို နှမြောစရာ ကောင်းတာပဲဗျာ"

"မစ္စကျုကူအိ ကွယ်လွန်သွားတုန်းက ဖြစ်ရပ်တွေကို ခင်ဗျား မှတ်မိသေးလား"

"မှတ်မိတာပေါ့။ သူက ကျွန်တော့်ကို စာတစ်စောင် ရေးပေးခဲ့သေးတာပဲကို"

"ဟုတ်လား။ သူ့မိသားစုရဲ့ စကားအရ သူ ဆုံးခါနီးမှာ လူတချို့အတွက် စာတစ်စောင်စီ ရေးပြီး ချန်ထားခဲ့တယ်လို့ ကြားမိတယ်"

ကျုကူအိ ဂျွန်ကို၏ မိဘအိမ်သည် ဟီရိုရှီးမားတွင် ရှိသည်။ ကုစာနာဂိသည် သူ့မိခင်ထံသို့ ဖုန်းဆက် ဆက်သွယ်ခဲ့သေးသည်။ ကျုကူအိ ဂျွန်ကိုသည် အိပ်ဆေးသောက်ပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေခဲ့ကြောင်း သူ့မိခင်ထံမှ သိခဲ့ရသည်။ သူ့အခန်းထဲတွင် စာသုံးစောင် ချန်ထားခဲ့သည်။ သူ့အလုပ်နှင့် ပတ်သက်သည့်

လူများအတွက် ရေးသားထားခဲ့ခြင်း ဖြစ်သည်။ ၎င်းအနက်မှ တစ်စောင်မှာ စာစာအိုကာအတွက် ဖြစ်သည်။

"သူ့စာထဲမှာ ရေးထားတာက … 'အခုလို ပုံစံမျိုးနဲ့ လုပ်လက်စအလုပ်ကို ပစ်ထားခဲ့ရတဲ့အတွက် ကျွန်မ အနူးအညွတ် တောင်းပန်ပါတယ်' တဲ့။ အဲဒီတုန်းက ကျွန်တော် သူ့ကို နောက်ရုပ်ပြတစ်အုပ် ထုတ်ဖို့အတွက် အကူအညီ တောင်းထားတာပါ။ သူ့ခမျာလည်း အဲဒီကိစ္စအတွက် စိတ်မကောင်းဘူး ထင်ပါရဲ့ဗျာ"

စာစာအိုကာသည် အတိတ်၏ ပုံရိပ်များကို ပြန်လည် မြင်ယောင်နေသည့်နှယ် မျက်မှောင်ကြုတ်လျက် ခေါင်းတခါခါ လုပ်နေလေသည်။

"သူရဲ့ သေတမ်းစာထဲမှာ သတ်သေရတဲ့ အကြောင်းအရင်းကို ထည့်ရေးထားသေးလား"

"ဟင့်အင်း။ အနူးအညွတ် တောင်းပန်ပါတယ် ဆိုတာလောက်ပဲ ပါတယ်"

စင်စစ်မှာမူ ကျူကူအိ ဂျွန်ကို၏ သေတမ်းစာထဲတွင် ထိုမျှလောက် မကသေး။ သတ်မသေခင်တွင် သူသည် သူ့မိခင်ထံသို့ စာတစ်စောင် ရေးသားခဲ့သည်။ ထိုစာကို ဖတ်ပြီးသည့်နောက်တွင် သူ့မိခင်သည် အကြီးအကျယ် အံ့အားသင့်သွားပြီး သူ့ထံကို အလျင်အမြန် ဖုန်းဆက်လိုက်သည်။ သို့သော် ဆက်သွယ်၍ မရခဲ့ပေ။ ထို့ကြောင့် ရဲထံသို့ ချက်ချင်း အကြောင်းကြားခဲ့သည်။ နယ်မြေခံ ရဲစခန်းသည် ဖုန်းလက်ခံ ရရှိပြီးသည်နှင့် တစ်ပြိုင်နက် သူ၏ တိုက်ခန်းသို့ အလျင်အမြန် သွားရောက်ခဲ့ကြသည်။ သို့ဖြင့် သူ၏ ရုပ်အလောင်းကို တွေ့ရှိရလေတော့သည်။

သူ့မိခင်ထံသို့ ရေးပေးသည့် စာထဲတွင်လည်း သတ်သေရသည့် အကြောင်းအရင်းကို ထည့်သွင်း ရေးသားထားခြင်း မရှိပေ။ မိခင်၏ မွေးကျေးဇူးများ မည်မျှ ကြီးမားကြောင်းနှင့် ဤမျှ တယုတယ စောင့်ရှောက်ပေးခဲ့သည့် အသက်တစ်ချောင်းကို တန်ဖိုးမထားခဲ့မိသည့်အတွက် အနူးအညွတ် တောင်းပန်ကြောင်းကိုသာ ရေးသားထားသည်။

ကုစာနာဂိနှင့် ဖုန်းပြောနေစဉ် သူ့မိခင်သည် အကြီးအကျယ် ငိုယိုနေခဲ့သည်။ အဘယ်သို့သော အကြောင်းကြောင်းကြောင့် ဤသို့ ဖြစ်ပွားခဲ့ရသည်ကို ယနေ့တိုင် နားမလည်နိုင်အောင် ဖြစ်နေရဆဲပင်။ နှစ်နှစ်ဟူသော အချိန်ကာလသည် သမီးတစ်ယောက်ကို လက်လွှတ်ဆုံးရှုံးခဲ့ရသော မိခင်တစ်ယောက်၏ သောကပရိဒေဝမီးကို ငြိမ်းသတ်နိုင်ခြင်းငှာ မစွမ်းနိုင်ပေ။

"မစ္စတာစာစာအိုကာ၊ မစ္စကျုကူအိ သတ်သေတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး ခင်ဗျားမှာ သဲလွန်စလေး ဘာလေးများ မရှိဘူးလား"

ကုစာနာဂိ၏ မေးခွန်းကို ကြားရသည့်အခါတွင် စာစာအိုကာသည် ကျွတ်ကနဲ မြည်အောင် စုပ်သပ်ပြီး ခေါင်းကို ခါယမ်းနေလေသည်။

"အဲဒီတုန်းကလည်း ရဲတွေက ကျွန်တော့်ကို အဲဒီလိုမေးခွန်းမျိုး မေးခဲ့ဖူးတယ်ဗျ။ ဒါပေမယ့် ကျွန်တော် တကယ့်ကို ဘာတစ်ခုမှ မသိဘူး။ သူ သတ်မသေခင် နှစ်ပတ်လောက်အလိုမှာ ကျွန်တော် သူနဲ့ ဆုံဖြစ်ခဲ့ကြသေးတယ်။ အဲဒီတုန်းကတော့ သူ့ပုံကြည့်ရတာ အဲဒီလို သတ်သေချင်တဲ့ ရုပ်မျိုးလည်း ပေါက်မနေပါဘူးဗျာ။ ကျွန်တော်ပဲ လူကဲခတ် ညံ့နေတာလားတော့ မပြောတတ်ဘူး"

စာစာအိုကာသည် လူကဲခတ်ညံ့သော လူတစ်ယောက် မဖြစ်နိုင်ဟု ကုစာနာဂိ ထင်သည်။ သေတမ်းစာကို လက်ခံရရှိသော တခြားလူနှစ်ယောက်လည်း ထိုအချက်ကို ရိပ်စားမိခဲ့ခြင်း မရှိကြချေ။

"မစ္စကျုကူအိမှာ အရင်က ချစ်သူရည်းစား ရှိခဲ့ဖူးလား" ကုစာနာဂိက မေးခွန်းပြောင်းလိုက်သည်။

"ကြားတော့ ကြားတယ်ဗျ။ ဒါပေမယ့် ဘယ်သူလဲ ဆိုတာတော့ အသေအချာ မသိဘူး။ ဒီခေတ်ကြီးထဲမှာ အဲဒီလို မေးခွန်းမျိုးကို တည့်တိုးမေးလိုက်ရင် လိင်ပိုင်းဆိုင်ရာ အနှောင့်အယှက်ပေးတယ် ဆိုပြီး တရားစွဲ ခံရနိုင်တယ်ဗျ" စာစာအိုကာက ခပ်တည်တည် ပြန်ဖြေသည်။

"သူ့ ချစ်သူရည်းစားအပြင် သူနဲ့ ရင်းနှီးကျွမ်းဝင်တဲ့ တခြား လူတွေကိုရော ခင်ဗျား သိလား။ အမျိုးသမီးမိတ်ဆွေပဲ ဖြစ်ဖြစ်ပေါ့ဗျာ"

စာစာအိုကာသည် သူ၏ တုတ်ခိုင်သော လက်နှစ်ဖက်ကို ပိုက်လျက် ပခုံးကို ပင့်တင်လိုက်သည်။

"ရဲတွေက အဲဒီမေးခွန်းမျိုးကိုလည်း မေးခဲ့ဖူးတယ်။ ဒါပေမယ့် ကျွန်တော် စဉ်းစားမရဘူး။ ကျွန်တော့်အထင်တော့ သူက တစ်ယောက်တည်း နေရတာကို သဘောကျပုံရတယ်။ အခန်းထဲမှာ တစ်ယောက်တည်းနေပြီး တိတ်တဆိတ် ပုံဆွဲနေရရင် ကျေနပ်နေတဲ့လူမျိုး ထင်ပါရဲ့ဗျာ။ သူက လူတွေနဲ့ လုံးလားထွေးလား လုပ်တတ်တဲ့ လူမျိုးမဟုတ်ဘူး။ ဒါကြောင့် သူ့မှာ ရည်းစားရှိနေပြီလို့

ကြားလိုက်ရတော့ ကျွန်တော်ဖြင့် အတော်ကို အံ့ဩသွားခဲ့တာ”

ဤအချက်တွင် သူသည် အာယနဲနှင့် အတော်ပင် တူသည်ဟု ကုစာနာဂိက စဉ်းစားမိသည်။ အာယနဲ၏ နံဘေးတွင် ဝါကာယာမာ ဟိရောမိကဲ့သို့ လက်ထောက်တစ်ယောက် ရှိသည်ဟု ဆိုရသော်လည်း၊ မိဘအိမ်သို့ ပြန်ရောက်သည့် အခါမျိုးတွင် ရေပူစမ်းသို့ သွားရန် အဖော်လိုက်ပေးမည့် ငယ်သူငယ်ချင်းတစ်ယောက် ရှိသည်ဟု ဆိုရသော်ငြားလည်း ပင်ကိုအားဖြင့် သူသည် တစ်ကိုယ်တည်း သွားလာလှုပ်ရှားတတ်သူ တစ်ယောက်သာ ဖြစ်သည်။ ဧည့်ခန်းထဲရှိ ဆိုဖာခုံပေါ်တွင် တစ်နေကုန် တစ်ယောက်တည်း ထိုင်လျက် စပ်ထည်ချုပ်လုပ်နေခြင်းမှာ သူ၏ ဘဝပင် ဖြစ်သည်။

သို့ဆိုလျှင် မာရှိဘ ယိုရှီတာကာသည် ထိုသို့သော စရိုက်လက္ခဏာ ရှိသည့် မိန်းမမျိုးကို ပိုမို အကြိုက်တွေ့သဘောခွေ့ခြင်း ဖြစ်ရပေလိမ့်မည်။

မဟုတ်သေး …။

အနည်းအကျဉ်းတော့ ခြားနားမှု ရှိရဦးမည်။ ကုစာနာဂိသည် သူ၏ ကောက်ချက်ကို သူ့ဘာသာသူ ပယ်ချပစ်လိုက်သည်။

သူသည် အီကာအိ တတ်ဆုဟီကို၏ ပြောစကားကို ပြန်လည် ကြားယောင်လာသည်။

“ဒါပေမယ့် မာရှိဘအတွက်ကျတော့ အဲဒီလုပ်ရပ်တွေက ဘာမှ တန်ဖိုးမရှိသလိုပဲ။ သူ့အမြင်အရ မိန်းမတစ်ယောက်ဖြစ်ပြီး ကလေးတစ်ယောက်မှ မွေးမပေးနိုင်ဘူး ဆိုရင် ဆိုဖာပေါ် ထိုင်နေလည်း အဲဒါ အလှပြပစ္စည်းနဲ့ ဘာမှ မထူးဘူး။ နေရာတောင် ရှုပ်သေးတယ်လို့ ယူဆချင် ယူဆနေမှာ”

ဤသို့ ထီးတည်းနေထိုင်တတ်သော မိန်းမများကို မာရှိဘ ယိုရှီတာကာ ရွေးချယ်ရသည့် အကြောင်းအရင်းမှာ သူသည် ထိုမိန်းမများကို ကလေးမွေးဖွားပေးမည့် ကိရိယာတစ်ခု အဖြစ်သာ ရှုမြင်ထားသောကြောင့် ဖြစ်သည်။ ယင်းကိရိယာတွင် ရှုပ်ထွေးပွေလီသော လူမှုဆက်ဆံရေး ယန္တယားမျိုး ပါရှိနေရန် မလိုအပ်ဟု ယူဆထားသောကြောင့်လည်း ဖြစ်ပေလိမ့်မည်။

“တစ်ခုလောက် မေးပါရစေ။ … အခုလို အချိန်ကျမှ ဘာဖြစ်လို့ အဲဒီသတ်သေတဲ့ ကိစ္စကို ပြန်စုံစမ်းနေရတာလဲ။ သတ်သေရတဲ့ အကြောင်းအရင်းကို

မဖော်ထုတ်နိုင်ခဲ့ဘူး ဆိုပေမယ့် တခြား ရာဇဝတ်မှုတွေနဲ့ ပတ်သက်နိုင်ခြေ မရှိလို့ ရဲဘက်က အဲဒီအမှုကို ပိတ်ထားလိုက်တာ ကြာပြီ မဟုတ်လား” စာစာအိုကာက အူလည်လည် ဖြစ်နေသည်။

“အဲဒီသတ်သေတဲ့အမှုကို ပြန်စစ်နေတာ မဟုတ်ပါဘူး။ ကျွန်တော်တို့ တခြားအမှုတစ်ခုကို စစ်ဆေးနေရင်း မစ္စကျူကူအိရဲ့ နာမည်က အဲဒီအမှုတွဲထဲမှာ ပါလာလို့ ခင်ဗျားကို လာမေးကြည့်တာပါ”

“ဩော် ဒီလိုလား”

မည်သည့်အမှုကို စစ်ဆေးနေသနည်းဟု စာစာအိုကာက သိလိုနေဟန် ရှိသည်။ ကုစာနာဂိသည် စကားလမ်းကြောင်းကို အလျင်အမြန် ဖြတ်ချပစ်လိုက်သည်။

“ခင်ဗျားကို ဒုက္ခပေးမိတဲ့အတွက် တောင်းပန်ပါတယ်ဗျာ။ ကျွန်တော်ကို ပြန်ခွင့်ပြုပါဦး”

“မေးလို့ ပြီးသွားပြီလား။ ဟာဗျာ … လက်ဖက်ရည်တောင် ဧည့်မခံလိုက်ရဘူး”

“ရပါတယ်။ ကျေးဇူးပါပဲ။ ဒါနဲ့ ဒီစာအုပ်နှစ်အုပ်ကို ခဏ ငှားပေးလို့ ရလား”

သူသည် စားပွဲပေါ်မှ စာအုပ်နှစ်အုပ်ကို ကောက်ယူလိုက်သည်။

“အပိုင်သာ ယူထားလိုက်ပါတော့ဗျာ”

“ဟာ … အားနာစရာကြီး”

“အဲဒီစာအုပ်နှစ်အုပ်ကို ဒီမှာ ထားထားလည်း အနေးနဲ့အမြန်တော့ ရှင်းထုတ်ပစ်ရမှာပဲဗျ”

“ဟုတ်လား။ ဒါဆို ကျွန်တော် ယူထားလိုက်ပါ့မယ်”

ကုစာနာဂိသည် မတ်တတ်ရပ်၍ အပေါက်ဝဆီကို လျှောက်လာခဲ့သည်။ စာစာအိုကာလည်း အနောက်မှ လိုက်လာလေသည်။

“ပြောရမယ်ဆိုရင် အဲဒီတုန်းက ကျွန်တော်ဖြင့် လန့်ဖျပ်သွားတာပဲ။ သူ ဆုံးသွားပြီလို့ သတင်းကြားတော့ ကိုယ့်ကိုယ်ကိုယ် သတ်သေတယ်လို့ ဘယ်ထင်မိပါ့မလဲ။ ကျွန်တော်နဲ့ တခြားလုပ်ဖော်ကိုယ်ဖက်တွေကတောင် အကြောင်းအရင်းကို စဉ်းစားကြည့်ခဲ့ကြသေးတယ်။ တစ်ယောက်ယောက်ကများ သူ့ကို လုပ်ကြံသတ်ဖြတ်ခဲ့သလားပေါ့ … ခင်ဗျားပဲ စဉ်းစားကြည့်လေဗျာ။ ဘယ်သူက အဲဒီလိုဟာမျိုး သောက်ပြီး ကိုယ့်ဘာသာကိုယ် သေကြောင်းကြံပါ့မလဲ။ မဟုတ်ဘူးလား။ မသေခင် အတော်ကြီး ခံစားသွားရမှာဗျ”

ကုစာနာဂိ၏ ခြေလှမ်းများ တုံ့ရပ်သွားသည်။ စာစာအိုကာ၏ ဝိုင်းစက်နေသော မျက်နှာကို စိုက်ကြည့်လျက်

“အဲဒီလိုဟာမျိုး ဆိုတာ ဘာကို ပြောတာလဲ”

“အဆိပ်လေဗျာ”

“အိပ်ဆေး မဟုတ်ဘူးလား”

စာစာအိုကာသည် နှုတ်ခမ်းကို မဲ့ကာ လက်ခါပြသည်။

“မဟုတ်ပါဘူးဗျာ။ အဲ … ခင်ဗျား မသိသေးဘူးလား။ စိန်လေ”

“စိန် …”

ကုစာနာဂိ၏ မျက်လုံးများ ပြူးကျယ်သွားသည်။

“ဝါကာယာမာမြို့က ကာလီဟင်း အဆိပ်ခတ်တဲ့ အမှုထဲမှာ သုံးတဲ့ဟာနဲ့ အတူတူပဲလို့ ပြောသံကြားတယ်”

“အာဆန်နစ်အက်ဆစ်လား”

“အား … အဲဒီလို နာမည်မျိုးပဲ”

ကုစာနာဂိ၏ နှလုံးခုန်နှုန်းမှာ တအုံးအုံးနှင့် မြန်သည်ထက် လျင်မြန်လာသည်။ သူသည် “ခွင့်ပြုပါဦး” ဟု ဆိုကာ လှေကားမှ ပြေးဆင်းသွားလေတော့သည်။

သူသည် ကိရိတာနိထံသို့ ဖုန်းဆက်ပြီး ကျူကူအိ ဂျွန်ကို၏ အမှုကို ကိုင်ခဲ့သော နယ်မြေခံရဲစခန်းမှ ၎င်းအမှုနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို တောင်းယူခဲ့ရန် သူ့ကို မှာကြားလိုက်သည်။

"ဘယ်လို ဖြစ်ရတာလဲ အာစရိရယ်။ အဲဒီပန်းချီဆရာမ ကိစ္စကို လိုက်နေတုန်းပဲလား"

"ခွဲမှူးဆီက ခွင့်ပြုချက် ရထားပြီးပြီကွ။ လျှာရှည်မနေနဲ့။ ငါ ပြောတာသာ ရအောင် သွားယူခဲ့"

သူသည် ဖုန်းကို ချလိုက်ပြီး အခန့်သင့် ရောက်လာသော တက္ကစီတစ်စီးကို ဖြတ်တား၍ ကားဆရာအား မဲဂူရိုရဲစခန်းသို့ မောင်းရန် ညွှန်ကြားလိုက်လေသည်။

အခင်းဖြစ်ပွားသည့် နေ့မှ စ၍ ရေတွက်လျှင် ရက်ပေါင်းများစွာ ကုန်လွန်သွားခဲ့ပြီ ဖြစ်သော်လည်း စုံစမ်းစစ်ဆေးမှုသည် တစ်စုံတစ်ရာ တိုးတက်မှုကိုမျှ မတွေ့ရသေးပေ။ အဆိပ်ကို မည်သို့ ခတ်ခဲ့ကြောင်း စုံစမ်း၍ မရသေးသည့် အချက်သည် စုံစမ်းစစ်ဆေးမှုအတွက် ကြီးမားသော အဟန့်အတားကြီးတစ်ခု ဖြစ်နေသည် မှန်သော်လည်း မာရိုဘ ယိုရှီတာကာကို သေစေလိုသော ဆန္ဒရှိသူအား လုံးဝ ရှာမတွေ့သေးသည့်အချက်မှာလည်း အကြောင်းအရင်းတစ်ရပ် ဖြစ်နေပေသည်။ အကယ်၍သာ သေစေလိုသော ဆန္ဒရှိသူတစ်ဦးကို မဖြစ်မနေ ဆွဲထုတ်ပြရမည်ဆိုလျှင် ထိုသူမှာ အာယနဲပင် ဖြစ်သည်။ သို့သော် သူ့တွင် ပြစ်မျိုးမဲ့မထင်သော အလီဘိုင်ရှိနေသည်။

အခင်းဖြစ်ပွားသည့်နေ့က မာရိုဘအိမ်သို့ ဧည့်သည်တစ်ဦးဦး လာကို လာခဲ့ရမည်ဟု ကုစာနာဂိသည် မာမီယာကို အခိုင်အမာ ပြောဆိုခဲ့သည်။ ထို့အပြင် မာရိုဘ ယိုရှီတာကာ၏ ရည်းစားဟောင်းဖြစ်သည့် ကျူကူအိ ဂျွန်ကိုအား လေ့လာစုံစမ်းခွင့် ပြုရန်လည်း တောင်းဆိုခဲ့သည်။

"သူက သေသွားပြီ မဟုတ်လား" မာမီယာက မေးသည်။

"အဲဒါကြောင့်ပဲ ပိုပြီး စိတ်ဝင်စားစရာ ကောင်းနေတာပေါ့" ကုစာနာဂိက ပြန်ဖြေသည်။

"တကယ်လို့သာ သူက မာရိုဘ ယိုရှီတာကာကြောင့် သတ်သေခဲ့တာ ဆိုရင် သူ့အနားမှာ မာရိုဘကို အမုန်းချေပစ်ချင်လောက်အောင် မုန်းနေတဲ့

လူတစ်ယောက်ယောက်တော့ ရှိနေမှာပဲ”

“သူ့အတွက် လက်စားချေတယ်လို့ မင်းက ဆိုလိုချင်တာလား။ ဒါပေမယ့် သူ သတ်သေခဲ့တဲ့အချိန်က အခုဆို နှစ်နှစ်ကျော်တောင် ရှိသွားပြီ။ ဒီကာလအတွင်းမှာ လူသတ်တရားခံက ဘာဖြစ်လို့ မလုပ်ကြံခဲ့ရတာလဲ”

“အဲဒါတော့ ကျွန်တော်လည်း မသိသေးဘူး။ အချိန်တစ်ခု မစောင့်ဘဲ လက်စားချေလိုက်ရင် ရဲဘက်က ကျူကူအိ သတ်သေတဲ့အမှုနဲ့ ဆက်စပ်နေနိုင်တယ်လို့ ရိပ်မိသွားမှာကို စိုးရိမ်လို့လည်း ဖြစ်ချင် ဖြစ်မှာပေါ့”

“မင်းရဲ့ ယူဆချက်သာ အမှန်ဆိုရင် အဲဒီ လူသတ်တရားခံက တော်တော်ကို ခေါင်းမာတဲ့လူပဲကွ။ နှစ်နှစ်ကြာသွားတာတောင် ရင်ထဲမှာ ရှိတဲ့ အမုန်းအာဃာတတွေကို မချေဖျက်နိုင်ခဲ့ရာဘူး”

မာမီယာ၏ မျက်နှာအမူအရာက မယုံရခက် ယုံရခက်နေသော အမူအရာမျိုး။ သို့သော် ကျူကူအိ ဂျွန်ကိုအား စုံစမ်းထောက်လှမ်းရန် ခွင့်ပြုလိုက်လေသည်။

သို့ဖြင့် ကုစာနာဂိသည် ယမန်နေ့မှ စတင်၍ အသေးစိတ် အချက်အလက်များကို ရရှိရန် ဟိုဟိုဒီဒီ လိုက်လံစုဆောင်းခဲ့သည်။ ကျူကူအိ ဂျွန်ကို၏ မိဘအိမ်သို့ ဖုန်းဆက်ခဲ့သည်။ သေတမ်းစာများကို လက်ခံရရှိသူများထံသို့ သွားရောက်တွေ့ဆုံခဲ့သည်။ သူ့မိဘများထံသို့ ဆက်သွယ်ရန် ဖုန်းနံပါတ်ကိုမူ ‘မနက်ဖြန် မိုးရွာတော့မည်’ စာအုပ်ကို တည်းဖြတ်ပေးခဲ့သော အယ်ဒီတာထံမှ ရရှိခဲ့လေသည်။

သို့သော် ကုစာနာဂိ ဆက်သွယ်ခဲ့သော လူများထဲတွင် မည်သူ တစ်ဦးတစ်ယောက်ကမျှ သူ၏ သေကြောင်းကြံစည်မှုအကြောင်းနှင့် မာရိုဘ ယိုရှိတာကာနှင့် ပတ်သတ်နေမှု အကြောင်းတို့ကို ထုတ်ဖော်ပြောဆိုခဲ့ခြင်း မရှိပေ။ ထိုမျှသာ မကသေး။ သူနှင့် မာရိုဘ ယိုရှိတာကာတို့ တွဲနေကြသည့် အကြောင်းကိုပင် မည်သူမျှ မသိကြချေ။

မစ္စကျူကူအိ၏ တိုက်ခန်းသို့ ယောက်ျားတစ်ယောက် ဝင်ထွက်သွားလာဖူးသည့် အရိပ်အယောင်မျှပင် မတွေ့ရကြောင်း သူ့မိခင်က ပြောဆိုခဲ့သည်။ ထို့ကြောင့် မိခင်ဖြစ်သူ ကိုယ်နှိုက်ကပင်လျှင် သူ့သမီး သတ်သေရသည့် အကြောင်းအရင်းသည် ရည်းစားသနာကိစ္စနှင့် လုံးဝ

ပတ်သက်နေလိမ့်မည် မဟုတ်ကြောင်း ယုံကြည်ထားခဲ့သည်။

လက်ဖက်ခြောက် အရောင်းဆိုင်မှ စားပွဲထိုးမလေးသည် မာရိုဘာနှင့် ကျုကူအိတို့ကို လွန်ခဲ့သော သုံးနှစ်ခန့်က ပထမဆုံးအကြိမ် တွေ့ဖူးခဲ့ခြင်း ဖြစ်သည်။ အကယ်၍သာ များမကြာခင် သူတို့နှစ်ဦး လမ်းခွဲခဲ့ကြသည် ဆိုလျှင် နောက်တစ်နှစ်အကြာ၌ ကျုကူအိ သတ်သေသွားခြင်းသည် မာရိုဘာနှင့် လုံးဝ ပတ်သက် ဆက်စပ်နေတော့မည် မဟုတ်ပေ။

ပတ်သက်နေသည် ဆိုစေဦးတော့။ အကယ်၍သာ သူတို့နှစ်ဦး၏ အချစ်ဇာတ်လမ်းကို မည်သူ တစ်ဦးတစ်ယောက်ကမျှ သိရှိထားခြင်း မရှိခဲ့ပါမူ မည်သူကမျှလည်း မာရိုဘာကို အာဃာတ ထားတော့မည် မဟုတ်ပေ။ စုံစမ်းစစ်ဆေးရန် ခွင့်ပြုချက်ကို မာမီယာထံမှ ခဲရာခဲဆစ် တောင်းယူနိုင်ခဲ့ပြီးခါမှ စောစောစီးစီး တပ်ခေါက်ပြန်ရတော့မည်လား။

ထိုအခိုက်အတန့်မှာပင် အဆိပ်ဟူသော စကားလုံးကို ကုစာနာဂိ ကြားလာရသည်။

အကယ်၍သာ ကျုကူအိ၏ အမှုဖိုင်တွဲကို နယ်မြေခံရဲစခန်းမှ ဦးစွာ တောင်းယူကြည့်ခဲ့မိပါမူ ယင်းအချက်ကို ပိုမို၍ စောလျင်စွာ သတိထားခဲ့မိပေလိမ့်မည်။ သို့သော် သူသည် ကျုကူအိ၏ မိဘထံသို့ အရင်ဆုံး ဖုန်းဆက်ခဲ့မိသောကြောင့် ကျုကူအိ၏ မိခင်ထံမှ ဝမ်းနည်းကြေကွဲဖွယ် ဇာတ်လမ်းကို နားထောင်ပြီးသည့်နောက်တွင် စုံစမ်းစစ်ဆေးမှု၏ အစီအစဉ်သည်လည်း ကမောက်ကမ ဖြစ်သွားတော့သည်။ ထိုစဉ်က သူ၏ စိတ်ထဲတွင် နယ်မြေခံရဲစခန်းကို အထင်အမြင် သေးသောစိတ်များ ပေါ်ပေါက်သွားခဲ့သည်။ သူတို့သည် ဤအမှုကို မိမိကိုယ်ကိုယ် သေကြောင်းကြံစည်မှုအဖြစ် သတ်မှတ်ထားခဲ့ပြီး ဖြစ်သောကြောင့် အသုံးတည့်မည့် မည်သည့်အချက်အလက်ကိုမျှ သူတို့ထံမှ ရနိုင်လိမ့်မည် မဟုတ်ကြောင်း ယူဆထားခဲ့သည်။

သို့ရာတွင် ... အာဆန်နစ်အက်ဆစ် ...

တိုက်ဆိုင်မှုသက်သက်ပေလော။ ကာလီဟင်း အဆိပ်ခတ်မှု ဖြစ်ပွားပြီးသည့် နောက်တွင် အာဆန်နစ်(စိန်)သည် လူကို သေစေနိုင်သော အဆိပ်တစ်မျိုးဖြစ်ကြောင်း သိရှိသူမှာ များသည်ထက် များလာခဲ့သည်။ ထိုနည်းတူစွာ ၎င်းကို အသုံးပြု၍ လုပ်ကြံသတ်ဖြတ်သူ၊ သို့တည်းမဟုတ် သေကြောင်းကြံသူမှာလည်း ဒီရေပမာ

မြင့်တက်လာခဲ့သည်။

အကယ်၍သာ မာရီဘာအား အသက်ပျောက်စေခဲ့သော အဆိပ်သည် သူ့ရည်းစားဟောင်း သတ်သေစဉ်က အသုံးပြုခဲ့သော အဆိပ်နှင့် အမျိုးတူ ဖြစ်နေခဲ့ပါမူ တိုက်ဆိုင်လွန်းလှချည့်ဟု ဆိုလိုက်ချင်သည်။ ယင်းကိစ္စများ အားလုံးကို လူတစ်ဦးတစ်ယောက်က ရည်ရွယ်ချက်ရှိရှိ စီမံဆောင်ရွက်နေသည်ဟု ယူဆပါက ပို၍ ယုတ္တိတန်မည်လော မဆိုနိုင်။

ကုစာနာဂိ ဤသို့ စဉ်းစားနေသည့် အခိုက်မှာပင် လက်ကိုင်ဖုန်းမှ အသံမြည်လာသည်။ ယုကာဝါထံမှ ဖြစ်သည်။

“ဘာလဲ။ ဆယ်ကျော်သက် ကောင်မလေးတွေလို ဖုန်းတဂွမ်ဂွမ် ဆက်တတ်တဲ့ အကျင့်မျိုး မင်းဆီ ဘယ်တုန်းက ကူးစက်သွားခဲ့တာလဲ”

“မင်းကို အရေးတကြီး ပြောစရာ ရှိလို့ မဆက်ချင် ဆက်ချင်နဲ့ ဆက်ရတာပါကွာ။ ဒီနေ့ တစ်နေရာရာမှာ တွေ့လို့ရမလား”

“တွေ့တာလောက်ကတော့ ရပါတယ်။ ဘာကိစ္စလဲ ဆိုတာတော့ အရင်ပြောမှဖြစ်မယ်။ အဆိပ်ခတ်တဲ့ နည်းလမ်းကို ရှာတွေ့သွားတာတော့ မဟုတ်ပါဘူးနော်”

“‘ရှာတွေ့’ တယ်ဆိုတဲ့ စကားလုံးကို သုံးရင် သိပ်တော့ တိကျမယ် မထင်ဘူး။ လက်တွေ့ မစမ်းသပ်ရသေးဘူး ဆိုပေမယ့် ‘အလုပ်ဖြစ်တဲ့ နည်းလမ်းတစ်ခုကို စဉ်းစားလို့ ရထားပြီ’ လို့ သုံးရင် အမှန်တရားနဲ့ ပိုပြီး နီးစပ်လိမ့်မယ်”

ကုစာနာဂိသည် ဖုန်းကို ခပ်တင်းတင်း ဆုပ်ကိုင်ထားပြီး တွေးနေမိသည်။ ‘ဒီကောင်က စကားပြောရင် အမြဲတမ်း ဝေ့လည်ကြောင်ပတ် ပြောနေရမှ ကျေနပ်တဲ့ အကောင်မျိုးပဲ’

ဤသို့သော စကားမျိုးကို ယုကာဝါထံမှ ကြားရပြီ ဆိုလျှင် စစ်မှန်သော အဖြေကို ရှာတွေ့သွားပြီဟု အကြမ်းအားဖြင့် ယူဆနိုင်လေသည်။

“မင်း ဥကျုမိကိုရော ပြောပြီးပြီလား”

"မပြောရသေးဘူး။ ကြုံတုန်း ပြောရဦးမယ်။ မင်းကိုလည်း လတ်တလော ပြောပြဖို့ အစီအစဉ် မရှိသေးဘူး။ တကယ်လို့ ငါက မင်းကို အကြောင်းစုံ ရှင်းပြဖို့ ခေါ်တယ်လို့ ယူဆနေရင်တော့ မင်းမျှော်လင့်ထားတဲ့အတိုင်း ဖြစ်မလာနိုင်တာမို့ စိတ်မကောင်းပါဘူးလို့ပဲ ကြိုပြောပါရစေ"

"မင်းဟာက ဘာတွေတုံး။ ဒါဆို ငါမေးမယ်ကွာ။ မင်းက ငါ့ကို ဘာပြောမလို့ တွေ့ချင်နေရတာလဲ"

"ရှေ့လျှောက် ဆက်လုပ်သွားမယ့် စုံစမ်းစစ်ဆေးမှုအတွက် အကြံဉာဏ်ပေးမလို့ပေါ့။ ငါ တွေးထားတဲ့ နည်းလမ်းအတိုင်း လုပ်ကြံနိုင်ဖို့အတွက် လိုအပ်ချက်တွေအားလုံး ပြည့်စုံ၏၊ မပြည့်စုံ၏ ငါ ရှင်းရှင်းလင်းလင်း သိရမှ ဖြစ်မယ်"

"ဆိုလိုတာက မင်းက ငါ့ကို အဆိပ်ခတ်တဲ့ နည်းလမ်း မပြောပြတဲ့အပြင် ငါ့ဆီကနေ သတင်းအချက်အလက်တွေကိုတောင် နှိုက်ယူချင်တယ် ဆိုတဲ့သဘောပေါ့။ ရဲဘက်က အမှုစစ်ဆေးလို့ ရလာတဲ့ သတင်းအချက်အလက်တွေကို မဆိုင်တဲ့ အပြင်လူတွေဆီ ပေါက်ကြားခွင့် မရှိဘူးဆိုတာ မင်းလည်း သိပြီးသားနေမှာပါ"

ခေတ္တမျှ ငြိမ်သက်သွားပြီးနောက် ယုကာဝါထံမှ စကားသံ ထွက်ပေါ်လာသည်။

"မင်းက ငါ့ကို အခုလို စာအုပ်ကြီးနဲ့ ကိုင်ပေါက်လိမ့်မယ်လို့ ထင်တောင် ထင်မထားဘူး။ ရှိစေတော့။ တရားခံရဲ့ အဆိပ်ခတ်တဲ့ နည်းလမ်းကို မင်းကို ပြောမပြဘူး ဆိုတာကလည်း ငါ့မှာ အကြောင်းရှိတယ်။ လူချင်းတွေ့မှ မင်းကို ငါ ရှင်းပြတော့မယ်"

"အတော် ဈေးကိုင်တဲ့ကောင်ပဲ။ ငါ အခု မဲဂူရိုရဲစခန်းကို သွားရဦးမယ်။ အဲဒီကနေ အပြန်မှ ကျောင်းကို ဝင်ခဲ့မယ်။ ခန့်မှန်းခြေတော့ ၈ နာရီလောက် ရောက်မယ် ထင်တယ်"

"ဒါဆို အဲဒီအချိန်ကျမှ ငါ့ဆီ ဖုန်းဆက်လိုက်။ ငါက ဓာတ်ခွဲခန်းထဲမှာ ရှိချင်မှ ရှိမှာ"

"ကောင်းပြီလေ"

ဖုန်းချပြီးသည့်နောက်တွင် ကုစာနာဂိသည် ရင်ထဲ တလှပ်လှပ်ဖြစ်ကာ စိတ်စောနေမှုန်း ကိုယ့်ကိုယ်ကိုယ် သတိထားမိလိုက်သည်။ ယုကာဝါ တွေးမိထားသော အဆိပ်ခတ်သည့် နည်းလမ်းမှာ အသို့ ဖြစ်အံ့နည်း။ ကုစာနာဂိသည် ယင်းအဖြေကို မိမိ၏ ကိုယ်စွမ်းကိုယ်စဖြင့် ကြံဆ တွေးခေါ်နိုင်လိမ့်မည်ဟု မယူဆပေ။ သူ စိတ်ပူပန်နေသည့် အချက်မှာ အဆိပ်ခတ်သည့် နည်းလမ်းသာ အမှန်အတိုင်း ဖော်ထုတ်နိုင်ခဲ့ပြီ ဆိုလျှင် အာယနဲ၏ အမှုနှင့် ပတ်သက်စပ်ဆိုင်နေသည့် အနေအထားသည် တစ်နည်းတစ်ဖုံ ပြောင်းလဲမှု ရှိလာပေတော့မည်။

အကယ်၍သာ ယုကာဝါ စိတ်ကူးကြံဆထားသော အဆိပ်ခတ်ပုံ နည်းလမ်းသည် သံမဏိကဲ့သို့ ခိုင်မာကျစ်လစ်သော အာယနဲ၏ အလီဘိုင်ကို ချိုးချေတိုက်လှဲနိုင်ပါမူကား ...

သို့ဆိုလျှင် ထွက်ပေါက်ပိတ်ချေတော့မည်။ အာယနဲအကြောင်း ပြောနေခြင်း မဟုတ်။ ကုစာနာဂိ၏ နောက်ဆုံး ထွက်ပေါက်များကို ပိတ်ဆို့ခံလိုက်ရသည့်နှယ် ခံစားနေရသည်။ ယင်းအခြေအနေသို့ ဆိုက်ရောက်လာခဲ့ပြီ ဆိုလျှင် နောက်ဆုံး၌ သူသည် အာယနဲအား မယုံသင်္ကာသော မျက်ဝန်းများဖြင့် မဖြစ်မနေ ကြည့်ရှုဆက်ဆံရပေတော့မည်။

ယုကာဝါသည် သူ့အား မည်သို့မည်ပုံ ရှင်းပြပါအံ့နည်း။ ယခင်ကဆိုလျှင် ထိုအခိုက်အတန့်ကို သူသည် စိတ်အားထက်သန်စွာ စောင့်စားမျှော်လင့်ခဲ့ရစမြဲ။ ယနေ့မူ ထိုသို့မဟုတ်။ အမည်တပ်ရန် ခဲယဉ်းလှသော ဖိအားတစ်ခုသည် သူ့ရင်ကို မွန်းကျပ်သည်ထက် မွန်းကျပ်လာအောင် ဖိညှစ်ဆုပ်နယ်နေသည်ဟု သူ ခံစားနေရသည်။

မဲဂူရိုရဲစခန်း၏ အစည်းအဝေးခန်းမထဲတွင် ကိရှိတာနိသည် ဖက်ခ်စ်စက္ကူများကို ကိုင်လျက် ကုစာနာဂိကို စောင့်မျှော်နေသည်။ ကျူကူအိ ဂျွန်ကို သတ်သေမှုနှင့် စပ်ဆိုင်သည့် အမှုဖိုင်တွဲကို နယ်မြေခံ ရဲစခန်းမှ ပို့ထားခဲ့လေပြီ။ ထိုအချိန်တွင် မာမီယာသည်လည်း ကိရှိတာနိ၏ အနားတွင် ရှိနေသည်။

"အာစရိ ကျွန်တော့်ကို ဒါ တောင်းခိုင်းရတဲ့ အကြောင်းအရင်းကို ကျွန်တော် သိပြီ။ အဆိပ်ကြောင့် မဟုတ်လား"

ကိရှိတာနိသည် လက်ထဲမှ စက္ကူတစ်ထပ်ကို သူ့အား ကမ်းပေးလိုက်သည်။

ကုစာနာဂိသည် အမှုဖိုင်တွဲကို အလျင်အမြန် ဖတ်ရှုကြည့်သည်။ အစီရင်ခံစာထဲတွင် မှတ်တမ်းတင်ထားချက်များအရ ကျူကူအိ ဂျွန်ကိုသည် သူ့အိမ်၏ ခုတင်ပေါ်တွင် လဲလျောင်း၍ သေဆုံးနေခဲ့သည်။ နံဘေးရှိ စားပွဲပေါ်တွင် ရေတစ်ဝက်ပါသော ဖန်ခွက်တစ်ခွက်နှင့် အဖြူရောင်အမှုန့်များ ထည့်ထားသော ပလတ်စတစ်အိတ်တစ်လုံးကို တွေ့ခဲ့ရသည်။ ၎င်းအဖြူမှုန့်များမှာ အာဆင်နစ် ထရိုင်အောက်ဆိုဒ်ခေါ် အာဆင်နစ်အက်ဆစ်ပင် ဖြစ်သည်။

"သူ အဲဒီတုန်းက အဲဒီအမှုန့်တွေကို ဘယ်က ရထားသလဲဆိုတာ အစီရင်ခံစာထဲမှာ ရေးမထားဘူး။ စုံစမ်းလို့ မရလို့များလား" ကုစာနာဂိက ခေါင်းငုံ့ထားလျက် မေးခွန်းထုတ်လိုက်သည်။

"သူတို့တွေ လုံးလုံးကို မစုံစမ်းခဲ့တာ ဖြစ်မယ်" မာမီယာက ပြောသည်။

"ဒီအမှုက ဘယ်လိုပဲကြည့်ကြည့် သတ်သေမှုပဲ ဖြစ်နေတာဆိုတော့ နယ်မြေခံရဲစခန်းကလည်း အလွယ်တကူ ရနိုင်တဲ့ အာဆင်နစ်ကို အလုပ်ရှုပ်ခံပြီး ဘယ်မှာ စုံစမ်းချင်ပါတော့မလဲ"

"ဒါပေမယ့်လည်း မစ္စတာမာရှိဘရဲ့ ရည်းစားဟောင်းကလည်း အာဆင်နစ်အဆိပ်ကို သုံးပြီး သတ်သေခဲ့တာဆိုတော့ အဲဒီအချက်က အတော်ကြီးကို စိတ်ဝင်စားစရာ ကောင်းနေတယ်။ အာစရိ ... ဒီတစ်ချီတော့ လမ်းကြောင်းတည့်သွားပြီ ထင်တယ်" ကိရှိတာနိက စိတ်လှုပ်ရှားစွာ စကားဆိုလိုက်သည်။

"အဲဒီတုန်းက သုံးခဲ့တဲ့ အဆိပ်ကို နယ်မြေခံရဲစခန်းက သိမ်းထားပါဦးမလား မသိဘူးနော်" ကုစာနာဂိက ပြောသည်။

"ငါ မေးပြီးသွားပြီ။ စိတ်မကောင်းစရာပဲ။ မရှိတော့ဘူးတဲ့။ အမှုက နှစ်နှစ်တောင် ကျော်ခဲ့မှကိုး" မာမီယာက စိတ်မကောင်းသည့် လေသံဖြင့် ပြောသည်။

အကယ်၍သာ လက်ကျန် ရှိနေဦးမည် ဆိုလျှင် ယခုအမှုတွင် အသုံးပြုခဲ့သော အဆိပ်မှုန့်များနှင့် တော့တော့ဆိုင်ဆိုင် နှိုင်းယှဉ်လေ့လာကြည့်နိုင်သည်။

"ဒါနဲ့ ... ရဲဘက်က သူ့မိသားစုတွေကို အဆိပ်အကြောင်း သေသေချာချာ ရှင်းပြခဲ့ပုံ မရဘူး"

ကုစာနာဂိ၏ စိတ်ထဲ ထူးဆန်းအံ့သြနေသည်။

"ဘာကို ဆိုလိုတာလဲ"

"သူ့သမီးက အိပ်ဆေးသောက်ပြီး သတ်သေခဲ့တာပါလို့ ကျုကူအိ ဂျွန်ကိုရဲ့ အမေက ကျွန်တော့်ကို ဖုန်းထဲမှာ ပြောခဲ့တာ။ ရဲဘက်က သူတို့ကို အမှန်အတိုင်း ပြောမပြခဲ့လို့များလား"

"သူတို့ အမှတ်မှားတာလည်း ဖြစ်ချင် ဖြစ်မှာပေါ့"

"အဲဒီလိုလည်း ဖြစ်နိုင်တာပဲ ..."

ကုစာနာဂိက ပြောသည်။ သို့သော် မိမိ၏ သမီးတစ်ယောက် သတ်သေသည့် အကြောင်းကိစ္စနှင့် ပတ်သက်၍ အမှတ်မှားနိုင်ပါမည်လော။ သူ ယုံရခက်နေသည်။

"ဥကျုမိကလည်း အဲဒီလို စကားမျိုး ပြောခဲ့ဖူးတာပဲ။ ... အေးဗျာ၊ အခုမှ အမှုမှန်ပေါ်ဖို့ နီးစပ်သထက် နီးစပ်လာပြီလို့ ခံစားရတော့တယ်" ကိရှိတာနိက ပြောသည်။

ကုစာနာဂိ ခေါင်းထောင်လာသည်။

"ဥကျုမိက ဘာပြောလို့လဲ"

"စုံထောက်ကြီး ဂယ်လီလီယိုက သူ့ကို အကြံတချို့ ပေးလိုက်ပုံ ရတယ်" မာမီယာက ပြန်ဖြေသည်။

"မာရှိဘအိမ်မှာ တပ်ထားတဲ့ ရေသန့်စက်ကို သေသေချာချာ ပြန်စစ်ကြည့်ဖို့ ပြောတယ်။ အဲဒါကို ဘယ်ကို ပို့မယ် ဆိုလား ... နာမည်က ဘာတဲ့"

"Spring-8" ကိရှိတာနိက ပြောသည်။

"ဟုတ်တယ်။ အဲဒါ။ အဲဒီကို ပို့ပြီး နောက်တစ်ကြိမ် စေ့စေ့စပ်စပ် ပြန်စစ်ဆေးဖို့ ဆရာယုကာဝါက ပြောနေတယ်။ အခုလောက်ဆို ဥကျုမိလည်း ပျာတောက်နေရောပေါ့။ ပြန်စစ်ဆေးနိုင်အောင် ခွင့်ပြုမိန့်ကျဖို့ လုံးပမ်းနေလောက်ပြီ"

Spring-8 သည် ဟျိုဂိုစီရင်စုနယ်တွင် တည်ရှိပြီး ကမ္ဘာပေါ်တွင် အကြီးဆုံးသော ဓာတ်ရောင်ခြည် သုတေသနဌာနကြီးတစ်ခု ဖြစ်သည်။ လွန်စွာမှ သေးငယ်မှုန်မွှားသော ပရမာဏုမြူ ကလေးများကိုပင် ရှာဖွေ ဖော်ထုတ်နိုင်စွမ်း ရှိသောကြောင့် ကာလီဟင်း အဆိပ်ခတ်မှုမှ စတင်၍ မှုခင်းဆေးပညာနှင့်ဆိုင်ရာ လုပ်ငန်းများတွင် မရှိမဖြစ်သော အဖွဲ့အစည်းတစ်ခု ဖြစ်လာခဲ့လေသည်။

"ဒါဆို ယုကာဝါက ရေသန့်စက်ထဲမှာ အဆိပ်ခတ်ခဲ့တယ်လို့ ယူဆတာလား မသိဘူး"

"ဥကျူမိ ပြောပုံအရဆိုရင်တော့ အဲဒီအတိုင်း ဖြစ်မှာပဲ"

"ဒါပေမယ့် အဲဒီကောင်က အဆိပ်ခတ်တဲ့ နည်းလမ်းကို ရှာမှ မတွေ့သေး ..."

သူသည် ပြောနေရင်းတန်းလန်း ရပ်တန့်သွားသည်။

"ဘာဖြစ်လို့လဲ"

"ဘာမှ မဖြစ်ပါဘူး။ ကျွန်တော် သူနဲ့ ခဏနေ တွေ့ဖို့ ချိန်းထားတယ်။ သူက အဆိပ်ခတ်တဲ့ ပဟေဠိကို ဖြေရှင်းနိုင်ပြီလို့ ပြောတယ်။ အဲဒီလိုသာ အမှန်ဆိုရင်တော့ သူ ပြောတဲ့ နည်းလမ်းဆိုတာက ရေသန့်စက်ထဲကို အဆိပ်ခတ်တဲ့ နည်းလမ်းပဲ ဖြစ်ရတော့မှာပေါ့"

မာမီယာက ခေါင်းညိတ်လိုက်သည်။

"အရင်က ဥကျူမိလည်း အဲဒီလို စကားမျိုး ပြောခဲ့ဖူးတယ်။ ဆရာက ပဟေဠိကို ဖြေရှင်းနိုင်လိုက်ပြီ ဆိုလား။ ဒါပေမယ့် သူ့ကို တကယ့် အရေးပါတဲ့ အကြောင်းအရာတွေ ပြောပြသေးပုံ မရဘူး။ အဲဒီဆရာက ဉာဏ်ပညာမှာတော့ သူမတူအောင် ထူးချွန်တဲ့ လူတစ်ယောက်ပဲ။ ဒါပေမယ့် ခေါင်းမာနေတာ ခက်တယ်။ တကယ့်ကို မနိုင်စိန်ပဲ"

"သူကလည်း ကျွန်တော့်ကို ပြောပြဖို့ အစီအစဉ် ရှိပုံမရဘူး"

မာမီယာက မချိပြုံး ပြုံးလိုက်လေသည်။

"ထားပါလေ။ သူက ငါတို့ကို အစွမ်းကုန် ကူညီနေတာပဲဥစ္စာ။ ဘာပဲဖြစ်ဖြစ် သူက မင်းကို တကူးတက လှမ်းခေါ်တယ်ဆိုတော့ မင်းကို အသုံးတည့်မယ့် အကြံဉာဏ်တစ်ခုခု ပေးချင်လို့ နေမှာပေါ့။ သူ ဘာပြောမလို့လဲ ဆိုတာ စိတ်ရှည်လက်ရှည်နဲ့ သွားနားထောင်လိုက်ဦးပေါ့ကွာ"

ကုစာနာဂိ တက္ကသိုလ်ပရိဝုဏ်သို့ ရောက်သည့်အခါတွင် ၈ နာရီ ထိုးကျော်လေပြီ။ သူသည် ယုကာဝါ၏ ဖုန်းကို ဆက်သော်လည်း ဖုန်းက မဝင်။ နောက်တစ်ကြိမ် ပြန်ခေါ်ကြည့်သည်။ အချိန်တော်တော်ကြာ မြည်နေပြီးနောက် ဖုန်းကိုင်လေတော့သည်။

"ဆောရီးကွာ။ စောစောက ဖုန်းမြည်သံ မကြားလိုက်ဘူး"

"မင်းအခု ဘယ်မှာလဲ။ ဓာတ်ခွဲခန်းမှာလား"

"မဟုတ်ဘူး။ အားကစားခန်းမထဲမှာ။ နေရာတော့ မှတ်မိသေးတယ် မဟုတ်လား"

"မှတ်မိတာပေါ့ကွ"

ကုစာနာဂိသည် ဖုန်းချပြီး အားကစားရုံဘက်သို့ လျှောက်သွားသည်။ ပင်မတံခါးပေါက်မှ ဝင်ပြီး ညာဘက်သို့ ချိုးလိုက်လျှင် လိပ်ခုံးအမိုးနှင့် မီးခိုးရောင် အဆောက်အအုံတစ်လုံးကို တွေ့မြင်နိုင်သည်။ သူ ကျောင်းတက်နေစဉ် အခါက စာသင်ခန်းထက် ထိုနေရာသို့ အရောက်အပေါက် ပိုများခဲ့သည်။ ယုကာဝါနှင့်လည်း ထိုနေရာ၌ပင် ခင်မင်ရင်းနှီးခဲ့ကြခြင်း ဖြစ်သည်။ ထိုစဉ်က သူတို့နှစ်ယောက်စလုံးမှာ ခန္ဓာကိုယ် သေးသေးသွယ်သွယ်။ ယခုမူ ကျန်းမာကြံ့ခိုင်သော ခန္ဓာကိုယ် အချိုးအစားကို ထိန်းသိမ်းထားနိုင်သူမှာ ယုကာဝါ တစ်ယောက်တည်းသာ ကျန်ရှိတော့သည်။

ကုစာနာဂိသည် ကြက်တောင်ကွင်းဆီသို့ လျှောက်သွားသည်။ အားကစားဝတ်စုံကို ဝတ်ဆင်လျက် ဘက်တံ ကိုင်ထားသော လူငယ်တစ်ယောက်သည် ကွင်းထဲမှ ထွက်လာပြီး ကုစာနာဂိကို မြင်သည့်အခါတွင် ခေါင်းဆတ်၍ နှုတ်ဆက်လိုက်သည်။

လေကာအင်္ကျီ ဝတ်ဆင်ထားသော ယုကာဝါသည် ကြမ်းပြင်တွင် ထိုင်နေသည်။ ကွင်းလယ်တွင် ပိုက်တန်းထားလျက် ရှိသည်ကို ကြည့်ခြင်းအားဖြင့်

မကြာခင်ကမှ ကြက်တောင်ရိုက်ပြီးထားကြောင်း နားလည်နိုင်သည်။

"တက္ကသိုလ်က ဆရာတွေ အတော် သက်ရှည်ကြပါလားလို့ ငါ အရင်ကတည်းက တွေးနေခဲ့တာ။ အခုမှ သဘောပေါက်တော့တယ်။ မင်းတို့က တက္ကသိုလ်ပိုင် အားကစား ပစ္စည်းတွေကို ကိုယ်ပိုင်ပစ္စည်းလို သဘောထားပြီး အလကားမတ်တင်း အသုံးပြုခွင့် ရနေကြတာကိုးကွ"

ကုစာနာဂိ၏ ခနိုးခနဲ့ ဆိုကဲ့ရဲ့သည့် စကားများကို ကြားရသည်တွင် ယုကာဝါသည် မတုန်မလှုပ် ကျောက်ရုပ်အလား ထိုင်မြဲ ထိုင်နေလေသည်။

"မင်း ပြောတဲ့ ကိုယ်ပိုင်ပစ္စည်းလို သဘောထားပြီး သုံးနေတယ် ဆိုတာကတော့ နည်းနည်း များသွားပြီ ငါ့ကောင်။ ငါက သူ့စည်းကမ်းအတိုင်း စာရင်းသွင်းပြီးမှ သူ့အလှည့် ကိုယ့်အလှည့်ကြည့်ပြီး အသုံးပြုရတာကွ။ နောက်ပြီး မင်းပြောခဲ့တဲ့ တက္ကသိုလ်ဆရာတွေက အသက်ရှည်တယ် ဆိုတဲ့ အဆိုမှာလည်း ချွတ်ယွင်းချက် ရှိနေတယ်။ ကျောင်းဆရာတစ်ယောက် လုပ်ချင်ပြီဆိုရင် သူ့ရဲ့ အချိန်နဲ့ ခွန်အားအတော်များများကို ဒီလုပ်ငန်းအပေါ်မှာ အပြည့်အဝ နှစ်မြှုပ်ထားနိုင်ရမယ်။ ဒါကြောင့် အသက်ရှည်လောက်တဲ့အထိသာ ကျန်းမာမနေဘူးဆိုရင် တက္ကသိုလ် ကျောင်းဆရာလည်း လုပ်ဖို့ မဖြစ်နိုင်တော့ဘူး။ မင်းက အကြောင်းအရင်းနဲ့ အကျိုးရလဒ်ကို ဇောက်ထိုးကြီး မြင်နေတာပဲ"

ကုစာနာဂိသည် ချောင်းဟပ်ကာ လက်နှစ်ဖက်ပိုက်လျက် ယုကာဝါကို ငုံ့ကြည့်နေသည်။

"ဆိုစမ်းပါဦး။ ငါ့ကို တွေ့ချင်တာ ဘာကိစ္စလဲ"

"ဒီလောက် လောနေဖို့ လိုလို့လားကွာ။ တစ်ပွဲလောက် ရိုက်လိုက်ကြရအောင်လား"

ယုကာဝါသည် အနားရှိ ဘက်တံနှစ်ချောင်းကို လှမ်းယူပြီး ကုစာနာဂိကို တစ်ချောင်း ကမ်းပေးလိုက်သည်။

"ဟ ... မင်းနဲ့ ဘက်တံရိုက်ရအောင် လာတာ မဟုတ်ဘူး"

"ကိုယ်လုပ်ရမယ့် အလုပ်အပေါ်မှာ အပြည့်အဝ စိတ်နှစ်ပြီး လုပ်နေတဲ့အတွက် မင်းအစား ဂုဏ်ယူမိပါတယ်ကွာ။ ဒါပေမယ့် ငါ

သတိထားမိတာလေးတစ်ခု ပြောပြရဦးမယ်။ ဒီတစ်နှစ်၊ နှစ်နှစ်အတွင်းမှာ မင်းရဲ့ ခါးဆိုဒ်က ၉ စင်တီမီတာလောက် တိုးသွားတယ်။ အဲဒါ ဘာကို ဖော်ပြနေသလဲ ဆိုတော့ အမှုစုံစမ်းဖို့အတွက် မင်း ဟိုဟိုဒီဒီ ပြေးလွှားနေရတာက ကျန်းမာတဲ့ ခန္ဓာကိုယ်အချိုးအစားကို ထိန်းသိမ်းပေးတဲ့နေရာမှာ အကျိုးသက်ရောက်မှု မရှိဘူး ဆိုတဲ့ အချက်ပဲ”

“မင်းက စမ်းကြည့်ချင်တယ် ဆိုပါတော့”

ကုစာနာဂိသည် အပေါ်အင်္ကျီကို ချွတ်ကာ ယုကာဝါ ကမ်းလာပေးသော ဘက်တံကို လှမ်းယူလိုက်သည်။

သူသည် ယုကာဝါနှင့် ယခုကဲ့သို့ ဝမ်းဘိုင်ဝမ်း မရိုက်ရသည်မှာ နှစ်နှစ်ဆယ်မျှပင် ကြာညောင်းခဲ့ချေပြီ။ အတိတ်၏ မှတ်ဉာဏ်များမှာ ဝေဝါးသွားခဲ့ပြီ ဖြစ်သော်လည်း ဘက်တံကို ပြန်လည် ဆုပ်ကိုင်ခွင့်ရသည့် ခဏ၌ပင် လက်ဖဝါးထဲမှ ဘက်တံ၏ အထိအတွေ့၊ ပိုက်တန်း၏ ပုံပန်းသဏ္ဌာန်နှင့် ကြမ်းပြင်၏ ပွတ်တိုက်ထိခတ်သံများသည် သူနှင့် ပြန်လည် ရင်းနှီးလာကြလေသည်။

သို့သော် ကြက်တောင်ရိုက်စဉ် ဘက်တံနှင့် ကြက်တောင်ကို ပိုင်နိုင်စွာ ထိန်းချုပ်နိုင်စွမ်းတို့သည် ယခင်ကဲ့သို့ ပြန်ပေါ်မလာတော့ပေ။ ထိုမျှသာ မကသေး။ သူ၏ ခွန်အားတို့ ဆုတ်ယုတ်လျက် ရှိကြောင်း သူကိုယ်တိုင် ထဲထဲဝင်ဝင် ခံစားသိရှိလိုက်ရသည်။ ယုကာဝါ ပြောခဲ့သည့်အတိုင်း ဆယ်မိနစ်ဟူသော အချိန်တိုလေးအတွင်းမှာပင် သူသည် ဖားဖိုကြီးတစ်ဖိုကဲ့သို့ ရှူးရှူးရှဲရှဲ မြည်လျက် ခြေလက်များ လေးလံလာကြသည်။

တစ်ဖက်ကစားသမား၏ အညာအတာ ကင်းမဲ့သော ရိုက်ချက်ကြောင့် မည်သို့မျှ လက်လှမ်းမမီနိုင်သော နေရာသို့ ကြက်တောင် ပြေးဝင်သွားသည်ကို ငေးကြည့်နေရင်း ကုစာနာဂိသည် ကြမ်းပြင်ပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်လေသည်။

“တကယ့်ကို အိုပြီ ထင်ပါတယ်ကွာ။ ဒါပေမယ့် လက်မောင်းလုံကြွေး ဆိုရင်တော့ ချာတိတ်တွေကိုတောင် အပြတ်လှဲနိုင်သေးတယ်ကွ”

“လက်မောင်းလှဲတယ် ဆိုတာက ညှစ်ထုတ်အားကို အားကိုးရတာ။ အဲဒီ ညှစ်ထုတ်အားကလည်း အသက်အရွယ် ကြီးလာတာနဲ့အမျှ ဆုတ်ယုတ်သွားတတ်တာပဲကွ။ ပြန်ပြီး လေ့ကျင့်ပေးရင် ပြည့်ဖြိုးလာနိုင်တယ်

ဆိုပေမယ့် တောင့်ခံအားကကျတော့ အရင်အတိုင်း ပြန်ရဖို့ မဖြစ်နိုင်သလောက်ပဲ။ နှလုံးလည်း အဲဒီအတိုင်းပဲ။ လေ့ကျင့်ခန်းတွေ ပုံမှန် ပြန်လုပ်ဖို့ မင်းကို အကြံပြုချင်တယ် ငါ့ကောင်"

ယုကာဝါသည် စကားလုံးများကို အေးအေးဆေးဆေး ပြောဆိုနေသည်။ သူ၏ စကားသံထဲတွင် မောဟိုက်နေသည့် အရိပ်အငွေ့များကို လုံးဝ မတွေ့ရပေ။ ကုစာနာဂိသည် ဤအချက်ကို မကျေမချမ်း ဖြစ်နေလေသည်။

သူတို့နှစ်ယောက်သည် နံရံကို မှီထိုင်လိုက်သည်။ ယုကာဝါက ရေဗူးကို ဆွဲထုတ်ပြီး အဖုံးထဲသို့ ရေလောင်းထည့်လိုက်သည်။ ကုစာနာဂိကို ကမ်းပေးလိုက်ရာ ကုစာနာဂိက တစ်ငုံ မော့သောက်လေသည်။ အေးမြသော အားဖြည့်အချိုရည် ဖြစ်နေသည်။

"အခုလို ထိုင်နေရတော့ ကျောင်းသားဘဝကို ပြန်ရောက်သွားသလိုပဲ။ ငါ့ရဲ့ ပုံက ကိုးရိုးကားရားကြီး ဖြစ်နေတာက လွဲလို့ပေါ့ကွာ"

"ပုံမှန် လေ့ကျင့်ခန်း မလုပ်ဘူးဆိုရင် မင်းရဲ့ ရိုက်ချက်တွေက ကိုယ်ခန္ဓာလိုပဲ တစ်နေ့တခြား ဆိုးသထက် ဆိုးသွားဖို့ပဲ ရှိတယ်။ ဒီနှစ်ပိုင်းတွေမှာ ငါက ထရိန်နင်မပျက်ဘူးလို့ ပြောလို့ရတယ်။ မင်းက လုပ်မှမလုပ်ဘဲ။ အဲဒီလောက်ပဲ ကွာတာပါ"

"မင်းစကားက ငါ့ကို နှစ်သိမ့်နေတာလား"

"မဟုတ်ပါဘူး။ မင်းကို ဘာကြောင့် ငါက နှစ်သိမ့်နေရမှာလဲ"

ယုကာဝါ၏ တအံ့တသြ ဖြစ်နေသည့် မျက်နှာကို မြင်ရသည့်အခါတွင် ကုစာနာဂိက မဲ့ပြုံး ပြုံးလိုက်သည်။ သူသည် ရေဗူးအဖုံးကို ယုကာဝါအား ပြန်ပေးပြီး ခပ်တည်တည်ဖြင့် စကားစလိုက်ပြန်သည်။

"အဆိပ်က ရေသန့်စက်ထဲမှာ ခတ်ခဲ့တာလား"

ယုကာဝါသည် "အင်း" ဟု ဆိုကာ ခေါင်းညိတ်ပြသည်။

"ဖုန်းထဲမှာလည်း မင်းကို ငါ ပြောခဲ့ပြီးပြီ။ အခုထိတော့ သက်သေမရှိသေးဘူး။ ဒါပေမယ့် မှားစရာမရှိဘူးလို့ ယူဆတယ်"

“ဒါကြောင့် မင်းက ရေသန့်စက်ကို Spring-8 ပို့ဖို့ ဥက္ကျုမိကို ခိုင်းထားတာလား”

“ငါ မာရှိဘာအိမ်က ရေသန့်စက်နဲ့ တထေရာတည်းတူတဲ့ စက်လေးလုံး ဝယ်ထားတယ်။ အဲဒီအထဲကို အာဆန်နစ်မှုန့်တွေ ထည့်ပြီး ရေနဲ့ အကြိမ်ကြိမ် အထပ်ထပ် ဆေးကြည့်တယ်။ ပြီးတော့မှ အဲဒီအထဲမှာ ဘာတွေ ကြွင်းကျန်ခဲ့မလဲ ဆိုတာကို ငါ လေ့လာကြည့်တယ်။ ငါတို့ ဓာတ်ခွဲခန်းမှာ လုပ်နိုင်တာကတော့ ICP-MS နည်းပဲ။ အင်္ဂလိပ်လို အရှည်ကတော့ Inductively Coupled Plasma Mass Spectrometry လို့ ခေါ်တယ်”

“ဘာရယ် ဘာရယ်”

“နားမလည်လည်း ကိစ္စမရှိပါဘူး။ အဆင့်မြင့်တဲ့ ခြေရာခံနည်းလို့သာ မှတ်ထားလိုက်တော့။ ငါ ရေသန့်စက်လေးလုံးကို စမ်းကြည့်တယ်။ အဲဒီအထဲကမှ ခြေရာခံလို့ ရတာဆိုလို့ ၂ လုံးပဲ ရှိတယ်။ ကျန်တဲ့ ၂ လုံးက တိကျပြတ်သားတဲ့ အဖြေကို ထုတ်မပေးနိုင်ဘူး။ အဲဒီစက်ထဲမှာ သုံးထားတဲ့ ရေစစ်စကာမှာ အင်မတန်မှ ထူးခြားတဲ့ အလွှာတစ်ခု အုပ်ထားတယ်။ အဲဒီအလွှာကြောင့် အင်မတန်မှ သေးငယ်တဲ့ အမှုန်တွေက အဲဒီမှာ ကပ်မနေနိုင်တော့ဘူး။ ငါ ဥက္ကျုမိကို စုံစမ်းခိုင်းကြည့်တော့ ထ.ရ.ဖက ရေသန့်စက်ကို စစ်ဆေးတဲ့အခါမှာ အက်တမ်စုတ်ယူ ခွဲခြမ်းစိတ်ဖြာနည်းကို သုံးခဲ့တယ်တဲ့။ အဲဒီနည်းက ငါသုံးတဲ့နည်းထက် အဆင့်နိမ့်တယ်။ ဒါကြောင့် ငါက သူ့ကို Spring-8 ဆီ ပို့ခိုင်းလိုက်တာ”

“မင်း ဒီလောက်တောင် ပြောနေပြီ ဆိုမှတော့ အပိုင်ဖဲတစ်ချပ် ကိုင်ထားနိုင်ပြီ ထင်တယ်”

“အပိုင်လို့တော့ ပြောလို့ မရသေးဘူး။ ဒါပေမယ့် လတ်တလောအချိန်ထိတော့ အဲဒီတစ်နည်းပဲ ဖြစ်နိုင်စရာ ရှိတော့တယ်”

“ဒါဆို အဆိပ်ကို ဘယ်လို ခတ်ခဲ့တာလဲ။ မင်း အရင်က ရေသန့်စက်ထဲမှာ အဆိပ်ခတ်ခဲ့တယ် ဆိုတဲ့ အယူအဆကို စွန့်လွှတ်လိုက်ပြီလို့ ဥက္ကျုမိဆီက ကြားမိသလိုပဲ”

ကုစာနာဂိ၏ မေးခွန်းကို ဘာမျှ ပြန်မဖြေဘဲ မျက်နှာသုတ်ပဝါကို လက်နှစ်ဖက်ဖြင့် မြဲမြံစွာ ဆုပ်ကိုင်ထားလေသည်။

“အဲဒါ မင်း ပြောမပြနိုင်ဘူး ဆိုတဲ့ အဆိပ်ခတ်နည်းပဲလား”

“ငါ ဥက္ကာမြိုကိုလည်း ပြောခဲ့ဖူးပါတယ်။ မင်းတို့ရဲ့ စိတ်ထဲမှာ ဘက်လိုက်မှုတွေ ဖြစ်ပေါ်လာမှာ ငါ စိုးရိမ်တယ်”

“ငါတို့စိတ်ထဲမှာ ဘက်လိုက်မှု ဖြစ်မဖြစ်နဲ့ အဆိပ်ခတ်တဲ့နည်းက ဘာဆိုင်နေလို့လဲ”

“သိပ်ဆိုင်တာပေါ့” ယုကာဝါသည် ကုစာနာဂိဘက်သို့ လှည့်လာသည်။

“တကယ်လို့သာ လူသတ်တရားခံက ငါ တွေးဆထားတဲ့ နည်းလမ်းအတိုင်း အဆိပ်ခတ်ခဲ့တာ မှန်ရင် တစ်နေရာရာမှာ သဲလွန်စ မကျန်ဘဲ နေမှာ မဟုတ်ဘူး။ ရေသန့်စက်ကို Spring-8 ပို့ပြီး စစ်ဆေးခိုင်းတယ် ဆိုတာကလည်း အဲဒီ သဲလွန်စကို ရှာထုတ်ချင်လို့ပဲ။ ဒါပေမယ့် … ဘာသဲလွန်စမှ မတွေ့ခဲ့ဘူး ဆိုရင်တောင် အဲဒီနည်းလမ်းကို မသုံးခဲ့ပါဘူးလို့ ယတိပြတ် ဆုံးဖြတ်လို့ မရပြန်ဘူး။ အဲဒီနည်းလမ်းက အဲဒီလောက်ကို ထူးခြားနေတယ်”

“ဒါဆို မင်းက ဘာဖြစ်လို့ ငါတို့ကို မပြောပြနိုင်ရတာလဲ”

“ဆိုကြပါစို့ကွာ။ တကယ်လို့သာ ငါက မင်းတို့ကို အဆိပ်ခတ်တဲ့နည်းလမ်း ပြောပြလိုက်ပါပြီတဲ့။ နောက်တစ်ဆင့် လိုအပ်နေတာက သဲလွန်စ ရှာတွေ့ဖို့ပဲ ကျန်တော့တယ်။ ဒါပေမယ့် သဲလွန်စကို မတွေ့ခဲ့ဘူး ဆိုရင် ဘာဆက်လုပ်ကြမလဲ။ အဲဒီအချိန်ကျရင် မင်းတို့က နဂိုရှိပြီးသား အတွေးအမြင်ကို ပြန်ပြင်နိုင်ပါ့မလား။ ဒါမှမဟုတ် ငါ ပြောပြထားတဲ့ နည်းလမ်းကိုပဲ တရားသေပိုက်ပြီး ဆက်ရှာနေမှာလား”

“ဒါတော့ … မင်းပြောတာလည်း မှားတော့ မမှားပါဘူး။ အဲဒီလို အဆိပ်ခတ်တဲ့ နည်းလမ်းကို လူသတ်တရားခံက မသုံးခဲ့ပါဘူး ဆိုတဲ့ အထောက်အထားက ငါတို့ရဲ့ လက်ထဲမှာ ရှိမှ မရှိတာပဲ”

“အဲဒီအချက်ကြောင့် ငါ ဦးနှောက်ခြောက်နေတာပေါ့”

“ဘာကို ဆိုလိုတာလဲ”

“ဘာသက်သေမှ အခိုင်အမာ မပြနိုင်သေးတဲ့ အခြေအနေမျိုးမှာ သံသယမျက်လုံးတွေကို လူတစ်ဦးတစ်ယောက်ရဲ့ ကိုယ်ပေါ်မှာ စုနေတာမျိုး ငါ

မဖြစ်စေချင်ဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ ဒီလောကကြီးထဲမှာ အဲဒီနည်းလမ်းကို သုံးနိုင်တဲ့သူဆိုလို့ တစ်ယောက်တည်းပဲ ရှိတယ်”

ကုစာနာဂိသည် မျက်မှန်၏ နောက်မှ ယုကာ၀ါ၏ မျက်လုံးများကို စူးစိုက်ကြည့်နေသည်။

“မစ္စစ်မာရှိဘလား”

ယုကာ၀ါသည် မျက်တောင်ကို ဖြည်းညင်းစွာ ခတ်လိုက်သည်။ ၎င်းအပြုအမူမှာ ခေါင်းညိတ်လိုက်သည့်နှယ်။

ကုစာနာဂိသည် ထွက်သက်ကို အားရပါးရ မှုတ်ထုတ်လိုက်သည်။

“ထားပါတော့။ ငါလည်း ငါ့နည်းငါ့ဟန်နဲ့ ဆက်ပြီး စုံစမ်းနေဦးမှာပဲ။ အခုဆို သဲလွန်စလေးတစ်ခုတောင် ပေါ်လာပြီ”

“သဲလွန်စ ...”

“ငါ မာရှိဘ ယိုရှီတာကာရဲ့ ရည်းစားဟောင်းကို စုံစမ်းလို့ ရထားတဲ့အပြင် ဒီအမှုနဲ့ ဆက်စပ်နေတဲ့ ဘုံတူညီချက်တစ်ခုကိုလည်း တွေ့ထားပြီ”

ကျူကူအိ ဂျွန်ကို၏ အာဆန်နစ်သောက်၍ သတ်သေခဲ့သည့်ကိစ္စကို ကုစာနာဂိသည် ယုကာ၀ါအား ပြောပြလိုက်သည်။ ယုကာ၀ါသည် တခြားသူအား ထပ်ဆင့် ပြောပြလိမ့်မည်မဟုတ်ဟု သူ ယုံကြည်ထားသည်။

“အဲဒီလိုလား။ လွန်ခဲ့တဲ့ နှစ်နှစ်က ဖြစ်သွားခဲ့တာပေါ့” ယုကာ၀ါသည် ခေါင်းမော့ကာ အ၀េးသို့ ငေးကြည့်နေသည်။

“မင်းက အဲဒီအဆိပ်ခတ်တဲ့နည်းအပေါ် ယုံကြည်ချက် အပြည့်အ၀ ထားထားပုံ ရတယ်။ ဒါပေမယ့် ငါကလည်း ငါ စုံစမ်းနေတဲ့ လမ်းကြောင်းကို မှားနေတယ်လို့ မယူဆဘူး။ ဒီအမှုမှာ အမြှောင်ထားတဲ့ လင်ယောကျ်ားတစ်ယောက်ကို ဇနီးသည်တစ်ယောက်က မလိုမုန်းထားလို့ လက်စားချေတာမျိုး ဖြစ်နိုင်တယ် ဆိုပေမယ့် ငါ့အထင်တော့ ပြဿနာက အဲဒီလောက် ရိုးရှင်းမနေဘူး။ တခြား မြုပ်ကွက်တွေလည်း ရှိနေနိုင်သေးတယ်”

ယုကာဝါသည် ကုစာနာဂိ၏ မျက်နှာကို တည့်တည့်စိုက်ကြည့်ကာ အားရပါးရ ရယ်ချလိုက်သည်။

"ဘာဖြစ်တာတုံးဟ။ လန့်တောင်လန့်တယ်။ ငါ ပြောတာ ဘာများ အမှားပါသွားလို့လဲ"

"မဟုတ်ပါဘူး။ ငါ တွေးကြည့်နေတာ။ ဒီလိုမှန်းသိရင် မင်းကို တကူးတက ခေါ်မနေပါဘူးလို့"

ကုစာနာဂိသည် ဆိုလိုရင်း အဓိပ္ပာယ်ကို နားမလည်သောကြောင့် မျက်မှောင်ကို ကြုတ်လိုက်မိသည်။

ယုကာဝါသည် ခေါင်းတဆတ်ဆတ် ညိတ်ကာ စကားဆက်လေသည်။

"ငါ မင်းကို ခေါ်ရတဲ့ အကြောင်းအရင်းက အဲဒီအချက်ကို ပြောပြချင်လို့ပဲ။ ဒီအမှုရဲ့ ဇာစ်မြစ်က အတော်ကို နက်ရှိုင်းတယ်။ အခင်းမဖြစ်ခင်နဲ့ ဖြစ်ပြီး အခြေအနေလောက်တင် မကဘဲ ဟိုးအတိတ်က အဖြစ်အပျက်တွေကိုပါ စုံနိုင်သမျှ စုံအောင် လိုက်နိုင်ရင် အကောင်းဆုံးပဲ။ စောစောတုန်းက မင်းပြောခဲ့တဲ့ ကိစ္စကလည်း အတော်လေး စိတ်ဝင်စားစရာ ကောင်းတယ်။ အာဆန်နှစ်က အဲဒီတုန်းကတည်းကကို ကိုယ်ထင်ပြနေခဲ့ပြီ"

"မင်းကို ဘယ်လိုမှ နားမလည်နိုင်တော့ဘူး။ မင်းက မစ္စစ်မာရှိဘာကိုပဲ တစ်ချိန်လုံး သံသယ ဝင်နေခဲ့တာ မဟုတ်ဘူးလား။ အဲဒီလိုဆိုမှတော့ အတိတ်အကြောင်းတွေက အဲဒီလောက် အရေးကြီးနေသေးလို့လား"

"အရေးကြီးတယ်။ တော်တော်ကို အရေးကြီးတယ်"

ယုကာဝါသည် ဘက်တံနှင့် ကျော့ပိုးအိတ်ကို ကောက်ယူပြီး မတ်တတ်ထရပ်လိုက်သည်။

"နည်းနည်းတောင် အေးလာပြီ။ ပြန်ကြစို့"

သူတို့နှစ်ဦးသည် အားကစားရုံထဲမှ ထွက်လာပြီး အပေါက်ဝနံဘေးသို့ အရောက်တွင် ယုကာဝါက ခြေလှမ်းများကို တုံ့ရပ်လိုက်သည်။

“ငါ ခေတ္တခွဲခန်း ပြန်တော့မယ်။ မင်းရော။ ကော်ဖီလိုက်သောက်ပါဦးလား”

“မင်း ငါ့ကို ပြောစရာ ကျန်သေးလား”

“ဟင့်အင်း၊ ဘာမှ မကျန်တော့ဘူး”

“ဒါဆိုလည်း မလိုက်တော့ဘူး။ ရဲစခန်းပြန်ပြီး လုပ်စရာ ရှိတာလေးတွေ လုပ်လိုက်ဦးမယ်”

“ကောင်းပြီလေ” ယုကာဝါသည် အနားမှ လှည့်ထွက်သွားသည်။

“ယုကာဝါ” ကုစာနာဂိက လှမ်းခေါ်လိုက်သည်။

“သူ အရင်တုန်းက စပ်ထည်နဲ့ အနွေးထည်တစ်ထည်ချုပ်ပြီး သူ့အဖေကို လက်ဆောင်ပေးခဲ့ဖူးတယ်။ နှင်းပုံထဲမှာ ချော်လဲပြီး ခါးထိသွားမှာ စိုးလို့ဆိုပြီး အဲဒီအနွေးထည်ရဲ့ ခါးနေရာလောက်မှာ ဖော့ထူထူတစ်ခု ထည့်ချုပ်ပေးထားတယ်”

ယုကာဝါက နောက်လှည့်ကြည့်သည်။

“အဲဒီတော့ ...”

“မစ္စစ်မာရှိဘက လက်လွတ်စပယ် လုပ်တတ်တဲ့သူမျိုး မဟုတ်ဘူး။ မလှုပ်ရှားခင်ကတည်းက ဘယ်လိုလုပ်ရင် အကောင်းဆုံး ဖြစ်မလဲဆိုပြီး ကြိုတင် အကွက်ချ စီမံလိမ့်မယ်။ ငါ့အထင်တော့ သူက ယောကျ်ားတစ်ယောက် သစ္စာဖောက်တာကို မခံနိုင်တာနဲ့ပဲ လူသတ်မယ့် လူမျိုးစား မဟုတ်ဘူး”

“အဲဒါက မှုခင်းရဲတစ်ယောက်ရဲ့ ဗီဇသိစိတ်လား”

“သူ့အပေါ်မှာ မြင်ထားတဲ့ ငါရဲ့အမြင်ကို ပြောပြရုံသက်သက်ပါ။ မင်းက ဥက္ကျုမိ အတိုင်းပဲ။ မစ္စစ်မာရှိဘကို ငါက ကျနေတယ်လို့ မင်းတို့ ထင်နေကြတာ မဟုတ်လား”

ယုကာဝါသည် မျက်လွှာကို အောက်သို့ ချလိုက်ပြီး ချက်ချင်းဆိုသကဲ့သို့ ကုစာနာဂိကို လှန်ကြည့်လိုက်သည်။

"မင်း သူ့အပေါ် ကျနေတယ် ဆိုရင်ရော ဘာဖြစ်သေးလဲ။ မင်းက ပျော့ညံ့တဲ့ မှုခင်းရဲတစ်ယောက် မဟုတ်ဘူး ဆိုတာကို ငါ ယုံပြီးသားပါ။ ကိုယ့်ရဲ့ ခံစားချက်အတွက်နဲ့ ယုံကြည်ရာကို စွန့်လွှတ်တတ်တဲ့ လူစားမျိုးမှ မဟုတ်တာ။ နောက်တစ်ချက်က ..."

သူက လက်ညှိုးတစ်ချောင်း ထောင်ကာ ဆက်ပြောသည်။

"မင်း ပြောတာ မမှားဘူး။ သူက နုံတုံတုံ အတတ လူမျိုးထဲက မဟုတ်ဘူး"

"မင်း သူ့ကို သံသယဝင်နေတာ မဟုတ်ဘူးလား"

ယုကာဝါသည် ဘာမျှ ပြန်မဖြေတော့ဘဲ လက်တစ်ဖက်မြှောက်ကာ ဖော့ယမ်းလျက် အနားမှ ထွက်ခွာသွားလေတော့သည်။

(၂၃)

ကုစာနာဂိသည် ဝင်သက်ကို အားရပါးရ ရှူသွင်းလိုက်ပြီး လူခေါ်ခေါင်းလောင်း ခလုတ်ကို နှိပ်ချလိုက်သည်။ သူသည် တံခါးပေါ်တွင် ချိတ်ဆွဲထားသော 'အန်နာဂေဟာ' ဟူသော ဆိုင်းဘုတ်ကို ငေးကြည့်နေရင်း ကိုယ့်ကိုယ်ကိုယ် မေးခွန်းထုတ်နေမိသည်။ ရင်ခုန်သံများ အဘယ်ကြောင့် မြန်နေရသနည်း။

အင်တာကွန်းထဲမှ မေးမြန်းသံ ထွက်မလာဘဲ တံခါးမကြီးသာ တိုက်ရိုက်ပွင့်ဟလာတော့သည်။ အာယနဲ၏ ဖြူဖွေးနေသော မျက်နှာသည် တံခါး၏ အနောက်တွင် ထွက်ပေါ်လာသည်။ မိခင်တစ်ဦးက သားငယ်ကို ကြည့်နေဘိသကဲ့သို့ နူးညံ့ချိုသာသော အကြည့်ဖြင့် ကုစာနာဂိကို စိုက်ကြည့်နေသည်။

"သိပ် အချိန်မှန်တာပဲ"

"အဲ ... ဟုတ်လား"

ကုစာနာဂိက လက်ပတ်နာရီကို ငုံ့ကြည့်သည်။ နေ့ခင်း နှစ်နာရီတိတိ။ သူသည် အာယနဲထံသို့ ကြိုတင်ဖုန်းဆက်ထားပြီး နှစ်နာရီတွင် လာတွေ့မည်ဟု ချိန်းဆိုထားခဲ့သည်။

သူက "အထဲကို ကြွပါ" ဟုဆို၍ ကုစာနာဂိကို အိမ်ထဲသို့ ဝင်စေသည်။

ရှေ့တစ်ခေါက်က ဤနေရာသို့ သူ ရောက်ရှိခဲ့ရသည့် အကြောင်းအရင်းမှာ ဝါကာယာမာ ဟိရောမိအား အမှုစစ်ဆေးရန် လာရောက်ခေါ်ယူခြင်း ဖြစ်သည်။ ထိုစဉ်က သူသည် ဤအခန်းကို စေ့စေ့စပ်စပ် ကြည့်ရှုခွင့် မရခဲ့ပေ။ သို့သော် ယခုအချိန်တွင်မူ ယခင်ကထက် ထူးပြားဆန်းကြယ်သော ကွာခြားချက်တစ်ခု ရှိနေသည်ဟု ခံစားနေရသည်။ အလုပ်စားပွဲနှင့် ပရိဘောဂ ပစ္စည်းများက မည်သို့မျှ ပြောင်းလဲသွားခြင်း မရှိခဲ့။ သို့သော် ကြီးမြတ်သော အရာတစ်ခုခု လစ်ဟာနေသကဲ့သို့ ခံစားနေရသည်။

အာယနဲက သူ့ကို ထိုင်ရန် နေရာပေးသည်။ သူသည် ထိုင်ချလိုက်ပြီးနောက် ဘေးပတ်ပတ်လည်သို့ မျက်စိဝေ့ကြည့်လိုက်သည်။

အာယနဲသည် ရေနွေးကြမ်းခရားအိုးကို ကိုင်လျက် ခွက်ထဲသို့ လက်ဖက်ရည်များ လောင်းထည့်နေသည်။

"နေရာက ရှုပ်ပွခတ်နေတော့ အားနာစရာကြီး။ ဟိရောမိရဲ့ ပစ္စည်းတွေက ဒီလောက်တောင် များနေလိမ့်မယ်လို့ ထင်တောင် ထင်မထားမိဘူး"

ကုစာနာဂိက ခေါင်းညိတ်ပြသည်။

ဟိရောမိ အလုပ်ထွက်တော့မည့် အကြောင်းကို ကြားသိရသည့်အခါတွင် ကုစာနာဂိသည် ထူးဆန်းအံ့သြခြင်း မဖြစ်ခဲ့ပေ။ သဘာဝကျသည့် ကိစ္စတစ်ရပ်ပင် မဟုတ်ပါလော။ မာရိုဘ ယိုရှီတာကာနှင့် တွဲနေသည့် တိတ်တိတ်ပုန်း ဇာတ်လမ်းကို တရားဝင် ဝန်ခံလိုက်ပြီးသည်နှင့် တစ်ပြိုင်နက် ပုံမှန်အားဖြင့် မိန်းကလေးတိုင်း ဤသို့ ပြုလုပ်ကြမည်သာ ဖြစ်သည်။

အာယနဲသည် ဟိုတယ်မှ နေ၍ ဤအခန်းသို့ ယမန်နေ့က ပြောင်းရွှေ့လာခဲ့သည်ဟု ဆိုသည်။ သူသည် သူ့အိမ်သို့ ပြန်နေရန် အစီအစဉ် ရှိသေးပုံ မရ။ ဤသည်ကိုလည်း ကုစာနာဂိ နားလည်ပေးနိုင်သည်။

အာယနဲသည် ရေနွေးကြမ်းခွက်ကို ကုစာနာဂိ၏ အရှေ့သို့ ရွှေ့ပေးလိုက်သည်။

"ဒီနေ့မနက် ကျွန်မ ဟိုကို သွားလိုက်သေးတယ်"

ပြောပြီး အာယနဲသည် ကုစာနာဂိ၏ ရှေ့မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်သည်။

"ခင်ဗျား အိမ်ကိုလား"

သူသည် လက်ချောင်းများကို စားပွဲပေါ် တင်ပြီး ခေါင်းညိတ်လိုက်သည်။

"ကျွန်မ အိမ်ပြန်တာက ပန်းပင်တွေ ရေလောင်းလိုက်ချင်လို့လေ။ ဒါပေမယ့် သူတို့လေးတွေ အကုန်လုံး ခြောက်ကုန်ပြီ"

"ဆောရီးပဲဗျာ။ အိမ်သော့ကို ကျွန်တော့်ဆီမှာ အပ်ထားပါလျက်နဲ့ ကျွန်တော်လည်း အချိန်မအားတာကြောင့် ရေလောင်း မပေးနိုင်ခဲ့ဘူး"

အာယနဲက လက်ကို အလျင်အမြန် ယမ်းခါလိုက်သည်။

"မဟုတ်တာရှင်။ အဲဒီတုန်းကလည်း ကျွန်မက မျက်နှာပြောင်တိုက်ပြီး ဆရာကုစာနာဂိကို အကူအညီ တောင်းခဲ့တာပါ။ ကျွန်မက ရှင့်ကို အပြစ်တင်နေတာ မဟုတ်ရပါဘူးရှင်။ စိတ်မရှိပါနဲ့"

"ကျွန်တော် ပေါ့ဆလို့ ဖြစ်ရတာပဲဗျာ။ နောက် သတိထားပါ့မယ်"

"ရပါတယ်။ မလိုတော့ပါဘူးရှင်။ နောက်ကျရင် ကျွန်မကိုယ်တိုင် နေ့တိုင်း ရေသွားလောင်းပါ့မယ်"

"ဟုတ်လား။ ကူညီ မပေးနိုင်ခဲ့တဲ့အတွက် စိတ်မကောင်းပါဘူး။ ဒါဆိုလည်း အိမ်သော့ကို ခင်ဗျားဆီ ပြန်အပ်ထားတာပဲ ပိုကောင်းလိမ့်မယ် ထင်တယ်"

အာယနဲသည် တဒင်္ဂမျှ စဉ်းစားနေပြီးနောက် ကုစာနာဂိ၏ မျက်နှာကို တည့်တည့်ကြည့်လျက် မေးလိုက်သည်။

"နောက်ကျရင် ရဲဘက်က ကျွန်မအိမ်ကို သွားပြီး စစ်ဆေးဖို့ မလိုအပ်တော့ဘူးလား"

"အဲဒါတော့ မပြောတတ်သေးဘူး"

"အဲဒီလိုဆိုမှတော့ သော့ကို ဆရာပဲ ယူထားလိုက်ပါဦး။ ဆရာတို့ အိမ်ထဲဝင်ပြီး စစ်ဆေးချင်ရင် ကျွန်မဆီ တကူးတက ပြေးလာနေစရာ မလိုတော့ဘူးပေါ့"

"ကောင်းပြီလေ။ ကျွန်တော်ပဲ ဆက်ကိုင်ထားလိုက်ပါ့မယ်"

ကုစာနာဂိသည် ဘယ်ဘက်ရင်အုံကို လက်ဖဝါးဖြင့် ပုတ်ပြလိုက်သည်။ မာရိုဘာအိမ်၏ သော့ကို ၎င်းနေရာရှိ အိတ်ကပ်ထဲတွင် ထည့်ထားခြင်း ဖြစ်သည်။

"ဒါနဲ့ ... ဟိုရေပန်းခရားအိုးကြီးက ဆရာကုစာနာဂိ ဝယ်ထားတာ

ထင်တယ်”

အာယနဲ့၏ စကားကြောင့် ရေနွေးခွက်ကို သောက်ရန် နှုတ်ခမ်းတေ့ထားသော လက်သည် လေပေါ်တွင် ရုတ်တရက် ရပ်တန့်သွားသည်။ အားနေသော တခြားလက်တစ်ဖက်ဖြင့် ခေါင်းကုတ်လျက်

“သံဗူးခွံကို အပေါက်ဖောက်ပြီး ရေလောင်းတဲ့ အိုင်ဒီယာက အတော်တော့ အဟုတ်သားဗျ။ ဒါပေမယ့် ရေပန်းခရားအိုးကြီးနဲ့ လောင်းရင်တော့ ပိုထိရောက်တာပေါ့ဗျာ … ကျွန်တော် ဝင်လျှောရှည်မိပြီ ထင်တယ်”

အာယနဲ့က ပြုံးလျက် ခေါင်းခါနေသည်။

“အဲဒီလောက် ကြီးတဲ့ ရေပန်းခရားမျိုး ဝယ်လို့ရတယ်လို့ ကျွန်မ အရင်က မသိခဲ့ဘူး။ သုံးကြည့်လိုက်တော့ အတော်လေး အဆင်ပြေသား။ ငါ ဘာလို့ အဲဒီလို မတွေးမိပါလိမ့် လို့တောင် စဉ်းစားနေတာ။ ကျေးဇူးပါပဲရှင်”

“အခုလို ကြားရမှပဲ စိတ်ချနိုင်တော့တယ်ဗျာ။ ခင်ဗျားက ဟိုသံဗူးခွံကိုပဲ ပိုသဘောကျနေတာလားလို့ ကျွန်တော်က စိုးရိမ်နေတာ”

“သိပ်ပြီး သဘောကျတယ်လည်း မဟုတ်ပါဘူးရှင်။ အဲဒါကို လွှင့်ပစ်လိုက်ပြီလား”

“ဗျာ … မရဘူးလား”

“ဘယ်ကလာရှင်။ ဆရာ့ကို ဒုက္ခပေးသလို ဖြစ်နေပြီ”

အာယနဲ့သည် ခေါင်းငုံ့လျက် ပြုံးနေစဉ် စာအုပ်စင်ပေါ်တွင် တင်ထားသော ဖုန်းမှ အသံမြည်လာသည်။ သူက “ခဏနော်” ဟု ဆိုကာ မတ်တတ်ထ၍ ဖုန်းသွားကိုင်လေသည်။

“မင်္ဂလာပါရှင်၊ အန်နာဂေဟာကပါ။ … အိုး မစ္စအိုတာလား … ရှင် … ဟုတ်တယ်။ … ဟုတ်လား”

အာယနဲ့သည် ပြုံးမြဲ ပြုံးနေဆဲ။ သို့သော် သူ၏ နှုတ်ခမ်းစွန်းနှစ်ဖက်သည် အနည်းငယ် တင်းမာနေကြောင်း ကုစာနာဂိ တွေ့မြင်နေရသည်။

ဖုန်းချလိုက်ပြီးသည့် နောက်တွင် သူ၏ သူငယ်အိမ်များက ဟိုဟိုဒီဒီ ပြေးလွှားနေလေသည်။

"ဆောရီးပဲနော်" ဟု ဆိုကာ အာယနဲသည် ထိုင်ခုံတွင် ပြန်လာထိုင်သည်။

"ဘာဖြစ်လို့လဲ" ကုစာနာဂိက မေးသည်။

အာယနဲ၏ မျက်ဝန်းထဲတွင် အဖော်မဲ့နေသော အရိပ်အယောင်များ ယှက်သန်းနေသည်။

"သင်တန်းသားတစ်ယောက် ဖုန်းဆက်လာတာပါ။ အိမ်မှာ အလုပ်ကိစ္စ ရှိနေလို့ သင်တန်းကို ဆက်မတက်ဖြစ်တော့ဘူးတဲ့။ သူ ဒီမှာ တက်နေတာ ၃ နှစ်တောင် ရှိသွားခဲ့ပြီလေ"

"ဟုတ်လား။ အိမ်ထောင်ရှင်မတစ်ယောက်က အပြင်ထွက်ပြီး လက်မှုပညာ သင်ရတာ ဆိုတော့ တယ်ပြီး လွယ်လှမယ် မထင်ဘူး"

အာယနဲက ပြုံးရယ်လျက်

"မနေ့ကတည်းက စပြီး သင်တန်းသားတွေက တစ်ယောက်ပြီးတစ်ယောက် ဖုန်းဆက်လာကြတယ်။ သင်တန်း ဆက်မတက်ဖြစ်တော့ဘူး ဆိုတဲ့ အကြောင်းပေါ့။ ဒါနဲ့ပါဆို ငါးယောက် ရှိပြီ"

"အမှုနဲ့ သက်ဆိုင်နေလို့လား"

"အဲဒီသက်ရောက်မှုလည်း ပါချင် ပါမှာပေါ့။ ဒါပေမယ့် အဓိက အကြောင်းအရင်းကတော့ ဟိရောမိ အလုပ်ထွက်သွားလို့ပါ။ ဒီနှစ်ပိုင်းအတွင်းမှာ ဟိရောမိကပဲ တာဝန်ယူပြီး သင်ပေးနေတာလေ။ ဒီသင်တန်းသားတွေ အားလုံးက ပြောမယ်ဆိုရင် သူ့တပည့်တွေချည်းပဲ"

"ဒါဆို ဆရာ အလုပ်ထွက်သွားလို့ တပည့်တွေက ဆက်မတက်ချင်တော့တဲ့ သဘောပေါ့"

"အဲဒီလောက်လည်း သူ့အပေါ် သံယောဇဉ် ရှိလို့ ဟုတ်ချင်မှ ဟုတ်မှာပါ။ သင်တန်းသားတွေက ဒီကျောင်းအပေါ် ဖီးမလာတော့တာလည်း ဖြစ်ချင် ဖြစ်မှာပေါ့။

မိန်းမတွေက အဲဒီလိုမျိုး ကိစ္စတွေမှာ သိပ်ကို ဇီဇာကြောင်တတ်တာ မဟုတ်လား''

''အင်း ...''

ကုစာနာဂိ၏ နှုတ်မှ အင်းဟုသာ ဝတ်ကျေတန်းကျေ ထူးလိုက်ရသည်။ သူ့စိတ်ထဲတွင်မူ နားလည်ရ ခက်ခဲနေဆဲ။ သူတို့သည် အာယနဲထံမှ ပညာသင်ချင်သောကြောင့်သာ လာတက်နေခြင်း မဟုတ်လော။ ယခုအခါတွင် အာယနဲ၏ တိုက်ရိုက်သင်ကြားပေးမှုကို လက်ခံရရှိတော့မည် ဖြစ်သောကြောင့် သင်တန်းသားများသည် ပို၍ပင် ပျော်ရွှင်ဝမ်းမြောက်သင့်သည် မဟုတ်ပါလော။ သူ၏ အတွေးအာရုံထဲတွင် ဥကျုမြိ၏ ရုပ်ပုံ ထွက်ပေါ်လာသည်။ သည်ကောင်မလေးသာဆိုလျှင် ယင်းခံစားချက်ကို ကိုယ်ချင်းစာနိုင်မည်လားဟု မဆိုနိုင်။ ကုစာနာဂိ တွေးနေမိသည်။

''ကျွန်မအထင်တော့ ရှေ့လျှောက်လည်း သင်တန်းနားမယ့် ဖုန်းတွေ ဆက်ဝင်လာဦးမှာပဲ။ ဒါမျိုးကိစ္စက သံကွင်းဆက်သက်ရောက်မှုလို ဖြစ်ရင် အတွဲလိုက် အတွဲလိုက် ဖြစ်တတ်တာမျိုး မဟုတ်လား။ ဒါကြောင့် သင်တန်းတွေ အားလုံးကို ယာယီဖြစ်ဖြစ် ရပ်နားပစ်လိုက်တော့မယ်လို့ ကျွန်မ စဉ်းစားနေတာ''

အာယနဲသည် မေးစေ့ကို လက်နှစ်ဖက်ဖြင့် ထောက်လျက် စကားကို ဆုံးအောင် ပြောပြီးသည့်နောက်တွင် ခါးကို ဆတ်ကနဲ မတ်ချပစ်လိုက်သည်။

''ဆောရီးပါရှင်။ ဆရာကုစာနာဂိနဲ့ မဆိုင်တဲ့ စကားတွေကို ပြောနေမိတယ်''

အာယနဲက သူ့ကို စိုက်ကြည့်နေသောကြောင့် ကုစာနာဂိသည် အကြည့်ကို ကြမ်းပြင်ပေါ်သို့ လွှဲချပစ်လိုက်သည်။

''အခုလို ဖြစ်နေတော့ ခင်ဗျားလည်း စိတ်ချမ်းသာမယ် မထင်ဘူး။ ကျွန်တော်တို့ ဒီအမှုကို တရားခံပေါ်အောင် အမြန်ဆုံး ကြိုးစားပါ့မယ်။ ဒီကြားထဲမှာတော့ ပေါ့ပေါ့ပါးပါးပဲ နေလိုက်ပေါ့ဗျာ''

''ဟုတ်တယ်။ တစ်ယောက်တည်း စိတ်ပြေလက်ပျောက် ခရီးလေးဘာလေး ထွက်ရမယ်''

''အဲဒီအစီအစဉ် မဆိုဘူး''

"ပေါ့ပေါ့ပါးပါးနဲ့ ခရီးမထွက်ရတာလည်း အတော်ကြာသွားပြီ။ အရင်တုန်းကတော့ ကျွန်မတစ်ယောက်တည်း နိုင်ငံခြားတောင် သွားခဲ့ဖူးသေးတယ်"

"ခင်ဗျား အရင်က အင်္ဂလန်မှာ ပညာသွားသင်ခဲ့ဖူးသေးတယ် မဟုတ်လား"

"ကျွန်မ မိဘတွေဆီက ကြားခဲ့တယ် ထင်တယ်။ အဲဒါ ပဝေသဏီက ကိစ္စတွေပါရှင်"

အာယနဲသည် တစ်ခဏမျှ ခေါင်းကို ငုံ့လိုက်ပြီးနောက် ချက်ချင်း ပြန်မော့လိုက်သည်။

"ဒါနဲ့ ကိစ္စတစ်ခုလောက် ဆရာကုစာနာဂိကို အကူအညီ တောင်းချင်တယ်။ အဆင်ပြေမယ် ဆိုရင်ပေါ့"

"ဘာများလဲ"

ကုစာနာဂိသည် ရေနွေးကြမ်းတစ်ငုံ သောက်ပြီး ခွက်ကို စားပွဲပေါ် ပြန်တင်လိုက်သည်။

"ဒီနံရံကို ကြည့်ကြည့်ပါဦး။ တစ်ခုခု ဟာမနေဘူးလား"

အာယနဲသည် နံဘေးရှိ နံရံဘက်သို့ ခေါင်းငဲ့ကာ မေးထိုးပြသည်။

နံရံသည် အမှန်ပင် ဟာလာဟင်းလင်း ဖြစ်နေသည်။ ယခင်က တစ်စုံတစ်ခု ချိတ်ဆွဲထားခဲ့ဖူးသောကြောင့် လေးထောင့်စပ်စပ် အရိပ်တစ်ခုသာ ထင်ကျန်နေသည်။

"အရင်က ဒီနေရာမှာ စပ်ထည်ပန်းချီကားတစ်ကား ချိတ်ထားခဲ့ဖူးတယ်။ အဲဒါက ဟိရောမိရဲ့ လက်ရာလေ။ ဒါကြောင့် ကျွန်မ သူ့ကို လက်ဆောင်ပေးလိုက်တယ်။ ဒီတော့ ဒီနေရာမှာ ကွက်လပ်ကြီး ဖြစ်သွားတော့တာပေါ့။ ဒါကြောင့် တစ်ခုခု ချိတ်မလားလို့ ကျွန်မ စဉ်းစားနေတာ"

"ဟုတ်လား။ ဘာချိတ်မယ် စိတ်ကူးထားလဲ"

"အင်း၊ ဒီနေ့ အိမ်ကနေ သယ်လာခဲ့တယ်"

အာယနဲသည် မတ်တတ်ရပ်ပြီး အခန်းထောင့်တွင် ချထားသော စက္ကူအိတ်ကြီးတစ်လုံးကို သယ်ဆောင်လာသည်။ အိတ်မှာ ဘေးနှစ်ဖက် ဖောင်းကားနေသည်။

"ဘာကြီးလဲ" ကုစာနာဂိက မေးသည်။

"ကျွန်မတို့ အိပ်ခန်းထဲမှာ ချိတ်ထားတဲ့ စပ်ထည်ပန်းချီကားပါ။ ဟိုဘက်မှာ ဒီအတိုင်း ပစ်ထားရတာ ဆိုတော့"

"ဟုတ်တာပေါ့" ကုစာနာဂိသည် မတ်တတ်ထရပ်လိုက်သည်။

"ဒါဆိုလည်း အခုပဲ ချိတ်လိုက်ကြရအောင်လား"

"အင်း" ဟု ဆိုကာ အာယနဲသည် ပစ္စည်းကို ဆွဲထုတ်ရန် စက္ကူအိတ်ထဲသို့ လက်နှိုက်လိုက်လေသည်။ သို့သော် သူ ရပ်တန့်သွားသည်။

"အယ် ... ဆရာကုစာနာဂိရဲ့ လာရင်းကိစ္စကို အရင် လုပ်လိုက်တာ ကောင်းမယ် ထင်တယ်။ ဒီနေ့ ကျွန်မကို လာတွေ့တာ အကြောင်းရှိလို့ မဟုတ်လား"

"ကိစ္စ မရှိပါဘူး။ ခင်ဗျားရဲ့ ပန်းချီကားကို အရင် ချိတ်ကြတာပေါ့"

အာယနဲသည် အလေးအနက်ထားသော မျက်နှာဖြင့် ခေါင်းကို ခါယမ်းလိုက်သည်။

"မဟုတ်သေးပါဘူး။ ဆရာက အလုပ်ကိစ္စအတွက်နဲ့ လာတာပဲ ဥစ္စာ။ အဲဒီအလုပ်ကို အရင် ပြီးအောင် လုပ်မှ ဖြစ်မှာပေါ့"

ကုစာနာဂိက မချိပြုံးပြုံးလျက် ခေါင်းညိတ်ပြသည်။ အိတ်ကပ်ထဲမှ မှတ်စုစာအုပ်ကို ဆွဲထုတ်ပြီး အာယနဲကို နောက်တစ်ကြိမ် မော့ကြည့်လိုက်သည့်အခါတွင် သူ၏ နှုတ်ခမ်းမှာ ခပ်တင်းတင်း စေ့ပိတ်ထားလေသည်။

"ဒါဆို ကျွန်တော် မေးခွန်းတချို့ မေးပါရစေ။ ခင်ဗျားအတွက် စိတ်မကောင်းစရာတွေ ဖြစ်လာနိုင်ပေမယ့် အမှုမှန်ပေါ်ဖို့အတွက် လုပ်ရတာဆိုတော့ မမေးမဖြစ် မေးရမှာမို့ ကျွန်တော့်ကို ခွင့်လွှတ်ပေးပါ"

“ရပါတယ်”

“ခင်ဗျားခင်ပွန်းနဲ့ ခင်ဗျားတို့ မတွေ့ဆုံကြခင်က သူနဲ့ တွဲနေတဲ့ အမျိုးသမီးရဲ့ နာမည်ကို ကျွန်တော်တို့ စုံစမ်းလို့ ရထားပါပြီ။ သူ့နာမည်က ကျုကူအိ ဂျွန်ကိုတဲ့။ ခင်ဗျား အဲဒီနာမည်ကို ကြားဖူးလား”

“ကျုကူအိ ...”

“ကျုကူအိ ဂျွန်ကိုပါ” ကုစာနာဂိသည် မှတ်စုစာအုပ်ပေါ်တွင် ရေးထားသော ၎င်းနာမည်ကို အာယနဲအား ထောက်ပြသည်။

အာယနဲသည် ကုစာနာဂိကို စိုက်ကြည့်၍ ပြန်ဖြေသည်။

“မကြားဖူးပါဘူး။ အခုမှ ကြားဖူးတာပဲ”

“ဒါဆို ရုပ်ပြပန်းချီဆရာ အကြောင်းကိုရော ခင်ဗျားခင်ပွန်းဆီက ကြားဖူးထားတာ ရှိလား”

“ရုပ်ပြပန်းချီဆရာ ...” အာယနဲသည် မျက်မှောင်ကြုတ်လျက် အသည်းအသန် စဉ်းစားနေသည်။

“ကျုကူအိ ဂျွန်ကိုက ရုပ်ပြပန်းချီ ဆွဲတဲ့ လူတစ်ယောက်ပါ။ ဒါကြောင့် ခင်ဗျားရဲ့ ခင်ပွန်းက အတိတ်ကအကြောင်းတွေကို ပြန်ပြောပြတဲ့အခါမှာ အဲဒီလို သူငယ်ချင်းတစ်ယောက် ရှိခဲ့ဖူးကြောင်း ပြောများ ပြောခဲ့ဖူးမလားလို့”

အာယနဲသည် ကြမ်းပြင်ကို ငေးကြည့်လျက် လက်ဖက်ရည်ကို သောက်နေသည်။

“ဆောရီးပဲ။ ရုပ်ပြကာတွန်းတို့၊ ရုပ်ပြပန်းချီဆရာတို့ အကြောင်းတွေကို ကျွန်မခင်ပွန်းဆီက တစ်ခါမှ မကြားဖူးဘူး။ တကယ်လို့သာ သူ ပြောဖူးတာ မှန်ရင်တော့ ကျွန်မ မမှတ်မိဘဲ မနေပါဘူး။ အဲဒါတွေက သူနဲ့ ပြဒါးတစ်လမ်း သံတစ်လမ်းတွေ မဟုတ်လား”

“ဟုတ်လား။ အဲဒီလိုဆိုရင်လည်း ဘာတတ်နိုင်ဦးမှာလဲ”

“ဒါနဲ့ … အဲဒီတစ်ယောက်က အမှုနဲ့ ဘယ်လို ပတ်သက်နေလို့လဲ” အာယနဲက မေးသည်။

“အတိအကျတော့ မပြောနိုင်သေးဘူး။ ကျွန်တော်တို့ စုံစမ်းနေတုန်းပါ”

“ဪ”

သူက မျက်လွှာကို ချထားလိုက်သည်။ မျက်တောင်ကို တဖျပ်ဖျပ် ခတ်လိုက်သည့် အခါတိုင်း၌ သူ၏ ကော့ညွတ်ရှည်လျားသော မျက်တောင်မွေးများ လေထဲတွင် လွန့်လူး လှုပ်ရှားသွားလေသည်။

“နောက်ထပ် မေးခွန်းတစ်ခုလောက် ထပ်မေးပါရစေ။ ဒီလိုမေးခွန်းမျိုးကို မမေးသင့်ဘူး ဆိုပေမယ့် ကာယကံရှင်နှစ်ယောက်စလုံးက ဒီလောကမှာ မရှိကြတော့ဘူး ဆိုတော့”

“နှစ်ယောက် …” အာယနဲက ခေါင်းမော့ကြည့်သည်။

“ဟုတ်တယ်။ တကယ်တော့ စောစောက ပြောတဲ့ ကျုကူအိ ဂျွန်ကိုဆိုတဲ့ အမျိုးသမီးက လွန်ခဲ့တဲ့ နှစ်နှစ်က ကွယ်လွန်သွားခဲ့တယ်”

အာယနဲက “ဪ” ဟု ဆိုကာ မျက်လုံးများ ပြူးကျယ်သွားသည်။

“ခင်ဗျားရဲ့ ခင်ပွန်းက ကျုကူအိ ဂျွန်ကိုနဲ့ တွဲနေတဲ့ အချိန်မှာ သူ့အသိုင်းအဝိုင်းမှာ ရှိတဲ့ လူတွေကို အသိမခံခဲ့ဘူးလို့ ယူဆရတယ်။ ဒီတော့ ကျွန်တော်တို့မှာ အတော်ကို ခက်ခက်ခဲခဲနဲ့ စုံစမ်းယူခဲ့ရတယ်။ ဘာဖြစ်လို့ အဲဒီလုပ်ခဲ့ရတယ်လို့ ခင်ဗျား ထင်သလဲ။ ခင်ဗျားခင်ပွန်းနဲ့ ခင်ဗျား တွဲနေတုန်းကရော သူက အဲဒီလိုပဲ တိတ်တိတ်ပုန်း တွဲခဲ့တာလား”

အာယနဲသည် လက်ဖက်ရည်ပန်းကန်လုံးကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လျက် အတန်ကြာ စဉ်းစားနေသည်။ ထို့နောက် ခေါင်းမော့လာပြီး

“ကျွန်မတို့ တွဲခဲ့ကြတုန်းကတော့ ကျွန်မခင်ပွန်းက အဲဒီလို လူအသိမခံတာမျိုး မလုပ်ခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မနဲ့သူနဲ့ ပထမဆုံး စတွေ့ကြတုန်းက သူရဲ့ အခင်ဆုံးသူငယ်ချင်းဖြစ်တဲ့ မစ္စတာအီကာအိလည်း အနားမှာ ရှိနေတာပဲဟာ”

"အင်း၊ ဟုတ်တာပဲ"

"ဒါပေမယ့် အဲဒီတုန်းကသာ အနားမှာ မစ္စတာအီကာအိ ရှိမနေဘူးဆိုရင် ကျွန်မရဲ့ ခင်ပွန်းက ကျွန်မတို့အကြောင်းကို တခြားလူတွေ မသိအောင် တတ်နိုင်သလောက် ဖုံးဖိဖို့ ကြိုးစားနေမလားတော့ မပြောတတ်ဘူး"

"ဘာဖြစ်လို့လဲ"

"လူမသိရင် နောက်ပိုင်း လမ်းခွဲရလွယ်တယ်လေ။ အနားကလူတွေ တောင်တောင်ဤဤ လျှောက်ပြောမှာလည်း ပူစရာ မလိုတော့ဘူးပေါ့။ မဟုတ်ဘူးလား"

"ဒါဆို သူက အစကတည်းက လမ်းခွဲဖို့အတွက်ပါ ကြိုတင် ပြင်ဆင်ထားတယ် ဆိုပါတော့"

"ဒီလိုပြောရင် ပိုမှန်မယ် ထင်တယ်။ ကလေး မွေးမပေးနိုင်တဲ့လူအတွက် ကြိုတင် ပြင်ဆင်ထားတယ်ပေါ့ရှင်။ သူရဲ့ ရည်ရွယ်ချက်က အဲဒီအခြေအနေ ရောက်ပြီဆိုတာနဲ့ ခပ်မြန်မြန် တိကနဲ ဖြတ်ချပစ်နိုင်ဖို့ပဲ။ သူ့အတွက်ကတော့ အိမ်ထောင်မပြုခင်ကတည်းက ကိုယ်ဝန်ရှိနေတဲ့ အာမခံချက်မျိုး ပိုပြီး လိုချင်တယ်"

"ဒီလိုဆိုတော့ ကလေးမွေးခြင်းက သူ့အတွက် အိမ်ထောင်ပြုခြင်းရဲ့ တစ်ခုတည်းသော ရည်ရွယ်ချက်ပေါ့။ ဒါပေမယ့် ခင်ဗျားတို့နှစ်ယောက်က ကိုယ်ဝန်ရှိလာလို့ အိမ်ထောင်ပြုခဲ့ကြတာမှ မဟုတ်ဘဲ။ ဘာဖြစ်လို့လဲ"

အဓိပ္ပာယ်ပါသော အပြုံးဖြင့် ပြုံးနေသည့် အာယနဲ၏ မျက်ဝန်းများထဲတွင် နားလည်ရန် ခက်ခဲသော လင်းရောင်ခြည်များကို ပထမဆုံးအကြိမ်အဖြစ် တွေ့မြင်လိုက်ရသည်။

"အကြောင်းအရင်းက ရိုးရိုးလေးပါ။ ကျွန်မက သူ့ကို ခွင့်မပြုခဲ့ဘူးလေ။ အိမ်ထောင်မပြုမချင်း ကျွန်မတို့ အကာအကွယ်သုံးပြီး နေကြမယ်လို့ သဘောတူထားခဲ့ကြတာ"

"ဒါဆို ကျုကူအိ ဂျွန်ကိုနဲ့ တွဲနေကြတဲ့ ကာလအတွင်းမှာ ခင်ဗျားယောက်ျားက အကာအကွယ် မသုံးခဲ့ဘူးလို့ ယူဆရတော့မှာပေါ့"

ဤသို့သော စကားမျိုးကို အာယနဲ၏ အရှေ့တွင် ပြောဆိုရသည်မှာ ဝန်လေးဖွယ် ကောင်းလှသည်။ သို့သော် ကုစာနာဂိသည် ဘာကိုမျှ ဂရုမစိုက်နိုင်တော့ပေ။

"အဲဒီလိုပဲ ဖြစ်မယ် ထင်ပါတယ်။ ဒါကြောင့် နောက်ဆုံးကျတော့ အဲဒီမိန်းမက စွန့်ပစ်ခံခဲ့ရတာပေါ့"

"စွန့်ပစ်ခံရတယ် …"

"ကျွန်မရဲ့ ခင်ပွန်းက အဲဒီလို လူစားမျိုးလေ"

သူ၏ မျက်နှာပေါ်တွင် အပြုံးတစ်ခု ခိုတွဲရစ်သီနေသည်။ ဝမ်းသာစရာကောင်းသော အကြောင်းအရာတစ်ခုကို မြိန်ရေရှက်ရေ ပြောဆိုနေရသည့်နှယ်။

ကုစာနာဂိသည် မှတ်စုစာအုပ်ကို သိမ်းလိုက်သည်။

"ကျွန်တော် နားလည်ပါပြီ။ အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးပါပဲ"

"မေးလို့ ပြီးသွားပြီလား"

"ပြီးပါပြီ။ ဆောရီးဗျာ။ စိတ်ထိခိုက်စရာ အကြောင်းတွေကို အစ ပြန်ဖော်ပေးလိုက်သလို ဖြစ်သွားတယ်"

"ရပါတယ်။ ကျွန်မခင်ပွန်းနဲ့ မတွေ့ခင်တုန်းကလည်း ကျွန်မ တခြား ယောကျ်ားလေးတွေနဲ့ တွဲခဲ့ဖူးတာပဲဥစ္စာ"

"ဩော်၊ ဟုတ်ကဲ့"

ကုစာနာဂိက မျက်နှာမဲ့သွားသော်လည်း အာယနဲမှာမူ အပြုံး မပျက်ပေ။

"အယ် … ကျွန်တော် ခင်ဗျား ပန်းချီကားကို နံရံမှာ ချိတ်ပေးမယ်လေ"

အာယနဲသည် "ဟုတ်ကဲ့" ဟု ဆိုကာ စက္ကူအိတ်ထဲသို့ လက်နှိုက်လိုက်ပြန်သည်။ သို့သော် ချက်ချင်းပင် စိတ်ကူး ပြောင်းသွားသည့် အလား

လက်ကို ပြန်ထုတ်လိုက်ပြန်သည်။

“ဒီနေ့တော့ ထားလိုက်ပါတော့ရှင်။ သေချာစဉ်းစားကြည့်တော့ နံရံပေါ်မှာလည်း သန့်ရှင်းရေး မလုပ်ရသေးဘူး။ နံရံပေါ် သန့်သန့်ပြန့်ပြန့် ဖြစ်အောင် လုပ်ပြီးမှ ကျွန်မဘာသာပဲ ချိတ်လိုက်ပါတော့မယ်”

“အဲဒီလိုလား။ ဒီနေရာမှာသာ ချိတ်လိုက်မယ်ဆိုရင် အတော်ကို လှသွားမှာ။ အကူအညီလိုအပ်ရင် အားမနာပါနဲ့ဗျာ။ အချိန်မရွေးပြောပါ”

“ကျေးဇူးပါရှင်” အာယနဲက ဦးညွတ်လိုက်သည်။

အန်နဲဂေဟာမှ ထွက်ခွာလာပြီးနောက်တွင် စောစောက မေးမြန်းခဲ့သော မေးခွန်းများ၊ အာယနဲ၏ ဖြေဆိုမှုများ၊ ထိုအဖြေများအပေါ် သူ၏ တုံ့ပြန်မှု၊ စသည်တို့ကို ပြန်လည် ဆင်ခြင်ကြည့်နေမိသည်။ ထိုသို့ ပြန်လည်စဉ်းစားနေစဉ် သူ၏ ဦးခေါင်းထဲ၌ အသံတစ်သံ ထွက်ပေါ်လာသည်။ ယုကာဝါ၏ အသံ။

“မင်းက ပျော့ညံ့တဲ့ မှုခင်းရဲတစ်ယောက် မဟုတ်ဘူး ဆိုတာကို ငါ ယုံပြီးသားပါ။ ကိုယ့်ရဲ့ ခံစားချက်အတွက်နဲ့ ယုံကြည်ရာကို စွန့်လွှတ်တတ်တဲ့ လူစားမျိုးမှ မဟုတ်တာ”

သူ့စကား မှန်ပါစေဟု ကုစာနာဂိ ဆုတောင်းနေမိတော့သည်။

(၂၄)

ဟီရိုရှီးမားဘူတာသို့ မကြာခင် ဆိုက်ရောက်တော့မည် ဖြစ်ကြောင်း ကြေညာသံ ထွက်ပေါ်လာသည်။ ဥကျူမိသည် နားကြပ်ကို ဖြုတ်၍ အိုင်ပေါ့နှင့်အတူ အိတ်ထဲသို့ ထိုးထည့်ကာ မတ်တတ်ထရပ်လိုက်သည်။

ဘူတာရုံ လူသွားစင်္ကြံပေါ်သို့ ရောက်ရှိသောအခါတွင် သူသည် မှတ်စုစာအုပ်ထဲမှ လိပ်စာကို နောက်တစ်ကြိမ် ပြန်ဖတ်ကြည့်သည်။ ကျူကူအိ ဂျွန်ကို၏ မိဘအိမ်သည် ဟီရိုရှီးမားမြို့၏ အရှေ့ဘက်ခြမ်းရှိ တာကာယာချိုစီရင်စုတွင် ရှိသည်။ အနီးဆုံးဘူတာမှာ နိရှိ-တာကာယာ ဖြစ်သည်။ ယနေ့ လာရောက်မေးမြန်းမည့် အကြောင်းကို ဂျွန်ကို၏ မိခင်အား ဖုန်းဆက် အကြောင်းကြားထားပြီးခဲ့ပြီ။ ယခင်ကလည်း ကုစာနာဂိသည် ဂျွန်ကို သေကြောင်းကြံခြင်းနှင့် ပတ်သက်သော အကြောင်းအချက်များကို ဖုန်းဆက်၍ မေးမြန်းထားခဲ့သောကြောင့် ဖြစ်မည် ထင်သည်။ ဂျွန်ကို၏ မိခင် - ကျူကူအိ ယိုကိုသည် ဥကျူမိနှင့် ဖုန်းပြောနေစဉ် တုံ့ဆိုင်းတုံ့ဆိုင်းနှင့် ဇဝေဇဝါ ဖြစ်နေဟန် တူသည်။ အဘယ်ကြောင့် ယခုအချိန်တွင် ဤကိစ္စကို ပြန်လည် စိတ်ဝင်စားနေရသေးသနည်းဟုလည်း နားမလည်နိုင်စွာဖြင့် အံ့သြထူးဆန်း၍လည်း နေပေလိမ့်မည်။

ဟီရိုရှီးမားဘူတာသို့ ဆိုက်ရောက်သည့်အခါတွင် သူသည် ကုန်စုံဆိုင်လေးတစ်ဆိုင်မှ ရေသန့်ဗူးတစ်ဗူး ဝယ်ယူပြီး စန်ယိုပင်မရထားလိုင်းကို တက်စီးလိုက်သည်။ နိရှိ-တာကာယာဘူတာသို့ ရောက်ရန် နောက်ထပ် ၉ ဘူတာ၊ အချိန်အားဖြင့် ၄၅ မိနစ်ကြာ စီးရပေဦးမည်။ ဥကျူမိသည် အိတ်ထဲမှ အိုင်ပေါ့ကို နောက်တစ်ကြိမ် ပြန်ထုတ်ပြီး ဖူကူယာမား မာစာဟာရု၏ တေးသံကို နားဆင်နေသည်။ သောက်ရေသန့်ဗူးကို တစ်ငုံ မော့သောက်ပြီးနောက် ဗူးခွံပေါ်မှ တံဆိပ်ကို အမှတ်မထင် ဖတ်ကြည့်လိုက်မိသည်။ အညွှန်းအရဆိုလျှင် ဤရေဗူးထဲမှ ရေသည် ရေသွက်ဖြစ်သည်။ သို့သော် သူသည် ယုကာဝါ ရှင်းပြခဲ့သည့် ရေစေးရေသွက်နှင့် ဆိုင်သော သဘောတရားရေးရာများကို တစ်လုံးတစ်ပါဒမျှ မကျန်အောင် မေ့လျော့သွားခဲ့ချေပြီ။

ယုကာဝါသည် သောက်ရေသန့်စက်ထဲတွင် အာဆင်နစ်ထည့်ခဲ့သည်ဟု အခိုင်အမာ ယုံကြည်ထားပုံ ရသည်။ သို့သော် သူသည် ဥကျူမိနှင့် ကုစာနာဂိတို့အား အဆိပ်ခတ်သည့် နည်းလမ်းကို ပြောပြရန် အကြောက်အကန် ငြင်းဆန်နေခဲ့သည်။ ကုစာနာဂိ၏ စကားအရဆိုလျှင် 'ဤအဆိပ်ခတ်သည့် နည်းလမ်းကို အသုံးမပြုခဲ့ကြောင်း မည်သို့မျှ သက်သေမပြနိုင်သောကြောင့်' မိမိတို့ ဆွဲမိဆွဲရာ တစ်ဖက်သတ် ဆွဲယူကြံဆမည်ကို ယုကာဝါက စိုးရိမ်နေသည်။

ယုကာဝါ တွေးကြံထားသော နည်းလမ်းမှာ မည်သို့သော နည်းလမ်း ဖြစ်နိုင်ပါသနည်း။ ဥကျူမိသည် ယုကာဝါ ပြောခဲ့ဖူးသော စကားတစ်ခွန်းကို သတိရလာသည်။

သီအိုရီအရ ဖြစ်နိုင်ပြီး လက်တွေ့တွင် အကောင်အထည် ဖော်နိုင်ရန် မဖြစ်နိုင်လောက်အောင် ခဲယဉ်းသော နည်းလမ်း။

ယင်းနည်းလမ်းကို သူ တွေးမိခါစက ပြောခဲ့သော သူ၏ မှတ်ချက်ပင် ဖြစ်သည်။ ထို့နောက် ဥကျူမိသည် သူ ညွှန်ကြားထားသော စုံစမ်းစစ်ဆေးမှုများကို ပြုလုပ်ပြီးသည့်နောက်တွင် သူ့အား ရလဒ်ကို အစီရင်ခံခဲ့သည်။ ထိုစဉ်ကလည်း သူသည် 'ဤကဲ့သို့ လုံးဝ မဖြစ်နိုင်' ဟု ပြောခဲ့သေးသည်။

ပြောခဲ့သော စကားလုံးများကို လုံးကောက်အဓိပ္ပာယ်အရ နားလည်ကြည့်ရမည် ဆိုလျှင် ယုကာဝါ တွေးကြံထားသော နည်းလမ်းသည် လက်တွေ့နှင့် အလွန်အင်မတန်မှ အလှမ်းကွာနေသည်။ သို့ရာတွင် ဤနည်းလမ်းကို အသုံးပြုနိုင်ခြေ အလွန် များသည်ဟုလည်း သူက အခိုင်အမာ ယူဆနေပြန်သေးသည်။

ယုကာဝါသည် ဥကျူမိအား အဆိပ်ခတ်ပုံ နည်းလမ်းကို တိကျသေချာစွာ ပြောပြခဲ့ခြင်း မရှိဘဲ သူ့ကို ညွှန်ကြားချက်တချို့သာ ပေးခဲ့သည်။ ပထမဆုံးအနေဖြင့် ရေသန့်စက်ကို နောက်တစ်ကြိမ် စေ့စပ်သေချာစွာ ပြန်လည် စစ်ဆေးရန် ဖြစ်သည်။ ရေသန့်စက်ထဲတွင် သံသယဖြစ်ဖွယ် ပစ္စည်းများ ကြွင်းကျန်နေခြင်း ရှိမရှိ သိရှိနိုင်ရန်အတွက် Spring-8 သုတေသနဌာနသို့ ပို့နိုင်လျှင် အကောင်းဆုံး ဖြစ်သည်ဟု အကြံပြုခဲ့သည်။ ထို့အပြင် ရေစစ်ပွြန်၏ ကုန်ထုတ်အမှတ်စဉ်ကိုလည်း စုံစမ်းခိုင်းထားသေးသည်။

ယခုအချိန်ထိ Spring-8 ဘက်မှ ဓာတ်ခွဲခန်းအဖြေ ထွက်မလာသေးပေ။ သို့သော် တခြားသော အချက်အလက်များကို ယုကာဝါအား အစီရင်ခံပြီး ဖြစ်သည်။ ထ.ရ.ဖ၏ သုံးသပ်ချက်အရဆိုလျှင် မာရှိဘာအိမ်ရှိ ရေသန့်စက်တွင် သံသယဖြစ်ဖွယ် လက်စလက်နများ စိုးစဉ်းမျှ မတွေ့ရကြောင်း ဖော်ပြထားသည်။ စက်အတွင်းမှ ရေစစ်များကို အလဲအလှယ်မလုပ်ဘဲ အသုံးပြုနေခဲ့သည်မှာ တစ်နှစ်ခန့်မျှ ကြာခဲ့ပြီ ဖြစ်သည်။ ထို့အပြင် ရေစစ်ပွန်ပေါ်တွင် တက်နေသော ဖုန်မှုန့်များသည် ခြေရာလက်ရာ မပျက်ဘဲ အကောင်းပကတိ တင်မြဲအတိုင်း တင်နေကြသည်။ ထိုအချက်ကို ကြည့်ခြင်းအားဖြင့် ၎င်းရေစစ်ပွန်များကို မတို့မထိခဲ့သည်မှာ နှစ်ချီနေခဲ့ပြီဟု ဆိုရပေမည်။ ကုန်ထုတ်အမှတ်စဉ်မှာလည်း တစ်စုံတစ်ရာ မှားယွင်းနေခြင်း မရှိပေ။

အစီရင်ခံချက်များကို နားထောင်ပြီးသည့်အခါတွင် ယုကာဝါသည် "ကျွန်တော် သိပါပြီ။ ကျေးဇူးတင်ပါတယ်" ဟူ၍သာ ပြန်လည် တုံ့ပြန်ခဲ့သည်။ ထို့နောက် ဥကျိုမိ၏ စကားပြန်ကိုပင် မစောင့်တော့ဘဲ သူ့ဘက်မှ ဦးအောင် ဖုန်းချသွားလေသည်။

ယုကာဝါအနေဖြင့် သူ့အား အရိပ်အမြွက်မျှ ပြောပြသင့်သည်ဟု ဥကျိုမိ ယူဆသည်။ သို့သော် ဤရူပဗေဒပညာရှင်ထံမှ ဤသို့ မျှော်လင့်တောင့်တနေခြင်းမှာ အချည်းနှီးသာ ဖြစ်ရပေမည်။

ယခင်က ကုစာနာဂိကို ပြောကြားခဲ့သော ယုကာဝါ၏ စကားတစ်ခွန်းကို ဥကျိုမိသည် အမှန်ပင် ပိုမို၍ စိတ်ဝင်စားနေခဲ့မိသည်။ အခင်းဖြစ်ပွားချိန်၏ မဖြစ်မီနှင့် ဖြစ်ပြီး ကာလတိုကလေးကိုသာ အာရုံစိုက်မနေရန် ကုစာနာဂိအား ယုကာဝါက အကြံပြုခဲ့သည်ဟု ကြားသိရသည်။ အတိတ်ကာလသို့ နောက်ပြန် ဆုတ်နိုင်သမျှ ဆုတ်၍ အခြေအနေများကို စုံနိုင်သမျှ စုံအောင် လေ့လာစုံစမ်းရန် အကြံပြုခဲ့သည်။ အာဆန်နစ် အဆိပ်သောက်၍ မိမိကိုယ်ကိုယ် သေကြောင်းကြံခဲ့သော ကျူကူအိ ဂျွန်ကိုအမှုသည်လည်း ယုကာဝါကို ကြီးစွာသော စိတ်ဝင်စားမှု ဖြစ်ပေါ်စေခဲ့သည်။

သူ၏ စိတ်ထဲတွင် မည်သို့ တွေးဆနေသနည်း။ သူသည်လည်း မာရှိဘာ အာယနဲကို လူသတ်တရားခံအဖြစ် မှတ်ယူထားသည် မဟုတ်ပါလော။ အကယ်၍သာ အာယနဲသည် တရားခံ ဖြစ်နေခဲ့ပါမူ အခင်းဖြစ်ပွားချိန်၏ အရှေ့နောက်ကာလကိုသာ စစ်ဆေးစုံစမ်းကြည့်ရုံဖြင့် လုံလောက်နေပြီ မဟုတ်ပါလော။ လွန်လေပြီးသော အတိတ်ကာလက ကြီးမားသော ပဋိပက္ခတစ်ခု အမှန်တကယ် ရှိခဲ့ဖူးသည် ဆိုစေဦးတော့။ ယုကာဝါသည် ဤသို့သော အတိတ်ဇာတ်လမ်းကို

ကြားချင်ရုံသက်သက်မျှဖြင့် အထူးတလည် စိတ်ဝင်စားနေမည့်သူမျိုး မဟုတ်ပေ။

အတွေးနယ်ချဲ့နေစဉ်မှာပင် အိုင်ပေါ့ထဲမှ ဖူကူယာမား မာစာဟာရူ၏ သီချင်းအယ်ဘမ်သည် ပြီးဆုံးသွားပြီး နောက်ထပ် အဆိုတော်တစ်ဦး၏အသံ ထွက်ပေါ်လာသည်။ သူသည် သီချင်းနာမည်ကို အသည်းအသန် စဉ်းစားကြည့်နေစဉ် နိရှိ-တာကာယာဘူတာသို့ ဆိုက်ရောက်သွားလေတော့သည်။

ကျူကူအိအိမ်သည် ဘူတာရုံမှ ၅ မိနစ်ခန့် လမ်းလျှောက်သွားရသည့် နေရာတွင် ရှိသည်။ အနောက်တိုင်းပုံစံ နှစ်ထပ်တိုက်တစ်လုံး ဖြစ်ပြီး တောင်စောင်းပေါ်တွင် ဆောက်လုပ်ထားသည်။ နံဘေးတွင် ညို့ညို့မှိုင်းနေသော တောအုပ်ကြီး ရှိသည်။ ဤမျှခန့်ထည်သော အိမ်ကြီးသည် တစ်ကိုယ်တည်းနေသော အမျိုးသမီးကြီးတစ်ယောက်အတွက် ကြီးမားလွန်းနေမည်လား။ ဥကျူမိ တွေးနေမိသည်။ ကျူကူအိ ဂျွန်ကို၏ ဖခင်သည် ကွယ်လွန်သွားခဲ့ပြီး ဖြစ်၍ ဤမိသားစု၏ သားကြီး ဩရသမှာလည်း အိမ်ထောင်ကျပြီး ဟီရိုရှီးမားမြို့တွင်းသို့ ပြောင်းရွှေ့သွားခဲ့ချေပြီ။

သူသည် လူခေါ်ခေါင်းလောင်းကို နှိပ်လိုက်သည့်အခါတွင် ဖုန်းထဲမှ ကြားခဲ့ဖူးသော အသံက အင်တာကွန်းထဲမှ ထွက်ပေါ်လာသည်။ လာရောက်တွေ့ဆုံမည့် အချိန်ကို ကြိုတင် အကြောင်းကြားထားပြီးသောကြောင့် ဖြစ်မည် ထင်သည်။ ထိုသူသည် တုံ့ဆိုင်းတွန့်ဆုတ်နေခြင်း မရှိဘဲ တံခါးဖွင့်ပေးလေသည်။

ကျူကူအိ ယိုကိုသည် အသက်အားဖြင့် ၆၀ ကျော် ၇၀ နားတွင် ရှိပြီး သေးသွယ်ပါးလျားသော အမျိုးသမီးကြီးတစ်ဦး ဖြစ်သည်။ ဥကျူမိတစ်ယောက်တည်း ရောက်ရှိလာသည်ကို မြင်ရသည်တွင် သူ၏ မျက်နှာပေါ်၌ စိတ်လက်ပေါ့ပါးသွားသော အရိပ်အယောင်များ ထွက်ပေါ်လာသည်။ ခန္ဓာကိုယ် တုတ်ခိုင်သန်မာသော ရဲဘော်တစ်ဦးကိုပါ အတူခေါ်လာလိမ့်မည်ဟု မျှော်လင့်ထားလေရော့သလား မဆိုနိုင်။

ကျူကူအိအိမ်၏ အပြင်ပန်းအပြင်အဆင်မှာ အနောက်တိုင်းပုံစံမျိုး ဖြစ်သော်လည်း အိမ်တွင်း၌မူ အခန်းပြင်ဆင်ဖွဲ့စည်းပုံမှာ ဂျပန်ရိုးရာအတိုင်း တည်ဆောက်ထားသည်။ ဥကျူမိသည် အိမ်ရှင်အမယ်အိုကြီးနှင့်အတူ မြက်ဖျာ ၁၂ ချပ်ခန့် အကျယ်ရှိသော အခန်းတစ်ခန်းထဲသို့ လျှောက်ဝင်လာခဲ့သည်။ အလယ်ခေါင်တည့်တည့်တွင် စားပွဲပုတစ်လုံး ချထားပြီး နံရံတစ်ဘက်တွင် ဘုရားစင်တစ်စင် ပူဇော်ထားသည်။

"အဝေးကြီးကနေ လာရတဲ့အတွက် ခရီးပန်းနေလောက်ရောပေါ့"

ယိုကိုသည် ရေနွေးကြမ်းခရားအိုးထဲမှ လက်ဖက်ရည်များ ငှဲ့ပေးနေစဉ် စကားဆိုသည်။

"မပန်းပါဘူး။ အဒေါ်ကို အနှောင့်အယှက် ပေးမိတဲ့အတွက် တောင်းပန်ပါတယ်။ အခုချိန်ကျမှ အဒေါ့်သမီးအကြောင်းကို ပြန်လာမေးနေတော့ အဒေါ်လည်း အံ့အားသင့်နေမှာပဲ ထင်တယ်"

"ဟုတ်တာပေါ့ သမီးရယ်။ အဲဒီကိစ္စကို ပြီးပြတ်သွားပြီလို့ အဒေါ်က ယူဆထားတာ။ ရေနွေးလေး သုံးဆောင်ပါဦး"

ယိုကိုသည် လက်ဖက်ရည်ပန်းကန်ကို ဥကျူမိအရှေ့သို့ ချပေးလိုက်သည်။

"အဲဒီတုန်းက ရေးထားခဲ့တဲ့ မှတ်တမ်းကို ဖတ်ကြည့်တော့ သတ်သေရတဲ့ အကြောင်းအရင်းကို မဖော်ထုတ်နိုင်သေးလို့ ရေးထားတာ တွေ့ရတယ်။ အဲဒီအချက်နဲ့ပတ်သက်ပြီး အဒေါ်ကရော အခုထိ မဆုံးဖြတ်နိုင်သေးဘူးလား"

ဥကျူမိ၏ မေးခွန်းကို နားထောင်ပြီးသည့် နောက်တွင် ယိုကိုသည် ခပ်ယဲ့ယဲ့ပြုံးလိုက်သည်။

"အဲဒီတုန်းကလည်း ဘာသဲလွန်စမှ ဟုတ်တိပတ်တိ ရခဲ့တာ မဟုတ်ဘူး။ သူနဲ့ အနီးကပ် ပေါင်းသင်းနေကြတဲ့ လူတွေတောင် ဘာမှ ပြောပြနိုင်တာ မရှိဘူး ဆိုမှတော့ အဒေါ့်အထင် သိပ်ကို အထီးကျန်လွန်းခဲ့လို့ ထင်ပါရဲ့ကွယ်"

"အထီးကျန်လွန်းတယ် ..."

"အဲဒီကလေးက ပုံဆွဲရတာကို သဘောကျတယ်လေ။ ရုပ်ပြပန်းချီဆရာတစ်ယောက် ဖြစ်အောင် ကြိုးစားမယ်ဆိုပြီး တိုကျိုကို ထွက်သွားခဲ့တာပဲ။ ဒါပေမယ့် သူက နဂိုကတည်းကမှ တစ်ယောက်တည်းပဲ ထီးတည်းနေတတ်တဲ့ သူမျိုးလေ။ နောက်ပြီး မြို့ကြီးပြကြီးပေါ်မှာ ဆွေရိပ်မျိုးရိပ်ကလည်း မရှိတော့ ရုပ်ပြပန်းချီဆရာဖြစ်ဖို့ အတော်လေး ခက်ခဲဟန် တူပါရဲ့။ အဲဒီအချိန်တုန်းက သူ့အသက်က ၃၄ နှစ် ရှိပြီဆိုတော့ သူ့ရှေ့ရေးအတွက်လည်း ပူပန်နေရှာမှာပေါ့။ တကယ်လို့သာ သူ့အနားမှာ တိုင်ပင်ဖော် တိုင်ပင်ဖက် တစ်ယောက်လောက် ရှိခဲ့မယ်ဆိုရင်

အဲဒီအခြေအနေမျိုးလည်း ဆိုက်ရောက်သွားနိုင်လိမ့်မယ် မထင်ဘူး”

ကြည့်ရသည်မှာ ယိုကိုသည် ယခုအချိန်ထိ သူ့သမီးတွင် ရည်းစားသနာ ရှိခဲ့ဖူးကြောင်း သိရှိသေးဟန် မတူ။

“သူ မဆုံးခင်က အိမ်ကို တစ်ခေါက် ပြန်လာခဲ့သေးတယ်လို့ ကြားမိတယ်” ဥက္ကျူမိသည် အစီရင်ခံစာထဲမှ အချက်တစ်ချက်ကို ပြန်လည် အတည်ပြုကြည့်လိုက်သည်။

“ဟုတ်တယ်။ အဲဒီတုန်းက သူ့ကိုကြည့်ရတာ ငိုင်တိငိုင်တိုင်နဲ့။ သေချင်စိတ် ပေါက်နေလိမ့်မယ်လို့တော့ ဘယ်ထင်မိပါ့မလဲ ...”

ယိုကိုသည် မျက်တောင်ကို တဖျပ်ဖျပ်ခတ်၍ မျက်ရည်မကျအောင် ကြိုးစားထိန်းချုပ်နေသည်။

“ဒါဆို အဲဒီတုန်းက အဒေါ်ကို မူမမှန်တဲ့ စကားမျိုးတွေ မပြောခဲ့ဘူးပေါ့”

“မပြောဘူး။ အဒေါ်က သူ့ကို နေကောင်းရဲ့လားလို့ မေးတော့ သူက ကောင်းပါတယ်လို့ပဲ ပြန်ဖြေတယ်”

ယိုကို၏ ခေါင်းက အောက်သို့ ဆတ်ကနဲ ငိုက်ကျသွားသည်။

ဥက္ကျူမိ၏ အတွေးအာရုံထဲ၌ မွေးရပ်မြေတွင် ကျန်ရစ်ခဲ့သော မိခင်၏ မျက်နှာကို ပြန်လည် မြင်ယောင်လာမိသည်။ သူ တွေးကြည့်သည်။ မိမိသာဆိုလျှင် သတ်သေရန် ဆုံးဖြတ်ချက်ချပြီး၍ မိခင်ကို နောက်ဆုံးအကြိမ် သွားရောက်တွေ့ဆုံစဉ် သူ့ကို မည်သို့ မျက်နှာချင်းဆိုင်ရပါအံ့နည်း။ မျက်နှာမပြဝံ့အောင် ရှက်ရွံ့နေမည်လော။ သို့တည်းမဟုတ် ဂျွန်ကိုကဲ့သို့ ဘာမျှ မဖြစ်ဟန်ဆောင်၍ နေသွားမည်လော။

ယိုကိုက ခေါင်းထောင်လာပြီး

“ဂျွန်ကို သတ်သေတဲ့ကိစ္စက ဘာများ ပြဿနာ ရှိနေလို့လဲ”

ယင်းသည်သာလျှင် သူ စိတ်အဝင်စားဆုံးသော မေးခွန်း ဖြစ်ပေလိမ့်မည်။ သို့သော် လတ်တလောအချိန်တွင် အမှုနှင့် ပတ်သက်သည့် အတွင်းသတင်းများကို

သူ့အား ပြောပြ၍ မဖြစ်သေးပေ။

"ကျွန်မတို့ တခြားအမှုတစ်ခုကို စစ်ဆေးနေတုန်းမှာ ဒီအမှုက ရောညှပ်ပြီး ပါလာတာကြောင့်ပါ။ ဒါပေမယ့် ကျွန်မတို့ဆီမှာက ခိုင်လုံတဲ့ သက်သေအထောက်အထားတွေ ရှိမနေတော့ အဒေါ်ဆီကနေ အချက်အလက်တချို့ လာစုတဲ့ သဘောပါပဲ"

"ဩော် ... အဲဒီလိုလား"

ယိုကို၏ မျက်နှာက နားလည်ရခက်နေတဲ့ ဟန်မျိုး။

"အဓိကကတော့ အဆိပ်နဲ့ ပတ်သက်တဲ့ ကိစ္စပါ"

ဥက္ကာမြို၏ စကားကြောင့် ယိုကို၏ မျက်ခုံးမွေးများ ထိုးထောင်သွားကြသည်။

"သမီး ပြောတဲ့ အဆိပ်ဆိုတာက ..."

"အဒေါ်ရဲ့ သမီးက အဆိပ်သောက်ပြီး သတ်သေသွားခဲ့တယ်လို့ ကျွန်မတို့ သိထားပါတယ်။ အဲဒီတုန်းက သူ ဘာအဆိပ်ကို သောက်ခဲ့သလဲဆိုတာ အဒေါ် မှတ်မိသေးလား"

ဤမေးခွန်းသည် ယိုကိုကို နှုတ်ဆိတ်သွားစေခဲ့သည်။ သူ၏ မျက်နှာတွင် သောကရိပ်များ လွှမ်းဝေလာသည်။ ဥက္ကာမြိသည် ယင်းအမူအရာကို သတိမေ့ခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုလိုက်ပြီး "စိန်မှုန့်ပါ" ဟု အဖြေပေးလိုက်သည်။

"လွန်ခဲ့တဲ့နှစ်ရက်က ကျွန်မတို့ရဲ့ဌာနက ကုစာနာဂိဆိုတဲ့ ရဲအရာရှိက အဒေါ်ကို မေးခွန်းမေးခဲ့သေးတယ်လေ။ အဲဒီတုန်းက အဒေါ်က အိပ်ဆေးသောက်ပြီး သတ်သေခဲ့ပါတယ်လို့ ဖြေလိုက်တယ် မဟုတ်လား။ ဒါပေမယ့် မှတ်တမ်းထဲမှာက စိန်မှုန့်သောက်ပြီး သတ်သေခဲ့တယ်လို့ ရေးထားတယ်။ အဒေါ် အဲဒီကိစ္စကို လုံးဝ မသိဘူးလား"

"အဲ ... အဲဒါ ..."

အဘယ်ကြောင့်မှန်း မသိ။ ယိုကိုသည် မျက်စိမျက်နှာပျက်လျက် စကားကို ထစ်ငေါ့ထစ်ငေါ့ ဆိုနေလေသည်။

"အဲဒီကိစ္စက ... ဘာပြဿနာများ ရှိနေလို့လဲ။ ဟိုဟာ ... အဲ ... အိပ်ဆေးသောက်တယ်လို့ ပါးစပ်က လွှတ်ကနဲ ထွက်သွားခဲ့မိတာပါ"

ဥက္ကာမြိ၏ စိတ်ထဲ ထူးဆန်းအံ့ဩနေသည်။

"အဒေါ့်သမီးက အိပ်ဆေးသောက်ပြီး သတ်သေခဲ့တာ မဟုတ်မှန်း သိပါလျက်နဲ့ ဘာဖြစ်လို့ အဲဒီလို ဖြေခဲ့ရတာလဲ"

ယိုကို၏ မျက်နှာသည် တဆတ်ဆတ် တုန်ခါနေလေသည်။ သူက တိုးညင်းသော အသံဖြင့်

"အဒေါ် တောင်းပန်ပါတယ်။ အဲဒီကိစ္စက ပြီးပြတ်သွားပြီဆိုတော့ သူဘယ်လိုပဲ သေခဲ့သေခဲ့၊ အရေးမပါတော့ဘူးလို့ ယူဆမိတာကြောင့် ပြီးစလွယ် ဖြေလိုက်တာပါ"

"အဆိပ်သောက်ပြီး သတ်သေခဲ့ပါတယ်လို့ အဒေါ်က မသိစေချင်လို့ အဲဒီလို ဖြေလိုက်တာ မဟုတ်လား"

ယိုကိုသည် နောက်တစ်ကြိမ် ဆွံ့အသွားပြန်သည်။ ထူးခြားသော အကြောင်းအရင်း တစ်ခုခုရှိရမည်ဟု ဥက္ကာမြိ ရိပ်စားမိသွားသည်။

"အဒေါ် ..."

"ဆောရီးပဲ"

ယိုကိုသည် ကိုယ်ကို အနောက်သို့ အနည်းငယ် ယို့လိုက်ပြီး လက်နှစ်ဖက်ဖြင့် မြက်ဖျာပေါ် ထောက်ထားလေသည်။ ခေါင်းငိုက်စိုက်ချလျက်

"တကယ့်ကို တောင်းပန်ပါတယ်။ အဲဒီတုန်းက အဒေါ် ဘယ်လိုမှ ပြောမထွက်ခဲ့လို့ပါ ..."

လုံးဝ ထင်မှတ်မထားသော သူ၏ အပြုအမူကြောင့် ဥက္ကာမြိသည်လည်း ခြေမကိုင်မိ လက်မကိုင်မိအောင် ဖြစ်နေရသည်။

"အဒေါ်အနေနဲ့ တောင်းပန်နေဖို့ မလိုပါဘူးရှင်။ ဘယ်လို ဖြစ်ခဲ့တယ်

ဆိုတာကိုပဲ ပွင့်ပွင့်လင်းလင်း ပြောပြပေးပါ။ အဒေါ် တစ်ခုခုတော့ သိထားမှာပါ”

ယိုကိုသည် ခေါင်းကို ဖြည်းဖြည်းချင်း မော့ကာ မျက်တောင်များကို မနားတမ်း ခတ်နေလေသည်။

“အဲဒီစိန်မှုန့်တွေက အဒေါ့်အိမ်ကဟာတွေပါ”

ဥက္ကျူမိထံမှ “ရှင်” ဟူသော အာမေဋိတ်သံ ထွက်သွားလေသည်။

“အစီရင်ခံစာထဲမှာ ‘အရင်းအမြစ်မသိ’ လို့ ရေးထားတာလေ”

“အဒေါ် ပြောမထွက်ခဲ့ဘူး။ အဲဒီအချိန် ရဲတွေ မေးကြမြန်းကြတုန်းကတော့ အဲဒီစိန်မှုန့်တွေကို ဘယ်ကရမှန်း မသိဘူးလို့ အဒေါ် ဖြေခဲ့တာ။ အဲဒါတွေကို အဒေါ့်အိမ်ကနေ သူ ယူသွားခဲ့တာပါလို့ အဒေါ် ဘယ်လိုမှ ပြောမထွက်ခဲ့ဘူး။ ဒါကြောင့် မသိဘူးလို့ ဖြေခဲ့မိတာပေါ့။ နောက်ပိုင်းကျ ဘာမှ ဆက်မမေးတော့တာနဲ့ အဒေါ်လည်း … … အဒေါ် တောင်းပန်ပါတယ်”

“နေပါဦးရှင်။ အဲဒီစိန်မှုန့်တွေက အဒေါ့်အိမ်က ပစ္စည်းတွေပါလို့ အဒေါ် ပြောခဲ့တယ်နော်။ သေရော သေချာလို့လား”

“လွဲစရာ မရှိပါဘူး။ အဒေါ့်ယောက်ျား ရှိစဉ်တုန်းက ကြွက်သတ်ဖို့အတွက်ဆိုပြီး သူ့သူငယ်ချင်းဆီကနေ တောင်းထားခဲ့တာ။ အရင်ကတည်းက ဂိုဒေါင်ထဲမှာပဲ သိမ်းထားခဲ့တယ်”

“ဒါဆို အဒေါ့်သမီးက အဲဒီစိန်မှုန့်တွေကို ယူသွားခဲ့ပါတယ်လို့ အဒေါ် ဘယ်လိုလုပ်ပြီး ပြောနိုင်ရတာလဲ”

ယိုကိုက ခေါင်းဆတ်လိုက်ပြီး

“အမှုစစ်တဲ့ ရဲတွေဆီကနေ စိန်မှုန့်အကြောင်းကို ကြားရပြီးတဲ့နောက်မှာ အဒေါ် ဂိုဒေါင်ထဲဝင်ပြီး စစ်ဆေးကြည့်လိုက်တယ်။ အရင်တုန်းက သိမ်းထားတဲ့နေရာမှာ အဲဒီစိန်မှုန့်အိတ် မရှိတော့ဘူး။ လတ်စသတ်တော့ သမီးက အိမ်ပြန်ပြီး အဲဒီပစ္စည်းကို လာယူတာပါလားလို့ အဲဒီအခါကျမှ သဘောပေါက်သွားတော့တယ်”

ဥက္ကာမိသည် အအံ့သြကြီး အံ့သြနေသောကြောင့် မှတ်တမ်းယူရန်ပင် အတော်ကြာကြာ မေ့လျော့နေခဲ့သည်။ ထို့ကြောင့် စောစောက ပြောခဲ့သော စကားများကို အလျင်အမြန် ရေးမှတ်လိုက်လေသည်။

"အဒေါ် တကယ်ကို ပြောမထွက်ခဲ့တာပါ။ သမီးက အိမ်ကို ပြန်လာခဲတယ်လေ။ ရောက်တောင့်ရောက်ခဲ ပြန်ရောက်လာပြန်တော့လည်း သတ်သေချင်လောက်အောင် ခံစားနေရရှာတဲ့ သူ့ရဲ့ စိတ်ခံစားချက်ကို အဒေါ်က မရိပ်စားမိရုံတင် မကဘဲ အိမ်ကနေ အဆိပ်တွေ တိတ်တဆိတ် ခိုးယူသွားတာကိုလည်း သတိမထားမိခဲ့ဘူး။ ဒါကြောင့် လိမ်ခဲ့ညာခဲ့မိတာပါ … … အဲဒီလို လိမ်ညာခဲ့မိလို့ သမီးတို့လုပ်ငန်းအပေါ် အနှောင့်အယှက် ဖြစ်သွားခဲ့တယ်ဆိုရင် အဒေါ် အနူးအညွတ် တောင်းပန်ပါတယ်။ အဒေါ့်အနေနဲ့ လူသိရှင်ကြား တရားဝင် တောင်းပန်ရမယ် ဆိုရင်လည်း ကိစ္စမရှိပါဘူး။ အဒေါ် လုပ်ပေးနိုင်ပါတယ်။ ဘယ်နေရာမှာပဲ ဖြစ်ဖြစ်ပေါ့"

ယိုကိုသည် အကြိမ်ကြိမ် ဦးညွတ်လျက် တိုးလျှိုးတောင်းပန်နေလေသည်။

"ဂိုဒေါင်ကို ကျွန်မ ကြည့်ကြည့်လို့ ရမလား" ဥက္ကာမိက မေးသည်။

"ဂိုဒေါင်ကို ကြည့်ချင်တာလား။ ရပါတယ်"

ဥက္ကာမိက မတ်တတ်ရပ်ကာ "ကျေးဇူးပါ အဒေါ်" ဟု ပြောလိုက်သည်။

ဂိုဒေါင်သည် ခြံ၏ အနောက်ဘက် ထောင့်တစ်နေရာတွင် တည်ရှိသည်။ သံပြားများဖြင့် ကာရံထားသော ရိုးရိုးအဆောက်အအုံတစ်ခုမျှသာ ဖြစ်သော်လည်း ကြီးမားကျယ်ပြန့်သောကြောင့် အိမ်ထောင်ပရိဘောဂ အဟောင်းအမြင်းများ၊ အိမ်သုံးလျှပ်စစ်ပစ္စည်း အဟောင်းများနှင့် ဂျပ်ဖာများကို ကျယ်ကျယ်လွင့်လွင့် သိမ်းဆည်းထားနိုင်သည်။ ဂိုဒေါင်ထဲသို့ လှမ်းဝင်လိုက်သည်နှင့် တစ်ပြိုင်နက် ဖုန်နံ့နှင့် ကျက်ခိုးနံ့များက နှာခေါင်းထဲသို့ တိုးဝင်လာကြသည်။

"စိန်မှုန့်တွေကို ဘယ်နားမှာ ထားထားခဲ့တာလဲ" ဥက္ကာမိက မေးသည်။

"ဟောဟိုနေရာမှာ"

ယိုကိုသည် ဖုန်များ အလိမ်းလိမ်း တက်နေသည့် စင်တစ်စင်ပေါ်မှ သံဗူးခွံ အလွတ်တစ်လုံးကို လက်ညှိုးထိုးပြသည်။

"အဒေါ် မှတ်မိတာတော့ စိန်မှုန့်ထည့်ထားတဲ့ ပလတ်စတစ်အိတ်ကို အဲဒီမှာ ထားထားတာပဲ"

"အဒေါ့်သမီးက ဘယ်လောက်လောက် ယူသွားခဲ့တာလဲ"

"တစ်အိတ်လုံးကို မတွေ့တော့တာပဲ။ ခန့်မှန်းချေ ဒီလောက်လောက်တော့ ရှိမယ် ထင်တယ်"

ယိုကိုသည် လက်ခုတ်ဖြင့် အရွယ်အစားတစ်ခု လုပ်ပြသည်။

"နည်းတဲ့ ပမာဏမဟုတ်ဘူးနော်" ဥက္ကျမိက ပြောသည်။

"ဟုတ်တယ်။ အဒေါ့်အထင်တော့ ဟင်းရည်သောက် ပန်းကန်လုံးတစ်လုံးစာ အပြည့်နီးနီးလောက် ရှိလိမ့်မယ်"

"သတ်သေဖို့ရာကတော့ အဲဒီလောက် လိုမယ် မထင်ဘူး။ နောက်ပြီး မှတ်တမ်းထဲမှာ ရေးထားတဲ့အတိုင်းဆို အခင်းဖြစ်တဲ့နေရာမှာ စိန်မှုန့်တွေ အဲဒီလောက် အများကြီး မတွေ့ခဲ့ရဘူး"

ယိုကိုက တွေးဆပြီး

"ဟုတ်တယ်။ အဒေါ်လည်း အဲဒါကို ထူးဆန်းနေတာ … ဂျွန်ကိုများ လွှင့်ပစ်လိုက်သလား မပြောတတ်ဘူး"

ဤသို့ ဖြစ်နိုင်ခြေ မရှိဟု ဥက္ကျမိက ယူဆသည်။ သတ်သေရန် ကြံစည်နေသော လူတစ်ယောက်သည် ကျန်ရှိနေသော အဆိပ်များကို မည်သို့ ဖြေရှင်းရအံ့နည်း ဟူသည့် ပြဿနာမျိုးကို စိတ်ဝင်စားနေလိမ့်မည် မဟုတ်ပေ။

"အဒေါ် ဂိုဒေါင်ထဲကို ပုံမှန် ရောက်ဖြစ်လား"

"မရောက်ဖြစ်ပါဘူး။ အခုဆို လာစရာအကြောင်းက ဘာမှ မရှိတော့ဘူးလေ။ ဒါကြောင့် ဒီတံခါးကို မဖွင့်ဖြစ်တာတောင် အတော်ကြာနေပြီ"

"ပုံမှန်ဆိုရင် ဂိုဒေါင်ကို သော့ခတ်ထားတတ်လား"

"သော့လား။ အင်း ... ပုံမှန်ကတော့ သော့ခတ်ထားတာပါပဲ"

"ဒါဆို ဒီနေ့ကစပြီး ဒီဂိုဒေါင်တံခါးကို သော့ခတ်ပေးထားပါလား။ ကျွန်မတို့ နောက်တစ်ခေါက် လာပြီး စစ်ဆေးချင် စစ်ဆေးရဦးမှာ"

ယိုကို၏ မျက်လုံးများ ပြူးကျယ်လာသည်။

"ဒီဂိုဒေါင်ကို စစ်ဆေးမလို့လား"

"အဒေါ်အပေါ် ဝန်မပိအောင် တတ်နိုင်သလောက် ကျွန်မတို့ ကြိုးစားပါ့မယ်"

စကားဆုံးသည့်အခါတွင် ဥကျူမိ၏ ရင်တွင်း၌ အမျိုးအမည် မသိသော ခံစားချက်တစ်ခုက တလှပ်လှပ်ဖြင့် နိုးကြားထကြွနေသည်။ မာရိုဘ ယိုရှီတာကာကို သတ်ဖြတ်ရာတွင် အသုံးပြုခဲ့သော အာဆန်နစ်အမှုန့်များ၏ အရင်းအမြစ်ကို ခြေရာခံ၍ မရသေးပေ။ အကယ်၍သာ ယင်းအမှုန့်များနှင့် ဤဂိုဒေါင်အတွင်းမှ ယူဆောင်သွားသော အမှုန့်များ တူညီနေခဲ့ပါမူ အမှုကြီးတစ်ခုလုံး၏ အခင်းအကျင်းသည် လုံးဝဥဿုံ ပြောင်းလဲသွားပေတော့မည်။

သို့သော် အထောက်အထားအဖြစ် သိမ်းဆည်းရယူရန်အတွက် ဤဂိုဒေါင်ထဲတွင် လက်ကျန် မရှိတော့ပေ။ စင်ပေါ်စင်အောက်တွင် ကြွင်းကျန်ခဲ့သော အာဆန်နစ်အမှုန်များကိုသာ ရှာဖွေစုဆောင်းရပေတော့မည်။ တိုကျိုမြို့သို့ ပြန်ရောက်သည့်အခါတွင် မာမီယာနှင့် တိုင်ပင်ဆွေးနွေးကြည့်ရမည်ဟု သူ တွေးတောနေသည်။

"ဒါနဲ့ အဒေါ်ဆီမှာ အဒေါ်သမီးရဲ့ သေတမ်းစာတစ်စောင် ရှိနေတယ်လို့ သတင်းကြားမိတယ်။ စာတိုက်ကနေ ပို့လာခဲ့တာလား"

"ဟုတ်တယ်။ အဒေါ်ဆီမှာ ရှိတယ်"

"ကျွန်မ ကြည့်ကြည့်လို့ ရမလား"

ယိုကိုသည် တဒင်္ဂမျှ စဉ်းစားနေပြီးနောက် ခေါင်းညိတ်ပြလေသည်။

သူတို့နှစ်ဦးသည် အိမ်ထဲသို့ ပြန်ဝင်လာကြသည်။ ယခုတစ်ကြိမ်တွင်

ယိုကိုသည် ဥက္ကျူမိအား ဂျွန်ကို၏ အခန်းသို့ ခေါ်ဆောင်သွားသည်။ ၎င်းမှာ မြက်ဖျာ ၈ ချပ်စာ အကျယ်ရှိသော အနောက်တိုင်းပုံစံ အခန်းတစ်ခန်း ဖြစ်သည်။ အခန်းထဲတွင် ဂျွန်ကို အသုံးပြုခဲ့သော စာရေးစားပွဲနှင့် ခုတင်တို့ ယခုတိုင် ရှိနေဆဲပင်။

"သမီးရဲ့ ပစ္စည်းတွေအားလုံးကို စုပြီး ဒီအခန်းထဲမှာ သိမ်းထားတာ။ တစ်နေ့ကျရင်တော့လည်း ရှင်းပစ်ရမှာပေါ့လေ"

ယိုကိုသည် အံဆွဲတစ်ခုကို ဆွဲ၍ အပေါ်ဆုံးမှ စာတစ်စောင်ကို လှမ်းယူလိုက်သည်။

"ဒီစာပဲ"

"ကျွန်မကို ကြည့်ခွင့်ပြုပါ" ဟု ဆိုပြီး ဥက္ကျူမိသည် စာကို လှမ်းယူလိုက်သည်။

သေတမ်းစာတွင် ပါဝင်သော အကြောင်းအရာများသည် ကုစာနာဂိထံမှ ကြားထားရသည်တို့နှင့် များစွာ ကွာခြားမှု မရှိပေ။ စာထဲတွင် သတ်သေရသည့် အကြောင်းအရင်းကို ဖော်ပြထားခြင်း မရှိသော်လည်း လူ့ဘဝအပေါ် ငြီးငွေ့စိတ်ပျက်နေသည့် ခံစားမှုများကို စကားလုံးများတွင် အထင်အရှား တွေ့မြင်နေရသည်။

"အဲဒီတုန်းက သူ့အတွက် တစ်ခုခု လုပ်ပေးခဲ့သင့်တယ်လို့ အခေါ် အခုချိန်ထိ နောင်တရနေမိတုန်းပဲ။ တကယ်လို့သာ သူ့အပေါ် နည်းနည်းလေး ပိုပြီး အာရုံစိုက်ခဲ့မိရင် သူ့ရင်ထဲမှာ ခံစားနေရတဲ့ သောကတွေကို သတိထားမိနိုင်လောက်တယ်" ယိုကို၏ အသံမှာ တုန်ယင်နေသည်။

ဥက္ကျူမိလည်း မည်သို့ ဖြေသိမ့်ပေးရမည်မှန်း စဉ်းစားမရသောကြောင့် နှုတ်ဆိတ်လျက် စာကို အံဆွဲထဲသို့ ပြန်ထည့်ပေးရန် ဟန်ပြင်လိုက်သည်။ ထိုစဉ်မှာပင် အံ့ဆွဲထဲ၌ တခြားစာများ ရှိနေသေးသည်ကို သတိထားမိသွားသည်။

"ဒါတွေက ..."

"သမီး ပို့လာတဲ့ စာတွေလေ။ အဒေါ်က အီးမေးလ်မသုံးတတ်တော့ သာကြောင်းမာကြောင်း ပြောချင်တဲ့ အခါမျိုးမှာ သူက စာနဲ့ပဲ အဒေါ့်ဆီ

ရေးပေးလေ့ရှိတယ်”

“ကျွန်မ ကြည့်ကြည့်လို့ ရမလား”

“ရပါတယ်။ အဒေါ် ရေနွေးခွက်တွေ ဒီကို ယူလာခဲ့လိုက်မယ်”

ယိုကိုသည် ပြောပြီး အခန်းထဲမှ ထွက်ခွာသွားသည်။

ဥက္ကျူမိသည် ထိုင်ခုံကို အနားသို့ ဆွဲယူထိုင်ကာ စာများကို စတင် ဖတ်ရှုလေသည်။ စာတွင်း၌ ပါရှိသော အကြောင်းအရာများမှာ များသောအားဖြင့် သူ ဆွဲနေသော ရုပ်ပြများအကြောင်းနှင့် သူ လုပ်နေသော အလုပ်များအကြောင်းကို သူ့မိခင်အား ပြောပြနေခြင်းမျှသာ။ သူ၏ ချစ်သူရည်းစားနှင့် တခြားအပေါင်းအသင်းများ အကြောင်းကို တစ်စိုးတစ်စိမျှ ရေးသားဖော်ပြထားခြင်း မရှိပေ။

စာများကို ဆက်လက် ဖတ်ရှုရန် မလိုအပ်တော့ဟု ယူဆကာ လက်စသတ်လိုက်တော့မည်ဟု ဆုံးဖြတ်လိုက်သည့် အခိုက်အတန့်မှာပင် အနီရောင် နှစ်ထပ်ဘတ်စ်ကားတစ်စီးပုံ ရိုက်နှိပ်ထားသော ပို့စ်ကတ်တစ်စောင်ပေါ်တွင် အကြည့်များ ရပ်တန့်သွားသည်။ ပို့စ်ကတ်၏ နောက်ကျောတွင် ရေးသားထားသော အပြာရောင်စာလုံးများကို ဖတ်ရှုနေစဉ်အတွင်း ဥက္ကျူမိသည် အသက်ရှူရန်ပင် မေ့လျော့သွားခဲ့လေသည်။

အမေ နေကောင်းတယ် မဟုတ်လား။ သမီး အခု လန်ဒန်ရောက်နေတယ်။ ဒီမှာ ဂျပန်က ကောင်မလေးတစ်ယောက်နဲ့ တွေ့ပြီး မိတ်ဆွေဖြစ်သွားခဲ့တယ်။ သူက ဟော့ကိုင်းဒိုးကလေ။ အခု အင်္ဂလန်မှာ ကျောင်းလာတက်နေတာ။ မနက်ဖြန်ကျရင် သူ သမီးကို လာခေါ်ပြီး သမီးတို့မြို့ထဲကို ဟိုနားဒီနား လျှောက်လည်ကြမှာ။

(၂၅)

"ကျုကူအိ ယိုကိုက ပြောတယ်။ သူ့သမီးက တက္ကသိုလ်ကနေ ဘွဲ့ရပြီးပြီးချင်း သုံးနှစ်လောက် အလုပ်ဝင်လိုက်သေးတယ်။ နောက်တော့ အလုပ်ထွက်ပြီး ပါရီမှာ နှစ်နှစ် ကျောင်းသွားတက်တယ်။ အဲဒီပို့စ်ကတ်က အဲဒီအချိန်တုန်းက သူ့ဆီ ပို့လာပေးခဲ့တာတဲ့"

ကုစာနာဂိသည် တက်ကြွစွာ ရှင်းလင်းပြောဆိုနေသော ဥကျုမိကို စိုက်ကြည့်နေသည်။ ရင်ထဲတွင်တော့ အောင့်သက်သက် ဖြစ်နေမိသည်။ သူ့အတွက်၏ တစ်စိတ်တစ်ဒေသသည် ဥကျုမိ၏ တွေ့ရှိချက်အပေါ် ချီးကျူးလိုစိတ် အလျင်း မရှိကြောင်းကိုမူ သူ မဖြစ်မနေ ဝန်ခံရပေမည်။

မာမီယာသည် ထိုင်ခုံတွင် မှီထိုင်လျက် သူ၏ တောင့်တင်းခိုင်မာသော လက်နှစ်ဖက်ကို ပိုက်ထားလေသည်။

"ကျုကူအိ ဂျွန်ကိုနဲ့ မာရှိဘ အာယနဲတို့က သူငယ်ချင်းတွေလို့ နင် ပြောချင်နေတာလား"

"ကျွန်မအထင်တော့ ဖြစ်နိုင်ခြေ တော်တော် များတယ်။ ပို့စ်ကတ်ပေါ်မှာ ရိုက်ထားတဲ့ ရက်စွဲနဲ့ မစ္စစ်မာရှိဘ လန်ဒန်မှာ ကျောင်းတက်နေတဲ့ အချိန်က တစ်ထပ်တည်းပဲ။ နောက်ပြီး ဟော့ကိုင်းဒိုးသူလည်း ဖြစ်နေတော့ ဒါ တိုက်ဆိုင်မှုသက်သက်တော့ မဖြစ်နိုင်လောက်ဘူး"

"သေချာလို့လား" ကုစာနာဂိက မေးသည်။

"အဲဒီလို တိုက်ဆိုင်တာမျိုးက လုံးဝ မဖြစ်နိုင်တာမှ မဟုတ်တာဲ။ လန်ဒန်မှာ ပညာသင်နေတဲ့ ဂျပန်လူမျိုး ဘယ်နှယောက်လောက် ရှိသလဲဆိုတာ နင် သိလား။ ရာဂဏန်းလောက်ပဲ ရှိနေတယ် ထင်ရင် မှားသွားလိမ့်မယ်"

"ကဲပါ" မာမီယာက လက်မြှောက်ကာ ဝင်တားလိုက်သည်။

“သူတို့နှစ်ယောက်က သူငယ်ချင်းတွေ ဖြစ်နေကြပြီပဲ ထားပါတော့။ ဒါဆို ဒီလူသတ်မှုနဲ့ ဘယ်လိုမျိုး ပတ်သက်နေမယ်လို့ နင် ထင်လဲ” ခွဲမှူးက ဥက္ကာမြကို မေးခွန်းထုတ်လိုက်သည်။

“အခုဟာက မှန်းဆနေရတဲ့ အဆင့်မှာပဲ ရှိနေသေးတာဆိုပေမယ့် ဂျွန်ကို သတ်သေဖို့ အသုံးပြုခဲ့တဲ့ အာဆင်နစ်မှုန့် လက်ကျန်တွေက နောက်ပိုင်းမှာ အာယနဲရဲ့ လက်ထဲ ရောက်သွားနိုင်တယ်ဆိုတဲ့ ဖြစ်နိုင်ခြေကိုတော့ ငြင်းကွယ်လို့ မရနိုင်ဘူး”

“အဲဒီကိစ္စအတွက် ငါ မနက်ဖြန်မနက်ကျရင် ထ.ရ.ဖကို သွားတွေ့မယ်။ သူတို့ အဖြေရှာနိုင်ပါ့မလား ဆိုတာတော့ မသေချာဘူးပေါ့လေ။ ဒါပေမယ့် အခြေအနေတွေက နင် ယူဆထားသလို ဖြစ်လာခဲ့မယ်ဆိုရင် သေဆုံးသူရဲ့ ဇနီးက သတ်သေသွားတဲ့ သူငယ်ချင်းရဲ့ ရည်းစားဟောင်းနဲ့ လက်ထပ်ခဲ့တယ် ဆိုတဲ့ သဘောမျိုး သက်ရောက်သွားတာပေါ့”

“အဲဒီသဘောပေါ့”

“နင့်ဟာ ပုံပြင်ဆန်လွန်း မနေဘူးလား”

“မဆန်ပါဘူး”

“ဘာဖြစ်လို့လဲ”

“ကိုယ့်သူငယ်ချင်းရဲ့ ရည်းစားဟောင်းနဲ့ တွဲနေကြတဲ့ မိန်းမတွေမှ အများကြီးပဲ။ ကျွန်မနဲ့သိတဲ့ လူတွေထဲမှာကို အဲဒီလိုမျိုး ရှိတယ်။ တချို့မိန်းမတွေက ဘယ်လိုတောင် ပြောသလဲဆိုရင် ကိုယ့်သူငယ်ချင်းဆီကနေ ရထားတဲ့ အချက်အလက်တွေကြောင့် ကြိုကြိုတင်တင် အဲဒီယောကျ်ားကို ပိုပြီး နားလည်ထားနိုင်လို့ အကျိုးတောင် ပိုရှိသေးတယ်တဲ့”

“သတ်သေသွားတဲ့ သူငယ်ချင်းရဲ့ ရည်းစားဟောင်း ဖြစ်နေလည်း အရေးမကြီးဘူး ဆိုတဲ့ သဘောလား” ကုစာနာဂိက ကြားဖြတ် ဝင်ပြောလိုက်သည်။

“သတ်သေတဲ့ အကြောင်းအရင်းက အဲဒီယောကျ်ားကြောင့်လည်း ဖြစ်ချင် ဖြစ်နေမှာ”

“ယောကျ်ားကြောင့် မဟုတ်ဘူး ဆိုရင်ရော”

"အင်မတန်မှ အရေးပါတဲ့ အချက်တစ်ချက်ကို နင် မေ့နေတယ်" ကုစာနာဂိက ပြောသည်။

"အာယနဲ့ သူ့ယောကျ်ားက ပါတီပွဲတစ်ပွဲမှာ တွေ့ပြီး ခင်ခဲ့ကြတာလေ။ ဒီတော့ တိုက်တိုက်ဆိုင်ဆိုင်ပဲ သူငယ်ချင်းရဲ့ ရည်းစားဟောင်းကို အဲဒီလို နေရာမျိုးမှာ ဆုံတွေ့ခဲ့တယ်လို့ နင် ပြောချင်တာလား"

"တကယ်လို့သာ သူတို့နှစ်ယောက်စလုံးက တစ်ကိုယ်ရေ တစ်ကာယသမား ဖြစ်နေသေးတယ်ဆိုရင် ဒါက လုံးဝ မဖြစ်နိုင်တဲ့ ကိစ္စမှ မဟုတ်ဘဲ"

"နောက်ပြီး တိုက်တိုက်ဆိုင်ဆိုင် ချစ်သူတွေ ဖြစ်သွားကြတယ် ဆိုပါတော့ … နင့်ဇာတ်လမ်းက တိုက်ပဲ တိုက်ဆိုင်လွန်း အားကြီးနေပြီ"

"အဲဒီအချက်ကတော့ တိုက်ဆိုင်တာ မဟုတ်လောက်ဘူး"

"နင့်စကားက ဘာအဓိပ္ပာယ်လဲ"

ကုစာနာဂိ၏ အမေးကို တုံ့ပြန်ရန်အတွက် ဥကျုမိသည် သူ့ကို စိုက်ကြည့်လိုက်လေသည်။

"အစကတည်းက အာယနဲက မစ္စတာမာရှိဘကို တွေ့ချင်လို့ တမင် အဲဒီပါတီပွဲကို အရောက်သွားခဲ့တာ ဖြစ်နိုင်တယ်။ ကျူကူအိ ဂျွန်ကိုနဲ့ မစ္စတာမာရှိဘတို့ သမီးရည်းစား မဖြစ်ခင်ကတည်းက မစ္စတာမာရှိဘကို သူက သဘောကျနေခဲ့တာ မဟုတ်ဘူးလို့ မပြောနိုင်ဘူး။ နောက်ပိုင်းကျတော့ ဂျွန်ကို သတ်သေတဲ့ကိစ္စကို အကြောင်းပြုပြီး သူနဲ့ နီးစပ်အောင် ကြိုးစားလိမ့်မယ်။ နောက်ဆုံး ပြောရရင် သူတို့နှစ်ယောက် ပါတီပွဲမှာ ဆုံတွေ့ပြီး ခင်မင်သွားကြတယ် ဆိုတာတောင်မှ တိုက်ဆိုင်မှုသက်သက် မဟုတ်ဘူးလို့ ယူဆနိုင်သေးတယ်"

"အဓိပ္ပာယ် မရှိတာ" ကုစာနာဂိ ပေါက်ကွဲလေပြီ။

"သူက အဲဒီလို မိန်းမမျိုး မဟုတ်ဘူး"

"ဒါဆို သူက ဘယ်လို မိန်းမမျိုးလဲ။ ဆရာက မစ္စစ်မာရှိဘကို ဘယ်လောက်တောင် နားလည်ထားလို့လဲ"

"နှစ်ယောက်စလုံး တော်တော့" မာမီယာသည် မတ်တတ်ရပ်ကာ ခေါက်ငန်းလိုက်လေသည်။

"ဥက္ကျူမိ၊ နင့်ရဲ့ အမြင်တွေက သိပ်ကို စူးရှလွန်းတယ်ဆိုတာကို ငါ အသိအမှတ် ပြုပါတယ်။ ဒါပေမယ့် ဒီတစ်ခါတော့ နင့်အတွေးတွေက တစ်ဖက်စွန်း ရောက်နေတယ်။ နင့်အနေနဲ့ ယူဆချက်တစ်ခုကို မတင်ပြခင်မှာ ခိုင်လုံအားကောင်းတဲ့ အထောက်အထားတွေကို အရင်ဆုံး စုစည်းထားသင့်တယ်။ ပြီးတော့ ကုစာနာဂိ … ထစ်ကနဲရှိ ဒေါသထွက်ဖို့ပဲ အရင် စဉ်းစားမနေနဲ့။ တစ်ဖက်လူရဲ့ စကားကို အရင် ဆုံးအောင် နားထောင်ဦး။ တစ်ခါတလေမှာ အမှန်တရားဆိုတာမျိုးက အပြန်အလှန် ဆွေးနွေးငြင်းခုန်ကြရင်းနဲ့ ထွက်ပေါ်လာတတ်တာ။ မင်းဆိုတဲ့ကောင်က သူများစကားကို စိတ်ရှည်လက်ရှည် နားထောင်တတ်တဲ့ လူစားမျိုးပါ။ အခု မင်းဟာက ဘယ်လို ဖြစ်နေရတာလဲ"

ဥက္ကျူမိသည် "ဆောရီးပဲ ဆရာ" ဟု ဆိုကာ ခေါင်းကို ငိုက်စိုက်ချထားသည်။ ကုစာနာဂိလည်း နှုတ်ဆိတ်လျက် ခေါင်းညိတ်လိုက်သည်။

မာမီယာသည် နေရာတွင် ပြန်ထိုင်လိုက်သည်။

"ဥက္ကျူမိရဲ့ စကားက စိတ်ဝင်စားဖို့ အကောင်းသား။ ဒါပေမယ့် အထောက်အထား မခိုင်လုံဘူး။ နောက်ပြီး အာယနဲက အမှန်ပဲ လူသတ်တရားခံတစ်ယောက် ဖြစ်တယ် ဆိုကြပါစို့။ သူ့လက်ထဲကို အဆိပ် ဘယ်လို ရောက်လာခဲ့သလဲ ဆိုတဲ့ အချက်က လွဲလို့ တခြား ဘာအထောက်အထားမှ ငါတို့ လက်ထဲမှာ ရှိမနေဘူး။ ဒါမှမဟုတ် နင့်သဘောက …"

သူသည် တံတောင်နှစ်ဖက်ကို စားပွဲပေါ် ထောက်လျက် ဥက္ကျူမိကို ငေးစိုက်ကြည့်လိုက်သည်။

"အာယနဲက သူ့သူငယ်ချင်းအတွက် လက်စားချေချင်တာနဲ့ မာရှိဘ ယိုရှီတာကာကို ရည်ရွယ်ချက်ရှိရှိ ချဉ်းကပ်ခဲ့တယ်လို့ ဆိုလိုချင်တာလား"

"ဟင့်အင်း။ အဲဒီလို မဟုတ်ဘူး။ လက်စားချေချင်ရုံ သက်သက်နဲ့ ကိုယ့်ရန်သူကို လက်ထပ်ခဲ့တယ် ဆိုတာမျိုးက အတော်ကို သဘာဝမကျတာပဲ"

"အဲဒီလိုဆိုရင်တော့ နင့်ရဲ့ စိတ်ကူးယဉ်ဇာတ်လမ်းကို ဒီမှာပဲ ရပ်တန်း ရပ်လိုက်တော့။ နောက် ဆက်လုပ်ရမယ့် လုပ်ငန်းစဉ်ကိုတော့ ကျူကူအိအိမ်ရဲ့

ဂိုဒေါင်ကို စစ်ဆေးပြီးတဲ့ အခါကျမှ ဆက်ဆွေးနွေးကြမယ်” မာမီယာက နိဂုံးချုပ်လိုက်သည်။

၀၀၀

ကုစာနာဂိ အိမ်သို့ ပြန်ရောက်သည့် အချိန်တွင် ‘ယနေ့’ ဟူသော အချိန်ကာလကို ညွှန်ပြနေသည့် ပြက္ခဒိန်မှ ရက်စွဲသည် အရှေ့သို့ တစ်ကွက်စာ တိုးရွေ့သွားခဲ့ချေပြီ။ သူသည် ရေချိုးရန် ပြင်းပြင်းပြပြ ဆန္ဒရှိနေသော်လည်း ကုတ်အင်္ကျီကို ချွတ်ပြီးသည်နှင့် တစ်ပြိုက်နက် ခုတင်ပေါ်သို့ ဗုန်းကနဲ လဲကျသွားလေသည်။ ရုပ်ခန္ဓာ၏ ပင်ပန်းနွမ်းနယ်ခြင်းပေလော။ သို့တည်းမဟုတ် စိတ်ဝိညာဉ်၏ လက်မြှောက် အရှုံးပေးခြင်းလော။ သူကိုယ်တိုင် ဝေခွဲမရ ဖြစ်နေခဲ့သည်။

“ဆရာက မစ္စစ်မာရှိဘကို ဘယ်လောက်တောင် နားလည်ထားလို့လဲ”

ဥက္ကမြိ၏ စကားက သူ၏ ဦးနှောက်ထဲ၌ ယခုတိုင် ပဲ့တင်ထပ်နေဆဲ။

‘ငါ အာယနဲအကြောင်းကို တစ်စက်ကလေးတောင် နားလည်တာ မဟုတ်ဘူး’ သူ တွေးနေမိသည်။ အာယနဲနှင့် တွေ့ဆုံကြစဉ် သူနှင့် စကားအနည်းအကျဉ်း ပြောမိရုံမျှဖြင့် သူ၏ အတွင်းသဘောကို နားလည်နေသည်ဟု ကုစာနာဂိက မှတ်ထင်ထားမိသည်။ အာယနဲသည် မိမိကိုယ်မိမိ သတ်သေခဲ့သော သူငယ်ချင်း၏ ရည်းစားဟောင်းနှင့် ဘာကိုမျှ ဂရုမစိုက်ဘဲ အိမ်ထောင်ပြုခဲ့သော မိန်းမတစ်ယောက် ဖြစ်သည်ဟု သူ မည်သို့မျှ မှန်းဆကြည့်၍ မရနိုင်ပေ။ သူငယ်ချင်း၏ သေကြောင်းကြံစည်မှုသည် မာရှိဘ ယိုရှီတာကာနှင့် မည်သို့မျှ သက်ဆိုင်ခြင်း မရှိပါဟု ဆိုစေဦးတော့။ သူ့ရင်ထဲ၌ ယင်းကိစ္စနှင့် ပတ်သက်၍ တနုံ့နုံ့ ခံစားနေရပေလိမ့်မည်။ အာယနဲသည် ဤသို့သော လူစားမျိုး။

ကုစာနာဂိသည် ကိုယ်ကို ပြန်လည် မတ်ထူပြီး လည်စည်းဖဲကြိုးကို ဖြေလျှော့လိုက်သည်။ သူ၏ အကြည့်သည် စားပွဲပေါ်တွင် ဖြစ်သလို ပစ်တင်ထားခဲ့မိသော ရုပ်ပြစာအုပ်နှစ်အုပ်အပေါ်သို့ ရောက်ရှိသွားသည်။ ၎င်းတို့သည် စာအုပ်တိုက်မှ ယူဆောင်လာခဲ့သော ကျူကူအိ ဂျွန်ကို၏ စာအုပ်များ ဖြစ်ကြသည်။

သူသည် ခုတင်ပေါ်သို့ ပြန်လှဲချလိုက်ပြီး ရုပ်ပြစာအုပ်ကို ဟိုဟိုဒီဒီ လျှောက်လှန်ဖတ်ကြည့်နေသည်။ ‘နှင်းလူလဲကျပြီ’ ဟူသော ရုပ်ပြစာအုပ်ထဲတွင်

ပါရှိသော ပုံပြင်မှာ နှင်းပြည်မှ နှင်းလူတစ်ယောက်သည် တစ်နေ့တွင် ချွေးထွေးသော နယ်သစ်ပယ်သစ်ကို ရှာဖွေရန်အတွက် မိမိ၏ တိုင်းပြည်မှ စွန့်စားထွက်ခွာလာသော ခရီးစဉ်အကြောင်း ဖြစ်သည်။ ပုံပြင်ထဲတွင် နှင်းလူသည် တောင်ဘက်သို့ ဆက်လက်၍ ခရီးထွက်လိုသော်လည်း အရှေ့သို့ ဆက်တိုးလျှင် ကိုယ်ခန္ဓာမှာလည်း အရည်ပျော်သွားနိုင်သည့် ဘေးကျပ်နံကျပ်နှင့် ကြုံတွေ့နေရသည်။ သို့ဖြင့် နှင်းလူသည် ခရီးစဉ်ကို ရှေ့ဆက်မသွားရန် ဆုံးဖြတ်၍ မိမိ၏ မွေးရပ်မြေဖြစ်သော ရေခဲသည့် ဒေသသို့ လှည့်ပြန်ရန် ပြင်ဆင်ရတော့သည်။ အိမ်အပြန်လမ်းပေါ်တွင် ကြုံရတွေ့ရသော အိမ်တိုင်းအိမ်တိုင်း၏ ပြတင်းပေါက်မှ အတွင်းသို့ လှမ်းကြည့်လိုက်လျှင် မိသားစုဝင်တိုင်းသည် မီးပုံကို ပတ်လည်ဝိုင်း၍ ထိုင်နေကြသည်ကို တွေ့မြင်နေရသည်။ မိသားစုဝင်တိုင်း၏ မျက်နှာများပေါ်တွင် ပျော်ရွှင်ချမ်းမြေ့မှုက အထင်းသား ပေါ်လွင်နေကြသည်။ ရယ်ရယ်မောမောနှင့် စကားလက်ဆုံ ကျနေကြသည်။

“အိမ်အပြင်ဘက်မှာတော့ ဘယ်နေရာကြည့်ကြည့် ဖြူဖွေးပြီး အေးခဲနေကြတယ်။ အခုမှ အိမ်တွင်း အနွေးဓာတ်ရဲ့ အဖိုးတန်မှုကို ပိုပြီး နားလည်သဘောပေါက်တော့တယ်ဗျာ” အိမ်တွင်းမှ လူများ ဤသို့ ပြောဆိုနေကြသည်။

ထိုစာမျက်နှာပေါ်မှ ကာတွန်းရုပ်ပုံများကို စူးစူးစိုက်စိုက် ကြည့်ရှုလိုက်သည့် အခါတွင် ကုစာနာဂိသည် ခုတင်ပေါ်မှ ထခုန်လုမတတ် ဖြစ်သွားခဲ့သည်။

ယင်းရုပ်ပုံကားချပ်ထဲ၌ နှင်းလူသည် အိမ်၏ ပြတင်းပေါက်မှ ခေါင်းထိုး၍ အတွင်းသို့ လှမ်းကြည့်နေသည်။ ထိုအိမ်၏ နံရံပေါ်တွင် ကုစာနာဂိ မြင်ခဲ့ဖူးသော အရာတစ်ခုကို ချိတ်ဆွဲထားလေသည်။ အညိုရောင် နောက်ခံပေါ်တွင် ရောင်စုံမှန်ပြောင်းထဲမှ အရောင်အသွေး အမျိုးမျိုးသော မှန်ကူကွက်များကဲ့သို့ ပွင့်ဖတ်များအလား အလှဆင်ထားသော ပန်းချီကားတစ်ချပ်။

ပထမဆုံးအကြိမ် တွေ့မြင်ခဲ့ရစဉ် အခါက ဖြစ်ပေါ်ခဲ့သော စိတ်ခံစားမှုကိုပင် ယခုအချိန်ထိ ကုစာနာဂိ မှတ်မိနေသေးသည်။ မည်သည့်နေရာတွင် တွေ့မိခဲ့ပါလိမ့် . . . ။

မာရိုဘလင်မယား၏ အိပ်ခန်း။ ဟုတ်ပေသည်။ သူတို့အိပ်ခန်း၏ ခေါင်းရင်းနံရံပေါ်တွင် ယင်းသို့သော အသွင်အပြင်ရှိသည့် စပ်ထည်ပန်းချီကားတစ်ချပ်ကို ချိတ်ဆွဲထားသည်။

နေ့ခင်းကပင် အာယနဲသည် ယင်းပန်းချီကားကို သင်တန်းကျောင်း၏ နံရံတစ်ခုပေါ်တွင် ချိတ်ဆွဲရန်အတွက် ကုစာနာဂိကို အကူအညီ တောင်းနေခဲ့သေးသည်။ သို့သော် နောက်ပိုင်းတွင် ရုတ်တရက် စိတ်ပြောင်းသွားကာ နောက်မှ သူ့ဘာသာသူ ချိတ်တော့မည်ဟု ပြောဆိုခဲ့သည်။

ကျူအူအိ ဂျွန်ကိုဟူသော နာမည်ကို ကြားသွား၍ပေလော။ ရုပ်ပြစာအုပ်တွင် ယင်းပန်းချီကားကို ထည့်ဆွဲထားသောကြောင့် ကုစာနာဂိကို မမြင်စေလို၍ ဖြစ်ပေလိမ့်မည်။

ကုစာနာဂိသည် လက်နှစ်ဖက်ဖြင့် မိမိဦးခေါင်းကို ဆုပ်ကိုင်ထားလိုက်သည်။ ပြင်းထန်လွန်းသော နှလုံးခုန်သံများကို နားထဲတွင် တဒိတ်ဒိတ် ကြားနေရသည်။

ထထထ

နောက်တစ်မနက်တွင် ဖုန်းမြည်သံကြောင့် ကုစာနာဂိ လန့်နိုးလာသည်။ ၈ နာရီကျော်လေပြီ။ သတိဝင်လာ၍ ကြည့်လိုက်သည့်အခါတွင် သူသည် ဆိုဖာပေါ်တွင် လဲလျောင်းနေသည်။ သူ၏ မျက်စိရှေ့တွင် ရှိသော စားပွဲခုံပေါ်တွင် ဝီစကီတစ်ပုလင်းနှင့် ဖန်ခွက်တစ်လုံး ချထားသည်။ ယင်းဖန်ခွက်ထဲတွင် ဝီစကီတစ်ဝက်ခန့် ကျန်ရှိနေသေးသည်။

သူ ပြန်လည်၍ သတိရလာသည်။ ယမန်နေ့ညက တစ်ညလုံး ဘယ်စောင်းညာလိမ့်ဖြင့် မည်သို့မျှ အိပ်မရခဲ့။ နောက်ဆုံးတွင် အိပ်ပျော်စေရန်အတွက် ဝီစကီကို မဖြစ်မနေ မှီဝဲခဲ့ရသည်။ သူ့ကို အိပ်မရအောင် တားဆီးနှောင့်ယှက် နေခဲ့သော အကြောင်းအရာကိုမူ ပြန်လည် တွေးဆကြည့်ရန် လိုမည် မဟုတ်ပေ။

သူသည် လေးလံထိုင်းမှိုင်းနေသော ခန္ဓာကိုယ်ကြီးကို အားယူထူမလျက် စားပွဲပေါ်တွင် အဆက်မပြတ် အော်မြည်နေသော လက်ကိုင်ဖုန်းဆီသို့ လက်လှမ်းလိုက်သည်။ ဖုန်းခေါ်နေသူမှာ ဥကျူမိ ဖြစ်သည်။

“အေး … ပြော”

“ကျွန်မ ဥကျူမိပါ။ နံနက်စောစော အနှောင့်အယှက် ဖြစ်သွားလား မသိဘူး။ အရေးကြီးကိစ္စ ရှိလို့ ဆရာ့ကို မဖြစ်မနေ ဖုန်းလိုက်ရတာပါ”

“ဘာထူးခြားလို့လဲ”

“အဖြေထွက်လာပြီ ဆရာ။ Spring-8 ဆီက အစီရင်ခံစာ ထွက်လာပြီ။ ရေသန့်စက်ထဲမှာ အာဆန်နစ်တွေ့တယ်တဲ့”

(၂၆)

အီကာအိ၏ ဥပဒေအကြံပေး ကုမ္ပဏီသည် အဲဘီစုဘူတာမှ ၅ မိနစ်ခန့် လမ်းလျှောက်ရသော ခြောက်ထပ်တိုက်တစ်လုံး၏ စတုတ္ထထပ်တွင် ရှိသည်။ အသက် ၂၀ စွန်းစွန်းသာ ရှိသေးသည့် မီးခိုးရောင် ဝတ်စုံဝတ်ဆင်ထားသော ဝန်ထမ်းကောင်မလေးတစ်ယောက်သည် ဧည့်ကြိုကောင်တာတွင် ထိုင်နေသည်။

ကြိုတင် ချိန်းဆိုထားပြီး ဖြစ်သော်လည်း ကုစာနာဂိသည် ဧည့်တွေ့ဆောင်တွင် ထိုင်စောင့်နေရသေးသည်။ ဧည့်တွေ့ဆောင်ဟု ဆိုရသော်လည်း စင်စစ်မှာမူ စားပွဲတစ်လုံးနှင့် သံကုလားထိုင်များသာ ရှိသော အခန်းကျဉ်းကလေး တစ်ခန်းသာ ဖြစ်သည်။ ဤသို့သော အခန်းမျိုးမှာ တစ်ခန်းတည်း မဟုတ်။ အများအပြားပင် ရှိနေသေးသည်။ ဤအချက်ကို ကြည့်ခြင်းအားဖြင့် ဤကုမ္ပဏီတွင် ရှေ့နေအမြောက်အမြား ခန့်ထားပုံ ရသည်။ အီကာအိသည် အဘယ်ကြောင့် မာရိုဘ ယိုရှီတာကာ၏ ကုမ္ပဏီကို အပြည့်အဝ ကူညီအုပ်ချုပ်ပေးနိုင်ခဲ့သနည်း ဟူသည့် အချက်ကိုလည်း ကုစာနာဂိ သဘောပေါက်လာခဲ့သည်။

၁၅ မိနစ်ခန့် ကြာသောအခါမှ အီကာအိသည် ကုစာနာဂိထံမှောက်သို့ ရောက်ရှိလာသည်။ သို့သော် သူသည် တောင်းပန်စကားကို တစ်ခွန်းမျှ မဆိုဘဲ "မင်္ဂလာပါ" ဟူသော စကားဖြင့်သာ နိဒါန်းပျိုးလိုက်သည်။ ကုစာနာဂိကို အလုပ်လာရှုပ်နေသည်ဟု ယူဆထားသောကြောင့်ပေလော မဆိုနိုင်။

"အမှုက ဘာများ ထူးသေးလဲဗျ။ အာယနဲ့ဆီကတော့ ဘာမှ မကြားမိသလိုပဲ" အီကာအိက ထိုင်ခုံပေါ် ထိုင်ချလိုက်ပြီး စကားဆိုသည်။

"ထူး၏၊ မထူး၏တော့ မပြောတတ်ဘူး။ ဒါပေမယ့် ကျွန်တော်တို့ အချက်အလက်အသစ်တွေကိုတော့ ထပ်ရထားတယ်။ အခု ခင်ဗျားကို ပြောပြခွင့် မရှိသေးတာကိုတော့ စိတ်မကောင်းပါဘူးဗျာ"

အီကာအိက မချိပြုံး ပြုံးနေသည်။

"ကိစ္စ မရှိပါဘူးဗျာ။ ကျွန်တော်က သတင်းနှိုက်ဖို့လည်း စိတ်ကူးမရှိပါဘူး။ အဲဒီလောက်လည်း အားမနေဘူးဗျ။ နောက်ပြီး အခုဆိုရင် မာရီဘရဲ့ ကုမ္ပဏီကလည်း ဗရုတ်ဗရက် ကာလကို လွန်မြောက်ပြီးလို့ တည်ငြိမ်အေးဆေးတဲ့ အခြေအနေမျိုး ရှိနေပြီလေ။ ဒီတော့ ကျွန်တော် စိတ်အဝင်စားဆုံး ကိစ္စကတော့ ဘယ်လိုပဲ ပြီးပြီး၊ ဒီအမှု မြန်မြန် ပြီးပြတ်သွားဖို့ပါပဲ။ ခင်ဗျား ဒီနေ့ ကျွန်တော့်ကို လာတွေ့တာ ဘာအကြောင်း ရှိလို့လဲ။ ခင်ဗျားလည်း အခုဆို သဘောပေါက်နေလောက်ပါပြီ။ ကျွန်တော်က မာရီဘရဲ့ ပုဂ္ဂိုလ်ရေးကိစ္စတွေမှာ ဘာမှ မယ်မယ်ရရ သိထားတာ မဟုတ်ဘူး"

သူက လက်ပတ်နာရီကို ငုံ့ကြည့်သည်။ အဓိပ္ပာယ်မှာ ပြောစရာရှိသည်ကို မြန်မြန်ပြောပါ ဟူသော သဘော။

"ကျွန်တော် ခင်ဗျားကို မေးစရာတစ်ခု ရှိလို့ပါ။ အဲဒီကိစ္စကို ခင်ဗျား မသိဘဲ နေမှာ မဟုတ်ဘူး။ အဲ ... ခင်ဗျား တစ်ယောက်တည်းပဲ သိလိမ့်မယ်လို့ ပြောရင် ပိုမှန်လိမ့်မယ် ထင်တယ်"

အီကာအိသည် အံ့အားသင့်နေသော မျက်နှာထားဖြင့် ပြန်မေးသည်။

"ကျွန်တော် တစ်ယောက်တည်းပဲ သိမယ် ... ဘာကိစ္စများပါလိမ့်"

"မာရီဘာ ယိုရှိတာကာနဲ့ အာယနဲတို့ ပထမဆုံးအကြိမ် ဆုံတွေ့ကြတဲ့ ကိစ္စပါ။ ခင်ဗျား အဲဒီတုန်းက အနားမှာ ရှိနေခဲ့တယ်ဆို။ ရှေ့တစ်ခေါက်က အဲဒီလို ပြောခဲ့တယ်လို့ ကျွန်တော် မှတ်မိတာပဲ"

"ဒီကိစ္စ လာပြန်ပြီလား"

အီကာအိက လေပူများ မှုတ်ထုတ်ကာ စိတ်ပျက်နေကြောင်း အတိအလင်း ဖော်ပြလိုက်သည်။

"သူတို့နှစ်ယောက် အဲဒီပါတီပွဲမှာ ဘာတွေပြောပြီး၊ ဘာတွေလုပ်ခဲ့ကြသလဲ ဆိုတာကို ကျွန်တော် အသေးစိတ် သိချင်ပါတယ်။ ပထမဆုံးအနေနဲ့ သူတို့နှစ်ယောက် ဘယ်လို စတွေ့ခဲ့ကြသလဲ ဆိုတာကို ကျွန်တော်ကို ပြောပြနိုင်မလား"

ဤမေးခွန်းကို ကြားရသည်တွင် အီကာအိသည် တအံ့တသြ ဖြစ်လျက်

မျက်မှောင်ကြုတ်ထားသည်။

"အဲဒီကိစ္စက အမှုနဲ့ ဘယ်လိုများ ပတ်သက်နေလို့လဲ"

ကုစာနာဂိသည် ဘာတစ်ခွန်းမျှ ပြန်လည် ဖြေကြားခြင်း မရှိဘဲ မချိပြုံးသာ ပြုံးနေလေသည်။

အီကာအိက နောက်တစ်ကြိမ် သက်ပြင်းချလိုက်ပြန်သည်။

"ဒါလည်း လျှို့ဝှက်ချက်ပဲလား။ ဒါပေမယ့် ခင်ဗျားဟာက အတော် နားလည်ရခက်တဲ့ ကိစ္စပဲ။ လွန်ခဲ့တဲ့ တစ်နှစ်ခွဲလောက်က အဖြစ်အပျက်က အမှုနဲ့ ဘယ်လိုမှ ပတ်သက်နိုင်စရာ မရှိပါဘူးဗျာ"

"တကယ်တမ်း ပတ်သက်ခြင်း ရှိမရှိ ဆိုတာကိုလည်း ကျွန်တော်တို့ မဝေခွဲနိုင်သေးပါဘူး။ အဲဒီတုန်းက ဖြစ်ပျက်ခဲ့သမျှကို ကျွန်တော်ကို ပြောပြပေးစေချင်ပါတယ်"

"ခင်ဗျားပုံ ကြည့်ရတာ လုံးဝ မသက်ဆိုင်တာတော့ မဖြစ်နိုင်ဘူး။ ... ထားပါတော့ဗျာ။ ဘယ်ကဘယ်လို စပြောရပါ့မလဲ"

"ရှေ့တစ်ခေါက် ခင်ဗျားပြောဖူးတာက အတွဲရှာတဲ့ ပါတီပွဲတစ်ပွဲမှာ ဆိုလားလို့။ အဲဒီလို ပါတီပွဲတွေမှာ ဂိမ်းတွေ အမျိုးမျိုး စီစဉ်ထားတတ်တယ်လို့ ကြားဖူးတယ်။ ယောကျ်ားလေးနဲ့ မိန်းကလေးတွေအကြား ပိုပြီး ရင်းရင်းနှီးနှီး ဖြစ်သွားအောင် စီစဉ်ထားတာတဲ့။ အဲဒီအချက်က အမှန်ပဲလား။ ဥပမာ ပါတီပွဲတက်တဲ့သူက ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်တဲ့အနေနဲ့ စကားထွက်ပြောရတာမျိုးပေါ့"

အီကာအိက လက်ခါပြသည်။

"အဲဒီလို မရှိပါဘူးဗျာ။ ရိုးရိုးမိတ်ဆုံစားပွဲ ပုံစံမျိုးပါပဲ။ အဲဒီလို ထူးထူးဆန်းဆန်း ဂိမ်းတွေ စီစဉ်ထားရင် ကျွန်တော်က အဲဒီပွဲကို တက်တောင် တက်ဖြစ်မှာ မဟုတ်ဘူး"

ကုစာနာဂိက ခေါင်းညိတ်လိုက်သည်။ သူ ပြောသည်မှာလည်း ဟုတ်တုတ်တုတ်။

“ဒါဆို အာယနဲကလည်း အဲဒီပါတီပွဲကို လာတက်ခဲ့တယ်။ ဟုတ်တယ်မလား။ အဲဒီတုန်းက သူနဲ့အတူ သူငယ်ချင်းတွေရော ပါလာသေးလား”

“မပါဘူး။ တစ်ယောက်တည်း လာတာလို့ ထင်တယ်။ တခြားလူတွေနဲ့လည်း စကားစမြည်ပြောတာမျိုး မရှိဘူး။ တစ်ယောက်တည်း ဘားကောင်တာမှာ ကော့တေးသောက်နေတာ”

“ဒါဆို အဲဒီတုန်းက သူတို့နှစ်ယောက်ထဲမှာ ဘယ်သူက စကားစပြောခဲ့တာလဲ”

“မာရှိဘပါ” အီကာအိက ချက်ချင်း ပြန်ဖြေသည်။

“မစ္စတာမာရှိဘ ...”

“အဲဒီတုန်းက ကျွန်တော်တို့လည်း ဘားဘောင်တာမှာ ထိုင်ပြီး အရက်သောက်နေကြတာ။ အာယနဲနဲ့ဆိုရင် ထိုင်ခုံနှစ်ခုံပဲ ခြားတယ်။ မာရှိဘက သူရဲ့ ဖုန်းအိတ်ကို လှကြောင်း ချီးကျူးလိုက်တာ”

မှတ်တမ်းယူနေသော ကုစာနာဂိ၏ လက်သည် ရုတ်တရက် ရပ်တန့်သွားသည်။

“ဖုန်းအိတ် ... ဟုတ်လား”

“သူ အဲဒီတုန်းက ဖုန်းကို ဘားကောင်တာပေါ် တင်ထားတာ။ သူ့ဖုန်းအိတ်က စပ်ထည်နဲ့ ချုပ်ထားတာလေ။ ဖုန်းစခရင်နေရာကိုတောင် ကြည့်ရလွယ်အောင် အပေါက်ဖောက်ထားသေးတယ်။ မာရှိဘက ‘လှလိုက်တာ’ လို့ ပြောလိုက်တာလား။ ဒါမှမဟုတ် ‘အတော် ထူးခြားတာပဲ’ လို့ ပြောလိုက်တာလားတော့ ကျွန်တော် မမှတ်မိတော့ဘူး။ သေချာတာကတော့ သူက စကားစလိုက်တာပဲ။ သူ့စကားသံကို ကြားတော့ အာယနဲက ပြုံးပြီး သူရဲ့ ကိုယ်ပိုင်လက်ရာဖြစ်ကြောင်း ပြန်ပြောတယ်။ အဲဒီနောက်တော့ သူတို့နှစ်ယောက်က ကြာလေ ရေပက်မဝင်လေ ပြောနေကြတော့တာပဲ”

“အဲဒါ သူတို့နှစ်ယောက် ပထမဆုံးအကြိမ် တွေ့ကြတဲ့ အခေါက် မဟုတ်လား”

"ဟုတ်တယ်။ ကျွန်တော်လည်း ထင်တောင် ထင်မထားဘူး။ အဲဒီလူနှစ်ယောက်က နောက်ဆုံးတော့ အိမ်ထောင်ပြုတဲ့အထိ ခရီးရောက်သွားခဲ့ကြတယ်"

ကုစာနာဂိသည် အနောက်ဘက်သို့ ကိုယ်ကို အတန်ငယ် ယို့လိုက်သည်။

"အဲဒီလို ပါတီပွဲမျိုးကို မစ္စတာမာရှိဘာနဲ့ ခင်ဗျား တစ်ခါပဲ တက်ခဲ့ဖူးတာမလား"

"ဒါပေါ့။ အဲဒီတစ်ခါပဲ"

"ဒါဆို မစ္စတာမာရှိဘာကရော။ သူက အခုလိုပဲ သူစိမ်းမိန်းကလေးတွေနဲ့ အသားလွတ် ဝင်ရောတတ်တာပဲလား"

အီကာအိသည် အတိတ်ကို ပြန်ပြောင်း၍ တွေးကြည့်နေသည်။

"ဘယ်လို ပြောမလဲ။ သူက သူစိမ်းမိန်းကလေးတွေကို ဝင်လုံးရမှာ ကြောက်နေ ရှုံ့နေတတ်တဲ့ လူစားမျိုးတော့ မဟုတ်ဘူး။ ဒါပေမယ့် ကျောင်းတက်နေတုန်းကလည်း သူက တစ်နေကုန် မိန်းမတွေနဲ့ အချိန်ကုန်နေတတ်တဲ့ လူစားမျိုးလည်း မဟုတ်ပြန်ဘူး။ သူ အရင်က အမြဲလိုလို ပြောနေတတ်တယ်။ မိန်းမတွေမှာ အရေးကြီးဆုံးက အပေါ်ယံအလှ မဟုတ်ဘူး။ ကိုယ်တွင်းအလှက အရေးကြီးဆုံးပဲတဲ့။ သူက အဲဒီစကားလုံးကို ဟိတ်ဟန်လုပ်ပြီး ပြောခဲ့တယ်လို့တော့ ကျွန်တော် မထင်ဘူး။ သူရဲ့ အတွင်းစိတ်ထဲမှာ အဲဒီလိုကို ယုံကြည်ထားလို့ပဲ ဖြစ်ရမယ်"

"ဒါဆို အဲဒီတုန်းက ပါတီပွဲမှာ သူက အာယနဲကို စပြီး ဝင်ရောခဲ့တာဆိုတော့ မစ္စတာမာရှိဘာအတွက်လည်း အဲဒါ မလုပ်စဖူး အလုပ်တစ်ခုကို လုပ်ခဲ့တဲ့ သဘောပေါ့"

"ဟုတ်တယ်။ ကျွန်တော်တောင် အံ့သြသွားခဲ့တာဗျ။ ဒါပေမယ့် အဲဒါကို ရေစက်လို့ပဲ ခေါ်ရမလား မသိပါဘူးဗျာ။ ကျွန်တော် နားလည်တာကတော့ သူတို့ရဲ့ ရင်ထဲမှာ အတိတ်က အချစ်မေတ္တာတွေ ကိုယ်စီ ရှိနေကြလို့ နောက်ဆုံးတော့ ပေါင်းစပ်ခွင့် ရသွားတယ်လို့ပဲ အောက်မေ့ပါတယ်"

"ဒါဆို သူတို့နှစ်ယောက် ဆုံကြတဲ့အချိန်မှာ သဘာဝမကျတဲ့ နေရာများ

မရှိခဲ့ဘူးလား။ သေးသေးမွှားမွှား ဆိုရင်လည်း ကိစ္စ မရှိပါဘူး”

အီကာအိသည် တဒင်္ဂမျှ စဉ်းစားနေဟန် ပြုပြီး ခေါင်းကို အသာအယာ ခါယမ်းလိုက်သည်။

“ကျွန်တော်လည်း ကောင်းကောင်း မမှတ်မိတော့ပါဘူးဗျာ။ အဲဒီတုန်းကတော့ သူတို့နှစ်ယောက်က ရေပက်မဝင်အောင် စကားဖောင်ဖွဲ့နေတော့ ကျွန်တော့်ကိုတောင် မေ့နေကြတယ်။ ဒါနဲ့ … မစ္စတာကုစာနာဂိ၊ ခင်ဗျားရဲ့ မေးခွန်းမှာ ထူးခြားတဲ့ အနက်အဓိပ္ပာယ်တစ်ခု ပါနေသလိုပဲဗျ။ ကျွန်တော်ကို အရိပ်အမြွက်လောက် ပြောမပြနိုင်ဘူးလား”

ကုစာနာဂိက ပြုံးလျက် မှတ်စုစာအုပ်ကို အိတ်ကပ်ထဲသို့ ပြန်သိမ်းလိုက်သည်။

“ပြောပြနိုင်တဲ့ အချိန်ရောက်ရင် ကျွန်တော် ခင်ဗျားကို ပြောပြပါ့မယ်။ အခုလို မအားလပ်တဲ့အကြားက အနှောင့်အယှက် ပေးမိတဲ့အတွက် တောင်းပန်ပါတယ်ဗျာ”

သူသည် မတ်တတ်ထရပ်ပြီး တံခါးပေါက်ရှိရာသို့ ဦးတည်သွားသည်။ ထို့နောက် ခေါင်းကို နောက်ပြန်လှည့်ပြီး

“ဒီနေ့ လာတွေ့တဲ့ကိစ္စကို ကျေးဇူးပြုပြီး ဘယ်သူ့ကိုမှ မပြောပြပါနဲ့။ မစ္စစ်မာရှိဘာကိုလည်း မသိပါစေနဲ့ဗျာ”

အီကာအိ၏ မျက်လုံးများ မှေးစင်းသွားသည်။

“ခင်ဗျားတို့က သူ့ကို သံသယဝင်နေကြတာလား”

“အဲဒီလို မဆိုလိုပါဘူး။ ဒါပေမယ့် ကူညီပေးပါဦး”

ကုစာနာဂိသည် နောက်ထပ် ထွက်ပေါ်လာမည့် မေးခွန်းများကို မဖြေကြားလိုသောကြောင့် အခန်းထဲမှ အလျင်အမြန် ထွက်ခဲ့လေတော့သည်။

အဆောက်အအုံထဲမှ ထွက်ပြီး လူသွားစင်္ကြံပေါ်သို့ ရောက်သည့် အခါတွင် ကုစာနာဂိသည် သက်ပြင်းကို အားရပါးရ ချလိုက်မိလေသည်။

အီကာအိ၏ စကားအရဆိုလျှင် ထိုစဉ်က အာယနဲသည် မာရိုဘာ ယိုရှီတာကာကို ဦးအောင် ဆက်သွယ်ခဲ့ခြင်း မဟုတ်ပေ။ ပါတီပွဲတွင် သူတို့နှစ်ယောက် တွေ့ဆုံခဲ့ခြင်းမှာ ရေးရေစက် ရှိသောကြောင့်သာ ဖြစ်ရပေမည်။

သို့သော် တကယ့် အဖြစ်မှန်က အသို့ရှိအံ့နည်း။

ကျူကူအိ ဂျွန်ကိုကို သိကျွမ်းခြင်း ရှိမရှိ အာယနဲအား မေးမြန်းခဲ့စဉ်အခါက အာယနဲသည် ကုစာနာဂိကို ယတိပြတ် ငြင်းဆိုခဲ့သည်။ ဤအချက်ကို ကုစာနာဂိသည် အတော်ပင် စိတ်ဝင်စားနေသည်။ ကျူကူအိ ဂျွန်ကိုနှင့် အာယနဲတို့ မသိဘဲ နေမည် မဟုတ်ပေ။

ကျူကူအိ ဂျွန်ကို၏ 'နှင်းလူလဲကျပြီ' ဟူသော ရုပ်ပြစာအုပ်ထဲတွင် ပါရှိသော ရုပ်ပုံပန်းချီကားသည် အာယနဲ၏ စပ်ထည်ပန်းချီကားနှင့် တထေရာတည်း တူညီနေသည်။ ယင်းစပ်ထည်ပန်းချီကား၏ ဒီဇိုင်းကို ဆွဲခဲ့သူမှာလည်း အာယနဲပင် ဖြစ်သည်။ တခြားသူများ၏ ဒီဇိုင်းများကို ကူးယူခဲ့ခြင်း မရှိ။ စပ်ထည်အနုပညာရှင် မီတာ အာယနဲသည် မည်သည့်အခါမဆို ကိုယ်တိုင် တီထွင်ဖန်တီးထားသော ဒီဇိုင်းကိုသာ စပ်ထည်ချုပ်လုပ်တတ်သူ ဖြစ်သည်။ ထိုသို့ဆိုလျှင် ကျူကူအိသည် အာယနဲ၏ ယင်းစပ်ထည်ပန်းချီကားကို တစ်နေရာရာတွင် တွေ့ဖူးခဲ့ရပေလိမ့်မည်။

စုဆောင်းရရှိထားသော သတင်းအချက်အလက်များအရ ဆိုလျှင် ထိုစပ်ထည်ပန်းချီကားသည် အာယနဲ၏ လက်ရာအယ်လ်ဘမ်ထဲတွင် မှတ်တမ်းတင် ပုံနှိပ်ထားခြင်း မရှိပေ။ အကယ်၍ ကျူကူအိသည် ယင်းပန်းချီကားကို မြင်ခဲ့ဖူးသည် ဆိုလျှင် ပြပွဲခန်းမအတွင်း၌ မြင်ခဲ့ဖူးခြင်းသာ ဖြစ်ရပေမည်။ သို့သော် ထိုသို့သော ပြပွဲမျိုးတွင် ဓာတ်ပုံရိုက်ခွင့် မရှိပေ။ အကယ်၍ ဓာတ်ပုံမရှိလျှင် ပြင်ပလက်ရာနှင့် တထေရာတည်းနီးပါး တူညီနေအောင် ရေးဆွဲနိုင်ရန် ခဲယဉ်းလွန်းလှပေသည်။

ထိုအချက်များကို ထည့်သွင်းစဉ်းစားကြည့်လိုက်မည် ဆိုလျှင် ကျူကူအိသည် ယင်းပန်းချီကားကို အပြင်တွင် အေးအေးဆေးဆေး ကြည့်ရှုခွင့် ရခဲ့ဖူးရပေလိမ့်မည်။ ထို့ကြောင့် သူသည် အာယနဲနှင့် ခင်မင်ရင်းနှီးသူတစ်ယောက် ဖြစ်ရမည်။ အာယနဲသည် အဘယ်ကြောင့် လိမ်ညာခဲ့ရသနည်း။ သူသည် အဘယ်ကြောင့် ကျူကူအိကို မသိပါဟု ဖြေဆိုခဲ့ရသနည်း။ ဤသို့ လိမ်ညာခဲ့ခြင်းမှာ ကွယ်လွန်သွားသော သူ့ခင်ပွန်းသည် သူ့သူငယ်ချင်း၏ ရည်းစားဟောင်း ဖြစ်ခဲ့ဖူးသည် ဆိုသော အချက်ကို ဖုံးကွယ်ချင်ရုံ သက်သက်မျှ ရိုးရှင်းပါ၏လော။

ကုစာနာဂိသည် နာရီကို ငုံ့ကြည့်လိုက်သည်။ ညနေ ၄ နာရီထိုးကျော်ပြီ။

ထွက်ခွာဖို့ အချိန်တန်ပြီဟု သူ တွေးနေမိသည်။ သူသည် ယုကာဝါကို ၄ နာရီခွဲတွင် လာတွေ့မည်ဟု ချိန်းထားခဲ့သည်။ သို့သော် လက်ရှိအချိန်တွင် သူ၏ စိတ်မှာ အတန်ငယ် လေးလံထိုင်းမှိုင်းနေသည်ဟု ခံစားနေရသည်။ ဖြစ်နိုင်မည်ဆိုလျှင် သူ ယုကာဝါကို မတွေ့လိုပေ။ အဘယ်ကြောင့်ဆိုသော် ယုကာဝါသည် သူ မကြားချင်ဆုံးသော ကောက်ချက်နှင့်အတူ သူ့ကို စောင့်ဆိုင်းနေပေလိမ့်မည်။ သို့သော် ဤအမှုကို တာဝန်ယူ ကိုင်တွယ်နေရသည့် မှုခင်းရဲတစ်ယောက်အနေဖြင့် ယုကာဝါ ပြောမည့်စကားကို ကိုယ်တိုင်ကိုယ်ကျ နားထောင်ရန် သူ့တွင် တာဝန်ရှိနေသေးသည်။ ထို့အပြင် လတ်တလော ဖြစ်ပေါ်ခံစားနေရသော ကတုန်ကယင် ခံစားမှုများကို အဆုံးသတ် ပစ်လိုက်ချင်သည့် စိတ်ဆန္ဒတစ်ခုကလည်း သူ၏ ရင်တွင်းတစ်နေရာ၌ ကိန်းအောင်းနေလေတော့သည်။

(၂၇)

ယုကာဝါသည် ဇွန်းတစ်ချောင်းဖြင့် ကော်ဖီမှုန့်များကို ကော်၍ စက္ကူရေစစ်ထဲသို့ လောင်းထည့်လိုက်သည်။

"ဆရာက စစ်ခွက်နဲ့ ကော်ဖီဖျော်တာ အတော်တောင် အသားကျနေပြီပဲ" ဥကျူမိသည် သူ၏ အနောက်မှ နေ၍ ကောက်ချက်ချနေသည်။

"ဟုတ်တယ်။ အတော် အသားကျနေပြီ။ ဒါပေမယ့် တစ်ချိန်တည်းမှာပဲ သူ့ရဲ့ အားနည်းချက်တစ်ခုကိုလည်း သတိထားမိလာတယ်"

"ဘာများပါလိမ့်"

"ကော်ဖီမနုပ်ခင်မှာ ဘယ်နှခွက်စာ ဖျော်မလဲ ဆိုတာကို အရင်ဆုံး ဆုံးဖြတ်ချက် ချရတယ်။ နောက်ထပ် နှစ်ခွက်၊ သုံးခွက်လောက် ထပ်လိုချင်တယ် ဆိုရင် ကော်ဖီမှုန့် အသစ်ပြန်ထည့်ပြီး အစကနေ ပြန်စရတာတော့ ကိစ္စ မရှိဘူးပေါ့လေ။ ဒါပေမယ့် ကော်ဖီတစ်ခွက်စာအတွက် အစအဆုံး ပြန်လုပ်နေရတာကတော့ မစားသာဘူး။ ဒါကြောင့် ကော်ဖီမှုန့် ပိုထည့်ရင်လည်း လက်လွန်သွားမှာ စိုးရသေးတယ်။ ပိုသွားရင် လွှင့်ပစ်ရမှာကလည်း နှမြောစရာကြီး။ ကြာကြာ သိမ်းထားရင်လည်း အရသာ ပြောင်းသွားနိုင်တယ် ဆိုတော့ အတော်တော့ ခေါင်းခဲစရာပဲ"

"ဒီနေ့အတွက်တော့ မပူပါနဲ့ဆရာ။ ပိုတာတွေအားလုံးကို ကျွန်မ သောက်ပေးမယ်"

"အဲ ... ဒီနေ့အတွက်တော့ အဲဒီကိစ္စကို နည်းနည်းမှ စိတ်မပူဘူး။ ကျွန်တော် လေးခွက်စာ ဖျော်ထားတယ်။ ခင်ဗျားအတွက်ရယ်၊ ကျွန်တော်အတွက်ရယ်၊ နောက်ပြီး ကုစာနာဂိအတွက်ရယ်၊ စုစုပေါင်း သုံးခွက်။ ကျန်တဲ့တစ်ခွက်ကိုတော့ ခင်ဗျားတို့ ပြန်သွားမှ ကျွန်တော် ဖြည်းဖြည်းချင်း အရသာခံ သောက်တော့မယ်"

ကြည့်ရသည်မှာ ယုကာဝါသည် ယနေ့ စကားကြောရှည်ရန် ဆန္ဒရှိပုံ မရပေ။ သို့သော် ပြဿနာသည် ဤမျှ လွယ်လွယ်နှင့် ပြေလည်သွားနိုင်ပါမည်လောဟု ဥကျုမိက သင်္ကာမကင်း ဖြစ်နေမိသည်။

"ထ.ရ.ဖက လူတွေက ဆရာ့ကို အရမ်း ကျေးဇူးတင်နေကြတာ။ တကယ်လို့ ဆရာသာ ပြတ်ပြတ်သားသား မပြောခဲ့ဘူးဆိုရင် သူတို့က ရေသန့်စက်ကို Spring-8 ကို ပို့ပြီး စစ်ဆေးကြည့်ကြမှာ မဟုတ်တော့ဘူး"

"ကျေးဇူးတင်စရာ မလိုပါဘူးဗျာ။ ကျွန်တော်က သိပ္ပံပညာရှင်တစ်ယောက်အနေနဲ့ ခင်ဗျားတို့ကို အကြံပေးရုံ သက်သက်ပါ"

ယုကာဝါသည် ဥကျုမိ၏ မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်သည်။ သူသည် အလုပ်စားပွဲပေါ်တွင် တင်ထားသော စစ်တုရင်ဗန်းပေါ်မှ အဖြူရောင်မြင်းကို ကောက်ကိုင်ပြီး လက်ထဲ၌ လူးလိမ့်ကစားနေသည်။

"သူတို့ အာဆင်နစ်အက်ဆစ်ကို တွေ့တယ်ပေါ့"

"ကျွန်မတို့ Spring-8 က လူတွေကို ပါဝင်ပစ္စည်းနဲ့ ပါဝင်နှုန်းထားကို စေ့စေ့စပ်စပ် တိုင်းတာကြည့်ခိုင်းပြီးသွားပြီ။ မာရီဘာ ယိုရှီတာကာကို လုပ်ကြံတဲ့နေရာမှာ သုံးတဲ့ အာဆင်နစ်နဲ့ လုံးဝ ထပ်တူညီနေတယ်လို့ သူတို့ ယူဆကြတယ်။ အဲဒီအချက်တော့ မှားစရာ မရှိဘူး"

ယုကာဝါသည် မျက်လွှာချကာ ခေါင်းတစ်ချက် ညိတ်ပြီး အဖြူရောင်မြင်းကို စစ်တုရင်ဗန်းပေါ်သို့ ပြန်ချလိုက်သည်။

"ရေသန့်စက်ရဲ့ ဘယ်အစိတ်အပိုင်းမှာ အဆိပ်ကို တွေ့ခဲ့တာလဲ။ အဲဒါကိုရော သိရပြီလား"

"အစီရင်ခံစာအရတော့ ရေထွက်ပေါက် ပတ်ဝန်းကျင်လောက်မှာ ဖြစ်လိမ့်မယ်။ ရေသန့်စက်ထဲမှာ ရေစစ်ပွန် တပ်ထားတာ ဆိုပေမယ့် အဲဒီအထဲမှာ ရှာမတွေ့ခဲ့ဘူး။ ဒါကြောင့် တရားခံဟာ ရေသန့်စက်နဲ့ ပိုက်ပျော့ကို ချိတ်ဆက်တဲ့ အဆက်နေရာကနေ အဆိပ်ခတ်ခဲ့တာ ဖြစ်မယ်လို့ ထ.ရ.ဖက တွက်ဆထားကြတယ်"

"အဲဒီလိုလား"

"ဒါပေမယ့် ပြဿနာက ..." ဥက္ကျူမိက ဆက်ပြောသည်။

"အဆိပ်ခတ်ပုံ ခတ်နည်းကို အခုချိန်ထိ စဉ်းစားလို့ မရသေးဘူး။ တရားခံက အဆိပ်ကို ဘယ်လို ခတ်ခဲ့တာလဲ။ အခုဆိုရင် Spring-8 ဘက်ကလည်း လိုချင်တဲ့ အဖြေကို ရပြီဆိုတော့ ဆရာ ကျွန်မတို့ကို ရှင်းပြဖို့ အချိန်တန်ပြီ ထင်တယ်"

ယုကာဝါသည် အဖြူရောင် ကုတ်အင်္ကျီ၏ လက်ရှည်ကို အထက်သို့ ခေါက်တင်ပြီး လက်နှစ်ဖက်ကို ရင်ခွင်အထက်တွင် ပိုက်ထားလိုက်သည်။

"ဒီလိုဆိုတော့ ထ.ရ.ဖကလည်း အဖြစ်မှန်ကို နားမလည်သေးဘူး ဆိုတဲ့ သဘောပေါ့"

"ထ.ရ.ဖက ပြောတယ်။ ဖြစ်နိုင်စရာ နည်းလမ်းတစ်ခုပဲ ရှိတယ်တဲ့။ အရင်ဆုံး ရေသန့်စက်ကို နံရံကနေ ဖြုတ်ချပစ်ရမယ်။ ပြီးတော့ အာဆန်နစ်ထည့်ပြီး နဂိုနေရာမှာ ပြန်တပ်ရမယ်။ အဲဒီလို ဆိုရင်လည်း ရေသန့်စက်ပေါ်မှာ ထိတွေ့ကိုင်တွယ်ထားတဲ့ အရေးအကြောင်းတွေ မကျန်ဘဲ နေမှာ မဟုတ်ဘူး"

"အဆိပ်ကို ဘယ်လို ခတ်ခဲ့သလဲဆိုတာ သိကို သိရမှ ဖြစ်မှာလား"

"ဒါပေါ့။ အဆိပ်ကို ဘယ်လို ခတ်ခဲ့သလဲဆိုတာ မသိဘူးဆိုရင် တရားခံက ဘယ်သူပဲ ဖြစ်နေပါစေ၊ ကျွန်မတို့ ဘာမှ ဆက်လုပ်လို့ ရမှာမဟုတ်ဘူး"

"အဆိပ်ရှိတဲ့ ဓာတ်ကြွင်းတွေကို သက်သေအဖြစ်နဲ့ တွေ့ထားပြီးပြီပဲ ဥစ္စာ။ အဲဒီလောက်နဲ့ မလုံလောက်သေးဘူးလား"

"တကယ်လို့သာ အဆိပ်ခတ်တဲ့နည်းကို မဖော်ထုတ်နိုင်ရင် တရားရုံးမှာ တရားခံကို တရားစွဲဖို့ လုံးဝ မဖြစ်နိုင်ဘူး။ တရားခံရှေ့နေက အဲဒါကို ရဲဌာနရဲ့ လုပ်ငန်းပေါ့လျော့မှုအဖြစ် လျှောက်လဲလို့ ရနိုင်သေးတယ်လေ"

"ပေါ့လျော့မှု ..."

"သေဆုံးသူ သောက်သုံးခဲ့တဲ့ ကော်ဖီခွက်ထဲက အာဆန်နစ်တွေဟာ ရဲတွေဘက်က ပေါ့လျော့လို့ ရေသန့်စက်ထဲကို မတော်တဆ ဝင်ရောက်သွားခဲ့တာ ဖြစ်လိမ့်မယ်လို့ တရားခံရှေ့နေက လျှောက်လဲလာနိုင်တယ်။ အခုဟာကလည်း မော်လီကျူးအဆင့်ထိ အနုစိတ် စစ်ဆေးထားတာ မဟုတ်လား"

ယုကာဝါသည် ထိုင်ခုံတွင် နောက်မှီချလျက် ခေါင်းကို ညင်ညင်သာသာ ညိတ်နေလေသည်။

"အေးပေါ့။ တရားခံဘက်က အဲဒီလို လျှောက်လဲလာနိုင်တာပဲ။ တကယ်လို့သာ တရားလိုဘက်က အဆိပ်ခတ်နည်းကို ဂဃနဏ ရှင်းမပြနိုင်ဘူး ဆိုရင်တော့ တရားသူကြီးကလည်း တရားခံရှေ့နေရဲ့ အဆိုကို သဘောတူရတော့မှာ"

"ဒါကြောင့် ကျွန်မတို့အနေနဲ့ အဆိပ်ခတ်နည်းကို မသိမဖြစ် သိကိုသိမှ ဖြစ်မယ်။ ကျွန်မတို့ကို ရှင်းပြပေးပါတော့။ ထ.ရ.ဖကလည်း ဆရာရဲ့အဖြေကို စောင့်မျှော်နေကြတာ။ ဆရာနဲ့ တွေ့နိုင်ဖို့ ကျွန်မနဲ့ အတူတူ လိုက်ခဲ့ဖို့တောင် ပြောနေကြသေးတယ်"

"အဲဒါတော့ ဘယ်ဖြစ်မလဲဗျ။ ရဲတွေ တစ်ပြုံကြီး ရောက်လာတော့ ကျွန်တော့်ကို ယုန်ထင်ကြောင်ထင် ထင်ကုန်ကြမှာပေါ့"

"ကျွန်မလည်း အဲဒါကို တွေးမိလို့ ကျွန်မတစ်ယောက်တည်း ဆရာ့ကို လာတွေ့တာပေါ့။ ကျွန်မအပြင်ဆိုလို့ ဆရာကုစာနာဂိပဲ ပါမယ်"

"အဲဒီလို ဆိုရင်လည်း သူ ရောက်အလာကို စောင့်ကြသေးတာပေါ့။ အကြောင်းအရာတစ်ခုကို ထပ်ခါထပ်ခါ ရှင်းပြနေရတာ စိတ်ပျက်ဖို့ ကောင်းတယ်။ နောက်ပြီး နောက်ဆုံးအနေနဲ့ အချက်တစ်ချက်ကိုလည်း ကျွန်တော် စစ်ဆေးကြည့်ချင်သေးတယ်" ယုကာဝါက လက်ညှိုးတစ်ချောင်း ထောင်လျက်

"ခင်ဗျားတို့ ... ခင်ဗျားတစ်ယောက်တည်းရဲ့ အမြင်ဆိုရင်လည်း ကိစ္စမရှိပါဘူး။ ကျွန်တော် ခင်ဗျားကို မေးမယ်။ မာရှိဘ ယိုရှီတာကာကို သတ်ရတဲ့ အကြောင်းအရင်းက ဘာဖြစ်မယ်လို့ ခင်ဗျား ထင်သလဲ"

"အကြောင်းအရင်းလား ... ကျွန်မအထင်တော့ အချစ်ကြီးလို့ အမျက်ကြီးတာပဲ ဖြစ်လိမ့်မယ်"

ဥကျူမိ၏ အဖြေကို ကြားရသည့်အခါတွင် ယုကာဝါသည် နှုတ်ခမ်းကို သိသိသာသာ မဲ့လိုက်လေသည်။

"ခင်ဗျားဟာက ဘာအဓိပ္ပာယ်လဲ။ ကျွန်တော်ကို စိတ်ကူးယဉ်ဆန်ဆန် စကားလုံးတွေနဲ့ ဝါးချဖို့ စိတ်ကူးနေတာလား။ ဘယ်သူက ဘယ်သူ့ကို ချစ်တာလဲ။

နောက်ပြီး ဘယ်သူကရော ချစ်သူကို သတ်ပစ်ချင်လောက်အောင် အမျက်ကြီးသွားခဲ့တာလဲ။ အဲဒီလို ရှင်းရှင်းလင်းလင်း ပြောမှ လိပ်ပတ်လည်မှာပေါ့ဗျ”

“ကျွန်မလည်း အဲဒီကိစ္စကို အခုချိန်ထိ မှန်းဆကြည့်နေတုန်းပဲ ရှိသေးတယ်”

“ကိစ္စ မရှိပါဘူး။ ရဲရဲသာ ပြောကြည့်စမ်းပါ။ ကျွန်တော်က ခင်ဗျားရဲ့ ပုဂ္ဂလိကအမြင်ကို သိချင်တာပါလို့ စကားပလ္လင် ခံပြီးသားပဲဥစ္စာ”

ဥက္ကာမြသည် “ဟုတ်” ဟု ဖြေပြီး ခေါင်းကို အောက်သို့ ငိုက်ထားလိုက်သည်။

ကော်ဖီဖျော်စက်မှ ရေငွေ့မှုတ်သံများကို ကြားလာရသည်။ ယုကာဝါသည် မတ်တတ်ထရပ်ပြီး လက်ဆေးကန်ထဲမှ ကော်ဖီခွက်များကို ထုတ်ယူလာသည်။ ဥက္ကာမြသည် သူ၏ ကျောပြင်ကို ငေးကြည့်လျက် စကားဆိုသည်။

“ကျွန်မကတော့ အခုချိန်ထိ အာယနဲကို သံသယရှိနေတုန်းပဲ။ သေစေလိုတဲ့ အကြောင်းအရင်းကတော့ မာရှိဘ ယိုရှီတာကာက သူ့အပေါ် သစ္စာဖောက်ခဲ့လို့ပဲ ဖြစ်ရမယ်။ သူကိုယ်နှိုက်က ကိုယ်ဝန်မဆောင်နိုင်လို့ ကွာရှင်းဖို့ အသိပေး ခံခဲ့ရတဲ့အပြင် တခြား မိန်းမတစ်ယောက်နဲ့ ဖောက်ပြန်နေတာကို သိလိုက်ရတဲ့ အတွက်ကြောင့် သူ့ကို သတ်ပစ်ဖို့ ဆုံးဖြတ်ချက် ချခဲ့တာဖြစ်မယ်”

“မိသားစုမိတ်ဆုံစားပွဲ ညမှာ အဲဒီဆုံးဖြတ်ချက်ကို ချခဲ့တယ်လို့ ခင်ဗျား ထင်လား”

ယုကာဝါသည် ခွက်ထဲသို့ ကော်ဖီကို ငှဲ့ထည့်ရင်း မေးလိုက်သည်။

“ကျွန်မအထင်တော့ နောက်ဆုံး ဆုံးဖြတ်ချက်ကို အဲဒီညက ချခဲ့တာပဲ ဖြစ်လိမ့်မယ်။ အဲဒီမတိုင်ခင်ကတည်းက သတ်ဖို့ ရည်ရွယ်ချက် ရှိခဲ့တာလည်း ဖြစ်ကောင်း ဖြစ်နိုင်တာပဲ။ အဲဒီအချိန်မှာ အာယနဲက မစ္စတာမာရှိဘနဲ့ ဝါကာယာမာ ဟိရောမိတို့ရဲ့ တိတ်တိတ်ပုန်း ဇာတ်လမ်းကို သိထားပြီးတဲ့အပြင် ဝါကာယာမာ ဟိရောမိမှာ ကိုယ်ဝန်ရှိနေပြီ ဆိုတာကိုလည်း သိနေခဲ့ပြီ။ ဒါကြောင့် မစ္စတာမာရှိဘကက ကွာရှင်းဖို့ စကားစလာတဲ့ အချိန်မှာ ယမ်းပုံမီးကျသလို ဖြစ်သွားခဲ့တာ ဖြစ်မယ်”

ယုကာဝါသည် လက်တစ်ဖက်စီတွင် ကော်ဖီခွက်တစ်ခွက်စီ ကိုင်လျက်

အနားသို့ ရောက်လာသည်။ လက်ထဲမှ ခွက်တစ်ခွက်ကို ဥက္ကာမြိ၏ အရှေ့တွင် ချပေးလိုက်သည်။

"ကျူကူအိ ဂျွန်ကို ဆိုတဲ့ အမျိုးသမီးကရော ဘယ်လိုလဲ။ သူကရော ဒီအမှုနဲ့ လုံးဝ မပတ်သက်ဘူးလား။ ဒီမနက်တင် ကုစာနာဂိက သူ့အကြောင်းကို သွားစုံစမ်းနေသေးတယ် မဟုတ်လား"

ကျူကူအိ ဂျွန်ကိုနှင့် မာရိုဘ အာယနဲတို့နှစ်ယောက်၊ တစ်ယောက်ကိုတစ်ယောက် သိကျွမ်းရင်းနှီးထားသူများ ဖြစ်ရမည်ဟု ဥက္ကာမြိသည် ယနေ့ ဤနေရာသို့ ရောက်ခါစ အချိန်တွင် ယုကာဝါအား ပြောပြထားသည်။

"လုံးဝ ပတ်သက်မှု မရှိဘူးလို့လည်း မပြောနိုင်ဘူး။ ဒီအမှုမှာ လူသတ်တရားခံ အသုံးပြုခဲ့တဲ့ အာဆန်နစ်တွေက ကျူကူအိ သတ်သေတုန်းက သုံးခဲ့တဲ့ဟာတွေ ဖြစ်နေတယ်။ နောက်ပြီး ကျူကူအိနဲ့ ရင်းရင်းနှီးနှီး ခင်မင်နေတဲ့ အာယနဲအနေနဲ့ အဲဒီအာဆန်နစ်တွေကို သူ့လက်ထဲရောက်အောင် တစ်နည်းနည်းနဲ့ လုပ်ဆောင်နိုင်စွမ်း ရှိလိမ့်မယ်လို့ ကျွန်မ ထင်တယ်"

ယုကာဝါသည် ကော်ဖီခွက်ကို လက်ထဲတွင် ကိုင်လျက် ဥက္ကာမြိကို ငေးကြည့်နေသည်။

"ပြီးတော့ရော"

"ပြီးတော့ ......"

"ကျူကူအိ ဂျွန်ကိုဆိုတဲ့ အမျိုးသမီးက ဒီအမှုနဲ့ အဲဒီလောက်ပဲ ပတ်သက်ဆက်စပ်နေတာလား။ အမှုလုပ်ရတဲ့ အကြောင်းအရင်းနဲ့ တိုက်ရိုက် ပတ်သက်ဆက်စပ်နေတာမျိုး မရှိနိုင်ဘူးလား"

"အဲဒီအချက်ကိုတော့ လတ်တလော ပြောရခက်သေးတယ်"

ယုကာဝါက ပြုံးလျက် ကော်ဖီတစ်ငုံ မော့သောက်လိုက်သည်။

"အဲဒီလိုဆိုရင်တော့ ခင်ဗျားကို အဆိပ်ခတ်နည်း ပြောပြလို့ မဖြစ်သေးဘူး"

"ဘာဖြစ်လို့လဲ"

“ခင်ဗျားက ဒီအမှုရဲ့ အခြေခံ အကြောင်းတရားကို နားမလည်သေးဘူး။ အဲဒီလို လူမျိုးကို အမှုလုပ်ပုံလုပ်နည်း ပြောပြလိုက်ရင် သိပ်ကို အန္တရာယ်များသွားနိုင်တယ်”

“ဒါဆို ဆရာက နားလည်ထားပြီ ဆိုတဲ့ သဘောပေါ့”

“အနည်းဆုံးတော့ ခင်ဗျားထက် ပိုသိတယ် ဆိုပါတော့”

ဥက္ကျူမိသည် ယုကာဝါကို မျက်တောင်မခတ်တမ်း စိုက်ကြည့်နေစဉ်မှာပင် တံခါးခေါက်သံ ထွက်ပေါ်လာသည်။

“သူ ရောက်လာတာနဲ့ အတော်ပဲ။ သူက ဒီအမှုရဲ့ အခြေခံ အကြောင်းတရားကို သဘောပေါက်ချင် ပေါက်နေလောက်ပြီ” ပြောပြီး ယုကာဝါသည် မတ်တတ်ရပ်ကာ တံခါးရှိရာသို့ လျှောက်သွားလေတော့သည်။

(၂၈)

ကုစာနာဂိ အခန်းထဲသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ယုကာဝါသည် သူ၏ စုံစမ်းရရှိမှု အခြေအနေများကို မေးမြန်းလေတော့သည်။ ကုစာနာဂိသည် ပြောသင့် မပြောသင့် တစ်ခဏ တွေဝေနေပြီးမှ အီကာအိထံမှ သိခဲ့ရသော သတင်းအချက်အလက်များကို ယုကာဝါအား ပြောပြလိုက်သည်။

"အဲဒီတုန်းက ပထမဆုံး စကား စပြောတဲ့သူက မာရိုဘ ယိုရှီတာကာပဲ။ ဒါကြောင့် အာယနဲက ပါတီပွဲကို အသုံးချပြီး မာရိုဘ ယိုရှီတာကာကို ချဉ်းကပ်ခဲ့တယ် ဆိုတဲ့ ဥကျူမိရဲ့ ယူဆချက်ကို ချောင်ထိုးပစ်လိုက်လို့ ရပြီ"

ကုစာနာဂိသည် နံဘေးရှိ အငယ်တန်းရဲမေကို မျက်လုံးစွေကြည့်ကာ ပြောနေသည်။

"ယူဆချက်ရယ်လို့ မဟုတ်သေးပါဘူး။ အဲဒီလို ဖြစ်နိုင်ခြေ ရှိတယ်လို့ပဲ ကျွန်မ ပြောချင်တာပါ"

"ဟုတ်လား။ ဒါပေမယ့် အဲဒီလို ဖြစ်နိုင်ခြေလည်း လုံးဝ မရှိတော့ဘူးလို့ ပြောရမှာပဲ။ ကဲ ထားပါ။ နင် နောက် ဘာဆက်လုပ်ဖို့ စိတ်ကူးထားလဲ" ကုစာနာဂိက ဥကျူမိကို စိုက်ကြည့်ရင်း ပြောသည်။

ယုကာဝါသည် ငှဲ့ထားပြီးသော ကော်ဖီတစ်ခွက်ကို ကုစာနာဂိ၏ အရှေ့သို့ ချပေးလိုက်သည်။

ကုစာနာဂိသည် "ကျေးဇူးပဲ" ဟု ဆို၍ ခွက်ကို လှမ်းယူသည်။

"အဲဒီတော့ မင်းကရော ဘယ်လိုမြင်လဲ" ယုကာဝါက မေးသည်။

"တကယ်လို့သာ အဲဒီ ရှေ့နေ အီကာအိရဲ့ စကားကို လုံးဝ မှန်ကန်ပါတယ်လို့ ယုံကြည်ထားလိုက်မယ် ဆိုရင် အာယနဲကလည်း မစ္စတာမာရိုဘကို ပါတီပွဲမှာ

ပထမဆုံးအကြိမ် မြင်ဖူးတာပဲ ဖြစ်ရမယ်လို့ ယူဆရတော့မှာပေါ့။ အဲဒီလိုဆိုတော့ အာယနဲက မစ္စတာမာရိုဘရဲ့ ရည်းစားဟောင်းရဲ့ သူငယ်ချင်းဖြစ်နေတယ် ဆိုတဲ့ အချက်က လုံးဝ တိုက်ဆိုင်မှုသက်သက် ဖြစ်သွားပြီ ဆိုတဲ့သဘောပေါ့။ မင်းက အဲဒါကို ယုတ္တိရှိတယ်လို့ ယူဆထားတာလား”

ကုစာနာဂိသည် သူ၏ မေးခွန်းကို ပြန်မဖြေသေးဘဲ ကော်ဖီကို တစ်ငုံ မော့သောက်လိုက်သည်။ ထို့နောက် အတွေးများကို ပြန်လည် နေရာချနေလေသည်။

ယုကာဝါက ပြုံးလျက်

“ကြည့်ရတာ မင်းလည်း အဲဒီရှေ့နေရဲ့ စကားကို ယုံပုံ မရဘူး”

“အီကာအိက ညာနေတယ်လို့တော့ ငါ မယူဆဘူး” ကုစာနာဂိက ပြောသည်။

“ဒါပေမယ့် သူ ပြောတဲ့စကားက အမှန်တွေပါလို့ သက်သေပြစရာ အထောက်အထားလည်း ရှိမနေဘူး”

“ဒါဆို မင်းသဘောက ...”

ကုစာနာဂိသည် အသက်ကို မှန်မှန်ရှူလိုက်ပြီး စကားဆက်သည်။

“တစ်ယောက်ယောက်ကတော့ လုပ်ဇာတ်ခင်းခဲ့တာ ဖြစ်မယ်”

“လုပ်ဇာတ် ...”

“သူတို့နှစ်ယောက်က တစ်ခါမှ မမြင်မတွေ့ဖူးတဲ့ သူစိမ်းတွေအလား လုပ်ဇာတ်ခင်းခဲ့ကြတယ်။ သူတို့နှစ်ယောက် အရင်ကတည်းက ရင်းနှီးခင်မင်နေခဲ့တာကို ဖုံးကွယ်ထားချင်တာကြောင့် ပါတီပွဲရောက်မှ ပထမဆုံးအကြိမ် ဆုံတွေ့ကြသယောင် တမင် သရုပ်ဆောင်ခဲ့ကြတာ။ ရှေ့နေအီကာအိကို မျက်မြင်သက်သေအဖြစ် ထားပြီးတော့ပေါ့။ အဲဒီလို တွေးကြည့်လိုက်ရင် အားလုံးက ကွင်းဆက်မိသွားရော။ ဘားကောင်တာပေါ် တင်ထားတဲ့ ဖုန်းအိတ်တစ်လုံးကို အကြောင်းပြုပြီး သူတို့နှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် မခွဲနိုင် မခွာရက်အောင် ချစ်မိသွားကြတယ် ဆိုတာကတော့ ပုံပြင်ဆန်လွန်းအားကြီးနေတယ်”

"မိုက်တယ်ကွာ"

ယုကာဝါ၏ မျက်လုံးများ တဖျပ်ဖျပ် လင်းလက်နေသည်။

"ငါလည်း အဲဒီလို ခံစားနေရတယ်။ အမျိုးသမီးတစ်ဦးရဲ့ အမြင်ကို ငါတို့ တောင်းခံကြည့်ကြဦးစို့"

ပြောပြီး သူသည် ဥကျူမိဘက်သို့ ခေါင်းကို လှည့်လိုက်သည်။

ဥကျူမိက ခေါင်းညိတ်ပြသည်။

"အဲဒီလို ဖြစ်နိုင်ခြေ ရှိတယ်လို့ ကျွန်မလည်း ယူဆတယ်။ ဒါပေမယ့် သူတို့က ဘာဖြစ်လို့ အဲဒီလို လုပ်ရတာလဲ"

"သိပ်ဟုတ်တာပေါ့။ သူတို့နှစ်ယောက်က အဲဒီလို လုပ်ဇာတ်ခင်းဖို့ ဘာကြောင့် လိုအပ်နေရတာလဲ"

ယုကာဝါသည် ကုစာနာဂိကို စိုက်ကြည့်နေသည်။

"အဲဒီအချက်ကို မင်း ဘယ်လို မြင်လဲ"

"အကြောင်းအရင်းကတော့ ရိုးရိုးလေးပါ။ သူတို့အနေနဲ့ အဖြစ်မှန်ကို လူသိခံလို့ မဖြစ်လို့ပေါ့"

"အဖြစ်မှန်ဆိုတာက ..."

"သူတို့ ဘယ်လို ဆုံတွေ့ခဲ့ကြသလဲ ဆိုတဲ့ တကယ့်အဖြစ်မှန်ကိုပေါ့။ သူတို့နှစ်ယောက်က ကျူကူအိ ဂျွန်ကိုကနေတစ်ဆင့် ခင်ခဲ့ကြတာ ဖြစ်လိမ့်မယ်လို့ ငါ ထင်တယ်။ ဒါပေမယ့် ကျူကူအိက မာရှိဘ ယိုရှီတာကာရဲ့ ရည်းစားဟောင်း ဖြစ်နေတဲ့အတွက် သူတို့က အဲဒီအကြောင်းကို လူသိရှင်ကြား အသိမပေးရဲဘူး။ ဒီတော့ သူတို့အတွက် ပထမဆုံးအကြိမ် ဆုံတွေ့ဖြစ်ကြတယ် ဆိုတဲ့ အခွင့်အရေးတစ်ခုကို သီးသန့် ဖန်တီးဖို့ လိုအပ်လာတယ်။ ဒါနဲ့ အဲဒီ အတွဲရှာတဲ့ ပါတီပွဲကို အသုံးချခဲ့ကြတာပဲ"

ယုကာဝါက ဖျောက်ကနဲ မြည်အောင် လက်ဖျောက်တီးလိုက်သည်။

"သုံးသပ်ချက်က အမိုက်စားပါလား။ ခုခံချေပဖို့တောင် မဖြစ်နိုင်သလောက်ပဲ။ ဒါဆို သူတို့နှစ်ယောက်က ဘယ်အချိန်မှာ စတွေ့ခဲ့ကြတာလဲ။ အဲ … မဟုတ်သေးဘူး။ ပိုပြီး အရေးကြီးတာက သူတို့နှစ်ယောက်က ဘယ်အချိန်မှာ ချစ်ကြိုးသွယ်ခဲ့ကြတာလဲ။ အတိအကျ ပြောကြေးဆိုရင် ကျူကူအိ ဂျွန်ကို သတ်မသေခင်မှာလား၊ သတ်သေပြီးမှလား"

ဥကျူမိသည် ဝင်သက်ကို အားရပါးရ ရှူသွင်းလိုက်သည်။ ခါးကို မတ်မတ်ဆန့်ပြီး ယုကာဝါကို စေ့စေ့ကြည့်လျက် စကားဆိုလေသည်။

"ဆရာ့သဘောက မစ္စတာမာရှိဘာနဲ့ အာယနဲတို့ တွဲပြီးနောက်ပိုင်းမှ ကျူကူအိက ကိုယ့်ကိုယ်ကိုယ် သတ်သေသွားခဲ့တယ်လို့ ပြောချင်တာလား"

"အဲဒီလို ယူဆမှ ပိုပြီး နေရာကျမှာပေါ့။ အဲဒီအချိန်မှာ သူ့ခမျာ ရည်းစားနဲ့ သူငယ်ချင်းရဲ့ သစ္စာဖောက်မှုကို တစ်ချိန်တည်း တစ်ပြိုင်တည်း ခံလိုက်ရတာဆိုတော့ သူ ဘယ်လောက်တောင် ခံစားသွားရမလဲဆိုတာ ခန့်မှန်းကြည့်လို့ ရနိုင်ပါတယ်"

ယုကာဝါ၏ စကားကို ကြားရသည့်အခါတွင် ကုစာနာဂိသည် အဆုံးအစမဲ့သော ချောက်နက်ကြီးအတွင်းသို့ ပြုတ်ကျသွားသည့်အလား ခံစားလိုက်ရသည်။ သူ၏ မျက်နှာချင်းဆိုင်တွင် ထိုင်နေသော သူငယ်ချင်းဟောင်းကြီး၏ အယူအဆသည် အမှန်တရားနှင့် လွန်စွာမှ နီးစပ်နေကြောင်း သူကိုယ်တိုင် ခံစားသိရှိနေသည်။ အီကာအိ၏ စကားကို ကြားခဲ့ရစဉ်ကတည်းက စိတ်ကူးထဲတွင် သူကိုယ်တိုင် ဤသို့ မှန်းဆကြည့်ခဲ့ဖူးသည်။

"အဲဒီလိုဆိုရင် အတွဲရှာတဲ့ ပါတီပွဲရဲ့ ရည်ရွယ်ချက်ကလည်း ပိုပြီး ထင်ရှားလာတယ်" ဥကျူမိက ပြောသည်။

"တကယ်လို့ လူတစ်ယောက်ယောက်ကများ မစ္စတာမာရှိဘာနဲ့ ကျူကူအိတို့ရဲ့ အချစ်ဇာတ်လမ်းကို သိနေတဲ့အပြင် တစ်ချိန်တည်းမှာပဲ ကျူကူအိနဲ့ အာယနဲတို့ သူငယ်ချင်းတွေ ဖြစ်ကြောင်း သိနေတယ်ပဲ ထားဦး။ တကယ်လို့သာ အီကာအိက မျက်မြင်သက်သေအဖြစ်နဲ့ ရှေ့နေလိုက်ပေးမယ်ဆိုရင် သူတို့နှစ်ယောက်ရဲ့ ဆုံဆည်းမှုကို လူအများက တိုက်ဆိုင်မှုသက်သက်ပဲလို့ ယူဆသွားကြမှာ ဧကန်ပဲ။ ဘယ်သူကမှ လွန်ခဲ့တဲ့လအနည်းငယ်က ဖြစ်သွားခဲ့တဲ့ ကျူကူအိရဲ့ သတ်သေမှုနဲ့ ချိတ်ဆက်ပြီး စဉ်းစားမိကြတော့မှာ မဟုတ်ဘူး"

"မဆိုးဘူးပဲ။ သုံးသပ်ချက်တွေက အဆင့်မြင့်သထက် မြင့်လာပြီ"

ယုကာဝါက ကျေနပ်စွာ ခေါင်းညိတ်နေသည်။

"ဆရာ အာယနဲ့ဆီသွားပြီး စုံစမ်းကြည့်ပါလား"

ဥက္ကျုမိသည် ကုစာနာဂိဘက်သို့ လှည့်ကြည့်လိုက်သည်။

"ငါက ဘယ်လိုလုပ်ပြီး စုံစမ်းရမှာလဲ"

"ဥပမာ ... ဆရာ ရှေ့တစ်ခေါက်က ရှာတွေ့ခဲ့တဲ့ ရုပ်ပြစာအုပ်ကို ပြကြည့်ရင်ရော။ အဲဒီမှာ ဆွဲထားတဲ့ နံရံကပ်ပန်းချီကားက ဒီကမ္ဘာပေါ်မှာ နောက်တစ်ချပ် ရှိဖို့ လွယ်တာမဟုတ်ဘူး။ အာယနဲ့က ကျုကူအိကို မသိဘူးဆိုတာ ဖြစ်ကို မဖြစ်နိုင်တာပဲ"

ကုစာနာဂိက ခေါင်းကို ခါယမ်းနေသည်။

"အာယနဲ့က 'ကျွန်မ မသိဘူး' ဆိုပြီးတော့ပဲ ဘူးခံနေလိမ့်မယ် ထင်တယ်"

"ဒါပေမယ့် ..."

"သူ ဟိုးအရင်ကတည်းက လူတွေအားလုံးကို ဖုံးကွယ်ထားခဲ့တာ။ မာရီဘ ယိုရှီတာကာရဲ့ ရည်းစားဟောင်း အကြောင်းကို ပြောမပြခဲ့တဲ့အပြင် အဲဒီအမျိုးသမီးက သူရဲ့ သူငယ်ချင်းပါ ဆိုတာကိုလည်း လူသိ မခံခဲ့ဘူး။ အခုချိန်မှာမှ သူ့ကို အဲဒီ ရုပ်ပြစာအုပ် သွားပြလည်း သူက ဘူးခံနေဦးမှာပဲ။ ဖွတ်အတင်း သွားလုပ်ရင် သူ့ကို အချက်ပြလိုက်သလို ဖြစ်သွားလိမ့်မယ်"

"ကုစာနာဂိရဲ့ အမြင်ကို ကျွန်တော်လည်း သဘောတူတယ်"

ယုကာဝါသည် စစ်တုရင်ဗန်းအနီးသို့ သွားကာ အနက်ရောင် စစ်တုရင်ရုပ်တစ်ရုပ်ကို ကောက်ယူလိုက်သည်။

"တရားခံကို ချောင်ပိတ်ဖမ်းချင်ရင် လုံးဝ ခုခံတွန်းလှန်နိုင်စွမ်း မရှိအောင် တစ်ကွက်တည်းနဲ့ အသေ ပိတ်ဖမ်းနိုင်ဖို့ လိုတယ်။ အဲဒီလိုမှ မဟုတ်ရင်တော့ သူ့ကို ဘယ်တော့မှ ချက် (chess) နိုင်မှာ မဟုတ်ဘူး"

ကုစာနာဂိသည် သိပ္ပံပညာရှင်ဖြစ်သူ သူ၏ ငယ်သူငယ်ချင်းကို

စိုက်ကြည့်ရင်း မေးလိုက်သည်။

"မင်းက သူ့ကို လူသတ်တရားခံလို့ ထင်နေတုန်းပဲလား"

သို့သော် ယုကာဝါသည် သူ၏ မေးခွန်းကို ဖြေကြားခြင်း မရှိဘဲ အကြည့်ကို အခြားတစ်နေရာသို့ လွှဲထားလိုက်သည်။

"နောက်အချက်တွေက ပိုပြီး အရေးကြီးတယ်။ အခုဆိုရင် အာယနဲ့ရဲ့ အတိတ်ကို ငါတို့ နည်းနည်းလေး ပိုပြီး သိလာရပြီ။ သိထားတဲ့ အဲဒီအချက်အလက်တွေက ဒီအမှုနဲ့ ဘယ်ပုံဘယ်နည်း ပတ်သက်ဆက်စပ်နေသလဲ။ အာဆန်နစ်အပြင် တခြားဆက်သွယ်ချက်တွေ လုံးဝ မရှိနိုင်တော့ဘူးလား"

"အာယနဲ့ရဲ့ နေရာကနေ ကြည့်မယ်ဆိုရင် သူနဲ့ မစ္စတာမာရှိဘတို့ အတူနေနိုင်ဖို့အတွက် သူရဲ့ သူငယ်ချင်းကို သေကြောင်းကြံတဲ့ လမ်းပေါ် တွန်းပို့ခဲ့မိတယ်။ အခုတော့ မစ္စတာမာရှိဘက သူ့ကိုလည်း သစ္စာဖောက်လာပြန်တာဆိုတော့ သူ့အနေနဲ့ ဘယ်လိုလုပ်ပြီး နားလည်ခွင့်လွှတ် ပေးနိုင်ပါတော့မလဲ" ဥကျုမိက တွေးတွေးဆဆ ပြန်ဖြေသည်။

"အမှန်ပဲပေါ့။ အဲဒီလို စိတ်ထားမျိုးကို နားလည်ပေးဖို့ မခက်လှပါဘူး" ယုကာဝါက ခေါင်းညိတ်ရင်း ပြောသည်။

"မဟုတ်ဘူး။ ငါ့အထင်တော့ သူ့မှာ တခြားအကြံတစ်ခုခု ရှိလိမ့်ဦးမယ်" ကုစာနာဂိက ပြောသည်။

"သူ အရင်က သူငယ်ချင်းကို သစ္စာဖောက်ပြီး အဲဒီသူငယ်ချင်းရဲ့ ရည်းစားကို လုယူသွားခဲ့တယ်။ ဝဋ်မျှား လည်ချင်တော့ သူ့လက်ထောက်ရဲ့ သစ္စာဖောက်မှုကို ပြန်ခံရပြီး လင်လုခံလိုက်ရတယ်"

"ဆရာက အဲဒါကို ကံကံရဲ့အကျိုးလို့ ပြောချင်နေတာလား။ ကံမကောင်း အကြောင်းမလှလို့ ဖြစ်ရတာပဲ ဆိုပြီး အာယနဲက တရားရသွားလို့ သူ့ယောကျ်ားနဲ့ သူ့လင်လုဖက်အပေါ် ရန်ငြိုးမထားတော့ဘူး။ အဲဒီလို ဆိုလိုချင်တာလား"

"အဲဒီလိုတော့လည်း မဟုတ်ဘူးပေါ့ကွာ"

"မင်းတို့ရဲ့ စကားကို နားထောင်ရင်း ငါ့ခေါင်းထဲ မေးခွန်းတစ်ခု ဖျတ်ကနဲ

ပေါ်လာတယ်”

ယုကာဝါသည် ကျောက်သင်ပုန်းကို ကျောမှီလျက် သူတို့နှစ်ဦး၏ မျက်နှာများကို တစ်လှည့်စီ ငေးကြည့်နေသည်။

“မစ္စတာမာရှိဘာက ဘာဖြစ်လို့ ကျူကူအိကို ဖြတ်ချပြီး အာယနဲနဲ့ တွဲဖို့ ဆုံးဖြတ်ခဲ့တာလဲ”

“စိတ်ပြောင်းသွားတာ …”

စကားမဆုံးခင်မှာပင် ဥကျူမိသည် ပါးစပ်ကို လက်ဖြင့် အုပ်ထားလိုက်မိသည်။

“မဟုတ်သေးဘူး။ အဲဒီလို မဖြစ်နိုင်ဘူး …”

“မဟုတ်ဘူး” ကုစာနာဂိက ပြောသည်။

“ကလေးမွေးမပေးနိုင်လို့ ဖြစ်မယ် ထင်တယ်။ ကိုယ်ဝန်ရှိတာနဲ့ တစ်ပြိုင်နက် ကျူကူအိကို လက်ထပ်ယူမယ်လို့ မာရှိဘ ယိုရှီတာကာက အစောကြီးကတည်းက ကြံစည်ထားပြီးသား။ ခက်တာက ကိုယ်ဝန်ရဖို့ မဖြစ်နိုင်တော့တဲ့အတွက် သူက တခြား မိန်းမတစ်ယောက်ဆီကို မြားဦးလှည့်သွားခဲ့တယ်။ အဲဒီလိုပဲ ဖြစ်လိမ့်မယ်”

“လက်ရှိ သိထားရသလောက် အချက်အလက်တွေအရ ဆိုရင်တော့ အခြေအနေက အဲဒီအတိုင်းပဲ ဖြစ်ပါလိမ့်မယ်။ ဒါဆို အဲဒီတုန်းက အာယနဲကရော အဲဒီအချက်ကို သူ့စိတ်ထဲမှာ ရှင်းရှင်းပြတ်ပြတ် နားလည်ထားရဲ့လား။ ဆိုလိုတာက မစ္စတာမာရှိဘာက ဘာဖြစ်လို့ ကျူကူအိကို လမ်းခွဲပြီး သူ့ကို ရွေးချယ်ခဲ့ရတာလဲ။ အခြေခံအကြောင်းအရင်းက သူ့အတွက် ကလေးမွေးပေးရုံ သက်သက်ပဲ ဆိုတာကို အာယနဲက အမှန်တကယ်ရော နားလည်ထားရဲ့လား”

“ဒါကတော့ …”

ကုစာနာဂိ၏ နှုတ်မှာ ထစ်ငေါ့ဆွံ့အနေသည်။

“ကျွန်မအထင်တော့ သူ အဲဒီအချက်ကို ကောင်းကောင်း နားလည်ထားပုံ

မရဘူး”

ဥက္ကျုမိက တုံ့ဆိုင်းနေခြင်း မရှိဘဲ ရဲတင်းစွာ ပြောဆိုလိုက်သည်။

“ဒီလောကမှာ ဘယ်မိန်းမကများ အဲဒီလို အကြောင်းအရင်းနဲ့ ကိုယ့်ကို လာတွဲနေတာ သဘောကျနိုင်ပါ့မလဲ။ ကျွန်မ ထင်တာ မမှားဘူးဆိုရင် သူတို့နှစ်ယောက် မင်္ဂလာဆောင်ခါနီး အချိန်နားကပ်မှ တစ်နှစ်အတွင်း ကလေးမရရင် လမ်းခွဲပေးရမယ်ဆိုတဲ့ ကတိဝန်ခံချက်ကို မာရှိဘ ယိုရှီတာကက သူ့ကို တောင်းဆိုခဲ့တာ ဖြစ်မယ်။ အဲဒီအချိန်ကျမှ အာယနဲက အခြေအနေမှန်ကို သဘောပေါက် နားလည်သွားတာ ဖြစ်ရမယ်”

“ကျွန်တော်လည်း အဲဒီလို မြင်မိတာပဲ။ ကဲ အဲဒီကိစ္စကို ခဏ ထားလိုက်ကြဦးစို့” ယုကာဝါက ပြောသည်။

“သေစေလိုတဲ့ ပင်မအကြောင်းအရင်းကို ကျွန်တော်တို့ သုံးသပ်ကြည့်ကြရအောင်။ ဥက္ကျုမိ စောစောက ပြောခဲ့တဲ့ ပြောစကားအရဆိုရင် မစ္စတာမာရှိဘရဲ့ သစ္စာဖောက်မှုက လူသတ်မှုကို ဖြစ်ပေါ်စေတဲ့ အဓိက အကြောင်းအရင်းပေါ့။ ဒါပေမယ့် သူရဲ့ လုပ်ရပ်ကို သစ္စာဖောက်တယ်လို့ အမှန်တကယ် ခေါ်လို့ ရနိုင်ပါ့မလား။ တစ်နှစ်ပြည့်သွားတဲ့ အခါမှာ ဇနီးမယားလုပ်သူက ကိုယ်ဝန်ဆောင်မပေးနိုင်လို့ အဲဒီဇနီးကို ကွာရှင်းပြီး တခြားမိန်းမတစ်ယောက်ကို အသစ်ထပ်ရှာတယ်။ အဲဒါက သူတို့ရဲ့ မင်္ဂလာမဆောင်ခင်က ကတိကဝတ်ကို အကောင်အထည် ဖော်သွားရုံသက်သက်ပဲလို့ ပြောလို့ မရဘူးလား”

“ဒါတော့ ဒါပေါ့။ ဒါပေမယ့် စိတ်ထဲမှာတော့ လွယ်လွယ်နဲ့ ဘယ်လက်ခံနိုင်ပါ့မလဲ”

ဥက္ကျုမိ၏ စကားကို ကြားရသည့်အခါတွင် ယုကာဝါက ခပ်သဲ့သဲ့ ပြုံးလိုက်သည်။

“အဲဒီလို ပြောလို့ ရနိုင်ပါတယ်။ တကယ်လို့သာ အာယနဲက လူသတ်တရားခံ ဖြစ်နေခဲ့မယ် ဆိုရင် လူသတ်ရတဲ့ အကြောင်းအရင်းက သူ့ယောကျ်ားနဲ့ နှစ်ဦးသဘောတူထားတဲ့ ကတိကဝတ်ကို လက်မခံနိုင်တော့လို့ပေါ့။ အဲဒီလိုလား”

“ဟုတ်တယ်”

"နေစမ်းပါဦး။ မင်းက ဘာပြောချင်နေတာလဲ"

ကုစာနာဂိသည် ငယ်သူငယ်ချင်း၏ မျက်နှာကို တည့်တည့်စိုက်ကြည့်လျက် မေးခွန်းထုတ်လိုက်သည်။

"မင်္ဂလာမဆောင်ကြခင်က အာယနဲရဲ့ စိတ်ခံစားချက်ကို အရင်ဆုံး မှန်းဆကြည့်ရအောင်လား။ သူ အဲဒီတုန်းက ဘယ်လို စိတ်သဘောထားမျိုးနဲ့ အဲဒီသဘောတူညီချက်ကို လက်ခံခဲ့တာလဲ။ တစ်နှစ်အတွင်းမှာ ကိုယ်ဝန်ဆောင်နိုင်လိမ့်မယ်လို့ သူ့ကိုယ်သူ အပြည့်အဝ ယုံကြည်ထားလို့လား။ ဒါမှမဟုတ် ကိုယ်ဝန်မဆောင်နိုင်လည်း သူ့ယောကျ်ားက အဲဒီကတိကဝတ်အတိုင်း သူ့ကို အတင်းအကျပ် ကွာရှင်းခိုင်းမှာ မဟုတ်ပါဘူးလို့ အကောင်းမြင်ထားတာလား"

"ကျွန်မအထင်တော့ နှစ်ခုစလုံး ပါလိမ့်မယ်" ဥကျုမိက ပြန်ဖြေသည်။

"အဲဒီလိုလား။ ဒါဆို ကျွန်တော် ခင်ဗျားကို မေးရဦးမယ်။ သူက ကိုယ်ဝန်မဆောင်နိုင်လည်း ကိစ္စမရှိပါဘူးလို့ ယူဆထားလို့ ဆေးရုံဆေးခန်းကိုတောင် တစ်ခါမှ သွားမပြခဲ့တာလား"

"ဆေးရုံ ..." ဥကျုမိက မျက်မှောင်ကြုတ်လျက် ရေရွတ်လိုက်သည်။

"ခင်ဗျားတို့ ကျွန်တော့်ကို ပြောပြထားသလောက် အချက်အလက်တွေအရဆိုရင် အာယနဲက ဒီတစ်နှစ်အတွင်းမှာ ကိုယ်ဝန်မရလို့ဆိုပြီး ဆေးရုံမှာ ဆရာဝန်နဲ့ သွားပြတာမျိုး တစ်ခါမှ မရှိခဲ့ဖူးဘူး။ ကျွန်တော့်အထင်ပြောရရင် သူ့အနေနဲ့ အဲဒီလို ကတိကဝတ်မျိုး ထားထားပြီးပြီ ဆိုမှတော့ မင်္ဂလာဆောင်ပြီး သုံးလေးလလောက်ရှိပြီ ဆိုရင်ပဲ သားဖွားမီးယပ်ဆရာဝန်ဆီကို သွားမပြဘဲ နေမှာ မဟုတ်ဘူး"

"ဝါကာယာမာ ဟိရောမိကို ပြောပြတဲ့ အာယနဲရဲ့ စကားအရဆိုရင် သူတို့လင်မယားက အဲဒီလို ဆေးကုရတာကို အလကား အချိန်ဖြုန်းတယ်လို့ ယူဆကြတာတဲ့။ ဒါကြောင့် အစကတည်းက အဲဒီကိစ္စကို ထည့်မစဉ်းစားခဲ့ကြဘူး။ ..."

"မစ္စတာမာရှိဘအတွက်တော့ ဟုတ်ချင် ဟုတ်မှာပေါ့။ အဲဒီလို အလုပ်ရှုပ်ခံနေမယ့်အစား မိန်းမအသစ်တစ်ယောက် လဲလိုက်တာကမှ ပိုမြန်လိမ့်ဦးမယ်လေ။ ဒါပေမယ့် အဲဒီကိစ္စက အာယနဲအတွက်တော့ အဲဒီအတိုင်း ယူဆလို့ ရနိုင်ပါ့မလား။

အဲဒါက သူ့အတွက်တော့ အားကိုးစရာ ကောက်ရိုးတစ်မျှင်ပဲ မဟုတ်ဘူးလား”

“အဲဒါတော့ ဟုတ်တယ်” ကုစာနာဂိက တစ်ယောက်တည်း ရေရွတ်နေသကဲ့သို့ ပြောနေသည်။

“အာယနဲက ဘာဖြစ်လို့ ဆေးရုံကို သွားမပြချင်ခဲ့ရတာလဲ။ ဒီအမှုရဲ့ အဓိကသော့ချက်က အဲဒါပဲ”

ယုကာဝါသည် လက်ညှိုးထိပ်ဖြင့် မျက်မှန်ကို တည့်မတ်အောင် ပင့်တင်လိုက်သည်။

“နည်းနည်းလောက် ဆက်တွေးကြည့်ရအောင်လား။ ပိုက်ဆံလည်း ရှိတယ်။ အချိန်လည်း ရှိပါလျက်နဲ့ ဆေးရုံသွားသင့်တဲ့ လူတစ်ယောက်က လုံးလုံး သွားဖို့ စိတ်ကူးမရှိဘူး ဆိုရင် အဲဒီလို မသွားရတဲ့ အကြောင်းအရင်းက ဘာဖြစ်နိုင်မလဲ”

ကုစာနာဂိက အသည်းအသန် တွေးကြည့်နေသည်။ သူသည် အာယနဲဘက်မှ ဖြည့်တွေးပေးရန် မျှော်လင့်ထားသည်။ သို့သော် ယုကာဝါ၏ သံသယမေးခွန်းကို ဖြေကြားရန် လုံလောက်သည့် အကြောင်းပြချက်ကို ရှာမတွေ့နိုင်အောင် ဖြစ်နေရသည်။

ဥကျုမိက ရုတ်တရက် မတ်တတ်ထရပ်လိုက်သည်။

“မဟုတ်မှလွဲရော … သွားပြလည်း အပိုပဲလို့ တွေးထားလို့ များလား”

“အပိုပဲ ဆိုတာ ဘာကိုပြောတာလဲ” ကုစာနာဂိက မေးသည်။

“ဆေးရုံကို သွားကုလည်း ကုမရနိုင်ဘူးဆိုတာ သိထားလို့ ဖြစ်မယ်။ အဲဒီလို အချိန်မျိုးကျရင် လူတွေက ဆေးရုံကို သွားချင်စိတ် ရှိတော့တာ မဟုတ်ဘူး”

“အဲဒါပဲပေါ့” ယုကာဝါက ပြောသည်။

“ဆေးရုံကို သွားပြလည်း ဘာမှ အကျိုးထူးနိုင်မှာ မဟုတ်ဘူးလို့ အာယနဲက အစောကြီးကတည်းက သိထားပြီး ဖြစ်ပါလိမ့်မယ်။ ဒါကြောင့် သူ မသွားတာပေါ့။ အဲဒီလို တွေးဆကြည့်တာ ယုတ္တိအရှိဆုံးပဲ”

"မင်းရဲ့ သဘောက သူ ... အာယနဲမှာ ကိုယ်ဝန်မဆောင်နိုင်တဲ့ ချွတ်ယွင်းချက် ရှိနေတယ်။ အဲဒီလိုလား"

"အာယနဲက အခုဆို အသက် ၃၀ ကျော်သွားပြီ။ အရင်က သူ သားဖွားမီးယပ်ဌာနကို တစ်ခါမှ သွားမပြဖူးဘဲ နေမှာ မဟုတ်ဘူး။ သူ့အနေနဲ့ ကိုယ်ဝန်ဆောင်နိုင်မှာ မဟုတ်ဘူးလို့ ဆရာဝန်ကလည်း သူ့ကို ပြောပြခဲ့ဖူးမှာပဲ။ အဲဒီလိုဆိုမှတော့ ဆေးရုံသွားပြလည်း အပိုပဲ ဖြစ်နေတော့မှာပေါ့။ အပို ဖြစ်နေတဲ့အပြင် သူ့မှာ အဲဒီလို ချွတ်ယွင်းချက်မျိုး ရှိနေတယ် ဆိုတာကို သူ့ယောက်ျား သိသွားမှာကိုလည်း စိုးရိမ်ရသေးတယ်"

"နေစမ်းပါဦး။ မင်းရဲ့သဘောက အာယနဲဟာ သူ ကိုယ်ဝန်မဆောင်နိုင်တာကို သိနေပါလျက်နဲ့ အဲဒီလို ကတိကဝတ်မျိုးကို သူ့ယောက်ျားနဲ့ သဘောတူခဲ့တယ်လို့ ဆိုလိုချင်တာလား" ကုစာနာဂိက မေးသည်။

"အဲဒီလိုပေါ့။ တစ်နည်းပြောရရင် သူရဲ့ တစ်ခုတည်းသော မျှော်လင့်ချက်က ဘာလဲဆိုတော့ သူ့ယောက်ျားအနေနဲ့ သူရဲ့ ကတိကဝတ်ကို ပြန်လည် ရုတ်သိမ်းပစ်ဖို့ပဲ ရှိတယ်။ ဒါပေမယ့် အာယနဲခမျာ နောက်ဆုံးအချိန်ထိ သူ မျှော်လင့်ထားတဲ့အတိုင်း ဖြစ်မလာခဲ့ဘူး။ သူ့ယောက်ျားက သူတို့ထားခဲ့တဲ့ ကတိကဝတ်အတိုင်း မဖြစ်မနေ အကောင်အထည် ဖော်မှာဆိုတော့ သူ့အနေနဲ့ သူ့ယောက်ျားကို သတ်ပစ်ဖို့ ဆုံးဖြတ်ခဲ့တယ်။ ကဲ ... ငါ မင်းတို့ကို မေးခွန်းတစ်ခု မေးဦးမယ်။ သူ သူ့ယောက်ျားကို သတ်ပစ်မယ်လို့ ဘယ်တုန်းက ဆုံးဖြတ်ချက် ချခဲ့တာလဲ"

"မာရှိဘ ယိုရှီတာကာနဲ့ ဝါကာယာမာ ဟိရောမိတို့ရဲ့ တိတ်တိတ်ပုန်း ဇာတ်လမ်းကို သိလိုက်ရတဲ့ အချိန်မှာ ..."

"ဟင့်အင်း၊ မဟုတ်သေးဘူး" ဥကျုမိက ကုစာနာဂိ၏ စကားကို ဝင်ဖြတ်လိုက်သည်။

"သူ့ယောက်ျားက ကတိကဝတ်အတိုင်း အကောင်အထည် ဖော်လာတာနဲ့ သတ်ပစ်ဖို့ ရည်ရွယ်ထားတယ် ဆိုရင် အဲဒီဆုံးဖြတ်ချက်ကို ကတိကဝတ် စလုပ်တုန်းကတည်းက ချခဲ့တာပဲ ဖြစ်ရလိမ့်မယ်"

"ကျွန်တော် ကြားချင်နေတာ အဲဒီအဖြေပဲ" ယုကာဝါ၏ မျက်နှာထားမှာ ပြန်လည်၍ တည်ကြည်လေးနက်သွားသည်။

"အတိုချုပ် ပြောရမယ် ဆိုရင်တော့ ဒီလိုရှိတယ်။ အာယနဲက တစ်နှစ်ဆိုတဲ့ ကာလအတွင်းမှာ သူ့ယောက်ျားကို လုပ်ကြံရလိမ့်မယ်လို့ သူ ကြိုတွက်ထားပြီးသား။ တစ်နည်းပြောရမယ်ဆိုရင် အာယနဲဟာ သူ့ကို သတ်ဖို့ အစောကြီးကတည်းက ပြင်ဆင်ထားခဲ့တာ ဖြစ်နိုင်တယ်"

"သူ့ကို သတ်ဖို့ ပြင်ဆင်ထားတယ် ..." ကုစာနာဂိ၏ မျက်လုံးများ ပြူးထွက်လာသည်။

ယုကာဝါသည် ဥကျူမိကို ကြည့်လျက် စကားကို ဆက်ပြောသည်။

"ခင်ဗျား စောစောတုန်းက ထ.ရ.ဖရဲ့ အမြင်ကို ကျွန်တော့်ကို ပြောခဲ့တယ်နော်။ သူတို့ရဲ့ အမြင်က ရေသန့်စက်ထဲမှာ အဆိပ်ခတ်ထားဖို့ဆိုရင် ဖြစ်နိုင်တဲ့နည်းလမ်းက တစ်နည်းပဲရှိတယ်။ ပိုက်ပျော့ကို စက်ပေါ်ကနေ ဖြုတ်ချပြီး ထည့်ချင်တဲ့အဆိပ် ထည့်ပြီးတဲ့နောက်မှာ အဲဒါကို သူ့နေရာနဲ့သူ ပြန်တပ်ထားလိုက်ရုံပဲ။ အဲဒီလို မဟုတ်လား။ ထ.ရ.ဖရဲ့ အမြင်က သွေးထွက်အောင် မှန်နေတယ်။ လုံးဝ ကွက်တိပဲ။ လူသတ်တရားခံဟာ အဲဒီနည်းအတိုင်း လွန်ခဲ့တဲ့တစ်နှစ်ကတည်းက အဆိပ်ကို ခတ်ခဲ့တယ်"

"မဖြစ်နိုင်တာ ..."

ထိုသို့ စကားလေးလုံးသာ ပြောထွက်ပြီး ကုစာနာဂိ၏ နှုတ်မှ မည်သည့် စကားလုံးမျှ ဆက်မထွက်တော့ပေ။

"အဲဒီလိုသာဆိုရင် အဲဒီရေသန့်စက်ကိုလည်း သုံးဖို့ မဖြစ်နိုင်တော့ဘူး" ဥကျူမိက ပြောသည်။

"သိပ်ဟုတ်တာပေါ့။ ဒီတစ်နှစ်အတွင်းမှာ အာယနဲက အဲဒီရေသန့်စက်ကို တစ်ခါကလေးမှ မသုံးခဲ့ဖူးဘူး"

"ဒါပေမယ့် သဘာဝမကျတာ တစ်ခု ရှိနေတယ်။ ရေသန့်စက်ရဲ့ ရေစစ်ပြွန်ထဲမှာ အကြိမ်ကြိမ် သုံးထားခဲ့ဖူးတဲ့ အထောက်အထားတွေ တွေ့နေရတယ်"

"အဲဒီရေစစ်ပေါ်မှာ တွယ်ကပ်နေတဲ့ ကြွေးချော်တွေက ပြီးခဲ့တဲ့တစ်နှစ်အတွင်းမှာ ကျန်ခဲ့တဲ့ ဟာတွေ မဟုတ်ဘူး။ ရှေ့တစ်နှစ်ကဟာတွေ"

ယုကာဝါသည် စာရေးစားပွဲ၏ အံဆွဲကို ဆွဲဖွင့်ပြီး အထဲမှ စာတမ်းတစ်စောင်ကို ဆွဲထုတ်လိုက်သည်။ ထို့နောက်

"ကျွန်တော် ခင်ဗျားကို အရင်က အဲဒီရေစစ်ပြွန်ရဲ့ ကုန်ထုတ်အမှတ်စဉ်ကို စုံစမ်းခိုင်းခဲ့ဖူးတယ် မဟုတ်လား။ နောက်တော့ ကျွန်တော် အဲဒီအမှတ်စဉ်နဲ့ စက်ရုံမှာ စုံစမ်းကြည့်တယ်။ အဲဒီအမှတ်စဉ်နဲ့ ကုန်ပစ္စည်းကို ဈေးကွက်ထဲ ဘယ်အချိန်လောက်က ဖြန့်ခဲ့သလဲပေါ့။ သူတို့ရဲ့ အဖြေက လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကတဲ့။ နောက်ပြီး ပြောသေးတယ်။ တကယ်လို့သာ လွန်ခဲ့တဲ့တစ်နှစ်က အဲဒီရေစစ်ပြွန်ကို လဲခဲ့မယ်ဆိုရင် အဲဒီလောက် စောတဲ့ အမှတ်စဉ်ကို ရနိုင်မှာ မဟုတ်ဘူးတဲ့။ လွန်ခဲ့တဲ့တစ်နှစ်လောက်က တရားခံဟာ လူခေါ်ပြီး ရေစစ်ပြွန်ကို အသစ်လဲခဲ့တယ် ဆိုပေမယ့် ချက်ချင်းပဲ အဟောင်းနဲ့ သူ့ဘာသာ ပြန်လဲပစ်လိုက်တယ်။ တကယ်လို့ အမှုလုပ်ပြီးတဲ့အခါမှာ ရေစစ်ပြွန်ကို အသစ်အတိုင်း မြင်နေရရင် ရဲဘက်က အဆိပ်ခတ်ပုံခတ်နည်းကို ချက်ချင်း ရိပ်မိသွားနိုင်တယ် မဟုတ်လား။ သူ အဆိပ်ခတ်တယ် ဆိုတာကလည်း အဲဒီ အဟောင်းနဲ့အသစ် ပြန်လဲတဲ့ အချိန်မှာပဲ"

"မဖြစ်နိုင်တာကွာ" ကုစာနာဂိက ပြောသည်။ သူ၏အသံမှာ အနည်းငယ် ကွဲအက်နေသည်။

"လုံးဝ မဖြစ်နိုင်ဘူး။ လွန်ခဲ့တဲ့ တစ်နှစ်ကတည်းက အဆိပ်ခတ်ထားပြီးတော့ အဲဒီရေသန့်စက်ကို ဒီတစ်နှစ်အတွင်းမှာ တစ်ခါလေးတောင်မှ မသုံးခဲ့ဘူး ဆိုတာကတော့ လုံးဝ ဖြစ်နိုင်စရာ မရှိဘူး။ သူ့ဘာသာသူ ရေသန့်စက် မသုံးခဲ့ဘူး ဆိုတာကတော့ ဖြစ်ချင် ဖြစ်နိုင်သေးတယ်။ တခြားလူ လုံးဝ မသုံးအောင်ကတော့ ဘယ်လိုသွားပြီး အာမခံနိုင်မှာလဲ။ အဲဒီလောက် အန္တရာယ်များတဲ့ အလုပ်ကို သူ လုပ်ပါ့မလား"

"အဲဒီနည်းလမ်းကတော့ တော်တော့ကို အန္တရာယ်များတာ အမှန်ပဲ။ ဒါပေမယ့် နောက်ဆုံးတော့ သူ အောင်မြင်သွားတာပဲ မဟုတ်ဘူးလား" ယုကာဝါက အေးတိအေးစက် ပြန်ပြောသည်။

"ဒီတစ်နှစ်အတွင်း သူ့ယောက်ျား အိမ်မှာ ရှိတဲ့အခါတိုင်း သူက အပြင်ကို ဘယ်တော့မှ မထွက်ဘူး။ ဘယ်သူ့ကိုမှလည်း ရေသန့်စက်နား ချဉ်းကပ်ခွင့် မပြုခဲ့ဘူး။ မိသားစု မိတ်ဆုံစားပွဲ လုပ်တဲ့အချိန်မှာတောင် သူကိုယ်တိုင်ပဲ မီးဖိုချောင် ဝင်ခဲ့တယ်။ နောက်ပြီး ရေသန့်ဘူးတွေကိုလည်း အမြဲတမ်း ပိုလျှံနေအောင် ဝယ်ထားတယ်။ သောက်ရေ မလုံလောက်မှာ စိုးလို့။ အဲဒီလုပ်ရပ်တွေ အားလုံးက

သူရဲ့ အကြံအစည်ကို အောင်မြင်အောင် ပံ့ပိုးပေးနေတဲ့ လုပ်ရပ်တွေချည်းပဲ”

ကုစာနာဂိက ခေါင်းကို ယမ်းခါနေသည်။ ခေါင်းကို ပြုတ်လုမတတ် ယမ်းခါနေသည်။

“ဒါမျိုးကိစ္စက ... မဖြစ်နိုင်ပါဘူးကွာ။ ဘယ်လိုမှ ဖြစ်နိုင်စရာ အကြောင်းမရှိဘူး။ ဒီကမ္ဘာပေါ်မှာ ဘယ်သူမှ အဲဒီလို လုပ်မှာ မဟုတ်ဘူး”

“ဟင့်အင်း၊ ဖြစ်နိုင်ခြေ အများကြီး ရှိတယ်” ဥကျူမိက ပြောသည်။

“ကျွန်မ အရင်က ဆရာယုကာဝါရဲ့ ညွှန်ကြားချက်အတိုင်း အာယနဲ့ရဲ့ အိမ်ထောင့်ရှင်ဘဝ နေပုံထိုင်ပုံတွေကို စုံစမ်းကြည့်ခဲ့တယ်။ နောက်ပြီး ဟိရောမိကိုလည်း အကြောင်းကိစ္စတွေ အများကြီး မေးခဲ့သေးတယ်။ ဆရာက ဘာဖြစ်လို့ အဲဒီလို အကြောင်းအရာတွေကို စုံစမ်းခိုင်းနေပါလိမ့် ဆိုတာ အဲဒီတုန်းကတော့ ကျွန်မ နားမလည်ခဲ့ဘူး။ အခုတော့ ဆရာရဲ့ ရည်ရွယ်ချက်ကို ကျွန်မ သဘောပေါက်သွားပြီ။ ဆရာ အဲဒီလို စုံစမ်းခိုင်းရတဲ့ ရည်ရွယ်ချက်က အာယနဲ့အပြင် တခြား ဘယ်သူများ ရေသန့်စက်အနားကို ချဉ်းကပ်နိုင်တဲ့ အခွင့်အရေး ရှိသလဲ ဆိုတာ သိချင်လို့ မဟုတ်လား”

“ဟုတ်တယ်။ အဲဒါ သိချင်လို့ပဲ။ ဒါပေမယ့် နောက်ဆုံးပိတ် ဆုံးဖြတ်ချက်ကို ချနိုင်ခဲ့တဲ့ အကြောင်းအရင်းကတော့ မစ္စတာမာရှိဘ အိမ်မှာ အနားယူတဲ့ ရက်တွေအတွင်းမှာ အာယနဲ ဘယ်လို နေထိုင်ခဲ့သလဲ ဆိုတဲ့ အချက်တွေကြောင့်ပဲ။ ခင်ဗျားတို့ထဲက တစ်ယောက်ယောက် ပြောခဲ့ဖူးတာ ကျွန်တော် မှတ်မိနေသေးတယ်။ အာယနဲက အဲဒီလို ရက်မျိုးတွေမှာ ဧည့်ခန်းထဲက ဆိုဖာခုံပေါ်မှာပဲ တစ်နေကုန်ထိုင်ပြီး စပ်ထည်ချုပ်နေတတ်တယ်တဲ့။ ကျွန်တော် သူ့အိမ်ကို ကိုယ်တိုင် ရောက်သွားတဲ့အခါမှ ဘာကို သတိထားမိသွားသလဲဆိုတော့ သူက စပ်ထည်ချုပ်နေတဲ့ တစ်ချိန်တည်းမှာပဲ သူ့ယောက်ျားကို မီးဖိုဆောင်ထဲ ဝင်မသွားအောင် အနီးကပ် စောင့်ကြည့်နေခဲ့တယ် ဆိုတဲ့ အချက်ပဲ”

“မင်းစကားတွေက စိတ်ကူးယဉ်လွန်းရာ ကျနေပြီ” ကုစာနာဂိ၏ လေသံမှာ ညည်းညူနေသည့်နှယ်။

“အကျိုးသင့် အကြောင်းသင့် ပြောကြေးဆိုရင်တော့ ဖြစ်နိုင်စရာ နည်းလမ်းက ဒီတစ်နည်းပဲ ရှိတယ်။ သူရဲ့ ခွဲနပဲကြီးမှုနဲ့ ပြင်းပြတဲ့ စိတ်ဆန္ဒက ကြောက်စရာကောင်းလောက်အောင် တစ်ဖက်စွန်းကို ရောက်နေတယ်”

ကုစာနာဂိသည် "မဖြစ်နိုင်တာပဲကွာ" ဟူ၍သာ ပြောမြဲ ပြောနေသည်။ သို့သော် သူ၏ အသံမှာ တဖြည်းဖြည်းနှင့် ချိနဲ့နွမ်းဟိုက်လာသည်။

အာယနဲသည် သူ၏ အချိန်များအားလုံးနီးပါးကို သူ့ယောက်ျား တစ်ဦးတည်းအပေါ်၌သာ မြှုပ်နှံထားကြောင်း အီကာအိ ပြောခဲ့ဖူးသော စကားများကို သူ ပြန်လည် ကြားယောင်လာသည်။

"အာယနဲက တကယ်ကို စံတော်ဝင်လောက်တော့ အိမ်ထောင်ရှင်မတစ်ယောက်ပါ။ သူက အပြင်မှာ ရှိရှိသမျှ အလုပ်အားလုံးကို ထွက်ပစ်လိုက်ပြီးတော့ အိမ်မှုကိစ္စတွေကိုပဲ စိတ်နှစ်ပြီး လုပ်လာခဲ့တယ်။ မာရှိဘ အိမ်မှာ ရှိနေတဲ့ အချိန်ဆိုရင် သူလည်း တစ်နေကုန်လုံး ဧည့်ခန်းထဲက ဆိုဖာခုံမှာ ထိုင်နေတတ်တယ်။ စပ်ထည်တွေ ချုပ်နေရင်းနဲ့ လင်သားတစ်ယောက်ကို ပြုစုဖို့အတွက် အခါအခွင့်ကို ထိုင်စောင့်နေတတ်တယ်"

ကုစာနာဂိသည် အာယနဲ၏ မိခင်ထံမှ စုံစမ်းသိရှိခဲ့ရသော သတင်းအချက်အလက်များကို ပြန်လည် သတိရလာသည်။ သူ့မိဘများ၏ ပြောစကားအရဆိုလျှင် အာယနဲသည် မူလက ထမင်းဟင်းချက်ရန် ဝါသနာပါလှသူတစ်ယောက် မဟုတ်ပေ။ သို့သော် မင်္ဂလာဆောင်ခါနီး အချိန်တွင် သူသည် စာဖိုမှူးသင်တန်းတစ်ခုသို့ သွားတက်ခဲ့သည်။ ထို့ကြောင့် ဟင်းများကိုလည်း အတော်လေး ချက်တတ်လာခဲ့သည်။ အကယ်၍သာ ဤအကြောင်းအရာများ အားလုံးကို စုစည်း၍ ချိန်ထိုးစဉ်းစားကြည့်မည် ဆိုပါက ဤလုပ်ရပ်များသည် တခြားသူများ မီးဖိုဆောင်အနီးသို့ ချဉ်းကပ်ခွင့် မရစေရန် ကြိုတင်ပြင်ဆင်ထားသော အာယနဲ၏ ကြိုးပမ်းအားထုတ်မှုများ ဖြစ်သည်ဟု ယူဆကြည့်မည်ဆိုလျှင် ဤအမှု၏ ရုပ်လုံးသဏ္ဌာန်သည်လည်း ပို၍ ထင်ရှားပေါ်လွင်လာသည်။

"တစ်နည်းပြောရရင် ... တကယ်လို့သာ အာယနဲက မစ္စတာမာရှိဘကို ဘယ်နေ့ ဘယ်ရက်မှာ လုပ်ကြံမယ်လို့ ဆုံးဖြတ်ချက် ချလိုက်ပြီဆိုတာနဲ့ တစ်ပြိုင်နက် သူ့အနေနဲ့ ဘာကိုမှ တကူးတက ထပ်လုပ်နေစရာ မလိုတော့ဘူး။ အဲဒီလိုလား" ဥက္ကျုမိက ပြောသည်။

"ဟုတ်တယ်။ သူ ဘာမှ ထပ်လုပ်နေစရာ မလိုတော့ဘူး။ သူ့ယောက်ျားကို အိမ်မှာ တစ်ယောက်တည်း ပစ်ထားလိုက်ရုံနဲ့ ကိစ္စပြီးပြီ။ အဲ ... မဟုတ်သေးဘူး။ သူ အလုပ်တစ်ခု လုပ်စရာ လိုသေးတယ်။ သူ အရင်က ဝယ်ပြီး ထည့်ထားတဲ့ ရေသန့်ဗူးတွေကို တစ်ဗူး၊ နှစ်ဗူးလောက်ပဲချန်ပြီး ကျန်တာ အကုန်လုံးကို

သွန်ပစ်ရမယ်။ မစ္စတာမာရှိဘက အဲဒီရေသန့်ဗူးတွေကို သောက်နေတဲ့ အတောအတွင်းတော့ ဘာမှ ပြဿနာတက်မှာ မဟုတ်ဘူး။ ကျွန်တော့်အထင်ပြောရရင် ပထမဆုံးအကြိမ် ကော်ဖီဖျော်တုန်းက သူ ရေသန့်ဗူးထဲက ရေကို သုံးခဲ့တာ ဖြစ်မယ်။ ဒါပေမယ့် ဒုတိယအကြိမ် သူ့ဘာသာသူ ကော်ဖီဖျော်တဲ့ အချိန်မှာကျတော့ ရေသန့်စက်ထဲက ရေနဲ့ ရေနွေးကျိုခဲ့တယ်။ အဲဒီအချိန် ရေခဲသေတ္တာထဲမှာ ရေသန့်ဗူးတစ်ဗူးပဲ ကျန်တော့တာကြောင့်မို့ ချွေတာတဲ့အနေနဲ့ ရေသန့်စက်ကို သူ ဖွင့်သုံးခဲ့တာ ဖြစ်မယ်။ ဒါနဲ့ပဲ လွန်ခဲ့တဲ့တစ်နှစ်လောက်က ခတ်ထားခဲ့တဲ့ အဆိပ်တွေရဲ့ အစွမ်းပြချိန် ရောက်လာတော့တာပဲ”

ယုကာဝါသည် စားပွဲပေါ်မှ ကော်ဖီခွက်ကို ကောက်ကိုင်လိုက်သည်။

“ဒီတစ်နှစ်အတွင်းမှာ အာယနဲက မစ္စတာမာရှိဘကို အချိန်မရွေး သတ်ပစ်လို့ ရတယ်။ ဒါပေမယ့် သူက အဲဒီလို ဖြစ်မလာအောင် သတိကြီးကြီးထားပြီး မတော်တဆ အဆိပ်မသောက်မိရလေအောင် သူ့ယောက်ျားကို ကာကွယ်စောင့်ရှောက်ထားခဲ့တယ်။ သာမန်လူသတ်သမားတစ်ယောက် ဆိုရင်တော့ သူသတ်ချင်တဲ့လူကို ဘယ်ပုံဘယ်နည်းနဲ့ အသေသတ်ပစ်ရမလဲဆိုတာ ဉာဏ်နီဉာဏ်နက် သုံးပြီး အသည်းအသန် စဉ်းစားနေမှာပဲ။ ဒါပေမယ့် ဒီအမှုရဲ့ လူသတ်တရားခံကတော့ လုံးဝကို ပြောင်းပြန်ကြီးပဲ။ သူကကျတော့ မသတ်မိဖို့အတွက် ရှိရှိသမျှ ခွန်အားတွေအားလုံးကို စိုက်ထုတ်ထားတယ်။ အခုလို လူသတ်တရားခံမျိုးကိုတော့ မှုခင်းသမိုင်းမှာ တစ်ခါမှ မမြင်ဖူးသေးဘူး။ ဒီနေ့ဒီအချိန်ထိ ပြည်တွင်းရော ပြည်ပမှာပါ လုံးဝ ရှိခဲ့ဖူးမယ် မထင်ဘူး။ သီအိုရီအရ ဖြစ်နိုင်ပေမယ့် လက်တွေ့ အကောင်အထည် ဖော်ဖို့ကျတော့ မဖြစ်နိုင်သလောက်ပဲ။ အဲဒါကြောင့် ကျွန်တော်က အဲဒါကို စိတ်ကူးယဉ်အဖြေလို့ ခေါ်ခဲ့တာပေ့ါ”

ဥကျူမိသည် ကုစာနာဂိ၏ အရှေ့သို့ သွားပြီး စကားဆိုလိုက်သည်။

“အခုချက်ချင်း အာယနဲကို ဖမ်းဖို့ ဝရမ်းထုတ်ရအောင်လား”

ဝင့်ကြွားသော ဟန်အမူအရာဖြင့် လည်တမော့မော့ ဖြစ်နေသည့် အငယ်တန်းရဲမေ၏ မျက်နှာကို တစ်ခဏမျှ စိုက်ကြည့်နေပြီးနောက် ကုစာနာဂိသည် အကြည့်ကို ယုကာဝါ၏ မျက်နှာထက်သို့ ပြောင်းရွှေ့လိုက်သည်။

“မင်းမှာ သက်သေရှိလား။ သူ အဲဒီလို နည်းလမ်းမျိုးကို အသုံးပြုခဲ့ပါတယ် ဆိုတဲ့ သက်သေအထောက်အထား ပြနိုင်ပါ့မလား”

သူ၏ ပြောစကားကို ကြားရသည့်အခါတွင် ရူပဗေဒပညာရှင်သည် မျက်မှန်ကို ချွတ်ကာ နံဘေးရှိ စားပွဲပေါ်သို့ တင်ထားလိုက်သည်။

"သက်သေ မရှိဘူး။ ရှိလည်း ရှိနိုင်မှာ မဟုတ်ဘူး"

ဥကျူမိက သူ့ကို တအံ့တသြ ငေးကြည့်နေသည်။

"ဟုတ်လား"

"သေသေချာချာ စဉ်းစားကြည့်ရင် သဘောပေါက်လာပါလိမ့်မယ်။ တကယ်လို့သာ သူက တစ်ခုခု လုပ်ခဲ့တာပါ ဆိုရင်တော့ လက်စလက်နက မကျန်ဘဲ နေမှာ မဟုတ်ဘူး။ ဒါပေမယ့် ခက်တာက သူက ဘာမှကို မလုပ်ခဲ့တာပဲ။ ဘာမှ မလုပ်ဘဲ လူတစ်ယောက်ကို သတ်ပစ်ခဲ့တဲ့ သတ်နည်းမျိုး။ ဒီတော့ လူသတ်ခဲ့တဲ့ သဲလွန်စကို ရှာဖို့ဆိုတာ ဘယ်လိုမှ ဖြစ်နိုင်စရာ မရှိဘူး။ ကျွန်တော်တို့အတွက် တစ်ခုတည်းသော ရုပ်ဝတ္ထုသက်သေက ရေသန့်စက်ထဲမှာ တွေ့ထားရတဲ့ အာဆန်နစ် မော်လီကျူးတွေပဲ။ ဒါပေမယ့် အဲဒီအာဆန်နစ်တွေကလည်း ပြီးပြည့်စုံတဲ့ သက်သေတစ်ခုအဖြစ်နဲ့ သုံးလို့ မရပြန်ဘူး။ အဲဒီအချက်ကို စောစောကလေးတင် ဥကျူမိကိုယ်တိုင် ရှင်းပြခဲ့ပြီးပြီ မဟုတ်လား။ နောက်ပြီး ရေစစ်ပြွန်ရဲ့ ကုန်ထုတ်အမှတ်စဉ်ကလည်း ယုံမှတ်နိုင်လောက်တဲ့ သက်သေတစ်ခု အဖြစ်လောက်ပဲ သုံးလို့ ရလိမ့်မယ်။ ဆိုတော့ကာ ... သူ အဲဒီလို နည်းလမ်းကို အသုံးပြုခဲ့ပါတယ်လို့ သက်သေပြဖို့ရာ လက်တွေ့မှာ လုံးဝ မဖြစ်နိုင်ဘူး"

"ဒါဆို ..."

ဥကျူမိသည် ဘာဆက်ပြောရမှန်း မသိအောင် ဆွံ့အသွားသည်။

"ကျွန်တော် ပြောခဲ့ပြီးပါပကော။ ဒီအမှုက စင်းလုံးချောတဲ့ ပြစ်မှုတစ်ခုပါလို့"

(၂၉)

ဥက္ကာမိသည် မဲဂူရိုရဲစခန်း၏ အစည်းအဝေး ခန်းမထဲတွင် စာရွက်စာတမ်းများ ပြင်ဆင်နေစဉ် မာမီယာသည် အနားသို့ ရောက်လာကာ သူ့ကို တစ်ချက် လှမ်းကြည့်လိုက်သည်။ ဥက္ကာမိသည် မတ်တတ်ရပ်ပြီး သူ့အနီးသို့ ချဉ်းကပ်သွားသည်။

"ဟိုကိစ္စကို ငါ ဌာနမှူးတွေနဲ့ တိုင်ပင်ကြည့်ပြီးသွားပြီ"

မာမီယာသည် ထိုင်ခုံတွင် ထိုင်ချပြီး စကားဆိုသည်။ သူ၏ မျက်နှာမှာ များစွာ မကောင်းလှချေ။

"ဖမ်းဝရမ်းကရော"

မာမီယာက ခေါင်းကို ခပ်ဖြည်းဖြည်း ခါယမ်းနေသည်။

"အခုတော့ မဖြစ်နိုင်သေးဘူး။ တရားခံကို တိုက်ရိုက်စွဲဆိုနိုင်တဲ့ သက်သေအထောက်အထားက အရမ်းကို နည်းလွန်းနေသေးတယ်။ ဆရာဂယ်လီလီယိုရဲ့ သုံးသပ်ချက်က အင်မတန်မှ ပြောင်မြောက်တယ် ဆိုပေမယ့်လည်း သက်သေသက္ခာယနဲ့ တိတိကျကျ ထုတ်မပြနိုင်ဘူး ဆိုရင်တော့ သူ့ကို ဘယ်လိုနည်းနဲ့မှ တရားစွဲနိုင်မှာ မဟုတ်ဘူး"

"ကျွန်မ စိုးရိမ်နေတဲ့အတိုင်း ဖြစ်လာခဲ့တာပဲ"

ဥက္ကာမိ၏ ခေါင်းမှာ အောက်သို့ ငိုက်စိုက်ကျသွားသည်။ ယုကာဝါပြောခဲ့သည့်အတိုင်း ဖြစ်နေချေပြီ။

"ဌာနမှူးနဲ့ အုပ်ချုပ်ရေးမှူးလည်း အဲဒီကိစ္စအတွက် ခေါင်းခြောက်နေကြတယ်။ လွန်ခဲ့တဲ့ တစ်နှစ်ကတည်းက အဆိပ်ခတ်ထားပြီး ဒီကြားထဲမှာ တစ်ဖက်လူကို အဆိပ်မသောက်မိအောင် နည်းမျိုးစုံသုံးပြီး

ကာကွယ်ပေးထားတယ် ဆိုတာမျိုးက ရာဇဝင်မှာ ရှိခဲ့ဖူးတာ မဟုတ်ဘူး။ အဲဒါကို လုပ်ကြံသတ်ဖြတ်မှုပါလို့ ဘယ်လိုလုပ်ပြီး ခေါင်းစဉ်တပ်ရပါ့မလဲ။ သူတို့နှစ်ယောက်စလုံးက အခုချိန်ထိကို မယုံတစ်ဝက် ယုံတစ်ဝက်နဲ့ ရှိနေတုန်းပဲ။ အမှန်အတိုင်း ဝန်ခံရရင် ငါလည်း သူတို့နဲ့ မထူးဘူး။ ဖြစ်နိုင်တဲ့ အဖြေက ဒီတစ်မျိုးတည်း ရှိတယ် ဆိုပေမယ့်လည်း စိတ်ထဲမှာတော့ ဇဝေဇဝါနဲ့ ယုံရခက်ကြီး ဖြစ်နေတုန်းပဲ”

“ဆရာယုကာဝါရဲ့ စကားကို ကြားခါစတုန်းက ကျွန်မကိုယ်တိုင်လည်း ဘယ်လိုမှ မယုံနိုင်ခဲ့ဘူး”

“တကယ့်ဟာပဲ။ ဒီလောကကြီးမှာ အဲဒီလို ဂေါက်တီးဂေါင်ကြောင် တွေးတတ်တဲ့ လူတွေက ရှိနေတတ်သေးတာပဲ။။ အဲဒီ အာယနဲဆိုတဲ့ အမျိုးသမီးက ပေါ့သေးသေးတော့ မဟုတ်ဘူး။ ခေါင်းသုံးပြီး စဉ်းစားချင့်ချိန်ကြည့်ရုံ သက်သက်နဲ့ တရားခံကို ဖော်ထုတ်ပေးနိုင်တဲ့ ဆရာကလည်း တကယ့်ကို ခေသူ မဟုတ်ဘူးပဲ။ သူတို့ရဲ့ ဦးနှောက်တွေက ဘယ်လိုများ ဖွဲ့စည်းထားကြလဲ မသိဘူး” မာမီယာက မျက်နှာကို ရှုံ့မဲ့လျက် စကားဆိုသည်။

“အခုချိန်ထိတော့ ဆရာရဲ့ သုံးသပ်ချက်က မှန်သလား၊ မှားသလား ဆိုတာကို ဘယ်လိုမှ သက်သေမပြနိုင်သေးဘူး။ အဲဒီလို သက်သေ မပြနိုင်ဘူး ဆိုရင်တော့ မာရှိဘ အာယနဲကို လက်ဖျားနဲ့တောင် ထိလို့ ရမှာ မဟုတ်ဘူး”

“ကျူကူအိ ဂျွန်ကိုဘက်က အခြေအနေကရော။ ထ.ရ.ဖက သူ့မိဘအိမ်ကို လူလွှတ်ပြီး စစ်ဆေးစရာရှိတာ စစ်ဆေးနေကြပြီ မဟုတ်လား”

မာမီယာက ခေါင်းညိတ်ပြသည်။

“သူတို့ အာဆန်နစ်ထည့်ထားခဲ့ဖူးတဲ့ ဗူးခွံကို ယူပြီး Spring-8 ကို ပို့ထားပြီ ပြောတယ်။ ဒါပေမယ့် အဲဒီဗူးခွံထဲမှာ ရှိနေတဲ့ အာဆန်နစ်နဲ့ ဒီအမှုမှာ သုံးထားတဲ့ အာဆန်နစ်က အမျိုးအစားနဲ့ အချိုးအစားပါ ထပ်တူကျနေပါတယ် ဆိုရင်တောင် အဲဒီအချက်က ခိုင်မာတဲ့ သက်သေအဖြစ်နဲ့ ဘယ်လိုမှ သုံးလို့ ရမှာ မဟုတ်ဘူး။ အဲ … ယုံမှတ်နိုင်လောက်တဲ့ သက်သေအဖြစ်တောင် သုံးလို့ရမယ် မထင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ တကယ်လို့သာ မာရှိဘ ယိုရှီတာကာကသာ ကျူကူအိ ဂျွန်ကိုရဲ့ ရည်းစားဟောင်း ဖြစ်နေခဲ့ရင် မာရှိဘ ယိုရှီတာကာကိုယ်တိုင်က အဲဒီအာဆန်နစ်တွေကို ပိုင်ဆိုင်ခဲ့တာလည်း ဖြစ်နိုင်တယ်”

ဥက္ကျမိသည် လေပူများအား အားပါးတရ မှုတ်ထုတ်ပစ်လိုက်သည်။

"ဒါဆို ဘယ်လိုအရာကိုမှ သက်သေလို့ သတ်မှတ်လို့ ရမှာလဲ။ ကျေးဇူးပြုပြီး ကျွန်မကို ပြောပြပါဦး။ ကျွန်မ ဘယ်လိုအရာမျိုးကို သွားရှာရမှာလဲ။ ဆရာကသာ လမ်းညွှန်ချက်ပေးမယ် ဆိုရင် ဘာကြီးဖြစ်နေနေ ကျွန်မ ရအောင် ရှာလာခဲ့မယ်။ ဒါမှမဟုတ် ဆရာယုကာဝါ ပြောခဲ့သလို ဒီအမှုက တကယ့်ကို စင်းလုံးချောတဲ့ ပြစ်မှုမျိုးလား"

မာမီယာက မျက်မှောင်ကြုတ်လျက်

"ငါ့ဘေးနားလာပြီး ပွစိပွစိ လုပ်မနေစမ်းနဲ့ဟာ။ သူ အမှုလုပ်ခဲ့တာကို ဘယ်လို သက်သေပြရမှန်း မသိလို့ ဦးနှောက်ခြောက်နေရတဲ့ အထဲမှာ။ ငါတို့ဆီမှာ သက်သေအဖြစ် သတ်မှတ်လို့ရတဲ့ ပစ္စည်းဆိုလို့ အာဆန်နစ်အမှုန်တွေ တင်ကျန်နေခဲ့တဲ့ ရေသန့်စက်တစ်လုံးပဲ ရှိတယ်။ ဌာနမှူးရဲ့ အကြံပြုချက်က ဘာလဲဆိုတော့ အဲဒီရေသန့်စက်ကို သက်သေခံပစ္စည်းအဖြစ် အသုံးပြုနိုင်အောင် ကြံဆကြည့်ရင် ကောင်းမယ်တဲ့"

အထက်အရာရှိ၏ အကြံပြုချက်ကို ကြားရသည့်အခါတွင် ဥက္ကျမိသည် နှုတ်ခမ်းကို ပေါက်ထွက်လုမတတ် ကိုက်ထားလိုက်မိသည်။ သူ၏ စကားမှာ အလံဖြူ ထောင်လိုက်သကဲ့သို့ ဖြစ်နေသောကြောင့်ပင်။

"အဲဒီလို နှုတ်ခမ်းကြီး စူပုပ်မနေစမ်းပါနဲ့ဟာ။ ငါ အရှုံးမပေးသေးပါဘူး။ တစ်နည်းနည်းတော့ တွေ့လာဦးမှာပါ။ စင်းလုံးချောတဲ့ ပြစ်မှုမျိုးဆိုတာ အဲဒီလောက် လွယ်လွယ်နဲ့ လုပ်လို့ရတာ မဟုတ်ဘူး"

ဥက္ကျမိသည် ခေါင်းကို အသာအယာ ညိတ်လိုက်ပြီးနောက် မာမီယာကို နောက်တစ်ကြိမ် ဦးညွှတ်၍ အရိုအသေ ပေးလိုက်ပြန်သည်။ ထို့နောက် နောက်သို့ ချာကနဲ လှည့်ကာ ထွက်ခွာသွားလေသည်။ ဤကဲ့သို့ ဦးညွှတ်၍ အရိုအသေ ပေးလိုက်ခြင်းမှာ ခွဲမှူး၏ အကြံပြုချက်ကို လက်သင့်ခံလိုက်သည်ဟု ဆိုလိုရာ မရောက်ပေ။

စင်းလုံးချောသည့် ပြစ်မှုမျိုးကို ဤမျှ လွယ်လွယ်ကူကူ ပြုလုပ်၍ မရနိုင်ကြောင်း သူကိုယ်တိုင် ရှင်းရှင်းပြတ်ပြတ် သိရှိထားပြီး ဖြစ်သည်။ သို့သော် မာရှိဘ အာယနဲ၏ ကြိုတင်ပြင်ဆင်ထားမှုများသည် လူသာမန်တို့အဖို့ လွန်စွာမှ လုပ်နိုင်ခဲလှသော အမှုများ ဖြစ်သည်။ လုံးဝ လုပ်နိုင်ခြေ မရှိဟုပင် ဆိုကောင်း

ဆိုနိုင်လိမ့်မည်။ ထို့ကြောင့် ဤအမှုသည် ရာဇဝင်တွင်လောက်မည့် စင်းလုံးချောပြစ်မှုမျိုး ဖြစ်သွားမည်ကို ဥက္ကျမိက အစိုးရိမ်ကြီး စိုးရိမ်နေမိသည်။

သူသည် မူလနေရာတွင် ပြန်ထိုင်လိုက်ပြီးနောက် လက်ကိုင်ဖုန်းကို ဆွဲထုတ်၍ စာတိုများကို စစ်ဆေးကြည့်နေသည်။ ကုစာနာဂါထံမှ သတင်းကောင်းများ ဝင်ရောက်လာပါစေဟု သူ့ရင်ထဲတွင် ကြိတ်၍ ဆုတောင်းနေမိသည်။ သို့သော် လက်ကိုင်ဖုန်းထဲတွင် သူ၏ မိခင်ထံမှ စာတိုတစ်စောင်သာ ရောက်ရှိနေလေသည်။

(၃၀)

ချိန်းဆိုထားသော ကော်ဖီဆိုင်သို့ ရောက်သည့်အခါတွင် အရင်ရောက်နှင့်နေသော ဝါကာယာမာ ဟိရောမိကို ကုစာနာဂိ တွေ့မြင်လိုက်ရသည်။ သူသည် ဟိရောမိဆီသို့ အလျင်အမြန် လျှောက်သွားလိုက်သည်။

"ဆောရီးပါဗျာ။ စောင့်ရတာ တော်တော်ကြာသွားပြီ ထင်တယ်"

"ဟင့်အင်း၊ ကျွန်မလည်း အခုလေးတင်မှ ရောက်တာပါ"

"ခင်ဗျားကို အမြဲ အနှောင့်အယှက် ပေးနေမိတဲ့အတွက် စိတ်မကောင်းပါဘူး။ ကျွန်တော် တတ်နိုင်သမျှ စကားကို တိုတိုနဲ့ လိုရင်းပဲ ပြောပါ့မယ်"

"ကျွန်မကို အဲဒီလောက် အားနာနေဖို့ မလိုပါဘူးရှင်။ ကျွန်မက အခုလည်း အလုပ်အကိုင် ရှိတာမှ မဟုတ်တာဘဲ။ အားနေတာပဲ ဥစ္စာ" ဟိရောမိက ပြောပြီး ခပ်ယဲ့ယဲ့ ပြုံးပြသည်။

သူနှင့် နောက်ဆုံးအကြိမ် တွေ့ခဲ့ရသည့် အချိန်နှင့် နှိုင်းစာကြည့်လျှင် သူ၏ မျက်နှာမှာ ယခင်ကထက် သွေးရောင်လွှမ်းလျက် ရှိသည်။ သူ၏စိတ်မှာ အတော်အတန် တည်ငြိမ်သွားပေပြီဟု ကုစာနာဂိက တွက်ဆနေမိသည်။

စားပွဲထိုးမလေးတစ်ယောက် သူတို့အနားသို့ ရောက်ရှိလာသည်။ ကုစာနာဂိက ကော်ဖီတစ်ခွက် မှာလိုက်ပြီးနောက် ဟိရောမိကို လှမ်းမေးလိုက်သည်။

"ခင်ဗျားအတွက် နွားနို့တစ်ခွက် မှာလိုက်ရမလား"

"ဟင့်အင်း၊ ကျွန်မ လီမွန်တီးပဲ သောက်တော့မယ်" ဟိရောမိက ပြန်ဖြေသည်။

စားပွဲထိုးမလေး ထွက်ခွာသွားသည့် အခါတွင် ကုစာနာဂိသည် ဟိရောမိကို ပြုံးပြကာ

“ဆောရီးပဲ။ ခင်ဗျားအရင်က နွားနို့မှာသောက်ဖူးသလားလို့။ အဲဒါကြောင့် …”

သူက “ရပါတယ်” ဟု ပြောပြီး ခေါင်းဆတ်ပြသည်။

“ကျွန်မလည်း နွားနို့ကို အထူးတလည် ကြိုက်နေတာတော့ မဟုတ်ဘူး။ အခုဆို ဖြစ်နိုင်ရင် နွားနို့ကို မသောက်ချင်တော့ဘူး”

“အဲ … ထူးခြားတဲ့ အကြောင်းအရင်းများ ရှိနေလို့လား”

ကုစာနာဂိ၏ မေးခွန်းကို ကြားရသည်တွင် ဟိရောမိသည် ခေါင်းကို ငုံ့စောင်းလျက်

“ကျွန်မ အဲဒီမေးခွန်းကို မဖြစ်မနေ ဖြေပေးဖို့ လိုအပ်တာလား”

“အား … မဟုတ်ပါဘူး။ မဖြေလည်း ကိစ္စမရှိပါဘူး” ကုစာနာဂိက လက်ကို ခါယမ်းနေသည်။

“ခင်ဗျားက အချိန်ရတယ်လို့ ပြောတာကြောင့် ကျွန်တော်က ရောက်တတ်ရာရာ လျှောက်ပြောမိတာပါ။ ဒါဆို ကျွန်တော်တို့ လိုရင်းကိုပဲ ပြောကြပါစို့။ ဒီနေ့ ကျွန်တော် ခင်ဗျားကို ခေါ်တွေ့ရတဲ့ အကြောင်းအရင်းက ခင်ဗျားဆီကနေ မာရှိဘာအိမ်ရဲ့ မီးဖိုဆောင်နဲ့ ပတ်သက်တဲ့ အချက်အလက်တချို့ စုံစမ်းချင်လို့ပါ။ သူတို့အိမ်က ရေပိုက်ခေါင်းမှာ ရေသန့်စက်တပ်ထားတာကို ခင်ဗျား သိတယ် မဟုတ်လား”

“သိပါတယ်”

“ဒါဆို ခင်ဗျား အရင်တုန်းက အဲဒီစက်ကို သုံးခဲ့ဖူးလား”

“မသုံးဖူးဘူး” ဟိရောမိက စဉ်းစားမနေဘဲ တစ်မုဟုတ်ချင်း ပြန်လည်ဖြေကြားလိုက်သည်။

“ခင်ဗျားရဲ့ အဖြေက သိပ်ကို ပြတ်သားလွန်းနေတယ်။ တစ်ခဏလောက်တော့ စဉ်းစားရလိမ့်ဦးမယ်လို့ ကျွန်တော်က ထင်ထားတာ”

“စဉ်းစားစရာ မလိုပါဘူးရှင်။ အစကတည်းက ကျွန်မက သူတို့ရဲ့ မီးဖိုဆောင်ထဲကို သိပ်ပြီး ဝင်ဖြစ်တာမှ မဟုတ်တာ။ တစ်ခါမှလည်း ကူပြီး ဟင်းမချက်ပေးခဲ့ဖူးဘူး။ ဒါကြောင့်လည်း အဲဒီရေသန့်စက်ကို တစ်ခါမှ မသုံးခဲ့ဖူးဘူးလေ။ အရင်က ရဲဘော်ဥက္ကျမိကိုလည်း ကျွန်မ ပြောခဲ့ဖူးပါတယ်။ ဆရာမက ကျွန်မကို ကော်ဖီဖျော်ခိုင်းတဲ့အခါမျိုး၊ ဒါမှမဟုတ် လက်ဖက်ရည်တည်ခိုင်းတဲ့ အခါမျိုးမှာမှ ကျွန်မက သူတို့ရဲ့ မီးဖိုဆောင်ထဲကို ဝင်ဖြစ်တာ။ နောက်ပြီး ဆရာမက ဟင်းချက်နေရင်းမို့ လက်မအားတဲ့ အချိန်မျိုးမှာမှ ကျွန်မကို အဲဒီလို ခိုင်းတတ်တာပါ”

“ဒါဆို ခင်ဗျားက သူတို့ရဲ့ မီးဖိုဆောင်ထဲကို တစ်ယောက်တည်း တစ်ခါမှ မဝင်ဖူးဘူးပေါ့”

ဟိရောမိ၏ မျက်နှာပေါ်တွင် ထူးဆန်းအံ့ဩသည့် အရိပ်အယောင်များ ထင်ရှားဖြစ်ပေါ်လာသည်။

“ဆရာ ဘာရည်ရွယ်ချက်နဲ့ ကျွန်မကို အဲဒီလို မေးရတာလဲ။ ကျွန်မ နားမလည်ဘူး”

“ခင်ဗျားအနေနဲ့ နားလည်ဖို့ မလိုအပ်ပါဘူး။ သေသေချာချာ ပြန်စဉ်းစားကြည့်ပေးပါဦး။ အရင်က ခင်ဗျားတစ်ယောက်တည်း သူတို့ရဲ့ မီးဖိုဆောင်ထဲကို ဝင်ခဲ့ဖူးသလား”

သူသည် မျက်မှောင်ကြုတ်လျက် တဒင်္ဂမျှ စဉ်းစားနေသည်။ ထို့နောက် ကုစာနာဂိကို စိုက်ကြည့်ကာ

“မဝင်ဖူးလောက်ဘူး ထင်တာပဲ။ နောက်ပြီး ဆရာမက သူတို့မီးဖိုဆောင်ထဲ တခြားလူ ဝင်တာကို လုံးဝ မကြိုက်ဘူးလို့ ကျွန်မ အဲဒီလိုပဲ အမြဲတမ်း မှတ်ယူထားတာ”

“အခွင့်မရှိရင် မဝင်ရဘူးလို့ သူက ခင်ဗျားကို ပြောထားခဲ့ဖူးလို့လား”

“အဲဒီလိုတော့ ပေါ်တင်ကြီး မပြောဖူးပါဘူး။ ဒါပေမယ့် ကျွန်မကတော့

အဲဒီလို ခံစားနေရတာပဲ။ နောက်ပြီး မီးဖိုဆောင်ဆိုတာ အိမ်ရှင်မတွေရဲ့ ရဲတိုက်ပဲ ဆိုတဲ့ ဆိုရိုးစကားလည်း ရှိတယ် မဟုတ်လား"

"အဲဒီလိုတော့ ကြားဖူးတာပဲ"

မှာထားသည်များ စားပွဲပေါ်သို့ ရောက်ရှိလာသည်။ ဟိရောမိသည် လက်ဖက်ရည်ခွက်ထဲသို့ သံပရာသီး ညှစ်ထည့်ပြီး လီမွန်တီးကို အရသာခံ၍ ဖြည်းဖြည်းချင်း စုပ်သောက်နေသည်။ သူ့ကို ကြည့်ရသည်မှာ အခြေအနေအားလုံး မူမှန်အဆင့်သို့ ပြန်လည် ရောက်ရှိနေလေပြီ။

ဆန့်ကျင်ဘက်အားဖြင့် ကုစာနာဂိ၏ ရင်မှာ လေးလံထိုင်းမှိုင်းနေသည်။ ဟိရောမိ ပြောခဲ့သော စကားသည် ယုကာဝါ၏ သုံးသပ်ချက်ကို အပြည့်အဝ ထောက်ခံနေသည် မဟုတ်လား။

သူသည် ကော်ဖီတစ်ငုံ မော့သောက်ကာ မတ်တတ်ထရပ်လိုက်သည်။

"အခုလို ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်"

ဟိရောမိက ဝိုင်းစက်နေသော မျက်လုံးများဖြင့် ပြူးကြည့်နေသည်။

"မေးလို့ ပြီးသွားပြီလား"

"ကျွန်တော် သိချင်တာ သိရပါပြီ။ ဖြည်းဖြည်းသုံးဆောင်ပါ"

ပြောပြီး သူသည် စားပွဲပေါ်မှ ဘေလ်စာရွက်ကို ယူ၍ အပေါက်ဝဘက်သို့ ထွက်ခွာသွားလေသည်။

ကော်ဖီဆိုင်ထဲမှ ထွက်ခွာလာပြီး တက္ကစီတစ်စီး တားစီးရန် ဟန်ပြင်နေစဉ်မှာပင် လက်ကိုင်ဖုန်းမှ အသံမြည်လာသည်။ ဆက်လာသူမှာ ယုကာဝါ။

ယုကာဝါက အဆိပ်ခတ်နည်းနှင့် ပတ်သက်၍ သူနှင့် တိုင်ပင်စရာ ရှိသည်ဟု ဆိုလာသည်။

"ကိစ္စတချို့ကို အခုချက်ချင်း မင်းဆီကနေ အတည်ပြုချက် ရယူချင်တယ်။

တစ်နေရာရာမှာ တွေ့ကြရအောင်လား”

“အဲဒီကိစ္စဆိုရင်တော့ ငါ အခုပဲ မင်းဆီ လာခဲ့မယ်။ နေစမ်းပါဦး။ ဘာများ အဲဒီလောက် အရေးကြီးနေရတာလဲ။ ငါ့ဆီကနေတောင် အတည်ပြုချက် ယူရဦးမယ်လို့။ မင်းက မင်းရဲ့ သီအိုရီအပေါ် ယုံကြည်ချက်အပြည့် ရှိနေပြီးသားပဲ မဟုတ်ဘူးလား”

“ယုံကြည်ချက်ကတော့ တစ်ပြားသားမှ မလျော့ဘူး ငါ့ကောင်။ အဲဒီလို ယုံကြည်ထားလို့လည်းပဲ အတည်ပြုကြည့်ချင်တာပေါ့။ ငါ့ဆီသာ မြန်မြန် လာခဲ့စမ်းပါကွာ”

ပြောပြီးသည်နှင့် ယုကာဝါသည် ဖုန်းကို ချပစ်လိုက်သည်။

ထထထ

မိနစ်သုံးဆယ်ခန့် ကြာသွားပြီးနောက် ကုစာနာဂိသည် အင်ဂျင်နီယာ တက္ကသိုလ်၏ ပင်မတံခါးမှ လျှောက်ဝင်လာခဲ့သည်။

“လူသတ်တရားခံက အဲဒီနည်းလမ်းကို အသုံးပြုခဲ့ပါတယ် ဆိုတဲ့ ပေးထားချက်ပေါ် အခြေခံပြီး ဒီအမှုကြီးရဲ့ အမှုသွားအမှုလာကို အနုလုံ ပဋိလုံ စဉ်းစားကြည့်လိုက်တဲ့ အခါမှာ ကိစ္စတစ်ခုက ငါ့ကို ခိုးလိုးခုလုဖြစ်အောင် စိတ်အနှောင့်အယှက် ပေးနေတယ်။ မင်းတို့ရဲ့ စုံစမ်းစစ်ဆေးမှုအတွက် အထောက်အကူ ပြုကောင်းပြုနိုင်မယ် ထင်လို့ ဖုန်းဆက်ပြီး မင်းကို ခေါ်လိုက်ရတာပဲ”

သူတို့နှစ်ဦး ဆုံမိလျှင် ဆုံမိချင်း ယုကာဝါက ကုစာနာဂိကို ပြောသည်။

“ကြည့်ရတာ မင်းပြောချင်တဲ့ ကိစ္စက အတော်ကို အရေးကြီးမယ် ထင်တယ်”

“တော်တော်ကို အရေးကြီးတယ်။ ငါ အခု မင်းဆီကနေ အတည်ပြုချင်တဲ့ ကိစ္စက ဘာလဲဆိုတော့ အမှုဖြစ်ပြီးတဲ့နောက်မှာ အာယနဲက သူ့အိမ်ကို ပြန်ရောက်ရောက်ချင်း ဘာတွေ လုပ်ခဲ့သလဲ ဆိုတဲ့ အချက်ပဲ။ ငါ မှတ်တာ မမှားဘူးဆိုရင် အဲဒီအချိန်မှာ သူက မင်းနဲ့အတူ ရှိနေခဲ့တယ် မဟုတ်လား”

“ဟုတ်တယ်။ အဲဒီတုန်းက ငါနဲ့ဥက္ကျမိက နှစ်ယောက်အတူ သူ့ကို

အိမ်ပြန်ပို့ပေးခဲ့ကြတာ”

“အဲဒီတုန်းက သူ အိမ်ပြန်ရောက်ရောက်ချင်း ပထမဆုံးအနေနဲ့ ဘာလုပ်ခဲ့တာလဲ” ယုကာဝါက မေးသည်။

“ပထမဆုံး … အဲဒါလား။ အဲဒီတုန်းက သူ အခင်းဖြစ်တဲ့နေရာကို ကြည့်တယ် …”

ယုကာဝါသည် ခေါင်းကို ခါယမ်းနေသည်။

“သူ မီးဖိုဆောင်ထဲကို ဝင်သွားလိမ့်မယ်။ ပြီးတော့ မီးဖိုဆောင်ထဲမှာ ရှိတဲ့ ရေပိုက်ခေါင်းကို ဖွင့်ပစ်လိမ့်မယ်။ ဟုတ်တယ်မလား”

ကုစာနာဂိသည် တစ်ခဏမျှ စဉ်းစားကြည့်လိုက်သည်နှင့် ထိုစဉ်က အဖြစ်အပျက်များ အားလုံးသည် သူ၏ အတွေးအာရုံထဲသို့ တစ်ခုချင်း တန်းစီ ဝင်ရောက်လာကြသည်။

“ဟုတ်တယ်။ မင်းပြောတဲ့အတိုင်းပဲ။ သူ ရေပိုက်ခေါင်းကို ဖွင့်ခဲ့သေးတယ်”

“သူက အဲဒီရေတွေကို ဘာလုပ်ပစ်ခဲ့တာလဲ။ ငါ မှန်းတာ မမှားဘူးဆိုရင် သူ အဲဒီတုန်းက ရေအတော်များများကို အသုံးပြုခဲ့လိမ့်မယ်” ယုကာဝါ၏ မျက်ဝန်းများ အရောင်တောက်လာကြသည်။

“ပန်းပင် ရေလောင်းတာလေ။ သူက သူ့ပန်းပင်တွေ ညှိုးခြောက်နေတာကို မကြည့်ရက်ဘူးလို့ ပြောပြီး ရေပုံးထဲ ရေအပြည့်ထည့်ပြီး အပေါ်ထပ်မှာ စိုက်ထားတဲ့ ပန်းပင်တွေကို ရေသွားလောင်းခဲ့တာပဲ”

“အဲဒါပဲ” ယုကာဝါသည် ကုစာနာဂိကို လက်ညှိုးထိုးလျက် ဆက်ပြောသည်။

“အဲဒါ သူ့အဆိပ်ခတ်နည်းရဲ့ နောက်ဆုံးအဆင့်ပဲ”

“အဆိပ်ခတ်နည်းရဲ့ နောက်ဆုံးအဆင့် …”

“တရားခံရဲ့ နေရာကနေ နေပြီး ငါ တွေးကြည့်တယ်။ အဲဒီတုန်းက သူဟာ ရေသန့်စက်ထဲက အဆိပ်တွေကို ဂရုမစိုက်တော့ဘဲ အိမ်ကနေ ထွက်သွားခဲ့တယ်။

အဆိပ်ခတ်ပြီး သတ်ပစ်ချင်တဲ့ သူ့ရဲ့ ပစ်မှတ်ကလည်း သူ မျှော်လင့်ထားတဲ့အတိုင်း အဆိပ်ရေသောက်ပြီး သေသွားခဲ့ပြီ။ ဒါပေမယ့် အဲဒီအချိန်မှာ သူ စိတ်ချလက်ချ နေလို့ မရသေးဘူး။ ဘာဖြစ်လို့လဲဆိုတော့ ရေသန့်စက်ထဲမှာ အဆိပ်တွေ ကျန်ချင် ကျန်နေနိုင်သေးတယ်”

ကုစာနာဂိ၏ ခါးမှာ အလိုအလျောက် ဆတ်ကနဲ တည့်မတ်သွားသည်။

“သိပ်ဟုတ်တာပေါ့”

“တကယ်လို့သာ အဲဒီအတိုင်း ပစ်ထားလိုက်မယ်ဆိုရင် တရားခံအတွက် အင်မတန်မှ အန္တရာယ် များလွန်းတယ်။ အဲဒီရေတွေကို တစ်ယောက်ယောက်ကများ မတော်တဆ သောက်မိသွားရင် ဒုတိယမြောက် မာရိုဘ နောက်တစ်ယောက် ထပ်ပေါ်ချင် ပေါ်လာနိုင်တယ်။ အဲဒီလိုသာဆိုရင်တော့ ရဲဘက်ကလည်း သူ့ရဲ့ လုပ်နည်းလုပ်ဟန်ကို ချက်ချင်း ရိပ်မိသွားမှာ အမှန်ပဲ။ ဒါကြောင့် တရားခံရဲ့ ရှုထောင့်ကနေ ကြည့်မယ်ဆိုရင် သူ့အနေနဲ့ သက်သေတွေကို အမြန်ဆုံး ဖျောက်ဖျက်ပစ်ဖို့ အကြံမထုတ်ဘဲ နေမှာ မဟုတ်ဘူး”

“ဒါကြောင့် သူက ပန်းပင်တွေကို ရေလောင်းခဲ့တာလား”

“အဲဒီတုန်းက ရေပုံးထဲကို ထည့်တဲ့ရေတွေက ရေသန့်စက်ထဲက ထွက်တဲ့ရေတွေ။ ရေပုံးတစ်ပုံးစာလောက်သာ ဆက်တိုက် ဖွင့်ချပစ်လိုက်ရင် ရေသန့်စက်ထဲမှာ ကြွင်းကျန်နေတဲ့ အာဆန်နစ်တွေကလည်း အကုန်လုံး ဆေးထုတ်ပစ်လိုက်သလို ဖြစ်သွားမှာပဲ။ ဒါကြောင့်လည်း ငါတို့မှာ Spring-8 ရဲ့ အကူအညီကို ယူပြီး စစ်ဆေးကြည့်ရတဲ့ဘဝမျိုး ရောက်သွားတော့တာပေါ့။ တစ်နည်းပြောရရင် အဲဒီတုန်းက တစ်ဖက်လှည့်နဲ့ ပန်းပင်ရေလောင်းခဲ့တဲ့ လုပ်ရပ်က တကယ်တော့ မင်းတို့ စုံထောက်တွေရဲ့ မျက်စိအောက်မှာ သက်သေအထောက်အထားကို လှလှပပနဲ့ ပညာသားပါပါ ဖျောက်ဖျက်ပစ်ခဲ့တာပဲ”

“ဒါဆို အဲဒီရေတွေက ...”

“အဲဒီရေတွေသာ ကျန်နေဦးမယ်ဆိုရင် သက်သေအဖြစ် အသုံးပြုကောင်း ပြုနိုင်လိမ့်မယ်” ယုကာဝါက ပြောသည်။

“ရေသန့်စက်ထဲကနေ အာဆန်နစ် မော်လီကျူးတချို့ကို ရှာတွေ့ခဲ့တယ် ဆိုတဲ့ အချက်လောက်နဲ့ အမှုတည်ဆောက်လို့ မရနိုင်ဘူး။ သူ အဲဒီလို

အဆိပ်ခတ်ခဲ့ပါတယ်လို့ သက်သေပြချင်ရင် နည်းလမ်းတစ်ခုပဲ ရှိတယ်။ အခင်းဖြစ်တဲ့နေ့မှာ ရေသန့်စက်ထဲကနေ အာဆန်နစ်အဆိပ်ပါတဲ့ ရေတွေ အများကြီး ထွက်ခဲ့ပါတယ်လို့ အထောက်အထား တင်ပြနိုင်ရင်တော့ ငါရဲ့ သီအိုရီကို သက်သေပြလို့ ရလာလိမ့်မယ်”

“စောစောက ငါ မင်းကို ပြောခဲ့ပြီးပြီလေကွာ။ အဲဒီရေတွေနဲ့ ပန်းပင်တွေကို ရေလောင်းပစ်လိုက်ပါပြီဆိုနေ”

“အဲဒီလိုဆိုရင် အဲဒီပန်းအိုးတွေထဲက မြေကို ယူပြီး ဓာတ်ခွဲကြည့်ပေါ့။ Spring-8 နဲ့သာဆိုရင် အာဆန်နစ်တွေ ရှာမတွေ့ဘဲ နေမှာ မဟုတ်ဘူး။ မြေကြီးထဲမှာ ပျော်ဝင်နေတဲ့ အဆိပ်တွေက အာယနဲ လောင်းတဲ့ ရေထဲက ပါလာပါတယ်လို့ သက်သေပြဖို့ရာ ခက်ကောင်း ခက်နိုင်လိမ့်မယ်။ ဒါပေမယ့် အနည်းဆုံးတော့ သက်သေအထောက်အထားအသစ်တွေ ရလာနိုင်တယ်လေ”

ယုကာဝါ၏ စကားကို ကြားရသည့်အခါတွင် အရာဝတ္ထုတစ်ခုသည် ကုစာနာဂိ၏ ဦးနှောက်ထဲတွင် ရိုးတိုးရိပ်တိပ် ကိုယ်ယောင်ပြလာသည်။ ၎င်းအရာဝတ္ထုကို ဦးနှောက်ထဲတွင် ထင်ရှားပြတ်သားလာစေရန် သူ ကြိုးစားကြည့်သည်။ သို့သော် မှုန်တိမှုန်ဝါးသာ။ ၎င်းအရာဝတ္ထုမှာ သူ မြင်ဖူးသော အရာတစ်ခု ဖြစ်နေပါလျက်နှင့် မြင်ဖူးခဲ့သည်ကိုပင် မေ့ချင်ချင် ဖြစ်နေလေပြီ။

လည်ချောင်းထဲတွင် ငါးရိုးစူးခဲ့ဖူးသော မှတ်ဉာဏ်အပိုင်းအစ တချို့က သူ၏ အတွေးကွန်ရက်ထဲသို့ အမှတ်မထင် တိုးဝင်ကပ်ငြိလာသည့်နှယ်။

ကုစာနာဂိသည် ပင့်သက်ရှိုက်ကာ ယုကာဝါ၏ မျက်နှာကို မျက်တောင်မခတ်တမ်း စိုက်ကြည့်နေသည်။

“ဘာလဲ။ ငါ့မျက်နှာပေါ်မှာ ဘာတွေ ပေနေလို့လဲ” ယုကာဝါက မေးသည်။

“မဟုတ်ပါဘူး” ကုစာနာဂိက ခေါင်းခါလိုက်သည်။

“ငါ မင်းကို အကူအညီတောင်းစရာ တစ်ခုရှိတယ်။ မဟုတ်သေးဘူး။ ထောက် (၁) ရဲ့ ရဲဘော်တစ်ယောက်အနေနဲ့ အင်ပီရီယယ်တက္ကသိုလ်က ပါမောက္ခယုကာဝါကို အကူအညီတောင်းစရာ တစ်ခု ရှိတယ်”

ယုကာဝါ၏ ဟန်ပန်အမူအရာမှာလည်း ရုတ်ချည်းဆိုသကဲ့သို့

လေးနက်တည်ကြည်သွားသည်။ သူသည် လက်ညှိုးထိပ်ဖြင့် မျက်မှန်ကို အထက်သို့ ပင့်တင်လိုက်သည်။

“ဆိုစမ်းပါဦး”

(၃၁)

ဥက္ကာမိသည် တံခါးဝရှေ့အရောက်တွင် ခြေလှမ်းကို တုံ့ရပ်လိုက်သည်။ တံခါးရွက်ပေါ်တွင် 'အန်နာဂေဟာ' ဟူသော ဆိုင်းဘုတ်ကို ချိတ်မြဲ ချိတ်ထားသေးသော်လည်း ကုစာနာဂိ၏ ပြောစကားအရဆိုလျှင် ယခုအခါ ဤစပ်ထည်သင်တန်းကျောင်းကို လုံးဝ ရပ်နားထားသည်။

အနားတွင် ရပ်နေသော ကုစာနာဂိက ခေါင်းဆတ်ပြသဖြင့် ဥက္ကာမိသည် လူခေါ်ခေါင်းလောင်းကို နှိပ်လိုက်သည်။ တစ်ခဏမျှ ကြာသည်အထိ အထဲမှ တုံ့ပြန်သံ မကြားရပေ။ ဥက္ကာမိသည် ခေါင်းလောင်းကို နောက်တစ်ကြိမ်နှိပ်ရန် လက်ကို ဆန့်တန်းလိုက်သည်။ ထိုစဉ် "လာပြီ" ဟူသော အသံတစ်သံ ထွက်ပေါ်လာသည်။ အာယနဲ၏ အသံပင် ဖြစ်သည်။

"ကျွန်မ ရဲဌာနချုပ်က ဥက္ကာမိပါ" သူသည် အင်တာကွန်း၏ မိုက်ခွက်အနီးတွင် နှုတ်ခမ်းကို တေ့ပြီး ပြောလိုက်သည်။ အိမ်နီးနားချင်းများ မကြားမိစေရန်အတွက် အသံကို တိုးနိုင်သမျှတိုးအောင် ပြောနိုင်ရန်အတွက် ဤသို့ ပြုလုပ်ရခြင်း ဖြစ်သည်။

တဒင်္ဂမျှ ဆိတ်ငြိမ်သွားပြီးနောက် အခန်းထဲမှ စကားသံ ထွက်ပေါ်လာပြန်သည်။

"ဪ၊ ရဲဘော်ဥက္ကာမိပါလား။ ဘာကိစ္စများ ရှိလို့လဲ မသိဘူး"

"ကျွန်မ ရှင့်ကို မေးမြန်းချင်တာလေး ရှိလို့ပါ။ အခုချိန် အဆင်ပြေမလား မသိဘူး"

တိတ်ဆိတ်မှုက လွှမ်းမိုးသွားပြန်သည်။ တံခါးတစ်ဖက်မှ အင်တာကွန်းအနီးတွင် ရပ်လျက် တွေးဆနေသော အာယနဲ၏ ပုံရိပ်သဏ္ဍာန်သည် ဥက္ကာမိ၏ အတွေးအာရုံထဲတွင် ထင်ပေါ်လာသည်။

"ဟုတ်ကဲ့။ ကျွန်မ အခုပဲ တံခါးဖွင့်ပေးပါ့မယ်"

ဥက္ကျုမိသည် ခေါင်းငုံ့လျက် ကုစာနာဂိကို လှမ်းကြည့်လိုက်သည်။ ကုစာနာဂိက သူ့ကို အသာအယာ ခေါင်းဆတ်ပြသည်။

သော့ဖွင့်သံများ ထွက်ပေါ်လာပြီးနောက် တံခါးပွင့်လာသည်။ အာယနဲသည် ကုစာနာဂိကို မြင်လိုက်ရသည့်အခါတွင် အတော်အတန် အံ့အားသင့်သွားဟန် တူသည်။ တံခါးရှေ့တွင် ဥက္ကျုမိ တစ်ယောက်တည်းသာ ရှိနေသည်ဟု သူ ယူဆထား၍လား မဆိုနိုင်။

ကုစာနာဂိသည် ခေါင်းကို ငုံ့လျက် အာယနဲကို တောင်းပန်စကား ဆိုသည်။

"တောင်းပန်ပါတယ်ဗျာ။ ရုတ်တရက်ကြီး အနှောင့်အယှက် လာပေးသလို ဖြစ်နေပြီ"

"ဆရာကုစာနာဂိလည်း အတူပါလာတာပဲ" အာယနဲ၏ မျက်နှာပေါ်တွင် အပြုံးတစ်ပွင့် ထွက်ပေါ်လာသည်။

"အထဲကို ကြွကြပါရှင်"

"မဝင်တော့ပါဘူး။ တကယ်တော့ ..." ကုစာနာဂိက ပြောသည်။

"ခင်ဗျားကို ကျွန်တော်တို့နဲ့အတူ မဲဂူရိုကို လိုက်ခဲ့ဖို့ ခေါ်မလို့ပါ"

အပြုံးပန်းများသည် အာယနဲ၏ မျက်နှာပေါ်မှ လုံးဝ ပျောက်ကွယ်သွားသည်။

"ရဲစခန်းကို လိုက်ရမှာလား"

"ဟုတ်ပါတယ်။ ကျွန်တော်တို့နဲ့ မဲဂူရိုရဲစခန်းကို လိုက်ခဲ့ပြီး အဲဒီမှာ အေးအေးဆေးဆေး စကားပြောကြမလားလို့။ ကျွန်တော်တို့ ပြောမယ့်ကိစ္စကလည်း နည်းနည်း အကဲဆတ်နေတာကြောင့်ပါ"

အာယနဲသည် မျက်တောင်မခတ်ဘဲ ကုစာနာဂိကို စိုက်ကြည့်နေသည်။ ဥက္ကျုမိလည်း ရောယောင်လိုက်ကာ သူ့ဆရာ၏ မျက်နှာကို ငေးကြည့်နေမိလေသည်။

ကုစာနာဂိ၏ မျက်ဝန်းများထဲတွင် ဝမ်းနည်းကြေကွဲမှု၏ အရိပ်အယောင်များနှင့် ပြည့်နှက်နေသည်။ ပူဆွေးနောင်တပင် ပါကောင်း ပါပေလိမ့်မည်။ သူသည် မည်မျှ အားတင်း၍ ဤနေရာသို့ အရောက်လာခဲ့ရသည်ကို ယခုအခါ အာယနဲပင် ရိပ်စားမိနေလောက်ပြီ။

"ဟုတ်လား" အာယနဲ၏ မျက်ဝန်းများသည် ပြန်လည်၍ နွေးထွေးနူးညံ့လာသည်။

"အဲဒီလိုဆိုရင်တော့လည်း ကျွန်မ ဆရာမတို့နှစ်ယောက်နဲ့ လိုက်ခဲ့ရမှာပေါ့။ ဒါပေမယ့် ကျွန်မကို ပြင်ဆင်ချိန် နည်းနည်းလောက်တော့ ပေးပါဦးလား။ ဧည့်ခန်းထဲမှာ ခဏလောက် ထိုင်ပြီး စောင့်ပေးလို့ ရတယ်မလား။ ဧည့်သည်ကို အပြင်မှာ မိုးတိုးမတ်တတ်နဲ့ ရပ်စောင့်ခိုင်းရရင် ကျွန်မ ဘယ်လိုမှ စိတ်ကောင်းနိုင်မှာ မဟုတ်ဘူး"

"ဟုတ်ကဲ့ပါ။ ကျွန်တော်တို့ အထဲမှာ ထိုင်စောင့်ပါ့မယ်" ကုစာနာဂိက ပြောသည်။

အာယနဲသည် "အထဲကို ကြွပါ" ဟု ဆိုပြီး တံခါးကို ခပ်ကျယ်ကျယ် ဖွင့်ပေးလိုက်သည်။

အခန်းထဲတွင် အရာအားလုံးမှာ သူ့နေရာနှင့်သူ သန့်ပြန့်ရှင်းလင်းနေသည်။ ကြည့်ရသည်မှာ မလိုအပ်သော ပရိဘောဂပစ္စည်းများနှင့် တခြားပစ္စည်းပစ္စယများကို အခန်းတွင်းမှ ရှင်းလင်းသုတ်သင်ပြီး ဖြစ်ပေမည်။ သို့သော် ဧည့်ခန်းအလယ်တွင် ချထားသည့် အလုပ်စားပွဲအဖြစ် ယခင်က အသုံးပြုခဲ့သော စားပွဲကြီးမှာ မူလနေရာတွင် ရှိမြဲ ရှိနေဆဲပင်။

"ဟိုစပ်ထည်ပန်းချီကားကို ခင်ဗျား အခုချိန်ထိ နံရံမှာ မချိတ်ရသေးဘူးပဲ" ကုစာနာဂိက ဧည့်ခန်းနံရံကို ကြည့်လျက် ပြောနေသည်။

"ချိတ်ဖို့ အချိန်မပေးနိုင်သေးဘူး ဖြစ်နေတာ" အာယနဲက ပြန်ဖြေသည်။

"ဟုတ်လား။ အဲဒီနေရာမှာ ချိတ်ထားရင် အတော်ကို ပနံရမှာပဲ။ ပန်းချီကားက တော်တော်ကို လှတာ။ ပုံနှိပ်စာအုပ်ထဲမှာတောင် ထည့်သုံးလို့ ရနိုင်တယ်"

အာယနဲသည် အပြုံးမပျက်ဘဲ ကုစာနာဂိကို ကြည့်လျက် ပြောသည်။

"ကျေးဇူးတင်ပါတယ်ရှင်"

ကုစာနာဂိ၏ အကြည့်သည် ဝရန်တာဘက်သို့ ရောက်ရှိသွားသည်။

"ဩော် ... ပန်းအိုးတွေကိုတောင် ဒီဘက်ကို ရွှေ့လာပြီးပြီပဲ"

ဥကျူမိလည်း ဝရန်တာဘက်သို့ လှမ်းကြည့်လိုက်မိသည်။ မှန်တံခါး၏ အပြင်ဘက်တွင် ပန်းရောင်စုံများ ဖူးပွင့်နေသည့် ပန်းအိုးအမြောက်အမြားကို တွေ့မြင်နေရသည်။

"ဟုတ်တယ်။ တချို့တလေကိုတော့ ရွှေ့ပြီးသွားပြီ" အာယနဲက ပြောသည်။

"အိမ်ပြောင်းကုမ္ပဏီကလူတွေ ရွှေ့လာပေးတာ"

"ဩော် ... ကြည့်ရတာ ခုနလေးတင်ကမှ ရေလောင်းထားပြီးတာ ထင်တယ်"

ကုစာနာဂိသည် အောက်ဘက်သို့ ငုံ့ကြည့်လိုက်သည်။ မှန်တံခါး၏ အခြေတွင် ရေပန်းခရာအိုးကြီးကို တွေ့မြင်နေရသည်။

"ဟုတ်တယ်။ အဲဒီခရားအိုးကြီးက သုံးရတာ အတော်ကို အဆင်ပြေတာပဲ။ ကျေးဇူးပါပဲရှင်"

"ရပါတယ်ဗျာ။ အသုံးတည့်တာ ကြားရရင်ကိုပဲ ဝမ်းသာလှပါပြီ" ကုစာနာဂိသည် အာယနဲကို လှည့်ကြည့်ပြီး

"ကျွန်တော်တို့ကို ဧည့်ခံနေစရာ မလိုပါဘူး။ လုပ်စရာရှိတာ သွားလုပ်လိုက်ပါ"

အာယနဲသည် ခေါင်းညိတ်ပြပြီး "ဟုတ်ကဲ့" ဟု ဆိုကာ လှည့်၍ ဧည့်ခန်းထဲမှ ထွက်ခွာသွားသည်။ သို့သော် ဧည့်ခန်းတံခါးကို ဖွင့်ရန် လက်ဆန့်တန်းလိုက်စဉ်မှာပင် နောက်သို့ ပြန်လှည့်ကာ စကားဆိုလိုက်သည်။

"ရှင်တို့ ဘာတွေများ အသစ်တွေ့ထားပြီလဲ"

"ဗျာ …"

"အမှုအကြောင်းကို မေးတာပါ။ သဲလွန်စအသစ် ဒါမှမဟုတ် တခြားထူးခြားတာတွေများ တွေ့ထားပြီလားလို့။ ရှင်တို့နှစ်ယောက်က တွေ့ရှိချက်အသစ်တွေ ရထားလို့ ကျွန်မကို ရဲစခန်းခေါ်နေတာ မဟုတ်ဘူးလား"

ကုစာနာဂိက ဥက္ကျူမိကို တစ်ချက် ဝေ့ကြည့်လိုက်သည်။ ထို့နောက် အာယနဲကို စိုက်ကြည့်ပြီး

"အဲဒီလိုပဲ ဆိုပါတော့ဗျာ"

"ဘာတွေများ တွေ့ထားပြီးပြီလဲ။ ကျွန်မကို ပြောပြလို့ ရမလား။ ဒါမှမဟုတ် ရဲစခန်းရောက်မှပဲ ကျွန်မကို ပြောပြဖို့ စိတ်ကူးထားတာလား"

အာယနဲ၏ အသံမှာ ဝမ်းသာစရာ သတင်းစကားကို ပြောကြားနေသကဲ့သို့ ပေါ့ပါးလွတ်လပ်နေသည်။

ကုစာနာဂိသည် မျက်လွှာကိုချလျက် စက္ကန့်အနည်းငယ်မျှ တိတ်ဆိတ်နေပြီးနောက် နောက်တစ်ကြိမ် စကားဆိုလိုက်သည်။

"လူသတ်တရားခံက အဆိပ်ကို ဘယ်နေရာမှာ ခတ်ခဲ့သလဲ ဆိုတာ ကျွန်တော်တို့ စုံစမ်းလို့ ရသွားပါပြီ။ ရှုထောင့်ပေါင်းစုံကနေ သိပ္ပံနည်းကျကျ စစ်ဆေးအတည်ပြုပြီးသွားပြီ ဆိုတော့ကာ ရေသန့်စက်ရဲ့ အတွင်းပိုင်းမှာ အဆိပ်ခတ်ခဲ့တယ် ဆိုတဲ့အချက်က မှားနိုင်စရာ မရှိတော့ပါဘူး"

ဥက္ကျူမိသည် အာယနဲ၏ မျက်နှာကို စေ့စေ့စပ်စပ် စိုက်ကြည့်နေသည်။ သူ၏ မျက်နှာပေါ်တွင် စိုးရွံ့ထိတ်လန့်သွားသော ဟန်ပန်အမူအရာသည် စဉ်းငယ်မျှ ဖြတ်သန်းလှုပ်ခတ်သွားခြင်း မရှိပေ။ ကန်ရေပြင်တမျှ တည်ငြိမ်အေးဆေးသော အကြည့်ဖြင့် ကုစာနာဂိကို ယခင်ကအတိုင်း ငေးမြဲ ငေးစိုက်ကြည့်နေသည်။

"အဲဒီလိုလား။ ဒါဆို ရေသန့်စက်ထဲမှာ အဆိပ်ခတ်ခဲ့တာပေါ့" သူ၏ အသံက အေးစက်နေသည်။ တည်ငြိမ်နေသည်။ တွန့်ဆုတ်ခြင်း၊ စိုးရွံ့ခြင်း စသည့် လက္ခဏာများကို တစိုးတစိမျှ မတွေ့ရပေ။

"အခိကပြဿနာက ဘာလဲဆိုတော့ ရေသန့်စက်ထဲကို ဘယ်လိုလုပ်ပြီး အဆိပ်ခတ်ခဲ့တာလဲ ဆိုတဲ့ အချက်ပဲ။ အမှုသွားအမှုလာအရ ကြည့်မယ်ဆိုရင်တော့ လုပ်နိုင်တဲ့ နည်းလမ်းက တစ်ခုပဲ ရှိတယ်။ အဲဒါကြောင့်လည်း သံသယစာရင်းက ကျုံ့သထက် ကျုံ့သွားတယ်။ ဘယ်လောက်တောင် ကျုံ့သွားသလဲ ဆိုတော့ အဲဒီသံသယစာရင်းထဲမှာ လူတစ်ယောက်ပဲ ကျန်တော့တဲ့ အထိပဲ"

ကုစာနာဂိသည် အာယနဲ၏ မျက်လုံးများကို တည့်တည့်စိုက်ကြည့်ပြီး ပြောနေသည်။

"ဒါကြောင့် ကျွန်တော်တို့က ခင်ဗျားကို ကျွန်တော်တို့နဲ့အတူ လိုက်ခဲ့ဖို့ လာခေါ်တာပါ"

အာယနဲ၏ ပါးပြင်တွင် သွေးရောင်များ ဖျတ်ကနဲ ယုက်သန်းသွားသည်။ သို့သော် သူ၏ နှုတ်ခမ်းမှာ အပြုံးဖြင့် ကွေးညွတ်မြဲ ကွေးညွတ်နေဆဲ။

"တရားခံက ရေသန့်စက်ထဲမှာ အဆိပ်ခတ်ခဲ့ပါတယ် ဆိုတာကို သက်သေပြနိုင်တဲ့ အထောက်အထား ရှင်တို့ဆီမှာ ရှိနေပြီလား"

"အနုစိတ် လေ့လာစမ်းသပ်လိုက်တဲ့အခါမှာ ကျွန်တော်တို့ အာဆန်နစ်အက်ဆစ်ကို ရှာတွေ့ခဲ့တယ်။ တစ်ခုတော့ ရှိတာပေါ့။ အဲဒီအချက် တစ်ချက်တည်းနဲ့တော့ သက်သေအဖြစ် ဘယ်လိုမှ အမှုကို တည်ဆောက်လို့ မရဘူး။ တရားခံကလည်း အဆိပ်ကို လွန်ခဲ့တဲ့ တစ်နှစ်လောက်ကတည်းက ခတ်ခဲ့တာ ဆိုတော့ ကျွန်တော်တို့ အခု သက်သေပြဖို့ လိုအပ်နေတာက အဲဒီအဆိပ်ဟာ အခင်းဖြစ်တဲ့နေ့မှာ လူကို သေစေနိုင်လောက်အောင် အစွမ်းသတ္တိ ရှိနေသေးသလား ဆိုတဲ့ အချက်ပဲ။ တစ်နည်းပြောရရင် ပြီးခဲ့တဲ့ တစ်နှစ်အတွင်းမှာ အဲဒီရေသန့်စက်ကို တစ်ခါကလေးမှ မသုံးဖူးခဲ့ရုံတင် မကဘူး။ စက်ထဲမှာ ခတ်ထားတဲ့ အဆိပ်တွေကလည်း အခင်းမဖြစ်ခင်အထိ အပြင်ကို တစ်ခါမှ ရေနဲ့မျောမပါခဲ့ဖူးဘူး ဆိုတာကို သက်သေပြနိုင်ဖို့ လိုအပ်လာတယ်"

"ဒါဆို ရှင်တို့က အဲဒါကို သက်သေပြနိုင်ပြီလား"

"ခင်ဗျားကိုကြည့်ရတာ တစ်ချက်ကလေး အံ့သြသွားပုံ မရဘူး" ကုစာနာဂိက ပြောသည်။

"တရားခံဟာ လွန်ခဲ့တဲ့ တစ်နှစ်လောက်က အဆိပ်ကို ခတ်ခဲ့ပါတယ် ဆိုတဲ့

သုံးသပ်ချက်ကို ပထမဆုံးအကြိမ် စကြားရခါစက ကျွန်တော်ဖြင့် နားကြားများ လွဲသွားသလားလို့တောင် ကိုယ့်ကိုယ်ကိုယ် သံသယ ဖြစ်ခဲ့မိသေးတယ်”

“ရှင်က ဒီနေ့တစ်နေ့လုံး ကျွန်မ မထင်မှတ်ထားတာတွေချည်းပဲ ပြောနေခဲ့တာဆိုတော့ ကျွန်မရဲ့ ခန္ဓာကိုယ်က အလျင်မီအောင် မတုံ့ပြန်နိုင်တော့တာ ဖြစ်လိမ့်မယ်”

“ဟုတ်လား” ကုစာနာဂိသည် ဥကျူမိကို မျက်စပစ်ပြလိုက်သည်။ ဥကျူမိသည် သယ်ဆောင်လာသော အိတ်ထဲမှ ပလတ်စတစ်အိတ်တစ်လုံးကို ဆွဲထုတ်လိုက်သည်။

ထိုအခိုက်အတန့်တွင်မှ အာယနဲ၏ နှုတ်ခမ်းပေါ်တွင် အပြုံးများ လုံးဝ ပျောက်ကွယ်သွားတော့သည်။ ပလတ်စတစ်အိတ်ထဲတွင် မည်သည့်အရာကို ထည့်သွင်းသိမ်းဆည်းထားကြောင်း သူ ရိပ်စားမိသွားဟန် တူသည်။

“ဒီအထဲမှာ ဘာထည့်ထားသလဲ ဆိုတာကို ခင်ဗျား သိနေလောက်ပြီ ထင်တယ်” ကုစာနာဂိက ပြောသည်။

“ဒါက အရင် ခင်ဗျား ရေလောင်းတဲ့အခါမှာ သုံးတဲ့ သံဖူးခွံလေ။ အောက်ခြေမှာ အပေါက်ကလေးတွေ ဖောက်ထားသေးတယ်”

“အဲဒီဟာကို ရှင် လွှင့်ပစ်လိုက်ပြီ မဟုတ်ဘူးလား”

“တကယ်တော့ ကျွန်တော်က အဲဒါကို သိမ်းထားခဲ့တာ။ တစ်ခါမှတောင် ရေမဆေးရသေးဘူး”

ကုစာနာဂိက ပြုံးလိုက်သည်။ ထို့နောက် အပြုံးများ ရုတ်ခြည်း ပျောက်ကွယ်သွားပြန်သည်။

“ခင်ဗျား ယုကာဝါကို မှတ်မိသေးတယ် မဟုတ်လား။ ကျွန်တော်ရဲ့ သူငယ်ချင်း၊ ရူပဗေဒပညာရှင် ဆိုတာလေ။ ကျွန်တော်က အဲဒီသံဖူးခွံကို သူ ရှိတဲ့ တက္ကသိုလ်ကို ယူသွားပြီး အဲဒီမှာ ဓာတ်ခွဲလေ့လာကြည့်ခဲ့တယ်။ ရလဒ်ကတော့ ခွက်မျက်နှာပြင်ပေါ်မှာ အာဆန်နစ်တွေကို တွေ့ခဲ့ရတာပဲ။ နောက်တော့ ကျွန်တော်တို့ နောက်တစ်ဆင့်တက်ပြီး ဓာတ်ပါဝင်နှုန်းကို လေ့လာခဲ့ကြတယ်။ ခင်ဗျားတို့အိမ်မှာ ရှိတဲ့ ရေသန့်စက်ထဲက ထွက်ခဲ့တဲ့ ရေတွေထဲမှာ အာဆန်နစ်တွေ

ပါနေတယ် ဆိုတာကိုလည်း ကျွန်တော်တို့ တွေ့ရှိထားပြီ။ ခင်ဗျား ဒီသံဗူးခွံကို နောက်ဆုံးတစ်ကြိမ် သုံးခဲ့တုန်းက အခြေအနေတွေ အားလုံးကို ကျွန်တော် အခုထိ မှတ်မိနေတုန်းပဲ။ အဲဒီတုန်းက ခင်ဗျား ဒီဗူးခွံနဲ့ အပေါ်ထပ် လသာဆောင်ပေါ်က ပန်းပင်တွေကို ရေလောင်းခဲ့တာ မဟုတ်လား။ ခဏနေတော့ ဝါကာယာမာ ဟိရောမိ ရောက်လာတာပဲ။ အဲဒီနောက်တော့ ခင်ဗျား ရေ ဆက်မလောင်းတော့ဘူး။ နောက်ပိုင်းမှာကျတော့ ကျွန်တော်က ဟိုရေပန်းခရားအိုးကြီး ဝယ်လာခဲ့တာဆိုတော့ အဲဒီအချိန်က စပြီး ဒီသံဗူးခွံကို နောက်တစ်ကြိမ် ထပ်မသုံးဖြစ်တော့ဘူး။ ပြီးတော့ ကျွန်တော်က အဲဒီသံဗူးခွံကို ကျွန်တော့်စာရေးစားပွဲရဲ့ အံဆွဲထဲမှာ ထည့်သိမ်းထားခဲ့တယ်”

အာယနဲက မျက်လုံးပြူးလျက်

“ဘာဖြစ်လို့ အံဆွဲထဲမှာ သိမ်းထားခဲ့တာလဲ”

သို့သော် ကုစာနာဂိသည် သူ၏ မေးခွန်းကို ဖြေကြားခဲ့ခြင်း မရှိပေ။ ရင်ထဲမှ ခံစားချက်များကို ကြိုးစား၍ မျိုသိပ်ထားရသည့် လေသံမျိုးဖြင့် စကားဆိုသည်။

“အထက်မှာ ပြောပြခဲ့တဲ့ အကြောင်းအချက်တွေကို လေ့လာကြည့်မယ်ဆိုရင် ကျွန်တော်တို့ ဘယ်လို သုံးသပ်လို့ ရလာသလဲဆိုတော့ ရေသန့်စက်ထဲမှာ အာဆန်နစ်တွေ အမှန်တကယ်ကို ထည့်ထားခဲ့ဖူးတယ်။ အခင်းဖြစ်တဲ့နေ့မှာ ရေသန့်စက်ထဲက ထွက်လာတဲ့ ရေတွေထဲမှာလည်း လူကို သေစေနိုင်လောက်တဲ့ အာဆန်နစ်တွေ ပျော်ဝင်နေတယ်။ အဲဒါအပြင် တခြားသော သက်သေအထောက်အထားတွေအရ အဲဒီအဆိပ်တွေကို လွှန်ခဲ့တဲ့ တစ်နှစ်လောက်ကတည်းက ရေသန့်စက်ထဲမှာ ထည့်ထားခဲ့တယ်။ အဲဒီလို လုပ်နိုင်ဖို့ဆိုတာ ... နောက်ပြီး အဲဒီတစ်နှစ်အတွင်းမှာ ရေသန့်စက်ထဲက ရေကို ဘယ်သူမှ မသောက်မိအောင် စောင့်ရှောက်ထားနိုင်ဖို့ဆိုတာ လူတစ်ယောက်တည်းကလွဲလို့ ဘယ်သူမှ မတတ်နိုင်ဘူး”

ဥကျူမိသည် ခေါင်းတဆတ်ဆတ်ညိတ်လျက် အာယနဲ၏ အမူအရာကို အကဲခတ်နေသည်။ ထိုအခိုက်အတန့်တွင် ချောမောလှပသော သံသယတရားခံသည် မျက်လွှာအစုံကို ချလျက် နှုတ်ခမ်းနှစ်လွှာကို တင်းတင်းစေ့ကာ ပြုံးယောင်ယောင် မျက်နှာထားဖြင့် တုဏှိဘာဝေ နှုတ်ဆိတ်မြဲ နှုတ်ဆိတ်နေသည်။ သို့သော် သူ၏ ခန္ဓာကိုယ်အနှံ့တွင် ဖြန့်ကျက်နေခဲ့ဖူးသော ခန့်ညားတင့်တယ်သည့် ကိုယ်ဟန်အမူအရာတို့သည် အနောက်ဂေါယာကျွန်းသို့ လျှိုးဝင်ပျောက်ကွယ်သွားတော့မည့် နေမင်းကြီးကဲ့သို့ ဆည်းဆာမြူခိုးထု၏ တအိအိ

ဝါးမျိုမှုကို ခံနေရရှာလေသည်။

"အခြေအနေ အတိအကျကိုတော့ ရဲစခန်းရောက်မှ ပြောကြတာပေါ့ဗျာ"

ကုစာနာဂိသည် စကားကို ဤမျှနှင့် ရပ်တန့်ထားရန် ဆုံးဖြတ်ထားသည်။

အာယနဲသည် ခေါင်းမော့ကြည့်ကာ ပင့်သက်ကို အားပါးတရ မှုတ်ထုတ်လိုက်သည်။ ထို့နောက် ကုစာနာဂိကို တည့်တည့် စိုက်ကြည့်လျက် ခေါင်းညိတ်ပြသည်။

"ကျွန်မ သဘောပေါက်ပါပြီ။ ကျေးဇူးပြုပြီး ကျွန်မကို ခဏလောက် စောင့်ပေးနိုင်မလား"

"ရပါတယ်။ သိမ်းစရာရှိတာကို အေးအေးဆေးဆေး သိမ်းနိုင်ပါတယ်"

"သိမ်းဆည်းရုံတင် မကပါဘူး။ ကျွန်မရဲ့ ပန်းပင်လေးတွေကိုလည်း ရေလောင်းပေးလိုက်ချင်တယ်။ စောစောက ရေလောင်းနေတာ တစ်ဝက်ပဲ ရှိသေးတယ်"

"လုပ်စရာ ရှိတာ လုပ်ပါ။ ကျွန်တော်တို့ကို အားမနာပါနဲ့"

အာယနဲသည် "ဆောရီးပါရှင်" ဟု ပြောပြီး ဝရန်တာ၏ မှန်တံခါးကို တွန်းဖွင့်လိုက်သည်။ သူသည် လက်နှစ်ဖက်ဖြင့် ရေပန်းခရားအိုးကြီးကို ကိုင်မြှောက်လျက် ပန်းပင်များကို ဖြည်းဖြည်းချင်း ရေလောင်းပေးနေလေသည်။

(၃၂)

'အဲဒီနေ့က ငါလည်း အခုလို ရေလောင်းနေခဲ့တာပဲ'

အာယနဲသည် လွန်ခဲ့သော တစ်နှစ်ကျော်ခန့်က အဖြစ်အပျက်ကို ပြန်လည်မြင်ယောင်ကြည့်နေသည်။ ယိုရှီတာကာသည် ထိုနေ့က သူ့အား စာနာမှုကင်းမဲ့သော အမှန်တရားကို အသိပေးကြေညာခဲ့သည်။ ထိုစဉ်က ကော်ပန်းအိုးထဲမှ ပေါင်ဒါပန်းများကို ငေးကြည့်ရင်း သူ ပြောသမျှ နားထောင်နေခဲ့သည်။ ၎င်းမှာ သူ၏ အချစ်ဆုံး သူငယ်ချင်းဖြစ်သော ကျုကူအိ ဂျွန်ကို၏ အသည်းစွဲပန်းပင် ဖြစ်သည်။ ဂျွန်ကို ရွေးချယ် အသုံးပြုခဲ့သော ကလောင်အမည် ဖြစ်သည့် 'ခရမ်းလိပ်ပြာ' သည် ပေါင်ဒါပန်းကို ချစ်စနိုးခေါ်ဝေါ်ကြသော အမည်ခွဲဖြစ်သည်။

သူနှင့် ဂျွန်ကိုသည် လန်ဒန်ရှိ စာအုပ်ဆိုင်တစ်ဆိုင်တွင် ခင်မင်ခဲ့ကြသည်။ ထိုစဉ်က အာယနဲသည် စပ်ထည်ဒီဇိုင်းပိုင်းနှင့် ဆိုင်သော စာအုပ်စာတမ်းများကို ရှာဖွေနေသည်။ သူသည် စာအုပ်စင်ပေါ်ရှိ ဓာတ်ပုံကတ်တလောက်ကို လှမ်းယူရန် လက်ဆန့်ထုတ်လိုက်စဉ်မှာပင် သူ့နံဘေးရှိ အမျိုးသမီးတစ်ဦးကလည်း ထိုစာအုပ်ကို ယူရန် လက်ဆန့်တန်းလိုက်သည်။ ထိုအမျိုးသမီးသည်လည်း ဂျပန်လူမျိုးဖြစ်ပြီး အာယနဲထက် အနည်းငယ် အသက်ကြီးသယောင် မှတ်ထင်ရသည်။

သူနှင့် ဂျွန်ကိုတို့သည် တစ်ခဏချင်း ရင်းနှီးသွားကြကာ အမိမြေသို့ ပြန်ရောက်သည့်အခါတွင် နောက်တစ်ကြိမ် ချိန်းတွေ့ရန် ကတိပြုခဲ့ကြသည်။ တိုကျိုသို့ အာယနဲ ပြန်ရောက်ပြီး များမကြာခင်မှာပင် ဂျွန်ကိုသည်လည်း တိုကျိုသို့ ပြန်ရောက်လာခဲ့သည်။

သူတို့နှစ်ဦး ကိုယ်စီ အလုပ်များ ရှိကြသောကြောင့် အချိန်မှန် မတွေ့ဖြစ်ကြသော်လည်း အာယနဲအတွက်မူ ဂျွန်ကိုသည် စိတ်ရင်းအတိုင်း ပေါင်းနိုင်သင်းနိုင်သည့် သူ၏ သူငယ်ချင်းကောင်းတစ်ယောက် ဖြစ်သည်။ ထို့အပြင် ဂျွန်ကိုသည်လည်း သူ့ကို ထိုကဲ့သို့ မှတ်ယူထားမည်ဟု သူက အပြည့်အဝ ယုံကြည်ထားသည်။ အဘယ်ကြောင့်ဆိုသော် ဂျွန်ကိုသည် အာယနဲထက်ပင် လူအများနှင့် ပေါင်းသင်းဆက်ဆံရာ၌ ညံ့ဖျင်းသည်ဟု ဆိုရပေမည်။

တစ်နေ့တွင် ဂျွန်ကိုက သူ့ကို လူတစ်ယောက်နှင့် မိတ်ဆက်ပေးမည်ဟု ရုတ်တရက် စကားဆိုလာသည်။ ထိုသူသည် ဂျွန်ကို ဆွဲထားသော ကာတွန်းရုပ်ကို အွန်လိုင်းကာတွန်းရုပ်ရှင်အဖြစ် အသွင်ပြောင်းပေးမည့် ကုမ္ပဏီတစ်ခု၏ ဥက္ကဋ္ဌဖြစ်သည်ဟု နောင်မှ သိလာရသည်။

"သူနဲ့ငါ ကာတွန်းရုပ်ရဲ့ အခြံအရံ ပစ္စည်းတွေကို တိုင်ပင်ကြရင်း ကျွမ်းကျင်တဲ့ စပ်ထည်ဒီဇိုင်နာတစ်ယောက်ကို ငါ သိထားတာ ရှိတယ်လို့ သူ့ကို ပြောလိုက်မိတယ်။ ဒီတော့ သူက နင်နဲ့ မိတ်ဆက်ပေးဖို့ ပြောလာပါရော။ နင် အလုပ်ရှုပ်တယ်ဆိုတာ ငါ သိပါတယ်ဟာ။ ဒါပေမယ့် ဒီတစ်ခါတော့ ငါ့ကို ကူညီပါဦး။ ရတယ်မဟုတ်လား"

ဂျွန်ကိုသည် တယ်လီဖုန်းထဲတွင် အားတောင့်အားနာဖြင့် သူ့ကို အကူအညီ တောင်းနေခဲ့သည်။ အာယနဲက သူ့ကို ချက်ချင်း သဘောတူလိုက်သည်။ သူ့တွင် ငြင်းဆန်ရန်လည်း အကြောင်း မရှိပေ။

ဤသို့ဖြင့် အာယနဲသည် မာရှိဘ ယိုရှီတာကာနှင့် တွေ့ဆုံခဲ့သည်။ ယိုရှီတာကာသည် ညို့ဓာတ်အပြည့်ရှိသော ယောကျ်ားတစ်ယောက် ဖြစ်သည်။ သူသည် သူ၏ အတွေးအမြင်များကို ထုတ်ဖော် ပြောကြားနေသည့်အချိန်တွင် သူ၏ မျက်နှာအမူအရာမှာ နှစ်လိုအားရဖွယ် ကောင်းသည်။ သူ၏ မျက်ဝန်းများသည်လည်း ယုံကြည်မှုဖြင့် တဖိတ်ဖိတ် တောက်ပနေကြသည်။ သူသည် တခြားသူများကို စကားပြောလာအောင် ဆွဲဆောင်နိုင်စွမ်း ရှိသည်။ သူနှင့် မိနစ်ပိုင်းမျှ စကားပြောရစေခါမူ မိမိကိုယ်မိမိ နှုတ်စလျှာစ ကောင်းသူအဖြစ် အထင်ရောက်သွားပေလိမ့်မည်။

သူနှင့် တွေ့ဆုံပြီးသည့်အခါတွင် အာယနဲသည် "ဒီလူက မဆိုးဘူးပဲ" ဟုပင် မနေနိုင် မထိုင်နိုင် ချီးကျူးမိလိုက်သည်။ သူ၏ စကားကို ကြားရသည်တွင် ဂျွန်ကိုသည် ကျေနပ်ပျော်ရွှင်သော မျက်နှာထားဖြင့် "ငါ မပြောဘူးလား" ဟု ပြန်ဖြေလေသည်။ ဂျွန်ကို၏ ဟန်ပန်အမူအရာကို မြင်လိုက်ရသည်နှင့် ယိုရှီတာကာအပေါ် ထားသည့် သူ၏ သဘောထားကို အာယနဲသည် ချက်ချင်း သဘောပေါက် နားလည်သွားသည်။

အာယနဲသည် ယခုအချိန်ထိ နောင်တရနေဆဲပင် ရှိသေးသည်။ သူသည် ထိုစဉ်က အဘယ်ကြောင့် ဂျွန်ကိုအား ပွင့်ပွင့်လင်းလင်း မမေးခဲ့မိသနည်း။ သူ့အား "နင်တို့ တွဲနေကြတာလား" ဟု ပွင့်ပွင့်လင်းလင်း မေးခဲ့ဖို့ ကောင်းသည်။ ထိုကဲ့သို့ မမေးခဲ့သောကြောင့်ပင် သူကလည်း ရေငုံနှုတ်ပိတ် နေနေခဲ့သည်။

ကာတွန်းဇာတ်ကောင်တစ်ခုတွင် စပ်ထည်ဒီဇိုင်းကို တွဲဖက်အသုံးပြုရန် ဟူသော အိုင်ဒီယာကို နောက်ဆုံးတွင် ပယ်ချပစ်လိုက်ကြသည်။ ထို့အတွက် ယိုရှီတာကာသည် သူ့ထံသို့ တကူးတက ဖုန်းဆက်လာခဲ့သည်။ သူ၏ အချိန်များကို အလဟဿ ဖြုန်းတီးခဲ့မိသည့်အတွက် အနူးအညွတ် တောင်းပန်ကြောင်း စကားဆိုလာသည့်အပြင် တစ်နေ့နေ့တွင် သူ့ကို ညစာဖြင့် တည်းခင်းဧည့်ခံမည် ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

မူလက အာယနဲသည် ထိုစကားကို ဝတ်ကျေတမ်းကျေ ပြောသည့် စကားအဖြစ်သာ ယူဆခဲ့သည်။ သို့သော် များမကြာခင်တွင် ယိုရှီတာကာသည် သူ့ထံသို့ ဖုန်းဆက်ကာ သူ့ကို ချိန်းဆိုလေတော့သည်။ ယိုရှီတာကာ၏ နှုတ်ထွက်စကားများအရဆိုလျှင် သူသည် ဂျွန်ကိုကိုပင် အသိပေး ဖိတ်ကြားထားပုံ မရပေ။ ထို့ကြောင့် သူတို့နှစ်ယောက်သည် အတွဲမဟုတ်နိုင်ကြောင်း အာယနဲက တစ်ဖက်သတ် မှတ်ယူလိုက်မိသည်။

သူသည် ညစာကို ယိုရှီတာကာနှင့်အတူ ကြည်နူးပျော်ရွှင်စွာ စားသောက်ခဲ့သည်။ ထိုစဉ်က နှစ်ယောက်တစ်ကမ္ဘာ နေထိုင်ခဲ့ရသော အချိန်ကာလကလေးသည် သူ့ဘဝတွင် တစ်ခါမျှ မရရှိခဲ့ဖူးသော ရင်ဖိုလှိုက်မောမှုများကို ဆောင်ကြဉ်းပေးခဲ့သည်။

အာယနဲသည် အချစ်နွံတွင် တစ်နေ့တခြား နစ်မြုပ်သည်ထက် နစ်မြုပ်လာခဲ့သည်။ တစ်ချိန်တည်းမှာပင် သူနှင့် ဂျွန်ကိုတို့၏ သူငယ်ချင်းသံယောဇဉ်သည်လည်း ပါးလျားသည်ထက် ပါးလျားလာသည်။ ဂျွန်ကိုသည်လည်း ယိုရှီတာကာအပေါ်တွင် အရူးအမူး ဖြစ်နေကြောင်း သူ သိနေသည်။ ထိုအချက်ကြောင့်ပင် သူ့အနေဖြင့် ဂျွန်ကိုကို ဆက်သွယ်ရန် လက်တွန့်နေမိတော့သည်။

လအနည်းငယ် ကြာပြီးနောက် ဂျွန်ကိုနှင့် ပြန်တွေ့ရသည့်အခါတွင် ၎င်းမြင်ကွင်းက အာယနဲကို အံ့အား အသင့်ကြီး သင့်သွားစေခဲ့သည်။ ဂျွန်ကိုသည် ကြောက်စရာကောင်းလောက်အောင် ပိန်လှီနေသည်။ အသားအရေများလည်း ခြောက်ကပ်ကြမ်းထော်နေသည်။ ထိုမြင်ကွင်းကြောင့် ဂျွန်ကိုကို ကျန်းမာရေး မကောင်း၍ပေလောဟု စိုးရိမ်မိခဲ့သေးသည်။ သို့သော် သူက “နေကောင်းပါတယ်” ဟုသာ ပြန်ဖြေခဲ့သည်။

တစ်ဦးကိုတစ်ဦး ရေးဟောင်းနှောင်းဖြစ်များ ပြန်ပြောကြရင်းနှင့် ဂျွန်ကိုလည်း အနည်းငယ် လန်းဆန်းလာသည်။ ယင်းအခြေအနေကို

အခွင့်ကောင်းယူ၍ အာယနဲသည် သူနှင့် ယိုရှီတာကာတို့အကြောင်းကို ဂျွန်ကိုအား ဖွင့်ပြောပြလိုက်မည်ဟု ဆုံးဖြတ်လိုက်သည်။ သို့ရာတွင် ထင်မှတ်မထားလောက်အောင် ဂျွန်ကို၏ မျက်နှာမှာ အပျက်ကြီး ပျက်သွားလေတော့သည်။

သူက ဂျွန်ကိုကို "ဘာဖြစ်လို့လဲ" ဟု မေးလိုက်သည့်အခါ "ဘာမှ မဖြစ်ပါဘူး" ဟု ပြန်ဖြေပြီး ချက်ချင်း မတ်တတ်ထရပ်လိုက်သည်။ ထို့နောက် အရေးကြီးကိစ္စတစ်ခု လုပ်ရန် သတိရလာသောကြောင့် အိမ်ပြန်တော့မည်ဟု ဆိုလာသည်။

အာယနဲသည် နားမလည်နိုင်စွာဖြင့် ဂျွန်ကိုကို တက္ကစီကားထဲ ဝင်သွားသည့်အထိ လိုက်ပို့ပေးခဲ့သည်။ သူနှင့် တစ်သက်တာ နှုတ်ဆက်လမ်းခွဲရတော့မည်ဟု မည်သို့ သိနိုင်ပါအံ့နည်း။

ငါးရက်ကြာပြီးနောက်တွင် အာယနဲထံသို့ ပါဆယ်တစ်ထုပ် ရောက်ရှိလာသည်။ သေတ္တာသေးသေးလေးတစ်ခုထဲတွင် အဖြူမှုန့်များ ထည့်ထားသော အိတ်တစ်လုံး ပါရှိသည်။ ပလတ်စတစ်အိတ်ပေါ်တွင် 'စိန် (အဆိပ်)' ဟူသော စတစ်ကာတစ်ခု ကပ်ထားသည်။ ပေးပို့သူနေရာတွင် ဂျွန်ကို ဟု ရေးသားထားသည်။

သူ နားမလည်နိုင်အောင် ဖြစ်သွားရသည်။ သို့ဖြင့် သူ့ထံသို့ ဖုန်းဆက်ကြည့်လိုက်သည်။ သို့သော် ဂျွန်ကိုသည် ဖုန်းမကိုင်တော့။ စိတ်ထဲ မတင်မကျ ဖြစ်နေသောကြောင့် ဂျွန်ကိုနေသည့် တိုက်ခန်းသို့ သွားကြည့်လိုက်ပြန်သည်။ ထိုနေရာသို့ ရောက်သည့်အခါတွင် ဂျွန်ကို၏ အခန်းတွင်း၌ ပျားပန်းခတ်မျှ အလုပ်ရှုပ်နေကြသော ရဲအရာရှိများကိုသာ တွေ့မြင်ရလေသည်။ ဝိုင်းကြည့်နေသော လူတစ်ယောက်၏ ပြောပြချက်အရ ဤအခန်းတွင် ငှားနေသူသည် အဆိပ်သောက်၍ သတ်သေသွားပြီ ဖြစ်ကြောင်း သိလိုက်ရသည်။

အာယနဲမှာ အတော်ကြီး တုန်လှုပ်သွားခဲ့သည်။ ထို့နောက်တွင် သူ မည်သည့် နေရာသို့ ရောက်ရှိခဲ့ကြောင်း၊ မည်သို့ အိမ်ပြန်ရောက်သွားခဲ့ကြောင်း စသည်တို့ကိုပင် မမှတ်မိတော့ပေ။ သူ ပြန်လည် သတိဝင်လာသည့် အခါတွင်မူ သူ့တိုက်ခန်း၏ ခုတင်ပေါ်တွင် ရောက်ရှိနေလေပြီ။ သူ၏ အကြည့်တစ်စုံသည် ဂျွန်ကိုပို့ပေးလာခဲ့သော ပလတ်စတစ်အိတ်ပေါ်တွင် နောက်တစ်ကြိမ် တွယ်ငြိနေပြန်သည်။

'ဂျွန်ကိုက ဘာကြောင့် ဒီအမှုန့်တွေကို ငါ့ဆီ ပို့ပေးခဲ့တာလဲ။ သူ ဘာကို ဆိုလိုချင်တာပါလိမ့်။ သူ ငါ့ကို ဘာပြောပြချင်နေတာလဲ'

သူ ဤသို့ တွေးဆဆင်ခြင်နေစဉ်မှာပင် အကြောင်းအရာတစ်ခုကို ရုတ်တရက် သတိရလာမိသည်။ သူနှင့် ဂျွန်ကိုတို့ နောက်ဆုံးအကြိမ် တွေ့ဆုံကြစဉ်က ဂျွန်ကိုသည် ပန်းကန်ပြားဘေးတွင် ချထားသော သူ၏ လက်ကိုင်ဖုန်းကို တစ်ချိန်လုံး စိုက်ကြည့်နေခဲ့သည်။ အာယနဲသည် သူ၏ ဖုန်းကို ချက်ချင်း ကောက်ကိုင်ကြည့်လိုက်သည်။ သူ၏ ဖုန်းပေါ်တွင် ဖုန်းဆွဲကြိုးတစ်ခု ချိတ်ဆွဲထားသည်။ ယင်းအလှဆွဲကြိုးသည် ယိုရှီတာကာ၏ ဖုန်းပေါ်မှ ဆွဲကြိုးနှင့် တထေရာတည်း ဆင်တူနေသည်။

ဂျွန်ကိုသည် မိမိနှင့် ယိုရှီတာကာတို့၏ ဇာတ်လမ်းကို သိရှိသွားသောကြောင့် မိမိကိုယ်မိမိ သေကြောင်းကြံသွားခဲ့ခြင်းပေလော။

မကောင်းသော နိမိတ်လက္ခဏာများသည် အာယနဲ၏ ဦးနှောက်ထဲတွင် အစီအရီ ထွက်ပေါ်လာကြသည်။ အကယ်၍ ဂျွန်ကိုသည် ယိုရှီတာကာအပေါ်၌ တစ်ဖက်သတ် ချစ်ကြိုက်နေခဲ့ခြင်းသာ ဖြစ်ခဲ့မည်ဆိုလျှင် သူသည် ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ရလောက်အောင် ကြံစည်ခဲ့လိမ့်မည် မဟုတ်ပေ။ သို့ဆိုလျှင် သူနှင့် ယိုရှီတာကာတို့အကြား၌ မရှင်းမရှင်း ဖြစ်နေခဲ့မည်မှာ အမှန်ပင် ဖြစ်နေတော့သည်။

အာယနဲသည် ရဲစခန်းသို့ မသွားခဲ့သည့်အပြင် ဂျွန်ကို၏ ဈာပနအခမ်းအနားသို့လည်း သွားရောက်ခဲ့ခြင်း မရှိပေ။ မိမိသည် သူ့ကို သေတွင်းနှုတ်ခမ်းသို့ တွန်းပို့မိခဲ့ခြင်းပေလောဟု တွေးလိုက်မိသည့် အခါတိုင်း သူ စိုးထိတ်ကြောက်ရွံ့လာသည်။ အမှန်တရားများ ဖူးပေါ်သကဲ့သို့ ပေါ်လာမည်ကို ကြောက်ရွံ့နေမိသည်။

ထိုသို့သော အကြောင်းအရင်းကြောင့်ပင် ယိုရှီတာကာကို ပွင့်ပွင့်လင်းလင်း မေးမြန်းကြည့်ရန် ဝန်လေးနေခဲ့သည်။ တွန့်ဆုတ်နေခဲ့သည်။ ထို့အပြင် ဤသို့ မေးခွန်းထုတ်လိုက်လျှင် သူနှင့် ယိုရှီတာကာတို့၏ ဆက်ဆံရေးကို တစ်နည်းတစ်ဖုံ ထိခိုက်နစ်နာသွားမည်ကိုလည်း စိုးရိမ်နေခဲ့သည်။

တစ်နေ့တွင် ယိုရှီတာကာသည် သူ့အား အလွန်ထူးဆန်းသော အဆိုပြုချက်တစ်ခုကို တင်ပြလာသည်။ သူတို့နှစ်ဦးသည် အတွဲရှာသော ပါတီပွဲတစ်ပွဲသို့ သီးခြားစီ တက်ရောက်ကြမည် ဖြစ်ပြီး ၎င်းပွဲ၌ ပထမဆုံးအကြိမ် ဆုံတွေ့ကြသယောင် သရုပ်ဆောင်ကြမည်ဟု ပြောလာသည်။ ဤသို့ ပြုလုပ်ရသည့်

ရည်ရွယ်ချက်မှာ သူ့စကားအတိုင်း ပြောရမည်ဆိုလျှင် “မလိုလားအပ်တဲ့ ပြဿနာမျိုး မဖြစ်အောင်” ဟူ၍။

သူက ပြောသေးသည်။

“လူတွေက စုံတွဲတစ်တွဲကို တွေ့ရင် ဘယ်နေရာမှာ ရေစက်ဆုံခဲ့ကြတာလဲ ဆိုပြီး အားအားယားယား မေးတတ်ကြတယ်။ အဲဒီလို အရည်မရ အဖက်မရတဲ့ မေးခွန်းတွေကို နည်းနည်းမှ ဖြေချင်တာ မဟုတ်ဘူး။ တကယ်လို့ အတွဲရှာတဲ့ ပါတီပွဲမှာ ဆုံကြတာပါဆိုရင် အဲဒီလောက် လေကြောရှည်တော့မှာ မဟုတ်ဘူးပေါ့”

အကယ်၍ လူတစ်ဦးတစ်ယောက်က မေးလာခဲ့မည်ဆိုလျှင် သူ ပြောသကဲ့သို့ အဖြေပေးလိုက်ရုံနှင့် အဆင်ပြေသွားနိုင်မည် မဟုတ်လော။ ပါတီပွဲသို့ အမှန်တကယ် သွားတက်နေစရာ လိုအံ့မထင်ဟု အာယနဲက တွေးဆခဲ့ဖူးသည်။ သို့သော် သူသည် အီကာအိကဲ့သို့သော မျက်မြင်သက်သေ တစ်ဦးကိုပင် လက်တွေ့ကျကျ ပြင်ဆင်ထားခဲ့သည်။ အလုပ်တစ်ခုကို ဤသို့ စေ့စေ့စပ်စပ် ပြုလုပ်တတ်ခြင်းမှာ သူ၏ ပင်ကိုဗီဇပင် ဖြစ်ကြောင်း အာယနဲ သိနားလည်ထားခဲ့သည်။ သို့သော် အာယနဲသည် သူ့ကို သက်မကင်း ဖြစ်နေမိသည်။ သူသည် ဂျွန်ကို၏ ပုံရိပ်များကို သူ၏ ဘဝထဲမှ လုံးဝ ဖျောက်ဖျက်ဖယ်ရှားပစ်ရန် ကြိုးစားနေခြင်းပေလော။ အာယနဲသည် တစ်ယောက်တည်း ကြိတ်၍သာ သံသယဝင်နေမိသော်လည်း နှုတ်မှ ဖွင့်ပြောရန် မဝံ့မရဲ ဖြစ်နေခဲ့သည်။ သို့ဖြင့် သူသည် ယင်းပါတီပွဲသို့ အစီအစဉ်အတိုင်း တက်ရောက်ခဲ့ပြီး ယိုရှီတာကာ၏ ‘ပထမဆုံး တွေ့ဆုံခြင်း’ ဇာတ်ညွှန်းကို သရုပ်ဆောင်ခဲ့လေသည်။

နောက်ပိုင်းနေ့ရက်များတွင် သူတို့နှစ်ဦး၏ အချစ်ဇာတ်လမ်းသည် သာယာဖြောင့်ဖြူးနေခဲ့သည်။ ပါတီပွဲသို့ တက်ပြီး နှစ်ဝက်ခန့်အကြာတွင် ယိုရှီတာကာသည် အာယနဲကို လက်ထပ်ခွင့် တောင်းလေတော့သည်။

တစ်ကိုယ်လုံးတွင် ပီတိအဟုန်ဖြင့် တသိမ့်သိမ့် တစိမ့်စိမ့် ခံစားနေရပြားသော်လည်း သူ၏ ရင်တွင်း၌ သံသယချောက်နက်ကြီးတစ်ခုသည် တစ်နေ့တခြား နက်ရှိုင်းသည်ထက် နက်ရှိုင်းလာခဲ့သည်။ ဂျွန်ကိုသည် အဘယ်ကြောင့် မိမိကိုယ်မိမိ အဆုံးစီရင်သွားခဲ့ရသနည်း။ သူနှင့် ယိုရှီတာကာသည် မည်သို့မည်ပုံ ပတ်သက်ဆက်နွယ်နေကြသနည်း။

အဖြစ်မှန်ကို သိချင်နေစေကာမူ အမှန်အတိုင်း သိလာရမည်ကိုလည်း ရင်ထဲမှ စိုးရွံ့နေသည်။ ဤသို့ မထွေးနိုင်မအန်နိုင်သော ခံစားချက်သည် အာယနဲ၏

ရင်တွင် တစ်ဆို့နေခဲ့သည်။ ထိုသို့ ခံစားနေရစဉ်မှာပင် ယိုရှိတာကာနှင့် လက်ထပ်ကြမည့် မင်္ဂလာနေ့ရက်သည်လည်း သူ့အနားသို့ နီးသည်ထက် နီးအောင် တစ်လှမ်းချင်း ချဉ်းကပ်လာလေသည်။

တစ်နေ့သောအခါတွင် ယိုရှိတာကာသည် တုန်လှုပ်ချောက်ချားသွားစေမည့် အကြောင်းအရာတစ်ခုကို အာယနဲအား ရုတ်တရက် အသိပေးလာခဲ့သည်။ သို့သော် ထုတ်ပြန်ကြေညာသူ ကာယကံရှင်သည် စကားကို အဘယ်မျှ ပေါ့ပေါ့ပါးပါး ပြောဆိုခဲ့မိကြောင်း သူကိုယ်တိုင် သတိထားမိခဲ့ဟန် မတူပေ။ ထိုစဉ်က သူသည် အာယနဲကို ဤသို့ ပြောဆိုခဲ့သည်။

"မင်္ဂလာဆောင်ပြီးလို့ တစ်နှစ်အတွင်း ကလေးမရဘူးဆိုရင် ငါတို့ လမ်းခွဲကြမယ်"

နားကြားများ လွဲလေရော့သလား။ အာယနဲသည် ကိုယ့်နားကိုပင် မယုံနိုင်အောင် ဖြစ်သွားခဲ့ရသည်။ မင်္ဂလာပင် မဆောင်ရသေး။ သတို့သားသည် ကွာရှင်းရန် စကားကမ်းလှမ်းလာမည်ဟု မည်သူ တွေးထင်ထားနိုင်ပါအံ့နည်း။ မိမိကို ကျီစားနောက်ပြောင်နေခြင်းပေလော။ ထိုစဉ်က သူ ဤသို့ တွေးထင်ခဲ့ဖူးသည်။ သို့သော် သူ ထင်သကဲ့သို့ မဟုတ်မှန်း တဖြည်းဖြည်း သိလာခဲ့ရသည်။

"အရင်ကတည်းက ငါ အခုလို ယုံကြည်ထားခဲ့တယ်။ အချိန်ကို တစ်နှစ် သတ်မှတ်ထားမယ်။ တကယ်လို့သာ သန္ဓေတားတာတွေ မလုပ်ဘူးဆိုရင် ပုံမှန်လင်မယားအနေနဲ့ ကလေးတစ်ယောက် ရလာနိုင်တယ်။ မရဘူးဆိုရင်တော့ သူတို့နှစ်ယောက်ထဲမှာ တစ်ယောက်ယောက်ကတော့ ချွတ်ယွင်းချက် ရှိနေလို့ပဲ။ ဒါပေမယ့် ငါ အရင်က ဆရာဝန်နဲ့ သွားပြခဲ့ဖူးတယ်။ ဆရာဝန်က ငါ့မှာ ဘာချွတ်ယွင်းချက်မှ မရှိဘူးတဲ့"

သူ၏ စကားကို ကြားရသည့်အခါတွင် အာယနဲသည် ကြက်သီးတဖြန်းဖြန်း ထလာခဲ့ရသည်။ အာယနဲသည် သူ့ကို ကြည့်လျက် မေးခွန်းထုတ်လိုက်သည်။

"မောင် ဂျွန်ကို့ကိုလည်း အခုလို စကားမျိုး ပြောခဲ့ဖူးတာလား"

"အန်"

ယိုရှိတာကာ၏ အကြည့်များ လေထဲ ဝေ့ပျံနေကြသည်။ ဇောချွေးများပင် ပြန်နေရော့လား မသိ။

"ကျွန်မ တောင်းပန်ပါတယ်။ ကျွန်မကို အမှန်အတိုင်း ဖြေစမ်းပါ။ မောင် အရင်က ဂျွန်ကိုနဲ့ တွဲခဲ့ဖူးသေးတယ် မဟုတ်လား"

ယိုရှိတာကာသည် အလိုမကျစွာ မျက်မှောင်ကို ကုတ်ထားသည်။ သို့သော် သူသည် အမှန်တရားကို ဖုံးကွယ်နိုင်ရန် မကြိုးစားခဲ့ပေ။ သူ၏ မျက်နှာတွင် မအီမသာ ဖြစ်နေသည် မှန်သော်လည်း သူသည် "ဟုတ်တယ်" ဟု ခပ်ပြတ်ပြတ် ဝန်ခံခဲ့သည်။

"နင်တို့ အစောကြီးကတည်းက သိနေကြလောက်ပြီလို့ ငါ ထင်ထားခဲ့တာ။ နင်နဲ့ ဂျွန်ကို၊ တစ်ယောက်ယောက်ကတော့ ငါ့အကြောင်းကို မပြောဘဲ နေမှာ မဟုတ်ဘူးလို့ ငါ ယူဆထားခဲ့တာ"

"ဒါဆို မောင်က လေ့နံနှစ်ဖက် နင်းခဲ့တာပေါ့"

"နင် အဲဒီလိုတော့ မပြောသင့်ဘူး။ နင်နဲ့ စတွဲနေတဲ့အချိန်မှာ ငါက ဂျွန်ကိုနဲ့ အပြီးအပိုင် ပြတ်စဲသွားခဲ့ပြီလို့ ယူဆထားတာ။ ငါ နင့်ကို မညာဘူး။ တကယ်"

"မောင် သူနဲ့ လမ်းခွဲတုန်းက ဘယ်လို ပြောပြီး လမ်းခွဲခဲ့တာလဲ"

အာယနဲသည် သူ၏ ခင်ပွန်းလောင်းကို စိုက်ကြည့်လျက် မေးသည်။

"ငါ ကလေးမမွေးနိုင်တဲ့ မိန်းမနဲ့ အိမ်ထောင်မပြုနိုင်ဘူး ... မောင် အဲဒီလို ပြောခဲ့တာလား"

ယိုရှိတာကာသည် ပခုံးကို တွန့်လိုက်သည်။

"စကားလုံးတွေကတော့ မတူဘူး။ ဒါပေမယ့် ဆိုလိုတဲ့ အဓိပ္ပာယ်ကတော့ အဲဒီအတိုင်းပဲ။ အချိန်ပြည့်ပြီလို့ ငါ ပြောလိုက်တာ"

"အချိန်ပြည့်ပြီ ..."

"သူ အဲဒီတုန်းက အသက် ၃၄ နှစ် ပြည့်သွားခဲ့ပြီ။ ငါတို့ သန္ဓေတားတာတွေ မလုပ်ခဲ့ဖူးပါပဲနဲ့ သူ့ရဲ့ ဗိုက်က ဘာမှ ထူးခြားမလာခဲ့ဘူး။ ဒီတော့ ဘိုင့်ဘိုင်လုပ်ဖို့ အချိန်တန်ပြီပေါ့"

“ဒါနဲ့ပဲ မောင်က ကျွန်မကို ရွေးချယ်ခဲ့တယ် ဆိုပါတော့”

“မရဘူးလား။ မစွမ်းတော့တဲ့ လူတစ်ယောက်နဲ့ အတူတူ နေနေတော့ရော ဘာအဓိပ္ပာယ် ရှိဦးမှာလဲ။ ငါ ဘယ်တုန်းကမှ အဲဒီလို အကျိုးအမြတ် မရှိတဲ့ အလုပ်မျိုးကို မလုပ်ဖူးဘူး”

“ဒါဆို မောင်က ဘာဖြစ်လို့ အခုချိန်ထိ အဲဒီကိစ္စကို ကွယ်ဝှက်ထားရတာလဲ”

“နင့်ကို ငါကိုယ်တိုင် ပြောပြနေဖို့ မလိုအပ်ဘူးလို့ ငါ အရင်က ယူဆထားခဲ့တာလေ။ စောစောကလည်း ငါ ပြောခဲ့ပြီးပြီပဲ။ တစ်နေ့နေ့မှာ နင် သိသွားလိမ့်မယ်ဆိုပြီး ငါ အစောကြီးကတည်းက ကြိုတင် ပြင်ဆင်ထားပြီးသားပါ။ ဒါကြောင့် နင် မေးလာမယ့် တစ်နေ့ကို ငါစောင့်နေခဲ့တာ။ နင် မေးလာရင် ငါ ဖြေရှင်းပြလိုက်ရုံပဲ။ ငါ နင့်ကို သစ္စာလည်း မဖောက်ခဲ့ဘူး။ လိမ်လည်း မလိမ်ခဲ့ဘူး။ အဲဒီအချက်ကိုတော့ ငါ ရဲရဲကြီး အာမခံတယ်”

အာယနဲသည် တစ်ဘက်သို့ လှည့်ကာ ယိုရှီတာကာကို ကျောပေးထားပြီး ခေါင်းငုံ့လျက် လသာဆောင်မှ ပန်းများကို ငေးကြည့်နေသည်။ သူ၏ အမြင်အာရုံထဲသို့ ပထမဆုံး ဝင်ရောက်လာသော အရာမှာ ပေါင်ဒါပန်းများ ဖြစ်သည်။ ဂျွန်ကို အသက်ရှိစဉ်က အင်မတိ အင်မတန် နှစ်သက် မြတ်နိုးခဲ့သော ပေါင်ဒါပန်းများ။ ၎င်းပန်းများကို ကြည့်ရင်း ဂျွန်ကိုကို သတိရလာမိသည်။ ထိုစဉ် ထိုအခါက သူ၏ ရင်တွင်း၌ ဖြစ်ပေါ်နေမည့် နာကျည်းမှုများကို မှန်းဆကြည့်မိသည့်အခါတွင် အာယနဲ၏ မျက်ဝန်းများသည် မျက်ရည်များဖြင့် ပြည့်လျှံလာကြသည်။

ယိုရှီတာကာသည် သူ့အား လမ်းခွဲစကား ပြောကြားပြီးသည့်နောက်တွင် ဂျွန်ကို၏ ရင်တွင်း၌ ဤချစ်ခြင်းကို လွယ်လွယ်နှင့် မည်သို့ ဖြတ်တောက်ပစ်နိုင်ပါအံ့နည်း။ ဤသို့ လိပ်ခဲတည်းလည်း ဖြစ်နေသည့် အချိန်တွင် သူသည် အာယနဲနှင့် ပြန်လည်ဆုံတွေ့ခဲ့သည်။ ဖုန်းဆွဲကြိုးကို တွေ့မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် အာယနဲနှင့် ယိုရှီတာကာတို့၏ အကြောင်းကို ရိပ်စားမိသွားသည်။ သို့ဖြင့် သူသည် သတ်သေသည့် လမ်းကြောင်းကို ရွေးချယ်ခဲ့သည်။ သို့သော် အာယနဲထံသို့ သတင်းစကားတစ်ခုကို မမေ့မလျော့ ပို့ဖြစ်အောင် ပို့လိုက်သေးသည်။ ၎င်းသတင်းစကားမှာ အာဆန်နစ်ပင် ဖြစ်သည်။

ဤသို့ ပြုလုပ်ခဲ့ရခြင်း အကြောင်းမှာ သူ၏ ချစ်သူကို လုယူသွားခဲ့သော အာယနဲကို မုန်းတီး၍ မဟုတ်။ သတိပေးစကား ပြောကြားခဲ့ခြင်းမျှသာ ဖြစ်သည်။

တစ်နေ့ကျရင် နင်လည်း ငါ့လို အဖြစ်မျိုးနဲ့ ကြုံလာရလိမ့်မယ် … သူသည် အာယနဲအား ဤသို့ ပြောကြားလိုခြင်းမျှသာ။

ဂျွန်ကိုသည် အာယနဲ၏ တစ်ဦးတည်းသော တိုးတိုးတိုင်ပင်ဖော်၊ ရင်ဖွင့်ဖော်တစ်ဦး ဖြစ်သည်။ ထို့ကြောင့် သူသည် ဂျွန်ကို တစ်ဦးတည်းကိုသာ သူ၏ အားနည်းချက်ကို ဖွင့်ဟပြောပြခဲ့ဖူးသည်။ သူ၏ ခန္ဓာကိုယ် ချွတ်ယွင်းချက်ကြောင့် သည်တစ်သက်တွင် ကလေးရနိုင်စရာ အကြောင်း မရှိတော့ပေ။ ထို့ကြောင့် ဂျွန်ကိုသည် အာယနဲ၏ အနာဂတ်ကို ကြိုတင်တွက်ဆမိခဲ့သည်။ မကြာသော တစ်နေ့တွင် အာယနဲသည်လည်း ယိုရှီတာကာ၏ စွန့်ပစ်ခြင်းကို ခံရပေဦးတော့မည်။

"နင် ငါပြောနေတာကို ကြားရော ကြားရဲ့လား" ယိုရှီတာကာက ပြောသည်။

သူသည် ခေါင်းကို လှည့်ကာ

"ကြားတာပေါ့။ ဘာဖြစ်လို့ မကြားရမှာလဲ"

"ကြားတယ်လို့လည်း ပြောသေးတယ်။ ဘာဖြစ်လို့ ငြိမ်နေတာလဲ"

"စောစောက စိတ် နည်းနည်းလွင့်သွားလို့ပါ"

"စိတ်လွင့်တယ် … နင် ဘယ်တုန်းက အဲဒီလို ငိုင်နေဖူးလို့လဲ"

"မောင့်စကားကြောင့် ရင်ထဲ ထိတ်သွားလို့လေ"

"ဟုတ်လား။ နင်က ငါ့ရဲ့ ဘဝခံယူချက်ကို ကောင်းကောင်းကြီး နားလည်ပြီးသားပဲဟာ"

ယိုရှီတာကာသည် ယခင်က အာယနဲအား သူ၏ အိမ်ထောင်ရေးဒဿနကို ပြောပြခဲ့ဖူးသည်။ အကယ်၍ ကလေးတစ်ယောက်မျှ မွေးမပေးနိုင်လျှင် အိမ်ထောင်ပြုခြင်းသည်လည်း မည်သို့မျှ အဓိပ္ပာယ် ရှိတော့မည် မဟုတ် ဟူ၍။

"ဒီမယ် အာယနဲ၊ နင့်မှာ ဘာများ မပြည့်စုံတာ ရှိသေးလို့လဲ။ နင် လိုချင်သမျှ အရာအားလုံးကို ရပြီးနေပြီပဲ မဟုတ်လား။ အေး … တကယ်လို့ နင့်မှာ တောင်းဆိုချင်တာ ရှိနေသေးတယ် ဆိုရင်လည်း အားမနာနဲ့။ ငါ့ကို ပွင့်ပွင့်လင်းလင်းသာ ပြော။ ငါ လုပ်ပေးနိုင်တာဆိုရင် ဘယ်တော့မှ လက်တွန့်နေမှာ

မဟုတ်ဘူး။ နင့်ဘဝက အခုဆို လိုလေးသေးမရှိအောင် ပြည့်စုံနေပြီပဲ ဥစ္စာ။ ဘဝသစ်တစ်ခု တည်ဆောက်ဖို့သာ စိတ်ကူးထားပေတော့။ ဒါမှမဟုတ် နင့်မှာ တခြား ရွေးချယ်စရာရော ရှိသေးတယ်လို့များ ထင်နေသေးတာလား”

သူ၏ နှုတ်ထွက်စကားများသည် အဖျက်စွမ်းအား မည်မျှ ပြင်းထန်ခဲ့သည်ကို သူကိုယ်တိုင် နားလည်ခဲ့ဟန် မတူပေ။ ပြန်လှန်စဉ်းစားကြည့်မည် ဆိုလျှင် သူ၏ ထောက်ပံ့အားပေးမှုကြောင့် အာယနဲသည် သူနှင့် အတူနေခဲ့သော တစ်နှစ်အတွင်း၌ ကိုယ်ပိုင် ဘဝအိပ်မက် အဖုံဖုံကို အကောင်အထည် ဖော်နိုင်ခဲ့သည်မှာ ငြင်း၍မရသော အမှန်တရားတစ်ခု ဖြစ်သည်။ သို့သော် တစ်နှစ်ဆိုသည့် အချိန်ကာလ ကုန်လွန်ကူးပြောက်သွားသည့်အခါတွင် မိမိ၏ အိပ်မက်ကမ္ဘာလေး ပြိုကွဲသွားတော့မည်ဟု ကြိုတင် သိရှိထားသူ တစ်ယောက်အဖို့ ရရှိထားသော အိမ်ထောင်ရေးသုခများကို မည်သို့ မြိန်ရေယှက်ရေ ခံစားနိုင်ပါအံ့နည်း။

“ကျွန်မ မောင့်ကို မေးခွန်းတစ်ခု မေးလို့ ရမလား။ ဒီမေးခွန်းက မောင့်အတွက်တော့ ဘာမှ အရေးပါလိမ့်မယ် မထင်ဘူး” အာယနဲက ယိုရှီတာကာကို မေးလိုက်သည်။

“ကျွန်မ အပေါ်မှာ မောင် ထားခဲ့တဲ့ အချစ်တွေကရော ... ။ မောင် ကျွန်မကို ချစ်ရော ချစ်ရဲ့လား”

အမှန်စင်စစ် သူ မေးချင်သည့် မေးခွန်းမှာ ... “အဲဒီတုန်းက မောင် ဂျွန်ကို့ကို စွန့်ပစ်ထားခဲ့ပြီး ကျွန်မကို ရွေးချယ်ခဲ့တဲ့ အကြောင်းအရင်းက ကျွန်မဟာ မောင့်အတွက် ကလေးမွေးပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ထားတာကြောင့် မဟုတ်လား။ မောင် ကျွန်မကို တကယ် ချစ်လို့ မဟုတ်ပါဘူး” ဟူ၍။

“ချစ်တာပေါ့။ ဒါတော့ ငါ ရဲရဲကြီး အာမခံနိုင်တယ်” ယိုရှီတာကာက ပြန်ဖြေသည်။

“နင့်အပေါ်မှာ ချစ်ခဲ့တဲ့ အချစ်တွေက တစိုးတစိမှ ပြောင်းလဲမသွားဘူး”

ငါ့ကို တကယ် ချစ်ရော ချစ်ရဲ့လား။ ဤအချက်ကို အာယနဲ သိချင်နေသည်။ သိမှ ဖြစ်မည်။ သူ၏ ရင်ထဲတွင် ဖြစ်ပေါ်ခံစားနေရသည့် အချစ်နှင့် အမုန်းသည် သူ၏ အသည်းနှလုံးကို နှစ်မြွာနှစ်ခြမ်း ဖြန်းဖြန်းကွဲသွားအောင် ဆွဲဖြဲနေကြလေသည်။ ယင်းချစ်ခြင်းမုန်းခြင်း၏ ထုရိုက်မှုဒဏ်ကြောင့် အမှန်တရားအတွက် လူ့အသက်တစ်ချောင်းကိုပင် လက်စတုံးပစ်ဝံ့လောက်အောင်

သူ၏ အသည်းနှလုံးသည် မာကျောလာခဲ့သည်။ သို့ဖြင့် သူ ဆုံးဖြတ်ချက် ချခဲ့သည်။ အရာရာကို ရဲရဲ ရင်ဆိုင်တော့မည်။ အာယနဲသည် သူ၏ ဇနီးမယားအဖြစ် သူ၏ နံဘေး၌ အမြဲ ရှိနေမည်ဟု သန္နိဋ္ဌာန် ချလိုက်သည်။ ထိုသူ၏ ကံကြမ္မာကို သူ့လက်ထဲတွင် မြဲမြဲ ဆုပ်ကိုင်ထားပြီး တစ်ချိန်တည်းမှာပင် သူ့ကို အပြစ်ဒဏ်ခတ်ရန် အနီးကပ် စောင့်ကြပ်ကြည့်ရှုသွားမည်။

ရေသန့်စက်ထဲသို့ အာဆန်နစ် ထည့်စဉ်က သူ စိတ်လှုပ်ရှားနေခဲ့သည်။ ဤသို့ဆိုလျှင် မီးဖိုဆောင်ထဲသို့ မည်သူ့ကိုမျှ ချဉ်းကပ်ခွင့် ပြုရန် မဖြစ်နိုင်တော့ပေ။ သို့သော် တစ်ချိန်တည်း၌ ကျေနပ်ပျော်ရွှင်မှုက သူ့ရင်တွင် ဖြစ်ပေါ်နေခဲ့သည်။ ယိုရှီတာကာ၏ ကံကြမ္မာကို ဖမ်းဆုပ်ထားခွင့် သူ့တွင် ရှိနေခဲ့ပြီ မဟုတ်လား။ အိမ်တွင် ယိုရှီတာကာ ရှိနေစဉ် အခါ၌ သူသည် ဧည့်ခန်းဆိုဖာခုံတွင် ထိုင်လျက် ကျောက်ချထားသည်။ အိမ်သာ သို့မဟုတ် ရေချိုးရန် သွားလိုသည့်အခါ၌ ယိုရှီတာကာ၏ အရိပ်အခြေကို လေ့လာပြီး မီးဖိုဆောင်သို့ လုံးဝ ဝင်ရောက်ရန် မဖြစ်နိုင်သည့်အခါမျိုးကို စောင့်ဆိုင်းနေတတ်သည်။

မင်္ဂလာဆောင်ပြီးနောက်တွင် ယိုရှီတာကာသည် အာယနဲအပေါ်တွင် လင်ယောကျ်ားတစ်ယောက် အနေဖြင့် အပြစ်ပြောစရာ ဘာမျှ ရှာမတွေ့နိုင်အောင် ယခင်ကကဲ့သို့ ကောင်းမြဲ ကောင်းနေခဲ့သည်။ အကယ်၍သာ မိမိအပေါ် ထားရှိသော သူ၏ အချစ်သည် စိုးစဉ်းမျှ ပြောင်းလဲသွားခဲ့ခြင်း မရှိသရွေ့ အာယနဲသည် ရေသန့်စက်အနားသို့ မည်သူကိုမျှ ချဉ်းကပ်ခွင့် ပြုမည် မဟုတ်ဟု ဆုံးဖြတ်ထားသည်။ ဂျွန်ကိုအပေါ်တွင် ပြုမူဆက်ဆံခဲ့သော သူ၏ လုပ်ရပ်သည် မည်သို့မျှ ခွင့်လွှတ်ချင်စရာ မကောင်းသည် မှန်သော်လည်း အကယ်၍သာ မိမိအား ဤနည်းအတူ ပြုမူဆက်ဆံခြင်း မရှိခဲ့ပါလျှင် အာယနဲသည် ဤသို့သာ တစ်သက်လုံး နေသွားရန် သန္နိဋ္ဌာန် ချထားခဲ့သည်။ အာယနဲအနေဖြင့် ဆိုလျှင် အိမ်ထောင်သည်ဘဝဟူသည် ကားစင်ပေါ်တွင် ချည်တုပ်ထားသော ခင်ပွန်းသည်ကို နေ့နေ့ညည ကြည့်ရှု စောင့်ရှောက်နေရခြင်းပင် ဖြစ်သည်။

ယိုရှီတာကာသည် ကလေးလိုချင်နေသော စိတ်ဆန္ဒကို မည်သည့်အခါမှ စွန့်လွှတ်လိမ့်မည် မဟုတ်ကြောင်း သူ ကောင်းကောင်း သိထားသည်။ ထို့ကြောင့် ယိုရှီတာကာနှင့် ဟိရောမိတို့၏ တိတ်တိတ်ပုန်း ဇာတ်လမ်းကို ရိပ်စားမိသွားသည့် အခါတွင် 'အချိန်တန်ပါပြီပကော' ဟု သူ တွေးလိုက်မိသည်။

အီကာအိဇနီးမောင်နှံကို ဧည့်ခံကျွေးမွေးသည့် ထိုနေ့ညတွင် ယိုရှီတာကာသည် ကွာရှင်းပြတ်စဲရန် သူ့ကို တရားဝင် တောင်းဆိုလာတော့သည်။ ထိုစဉ်က သူ၏ ဆက်ဆံပုံမှာ အလုပ်သဘော ဆန်လွန်းလှသည်။

"နင်လည်း သိပါတယ်။ အချိန်က ပြည့်တော့မယ်လေ။ ဒီတော့ သိမ်းစရာ ရှိတာတွေ ခပ်မြန်မြန် သိမ်းပြီး ဒီကနေ ထွက်ခွာဖို့သာ ပြင်ဆင်ထားပေတော့"

အာယနဲသည် ထိုစဉ်က တစ်ချက်ပြုံးလိုက်ပြီး ဤသို့ ပြန်ဖြေခဲ့သည်။

"ကျွန်မ မသွားခင် မောင့်ကို တောင်းဆိုချင်တာ တစ်ခုရှိတယ်"

ယိုရှီတာကာက သူ၏ တောင်းဆိုချက်ကို မေးမြန်းလိုက်သောအခါ သူသည် သူ့ခင်ပွန်း၏ မျက်လုံးအစုံကို စေ့စေ့စိုက်ကြည့်ပြီး ပြောလိုက်သည်။

"မနက်ဖြန်ကနေ စပြီး ကျွန်မ နှစ်ရက်၊ သုံးရက်လောက် ခရီးထွက်ချင်တယ်။ ဒါပေမယ့် မောင့်ကို အိမ်မှာ တစ်ယောက်တည်း ပစ်ထားခဲ့ရမှာလည်း သိပ်တော့ စိတ်မချဘူး"

သူက ပြုံးလျက်

"ဘယ်လောက်များ အရေးကြီးတဲ့ ကိစ္စလဲလို့။ စိတ်ပူမနေနဲ့။ အိမ်မှာ ငါတစ်ယောက်တည်း နေရလည်း ဘာပြဿနာမှ ဖြစ်လာနိုင်စရာ မရှိဘူး"

အာယနဲသည် ခေါင်းတဆတ်ဆတ် ညိတ်လျက် နှုတ်မှ "ဟုတ်လား" ဟု တစ်ခွန်း ရေရွတ်လိုက်သည်။ ဤအချိန် ဤကာလမှစ၍ ခင်ပွန်းသည်အား 'ကယ်မခြင်း' အမှုသည် နိဂုံးကမ္ပတ် အဆုံးသတ်သို့ ရောက်ရှိသွားလေတော့သည်။

(၃၃)

နေရာမှာ မြေအောက်ထပ်တွင် ဖွင့်လှစ်ထားသော ဘားဆိုင်တစ်ဆိုင်။ တံခါးမကြီးကို ဖွင့်လိုက်လျှင် ပထမဆုံး မြင်တွေ့ရသော အရာမှာ ရှည်လျားသော ဘားကောင်တာ ဖြစ်သည်။ အတွင်းသို့ လျှောက်ဝင်သွားမည် ဆိုလျှင် အနောက်ဘက်တွင် စားပွဲသုံးလုံး ချခင်းထားသည်။ ကုစာနာဂိနှင့် ယုကာဝါတို့သည် နံရံနှင့် ကပ်လျက်ရှိသော ထိုင်ခုံများတွင် နေရာယူထားကြသည်။

"ဆောရီးပဲ ဆရာ။ ကျွန်မ နည်းနည်း နောက်ကျသွားတယ်"

ဥကျူမိက ဦးညွှတ်လျက် တောင်းပန်လိုက်ပြီး ကုစာနာဂိ၏ နံဘေးတွင် ဝင်ထိုင်လိုက်သည်။

"အခြေအနေ ဘယ်လိုရှိလဲ" ကုစာနာဂိက မေးသည်။

ဥကျူမိသည် ခေါင်းကို အားရပါးရ ညိတ်ချလိုက်သည်။

"သတင်းကောင်းပဲ။ အဆိပ်တွေ တူညီနေကြောင်း စစ်ဆေးလို့ ရသွားပြီ"

"ဟုတ်လား"

ကုစာနာဂိ၏ မျက်လုံးများ ပြူးကျယ်သွားသည်။ သူတို့သည် ကျူကူအိဂျွန်ကို၏ မိဘအိမ်မှ ရရှိလာခဲ့သော ဗူးခွံအလွတ်ကို Spring-8 သို့ ပို့ပြီး ဓာတ်ခွဲစစ်ဆေးခဲ့ကြသည်။ ရလဒ်အနေဖြင့် တွေ့ရှိခဲ့ရသည်မှာ ဗူးခွံပေါ်တွင် စစ်ဆေးတွေ့ရှိသော အဆိပ်သည် မာရှိဘ ယိုရှီတာကာကို လုပ်ကြံရာတွင် အသုံးပြုခဲ့သော အဆိပ်နှင့် တထေရာတည်း တူညီနေသည်။ ထိုသို့ဆိုလျှင် မာရှိဘ အာယနဲ၏ "ဂျွန်ကို ပို့လာပေးတဲ့ အာဆင်နစ်တွေကို ရေသန့်စက်ထဲ ထည့်ထားလိုက်တယ်" ဟူသည့် ထွက်ဆိုချက်နှင့် ထပ်တူကျနေတော့သည်။

"ကြည့်ရတာ ဒီအမှုကို ပိတ်လို့ ရသွားလောက်ပြီ ထင်တယ်" ယုကာဝါက

ပြောသည်။

"အမှန်ပဲပေါ့။ ကဲ ကဲ၊ အခု ဥက္ကျမိလည်း ရောက်လာပြီဆိုတော့ ငါတို့ တစ်ခွက်တစ်ဖလားလောက် မော့လိုက်ကြရအောင်"

ကုစာနာဂိသည် စားပွဲထိုးကို အနားသို့ လှမ်းခေါ်ပြီး ရှန်ပိန်တစ်ပုလင်း မှာလိုက်သည်။

"တကယ်ပါ။ ဒီအမှုမှာ မင်းမှ မကယ်ရင် ငါတို့တွေ လိပ်ပက်လက်လှန်ထားသလို ယက်ကန်ယက်ကန် ဖြစ်နေလောက်တယ်။ ကျေးဇူးပဲ ငါ့ကောင်။ ဒီည ငါ ဧည့်ခံမယ်ကွာ။ မင်းတို့ သောက်ချင်သလောက်သာ သောက်ကြပေတော့"

ကုစာနာဂိ၏ စကားကို ကြားရသည်တွင် ယုကာဝါသည် မျက်မှောင်ကို ကုတ်ထားလိုက်သည်။

"နေဦး၊ နေဦး။ မင်းပြောတဲ့ စကားထဲမှာ 'လည်း' တစ်လုံး လိုနေတယ်။ 'ဒီအမှုမှာလည်း' လို့ ပြောမှ ပိုမှန်လိမ့်မယ်။ နောက်ပြီး အခုကိစ္စမှာ ငါ ကူခဲ့တဲ့လူက မင်း မဟုတ်ဘူးလေကွာ။ ဥက္ကျမိ ဖြစ်ရမှာပေါ့"

"ကတ်သီးကတ်ဖဲ့ ပြောချင်သပ ဆိုလည်း မင်းဟာမင်း ပြောချင်သလိုသာ ပြောပေတော့။ ကဲ ... ရှန်ပိန်လည်း ရောက်လာပြီဆိုတော့ ချီးယားလုပ်လိုက်ကြစို့"

ကုစာနာဂိ၏ ပြောသံနှင့်အတူ ဖန်ခွက်သုံးခွက်၏ ထိတိုက်သံများ တစ်ပြိုက်နက် ထွက်ပေါ်လာသည်။

"တကယ် ချီးကျူးစရာ ကောင်းတဲ့အချက်က မင်း ဟိုပစ္စည်းကို သိမ်းထားခဲ့တာပဲ"

"ဘယ်ပစ္စည်းလဲ"

"ဟိုဟာလေကွာ၊ အာယနဲ ရေလောင်းတဲ့အခါမှာ သုံးတဲ့ သံဖူးခွံလေ။ မင်း အဲဒီဖူးခွံကို သိမ်းထားခဲ့တာ မဟုတ်လား"

"ဪ၊ အဲဒါကို ပြောတာလား"

ကုစားနာဂိသည် မချိုပြုံးပြုံးကာ မျက်လွှာကို အောက်သို့ ချထားလိုက်သည်။

"အာယနဲကို ရေကူလောင်းပေးဖို့ မင်း အာမဘာန္တေ ခံထားခဲ့တာကို ငါ သိထားတယ် ဆိုပေမယ့်လည်း ရေလောင်းဖို့အတွက် ရေပန်းခရားအိုးကြီး သွားဝယ်လိမ့်မယ်လို့ ငါ ဘယ်ထင်မိမှာလဲ။ အဲဒါက ဘာဟုတ်သေးလို့လဲ။ မင်းက သံဖူးခွံကိုတောင် သိမ်းထားသေးတယ်ဆိုပဲ။ ဥက္ကာမြိ ပြောတော့ မင်းက အဲဒါကို အံဆွဲထဲမှာ ထည့်သိမ်းထားခဲ့တာဆို"

ကုစားနာဂိသည် ဥက္ကာမြိကို တစ်ချက် စေ့ကြည့်လိုက်သည်။ သူသည် အကြည့်ချင်း မဆုံစေရန် အလျင်အမြန် ရှောင်ဖယ်ပစ်လိုက်သည်။

"အေး ... အဲဒါကို ဗီဇသိလို့ ခေါ်တယ်ကွ"

"ဗီဇသိ ... မှုခင်းရဲ့တစ်ယောက်ရဲ့ အလိုလိုသိစိတ်ကို ပြောတာလား"

"ဒါပေါ့။ ဘယ်ပစ္စည်းမဆို သက်သေခံပစ္စည်းတစ်ခု ဖြစ်လာနိုင်တယ် မဟုတ်လား။ ဒါကြောင့် အမှုမှန် မပေါ်မချင်း လက်လွတ်စပယ် လွှင့်ပစ်လိုက်လို့ ဘယ်ဖြစ်ပါ့မလဲ။ အဲဒါက ထောက်လှမ်းရေးရဲ့ လုပ်ထုံးလုပ်နည်းပဲ"

"ဩော် ... လုပ်ထုံးလုပ်နည်းတဲ့လား" ယုကာဝါသည် ပခုံးကို တွန့်ကာ ရှန်ပိန်တစ်ငုံ ကောက်မော့လိုက်သည်။

"မင်းက အမှတ်တရအဖြစ်နဲ့များ သိမ်းထားတာလားလို့ပါ"

"မင်းဟာက ဘာသဘောလဲ"

"ဘာသဘောမှ မဟုတ်ပါဘူးကွာ"

"ကျွန်မ ဆရာ့ကို မေးခွန်းတစ်ခု မေးလို့ ရမလား" ဥက္ကာမြိက ပြောသည်။

"မေးလေ"

"ဆရာက အဲဒီအဆိပ်ခတ်နည်းကို ဘယ်လိုလုပ်ပြီး ရိပ်မိသွားခဲ့တာလဲ။ 'ဒီလိုပဲပေါ့' ဆိုတဲ့ စကားနဲ့ ကျွန်မကို ညာတာပါတေး လုပ်ဖို့တော့ စိတ်မကူးနဲ့နော်"

ယုကာဝါက ပင့်သက်ကို ရှိုက်ထုတ်လိုက်သည်။

"ဘယ်အရာကမှ သူ့အလိုလို ရောက်လာတတ်တာ မဟုတ်ဘူး။ ဘက်ပေါင်းစုံကနေ စူးစမ်းလေ့လာရမယ်။ အကြိမ်ကြိမ် ဆင်ခြင်သုံးသပ်ကြည့်ရမယ်။ အဲဒီလို နာနာလုပ်မှ အတွေးသစ် အမြင်သစ်ဆိုတာ ရောက်လာတတ်တာမျိုးပဲ။ ပထမဆုံး ကျွန်တော် သတိထားမိတာကတော့ ရေသန့်စက်ရဲ့ အနေအထားပဲ။ အဲဒီတုန်းက ကျွန်တော်ကိုယ်တိုင် မျက်စိနဲ့ တပ်အပ် မြင်ခဲ့တာလေ။ အဲဒီရေသန့်စက်ပေါ်မှာ ဖုန်တွေမှ ဖွေးလို့။ ဘယ်သူမှ မထိ၊ မတို့ခဲ့တာ နှစ်နဲ့ချီလောက်ရောပေါ့"

"အဲဒါကို ကျွန်မလည်း သိနေတာပဲလေ။ အဲဒီလောက် သိထားရုံနဲ့ ကျွန်မတို့က အဆိပ်ခတ်နည်းကို ဖော်မှ မဖော်ထုတ်နိုင်ခဲ့တာပဲဟာ"

"အဲဒီတုန်းက ကျွန်တော် တွေးကြည့်တယ်။ ဘာဖြစ်လို့ အဲဒီပုံစံမျိုး ဖြစ်နေရတာလဲပေါ့။ ခင်ဗျား အရင်တုန်းက ပြောပြခဲ့တဲ့ အသေးစိတ် အချက်အလက်တွေအရ အာယနဲရဲ့ စိတ်နေသဘောထားနဲ့ စရိုက်လက္ခဏာတွေကို ကျွန်တော်ရဲ့ ဦးနှောက်ထဲမှာ ပုံဖော်ကြည့်ထားတယ်။ သူက စေ့စပ်သေချာတဲ့၊ အတော်အသင့် ဇီဇာကြောင်တဲ့ အမျိုးသမီးတစ်ယောက်လို့ ကျွန်တော် မှတ်ယူထားတယ်။ တကယ်တော့ အဲဒီတုန်းက ခင်ဗျားလည်း ဗီဒိုထဲမှာ ရှိနေသင့်တဲ့ ရှန်ပိန်ခွက်တွေကို မသိမ်းဘဲ အပြင်မှာ ပစ်ထားခဲ့လို့ သူ့ကို သံသယဝင်ခဲ့တာ မဟုတ်လား။ သူက အဲဒီလို လူမျိုးဆိုမှတော့ လက်ဆေးကန် အောက်ဘက်ကိုလည်း သန့်သန့်ပြန့်ပြန့် ဖြစ်နေအောင် ရှင်းထားလင်းထားမှ သဘာဝကျလိမ့်မယ်လေ"

ဥကျူမိ၏ မျက်လုံးများ ပြူးကျယ်သွားသည်။ 'သိပ်ဟုတ်တာပေါ့' ဟုလည်း စိတ်ထဲမှ ရေရွတ်နေမိသည်။

"ဒါကြောင့် အဲဒီတုန်းက ကျွန်တော် အခုလို တွေးကြည့်လိုက်မိတယ်။ တကယ်လို့သာ သူက အဲဒီအတိုင်းဖြစ်အောင် တမင် ပစ်ထားခဲ့တာဆိုရင်ရော။ ဒါဆို အခြေအနေက ဘာတွေ ထူးခြားလာမလဲ။ သူက မလှဲမကျင်းဘဲ တမင် ပစ်ထားပြီး ဖုန်တွေ အမှုန်အမွှားတွေနဲ့ ပြည့်နှက်နေအောင် တမင် လုပ်ထားမယ် ဆိုရင် အဲဒီလို လုပ်ရခြင်းရဲ့ ရည်ရွယ်ချက်က ဘာဖြစ်နိုင်မလဲ။ အဲဒီမေးခွန်းတွေကို စဉ်းစားနေတဲ့ အတောအတွင်းမှာပဲ အမှုအခြေအနေကို ပြောင်းပြန် လှန်ပစ်နိုင်တဲ့ အတွေးတွေ ကျွန်တော့်ခေါင်းထဲကို ဝင်လာတော့တာပဲ"

ဥကျူမိသည် သိပ္ပံပညာရှင်ကြီး၏ မျက်နှာကို ငေးကြည့်လျက် ခေါင်းကို

ညင်ညင်သာသာ ညိတ်လိုက်လေသည်။

"ဆရာကတော့ တကယ့်ကို ဆရာပါပဲ"

"ကျွန်တော့်ကို ဒီလောက်လည်း ချီးကျူးနေဖို့ မလိုပါဘူးဗျာ။ ချီးကျူးချင်သပဆိုရင် တကယ်တမ်း ချီးကျူးခံသင့်တဲ့သူက အာယနဲ့ပဲ။ ဒီလောက် ယုတ္တိမရှိတဲ့၊ ဒီလောက်တောင် ဝိရောဓိတွေနဲ့ ပြည့်နှက်နေတဲ့၊ နောက်ပြီး ဒီလောက်တောင် စင်းလုံးချောနေတဲ့ လူသတ်နည်းကို သူလို မိန်းမမျိုးမို့ စဉ်းစားနိုင်ခဲ့တာ"

"ဝိရောဓိဆိုလို့ ပြောရဦးမယ်။ ဝါကာယာမာ ဟိရောမိက ကလေးကို မွေးဖို့ ဆုံးဖြတ်လိုက်ပြီတဲ့"

ယုကာဝါသည် နားမလည်နိုင်စွာဖြင့် ဥကျုမိကို လှမ်းကြည့်လိုက်သည်။

"အဲဒီကိစ္စမှာ ဝိရောဓိ ရှိနေတယ်လို့ ကျွန်တော်ဖြင့် မမြင်မိပါဘူး။ ကလေးလိုချင်တာက မိန်းမတွေရဲ့ မွေးရာပါ ဆန္ဒတစ်ခုပဲ မဟုတ်ဘူးလား"

"ကြားမိတာကတော့ သူ့ကို ကလေးဖျက်ချမပစ်ဖို့ ဖျောင်းဖျခဲ့တဲ့သူက အာယနဲ့တဲ့လေ"

ဥကျုမိ၏ စကားတစ်ခွန်းကြောင့် ရူပဗေဒပညာရှင်၏ မျက်နှာပေါ်မှ ကြွက်သားများအားလုံးသည် ရေခဲရိုက်လိုက်သည့် အလား တောင့်တင်းကုန်ကြသည်။ တစ်ခဏအကြာမှ သူသည် ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းရင်း စကားဆိုသည်။

"အဲဒါကတော့ ... တကယ့်ကို ဝိရောဓိတစ်ခုပဲ။ တော်တော်ကို နားလည်ရ ခက်သွားပြီ"

"အဲဒါကို မိန်းမလို့ ခေါ်တယ်ရှင့်"

"ဟုတ်မှာပါပဲ။ ဒီအမှုကို အကျိုးသင့် အကြောင်းသင့်ဖြစ်အောင် ဖြေရှင်းနိုင်လိုက်တာ တကယ့်ကို မယုံနိုင်စရာပဲ။ မင်းတို့ရော အဲဒီလို မထင် ..."

ယုကာဝါသည် ကုစာနာဂိကို ငေးကြည့်နေရင်း ပြောလက်စ

စကားသည်လည်း လမ်းတစ်ဝက်တွင် ရပ်တန့်သွားလေသည်။

ဥက္ကျူမိသည် တစ်ဘက်သို့ လှည့်ကြည့်လိုက်သည်။ ကုစာနာဂိသည် ခေါင်းငိုက်စိုက်ကျကာ အိပ်ပျော်နေလေသည်။

"စင်းလုံးချောတဲ့ ပြစ်မှုတစ်ခုကို အက်ကြောင်းရှာဖို့ ကြိုးစားနေရင်းမှာပဲ သူရဲ့ ချစ်ခြင်းမေတ္တာကလည်း တစ်စစီ ကွဲကျေသွားခဲ့ရတယ်။ သူ ဘယ်လောက်တောင် စိတ်ပန်းလူပန်း ဖြစ်နေမလဲ ဆိုတာကို နားလည်ပေးလို့ ရပါတယ်။ သူ့ဟာသူ လွတ်လွတ်လပ်လပ် နားပါစေလား"

ယုကာဝါသည် သူ၏ ဖန်ခွက်ကို ကိုင်မြှောက်လိုက်လေသည်။

အသုံးချချင်ရုံ သက်သက် ချဉ်းကပ်တတ်ကြသော မိတ်ဆွေတုများနှင့် ကင်းဝေးနိုင်ကြပါစေ။

ဖြိုးကျော်

၂၀၂၄ ခု၊ ဖေဖော်ဝါရီလ ၂၁ ရက်၊ ဗုဒ္ဓဟူးနေ့။

ညနေ ၄ နာရီ ၃၂ မိနစ်။ ခေတ္တ နေပြည်တော်။

အဆုံးထိ ဖတ်ပေးခဲ့လို့

ကျေးဇူးတင်ပါတယ်

Whisper Of Words